ဗမာပြည်ကွန်မြူနစ်ပါတီ

၁၉၃၉-၂၀၁၄

စိန်ရတုအထိမ်းအမှတ်

# ဗမာပြည်ကွန်မြူနစ်ပါတီ တည်ထောင်သည့် ၇၅–နှစ်မြောက် အထိမ်းအမှတ် အထူးထုတ်



၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်

အတွဲ(၂) အမှတ် ၂

စိန်ရတုအထိမ်းအမှတ်

# အမှာ

ရဲဘော်များ၊ မိတ်ဆွေများ၊ ပြည်သူများခင်ဗျား

– ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ မွေးနေ့ဖြစ်သလို ၇၅ နှစ်ပြည့်မြောက်သည့်နေ့လည်း ဖြစ်ပါသည်။

–၂၀၁၄ ခုနှစ် တနှစ်လုံးကို ပါတီအနေနှင့် **“ဗမာပြည်ကွန်မြူနစ်ပါတီ၏ စိန်ရတုအခါသမယ”** လို့ သတ်မှတ်ထားပါသည်။

– ယင်းကာလအတွင်း စိန်ရတုသဘင်အထိမ်းအမှတ်ပြုသည့် စာစောင်၊ စာတမ်းများ ထုတ်ဝေသွားရန် စီစဉ်ထားသည်များရှိကြောင်း ပြောလိုသည်။ ကျွန်တော်တို့ထံတွင် သမိုင်းဝင် စာမူစာတမ်းများ၊ မိန့်ခွန်းများ၊ ဓာတ်ပုံများ၊ သီချင်းခွေများအပြင် ခေါင်းဆောင်များ၊ ပါတီဝင်များ၊ ပါတီလိုလားသူများ၏ စာမူမြောက်မြားစွာ (ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးနဲ့ အမှတ်တရချက်များ) လက်ခံရရှိစုဆောင်းထားပြီး ဖြစ်သည်။

ဒါတွေကို လိုအပ်သလို ပြည်သူလူထုသို့ ထုတ်ပြန်အသိပေးတင်ပြသွားပါမည်။ တင်ဆက်ရာတွင် ပါတီဝက်ဘ်ဆိုက်အပြင် ပါတီစာစောင်များဖြစ်တဲ့ ပြည်သူ့အာဏာ၊ အရေးတော်ပုံဂျာနယ်များမှလည်းကောင်း၊ တခြားအထိမ်းအမှတ်ပြုစာစောင်စာတမ်း၊ ပို့စကတ်များမှလည်းကောင်း ဖြန့်ချိသွားပါမည်။

အကြိုအဖြစ် ပါတီဝက်ဘ်ဆိုက်မှ စတင်ဖြန့်ချိနေပြီဖြစ်သလို ယခုလည်း အရေးတော်ပုံဂျာနယ်ကို ထုတ်ဝေလိုက်ပါပြီ။

နောက်ဆက်ပြီး ပြည်သူ့အာဏာ ၂ တွဲ ထုတ်ဝေပါမည်။ သမိုင်းမှတ်တမ်းတင်အတွဲနှင့် ရဲဘော်များရေးသားပြုစုကြတဲ့ တော်လှန်ရေးဆိုင်ရာ မှတ်တမ်းများ၊ အတွေးအမြင်များက တတွဲဖြစ်ပါမည်။

တဆက်တည်းတွင် ဗဟိုစည်းရုံးရေးကော်မတီ (COC) မှ စုစည်းပြုစုသည့် ဗမာပြည်ကွန်မြူနစ်ပါတီသမိုင်း ထုတ်ဝေနိုင်ဖို့ ကြိုးပမ်းနေဆဲပါ။

ရဲဘော်များ၊ မိတ်ဆွေများ၊ ပြည်သူများ လေ့လာဖတ်ရှုကြပြီး ဝေဖန်ချက်များ၊ ဖြည့်စွက်ချက်များ၊ ပြင်ဆင်ချက်များ၊ အကြံဉာဏ်များ ပေးနိုင်ပါကြောင်း တင်ပြပါသည်။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ
(၁၊ ၈၊ ၂၀၁၄)

**ခေါင်းကြီးဆောင်းပါး**

# "ချခင်းထားတဲ့ စစ်အုပ်စုရဲ့ပြင်ဆင်မှုတွေနဲ့ တောက်လောင်ဆဲပြဿနာတွေ"

ဒီနေ့တိုင်းပြည် မတည်မငြိမ်ဖြစ်နေတာဟာ စစ်အုပ်စုက အာဏာလက်မလွှတ်ရအောင် ပြင်ဆင်ထားတာတွေကြောင့် ဖြစ်တယ်။

## မြင်နေရတဲ့ အခင်းအကျင်းများကတော့ ...

- ၂၀၀၈ အခြေခံဥပဒေ ဖျက်မပေး၊ ပြင်မပေးတာ။ ဒီအထဲမှာ မြန်မာ့နိုင်ငံရေးတွင် တပ်မတော်၏ ဦးဆောင်မှု အခန်းကဏ္ဍ၊ လိုအပ်လာရင် ကာကွယ်ရေးဦးစီးချုပ်က အချိန်မရွေး အာဏာ သိမ်းနိုင်ကြောင်း၊ စစ်အုပ်စုထိပ်သီးတွေ လုပ်ချင်သလိုလုပ်ခဲ့တဲ့ ပြစ်မှုတွေအတွက် နောက်ကြောင်းပြန် အရေးမယူရ စတာတွေ ပါနေတယ်။
- ဒ့ါအပြင် တပြည်လုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးကြ ဖို့ကိစ္စ တိုးလိုးတန်းလန်းဖြစ်အောင် လုပ်ထားတာ
- ရွေးကောက်ပွဲကော်မရှင်ရဲ့ ထုတ်ပြန်ချက်အသစ်ထွက်လာတာ။
- PR လို့ခေါ်တဲ့ အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးဖို့ လုပ်လိုက်ကြတာ။
- တိုင်းနဲ့ပြည်နယ်ဝန်ကြီးချုပ်တွေ အားလုံးလိုလိုက စစ်ဗိုလ် ဟောင်းတွေချည်း ဖြစ်နေတာ။
- လူမျိုးစုနယ်မြေ (ကချင်၊ ပလောင်၊ ရှမ်းမှသည် 'ပြေလည်လှချည့်' ဆိုတဲ့ ကရင်ပြည်နယ်) တွေအထိ စစ်ဆင်ရေးကြီး/ငယ် တွေ ဆက်လုပ်ထားတာ။
- ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင် ဘန်ကောက်ကိုသွားပြီး ထိုင်းစစ်တပ်အာဏာသိမ်းတာကို ချက်ချင်းထောက်ခံလိုက်တဲ့ ကိစ္စ။
- လူမျိုးစုပြဿနာတွေ၊ ဘာသာရေးထိပ်တိုက် တိုးစေမယ့် အကွက်တွေ ဆင်လာတာ၊ ကိုယ့်လူတွေ (အထူးသဖြင့် စွမ်းအားရှင်တွေ) ကို ပွဲတိုးထားစေတာ ... တွေ လုပ်နေတယ်။

တဖက်မှာတော့ ပြည်သူတွေရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ဒီမိုကရေစီရေး တောင်းဆိုမှုတွေက မြင့်တက်လာနေ တယ်။

စက်ရုံအလုပ်ရုံတွေက အလုပ်သမားတွေရဲ့ ရပိုင်ခွင့်တိုက်ပွဲများ၊ တောင်သူလယ်သမားတွေရဲ့ ထွန်တုံးတိုက်ပွဲများ၊ ကျောင်းသား၊ မီဒီယာလောကသား၊ ဥပဒေပညာရှင်တွေရဲ့ဒီမိုကရေစီရေး လှုပ်ရှားတောင်းဆိုသံများ ဆူထလာနေတယ်။

ဒီအခြေအနေမှာ

**စစ်အုပ်စု၊ စစ်အစိုးရ ဘာလုပ်မလဲကြည့်တော့**

(၁) ကြားဖြတ်ရွေးကောက်ပွဲ လုပ်ပါမယ်၊ ရလဒ်ကိုကြည့်ပြီး လိုအပ်တာတွေ ဖြည့်စွက်ပြင်ဆင်တာတွေ လုပ်လိမ့်မယ်။

(၂) ကျနပ်ရင် ၂၀၁၅ ရွေးကောက်ပွဲကြီး လုပ်မယ်။ စိတ်ကြိုက်အဖြေမထွက်ရင် အကြောင်းအမျိုးမျိုးပြပြီး ငြင်းပယ်တာ၊ အချိန်ဆွဲတာ လုပ်နိုင်တယ်။

(၃) ရွေးကောက်ပွဲ သူတို့အခွင့်မသာရင်၊ နိုင်တဲ့သူတွေနဲ့ အပေးအယူ မတည့်ရင် ထိုင်းဖြေရှင်းနည်းအတိုင်း အာဏာသိမ်းပါလိမ့်မယ်။

## မိမိတို့ ဘာလုပ်မလဲဆိုတာလည်း စဉ်းစားပြင်ဆင်ထားရပါမယ်။

ပြဿနာအားလုံးကို လွှတ်တော်တွင်းမှာပဲ တောင်းဆိုဖြေရှင်းနေလို့ကတော့ စစ်အုပ်စု တုန်လှုပ်မှာမဟုတ်၊ သူ့အကြိုက်ပဲ ဖြစ်မယ်။

လာမယ့်ကြားဖြတ်ရွေးကောက်ပွဲဟာ ၂၀၁၀ ကြားဖြတ်ရွေးကောက်ပွဲနဲ့ တူနိုင်စရာ အကြောင်းမရှိ၊ အုပ်စိုးသူတွေအနေနဲ့ ၂၀၁၅ အတွက် ဝတ်စုံပြည့် ဇာတ်တိုက်တာ ဖြစ်လိမ့်မယ်။

သူတို့က အာဏာရှင်ပဲ၊ ယန္တရားတစုံလုံး ရှိတယ်။ လိုအပ်သလို ဆုတ်တက်လှုပ်ရှား ကစားနိုင်တယ်။ 'နိုင်ငံတော်' ဆိုတဲ့နာမည်ကို ခံယူသုံးစားနေကြပေမယ့် သိက္ခာက လုံးဝရှိတာ မဟုတ်။ အကြောင်းပြချက် တခုခုနဲ့ လှည့်ပြောင်းပစ်လိုက်နိုင်တယ်။

ကိုယ့်မှာက လူထုအားပဲ ရှိတယ်။ ဒါကိုပဲ ဆုပ်ကိုင်လှုပ်ရှားကြရမှာပါ။ လူထုကတော့ 'သူမတို့လေနဲ့၊ တို့လိုက်ရင် တကယ်မြည်တဲ့ ရွှေစည်ကြီး' ဆိုတာ အထင်အရှားပဲ မဟုတ်လား။

ပေးသမျှပဲယူမယ်ဆိုလို့ကတော့ စစ်ကျွန်သက်ရှည်ကြရပါဦးမယ်။

(၂၁ – ၇ – ၂၀၁၄)



**ကိုကိုးကျွန်းမှာအနီရောင်လွှမ်းခဲ့စဉ်က**

## ဖိုးသံ(လူထု)

၁၉၆၉ခုနှစ်၊ ကိုကိုကျွန်းပေါ်ကိုရောက်လာတဲ့ နိုင်ငံရေးအကျဉ်းသမားတွေထဲမှာ တချို့ကနာကြည်းချက်၊ တချို့ကဒေါသ၊ တချို့ကလွမ်းဆွတ်မှု၊ တချို့ကကြောက်ရွံ့မှု၊ တချို့က စူးစမ်းလိုမှု၊ တချို့က စွန့်စားလိုမှု စသဖြင့် ခံစားချက်အမျိုးမျိုးပါလာကြပါတယ်။ လူတယောက်ထဲမှာကိုပဲ တမျိုးမက ပါလာတာတွေရှိပါတယ်။

အဲဒီလိုနိုင်ငံရေးအကျဉ်းသားတွေဟာ ကျွန်းပေါ်ကိုခြေချလိုက်တယ်ဆိုတာနဲ့ သူတို့ လုံးဝထင်မထားတဲ့၊ ဗမာနိုင်ငံသမိုင်းမှာ မရှိခဲ့ဖူးတဲ့ ထောင်စနစ်တခုနဲ့ ဝင်ဆောင့်မိပါတယ်။ လူတွေကို သဲသောင်ပြင်ပေါ်မှာ နေလှန်း ထိုင်ခိုင်းပြီး ကိုယ်ထူကိုယ်ထလုပ်ရမယ်လို့ အကျဉ်းထောင်အထူးရာရှိပိုလ်ထွန်းရင်လောက မိန့်တဲ့အခါမှာ ကျွန်တော့်တဦးချင်းရဲ့ ခေါင်းထဲမှာတော့ ဒါဟာ ငုံ့ခံနေရမယ့်ဟာ မဟုတ်ဘူး လို့ပဲ တခါတည်း တေးထား လိုက်မိပါတယ်။ ဒီလိုနဲ့ ထောင်ထဲ၊ အဆောင်တွေထဲကို ရောက်လာတဲ့အခါကျတော့ ပိုပြီး ထင်မထားတာ တွေကိုတွေ့ရတော့တာပါပဲ။ အဲဒါကတော့ တဆောင်နဲ့တဆောင် ၂၄နာရီကြိုက်သလို သွားလာခွင့်ရတာ၊ ကိုယ်ပြည်မကပါလာတဲ့ စာအုပ်နဲ့ပစ္စည်းတွေ ကိုယ်နဲ့မကွာရှိနေတာ၊ ရေဒီယို သတင်းနားထောင်ခွင့်ရတာ၊ ဘော်လီဘောနဲ့ တင်နီကွိုက်ခေါ် ကြက်ပေါင်ကွင်းတွေ ကစားဖို့ ထုတ်ပေးတာ စတာတို့ပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့ ကတော့ ဒါတွေဟာ ကိုယ်ထူကိုယ်ထ လုပ်ရတာကြောင့် လိုက်လျောထား တာတွေဖြစ်တယ်ဆိုတာကို မမေ့ကြပါဘူး။

မကြာလိုက်ပါဘူး။ ရောက်ပြီးလို့ တလကျော်လောက်ပဲ ရှိဦးမယ်ထင်ပါတယ်။ အာဏာပိုင်တွေပေးတဲ့ ငါးပိပုပ်တွေကို မစားနိုင်၊ လက်မခံနိုင်ကြောင်းဖော်ပြပြီး တိုက်ပွဲဝင်ကြပါတယ်။ ကျွန်းပေါ်မှာပထမဆုံးတိုက်ပွဲပါ။ အစာတော်ခံ တိုက်ပွဲဝင်ကြပါတယ်။ ကျွန်တော်တို့ ဘက်မှာအမှန်တရားရှိမှု၊ အကျဉ်းသားအားလုံး စည်းလုံးညီညွတ်မှုနဲ့ အာဏာပိုင်တွေဘက်မှာ အကျပ်အတည်းတွေရှိနေမှုတို့ကြောင့် တိုက်ပွဲဝင်လို့ တပတ်မပြည့်ခင်မှာဘဲ ကျွန်တော်တို့ အောင်ပွဲရလိုက်ကြပါတယ်။

ကိုကိုကျွန်းပေါ်ရောက်ပြီးလို့ ဗွေဆော်ဦးတိုက်ပွဲကို အောင်ပွဲခံလိုက်ရပြီးတဲ့နောက် မေြလသကြံန်ကိုရောက်တယ်ဆိုတာနဲ့ ကျွန်တော် တို့တတွေ ပွဲကြီးလမ်းကြီးခင်းပစ်လိုက်ကြပါတယ်။ တီးဝိုင်း–အဆိုအကတွေ၊ အငြိမ့် ပြဇာတ်တွေနဲ့ ရဲနီတွေကတည၊ ကျွန်တော်တို့ကတည စင်တင်ဖြေဖျော်ပွဲကြီးတွေ ဝှဲချီးကျင်းပကြပါတယ်။ တူရိယာပစ္စည်း မျိုးစုံအပြင် ဆလိုက်မီးတွေနဲ့တင်ဆက်ကြတဲ့အစီအစဉ်တွေပါ။ သူ့ပွဲကိုယ်အားပေး၊ ကိုယ့်ပွဲ သူအားပေး၊ တကယ်ကို စည်ကားသိုက်မြိုက်တဲ့ပွဲတွေဖြစ်ပါတယ်။ အုန်းထမင်း၊ အုန်းနို့နန္ဒင်းမကင်းတွေကလည်း ထောင်ထဲမှာ နှစ်နဲ့ချီ နေခဲ့ရ တဲ့လူတွေအဖို့ နတ်သုဓာပါပဲ။

ဒီနောက်တဆက်တည်းလိုပဲ ၇ရက်ဇူလိုင်အထိမ်းအမှတ်၊ စစ်တွေဆန်လုပွဲ အထိမ်းအမှတ်အခမ်းအနားတွေကိုလည်း ဆက်တိုက် ကျင်းပခဲ့ကြပါတယ်။ အဲဒီတိုက်ပွဲတွေမှာ ကိုယ်တိုင်ပါဝင်ခဲ့တဲ့လူတွေက မြေပုံကြီးတွေထောင်ပြီး ရှင်းပြတာဖြစ်လို့ အင်မတန်မှ

စိတ်ဝင်စားစရာကောင်းပါတယ်။ သူတို့ကလည်း သူတို့ရင်ထဲမှာ အနှစ်နှစ်အလလ မျိုသိပ်ထားရတဲ့ကိစ္စတွေကို ပထမဆုံးအကြိမ် အများရှေ့မှာ ဖော်ထုတ်ပြောရတာမို့ အင်မတန်စိတ်လှုပ်ရှားကြပါတယ်။ သူတို့မျက်နှာတွေပေါ်က ခံစားချက်တွေဟာ နားထောင်သူတွေရဲ့ရင်ထဲကို တိုက်ရိုက်စီးဝင်သွားတယ်လို့ ပြောနိုင်ပါတယ်။ ၇ရက်ဇူလိုင်အရေးအခင်းကို အဓိက ရှင်းပြသူက ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ခေါင်းဆောင်တယောက် ဖြစ်ခဲ့တဲ့ ခရမ်းကိုစိန်ဝင်းဖြစ်ပြီး စစ်တွေဆန်လှုပ်ပွဲကို ရှင်းပြတာကတော့ စစ်တွေက အဲဒီတိုက်ပွဲမှာ ဦးဆောင်ပါဝင်ခဲ့တဲ့ အစိုးရအမှုထမ်းတဦးဖြစ်တဲ့ ရဲဘော်စံရွှေမောင်ဖြစ်ပါတယ်။ စစ်တွေဆန်လှုပ်ပွဲဟာ ကျွန်တော်ထောင်ထဲရောက်ပြီးမှ ဖြစ်ပွားတာဆိုတော့ သူပြောပြချက်မှန်သမျှဟာ ကျွန်တော့်အဖို့ လုံးဝအသစ်ဖြစ်နေပြီး တအံ့တသြနားထောင်ရင်း အံတကြိတ်ကြိတ်ဖြစ်ရပါတယ်။ ဒီအခမ်းအနားတွေမှာ ကျွန်တော်တို့က ရခိုင်လို၊ ဗမာလို သီချင်းတွေ သီးသန့်စပ်ဆို ဖြေဖျော်တာလည်း လုပ်ပါတယ်။ ဒါ့အပြင် တခြားအဖွဲ့အစည်းက မဟာမိတ်တွေလည်း ဖိတ်ကြားတက်ရောက်စေခဲ့လို့ တက်ရောက်လာသူတွေ များလှပါတယ်။

ဇူလိုင်ပြီးတော့ သြဂုတ်ပါ။ တိုက်ဆိုင်ချင်တော့ အဲဒီသြဂုတ်လ ၁၅ရက်ဟာ ဗမာပြည်ကွန်မြူနစ်ပါတီ အနှစ် ၃၀ပြည့်မြောက်တဲ့နေ့ဖြစ်နေပါတယ်။ ကျွန်တော်တို့ဟာ ထောင်ထဲမှာနေခဲ့တဲ့နှစ်တိုင်းပဲ ပါတီနေ့ကိုအခါအခွင့်ပေးသလို ကျင်းပပါတယ်။ တယောက်တည်းတိုက်ထဲမှာနေရရင်တောင် ပါတီအလံကို မှန်းပြီး အလေးနီပြုတာ၊ အင်တာနေရှင်နယ်သီချင်းဆိုတာတွေလုပ်ပါတယ်။ ကြာတော့ ဘယ်လောက်အထိဖြစ်လာသလဲဆိုရင် ထောက်လှမ်းရေးက ထောင်အာဏာပိုင်တွေကို ပါတီနေ့တွေမှာ ဗကပအန္တယ်တွေကို အထူးသတိထား စောင့်ကြည့်ဖို့ မှာကြားတဲ့အထိဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကလည်း သတိပို ဝိရိယ ပိုရှိရပါတယ်။ အားလုံးတိုးတိုးတိတ်တိတ် ချည့်လုပ်ကြရတာပါ။

ဒါပေမဲ့ ကျွန်းပေါ်ကအနှစ်(၃၀)မြောက်အခမ်းအနားကျတော့ ငါးပိပုပ်တိုက်ပွဲမှာ အောင်ပွဲရထားတာက တကြောင်း၊ တကျွန်းမှာကိုယ်ထူကိုယ်ထလုပ်ရတဲ့ ဒေါသတွေကြောင့်တကြောင်း ပါတီနေ့ကို အကြီးကျယ်ဆုံး ကျင်းပကြပါတယ်။ ဒီခေတ်စကားနဲ့ဆိုရင် ထောင်ထဲကပွဲတကာပွဲတို့ရဲ့မိခင်လို့ ဆိုနိုင်လောက်အောင် ကျင်းပကြပါတယ်။ ဘော်လီဘောပြိုင်ပွဲ၊ ကျားပြိုင်ပွဲ၊ နိုင်ငံတကာစစ်တုရင်ပြိုင်ပွဲတွေကို တပတ်လောက်တင်ကြိုပြီး အုပ်စုပွဲ၊ ရှုံးထွက်ပွဲတွေနဲ့ စနစ်တကျကျင်းပပါတယ်။ နောက်ပြီး ဒီနေ့ဒီရက်အတွက် အထူးစပ်ဆိုတဲ့သီချင်းတွေကိုလည်း ရက်တွေကြိုရေးစပ်ပြီး တီးဝိုင်းနဲ့၊ အဆိုဝိုင်းနဲ့တိုက်ကြပါတယ်။

ဒီလိုနဲ့ သြဂုတ်လ ၁၅ရက်နေ့ကိုရောက်တော့ အမှတ်(၉)ဆောင်မှာ သင်္ကြန်ပွဲတုန်းကလိုပဲ ဇာတ်ခုံထိုးလိုက်ပါတယ်။ ပြီးတော့ကျွန်တော်တို့ရထားတဲ့ အိပ်ရာခင်းတွေ၊ စောင်တွေနဲ့ နဖူးစည်း ကန့်လန့်ကာ၊ တိုင်ကာတွေလုပ်ပြီး တပ်ဆင်ပါတယ်။ အနီရောင် စာလုံးကြီးတွေနဲ့ရေးထားတဲ့ နဖူးစည်းစာတန်းကြီးမှာတော့ ဓမ္မတာအတိုင်း "အနှစ် သုံးဆယ်မြောက် ဗမာပြည်ကွန်မြူနစ်ပါတီနေ့"လို့ ထင်းထင်းကြီးရေးထားပါတယ်။ အနီရောင်ဟာ ဆေးရုံကပေးတဲ့ ကာမီနေးတစ်ဗ်(carminative) ဆိုတဲ့ လေဆေးကိုသုံးထားတာပါ။ မှောင်နေတဲ့အခန်းရှည်ကြီးထဲမှာ အနီရောင် မီးမောင်းတွေထိုးထားတဲ့ လင်းထိန်နေတဲ့ဇာတ်စင်၊ အဲဒီဇာတ်စင်ရဲ့ နောက်ခံမှာ ပါတီရဲ့တူတံစဉ်အလံနဲ့ဘဝတူ ရဲဘော်မြတ်အောင်ရေးဆွဲတဲ့ မာ့က်စ်၊ အိန်ဂယ်၊ လီနင်၊ စတာလင်နဲ့ မော်စီတုန်းတို့ရဲ့ပုံကြီးတွေကို ချိတ်ဆွဲ ထားပါတယ်။ မြင်လိုက်ရတာနဲ့ ကြက်သီးဖြန်းဖြန်းထမိခဲ့တယ်ဆိုတာကို ကျွန်တော်ဝန်ခံလိုပါတယ်။ အဲဒီလို ကျက်သရေရှိလှတဲ့ ဇာတ်ခုံကြီးပေါ်မှာရပ်ပြီး မိန့်ခွန်းပြောကြတဲ့ ကျွန်တော်တို့ခေါင်းဆောင်နှစ်ဦးဖြစ်တဲ့ ဗိုလ်အုန်းမောင်နဲ့ ဆရာရာဂျန်တို့ရဲ့ တည်ကြည်လေးစားစရာ ပုံသွင်ကိုလည်း လေးဆယ့်ငါးနှစ်တိတိ လွန်ခဲ့ပြီဖြစ်တဲ့ အခုအခါမှာကိုပဲ ပြန် မြင်ယောင်နေပါတယ်။ နောက်ပြီး အထက်မှာပြောခဲ့တဲ့ အားကစားနဲ့ စစ်တုရင်–ကျားပြိုင်ပွဲတွေမှာ အနိုင်ရခဲ့တဲ့ အသင်းတွေကို ဒီအခမ်းအနားတွေမှာ ဆုပေးတာကလည်း မှတ်မှတ်သားသားဖြစ်စေပါတယ်။

စဉ်းစားကြည့်ပါ။ အဲဒီလိုလေထုအောက်မှာပဲ အင်တာနေရှင်နယ်သီချင်းသံဟာ မည်းမည်းကုပ်ကုပ် စစ်ဘားတိုက်လို အဆောင်တွေထဲကနေ ညအမှောင်ကိုခွင်းပြီး မိုးယံကိုပျံ့လွင့်ထွက်ပေါ်လာခဲ့ပါတယ်။ ကိုကိုကျွန်းမှာ အနီရောင် တဒင်္ဂလွှမ်းခဲ့တယ်လို့များ ဆိုရမလားပဲ။

ဖိုးသံ(လူထု)




# စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်မယ့် တပ်ပေါင်းစုတရပ် လိုအပ်နေပြီ

**မောင်မိုးဦး**

သမ္မတဦး(ဗိုလ်)သိန်းစိန်က သူ့အစိုးရအဖွဲ့ဝင်ဝန်ကြီး၊ ဒုဝန်ကြီးတွေပါဝင်တက်ရောက်တဲ့ အစိုးရအဖွဲ့အစည်းအဝေးမှာ လုပ်ငန်းတွေ ပထမအဆင့်၊ ဒုတိယအဆင့်တွေပြီးမြောက်လို့ တတိယအဆင့်ကို တက်လှမ်းရမယ်လို့ပြောပါတယ်။ သမ္မတ က လှိုင်း( wave) လို့ သုံးနှုန်းသွားပါတယ်။

သမ္မတဦး(ဗိုလ်)သိန်းစိန်သမ္မတသက်တမ်းမှာ ဘာတွေ များလုပ်ကိုင်ဖြေရှင်းခဲ့တာရှိသလဲ။ သန့်ရှင်းတဲ့အစိုးရ၊ ကောင်း မွန်တဲ့ စီမံအုပ်ချုပ်မှုကောင်းတဲ့အစိုးရဆိုပြီး အသံကောင်းဟစ် ကာ တက်လာတဲ့အစိုးရက ဘာပြဿနာတွေကို ဘယ်လိုဖြေရှင်း ခဲ့သလဲ။

အလုပ်သမားတွေရဲ့ ပြဿနာတွေကိုဖြေရှင်းဖို့ အခြေခံ ကလေးတောင် မချမှတ်နိုင်တာတွေ့ရတယ်။ အလုပ်သမားတွေ မှာ တနေ့အလုပ်ချိန် ၈ နာရီထက်ကျော်ပြီး အလုပ်လုပ်နေရ တယ်။ အဲ့ဒီအလုပ်လုပ်နေတာတောင် ရရှိတဲ့လုပ်ခဟာ အလုပ် သမား တယောက်အတွက် စားဖို့ဝတ်ဖို့နေဖို့အတွက် လုံလောက် မှုမရှိဘူး။ မိသားစုအတွက်ဆိုရင်ဝေလာဝေးပဲ။ ဒီလောက်နိမ့်ကျ ကျပ်တည်းနေတဲ့ အလုပ်သမားဘဝကို အဆင်ပြေအောင် သမ္မ တဦး(ဗိုလ်)သိန်းစိန်အစိုးရက ဘာများဖြေရှင်းပေးခဲ့သလဲ။။

လယ်သမားတွေရဲ့ မြေယာပြဿနာ၊ စားဝတ်နေရေး ပြဿနာတွေကို သမ္မတဦး(ဗိုလ်)သိန်းစိန်ဘယ်လိုဖြေရှင်းခဲ့သလဲ၊ လယ်သမားတွေမှာ မြေမဲ့ယာမဲ့ဘဝတွေဖြစ်ပြီး ဆင်းရဲငတ်ပြတ် နေ၊ ကြွေးလည်း လည်ပင်းခိုက်နေ၊ လူစဉ်မမီ ဖြစ်နေတာကို မျက်ကွယ် ပြုပြီး အကြွေးဆပ်နိုင်ဖို့ ထမင်းတနပ် လျှော့စားခိုင်း တဲ့နည်းနဲ့ လယ်သမားပြဿနာကိုဖြေရှင်းတဲ့အစိုးရမျိုး ဖြစ်နေ တယ်။

ဆင်းရဲမွဲတေမှုပပျောက်ရေးကြွေးကြော်ပြီး ဆင်းရဲသား တွေ ဘဝကို ဘယ်လိုမြှင့်တင်ခဲ့သလဲ။ ဆင်းရဲသားတွေ ချောင် လည်လာ အောင်နဲ့ လူလူသူသူနေနိုင်အောင် လုပ်ပေးတာ တခုမှ မရှိဘဲ ဆင်းရဲ သားတွေ နေစရာထိုင်စရာပါ မရှိတော့အောင်လုပ်ပြီး စားရမဲ့ သောက်ရမဲ့ ဖြစ်အောင်လုပ်တာပဲတွေ့နေရတယ်။ ဆင်းရဲမွဲ တေမှု မပပျောက်ဘဲ ဆင်းရဲသားတွေ အသက်ပျောက်ရမယ့်ကိန်းပဲ ဆိုက်နေတယ်။

လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှုနယ်ပယ်တွေ မှာလည်း သပွတ်အူလည်နေတယ်။ အဲဒီနယ်ပယ်တွေမှာ သမ္မတ ဦး(ဗိုလ်)သိန်းစိန်အစိုးရက ဘာတခုလေးများ ပြေလည်အောင် ဖြေရှင်းပြီးပြီလဲ။ ပညာရေး မြှင့်တင်ဖို့ လမ်းစလေးတောင် မဖော်နိုင် သေးဘူး။ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခတွေကို ပြေလည်အောင် ဖြေရှင်းတာမလုပ်တဲ့အပြင် မီးလောင်ရာလေပင့်တာတွေတောင် လုပ်နေတယ်။ ဗိုလ်နေဝင်းရဲ့ ပေါ်လစီဖြစ်တဲ့ ဘုန်းကြီးတွေကို ဘုန်းကြီးတွေနဲ့တိုက်ဆိုတဲ့ ပေါ်လစီကို ဆက်ပြီးခန့်ခွဲနေတာပဲ တွေ့နေရတယ်။

သမ္မတဦး(ဗိုလ်)သိန်းစိန်ရဲ့ အစိုးရသက်တမ်းတလျှောက်မှာ ထုတ်လုပ်ရေးတွေကျဆင်းနေတယ်။ ဒါပေမဲ့ သယံဇာတ ပစ္စည်းတွေ ရောင်းချတာ၊ သစ်နဲ့သစ်တောထွက်ပစ္စည်းတွေ ရောင်းစားတာ၊ ရေကာတာတည်ဆောက်ပြီး မြေစာတွေ (ရွှေစရွှေနတွေပါတဲ့မြေစာ) ရောင်းစားတာအထိလုပ်ပြီး GDP မြင့်တက်အောင်တော့ လုပ်ပြတယ်။

သမ္မတဦး(ဗိုလ်)သိန်းစိန်က သူ့သမ္မတသက်တမ်းမှာ ငြိမ်း ချမ်းရေးရအောင် တည်ဆောက်မယ်လို့ပြောတယ်။ ဦး(ဗိုလ်) အောင် မင်းကို ပြေးလွှားလွန်းထိုးခိုင်းပြီး လက်နက်ကိုင်အဖွဲ့အစည်းတွေက အပစ်အခတ်ရပ်စဲရေးကိုလက်ခံလာအောင် နားချ ဖြားယောင်းတာ တွေ လုပ်တယ်။ ဦး(ဗိုလ်)အောင်မင်းက လက်နက်ကိုင်အဖွဲ့ အစည်း တွေကို အယုံသွင်းရာမှာ နှုတ်လွန်သွားတဲ့ အတွက် ဝန်ကြီး(ဗိုလ်) ဦးအောင် မင်းက ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မင်းအောင်လှိုင်ကို ခယ ဝပ်တွားတောင်းပန်ရတဲ့ အခြေဆိုက်သွားတယ်။ အဲဒီလိုတောင်းပန် လိုက်တဲ့အခါမှာ အပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းရေးဆွေးနွေးတာ တွေဟာ တကယ်တော့ လက်နက်ကိုင်အဖွဲ့အစည်းတွေကို လက်နက်

ချဖို့ ဖြားယောင်းနေတာပဲဆိုတာ ဘူးပေါ်သလိုပေါ်သွားတယ်။ ဘာ့ကြောင့်လဲဆိုတော့ အပစ်အခတ်ရပ်စဲရေးအတွက် ဗိုလ်မင်းအောင်လှိုင်ချပေးတဲ့မူ ၆ ချက်ဟာ လက်နက်ချ အညံ့ခံရေးပဲဆိုတာ ရှင်းရှင်းလင်းလင်းဖော်ပြထားလို့ပါပဲ။ သမ္မတဦး(ဗိုလ်) သိန်းစိန်အစိုးရရဲ့ ရည်ရွယ်ချက်ကိုက လက်နက်ချပြီးမှ ငြိမ်းချမ်းရေး ဆွေးနွေးမယ်ဆိုတဲ့ သဘောပါ။ ဒါကြောင့် အခု အပစ်အခတ်ရပ်စဲရေးကိစ္စတွေမှာပဲ တစ်ဆို့ဖြစ်နေတာပါ။ ဗမာပြည် ပြည်တွင်းစစ်တလျှောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲ (ပြောင်ရော လျှို့ဝှက်ပါ) အကြိမ်အတော်များများ လုပ်ခဲ့ဖူးပါတယ်။ ဘယ်ဆွေးနွေးပွဲမှာမဆို အပစ်အခတ်ရပ်စဲရေး ဆွေးနွေးတဲ့အဆင့်မှာပဲ အမြဲပျက်သွားပါတယ်။ အဲဒီ အပစ်အခတ်ရပ်စဲရေးအဆင့်မှာ လက်နက်ချသွားသူတွေကိုတော့ လက်နက်နဲ့ ဒီမိုကရေစီ လဲတယ်၊ လက်နက်နဲ့ ငြိမ်းချမ်းရေး လဲတယ်၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးလုပ်တယ်ဆိုပြီး အမျိုးမျိုး သုံးနှုန်းခဲ့တယ်။ လက်နက်မချသူတွေကိုတော့ သောင်းကျန်းသူ အဖျက်သမားများဆိုပြီး၊ အမြစ်ပြတ်ချေမှုန်းရေး လုပ်ကြပါတယ်။ အခု သမ္မတဦး(ဗိုလ်)သိန်းစိန်အစိုးရဟာ အုပ်စိုးသူအဆက်ဆက်ရဲ့ အမွေခံပီပီ အဲဒီပေါ်လစီကို ခန့်ခွဲနေတာပါပဲ။ နဝတ၊ နအဖနဲ့ အခု ဦး(ဗိုလ်)သိန်းစိန်အစိုးရတို့မှာ တခုထူးလာတာကတော့ လက်နက်နဲ့ပါမစ်လဲ တာပါပဲ။ ဒါနဲ့ပဲ ဗမာပြည်မှာ သစ်တော ပြုန်းတာပါပဲ။ မြေပေါ်မြေအောက်သယံဇာတတွေ ဖောဖောသီသီကြီး ပြည်ပကို ထွက်ကုန်တာပဲ။ စစ်အစိုးရနဲ့ သူ့ရောင်ရင်း (ခရိုနီ)တွေ ချမ်းသာသည်ထက်ချမ်းသာသွားတာပဲ။ ဗိုလ်သန်းရွှေလက်ထက်ကစပြီး အခုသမ္မတ ဦး(ဗိုလ်) သိန်းစိန်လက်ထက်တို့မှာတော့ ဒီအချက်ဟာ ပိုသိသာထင်ရှားလာပါတယ်။

နိုင်ငံတကာဆက်ဆံရေးမှာ ဘက်မလိုက် ကြားနေရေးကို အသုံးချပြီး နိုင်ငံကြီးတွေအကြား နှစ်ဖက်ခွစာရေးပေါ်လစီကို ကျင့်သုံးခဲ့လို့ အခုတော့ လှေနံနှစ်ဖက်နင်းထားတဲ့ဘဝ ရောက်နေပြီ။ တရုတ်ကို ကြောက်ရတယ်လို့ပြောသူကပြော၊ တရုတ်ဟာ ကျေးဇူးရှင်ဖြစ် တယ်လို့ ပြောသူကပြော၊ အမေရိကန်၊ ဂျပန်နဲ့ အီးယူ ကူပါကယ်ပါဆိုပြီး ပြောသူကပြောနဲ့ သမ္မတဦး(ဗိုလ်) သိန်းစိန်အစိုးရမှာ ကသောင်းကနင်း ဖြစ်နေပါတယ်။

၂၀၀၈ အခြေခံဥပဒေကို ပြင်မယ်ပြောသူကပြော၊ မပြင်ဘူးပြောသူကပြော၊ ၂၀၀၈ အခြေခံဥပဒေကိုကာကွယ်မယ်ပြောသူကပြော၊ အခြေခံဥပဒေကို မထိပါးနဲ့ပြောသူကပြောနဲ့ သမ္မတဦး(ဗိုလ်)သိန်းစိန်အစိုးရနဲ့ သူ့နိုင်ငံရေးပါတီဖြစ်တဲ့ ကြံ့ဖွံ့မှာ ပွက်လောရိုက်နေတယ်။

ဒါတွေအားလုံးကို ခြုံငုံကြည့်ရင် သမ္မတဦး(ဗိုလ်)သိန်းစိန်အစိုးရဟာ ပြည်သူလူထုကြီးလိုလားတဲ့ ဒီမိုကရေစီစနစ်ကို လမ်းဖွင့်ပေးဖို့ ဘယ်တော့မှ မလုပ်ဘူးဆိုတာကို ဖော်ပြနေတာဖြစ်တယ်။ ပြည်သူလူထုအတွက် အကျိုးရှိမယ့်အလုပ်မှန်သမျှကို ပိတ်ပင်တားဆီးမယ်ဆိုတာပဲ ဖြစ်နေတယ်။ စစ်အာဏာရှင်စနစ်တည်မြဲဖို့ ၂၀၀၈ အခြေခံဥပဒေ ခိုင်မာဖို့ကိုပဲ ဇောက်ချလုပ်မယ် ဆိုတာပါပဲ။ သမ္မတပြောတဲ့ တတိယလှိုင်း (Third Wave) ဆိုတာဟာ ဒါပါပဲ။ ၂၀၁၅ ခုနှစ်အထိ ဒီအတိုင်း ဆက်သယ်ဆောင်သွားမယ်ဆိုတာပါပဲ။

ဗမာပြည်အခြေအနေဟာ တကယ် ဒီမိုကရေစီ အပြောင်းအလဲလုပ်ဖို့ လိုအပ်နေတယ်။ ဒါကို အုပ်စိုးသူစစ်အုပ်စုက သိပါတယ်။ ဒါပေမဲ့ တကယ် ဒီမိုကရေစီအပြောင်းအလဲလုပ်ရင် သူတို့အာဏာနဲ့ ဘဏ္ဍာကို လက်ဝါးကြီးအုပ်ထားရတာကို လက်လွှတ်သွားရမယ်ဆိုတာလည်းသိတယ်။ ဒါကြောင့် သမ္မတဦး(ဗိုလ်)သိန်းစိန်အစိုးရအဖွဲ့ကို အယောင်ဆောင် အပြောင်းအလဲတွေ လုပ်ခိုင်းနေတာဖြစ်တယ်။

ပြည်သူလူထုကြီးရဲ့ဘဝကလည်း တကယ်ဒီမိုကရေစီ အပြောင်းအလဲ မလုပ်ရင်မဖြစ်တော့တဲ့ အခြေအနေဖြစ်နေတယ်။ ဒါကြောင့် သမ္မတဦး(ဗိုလ်)သိန်းစိန်အစိုးရရဲ့ အယောင်ဆောင်အပြောင်းအလဲလုပ်နေတာနဲ့ အမြဲ ထိပ်တိုက်တိုးနေတာပဲ။ ဒီလို အခြေအနေမျိုးဟာ အုံကြွပေါက်ကွဲမှုဆီကို ဦးတည်စေပါတယ်။ လူ့အဖွဲ့အစည်းတခုမှာ ဒီလိုအခြေအနေမျိုးဖြစ်ရင် မတည်မငြိမ် ဖြစ်လေ့ရှိတာပဲ။

ပြည်သူလူထုရဲ့ တရားတဲ့အခွင့်အရေးတောင်းဆိုမှု၊ တရားမျှတတဲ့ အခွင့်အရေးအတွက်လှုပ်ရှားမှုကို အုပ်စိုးသူတွေက ဆူပူမှုလို့ စွပ်စွဲသတ်မှတ်လေ့ရှိတယ်။ ဗမာပြည်ဟာ လွတ်လပ်ရေးရပြီးကတည်းက ဒီလိုလှုပ်ရှားမှုဟာ ဆက်တိုက်လိုပဲဖြစ်တယ်။ ဒါကြောင့်လည်း ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ကစပြီး ပြည်တွင်းစစ်ဖြစ်ရတဲ့အထိ ပေါက်ကွဲခဲ့တယ်။ ၁၉၆၂ ခုနှစ်မှာ ဇူလိုင် ၇ ရက် အရေးအခင်းဖြစ်တယ်။ ၇၄–၇၅–၇၆ တို့တွေမှာ အလုပ်သမားအရေးအခင်း၊ ကျောင်းသားအရေးအခင်းကစပြီး ပြည်သူတွေပါ ပါလာတဲ့ အရေးအခင်းတွေဖြစ်သွားတယ်။ ၁၉၈၈ ဒီမိုကရေစီလှုပ်ရှားမှုအရေးအခင်းဟာ လူထုအုံကြွမှုအထိ ပေါက်ကွဲတယ်။ ၂၀၀၇ ခုနှစ်သံဃာ့အရေးအခင်းကြီးကလည်း လူထုတရပ်လုံး ပါဝင်လာပြန်တာပါပဲ။ ဒီအရေးအခင်းအားလုံးမှာ အုပ်စိုးသူတွေက အကြမ်းဖက် နှိမ်နင်းတာချည်းပဲ။

အခုလည်း လူထုအုံကြွမှုတခုကို ဦးတည်နေပြီ ဖြစ်တယ်။ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးအင်အားစုတွေ၊ တိုးတက်တဲ့ အမြင်ရှိသူတွေ ပြည်သူ့ဘက်ကရပ်မလား၊ အုပ်စိုးသူဘက်ကရပ်မလား၊ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးအင်အားစုတွေ တိုးတက်တဲ့ အမြင်ရှိသူတွေဘာလုပ်ကြမလဲ၊ ဘယ်လိုလုပ်မလဲ။

ပြည်သူလူထုဘက်က ပြတ်ပြတ်သားသားရပ်တည်တဲ့ နိုင်ငံရေးအင်အားစုအသီးသီးပါဝင်တဲ့ တပ်ပေါင်းစုတခု အရေးတကြီး လိုအပ်နေပါကြောင်း။

**မောင်မိုးဦး**

# များပြည်သူ တူညီပျော်မြူးကြစေ



**နှင်း**

ဒီနှစ် (၂၀၁၄) ခုနှစ်ဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့သက်တမ်း (၇၅) နှစ်ပြည့်မြောက်တဲ့ ... နှစ်တဲ့ ...။

... ... ... ... ... ... ... ... ... ... ... ... ... ... ...

'ကွန်မြူနစ်' ဆိုတဲ့ စကားလုံးကို ကျွန်မ စပြီး ကြားဖူးတာ ဟာ မူလတန်းကျောင်းသူ အရွယ်မှာပါ ...။ ကျွန်မတို့ဆရာက သူနဲ့ ညီအစ်ကိုဝမ်းကွဲတော်တဲ့ ကျွန်မတို့နဲ့ တမြို့တည်းသား 'သခင်ဗဟိန်း' အကြောင်းကို ပြောပြလို့ပါ။ (၁၃၀၀) ပြည့် အရေးတော်ပုံမှာ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းရဲ့ ရဲရဲတောက်မိန့်ခွန်းထဲက ... 'မြင်းခွာတချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်စေရမယ်' ဆိုတဲ့ ဂန္ထဝင်စကားကို အဲဒီတုန်းက နားမလည်ခဲ့ပေမယ့် နောင်သောအခါ (၁၃၀၀) ပြည့်အရေးတော်ပုံနဲ့ သခင်ဗဟိန်းကြောင်းကို စာထဲမှာဖတ်ရ သိရတဲ့အခါ လေးစားလို့မဆုံး၊ ဂုဏ်ယူလို့မဆုံးခဲ့ပါဘူး။

ကျွန်မ မန်းလေးတက္ကသိုလ်ရောက်တဲ့နှစ်ဟာ အပျော်ဖတ် စာတွေကို ငြီးငွေ့၊ မဖတ်ချင်တော့ဘဲ ရသစာပေ၊ စာကောင်းတွေကို အရူးအမူးနှစ်သက် စွဲလန်းပြီး လိုက်ရှာဖတ်နေချိန်မှာ 'ဆရာဗန်းမော် တင်အောင်' ရဲ့ စာအုပ်တွေကို ကျွန်မဖတ်ရပါတယ်။ အများအတွက် စွန့်လွှတ်အနစ်နာခံခြင်းဆိုတဲ့ အဓိပ္ပာယ်ကို ဆရာ့ဝတ္ထုတွေထဲက ဇာတ်လိုက်တွေက ကျွန်မကို နားလည်အောင် ရှင်းပြခဲ့ကြပါတယ်။ ဆရာ့စာတွေကိုသာမက စာဖတ်ပရိသတ်လူထုကြီးက လူကိုပါ ချစ်ခင် အားကိုးကြတဲ့ ဆရာ့ရဲ့ နောက်ဆုံးအမှာစကားလေးကို ကျွန်မရင် ထဲ အသဲထဲမှာ စွဲနေအောင် မှတ်ထားပါတယ်။

'လူတယောက်ရဲ့တန်ဖိုးဟာ သူဖြတ်သန်းကျော်လွှားနေတဲ့ ခေတ်ကြီးက သူ့ပခုံးပေါ် တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူ ဘယ် လောက် သယ်ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့ အချက်နဲ့ တိုင်းတာရမှာပဲ' ... တဲ့။

ကျွန်မချစ်ခင်လေးစားလှတဲ့ ဆရာဗန်းမော်တင်အောင်ဟာ ကွန်မြူနစ်တယောက်ပါ ...။

... ... ... ... ... ... ... ... ... ...

ကွန်မြူနစ်မိတ်ဆွေတွေကို ကျွန်မစပြီး မြင်ဖူး တွေ့ဖူး ခင်မင်ကြတဲ့အချိန်မှာ ကျွန်မစိတ်ထဲမှာ ပထမဆုံး စဖြစ်မိတာကတော့ သူတို့ဟာ လူကောင်းတွေ ...လို့ ...။ ပြီးတော့ ရိုးသားကြတယ်လို့ ...။ စာသိပ်ဖတ်ပြီး အနုပညာကိုလည်း ဝါသနာပါကြတယ်လို့...။ ကျွန်မ စာရေး ဆရာပေါက်စဘဝမှာ စပြီးတွေ့ဖူးမြင်ဖူးတာက ကျွန်းပြန်ကြီး ဆရာမြသန်းတင့်လေ ...။ ပြီးတော့ ကျွန်မဘဝမှာ အမှတ်တရဖြစ်နေခဲ့ တာက အမ မို့မို့အင်းလျားရဲ့ နာရေးမှာ ကြုံတော သုသာန်ရဲ့ တနေရာမှာ (အဲဒီတခါပဲ တွေ့ဖူးခဲ့တဲ့) ဘဘလေထီးဗိုလ်အုန်းမောင်...။ မျက်နှာက တည်ငြိမ်အေးချမ်းပြီး ခိုင်ကျည်လှတဲ့ မေးရိုးကြီးတွေနဲ့ ...။ သမီးရေ...တဲ့။ သမီး အခုရေးနေတာလေးတွေကနေ ပြောင်းပြီးတော့များ မရေးလိုက်ပါနဲ့ သမီးရယ်... ခုရေးနေတဲ့ စာမျိုးလေးတွေကို ဘဘတို့ အမြဲဖတ်ပါရစေ ...တဲ့။

ဗမာ့လွတ်လပ်ရေးသမိုင်းမှာ စွမ်းစွမ်းတမံ ပါဝင်ခဲ့တဲ့၊ တိုင်းပြည် အတွက် အကြိမ်ကြိမ်ထောင်ကျ၊ အနှိပ်စက်ခံရရှာပြီး၊ စွန့်လွှတ် အနစ်နာခံခဲ့တဲ့ ကျွန်းပြန်ကွန်မြူနစ်ကြီးရဲ့အသံဟာ ယဉ်ကျေးသိမ်မွေ့ လိုက်တာ ...။

ကျွန်မနဲ့ခင်မင်ရင်းနှီးကြတဲ့ ကွန်မြူနစ်မိတ်ဆွေ အကုန်လုံးရဲ့ တူညီတဲ့စိတ်ရင်းလေးတခုကလည်း သူတပါးကိုပဲ ကူညီဖို့ ကြိုးစားတာပါ။

'ကျွန်တော်က ပိုက်ဆံလည်းမရှိပါဘူး။ ပညာလည်း မတတ်ပါ ဘူးဗျာ ...။ ကျွန်တော်တတ်နိုင်တာလေးဆိုရင်တော့ ဘာဖြစ်ဖြစ် ကူညီပေး ပါစေ' ဆိုတဲ့ အင်မတန်ရိုးသား၊ စိတ်ရင်းကောင်းလှတဲ့ ကျွန်းပြန် ကွန်မြူနစ် မိတဆွေတယောက်ဟာ ကျွန်မစာရေးဖို့အတွက် အများကြီး အကူအညီ ပေးခဲ့ဖူးပါတယ်။ သူပြောရှာတဲ့အတိုင်း သူတတ်နိုင်တဲ့ဘက်က နေ ကျွန်မတွေ့ချင်တဲ့ သူတွေနဲ့တွေ့ဖို့၊ စကားပြောဖို့ သူခေါ်သွားခဲ့တာ ...။ အမှတ်မရှိ၊ လမ်းမရှိရှာတဲ့ အိမ်မဲ့ယာမဲ့ (homeless) တွေဆီကိုပါ ...။ ကြွက်တွေကို ဈေးခင်းရောင်းချနေတဲ့ ကြွက်ဈေးဆီကိုပါ။ ပြီးတော့ ... တခါတလေ စကားစပ်မိမှ ဖြတ်ကနဲ ပြောပြတတ်တဲ့ သူ့အကြောင်းတွေ ဟာလည်း ကျွန်မ မရေးနိုင်ခဲ့တဲ့ဝတ္ထုတွေပါ ...။

"ကျွန်တော့်ကို အချုပ်ထဲမှာ တအားနှိပ်စက်ခံထားရပြီး လူမှန်း သူမှန်းမသိအောင် ဖြစ်နေတဲ့အချိန်ပေ့ါ ...။ အချုပ်ခန်းထဲမှာ ကြောင် ကြောင်ကြီး မတ်တပ်ရပ်နေတာ၊ ဆံပင်ကလည်း အရှည်ကြီး၊ လူကလည်း လူရုပ်မပေါ်တော့ဘူး။ အဲဒီအချိန်မှာ အချုပ်ခန်းအပြင်က မိန်းကလေး တယောက်က မသိမသာ ကပ်လာတာဗျ ...။ ပြီးတော့မှ တိုးတိုးလေးမေး တယ်။ 'ဘာမှုနဲ့ ကျတာလဲ' တဲ့။ ကျွန်တော်က 'ခင်ဗျာ ... နိုင်ငံရေးမှုပါ ဗျာ' လို့ ပြောလိုက်တဲ့အချိန်မှာ အဲဒီမိန်းကလေး ကြည့်ရတာ တော်တော်



အံ့သြသွားပုံရတယ်။ ကျွန်တော့်ပုံစံကြည့်ပြီး လူသတ်မှုတို့၊ ဘာတို့ပဲ ဖြစ်မှာပေ့ါလို့ ထင်ဟန်တူပါတယ်။ 'ဟင်' ဆိုပြီး မိန်းကလေးမျက်နှာက စိတ်မကောင်းတော်တော်ဖြစ်သွားတဲ့ပုံခင်ဗျ ...။ ပြီးတော့မှ ဖျတ်ဆို အချုပ်ခန်းသံတိုင်ကြားကနေ လုံးချေထားတဲ့ ငါးကျပ်တန်လေးတရွက် ကျွန်တော့်ဆီ ပစ်ပေးလိုက်တယ် ...။ 'သုံးချင်တာသုံးပါ' တဲ့ ...။ 'ဟာ ကျွန်တော် မယူဘူး၊ မယူပါဘူး' လို့ ပြောတော့ မိန်းကလေးကဗျာ ... 'ယူပါရှင် ... စိတ်သန့်သန့်နဲ့သုံးပါ။ သူများဆီက မတရားသဖြင့် ရလာတဲ့ ပိုက်ဆံမဟုတ်ပါဘူး။ ကျွန်မခန္ဓာကိုယ်နဲ့ ရင်းနှီးပြီး ရှာရတဲ့ ပိုက်ဆံပါ'... တဲ့ဗျာ။ မိန်းကလေးရဲ့ ပိုက်ဆံလေးကို ကောက်ယူရင်း ကျွန်တော် ငိုမိတော့တယ်...။ အော်...ကျွန်တော်တို့တွေ လူတွေအတွက် ကြိုးစားနေကြရင်းကပဲ လူတွေဟာ ဆင်းရဲတွင်းထဲမှာ နစ်နေကြတုန်းပါပဲလားလို့ ... ဆိုပြီးတော့ပေ့ါဗျာ ..."

အဲဒီမိတ်ဆွေနဲ့ ကျွန်မနောက်ဆုံးတွေ့တဲ့နေရာဟာ မြန်အောင်နယ်ဘက်က ရွာငယ်လေးတရွာမှာပါ။ ရွာငယ်လေးက ကလေးတွေ၊ လူငယ်တွေ တအုပ်ကြီးနဲ့ မြို့ပေါ်က စာပေဟောပြောပွဲကို ရောက်လာခဲ့တာ...။ အဲဒီရွာငယ်လေးရဲ့ ကလေးတွေ ပညာရေးကို သူတတ်နိုင်သမျှ ကူညီရင်း၊ ရွာကျန်းမာရေးအတွက် သူတတ်နိုင်တာ (ရောဂါကြီးပြီး ဆင်းရဲတဲ့ လူနာတွေကို သာရဝေါ – ရန်ကုန်ရထားကြီးနဲ့ စိတ်ရှည်လက်ရှည် ဆေးရုံလိုက်ပို့တဲ့အလုပ်) ကူညီရင်းနဲ့ပဲ အဲဒီရွာလေးပြင်ဘက်က လယ်ကွင်းတွေကြားက တဲကလေးမှာ သူကွယ်လွန်ခဲ့တာပါ ...။

... ... ... ... ... ... ... ... ... ... ... ... ... ... ...

'...ကျွန်တော်က ကွန်မြူနစ်များကို လူတော်များဟု သတ်မှတ်သည်။ အဘယ်ကြောင့်ဆိုသော် ကွန်မြူနစ်များမှာ ရိုးသားကြသည်။ စာဖတ်နာကြသူများ၊ လေ့လာသူများ ဖြစ်သည်။ အနစ်နာခံ၊ စွန့်လွှတ်သူများ ဖြစ်သည်ဟု ယူဆသည် ...။' ...တဲ့။

'ပိုလ်မှူးချစ်ကောင်း' ရဲ့ 'အနှစ်အနှစ်ဆယ်' စာအုပ်လေးရဲ့ တတိယအကြိမ် 'ဆရာဒဂုန်တာရာ' ရဲ့အမှာစာထဲက စာပိုဒ်လေးပါ...။

ကွန်မြူနစ်မိတ်ဆွေတွေအပေါ် ထားတဲ့ ဆရာ့လိုလူမျိုးရဲ့ သဘောထားနဲ့ သဘောချင်းညီနေမိတဲ့အတွက် ကျွန်မ ကျေနပ်လှပါတယ်...။

ကျွန်မတို့ လေးစားချစ်ခင်ရတဲ့ အစ်ကိုကြီး ရဲဘော်ဖိုးသံချောင်းက သူ့ရဲ့ 'ကျောင်းသား၊ ထောင်၊ တော်လှန်ရေးသမား' စာအုပ်လေးရဲ့ နောက်ဆုံးပိုင်းလေးမှာ ပြောဖူးတယ်လေ...။

'တကယ်က ကျွန်တော်ထောင်ထဲကို ရောက်သွားတုန်းက ကျောင်းသားအသိ၊ ကျောင်းသားအသွင်နဲ့ ဝင်သွားတဲ့ ကျောင်းသားတယောက်ပဲ။ ဒါပေမဲ့ ထောင်က ထွက်လာတဲ့အခါကျတော့ ကိုယ့်ကိုယ်ကိုယ် ကွန်မြူနစ်တယောက်၊ တော်လှန်ရေးသမား တယောက်လို့ သတ်မှတ်ထားလိုက်ပြီ...' တဲ့...။

တိုင်းပြည်အတွက် ခုချိန်ထိ ကိုယ်ကျိုးစွန့်၊ အနစ်နာခံ တိုက်ပွဲဝင်နေကြဆဲဖြစ်တဲ့...၊ သူတို့ပခုံးတွေပေါ်က သမိုင်းပေးတာဝန်တွေကို ကျေပြွန်အောင် ထမ်းဆောင်နေကြဆဲဖြစ်တဲ့ ခေတ်အဆက်ဆက်က ကျောင်းသားဟောင်းကြီးများရဲ့ သတ္တိနဲ့စိတ်ဓာတ်ကို ကျွန်မလေးစားလှစွာ ဦးညွှတ်ပါတယ်။

အများအတွက် စွန့်လွှတ်အနစ်နာခံခြင်းနဲ့ တဦးနဲ့တဦး အသက်ပေး သစ္စာရှိတဲ့ 'ရဲဘော်ရဲဘက်' စိတ်ဆိုတာကိုလည်း ကျွန်မကို နားလည်အောင် သင်ကြားပေးခဲ့တဲ့အတွက်လည်း ကွန်မြူနစ်မိတ်ဆွေများကို ကျေးဇူးတင်လှပါတယ်...။

(၇၅) နှစ် ဆိုတဲ့ သက်တမ်းကို များစွာ၊ များစွာသော အခက်အခဲတွေကြားမှာ မယိမ်းမယိုင် ခိုင်ခိုင်မာမာ ရပ်တည်ကျော်ဖြတ်နိုင်ခဲ့ခြင်းဟာ အင်မတန်မှ ဂုဏ်ယူစရာပါ...။

ဂုဏ်ယူစရာနှစ်များစွာကိုလည်း ဆက်လက် ဖြတ်သန်းနိုင်လိမ့်မယ်လို့လည်း ကျွန်မတော့ ယုံကြည်မိပါတယ်။

အနှင်း

၇ – ၅ – ၂၀၁၄

# ကွန်မြူနစ်ကောင်းဖြစ်မြောက်ရေး



ရဲဘော်စိုးသိမ်း

ကွန်မြူနစ်ကောင်းဖြစ်ရေးကို ပါတီဝင်တိုင်း အဆက်မပြတ်ရာသက်ပန် ကြိုးစားတည်ဆောက်ကြရမှာပါ။ ပါတီဝင်အများစုကြီးဟာ ဗီဇအရ ဓနရှင်ပေါက်စ လူ့အလွှာအသီးသီးမှ လာကြတာပါ။ ဒါကြောင့် ဓနရှင်ပေါက်စ စရိုက်နဲ့အတွေးအခေါ်တချို့ လူတိုင်းမှာ တမျိုးမဟုတ် တမျိုးစွဲကပ်လေ့ရှိပါတယ်။ ဓနရှင်ပေါက်စ အတွေးအခေါ်နဲ့စရိုက်ဆိုတာဟာ အရင်းစစ်ရင် အရင်းရှင်လူတန်းစား အတွေးအခေါ်ပါပဲ။ အရင်းရှင်များနဲ့ မတူတာကတော့ ပြည်သူ့အကျိုးလုပ်ရင်း ကိုယ်ကျိုးကြည့်တတ်တာဖြစ်ပါတယ်။

ကွန်မြူနစ်ကောင်းဖြစ်အောင် ဘယ်လိုလုပ်ခဲ့ကြပါသလဲ။ ပါတီသမိုင်းအတွေ့အကြုံနဲ့ ကျွန်တော်တို့ပါတီဝင်များရဲ့ ဘဝဖြတ်သန်းမှုအရ ပြောရင် လက်တွေ့တော်လှန်ရေးလုပ်ငန်းများ လုပ်လိုက် မာ့က်စ်ဝါဒ သဘောတရားရေချိန် မြှင့်တင်လိုက် လုပ်ခဲ့ကြရတာပါပဲ။ တနည်းပြောရရင် ပါတီအဖွဲ့အစည်းက ပေးအပ်တဲ့ တာဝန်များကို တက်တက်ကြွကြွ ဆောင်ရွက်ရင်း တဖက်မှာလည်း မိမိရဲ့ အလုပ်သမားလူတန်းစား ရပ်တည်မှု၊ သမိုင်းရုပ်ဝါဒအမြင်၊ အနုပဋိလောမ နည်းနာ တရားများအပေါ် နားလည်မှုကို မြှင့်တင်တာပါပဲ။ အလုပ်သမားလူတန်းစား အတွေးအခေါ် တည်ဆောက်ရေးရဲ့ အချက်အချာဟာ တဖက်မှာ သွေးစုပ်လူတန်းစားများရဲ့ အတွေးအခေါ်များကို ဆန့်ကျင်ပြီး တဖက်မှာလည်း ပြည်သူ့အကျိုးကို စိတ်ရောကိုယ်ပါ လုပ်ရေးပါပဲ။ အဓိကအားဖြင့် ဓနရှင် လူတန်းစားရဲ့ တဦးချင်းဝါဒများကို ဆန့်ကျင်တာနဲ့ အလုပ်သမားလူတန်းစားတပ်ဦးအဖွဲ့ဝင်များရဲ့ ကိုယ်ကျိုးစွန့်ပြီး အများအကျိုး ဆောင်ရွက်တာ သိပ္ပံနည်းကျ အမြင်နည်းနာ တရားများကို မိမိကိုယ်ကိုယ် တပ်ဆင်တာပါပဲ။

လက်တွေ့ဖြစ်စဉ်အရ ပြောရင် အဟောင်းကိုတိုက်ဖျက် အသစ်ကို တည်ဆောက်တဲ့ လမ်းညွှန်ကို စွဲကိုင်ရပါ့မယ်။ ဒါကြောင့် တဖက်မှာ အရင်းရှင်လူတန်းစားရဲ့ ရမ္မက်ကြီး ၃ မျိုးကို ဆန့်ကျင်တာ ကျော်နင်းတာ လုပ်ရပါ့မယ်။ လူသားသမိုင်းမှာ သွေးစုပ်သူ လူတန်းစားတိုင်း (အထူးသဖြင့် အရင်းရှင်လူတန်းစား)ဟာ ကြေးငွေဥစ္စာဓန မက်မောတာ၊ ရာထူးအဆင့်နေရာနဲ့ ကျော်ကြားမှုကို မက်မောတာ၊ အလွန်အကျူးပျော်ပါးဇိမ်ခံမှုကို မက်မောတာဆိုတဲ့ ရမ္မက်ကြီး ၃ မျိုးနဲ့ ဖော်ပြလေ့ရှိကြတယ်။ ဒီရမ္မက်ကြီး ၃ မျိုးကို လိုက်စားရာမှာလည်း အရင်းရှင်များဟာ ဘယ်သူသေသေ ငတေမာ ပြီးရော ဆိုတဲ့ ဇောစိတ်နဲ့ လူသားတွေကို ကပ်ကြီး ၃ ပါး အန္တရာယ်ထဲပို့ပြီး ကိုယ်ကျိုးရှာကြတာ ဖြစ်တယ်။ မျက်မှောက်ခေတ်မှာ အရင်းရှင်ဘဏ္ဍာဘုရင်ကြီးတွေ(မီလျံနာကြီးတွေ)ဟာ ချမ်းသာ ကြွယ်ဝလေလေ လောဘ၊ ဒေါသ၊ မောဟကြီးလေလေဖြစ်လာပြီး ဒေသစစ်များ ကမ္ဘာစစ်များအထိ ဖန်တီးခဲ့ကြတယ်။ သူတို့ရဲ့ အတောမသတ်နိုင်တဲ့ ရမ္မက်ကြီး ၃ မျိုး ဖြည့်ဆည်းရေးအတွက် လုပ်ဆောင်ခဲ့ကြတယ်။ ဓနရှင်လောက တခုလုံးကို သေသေချာချာ သုတေသန ပြုကြည့်လိုက်စမ်းပါ။ လူ့လောကရဲ့ အနိဋ္ဌာရုံမျိုးစုံ ပြည့်နှက်နေတာ တွေ့ရပါလိမ့်မယ်။ စက်ဆုပ်ဖွယ်ရာ အဖြစ်အပျက်တွေကို နေ့စဉ်ကြားရမြင်ရပါလိမ့်မယ်။ အရင်းရှင်စနစ် ထွန်းကားလေလေ သွေးစုပ်ဖိနှိပ်တဲ့နယ်ပယ် နက်ရှိုင်းကျယ်ပြန့် လေလေဖြစ်ခဲ့တာ၊ အရင်းရှင်စနစ် ထွန်းကားလေလေ လူ့အဖွဲ့အစည်းအတွင်း ဆင်းရဲချမ်းသာကွာဟမှု ကြီးလေလေဖြစ်လာတာ၊ အရင်းရှင်စနစ် ထွန်းကားလေလေ အုပ်စိုးရေးယန္တရားတွေလည်း ကြီးမားပြည့်စုံလာလေလေဖြစ်လာပြီး ပြည်သူများအပေါ် ဖိနှိပ် ချုပ်ချယ်မှုတွေလည်း နည်းမျိုးစုံလေလေဖြစ်လာတာ၊ ပုပ်သိုးတဲ့ယဉ်ကျေးမှုနဲ့ လှည့်ဖျားသွေးဆောင်မှုတွေ များလေလေဖြစ်လာတာ၊ အရင်းရှင်စနစ် ထွန်းကားလေလေ ပြဟ္မစိုရ်တရား ကင်းမဲ့လေလေနဲ့ စာရိတ္တပျက်ပြားမှုတွေ များလာတာ၊ အရင်းရှင်စနစ် ထွန်း ကားလေလေ လွန်ကဲတဲ့ ပျော်ရွှင်မှုနဲ့ ပုပ်သိုးတဲ့ ဇိမ်ခံလိုက်စားမှုတွေ ကျယ်ပြန့်နက်ရှိုင်းလေလေဖြစ်လာတာ၊ အရင်းရှင်စနစ် ထွန်းကားလေလေ လူ့အဖွဲ့အစည်းအတွင်း ရာဇဝတ်မှုတွေ အမှုအခင်းတွေ များပြားလေလေဖြစ်ပြီး အကျင့်ပျက်အရာရှိတွေ များ လေလေနဲ့ လူဆိုးလူမိုက်တွေ များလေလေဖြစ်လာတာ၊ အရင်းရှင်စနစ် ထွန်းကားလေလေ လူ့အဖွဲ့အစည်းအတွင်း ရောဂါဆိုးများ ပေါများလေလေဖြစ်လာတာ၊ အရင်းရှင်စနစ် ထွန်းကားလေလေ ကမ္ဘာ့သယံဇာတသုံးစွဲမှု များလေလေဖြစ်ပြီး ရာသီဥတု ဖောက်ပြန်မှုတွေ ဖြစ်လာတာ၊ အရင်းရှင်စနစ် ထွန်းကားလေလေ ကမ္ဘာမှာ လူသတ်လက်နက် ပြိုင်ဆိုင်မှုတွေများလေလေနဲ့ ကမ္ဘာဖျက် လက်နက်ကြီးတွေ

များလေလေဖြစ်လာတာ။ ခြုံပြောရရင် အရင်း ရှင်စနစ် ထွန်းကားလေလေ လုပ်သားတွေကို အန္တရာယ်ပေးတဲ့ အနိဋ္ဌာရုံတွေ များပြားနက်ရှိုင်းလာတာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန် တော်တို့ဟာ လုပ်သားတွေရဲ့ တိုးတက်ထွန်းကားမှု လမ်းကြောင်း တခုလုံး လမ်းမှန်ရောက်ဖို့ အရင်းရှင်စနစ်ကို အဆင့်ရှိရှိ ခြေလှမ်းရှိရှိ တိုက်ဖျက်ပြီး သိပ္ပံနည်းကျ ဆိုရှယ်လစ်လမ်းကြောင်းကို အရချိတ်ဖို့ပါပဲ။

သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ လမ်းကြောင်းအတိုင်း ချီတက်မှသာ လုပ်သားတွေတောင့်တကြတဲ့ လောကနိဗ္ဗာန် တည်ဆောက်ရေးကို ရေးရှုနိုင်မှာပါ။ ကျွန်တော်တို့ ပြောနေတဲ့ လောကနိဗ္ဗာန်ဆိုတာဟာ လူလူချင်း သွေးစုပ်ဖိနှိပ်မှုကင်းတဲ့၊ လူလူချင်း ဖြဟ္မစိုရ်တရား ၄ ပါးကို ရှေ့ထားတဲ့၊ သိပ္ပံပညာအလွန်ထွန်းကားပြီး ရပ်ဝတ္ထုပေါကြွယ်တဲ့ အေးချမ်းသာယာတဲ့ လူ့လောကသစ်တည် ဆောက်ရေးပါ။ ကျွန်တော်တို့ မျှော်မှန်းတဲ့ အရေးတော်ပုံဟာ တကယ်မွန်မြတ်လှပါတယ်။ ဓမ္မတာပါပဲ။ တော်လှန်ရေးမျိုးဆက် ဆယ်အချို့ တဆက်ပြီးတဆက် ဖွဲ့သတ္တိနဲ့ လုံးပန်းကြရမှာပါ။ ဒါကြောင့် ကျွန်တော်တို့ကိုယ်တိုင်ကလည်း အရင်းရှင် လူတန်းစားရဲ့ ဒေါသ မောဟမျိုးတွေ သန့်စင်အောင် တိုက်ချွတ်ကျော်နင်းကြရမှာပါ။ တော်လှန်ရေးတပ်ဖွဲ့အတွင်းမှာ ဖော်ပြတဲ့ မှားယွင်းတဲ့အတွေးအခေါ် ဖော်ပြပုံဟာ အရင်းရှင်လူတန်းစားတွေနဲ့ မတူပါ။ ဓနရှင်ပေါက်စ ဆန်တာတွေကို ကျော်နင်းရမှာပါ။ ဓနရှင်ပေါက်စအတွေးအခေါ်နဲ့ စရိုက်တွေရဲ့ ဖော်ပြပုံတွေကို ပြောရင် တဖက်မှာ တော်လှန်ရေးလုပ်ရင်း ကိုယ်ကျိုးလိုက်စားလေ့ရှိတာမျိုး၊ တဖက်မှာ ပင်ပင်ပန်းပန်း ကြိုးစားလုပ်ဆောင်ရင်း အဆင့်နေရာနဲ့ နာမည်ကျော်ကြားလိုတာမျိုး၊ တဖက်မှာ ပါတီပေးတာဝန်များ လုပ်ရင်း ဇိမ်ခံစရာ အကွက်ရှာ လိုက် စားတာမျိုးစတဲ့ အတွေး အခေါ် အရ ဓနရှင်ပေါက်စဆန်တာတွေကို တိုက်ချွတ်ကျော်နင်းကြရမှာပါ။ လုပ်နည်းကလည်း ပညာပေး ပြုပြင်ရေး ဝေဖန်ရေးစတဲ့ အပြုသဘောဆောင်ရမှာပါ။

ကျွန်တော်တို့ပါတီဟာ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကို ဆင်နွှဲပြီး တဖက်မှာ ဥပဒေတွင်း ဥပဒေပ တိုက်ပွဲ အလီလီ ကို ဆင်နွှဲရင်း မိမိရဲ့ပါတီဝင်များအား ကွန်မြူနစ်ကောင်းဖြစ်ရေးအတွက် အတွေးအခေါ်တည်ဆောက်ရေးအမျိုးမျိုးလုပ်ခဲ့ပါတယ်။ ချုပ်ပြောရင် ဘက် ၃ ဘက်လောက် ရှိပါတယ်။ (၁) ပါတီလုပ်ငန်းအမျိုးမျိုးအတွင်း လမ်းစဉ်ပေါ်လစီများ ပညာပေး အပ်နှင်း တဲ့နည်း ကျင့်သုံးတာ (၂) မာ့က်စ်ဝါဒ သဘောတရား ရေချိန်မြှင့်ရေး၊ လေ့လာရေးများကို စီစဉ်ပြီး ရပ်တည်မှု၊ အမြင်၊ နည်းနာ တစုံလုံးမှန်ကန်လာအောင် ပညာပေးတာ (၃) ပါတီအဖွဲ့အစည်းများရဲ့ စည်းရုံးရေးဘဝအတွင်း ဝေဖန်ရေးနဲ့ မိမိကိုယ် ကိုယ်ဝေဖန်ရေးကို အလေ့အထဖြစ်အောင် လုပ်ပေးတာစတဲ့ အတွေးအခေါ် ပြောင်းလဲရေးများ လုပ်ဆောင်ပေးခဲ့တာပါ။ ဒါကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီဟာ မျိုးချစ်ပြည်ချစ်တွေကို အစုစည်းနိုင်ဆုံးပါတီဖြစ်ခဲ့တာ၊ ပါတီသက်လည်း အရှည်ဆုံး၊ အတွေ့အကြုံသင်ခန်းစာ အကြွယ်ဝဆုံးပါတီဖြစ်လာတာ၊ စနစ်ဆိုး စနစ်ဟောင်းတွေကို အကြံ့ခိုင်ဆုံးတိုက်ပွဲဝင်တဲ့ တပ်ဦး ပါတီဖြစ်လာတာ၊ လုပ်သားလွတ်မြောက်ရေးအတွက်လည်း အကျိုးအပြုနိုင်ဆုံး ပါတီဖြစ်ခဲ့တာ၊ တော်လှန်ရေးရဲ့ မုန်တိုင်း အမျိုးမျိုးကိုလည်း ကြံ့ခိုင်ကျော်ဖြတ်နိုင်ပြီး ပြည်သူတရပ်လုံးကို ရှေ့ဆောင်မှုပေးနိုင်တဲ့ ပါတီဖြစ်လာတာပါပဲ။

ကွန်မြူနစ်ကောင်းဖြစ်မြောက်ရေးအတွက် အတွေးအခေါ်တည်ဆောက်ပြီး ပြည်သူ့အကျိုးစိတ်ရောကိုယ်ပါ အလုပ်အကျွေးပြုကြပါစို့။

ဆော်ဩသူ–ရဲဘော်စိုးသိမ်း

၁၉ ရက် အောက်တိုဘာ ၂၀၀၇။



# လူထုကြီး ချီတက်လို့လာပါပြီ



ရဲဘော်ငွေ

(၁)

ဘာဏုရာဇာ ရှင်နေမင်းက ဂေါယာကျွန်းမှာ နားခိုဖို့ ပြင်ဆင်လို့နေပါပြီ။ ဒါပေမဲ့ အပူရှိန်ကတော့ တငွေ့ငွေ့နဲ့ အတောမသတ်နိုင် သေးပါ။ ဒီလို အပူရှိန်ကို ဘာမထီ စိတ်ဓာတ်နဲ့ ရင်ဆိုင်ပြီး နေဆယ်စင်းမက ပူပြင်းလှတဲ့ အပူမီးကို ရင်ဝယ်ပိုက်ပြီး ချီတက်လာနေ တဲ့ လယ်သမားတပ်ကြီးဟာ ရင်သပ်ရှုမော အံ့သြဖွယ်ရာ ရှုမျှော်မဆုံးနိုင်၊ မကုန်နိုင်အောင် များပြားလှပါတယ်။

ဩော် ... ခရီးဝေးက ချီတက်လာတဲ့ လယ်သမားတပ်ဖွဲ့ကြီးဟာ ရင်ထဲက မိမိတို့ရဲ့ ဆန္ဒကို ဖော်ထုတ်ရင်း ကြွေးကြော်သံတွေကို တိုင်ကာ လက်သီးလက်မောင်းတန်းလို့ ချီတက်လာနေပါတယ်။ လယ်သမားကြီးတွေက ပုဆိုးတိုတိုဝတ်လို့ ဖိနပ်ကို ခါးကြား မှာ ထိုးလို့ တဘက်ကို ခေါင်းပေါင်း၊ အပေါ်က ခမောက်ဆောင်းထားပြီး၊ လယ်သူမကြီးတွေက ထဘီတိုတိုဝတ်၊ ဖိနပ်ကို နွယ်ကြိုးရှည်နဲ့ ချည်ကာ ခါးမှာ ခပ်တင်းတင်း ချည်နှောင်ထားပြီး တဘက်ခေါင်းပေါင်းနဲ့ ခမောက်ဆောင်းထားကြပါတယ်။ ချီတက် လာတဲ့ လယ်သမားထုကြီးဟာ လက်သီးလက်မောင်းတန်းရင်း ကြွေးကြော်သံကို သံကုန်ဟစ်ရင်း မိမိတို့ရဲ့ဆန္ဒကို ထင်ဟပ် တောင်းဆိုနေပါတယ်။

မတရားယူထားတဲ့ တို့လယ်ယာမြေတွေ ... ... ... (တို့ကိုပြန်ပေး) ၂
လျော်ကြေးငွေတွေ ... ... ... (မပေးနဲ့) ၂
မြေရှင်စနစ် ... ... ... ရိုက်ချိုးပစ်၊ တိုက်ဖျက်ပစ်
နယ်ချဲ့စနစ် ... ... ... (တိုက်ဖျက်ပစ်) ၂
အလုပ်သမား လယ်သမား ... ... ... (သွေးစည်းညီညွတ်ကြ) ၂
အရေးတော်ပုံ ... ... ... (အောင်ရမယ်) ၂

ကတ္တရာခင်းထားတဲ့ ကားလမ်းမကြီးအတိုင်း နေပူရှိန်ကို မမှုဘဲ ချီတက်လာနေတဲ့ လယ်သမားတပ်ဖွဲ့ကြီးကို ကားလမ်းဝဲယာမှ မြို့နေလူထု၊ ကျေးလက်လူထုစတဲ့ ပြည်သူတရပ်လုံးက စိတ်ဝင်တစား အားပေးကြည့်ရှုနေရုံမက ထောက်ခံစာနာမှု အပြည့်အဝနဲ့ ထမင်းထုပ်များ၊ သောက်ရေအေးများ၊ မုန့်ပဲသရေစာများနဲ့တကွ ကွမ်း၊ ဆေးလိပ်၊ မီးခြစ်စတာတွေ မကျန်၊ ဆီးကြို ပေးလှူနေကြတယ်။ လက်ခုပ်လက်ဝါးတီးပြီး ထောက်ခံကြသလို လူတချို့က လယ်သမားတပ်ဖွဲ့ကြီးနဲ့အတူ ပူးပေါင်းလိုက်ပါသွားကာ ကြွေးကြော်သံများတိုင်ပြီး လိုက်ပါပို့ဆောင်ကြပါတယ်။

သူရိန်မင်းကတော့ အနောက်တောတန်းလေးပေါ် မေးတင်ပြီး လယ်သမားညီလာခံ ကျင်းပမယ့် မဏ္ဍပ်ကြီးရဲ့ ပုံရိပ်လွှာ မှုန်ပျ ပျ ပန်းချီကားကို ခံစားရင်း အဝေးကနေ အားပေးနေပါတယ်။

အချိန်ကတော့ ၁၉၄၈ ခုနှစ် မတ်လ၊ နွေဦးကာလ ပျဉ်းမနားအနောက်ဘက် လယ်ဝေးမြို့အနီး ဂျင်လိုကုန်း(အလျင်လိုကုန်း) မှာ ကျင်းပတဲ့ လယ်သမားညီလာခံဟာ ဒုတိယညီလာခံဖြစ်ပါတယ်။ ၁၉၄၅ ခုနှစ် မတ်လမှာ ကျင်းပတဲ့ တောင်သူလယ်သမား ညီလာခံ (ဖြူးညီလာခံ) ဟာ ပထမအကြိမ် ညီလာခံလို့ အများက ခေါ်ကြပါတယ်။ အခုကျင်းပမယ့် ညီလာခံကိုတော့ “ပျဉ်းမနား တောင်သူ လယ်သမား ညီလာခံ” လို့ လူသိများပါတယ်။

နယ်ချဲ့ရဲ့ နောက်လိုက် မြေရှင်ဆိုးတွေ ဒီစနစ်ဆိုးရဲ့ ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကြောင့် ဝမ်းမဝ ခါးမလှနဲ့ ကြွေးတင်ကျွန်ဖြစ်ဆိုတဲ့ ဘဝမှာ နေကြရတဲ့ လယ်သမားထုတရပ်လုံးကို စည်းရုံးပြီး အသိပညာမြင့်မားလာအောင် ပညာပေးကာ ဗမာပြည်ကွန်မြူနစ်ပါတီက စည်းရုံးဖွဲ့စည်းထားတဲ့ “တောင်သူ လယ်သမားသမဂ္ဂ”ဆိုတဲ့ ထည်ဝါ ခံ့ညားခိုင်မာလှတဲ့ အဖွဲ့အစည်းကြီးဟာ မားမားမတ် မတ်ရပ်တည်နေပြီး လယ်သမား ထုကြီးရဲ့ စည်းလုံးညီညွတ်မှုအားကိုပြတဲ့ တောင်သူလယ်သမား ညီလာခံကြီးကို ပထမဆုံး အကြိမ်“ဖြူးကွန်ဂရက်”ဆိုတဲ့ အမည်နဲ့ ထုတ်ဖော်ကျင်းပ ပြသခဲ့ပြီး အခုလည်း ဒုတိယအကြိမ်မြောက် “ပျဉ်းမနား ကွန်ဂရက်”ကို ကျင်းပပြုလုပ်လို့ နေပါပြီ။ နယ်ချဲ့စနစ်၊ မြေရှင်စနစ်ဆိုးတွေကို တိုက်ဖျက်ပစ်ပြီး “လယ်သမား ဘဝသစ်”ကို တည်ဆောက်ဖို့ လုပ် ဆောင်လို့ နေပါပြီ။

ဟိုး ... အဝေးဆီက လှမ်းမျှော်ကြည့်ရင် ရိုးပြတ်လယ်တောထဲက ထက်ကောင်းကင်သို့ ထိုးထွက်နေတဲ့ ကွန်ဂရက်စခန်းရဲ့ ပုံရိပ်လွှာကို

မှိုင်းပျပျလေး မြင်ရမှာ ဖြစ်ပြီး အနီးကပ် ကွန်ဂရက် မုခ်ဦးနားကို ရောက်ရင်တော့ ထိန်လင်းနေတဲ့ မီးရောင်တွေ အောက်မှာ ဥဒဟို သွားလာလှုပ်ရှားနေတဲ့ လူတွေ၊ အစီအရီ လှလှပပ တည်ခင်းရောင်းချနေတဲ့ အလှကုန်ဆိုင်တန်းတွေ၊ အဆင် အသွေးစုံစွာ တည်ခင်းထားတဲ့ အထည်တန်းတွေ၊ လယ်ယာသုံး ပစ္စည်းဆိုင်တန်းတွေနဲ့ အမြန်ရ ဓာတ်ပုံဆိုင်တွေကို ခမ်းနားလှပစွာ မြင်တွေ့ရပါတယ်။

မဝေးတော့တဲ့ကာလမှာ ထင်ရှားလာတော့မယ့် တောင်ညို ရွှေမြို့တော်သူလေးတွေကလည်း ဖြူဝင်းလှပ ယဉ်ကျေးသိမ်မွေ့စွာနဲ့ ဆေးအိတ်လေး တွေလွယ်ပြီး မိဘပြည်သူတွေကြားမှာ လိုလေသေးမရှိအောင် မိဘပြည်သူများရဲ့ ကျန်းမာရေးအတွက် စေတနာ အပြည့်အဝနဲ့ ပြုစုစောင့်ရှောက်ကုသပေးနေပါတယ်။ ဖြူစင်လှတဲ့ အင်္ကျီအဖြူ လက်တိုလေးနဲ့ ထဘီနီနီလေးကို ဝတ်ဆင်ထားတဲ့ သူနာပြုဆရာမလေးတွေက ကွန်ဂရက် မတိုင်ခင်ကတည်းက ကြိုတင်ပြီး ရက်တိုသင်တန်းတက် လေ့လာထားတာမို့ မိဘပြည်သူများရဲ့ ကျန်းမာရေးကို ကျွမ်းကျင်လျင်မြန်စွာ ကုသပေးနိုင်တာကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရပါတယ်။

ညဘက်မှာတော့ ဒီနေရာမှာ စုဝေးရောက်ရှိနေတဲ့ မိဘပြည်သူများ အမောပြေအပန်းဖြေစေရန် ညဦးယံမှာ ပဒေသာကပွဲ၊ ရယ်ရွှင်ဖွယ် ဟာသစသည်များနဲ့ပါ အားပါးတရ ညှော်ခံပြီး၊ နောက်ပိုင်းမှာတော့ “လယ်သမားဘဝသစ် တိုက်ကာစိုက်ထူမယ်” ဆိုတဲ့ ဘဝသရုပ်ဖော်ပြဇာတ်ကို ကပြပါတယ်။ ပြဇာတ်စလျှင် စခြင်းမှာ တီးဝိုင်းက အောင်မြင်ခံ့ညားတဲ့ သီချင်းသံဟာ အသံချဲ့ စက်မှတဆင့် မဏ္ဍပ်တခုလုံး ဟိန်းညံပြီး မိုးယံထိ တက်လို့သွားပါတော့တယ်။

(မသေရုံလေး စားကြရတယ် … မအားအောင်တကယ် … စုတ်ပြဲဗလချာ … ခါးမှာ မြင်မကောင်းတယ်) ၂ နုံချာပေတယ် – တို့လယ်သမားရယ် – ကြုံရတယ် – ဩော် … နွားနဲ့အတူတူ … မိုးနေမရှောင်ဘဲ … တနေ့လုံး ကုန်းကာ ရုန်းရပြန်တယ် – သို့ ပေမဲ့ကွယ် – ကြွေးတွေဝိုင်းတယ် … အရင်းစစ်ပြန်တော့ … မြေရှင်စနစ်ဆိုး – ကြောင့် – ကွယ်။

(တိုက်မယ်ကွဲ့ – ညီညာစွာရယ် – တကယ်တမ်း … ကွယ် – မြေရှင်စနစ် – နာလန်မထူနိုင်အောင် – အနိုင်တိုက်မယ်)၂

(စိန်လိုက်ကွယ် – ညီစို့ကွယ် – ညီစေ့မယ် – အလျော်ငွေ မပေးနိုင်ပေါင်တကယ် – မတရားယူထားတဲ့ တို့မြေကြီး ကို ပြန်ကာ ပိုင်မယ် – လယ်သမားဘဝသစ် – တိုက်ကာ စိုက်ထူမယ်)၂

အချိန်က ဗမာပြည်က လူဦးရေ အများဆုံးဖြစ်တဲ့ ၈၀ ရာခိုင်နှုန်းကျော်ရှိတဲ့ လယ်သမားထုကြီးဟာ “ဖောင်စီးရင်း ရေငတ်” ဆိုသလို လယ်လုပ်ရင်း စပါးပုံဘေးမှာ ထမင်းငတ်နေကြတယ်။ နယ်ချဲ့သမားက ခေါ်သွင်းလာတဲ့ ချစ်တီးကုလားများက အတိုးကြီး အမြတ်ကြီးစား စနစ်နဲ့ ငွေချေးပေးကာ လယ်ယာမြေဆက်လုပ်စေတယ်။ သဘာဝကပ်ဘေး၊ ကျန်းမာရေးအခြေအနေစတဲ့ အကြောင်းအမျိုးမျိုးတွေကြောင့် လယ်ယာမြေတွေဟာ သီးထွက်မကောင်းလှပါ။ ဒီလိုအခြေအနေတွေမှာ တနှစ်ပြီးတနှစ် အတိုးတွေ များလာ အရင်းနဲ့ အတိုးပေါင်းပြီး အညွန့်ပါတက်လာကာ နောက်ဆုံးမှာ ဘယ်နည်းနဲ့မှ အကြွေးမဆပ်နိုင်တဲ့ဘဝကို ရောက်လာပြီး ကြွေးရှင်ချစ်တီးများက သူတို့ရဲ့လက်ရုံးများ လူမိုက်များကို ခေါ်လာပြီး လယ်သမားများထံမှ ကြွေးသိမ်းရာတွင် ရှိရှိသမျှ လယ်ယာ သုံးကျွဲနွားစသည်များ၊ အိမ်မွေးတိရစ္ဆာန်(ကြက်၊ ဝက်၊ ဆိတ်) များ၊ လယ်လုပ်ကိရိယာများပါ(ကောက်ဆွနဲ့ ဆန်ကော) ပါမကျန် သိမ်းရုံမက အိမ်မှာရှိနေတဲ့ သမီးပျိုလေးများကိုပါ သိမ်းပိုက်တာ ခံကြရပါတယ်။

ဤကဲ့သို့ ရက်စက်ယုတ်မာစွာ ကြွေးသိမ်းတာတွေကြောင့် လယ်သမားထုကြီးဟာ မခံနိုင် မရပ်နိုင်ဖြစ်ကာ ပြန်လည်ခုခံတိုက်ခိုက်ကြတော့တယ်။ ထကြွလာတော့တယ်။ လယ်သမားထုကြီးက ညီညွတ်စွာ ရဲရင့်စွာ ထွန်တုံးတိုက်ပွဲ ဆင်နွှဲပြီး မိမိလယ်ယာ များကို ပြန်လည်သိမ်းယူကြပါတယ်။ ဒါဟာ ပါတီအနေနဲ့ ၃ နှစ်ခန့် (၁၉၄၅ ဩဂုတ်မှ ၁၉၄၈ မတ်လအထိ) သာ တရားဝင် လှုပ်ရှားခွင့်ရခိုက် လူထုကို ရဲဝံ့စွာ ရှေ့ဆောင်တိုက်ပွဲဝင်ခွင့် ရခဲ့တဲ့ကာလဖြစ်ပါတယ်။ ဖောက်ပြန်တဲ့ အုပ်စိုးသူလူတန်းစားကလည်း ပါတီကို ဒီအတိုင်းလွှတ်ထားတာ မဟုတ်ပါဘူး။ အမြဲစောင့်ကြည့်နေပြီး အားကြီးလာတာနဲ့ နှိပ်ကွပ်ပစ်တော့တာပါပဲ။ ဥပမာ– အင်းစိန်ခရိုင်၊ ထန်းတပင် လယ်သမားထု အင်အားပြပွဲကို ဗြိတိသျှနယ်ချဲ့သမားတို့ရဲ့ လက်ပါးစေ ရဲတို့က ဦးစံအေး အစရှိတဲ့ လယ်သမား သမဂ္ဂဝင်များကို သေနတ်နဲ့ ပစ်သတ်ဖိနှိပ်ခဲ့ခြင်း၊ ပဲခူးခရိုင်ရိက္ခာတိုက်ပွဲ၊ ထွန်တုံးတိုက်ပွဲတွေကိုလည်း ဒီအတိုင်းပဲ သေနတ်နဲ့ပတ်ခတ် ဖိနှိပ်ခဲ့လို့ မဆောင်းတင်နဲ့ ရဲဘော်အောင်သိန်းစတဲ့ လူငယ်များ ကျဆုံးခဲ့ရတယ်။ ဒီသတင်းဆိုးကြီးဟာ သတင်းစာများတွင် ပါခဲ့ပြီး ဗမာတပြည်လုံး တောမီးပမာ အလျှံညီးညီး တောက်လောင်ပျံ့နှံ့သွားခဲ့တယ်။ ယခု လယ် သမားညီလာခံကြီးမှာလည်း ‘လယ်သမားဘဝသစ် တိုက်ကာ စိုက်ထူမယ်’ ဆိုတဲ့ပြဇာတ်ဟာ ဒီရင်နင့်ဖွယ်ဖြစ်ရပ်မှန်ကို ပြန်လည် ဖော်ထုတ် ပြသနေခြင်း ဖြစ်ပါတယ်။ ပြကွက်မှာ အသက် ၁၄ နှစ်ရွယ် လယ်သူမလေး မဆောင်းတင်အဖြစ် သရုပ်ဆောင်သူကလေး က ဆံထောက်နောက်ကွေး၊ သနပ်ခါး ပါးကွက်ကြားလေးနဲ့ ချစ်စဖွယ် သနားစဖွယ်လေးပါ။ အိုးစည်ဗုံမောင်းများတီးပြီး ကြွေးကြော်သံများတိုင်ကာ အုတ်အုတ်ကျက်ကျက် ထွန်တုံးတိုက်ပွဲဆင်နေတဲ့ လယ်သမားထုရဲ့ တပ်ဦးမှာ ထဘီတိုတိုဝတ်ကာ မဆောင်းတင် ကလေးက အလံကိုင်ကာ ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်နေပါပြီ။ ဗြိတိသျှလက်ပါးစေ ပုလိပ်တပ်ဟာ ထွန်တုံးတိုက်ပွဲဝင်နေတဲ့ လယ်သမားထုကို လက်နက်နဲ့ ပစ်ခတ်နှိပ်ကွပ်ပါတော့တယ်။ ပုလိပ်တွေပစ်လိုက်တဲ့ သေနတ်သံနဲ့အတူ မဆောင်းတင်လေးဟာ မြေပေါ်ကို လဲကျသွား ပါတော့တယ်။ “အမယ်လေး … သမီးလေးရဲ့ … မဆောင်းတင်ရေ …”လို့ သံကုန်ဟစ်ပြီး ပြေးထွက်လာတဲ့ လယ်သူမကြီးတယောက်ဟာ သွေးပွက်အိုင်ထဲမှာ လူးလွန့်နေတဲ့ သမီးလေးကို ပွေ့ယူကာ ငိုကျွေးနေရှာပါတယ်။ ဒီအချိန်မှာ ပွဲခင်းတခုလုံး မဏ္ဍပ် တခုလုံး ဟာ အပ်ကျရင်တောင် ကြားရမတတ် ငြိမ်သက်နေပါတယ်။ လယ်သမားကြီးတွေဟာ တက်ခေါက်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး လယ်သူမကြီးတွေက တရှိုက်ရှိုက်ငိုနေကြတယ်။ အဲဒီအခိုက်မှာပဲ မဏ္ဍပ်ကြီးရဲ့ အလယ်ကနေ ကြွေး ကြော်သံတွေ ပေါ်လာပါတယ်။

အရေးတော်ပုံဂျာနယ်

မတရားယူထားတဲ့ တို့လယ်ယာတွေ ... ... ... ... ... (တို့ကိုပြန်ပေး) ၂

အလျော်ငွေတွေ ... ... ... ... ... (မပေးနဲ့) ၂

မြေရှင်စနစ်ဆိုးကို ... ... ... ... ... (ချေမှုန်းပစ် တိုက်ဖျက်ပစ်) ၂

နယ်ချဲ့စနစ် ... ... ... ... ... (တိုက်ဖျက်ပစ်) ၂

အရေးတော်ပုံ ... ... ... ... ... (အောင်ရမယ်) ၂

သမီးငယ်ရဲ့ ရဲရဲနီနေတဲ့ သွေးတွေနဲ့ မိခင်မြေကမ္ဘာကို ပက်ဖြန်းပေးလိုက်တော့ မိခင်မြေကမ္ဘာကလည်း ဘယ်တော့မှ ပျောက်ကွယ်လို့ မသွားနိုင်တဲ့ ဒီသွေးရုပ်ပုံလွှာကို ကောင်းမွန်စွာ ကမ္ပည်းတင်လိုက်ပါတယ်။

(၂)

မပြီးဆုံးသေးတဲ့ လယ်သမားတိုက်ပွဲကို အားဖြည့်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဆင်နွှဲနေတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ဟာ 'အမျိုးသမီးသမဂ္ဂ' ကို ၁၉၄၉ ခုနှစ် နှစ်ဦးမှာ ပါတီရဲ့ခေါင်းဆောင်မှုအောက်မှာ အောင်မြင်စွာ ဖွဲ့စည်းလိုက်ပါတယ်။

**ဗဟို အမျိုးသမီးသမဂ္ဂ**

၁။ ဥက္ကဋ္ဌ ...... ...... ...... ရဲဘော်ဒေါ်ခင်ကြီး (ခေါ်) ရဲဘော်ဒေါ်သန်းမြင့် (သခင်ဗဟိန်း ဇနီး)

၂။ အတွင်းရေးမှူး ...... ...... ...... ရဲဘော်ဒေါ်မြင့်မြင့် (ဗိုလ်အောင်မင်း ဇနီး)

၃။ ရုံးအုပ် ...... ...... ...... ရဲဘော်မလှိုင်လှိုင် (စစ်ကိုင်း) စသူတို့ဖြင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။

**အမျိုးသမီးသမဂ္ဂ ရည်ရွယ်ချက်**

၁။ ငြိမ်းချမ်းရေး

၂။ ဒီမိုကရေစီရေး

၃။ တန်းတူရေး ...... တို့ဖြစ်ပါတယ်။

အမျိုးသမီးသမဂ္ဂ ခေါင်းဆောင်များဟာ ကျေးလက်လူထုထဲဆင်းပြီး ခရိုင်အမျိုးသမီးသမဂ္ဂ၊ မြို့နယ်အမျိုးသမီးသမဂ္ဂများကို တော်တော်များများ အောင်မြင်စွာ စည်းရုံးတည်ဆောက်ခဲ့ပါတယ်။

ဗဟိုအမျိုးသမီး သမဂ္ဂကို စတင်ဖွဲ့စည်းသည်နှင့်တပြိုင်နက် ရဲဘော်သခင်သန်းမြိုင်(ဗဟိုကော်မတီ၊ နိုင်ငံရေးဦးဆောင်အဖွဲ့ ဝင်) က အမျိုးသမီးသမဂ္ဂ သီချင်းတပုဒ်ကို ရေးစပ်သီကုံးဖွဲ့ဆိုပြီး ဂုဏ်ပြုခဲ့ပါတယ်။

**အမျိုးသမီးသမဂ္ဂ ဂုဏ်ပြုတေး**

(ပြည်သူ့လွတ်မြောက်ရေးအတွက် ... အသက်နဲ့လဲလို့ ဆောင်ရွက်ကြရမည် ... တို့အမျိုးသမီးတွေ မှန်ပါသည် ... သွေးစည်း လို့အတည် ... အမျိုးသားများနဲ့ တန်းတူ ချီတက်မည်) ၂

(ခေတ်သစ်ပြောင်းလို့ ခေတ်ဟောင်းစနစ်ကို ပယ်ကာ အတည် ... ရေးတုန်းကရယ် ငွေဝယ်ကျွန်သဖွယ် လုပ်ခဲ့ကြတဲ့ မြေရှင်စနစ်ကို အမြစ်ပါတော်လှန် မည်) ၂

(ရာဇဝင် စာတင်ရေးမည်) ၂ ခေတ်မီစွာ အသိဉာဏ်တိုးလို့ တိုင်းပြည်အကျိုးကို သည်ပိုးရွက်ဆောင်မည်။

သံပြိုင် –(အမှောင်ထုကို ပယ်ခွင်းလို့ ကြယ်နီပေါ်လာပြီ၊ တို့တိုင်းပြည် နိုးကြားတဲ့ အမျိုးသမီးမှန်သည်) ၂ ရောင်နီကျင်းလို့ လင်းချိန်တန်ပါပြီ × ပစ္စည်းမဲ့အောင်လံအောက်ဆီ တပ်ပေါင်းစုကာ ရန်သူတွေကို × တို့ ချေမှုန်းမည် × ဒီမိုကရေစီ ပြည်သူ့အခွင့် အရေးအတွက် အသက်နဲ့လဲလို့ × တို့ ထူထောင်ရမည်× ×

လက်ရှိအသွင်ပြောင်း ဦးသိန်းစိန် စစ်အစိုးရလက်အောက်မှာ မိမိတို့ လယ်ယာများကို စစ်အစိုးရနဲ့ သူ့နောက်လိုက် ခရိုနီများထံမှ ပြန်လည်ရရှိရေးအတွက် ထွန်တုံးတိုက်ပွဲအပါအဝင် သဏ္ဍာန်မျိုးစုံနဲ့ တိုက်ပွဲဝင်နေတဲ့ တောင်သူလယ်သမားများနဲ့ လယ်သူမများရဲ့ တိုက်ပွဲ အောင်မြင်ပါစေကြောင်း ဤဆောင်းပါးဖြင့် ဂုဏ်ပြုလိုက်ပါတယ်။

**ရဲဘော်ငွေ**

**၂၄ မေလ ၂၀၁၃။**

# နေရောင်ခြည်ကိုမြင်ရမယ်



ဒို့အလံတော်ကို
ဘယ်သူဖြုတ်ချနိုင်ခဲ့လို့လဲ။

ဒို့အလံတိုင်ကို
ဘယ်သူရိုက်ချိုးနိုင်ခဲ့လို့လဲ။

အာဇာနည်အပေါင်းရဲ့
နီမောင်းတဲ့ သွေးအစက်စက်နဲ့
ဒို့အလံတော်အရောင်ဟာ
ရဲသထက်ရဲခဲ့။

အာဇာနည်အထောင်အသောင်း
ပေါင်းစည်းခိုင်မာ လက်တွဲမှုနဲ့
ဒို့တူတံစဉ်ဟာ
မြဲသထက်မြဲခဲ့။

အာဇာနည်များ ထာဝစဉ်
ဥဒါန်းတွင် ဝင်းလက်မှုနဲ့
ဒို့ကြယ်တံခွန်ဟာ
လင်းသထက်လင်းခဲ့။

ကျောက်ဂူတွင်းဝယ်
ပင့်ကူငယ်လေး
နွေးနွေးပြုတ်ကျလိုက်
ဖြည်းဖြည်း ပြန်တက်လိုက်...။ ။

**တိုက်အောင်မောင်း**

# တပ်ဦးကချီ



ညီသူ

၁။

ဒါ– ငါ့ရေ ငါ့မြေ
　ငါတို့ပိုင်တဲ့ တိုင်းပြေ
ဒါ– ငါတို့နိုင်ငံ
　ငါတို့ရဲ့ တိုက်တိုင်းအောင်အလံ။

၂။

ဘယ်သူတားမလဲ
အားကောင်းမောင်းသံ
လေဆန်မြေလှန်
သမိုင်းပကတိ အမှန်တရား
အားအပြည့်နဲ့
သံမဏိပွင့်သစ်များ
တပွင့်ကြွေရင်
တပွင့်ဖူးသစ်
တတောလုံး တတောင်လုံးကို ဝေမြဖြစ်တယ်။
ထောင်သောင်းမြောက်မြား
သွေးသစ်ပွားအံ့
ခြားနားပိတ်လှောင်
အမှောင်ထဲကရုန်းထ
ဆုံးရှုံးစရာ
နှောင်ကြိုးသာဖြစ်တယ်။

၃။

ဖိရင်ကြွ
ထိရင်ချ
“ဓားတဆဆ
အားပြပုန်ကန်
ဂဠုန်ဆရာစံ
လယ်သမားသူပုန်
နယ်ချဲ့သမားတွေ ကြောက်ဒူးတုန်
ရေနံမြေက အစပြု
အလုပ်သမားထု လယ်သမားထု

ပြည်သူ့အရေးတော်ပုံ
၁၃၀၀ပြည့်သွေးသမိုင်း မော်ကွန်းတင်
တူတံစဉ်အလံ တလူလူလွင့် စာမျက်နှာသစ်ဖွင့် ...
အရေးကြီးပြီ သွေးစည်းခဲ့
ဒေါင်းပျိုတို့ရဲ့ အားမာန်
အတွင်းဝန်ရုံး အုတ်နံရံကို
စုံကန်ဖြိုလှဲ
ဝံ့ရဲပြောင်မြောက်
အောင်ကျော်တို့ရဲ့ ခေတ်အရောက်
သွေးနဲ့တည်ဆောက်ကြပါအံ့။

ဖက်ဆစ်အလံရိုက်ချိုး
အမျိုးသားလွတ်မြောက်ရေးသမိုင်း
မရိုင်းခဲ့တဲ့ ငါတို့တိုင်းပြေ
ဖောက်ပြန်သူတွေ မှန်သမျှ
ပလ္လင်ပေါ်ကဆွဲချ
လူထုအောင်ပွဲခံကြအံ့ ...

၄။

ပြည်သူ့အပေါ်
စော်ကားလှတဲ့
ဗမော်အစိုးရ
ဖြုတ်ချ ...
ကလိန်ကကျစ်
လူထုရဲ့ လည်ပင်းညှစ်
တိုင်းပြည်ကို နှံ့ထဲနှစ်
နယ်ချဲ့လက်သစ်ရဲ့ လက်ဝေခံ
ဖောက်ပြန်တဲ့
ပါလီမန်အစိုးရ
ဖြုတ်ချ ...
၈၈ – မှာ
ကိုယ့်သေတွင်း ကိုယ်ရှာတူးတဲ့
နေဝင်း စစ်ဘီလူးအစိုးရ
ဖြုတ်ချ ...
ပြည်သူ့အာဏာ ထူထောင်ကြ
သမိုင်းလှပခဲ့ပြီ။
ရှမ်း၊ ချင်း၊ ကချင်
ကရင်၊ ကယား ...
တိုင်းရင်းသား လူမျိုးစု
တသားတည်း ထုဆစ်
ပြည်သူ့ ဒီမိုကရေစီသစ်
လူထုခေတ်ကို ရောက်အံ့။

၅။
အို ... ရောဝတီ
သံလွင် စစ်တောင်း
လက်ခမောင်းခတ်ပြီ
ချက်ကောင်းမှာ
တပ်ပေါင်းစု ... ချီ
ရှေ့ကိုချီ ...
လမ်းပြခဲ့ပြီ
ရိုးမနေဝန်းသစ်
ထွန်းပရောင်ခြည် ...
အာဇာနည် အထောင်အသောင်းရဲ့
တိုင်းပြည် ...
ထာဝစဉ် နှပျိုပါသည်
အစွန့်ရှည် အောင်ပွဲသို့ရည် ...
ပြည်သူ့ဘက်က ထာဝရရပ်တည် ...
တော်လှန်ရေးတပ်ဦး ...
ဗမာပြည်ကွန်မြူနစ်ပါတီ ... ။

**ညီသု**



# ဂုဏ်သရေရှိတဲ့အထီးကျန်မှု

ဝ

**ဝေစည်**

ဆင်းရဲတွင်းကို မှောက်လှန်ချလိုက်တော့
မီးပွားတစကျလာ
သိပ်ဆင်းရဲတဲ့နိုင်ငံမှာ သိပ်ချမ်းသာတာရာဇဝတ်မှု
တဒေါက်ဒေါက် ထပ်ခေါက်ချလိုက်ရင်
ပုန်စားပုန်ကန်တွေပါ ထွက်ကျလာလိမ့်မယ်။

သေခြင်းထက်
ကြောက်စရာကောင်းသောအရာများ
ပိုများလာတဲ့အတွက်
အထပ်မြင့်များ၊
ကြိုးများ၊
အဆိပ်များ၊
ရေပြင်များ၊
သင့်ရာတခုခုကို
သင့်သလိုရွေးချယ်သွားသူများ
၎င်းတို့အား
ရွေးစရာ အသစ်တခုခု ပေးရမယ်၊

အဖြူရောင်သိုင်းသမားရှိတယ်
အနက်ရောင်သိုင်းသမားရှိတယ်
ကြောင်ဖြူသာ ကြွက်ဖမ်းပြီး
ကြောင်မည်းဟာ ကြောင်စုန်းပဲ
အဖြူ အမည်း သဲကွဲရမယ်။

ပန်းပေါင်းတရာ မပွင့်သေးပါဘဲ
ပန်းကောင်းတွေ အညွန့်ချိုးခံရ
အထက်တန်းကျကျ
ပူးပေါင်းကြ
စည်းကမ်းတကျ
ပွဲတက်ကြ
လစ်ဘရယ်ကျကျ
ငြိမ်းချမ်းကြ
တော်လှန်ရေးက တရိပ်ရိပ်
လက်သည်းဆိပ်တက်နေရဲ့။ ။

# စိန်ရတု စိန်



## ကျော်ဟုန်း

ဤခရီး နီးသလားမမေးနဲ့
ဝေးမှန်း သိပြီးသား။

ဤခရီး ချောလား မမေးနဲ့
ကြမ်းမှန်း သိပြီးသား။

မနီးမှန်း၊ ကြမ်းမှန်း
ဝေးမှန်း၊ မချောမှန်း
ကြိုတင်ကာ သိထားလဲ
ယုံကြည်ချက်အတွက် ရင်ဆိုင်ရဲ
ဆန္ဒတွေ လျှောက်လှမ်းမပျက်
အာဂ ဇွဲ၊ သတ္တိရှင်များ
ဦးညွှတ် အလေးပြုမိပါရဲ့။

ဒါပေမဲ့
သတိထားမိတယ်၊
ဘယ်အယူ၊ ဘယ်ဝါဒ၊ ဘယ်စံနစ်ဖြစ်စေ
ပြည်သူ့ အသည်း မကျုံးလွှမ်းရင်
အများဘက်မရပ် ဇွတ်ဆတ်ဆတ်ရင်
ဘယ်မှာ ကြာရှည် ဖူးမလဲလေ။

သက်ရင့်ကျောက်လွှာမှ
စိန်ဆိုတာရှိတယ်၊
စိန်ရဲ့သတ္တိ၊ မာကြောတည်တံ့တယ်၊
စိန်ရဲ့သဘာဝ၊ ရောင်စဉ်ဖြာလက်တယ်။

ယုံကြည်ချက်အမှန်သာ
ပြည့်သည်းသိမ့်ထိုက်စေ
စိန်လိုမာ စိန်လိုလင်း
တော်ဝင်ခြင်း မလွှဲဘူး။ ။

## ရခိုင်ရိုးမ…အမှတ်တရနေ့ရက်တချို့



**ဖိုးနီ**

၁၉၇၂ ခုနှစ် မေလ (၉) ရက်နေ့…ထိုနေ့သည် ကျွန်တော့်ဘဝ၏ ကြီးမားသော အလှည့်အပြောင်း နေ့တနေ့ပင် ဖြစ်ခဲ့ပါသည်။ ဆယ်စုနှစ်လေးလီ ကျော်ခဲ့ပြီ…။ သို့သော် အဖြစ်အပျက်တို့က မနေ့တနေ့တုန်းကလို လတ်ဆတ်နေဆဲ…။ အတွေးအာရုံတွင် တဖျပ်ဖျပ်နှင့် ပြေးလွှားလှုပ်ယမ်းနေဆဲ…။ ပြည်တော်ညွှန့် သင်္ဘောဖြင့် ဘင်္ဂလားပင်လယ်ပြင်သို့ ဦးတည်၍ ရခိုင်ရိုးမ လက်နက်ကိုင်တော်လှန်ရေး ဒေသသို့ ခရီးစဉ်ကို စတင်ခဲ့သည့်နေ့…၊ ထိုနေ့ ဗိုလ်တထောင် ဆိပ်ကမ်းမှ ကျွန်တော် နှုတ်ဆက် ခွဲခွာခဲ့သည်မှာ ရန်ကုန်တခုတည်းကိုမဟုတ်… ကျွန်တော်၏ ဘဝဟောင်း တခုလုံးကိုပင် ဖြစ်သည်ဆိုသော အချက်ကို ထိုစဉ်ကပင် ကျွန်တော်သဘောပေါက်လိုက်ပါသည်။

သင်္ဘောစထွက်သည်နှင့် သင်္ဘောဝမ်းခန်းအတွင်း အိပ်စင်ဘေး နံရံများတွင် သံချောင်း၊ ခဲတံ စသည့် ရရာဖြင့် ရေးခြစ်ထားသော စာကြောင်းတချို့ကို အမှတ်မထင် တွေ့လိုက်ရသည်။ အာဏာပိုင်တို့က ဖျက်ဆီးခဲ့သော်လည်း မပျက်စီးဘဲ ကျန်နေခဲ့ဟန်တူသည်။ တချို့လည်း မှုန်ဝါးဝါး မထင်မရှား၊ အတော်အားစိုက်ကြည့်မှ မြင်ရသည်။

**“ရန်သူက ငါတို့ကို သေမင်းနိုင်ငံကို ပို့နေပြီ…ဘယ်ကိုရောက်ရောက် ဒူးမထောက်ဘူးဟေ့”၊ “ပြည်သူ့အကျိုးအတွက် စွန့်ရတာ မှန်မြတ်တယ်”၊ “ကွန်မြူနစ်တဲ့ဟေ့ သေရဲတယ်၊ တိုက်ရဲတယ်၊ အနိုင်ယူရဲတယ်”၊ “တဗိုလ်ကျရင် တဗိုလ်တက်မယ်”**

…စသည်ဖြင့် စသည်ဖြင့် ဖတ်လိုက်မိသည်နှင့် ရုတ်တရက် ကြက်သီးမွေးညင်းများပင် ထမိသည်။ တုန်လှုပ်မိသည်။ ကိုကိုးကျွန်းသို့ ပို့ခံရသော နိုင်ငံရေးအကျဉ်းသားများ၏ ရင်မှ ပွင့်အန်ထွက်ကျလာသော ခံစားမှုများ…၊ တော်လှန်ရေးသမားတယောက်၏ ပိုင်းဖြတ်ချက်၊ သတ္တိနှင့် မှန်မြတ်သော စွန့်လွှတ်မှုတို့မှ ယိုစီးလာသော အဖိုးမဖြတ်နိုင်သည့် ရတနာများပင်…။ ဤစဉ် ကျွန်တော့်အတွေး အာရုံတွင် ဖော်ပြရန်ခက်ခဲသော အတွေးစတို့ လှုပ်ခတ်လာပါသည်။ “ဒီစာတွေကို ရေးခဲ့တဲ့ရဲဘော်တွေ ဘယ်ရောက်နေပြီလဲ၊ ထောင်တွင်းတိုက်ပွဲ ကျဆုံးတဲ့အထဲမှာ ပါသွားပြီလား …၊ ရန်သူ့လှောင်အိမ်အတွင်းမှာ ညှဉ်းဆဲခံရဖို့ ခံနိုင်ရည်ကို စမ်းသပ်ဖို့ သွားရတာတောင် အတွေးတွေက ရဲရင့်တောက်ပြောင်လှချေလား။

ငါက လက်နက်ကိုင်တော်လှန်ဖို့ သူပုန်ထဖို့ သွားတဲ့လူပဲ၊ သူတို့အပေါ် စာနာစိတ်နဲ့ ဘယ်လိုစွန့်လွှတ်မှုမျိုးကိုမဆို စွန့်လွှတ်ရဲရမယ်...၊ သူတို့အတွက် လက်စားချေရမယ်” စသည့်အတွေးများဖြင့် အဓိပ္ပာယ်တခုကို နာကျင်ကြေကွဲစွာ ဆုပ်ကိုင်လိုက်မိသည်။ တော်လှန်ရေးသမား တယောက်အဖို့ မျက်ရည်နှင့် ကြေကွဲမှုဆိုသည်မှာ ပျော့ညံ့ခြင်းဆိုသည့် အဓိပ္ပာယ် အလျဉ်းမဟုတ်ချေ။ အားအင်နှင့် သန္နိဋ္ဌာန်တို့၏ သင်္ကေတဟုပင်...။

ကောင်းကင်တခုလုံး ညိုမှောင်မှိုင်းနေသည်။ ပျားပန်းခတ်မျှ ယောက်ယက်ခတ်နေသော တိမ်တိုက်များမှ လျှပ်စီးတို့က တလက်လက် တဖျတ်ဖျတ်နှင့်... မိုးသက်လေပြင်းအောက်တွင် တလိမ့်လိမ့်ရုန်းကြွနေသော ရေခမလှိုင်းလုံးကြီးများကို ငေးမောနေရင်း ကျွန်တော့်ရင်မှာ ပူလောင်ပြင်းပြစွာ ခံစားရပါသည်။ သည်လိုနှင့် သင်္ဘောတတန်၊ လှေတတန် ခရီးနှင်ရင်း စစ်တွေ၊ ကျောက်တော်တို့ကို ဖြတ်သန်းခဲ့ပြီး ကုလားတန်မြစ်ကမ်းဘေး ပါတီစည်းရုံးရေးဒေသရှိ ကွမ်းဖေးရွာလေးကို မေလ (၁၅) ရက်နေ့တွင် ရောက်ရှိခဲ့ပါသည်။

ကျွန်တော် အနှစ်နှစ်အလလက တောင့်တမျှော်လင့်ခဲ့ရသောဆန္ဒ ပြည့်ခဲ့ပြီ။ မိခင်ပါတီရဲ့ ရင်ခွင်ကို ရောက်ခဲ့ပြီ။ မိခင်မေတ္တာရဲ့ စုန်ရေမှာ ကျွန်တော် ရေချိုးခွင့် ရတော့မည်... စသည်ဖြင့် ဝမ်းမြောက်ကြည်နူးစွာ အားရရွှင်လန်းမှုတို့ဖြင့် မိုးသက်လေညင်းကို ရင်ထဲသို့ အားရပါးရ ရှိုက်သွင်းလိုက်မိသည်။ တဆက်တည်း ရန်ကုန်တွင် ကျန်ခဲ့သော မြေအောက်ရဲဘော်၏ အမှာစကားကို ပြန်လည်ကြားယောင်လာမိသည်။ **“ခင်ဗျားက လူထုကို ဆရာလုပ်ဖို့ သွားတာမဟုတ်ဘူးနော်၊ လူထုဆီက တပည့်ခံဖို့၊ လူထုဆီမှာ သင်ယူဖို့သွားတာ”** ပသို့ဆိုစေ ထိုကာလ အရာအားလုံးသည် ကျွန်တော့်အတွက် အသစ်အဆန်းများသာ။ စမ်းသပ်ကွက် အသစ်များကတော့ မုချကြိုဆိုနေပေလိမ့်မည်။ ခနရှင်ပေါက်စ ပညာတတ်လူတန်းစား ကျွန်တော့်အတွက်မူ ကြီးမားသော စိန်ခေါ်မှုများကို မျှော်လင့်ထားပြီး ဖြစ်ပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် ရခိုင်ရိုးမ၏ တော်လှန်ရေး မိုးသက်မုန်တိုင်း နေ့ရက်များတွင် စမ်းသပ်ခံရင်း နှစ်တချို့ ဖြတ်သန်းခဲ့ရသည်။ တော်လှန်ရေး ဖြစ်စဉ်အတွင်း ရဲဘော်များ၊ ပြည်သူများ၏ သူမတူသော ဇွဲသတ္တိနှင့် စွန့်လွှတ်မှုများ၊ အသက်သွေးချွေး ပေးခဲ့မှုများကိုမူ ယနေ့တိုင် သတိရနေပါသည်။ ပါတီ၏ သမိုင်းတွင် မှတ်တမ်းတင်ထားသင့်သည်ဟု ယူဆပါသည်။ စွန့်လွှတ်သူများက တာဝန်ကျေစွာ စွန့်လွှတ်သွားခဲ့ကြပြီ...၊ ကျန်ရစ်သူများက ထာဝရ အမှတ်တရရှိနေဖို့၊ သူတို့ရဲ့ စိတ်ဓာတ်ကို အတုယူလေ့လာဖို့၊ သူတို့ရဲ့ မပြီးဆုံးသေးတဲ့ တော်လှန်ရေးကို ဆက်လက်ဆင်နွှဲသွားဖို့ လိုသည်မဟုတ်ပါလော။ အဆိုပါ စေ့ဆော်ချက်ဖြင့် ဤဆောင်းပါးကို ရေးလိုက်ရခြင်း ဖြစ်ပါသည်။

(၁) ရခိုင်ရိုးမ၏ ထူးခြားချက်နှင့် အစဉ်အလာ

ပထဝီအနေအထားအရ ရခိုင်ဒေသသည် အနောက်ဘက်နှင့် တောင်ဘက်တွင် အပြောကျယ်သော ဘင်္ဂလားပင်လယ်ပြင်ကြီး ကာဆီးနေပြီး မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နယ်စပ် ရှိသည်။ အရှေ့ဘက်တွင် ရိုးမတောင်တန်းကြီးက သွယ်တန်းပိတ်ဆို့ထားသဖြင့် ပြည်မနှင့် အဆက်အသွယ် ခက်ခဲပြီး သီးခြားဒေသလေး တခုလို ဖြစ်တည်နေခဲ့သည်။ ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦး စသည့် ရှည်လျားသော ပဒေသရာဇ်သမိုင်းတွင် ကိုယ့်ထီးကိုယ့်နန်းနှင့် နေလာခဲ့ကြစေကာမူ ဘာသာစကား ယဉ်ကျေးမှု၊ ကိုးကွယ်မှု၊ ဓလေ့ထုံးစံ အတော်များများတွင် ပြည်မရှိ ဗမာလူမျိုးများနှင့် နီးစပ်ဆက်နွှယ်မှု ရှိသည်ကို ထူးခြားစွာ တွေ့ရသည်။ ရခိုင်အမျိုးသားထဲတွင် (ရခိုင်၊ ရမ်းဗြဲ၊ ချောင်းသား စသည်ဖြင့် အနည်းငယ် ကွဲပြားမှုတချို့ ရှိပြီး) မြို၊ ခမွီး၊ ချင်း၊ ဒိုင်းနက်၊ သက် စသော အခြားလူနည်းစု အမျိုးသားများလည်း ပြန့်ကျဲတည်ရှိနေသည်။

ဗမာပြည်ကို စိုးမိုးရန် အင်္ဂလိပ်နယ်ချဲ့သမား ဝင်ရောက်လာချိန်တွင် ရခိုင်ဒေသသည် တံခါးပေါက်တခုလို...နင်းခုံသို့မဟုတ် စခန်းထောက်တခုလို ဖြစ်နေခဲ့ပြီး ပြည်မထက်စော၍ နယ်ချဲ့သမား၏ နည်းမျိုးစုံဖြင့် ဖိနှိပ်မှု၊ သွေးစုပ်မှုတို့ကို ခံခဲ့ရသည်။ ၁၈၂၄ ခုနှစ် ဧပြီလ ၁ရက်နေ့ကပင် မြောက်ဦးမြို့ကို အင်္ဂလိပ်တို့ သိမ်းပိုက်လိုက်ပြီး ၁၈၂၆ ခုနှစ် ရန္တပိုစာချုပ်အရ အင်္ဂလိပ်လက်အောက်သို့ လုံးဝရောက်ရှိခဲ့ရသည်။ ဤသို့ဖြင့် ရခိုင်ပြည်သူများအနေဖြင့် ယင်းကာလကပင် မြေယာပိုင်ဆိုင်မှုအပေါ်တွင် အခြေခံသော သွေးစုပ်မှုနှင့် နယ်ချဲ့အရင်းရှင် သွေးစုပ်မှုများကို ဆန့်ကျင်တိုက်ပွဲဝင်ရသည့် နိုင်ငံရေး အတွေ့အကြုံများကို ပြည်မဘက်ထက်စော၍ ရရှိခဲ့ကြသည်။

ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေးတိုက်ပွဲတွင်လည်း ရခိုင်အမျိုးသားများအနေနှင့် ကျရာတာဝန်မှ ပါဝင်ခဲ့ကြသည်။ မိမိတို့ကိုယ်ပိုင် နိုးကြားမှုဖြင့် ပြောက်ကျားတပ်များ ဖွဲ့ခဲ့ကြသည်။ ပြည်မရှိ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့နှင့် အိန္ဒိယရှိ အမှတ် ၁၃၆ တပ်ဖွဲ့ ဆက်သွယ်သွားလာရေး လုပ်ငန်းများတွင် ပါဝင်ကူညီခဲ့ကြသည်။ တချို့မှာ လေထီးတပ်သားများအဖြစ် ပါဝင်ခဲ့ကြသည်။ ရန်ကုန်ဘက် သခင်စိုးထံသို့ သွားရောက်ဆက်သွယ်ပြီး ဂျပန်တော်လှန်ရေးအတွက် ညွှန်ကြားချက်များကို ရယူနိုင်ခဲ့သည်။ ဂျပန်ကိုစတင်တော်လှန်ဖို့ မတ်လ ၂၇ ရက်နေ့ သတ်မှတ်ထားသည်ကို ရခိုင်ဘက်ကမသိကြဘဲ လက်တွေ့အခြေအနေအရ စော၍ ဇန်နဝါရီလမှာပင် စတင်ခဲ့ရသည်။ ဤကာလအတွင်းမှာပင် တိုးတက်သော ရခိုင်လူငယ်များသည် မာ့က်စ်ဝါဒနှင့် ထိတွေ့မိကြပြီး ကွန်မြူနစ်မျိုးဆက် လူငယ်များ လက်တွေ့ တိုက်ပွဲအတွင်းမှ ပေါ်ထွက်လာခဲ့သည်။

ဂျပန်တပ်များ ဆုတ်ခွာသွားပြီးနောက်ပိုင်း ပြည်မဘက်တွင် ကန္ဒီစာချုပ်အရ တပ်ဖျက်လက်နက် အပ်ကြသော်လည်း (လက်နက်ဝှက်ထားကြတာတော့ ရှိသည်) ရခိုင်ဘက်တွင်မူ ဘဝပေးအသိအရ တပ်မဖျက်ဘဲ လက်နက်ဆက်ကိုင်ထားကြသည်။ ၁၉၄၆ ခုနှစ်တွင် စစ်တွေမြို့နယ် တောကံရွာတွင် လူထုညီလာခံကြီး (တောကံညီလာခံ) ကို ကျင်းပပြီး အရေးကြီးသော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခဲ့သည်။

ဤညီလာခံတွင် စလယ်ဆုံး ကွန်မြူနစ်လိုလာသော လူငယ်များက တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ကြပြီး ညီလာခံ ဆုံးဖြတ်ချက်များကို တက်တက်ကြွကြွ အကောင်အထည် ဖော်ခဲ့ကြသည်။ ညီလာခံတွင် ရဲဘော်ကျော်မြက ကက်စဘီအစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုများကို ဖော်ထုတ်ဖွင့်ချပါသည်။ အစိုးရ ဆန့်ကျင်ရှုတ်ချသော အစီရင်ခံစာကို တင်သွင်းပြီး (၁) အခွန်တော်မပေးရေး၊ (၂) သီးစားခမပေးရေး၊ (၃) လယ်ယာမြေကို ကြွေးဖြင့် မသိမ်းရေး၊ (၄) အမတော်ကြေး တိုးပေးရေး စသည့်အဆိုများကိုလည်း တင်သွင်းခဲ့သည်။ ယင်းအဆိုအားလုံးကို ညီလာခံက တခဲနက် ထောက်ခံအတည်ပြုခဲ့ ကြပါသည်။

ဤညီလာခံကြီး ပြီးသည့်နောက် ၁၉၄၇ ခုနှစ် ဧပြီလ မြို့ဟောင်းမြို့နယ်၊ အထုတ်သည်ကျေးရွာတွင် ကွန်မြူနစ်လိုလားသော လူငယ်များ စုစည်းပြီး ဗမာပြည်ကွန်မြူနစ်ပါတီ (စစ်တွေခရိုင်) ကို ဖွဲ့စည်းလိုက်ကြသည်။ စတင်တည်ထောင်သူများတွင် (၁) ဦးကျော်မြ၊ (၂) ဦးမောင်တူ၊ (၃) ဦးစံတင့် (ဗမာအမျိုးသား)၊ (၄) ဦးသာထွန်းဦး၊ (၅) ဦးဘော်လီ၊ (၆) ဒေါ်မညွန့် (ရဲဘော်ကျော်မြဇနီး)၊ (၇) ဦးဦးကျော်ဇံ၊ (၈) ဦးမောင်ဖြူသံ၊ (၉) ဦးစံဘော်ဦး၊ (၁၀) ဦးဦးစိန်ကျော်၊ (၁၁) ဦးမောင်စိန်၊ (၁၂) ဦးပုချေ (ခ) ဦးသန်းမြင့်၊ (၁၃) ဦးဖထော်ဦး (ခ) ဦးရဲထူး နှင့် (၁၄) ဦးထွန်းအောင်ဖြူ (ခ) ဦးရဲထွန်း တို့ ပါဝင်သည်ဟု သိရပါသည်။ ယင်းကာလတွင် ပါတီဗဟိုနှင့် အဆက်မရဘဲ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဖွဲ့စည်းခဲ့ကြခြင်း ဖြစ်ပါသည်။ သခင်စိုး ဂိုဏ်းခွဲမှုကို ဆန့်ကျင်ပြီး သခင်သန်းထွန်း၏ ပါတီဗဟိုဘက်မှ ရပ်တည်ခဲ့ကြပါသည်။

၁၉၄၈ ခုနှစ်တွင် ဖဆပလအစိုးရက အကြမ်းဖက်နှိပ်ကွပ် ချေမှုန်းလာသဖြင့် ခရိုင်ကော်မတီ အရေးပေါ် အစည်းအဝေးထိုင်ပြီး လက်နက်ကိုင် ခုခံတိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့သည်။ ပါတီဗဟို၏ ညွှန်ကြားချက်အရ မဟုတ်ဘဲ ခရိုင်၏ဆုံးဖြတ်ချက်ဖြင့် ချမှတ်လုပ် ဆောင်ခဲ့ခြင်းဖြစ်သည်။ ရန်သူ၏ အလစ်အငိုက် တိုက်ခိုက်ချေမှုန်းလာမှုကို လုံးဝမျှော်လင့်မထားသည့် အခြေအနေတွင် ပြန်လည်ခုခံ တိုက်ခိုက်ရသဖြင့် ၁၉၄၈ ခုနှစ်က ရခိုင်ရိုးမရှိ ပါတီ၏အခြေအနေမှာ လက်ဦးမှုမဲ့သလို ဖြစ်ခဲ့ရပါသည်။ ပါတီအနေနှင့် ကျေးလက် လယ်သမားထုကြီးကို စည်းရုံးမိခိုပြီး ရရာလက်နက်ဖြင့် ခုခံခဲ့ရပါသည်။ ယင်းကာလအခြေအနေမှာ ဘက်ပေါင်းစုံတွင် အခက်အခဲကြီး လှပါသည်။ သို့သော် ကိုယ့်ဒူးကိုယ်ချွန် စိတ်ဓာတ်ဖြင့် အဆင်းရဲ အပင်ပန်းခံ ကြံ့ကြံ့ခိုင်ခိုင် ရုန်းကန်ခဲ့ကြသည်။ အသက်သွေးချွေးများစွာ ပေးဆပ်ပြီး၊ စွန့်လွှတ်မှုများစွာပေးပြီး တိုက်ပွဲဝင်ခဲ့ကြသဖြင့် အောင်ပွဲများ ရခဲ့ကြသည်။ ကျောက်တော်မြို့၊ ပုဏ္ဏားကျွန်းမြို့နှင့် ရသေ့ တောင်မြို့များကို ဝင်ရောက်တိုက်ခိုက်နိုင်ခဲ့သည်။ စစ်တွေမြို့ ကန်တော်ကြီးအနီး အခြေစိုက်ထားသော ရန်သူ့တပ်ရင်းကို အတွင်းပိုင်း လျှို့ဝှက်ဆက်သွယ်ရေး လုပ်ငန်းဖြင့် တပ်ရင်းရှိ လက်နက်အားလုံးကို သိမ်းပိုက်နိုင်ခဲ့သည်။ မြို၊ ခမီး၊ ချင်း စသည့် လူနည်းစုအမျိုးသားများ ပါဝင်သောအဖွဲ့ကို ပါတီဦးဆောင်မှုဖြင့် ဖွဲ့စည်းပေးနိုင်ခဲ့သည်။ ကျယ်ပြန့်သော ကျေးလက်အခြေခံစခန်းကို တည်ဆောက်လာနိုင်ခဲ့သည်။ ပသို့ဆိုစေ ထိုအချိန်မှစ၍ ပါတီ၏ တူတံဇဉ်အလံကို ရခိုင်ရိုးမတွင် မြင့်မြင့်မားမား လွှင့်ထူနိုင်ခဲ့ခြင်းမှာ သမိုင်းမှတ်တိုင် တခုပင်ဖြစ်ပါသည်။

(၂) ရခိုင်ရိုးမ၏ ပါတီဗဟို ဝိုင်းရံရေး စိတ်ဓာတ်

အထက်တွင် ဖော်ပြပြီးခဲ့သည့်အတိုင်း ရခိုင်ဒေသသည် ပြည်မနှင့် အလှမ်းကွာဝေးသဖြင့် ပုံမှန်ဆက်သွယ်မှုရရန် ခက်ခဲပါသည်။ စစ်ရေးတိုက်ပွဲများလည်း ပြင်းထန်ပြီး ရန်သူကလည်း ဘက်ပေါင်းစုံ ပိတ်ဆို့ဖြတ်တောက်ထားသဖြင့် မြို့ပေါ်လမ်းကြောင်းမှ ဆက်သွယ်ရေးနည်းကိုသာ သုံးခဲ့ရသည်။ အဆက်အသွယ် ပြတ်နေခဲ့ရသည့် ကာလသာ များခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် အရန်ဗဟိုကော်မတီ ဖြစ်ခဲ့ပြီး ၁၉၆၂ခုနှစ်တွင် ဗဟိုကော်မတီ (ချိန်ပြည့်) ဖြစ်ခဲ့သော ရဲဘော်ကျော်မြသည်ပင် ယင်းကာလက ဗဟိုကော်မတီအစည်းအဝေး တခါမျှ မတက်နိုင်ခဲ့ချေ။ အကြောင်းအမျိုးမျိုးကြောင့် လွဲချော်ခဲ့ရသည်။ အရှေ့မြောက်ဒေသသို့ ရောက်ခဲ့တဲ့ ၁၉၇၉ ခုနှစ်နှောင်းပိုင်းက စတင်ပြီး ဗဟိုအစည်းအဝေး တက်နိုင်ခဲ့သည်။

ရခိုင်ရိုးမတွင် ဗဟိုကိုယ်စားလှယ်အဖြစ် နှစ်တချို့ (၁၉၅၂ ခုနှစ်မှ ၁၉၅၈ ထိ) ဗဟိုနှင့် ရခိုင်ရိုးမအကြား သွားလိုက်ပြန်လိုက်ဖြင့် လာရောက်နေထိုင်ခဲ့သော သခင်တင်မြမှာလည်း လုပ်နည်းလုပ်ဟန် အမှားများ ရှိခဲ့သဖြင့် ဒေသခံရဲဘော်များက သူ့အပေါ်တွင် အမြင်မကြည်လင်ကြပါ။ ဗဟိုကိုယ်စားလှယ် တယောက်၏ လုပ်ပိုင်ခွင့်နှင့် ဘောင်ထက်ကျော်လွန်ပြီး ဒေသလုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ဖိအားပေးခြင်း၊ မိမိတဦးတည်းဆန္ဒဖြင့် ဆုံးဖြတ်ပြီး လုပ်ဆောင်ခဲ့ခြင်းများ ရှိခဲ့သည်။ ဥပမာ ရဲဘော်ကျော်မြ ခရီးထွက်နေသဖြင့် မရှိသည့်အခိုက်အတန့် ကာလတွင် လူထုအစည်းအဝေးလုပ်ပြီး ရခိုင်သမ္မတနိုင်ငံ ထူထောင်ရေး ကြေညာချက်တစောင် ထုတ်ခဲ့သည်။ လူမျိုးစု ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ သတ်မှတ်ပေးတာတွေ လုပ်သည်။ တပ်ပေါင်းစု အစည်းအဝေးများတွင်လည်း ရဲဘော်များနှင့် မဆွေးနွေးဘဲ တဦးတည်း ဆုံးဖြတ်လုပ်ခဲ့သည်များ ရှိခဲ့သည်။ ဗဟိုကိုယ်စားလှယ် တယောက်ဖြစ်သည့် (သခင်တင်မြ) တွင် မလိုလားအပ်သည့် ချို့ယွင်းချက်များ၊ လုပ်ဟန်အမှားများ ရှိခဲ့စေကာမူ ရခိုင်ရိုးမ ပါတီဝင်များအနေနှင့် ဗဟိုအပေါ်တွင် အကောင်းမြင်ဝါဒဖြင့်သာ ဝိုင်းရံခဲ့သည်။ လမ်းစဉ်အပြောင်းအလဲများ၊ ညွှန်ကြားချက်များသည် အချိန်နောက်ကျမှ ရောက်လာသဖြင့် ဆုံးရှုံးမှုများနှင့် ကြုံခဲ့ရဖူးပါသည်။ ဥပမာ ဗဟိုဘက်တွင် ပြည်သူ့ရဲဘော်အဖွဲ့နှင့် တိုက် ခိုက်ကြသည့် သတင်းကို မရရှိသဖြင့် ရခိုင်ဘက်တွင် ပြည်သူ့ရဲဘော်အဖွဲ့၏ လက်ဦးမှုယူပြီး တိုက်ခိုက်ခဲ့မှုကြောင့် ဆုံးရှုံးမှုများ ဖြစ်ခဲ့ရဖူးသည်။

ဗဟိုမှချမှတ်သည့် လမ်းစဉ်နှင့် ပတ်သက်၍ မိမိတို့အမြင်ကို အခွင့်အခါရတိုင်း အစီရင်ခံခဲ့ပါသည်။ ဗဟိုညွှန်ကြားချက်များကို လက်တွေ့အကောင်အထည် ဖော်ရာတွင် ပြဿနာများ ပေါ်ပေါက်လာသည့်တိုင် ဗဟိုသို့ ပြန်လည်အစီရင်ခံရန် ခက်ခဲသဖြင့် စုပေါင်း

ခေါင်းဆောင်မှုဖြင့် ထိန်းညှိလုပ်ခဲ့ရတာ များပါသည်။ ဗဟိုနှင့် အမြင်မတူစေကာမူ လမ်းစဉ်ကို တက်တက်ကြွကြွ အကောင်အထည်ဖော်ပါသည်။ ချမှတ်ထားသည့် လမ်းစဉ်ကို ကျားကုတ်ကျားခဲ အကောင်အထည်ဖော်ခြင်းသည် ဗဟိုဝိုင်းရံရေး စိတ်ဓာတ်၏ အမြင့်မားဆုံး ဖော်ပြမှုပင် ဖြစ်ပါသည်။

၅၅ လမ်းစဉ် ချမှတ်ပြီးနောက်ပိုင်းတွင် ရခိုင်ရိုးမ၏ တော်လှန်ရေးအခြေအနေမှာ ဘက်ပေါင်းစုံ ကျဆင်းလာခဲ့ပြီး ၅၈ ခုနှစ်တွင် အထွတ်အထိပ်သို့ ရောက်လာခဲ့သည်။ ကျောက်ဖြူခရိုင်နှင့် သံတွဲခရိုင် နှစ်ခုစလုံး အားလုံးနီးပါး လက်နက်ချသွားသည်။ စစ်တွေခရိုင်ရှိ မြို့နယ်အချို့တွင်သာ လက်နက်မချဘဲ ကျန်ခဲ့သည်။ တပ်ခေါင်းဆောင်များကိုယ်တိုင် ဦးစီးပြီး လက်နက်ချကြသဖြင့် ပွဲလမ်းသဘင်သွားသလို ဖြစ်နေခဲ့သည်။ ရန်သူက လက်နက်ချများအား စုစည်း၍ ပြောက်ကျားဖြိုတပ်များ ဖွဲ့ပေးပြီး ပါတီကို လိုက်လံချေမှုန်းခဲ့သည်။ သေလောက်သည့်ဒဏ်ရာ ရခဲ့သော်လည်း အခြေအနေဆိုးမှ ရုန်းထလွတ်မြောက်နိုင်ခဲ့ပြီး ဗဟို၏ လက်နက်ကိုင် တိုက်ပွဲလမ်းကြောင်းအတိုင်း ဆက်လက်ချီတက်နိုင်ခဲ့သည်။

ပစ္စည်းမဲ့လူတန်းစား တပ်ဦးပါတီ၏ ခေါင်းဆောင်မှုကို အကြွင်းမဲ့ခံယူထားသော လူနည်းစုအမျိုးသားတရပ်၊ မိခင်၏ရင်ခွင်နှင့် ဝေးနေရသော သားတယောက်ပမာ ရခိုင်ရိုးမသည် ပါတီဗဟိုကို အဝေးမှ မှန်းဆအာရုံပြု တမ်းတရင်းဖြင့် အခက်အခဲများကို ဖြတ်ကျော်ခဲ့ရပါသည်။ ရဲဘော်များ၊ ပြည်သူများ၏ မနည်းလှသော စွန့်လွှတ်ပေးဆပ်မှုများ၊ အသက်သွေးချွေးများဖြင့် ရခိုင်ရိုးမတွင် ကွန်မြူနစ်ပါတီ၏ အလံကို စိုက်ထူခဲ့ကြပါသည်။ ရိုးမ၏ရင်ကို ခွဲကြည့်လျှင် ဥဒါန်းတွင်မည့် သမိုင်းဝင်သွေးစက်များကို မုချတွေ့ရမည်ပင်...။

(၃) ၆၄ ခုနှစ် လမ်းစဉ်နှင့် ရခိုင်ရိုးမ

၆၄ ခုနှစ် လမ်းစဉ်ဆိုသည်မှာ ၆၄ ခုနှစ် ဗဟိုကော်မတီ အစည်းအဝေးက ဆုံးဖြတ်ချမှတ်လိုက်သော စစ်နိုင်ရေး၊ အာဏာသိမ်းရေး လမ်းစဉ်ပင် ဖြစ်သည်။ ၆၄ ခုနှစ်လမ်းစဉ်၏ (အခြေခံလုပ်ငန်းစဉ်၊ ပါတီတည်ဆောက်ရေး လမ်းစဉ်၊ ပါတီဖွဲ့စည်း အုပ်ချုပ်ပုံစည်းမျဉ်း၊ စစ်ရေးလမ်းစဉ်၊ ကျေးလက်လူတန်းစား လမ်းစဉ်၊ ဆင်းရဲလယ်သမား သမဂ္ဂဖွဲ့စည်းပုံ မူကြမ်း၊ အမျိုးသား ပြဿနာနှင့် ပတ်သက်၍ ပါတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်၊ ပါတီဗဟိုဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ မိန့်ခွန်းများ၊ အတွေးအခေါ် တည်ဆောက်ရေး လှုပ်ရှားမှု အစည်းအဝေးများ၊ တိုက်ပွဲနိဂုံးချုပ်ချက်များ) စသည်ဖြင့် ဗဟို၏လမ်းစဉ်အားလုံးနီးပါး ရခိုင်ရိုးမသို့ ရောက်ရှိခဲ့သည်။

ပြည်နယ်ကော်မတီက လမ်းစဉ်ကို လက်တွေ့အကောင်အထည် ဖော်ရာတွင် အခက်အခဲများ ရှိသော်လည်း အခြေအနေကို အခြေခံအားဖြင့် လှည့်ပြောင်းနိုင်ခဲ့သည်။ ဘက်ပေါင်းစုံ ယိုယွင်းပျက်စီး အိုလေးကျဆင်းနေသော ၅၅ လမ်းစဉ်၏ အနိဋ္ဌာရုံများကို ဖယ်ရှားပစ်နိုင်ခဲ့သည်။ နိုင်ငံရေးအတွေးအခေါ် အလှည့်အပြောင်းများကို လုပ်နိုင်ခဲ့ပြီး လက်တွေ့နှင့် ပေါင်းစပ်နိုင်ခဲ့သဖြင့် ထွန်းလင်း ထောက်ပသည့် အသွင်အပြင်သစ်တခု ပေါ်လာခဲ့ပါသည်။ အထူးသဖြင့် ၁၉၆၆ ခုနှစ် နွေနှောင်းကာလတွင် ဗိုလ်ဇေယျ (ဗဟိုကိုယ်စား လှယ်အနေဖြင့်) ရောက်ရှိလာချိန်တွင် ထင်ရှားသိသာသော အလှည့်အပြောင်းများ ဖြစ်လာခဲ့ပါသည်။ ရိုးမကို ရင်ဘတ်နှင့်ထိတွေ့ပြီး ဤသို့မှတ်ချက်ချသည်။ **(ရခိုင်ဒေသဟာ လူထုရဲ့ နိုင်ငံရေး နိုးကြားမှုလည်း မြင့်တယ်။ ရိက္ခာလည်း ဖူလုံတယ်။ တောင်တန်း၊ မြေပြန့်၊ မြစ်ချောင်းတွေနဲ့ ပေါင်းစပ်ထားတဲ့အတွက် ပြောက်ကျားစစ်ဆင်ဖို့ကောင်းတဲ့ စစ်ရေးပထဝီဖြစ်တယ်။ ချုပ်ပြောရရင် တော်လှန်စစ်အတွက် သာလွန်ချက်တွေရှိတယ်။)** သူက ရိုးမကို ပခုံးဖြင့်ထမ်းတင်သူ၊ ပန်းပျိုးသောလက်ဖြင့် ရိုးမတွင် ဝတ်မှုန်ကူးခဲ့သူ၊ မိမိကိုယ်ကို မြင့်မြင့်မားမားတောင်းဆိုပြီး စံပြအဖြစ်နေထိုင်သူ ဖြစ်ပါသည်။ ဗဟိုလမ်းညွှန်ချက်များကို ရိုးမ၏ သွေးကြောမျှင်များထဲသို့ စိမ့်ဝင်စီးဆင်းသွားအောင် စွမ်းဆောင်နိုင်ခဲ့သော နိုင်ငံရေးအနုပညာရှင် တယောက်ပမာ ပါတီတည်ဆောက်ရေး၊ တပ်တည် ဆောက်ရေးအတွက် လေ့လာရေး၊ အတွေးအခေါ် တည်ဆောက်ရေး လှုပ်ရှားမှု အစည်းအဝေးများကို စီမံကိန်းရှိရှိ ခြေလှမ်းရှိရှိ ပြုလုပ်ပြီး ပါတီတွင်း၊ တပ်တွင်း ဒီမိုကရေစီ အစွမ်းကုန် ဖွံ့ဖြိုးစေခဲ့ပါသည်။ တိုတောင်းလှသော ကာလအတွင်းမှာပင် ရဲဘော်များ၏နှလုံးအိမ်ကို ကိုင်လှုပ်နိုင်ခဲ့သူ ဖြစ်ပါသည်။ ယင်းနှစ် ဆောင်းဦးကာလတွင် သူ ပါတီဗဟိုသို့ ပြန်သွားတော့ ရခိုင်ရိုးမက တသသနှင့် ကျန်ရစ်ပါသည်။

(၄) ပါတီတည်ဆောက်ရေး

ကျွန်တော်ရခိုင်ရိုးမသို့ ရောက်ရှိခဲ့သည့် ၁၉၇၂ ခုနှစ်ကာလတွင် ရခိုင်ရိုးမ၏ ပါတီတည်ဆောက်ရေး အခြေအနေမှာ ၆၄ လမ်းစဉ်ဖြင့် အသားကျနေပြီဖြစ်ပါသည်။ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ် စသည်ဖြင့် အဆင့်ဆင့် ပါတီကော်မတီများ၏ ပုံမှန်အစည်းအဝေးများ၊ ရုံးဌာနကလာပ်စည်း ပုံမှန်အစည်းအဝေးများ၊ အထက်အောက် ပုံမှန်အစီရင်ခံသည့် စနစ်များဖြင့် ပုံမှန်လည်ပတ်နေသည်ကို တွေ့ရသည်။ နိုင်ငံရေးအရ၊ အတွေးအခေါ်အရ တည်ဆောက်ရေးကို အလေးထားပြီး ပါတီ၏စည်းရုံးရေးစည်းကမ်းဘောင်အတွင်းမှာပင် လှုပ်ရှားနေခြင်း ဖြစ်သည်။ စစ်တွေခရိုင်နှင့် ကျောက်ဖြူခရိုင်နှစ်ခုရှိပါသည်။ သံတွဲခရိုင်ကိုမူ အလှမ်းဝေးသဖြင့် မြစ်ဝကျွန်းပေါ်တိုင်းကို ယခင်ကပင် လွှဲပေးထားခဲ့ပါသည်။ ကျောက်ဖြူခရိုင်မှာ ပြန်လည်ထိုးဖောက် စည်းရုံးနေရသည့် အခြေအနေဖြစ်ပါသည်။ ယင်းဒေသ ထိုးဖောက်ရေးတွင် ကိုကိုကျွန်းပြန် ရဲဘော်မောင်သိန်းမြ ကျဆုံးခဲ့ပါသည်။

ပြောက်ကျားဒေသ ဖြစ်စေကာမူ ဘဏ္ဍာရေးစနစ်များ ကောင်းပါသည်။ ဥပမာ စစ်တွေခရိုင်တခုလုံး၏ မြို့နယ်၊ ကျေးရွာများ၏ အိမ်ထောင်ဦးရေနှင့် မြေယာပိုင်ဆိုင်မှု၊ စိုက်ပျိုးမှုစာရင်းများနှင့် ကျသင့်သည့် အခွန်ငွေစာရင်းအားလုံး ခရိုင်ရုံးတွင် စာရင်းရှိပါသည်။ ခရိုင်ဘဏ္ဍာရေးဌာနမှ ရိုက်ထုတ်လိုက်သော ဖြတ်ပိုင်းများတွင် အမည်၊ ပိုင်ဆိုင်မှုနှင့် ကျသင့်သည့် အခွန်ငွေတို့ ပါရှိပြီးဖြစ်သဖြင့် ကောက်ခံသည့် ရဲဘော်များအတွက် တိကျလွယ်ကူစေပါသည်။ တိုက်နယ်၊ မြို့နယ်၊ ခရိုင်ဘဏ္ဍာနစ်ချုပ်များ၊ အပြန်အလှန်အစီရင်ခံသည့် စနစ်များ ရှိပါသည်။ ရခိုင်မှ ပါတီဗဟိုသို့ အဆက်အသွယ်ရတိုင်း ဘဏ္ဍာငွေ ပို့ပေးပါသည်။ ဗဟိုအပ်ငွေအများဆုံးမှာ မြစ်ဝကျွန်းပေါ်တိုင်းဖြစ်ပြီး ရခိုင်က ဒုတိယအများဆုံး အပ်နိုင်သည်ဟု ဆိုပါသည်၊

စစ်တွေခရိုင်တွင် မြို့နယ် (၇) ခု ရှိသည့်အနက် ပုဏ္ဏားကျွန်းမြို့နယ်ကို စံပြမြို့နယ်အဖြစ် ခရိုင်ကသတ်မှတ်ထားပါသည်။ ခရိုင်နှင့် ပြည်နယ်ဌာနချုပ်များ ယင်းမြို့နယ် တောဖျားချောင်းတွင် အခြေခံပါသည်။ မြို့နယ်ပါတီကော်မတီ အတွင်းရေးမှူးမှာ ရဲဘော်သာဟန် ဖြစ်ပါသည်။ မူလက ရန်ကုန်အမှုထမ်းပေါင်းစုံ သမဂ္ဂတွင် အလုပ်လုပ်နေသော ယူဂျီအဖွဲ့ဝင် တယောက်ဖြစ်ပြီး ၆၃ ခုနှစ်လောက်က တောခိုလာသူ ဖြစ်ပါသည်။ သူနှင့်ကျွန်တော် ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ၏ တခုသောနေ့မှာ တွေ့ခဲ့စဉ် သူပြောခဲ့သော စကားလုံးတချို့ ကျွန်တော့်ရင်မှာ အမှတ်တရကျန်ရစ်ခဲ့ပါသည်။ **"ကျွန်တော်လည်း လူတန်းစား ဗီဇအရဆိုရင် ခင်ဗျားနဲ့အတူတူ ခနရှင်ပေါက်စလို့ ပြောနိုင်ပါတယ်။ ခင်ဗျားလိုပဲ ကာလတခုက ဗန်မော်တင်အောင်တို့၊ သခင်မြသန်းတို့ရဲ့ နိုင်ငံရေးစာပေတွေနဲ့ ရင်းနှီးကျွမ်းဝင်ပြီး တော်လှန်ရေးလုပ်ဖို့ စိတ်ကူးစံတွေ ရခဲ့တာပဲ။ သူတို့ဇာတ်လိုက်တွေကို အားကျခဲ့တာပဲ။ ဒါပေမဲ့ ကျွန်တော်တို့ တော်လှန်ရေး လက်တွေ့အတွင်းမှာရှိတဲ့ ကွန်မြူနစ်တွေက တကယ့် လယ်သမားဘဝက လာသူတွေဆိုတော့ ဝတ္ထုထဲက ဇာတ်လိုက်တွေနဲ့ တချို့အပိုင်းတွေမှာ မတူခြားနားတာတွေ ရှိနိုင်ပါတယ်။ ဆိုပါတော့ဗျာ လယ်သမားကွန်မြူနစ်တွေက သူတို့ဘဝအရ လေ့လာရေး ရေချိန်နိမ့်တယ်။ အဘိဓမ္မာစကား မပြောတတ်ဘူး၊ ဗဟုသုတ မစုံဘူး။ ဒါပေမဲ့ စာအုပ်ထဲက ဇာတ်လိုက်တွေနဲ့ မတူလို့ စိတ်မပျက်ပါနဲ့၊ အခြေခံစိတ်ဓာတ်နဲ့ ရပ်တည်မှုကတော့ အတူတူပါပဲ။ လယ်သမားတွေဆီမှာ အဖိုးတန်တဲ့ တော်လှန်ရေး အတွေ့အကြုံတွေ များစွာရှိပါတယ်။ သူတို့ဆီမှာ လေးလေးစားစားလေ့လာပါ။ အတူတူနေရင်း သူတို့ရဲ့ အားသာချက်တွေကို ခင်ဗျား မုချသိလာမှာပါ။"** သူ့ဖြတ်သန်းမှုထဲက နိဂုံးချုပ်ချက်တချို့ ဖြစ်မည်ထင်ပါသည်။

ပညာတတ် ခနရှင်ပေါက်စတယောက် အနေနှင့် တော်လှန်ရေး လုပ်မည်ဆိုလျှင် ဦးစွာ မိမိကိုယ်ကို တော်လှန်ပြောင်းလဲပစ်ရမည်။ တိုးတက်သည့် အဘိဓမ္မာတရပ်ကို မြဲမြဲကိုင်စွဲလျက် ပစ္စည်းမဲ့ လူတန်းစားဘဝကို ပြတ်ပြတ်သားသား ခံယူပြီး လယ်သမား၊ အလုပ်သမားများနှင့်အတူ တော်လှန်ရေး လက်တွေ့ထဲတွင် ပါဝင်ရမည်ဟု နားလည်မိသည်။ မှတ်မှတ်ရရ ကျွန်တော့်ရခိုင်နာမည် "အောင်သာ" မှာ သူပေးလိုက်သည့် နာမည်ဖြစ်ပါသည်။ သူ့မြို့နယ်ရှိ တောဖျားတိုက်နယ်တွင် လုပ်သားရဲဘော်အဖြစ် တာဝန်ယူရန် သူကစီစဉ်ပေးပါသည်။ နောက်တွင် ကျွန်တော်၏ တောင်းဆိုချက်အရ ခရိုင်တပ်သို့ ပြောင်းပေးပါသည်။ ၁၉၈၀ ခုနှစ် သူကျဆုံးချိန်တွင် ကျွန်တော်က အဝေးမှာ ရောက်နေပါသည်။ ရန်သူ့လက်တွင်း ကျရောက်ခဲ့သော်လည်း နောက်ဆုံးအချိန်ထိ ရန်သူကို ပြတ်ပြတ်သားသား ရင်ဆိုင်ပြီး ဂုဏ်ပြောင်စွာ အသက်စွန့်သွားကြောင်း ကြားသိရပါသည်။ တော်လှန်သော ပညာတတ်တယောက်၏ နောက်ဆုံးစာမျက်နှာကို သွေးနှင့်ရေးပြီး မှတ်ကျောက်တင်သွား ခဲ့ပေသည်။

ချုပ်လျှင် ၇၀ ခုနှစ် နောက်ပိုင်းကာလများတွင် ရခိုင်ရိုးမ၏ ပါတီတည်ဆောက်ရေး အခြေအနေမှာ အခက်အခဲများ ရှိသော်လည်း နိုင်ငံရေးအတွေးအခေါ်အရ၊ စည်းရုံးရေးစည်းကမ်းအရ ဘက်စုံတွင် ပုံမှန်တည်ဆောက်နိုင်သည်ကို တွေ့ခဲ့ရပါသည်။

(၅) ရခိုင်ရိုးမ၏ ပြန်လည်ပြင်ဆင်ရေး (ပြန်ပြင်ရေး) ဝါဒ ချေမှုန်းရေးတိုက်ပွဲ

ပါတီဗဟို၏ ၆၇ ခုနှစ် ပါတီတွင်းတော်လှန်ရေးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်နှင့်အတူ ပြန်ပြင်ရေးဝါဒ တိုက်ပွဲလမ်းညွှန်ဆိုင်ရာ စာတမ်းများ၊ တိုက်ပွဲဖြစ်စဉ် အတွေ့အကြုံစာတမ်းများ အားလုံးနီးပါး ရခိုင်ရိုးမသို့ ရောက်ရှိလာခဲ့ပါသည်။ ပြည်နယ်ကော်မတီမှ စာတမ်းအားလုံးကို အောက်ခြေသို့ ချပေးပါသည်။ ၁၉၇၂ ခုနှစ်နှောင်းပိုင်းတွင် ပြည်နယ်ဌာနချုပ်စခန်းတွင် ပြန်ပြင်ရေးဝါဒ ဆန့်ကျင်ရေး တိုက်ပွဲတခု ဖြစ်ခဲ့သည်။ ယင်းအဖြစ်အပျက်တွင် ခေါင်းဆောင်နှစ်ယောက် အရေးယူခံရသည်။ တိုက်ပွဲဖြစ်စဉ်နှင့် နိဂုံးချုပ်ချက်ကို အောက်အဆင့်များသို့ ဖြန့်ဝေပါသည်။ ခရိုင်၊ မြို့နယ်နှင့် တပ်ဖွဲ့များတွင် ထူးခြားသည့်ဂယက် မတွေ့ရပါ။ ပြန်ပြင်ရေးဝါဒ တိုက်ပွဲနှင့်ပတ်သက်ပြီး လေ့လာရေး အတွေးအခေါ်လှုပ်ရှားမှု အစည်းအဝေးများ ရှိသော်လည်း စည်းရုံးရေးစည်းကမ်းအရ လက်တွေ့ဖြေရှင်းတာ မတွေ့ရပါ။ ပါတီစည်းကမ်း၊ တပ်စည်းကမ်း၊ လူထုနှင့်ပတ်သက်သည့် စည်းကမ်းဖောက်သူများကိုသာ စည်းကမ်းအရ အရေးယူဖြေရှင်းတာတွေတော့ ရှိပါသည်။ ၁၉၇၆ ခုနှစ် မိုးရာသီ တနေ့တွင် ရဲဘော်ကျော်မြနှင့် နှစ်ဦးချင်း ဆုံသည့်အခိုက် ပြန်ပြင်ရေးတိုက်ပွဲနှင့် ပတ်သက်ပြီး မဝံ့မရဲဖြင့် စောကြောမေးမြန်းမိသည်။

**"ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ပြန်လည်ပြင်ဆင်ရေး တိုက်ပွဲကို ခရိုင်အဆင့်၊ မြို့နယ်အဆင့်နဲ့ တပ်တွင်းပါတီတွေမှာ ဘာဖြစ်လို့ မလုပ်သေးတာလဲ အတွင်းရေးမှူး"**

ကျွန်တော့်မေးခွန်းကို ရဲဘော်ကျော်မြက ပတ်ဝန်းကျင်ကို တချက်ဝေ့ဝဲကြည့်လိုက်ရင်း တိုတိုတုတ်တုတ်ပဲ ဖြေပါသည်။

**"ရဲဘော်အောင်သာရေ... အဲဒီအတိုင်း လုပ်လိုက်ရင် ကျွန်တော်တို့ ခရိုင်ကော်မတီတွေတော့ တယောက်မှ ကျန်မယ် မထင်ဘူးဗျာ"**

သူ့စကားအဆုံးတွင် ကျွန်တော့်အဖို့ မေးခွန်းပုစ္ဆာပေါင်း များစွာဖြင့်သာ ကျန်ရစ်ပါသည်။

(၆) ရခိုင်ရိုးမ၏ တပ်တည်ဆောက်ရေး

၁၉၄၈ ခုနှစ်တွင် ရရာလက်နက်ဖြင့် ခုခံတော်လှန်ခဲ့ရသော ပြည်သူ့တပ်မတော်သည် ပါတီ၏ တိုက်ရိုက်နှင့် အကြွင်းမဲ့ ခေါင်းဆောင်မှုအောက်တွင် အခက်အခဲများစွာကို ဖြတ်ကျော်နိုင်ခဲ့ပါသည်။ တော်လှန်ရေး အစပိုင်းတွင် အောင်ပွဲများရခဲ့သော်လည်း နောက်ပိုင်း (၂) နှစ်အတွင်း စစ်အနိုင်တိုက်ရေး လမ်းစဉ်၊ ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရလမ်းစဉ်၊ ၅၅ လမ်းစဉ် စသည့် လမ်းစဉ်အမှားများကြောင့် တော်လှန်ရေး အီလေးကျဆင်းခဲ့ရပြီး နောက်ဆုံး ၅၈ ခုနှစ် လက်နက်ချပွဲကြီးနောက်တွင် တပ်ပျက်လုနီးပါး ဖြစ်ခဲ့ရပါသည်။ ၆၄ စစ်ရေးလမ်းစဉ်အောက်တွင် တပ်ကို တပ်နှင့်တူအောင် ပြန်လည်တိုက်ရင်း တည်ဆောက်လာနိုင်ခဲ့သည်။

တပ်သည် ပါတီ၏ အကြွင်းမဲ့နှင့် တိုက်ရိုက်ခေါင်းဆောင်မှုအောက်တွင် ရှိရမည်ဟူသော မူအရ တပ်တွင်း ပါတီတည်ဆောက်ရေးကို အလေးထားပါသည်။ တပ်တွင်းပါတီကော်မတီနှင့် ကလာပ်စည်း အတွင်းရေးမှူးများက တပ်၏နိုင်ငံရေးမှူး တာဝန် ယူပါသည်။ စစ်ရေးကိစ္စများတွင် ဖြစ်နိုင်သမျှ ကော်မတီ သို့မဟုတ် ကလာပ်စည်း အစည်းအဝေးထိုင်ပြီး ဆုံးဖြတ်ပါသည်။ အရေးပေါ် ကိစ္စများတွင် နိုင်ငံရေးမှူးနှင့် တပ်မှူးနှစ်ယောက် တိုင်ပင်ညှိနှိုင်းပြီး ဆုံးဖြတ်ရသည်လည်း ရှိပါသည်။ တိုက်ပွဲတွင်း လက်တွေ့ကိစ္စများတွင် တပ်မှူးက တာဝန်ယူ ဦးစီးပါသည်။

ဖြစ်နိုင်သည့် အခြေအနေတွင် တပ်တခုလုံး၏ ညီလာခံကို တနှစ်တကြိမ် ကျင်းပပါသည်။ ညီလာခံတွင် သက်ဆိုင်ရာ ခေါင်းဆောင်များက အစီရင်ခံစာ တင်သွင်းပြီး တပ်ဖွဲ့ဝင်ရဲဘော်များက တဦးချင်းအမြင်များကို တင်ပြဆွေးနွေးခွင့် ရှိပါသည်။ စုပေါင်းလေ့လာရေးတွင်လည်း အထက်မှ လေ့လာရေး ဦးတည်ချက်များချပေးပြီး လက်တွေ့အခြေအနေနှင့် ထင်ဟပ်ပြီး ဝေဖန်ရေး မိမိကိုယ်ကိုဝေဖန်ရေးကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကြသဖြင့် ဒီမိုကရေစီ လှုပ်ရှားမှု ဖြစ်ပေါ်စေပါသည်။ ၁၉၇၄ ခုနှစ် ပဲသဒူချောင်းခရိုင် တပ်ညီလာခံတွင် ရဲဘော်ကျော်မြကိုယ်တိုင် တက်ရောက်ပါသည် ၁၉၇၅ ခုနှစ် တောဖျားချောင်း၊ နတ်သရွေးချောင်း တပ်ညီလာခံတွင် ခရိုင်အတွင်းရေးမှူးက ဦးစီးကျင်းပပါသည်။ ၁၉၇၆ ခုနှစ် တပ်ညီလာခံတွင် ခရိုင်တပ်နှင့် ပြည်နယ်တပ်ဖွဲ့ နှစ်ခုကိုပေါင်းပြီး ပြည်နယ်၏ အဓိကတိုက်ခိုက်ရေးတပ်အဖြစ် ဖွဲ့စည်းခဲ့ပါသည်။ ခရိုင်တပ်မှူး ရဲဘော်ကြီးထွန်းလှအောင်ကို ပြည်နယ်တပ်မှူးအဖြစ် တိုးမြှင့်တာဝန်ပေးပါသည်။ (ရဲဘော်ကြီး ထွန်းလှအောင်မှာ တော်လှန်ရေး အစပိုင်းကပင် အခက်ခဲဆုံးကာလများကို ဖြတ်ကျော်လိုက်ပါလာခဲ့သော ရိုးသားနိမ့်ချသော ရဲဘော်ကြီးတယောက် ဖြစ်ပါသည်။ ၁၉၇၉ ခုနှစ်ကုန်ပိုင်းတွင် အူအတက်ရောင်ရောဂါဖြင့် ဆုံးသွားကြောင်း ကြားရပါသည်။)

လေ့လာရေးနှင့် ပတ်သက်လျှင် အခါအားလျော်စွာ တပ်ဖွဲ့လိုက်၊ တပ်စုလိုက် စုပေါင်းလေ့လာရေးများ လုပ်လေ့ရှိပြီး ရဲဘော်တိုင်း၏ ကျောပိုးအိတ်ထဲတွင် လေ့လာရေးစာစောင်များ ပါကြသည်။ ဖြစ်နိုင်သည့် အခြေအနေတိုင်းတွင် တပ်စိတ်လိုက် တရက်တာ နိဂုံးချုပ် အစည်းအဝေးကို တပ်စိတ်မှူးက ဦးစီးပြီး ပြုလုပ်ပေးပါသည်။ တရက်တာအတွင်း ဖြတ်သန်းလိုက်ပါမှုကို အတွေးအခေါ်၊ တိုက်စွမ်းရည်၊ စည်းကမ်းလိုက်နာမှု စသည်ဖြင့် ရှုထောင့်မျိုးစုံမှ ဝေဖန်ရေး၊ မိမိကိုယ်ကိုဝေဖန်ရေး လုပ်ကြပါသည်။ ဤသို့ဖြင့် တပ်၏ အတွေးအခေါ်၊ တိုက်စွမ်းရည်၊ စည်းကမ်းလိုက်နာမှု စသည်တို့ကို မြှင့်တင်နိုင်ခဲ့သည်။ အထူးသဖြင့် စည်းကမ်းသုံးရပ်၊ သတိပြုရန်ရှစ်ချက်ကို စံအဖြစ် ထားပါသည်။ ပါတီဗဟိုမှ ဥက္ကဋ္ဌ၏ မိန့်ခွန်းတခုတွင် အရက်မသောက်ရန်၊ ဆေးလိပ်မသောက်ရန်၊ အိမ်ထောင်မပြုရန် စသည့် တောင်းဆိုချက် (၃) ခု ပါရှိဖူးပါသည်။ ရခိုင်ရိုးမအဖို့ အရက်မှာ ပါတီအခြေခံဒေသအတွင်း သာမန်ရွာသားများ ထဲမှာပင် သောက်စားတာ မတွေ့ရဖူးပါ။

တပ်တွင် စစ်ကွန်မြူနစ်စနစ် ကျင့်သုံးပါသည်။ တပ်မှူးတပ်သား တတ်နိုင်သမျှ တန်းတူရေးကို ဖြစ်နိုင်အောင် ကြိုးစားပါသည်။ ဘက်ပေါင်းစုံ ခက်ခဲပါသည်။ ဖိနပ်မရှိ၊ လုံချည်ဝတ်ဖြင့် စစ်တိုက်ရပါသည်။ ရိက္ခာအခက်အခဲ ကြီးပါသည်။ အထူးသဖြင့် ၁၉၇၃ ခုနှစ် စက်တင်ဘာလ ထိုးစစ်နောက်ပိုင်းတွင် အခြေအနေ ပိုပြင်းထန်လာပါသည်။ စစ်တွေမြို့နယ်တပ် ရန်သူ၏ ဝိုင်းပတ်ပိတ်ဆို့မှုတွင် ချေမှုန်းခံရပြီး မြို့နယ်တပ်မှူး အောင်စိန်ထွန်း လက်နက်ချပါသည်။ ခရိုင်တပ်မှ လှထွန်းဘော်နှင့်တချို့လည်း မေယုကျွန်းတွင် ပိတ်ဆို့ခံရပြီး လက်နက်ချပါသည်။ ခရိုင်ရုံးအဖွဲ့မှ တိုက်ပွဲတပွဲနှင့် ခရိုင်တပ် တပ်စု(၂) နိုင်ငံရေးမှူး ရဲဘော်ပေါက်စိန်အောင် ဦးစီးသော စမ်းကားတိုက်ပွဲတပွဲ တိုက်ပြီးသည့်နောက်မှ ထိုးစစ်အရှိန်လည်း တန့်သွားပါသည်။ ရဲဘော်ပေါက်စိန်အောင်လည်း ယင်းတိုက်ပွဲတွင် ဂုဏ်ပြောင်စွာ အသက်ပေးလှူသွားခဲ့ပါသည်။

"ရန်သူ့လက်နက် ဒို့လက်နက်၊ ကျည်ဆန်တတောင့် ရန်သူတယောက်" ဆိုသည်မှာ ရခိုင်ရိုးမအဖို့ ကြွေးကြော်သံမဟုတ်ပါ။ တကယ့်လက်တွေ့ဘဝ ဖြစ်ပါသည်။ လက်နက်ခဲယမ်းကို ရန်သူ့ထံမှ တိုက်ယူမှ ရပါသည်။ တခြားနည်းလမ်း မရှိပါ။ မိမိ၏လက်နက်ခဲယမ်း အင်အားလည်း ချို့တဲ့ပါသည်။ ဤပကတိ ရုပ်ဘဝ၏ တောင်းဆိုချက်အရ တိုက်ပွဲနည်းပရိယာယ်ကို ကျင့်သုံးရပါသည်။ အလစ်အငိုက်ရသော အနီးကပ်တိုက်ပွဲများကို အမြန်အဆုံးသတ်အောင် တိုက်ရပါသည်။ အရှုံးအမြတ်ကာမိအောင် စဉ်းစားရသည်။ လက်နက်ခဲယမ်း သိမ်းပိုက်နိုင်ရန် ကြိုးစားရသည်။ အရင်းအနှီးလည်း တန်ရာတန်ဖိုး ပေးရပါသည်။

(၇) ရခိုင်ရိုးမ၏ အာဏာနီ

ရခိုင်ဒေသတွင် ဂျပန်တော်လှန်ရေးအပြီး တောကံ့ညီလာခံ ကာလကပင် လယ်သမားများ၏ မြေရှင်စနစ် ဆန့်ကျင်ရေးတိုက်ပွဲ

ပြင်းထန်ခဲ့ပါသည်။ နောက်ပိုင်း လက်နက်ကိုင်တော်လှန်ရေး ဖြစ်လာချိန်တွင် မြေရှင်တို့၏ မြေများကို သိမ်းပိုက်ပြီး မြေယာဝေခြမ်းရေးကို နေရာအတော်များများတွင် လုပ်ခဲ့ရာ စနစ်မကျမှုများ ရှိခဲ့သော်လည်း လယ်သမားများ လက်ဝယ်သို့ မြေယာများ ရောက်ရှိခဲ့ပါသည်။ နှစ်ပေါင်းနှစ်ဆယ် ကျော်ခဲ့သည့်တိုင် အပြောင်းအလဲမရှိခဲ့။ တချို့နယ်မြေများတွင် သမဂ္ဂပိုင် မြေများအဖြစ် တည်ရှိနေပြီး လက်ရှိလက်ငုတ် လက်မလွှတ်ရေး၊ လယ်လုပ်သူ လယ်ပိုင်ရေး ကြွေးကြော်သံအောက်တွင် တောင်သူလယ်သမား သမဂ္ဂများက ဦးဆောင်ဖြေရှင်းပေးပါသည်။ တောင်သူလယ်သမား သမဂ္ဂများဖွဲ့စည်းရာတွင် ဗဟိုက ချမှတ်ပေးထားသော ကျေးလက်လူတန်းစားလမ်းစဉ်၊ တောင်သူလယ်သမားသမဂ္ဂနှင့် ဆင်းရဲလယ်သမားသမဂ္ဂ ဖွဲ့စည်းပုံမူများကို အခြေခံပြီး ဖွဲ့စည်းပါသည်။ သက်ဆိုင်ရာ ကျေးရွာမှ ရွေးကောက်တင်မြှောက်ထားသော သမဂ္ဂခေါင်းဆောင် အဖွဲ့တွင် ဆင်းရဲလယ်သမား လူတန်းစားက အချိုးအစားများပြီး ဖွဲ့ပါသည်။ ဥပမာ ခေါင်းဆောင် (၅)ယောက် ရှိသည်ဆိုပါစို့။ ဆင်းရဲလယ်သမား လူတန်းစားက (၃) ယောက်ဆိုလျှင် အလတ်တန်းစား လယ်သမားက (၂) ယောက်ပါဝင်သည်။ ယင်းတောင်သူလယ်သမား သမဂ္ဂသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ (အာဏာနီအဖွဲ့) တနည်း ကျေးရွာအာဏာပိုင် အဖွဲ့ဖြစ်သည်။ တောင်သူလယ်သမား သမဂ္ဂမဖွဲ့ရသေးသော တချို့ကျေးရွာများတွင် ဆင်းရဲလယ်သမားသမဂ္ဂက ယာယီအုပ်ချုပ်ရေးတာဝန် ယူပါသည်။ ချုပ်လျှင် ရခိုင်ရိုးမတွင် တည်ရှိခဲ့သော အာဏာနီဆိုသည်မှာ လယ်သမားလူတန်းစား၏ အကျိုးစီးပွားကို အကာအကွယ်ပေးသော အောင်လံနီပင်ဖြစ်ပါသည်။

(၈) ဥက္ကဋ္ဌသခင်ဗသိန်းတင်၏ ၁၉၇၅ ခုနှစ် မေလမိန့်ခွန်းနှင့် ရခိုင်ရိုးမ

၁၉၇၅ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ပဲခူးရိုးမတွင် ဥက္ကဋ္ဌသခင်ဇင်နှင့် အတွင်းရေးမှူး သခင်ချစ်တို့ ကျဆုံးပြီးနောက် မေလတွင် ဥက္ကဋ္ဌသခင်ဗသိန်းတင်၏မိန့်ခွန်း ထွက်ပေါ်လာသည်။ အားလုံးက မိန့်ခွန်းပါ အချက်အလက်များကို အသေးစိတ်လေ့လာကြပါသည်။ ရဲဘော်တချို့ အနည်းစုကတော့ ထူးခြားချက်ရှိသည်ဟု ထင်မြင်ချက် ရှိပုံရပါသည်။ ထိုစဉ် ပြည်နယ်ကော်မတီက ဥက္ကဋ္ဌ၏မိန့်ခွန်းနှင့် ပတ်သက်ပြီး ပြည်နယ်ပါတီ၏သဘောထားကို ထုတ်ပြန်ပါသည်။ အတွင်းသဘောမှာ ဥက္ကဋ္ဌ၏မိန့်ခွန်းပါ အချက်အလက်များသည် ၆၄ လမ်းစဉ်အတိုင်းပင် ဖြစ်သည်။ အခြေခံအားဖြင့် ပြောင်းလဲမှုမရှိ၊ သို့ဖြင့် ချမှတ်ထားသော လမ်းစဉ်အတိုင်းပင် သံသယမရှိဘဲ ဆက်လက် လုပ်ဆောင်သွားကြရန်ဟု ပါရှိသည်။

၁၉၇၇ ခုနှစ် နိုဝင်ဘာလလောက်တွင် အနောက်မြောက်တိုင်း (နမတ) ဒုနိုင်ငံရေးမှူး ဦးစိုးသိန်း ပြည်နယ်ဌာနချုပ်သို့ ရောက်လာပါသည်။ သူနှင့်အတူ နမတ၏ ဥက္ကဋ္ဌသခင်ဗသိန်းတင် မေလမိန့်ခွန်းအပေါ် သဘောထား စာတမ်းလည်း ပါလာပါသည်။ သူတို့အမြင်မှာ (ဥက္ကဋ္ဌ၏ မိန့်ခွန်းပါ လမ်းညွှန်ချက်များသည် ၆၄ လမ်းစဉ်နှင့်မတူ ကွဲပြားမှုတွေရှိသည်။ ပါတီတွင်းတော်လှန်ရေးကိစ္စ၊ စစ်ရေးကိစ္စများတွင် ပြောင်းလဲမှုတွေ ရှိနေသည်။ ဥက္ကဋ္ဌမိန့်ခွန်းသည် ၆၄ လမ်းစဉ်၏ ဆယ်နှစ်ကာလကို နိဂုံးချုပ်ချက်ပင် ဖြစ်သည်။ စသည်ဖြင့်ပါရှိသည်။) ဤသို့ဖြင့် နမတနှင့် ရခိုင်ပြည်နယ်တို့ နှစ်ဖက်အမြင်များကို ညှိနှိုင်းဆွေးနွေးကြပြီး အောက်ပါအချက်များကို အဓိကထားပြီ၊ ဆုံးဖြတ်ခဲ့ကြသည်။

(၁) လက်ရှိကာလ နိုင်ငံရေး၊ စစ်ရေး လက်တွေ့လုပ်ငန်းများတွင် ဥက္ကဋ္ဌ၏ မိန့်ခွန်းပါ လမ်းညွှန်ချက်များအတိုင်း ဆက်လက် လုပ်ဆောင်သွားရန်။

(၂) ပါတီဗဟိုသို့ အမြန်ဆုံး အဆက်အသွယ်ရအောင် ကြိုးစားရန်၊ မိမိတို့ဒေသနှစ်ခု၏ စုပေါင်းအမြင်ကို ဗဟိုသို့ အစီရင်ခံပြီး လမ်းညွှန်ချက်များ ရယူရန်။

သို့နှင့် ကျွန်တော်နှင့်အတူ တပ်မှသင့်တော်သည့် အခြားရဲဘော်တယောက်ကို ရွေးချယ်ပြီး ဗဟိုသို့ ဖြစ်သည့်နည်းနှင့် သွား ရောက်ဆက်သွယ် အစီရင်ခံရန် တာဝန်ပေး စေလွှတ်ခဲ့ပါသည်။ ကျွန်တော်တို့နှစ်ယောက်လည်း လမ်းစရိတ်ငွေ ၃၀၀၀ ကျပ်နှင့် ၁၉၇၈ ခုနှစ် မေလတွင် ခရီးစထွက်လာခဲ့ပါသည်။ စစ်တွေ၊ ရန်ကုန်၊ မန္တလေးနှင့် ကေအိုင်အေဒေသတို့ကို ဖြတ်သန်းပြီး ဩဂုတ်လ ၁၅ ရက်နေ့တွင် ပါတီ၏ နမ့်ခမ်းခရိုင် လွတ်မြောက်ဒေသသို့ ရောက်ရှိပါသည်။ ဘာအဆက်အသွယ်မှ မရှိဘဲ သွားခဲ့ရသဖြင့် ခရီးစဉ်တလျှောက် မျှော်လင့်မထားသော အခက်အခဲများ တွေ့ခဲ့ပါသည်။ ရက်တချို့နားပြီး ပါတီဗဟိုဌာနချုပ်ရှိရာ ပန်ဆန်းသို့ သက်ဆိုင်ရာက ပို့ပေးပါသည်။ ထိုစဉ်က ဗဟိုဌာနချုပ်တွင် ဗဟိုကော်မတီ စုံညီအစည်းအဝေး ကျင်းပနေဆဲ ဖြစ်သဖြင့် ရခိုင်နှင့် အနောက်မြောက်ဒေသတို့၏ အခြေအနေနှင့် ပတ်သက်သော ကျွန်တော်တို့အစီရင်ခံသည့် အချက်အလက်များသည် ဗဟိုအတွက် အထူးအကျိုးရှိသည်ဟု ဆိုပါသည်။ ဆတ်သားရောက်သည့် သတင်းကို အချက်ပြသည့်အနေနှင့် ပြည်သူ့အသံမှ “ရခိုင်ဌာနေအောင်ပန်းဝေ” ရခိုင်သီချင်းကို လွှင့်ပေးပါသည်။ ထိုညတွင် ရခိုင်ရိုးမသည် လရောင်အောက်တွင် ခါတိုင်းထက်ပိုပြီး မြူးကြွလှပနေပါလိမ့်မည်။

နိုဝင်ဘာလလယ်လောက်တွင် ဥက္ကဋ္ဌက ကျွန်တော်တို့နှစ်ယောက်ကို ခေါ်တွေ့ပါသည်။ ဥက္ကဋ္ဌက အလုပ်များနေသဖြင့် စောစောကပင် မတွေ့နိုင်ခဲ့တာဖြစ်ကြောင်း တောင်းပန်စကားပြောပြီး ရခိုင်သို့ပြန်ပြီး အစီရင်ခံရမည့် အချက်များကိုလည်း ဆွေးနွေးပါသည်။ ရခိုင်ဘက်တွင် အိမ်ထောင်ပြုခွင့်မပြုသည့် ကိစ္စကိုလည်း မေးလာသဖြင့် ကျွန်တော်တို့လည်း အခြေအနေကို တတ်နိုင်သမျှ ရှင်းပြပါသည်။ ဥက္ကဋ္ဌကတော့ ဘဝင်ကျပုံမရပါ။ “မာ့က်စ်ဝါဒမှာ အိမ်ထောင်မပြုရဘူးလို့ မပါပါဘူး” ဟူ၍သာ။ ကျွန်တော်တို့လည်း စာဒကမတက်တော့ပါ။

ဒီဇင်ဘာလ ဆန်းပိုင်းတွင် ရခိုင်ရိုးမသို့ပြန်ရန် ခရီးစထွက်ပါသည်။ အပြန်ခရီးကို မြို့ပေါ် ရောက် အောင် ရဲဘော်ခင်ညို(၁၀၈ စစ်ဒေသ နိုင်ငံရေးမှူး) က စီစဉ်ပေးပါသည်။

ရခိုင်ဖက်သို့ ချောမောစွာ ပြန်ရောက်ပြီး ဗဟို၏မှာကြားချက်များကို အစီရင်ခံပါသည်။ တဖန် ဗဟိုသို့ပြန်သွားရန် ရဲဘော်ကျော်မြက ညွှန်ကြားသဖြင့် ခရီးပြန်ထွက်ခဲ့ရပါသည်။ ဤတကြိမ်ခရီးမှစပြီး ကျွန်တော်ချစ်သောရိုးမနှင့် နှစ်ပေါင်းများစွာ (ယနေ့တိုင်) ပြန်မဆုံနိုင်တော့။ လုံးဝမျှော်လင့်မထားသော ဖြစ်ရပ်များကြောင့် အဝေးမှသာ လွမ်းနေ ခဲ့ရပါသည်။

(၉) ဒဏ်ရာများနှင့် ရခိုင်ရိုးမ

လက်ရှိအခြေအနေမှာ ရခိုင်ရိုးမသည် ဒဏ်ရာများနှင့် နာကျင်ကြေကွဲစွာ လဲလျောင်းနေရပါသည်။ ခေတ်အဆက်ဆက် ပဒေသရာဇ်စနစ်၊ နယ်ချဲ့စနစ်နှင့် ဖောက်ပြန်သည့် အစိုးရအဆက်ဆက်၏ ဖိနှိပ်ရက်စက်မှုများကို ရခိုင်ပြည်သူများ ခါးစည်းခံခဲ့ကြရသည်။ အထူးသဖြင့် ပြည်တွင်းစစ်ကာလ တလျှောက်လုံးတွင် အစိုးရစစ်တပ်၏ ရက်ရက်စက်စက် သတ်ဖြတ်မှုများ၊ အမျိုးသမီးများအပေါ် အဓမ္မကျင့်မှုများ အနှံ့အပြား ရှိခဲ့သည်။ တောပင်ဇန်းနှင့် အခါးဇားရွာများတွင် ရွာသားများကို တန်းစီပြီး ပစ်သတ်ခဲ့သည်။ ရိုးတရုတ်နှင့် ရှင်ကျော်ရွာတို့တွင် အမျိုးသမီးများကို အဓမ္မကျင့် စော်ကားမှုများကို ရိုင်းရိုင်းစိုင်းစိုင်း ပြုလုပ်ခဲ့ကြသည်။ လူ့ဂုဏ်သိက္ခာကို စော်ကားသည့် လုပ်ရပ်မျိုးတွေလည်း ရှိသေးသည်။ ဥပမာတခု ပုဏ္ဏားကျွန်းမြို့နယ် ပေါက်တောပြင်ကျေးရွာတွင် အဖိုးအို အဖွားအိုများကို ရွာလယ်ကွင်းတွင် အကခိုင်း၊ ကျွမ်းထိုးခိုင်းပြီး ဝိုင်းဟားတိုက် လှောင်ပြောင်ကြသည့် အဖြစ်မျိုး... အလားတူဖြစ်ရပ်မျိုးတွေ များလှပါသည်။ ဤကဲ့သို့ ရိုင်းစိုင်းယုတ်မာရက်စက်သည့် လုပ်ရပ်များ (လူသတ်၊ မီးရှို့၊ အဓမ္မကျင့်မှုများ) မှာ ရခိုင်ပြည် နေရာအနှံ့အပြားမှာ အမှန်ပင် ရှိခဲ့ပါသည်။

တော်လှန်ရေးကို တောင်တက်ခရီးရှည် လမ်းတခုလို သဘောထားရမည်ဟု ဥက္ကဋ္ဌသခင်ဇင်က ဆိုပါသည်။ သစ်တောက်ငှက် ပျံသလို အနိမ့်အမြင့် အတက်အကျတွေ ရှိမည်။ အောင်မြင်မှု ဆုံးရှုံးမှုတွေ ဒွန်တွဲတည်ရှိနေနိုင်သည်။ သို့သော် နောက်ဆုံးတွင် ရည်မှန်းချက်ကို ရောက်ရမည်ဟု ဆိုလိုခြင်း ဖြစ်မည်။ ရခိုင်ရိုးမ တော်လှန်ရေး၏ ဆုံးရှုံးမှုနှင့် ရခဲ့သည့် ဒဏ်ရာကတော့ ပြင်းလွန်းလှပါသည်။ နမတ တခုလုံး လက်နက်ချသည်တွင် ရခိုင်မှ တပ်တချို့နှင့် ခေါင်းဆောင် တချို့ ပါသွားခဲ့သည်။ ၁၉၈၀ ခုနှစ်တွင် ရခိုင်ဘက်သို့ ရန်သူ့အင်အားများ စုပြုံထိုးလာသဖြင့် နောက်ဆုံး မလွှဲမရှောင်သာ နယ်စပ်ဘက်သို့ ဆုတ်ရသည်။ အခြေခံဒေသ လက်လွှတ်ဆုံးရှုံးခဲ့ရပြီး ရဲဘော်အချို့ ကျဆုံးခဲ့ရသည်။ လက်နက်ချမှုများလည်း ရှိခဲ့သည်။ ကာလတခု တောင့်ခံနိုင်ခဲ့သော်လည်း နောက်ပိုင်း ၁၉၉၇ ခုနှစ်တွင် အများစုမှာ ရန်သူနှင့် စေ့စပ်သွားကြပါသည်။ အနည်းစုသာ ပါတီအလံ ဆက်ကိုင်ကျန်ရစ်ပါသည်။ ဖြစ်စဉ်နှင့်ပတ်သက်ပြီး မည်သည့်မှတ်ချက် (သို့) ကောက်ချက်မျှ မချလိုပါ။ ကိုယ်တိုင်ပါဝင်ခဲ့ကြသူများတွင် သုံးသပ်ချက်တချို့တော့ ရှိကြလိမ့်မည်ဟု ထင်ပါသည်။

အခက်အခဲများကြာမှ ပါတီအလံကို ဆက်လက်ကိုင်စွဲထားကြသော အနည်းတကာ့အနည်းစု ရဲဘော်များကို လေးစားစွာ ဂုဏ်ပြုအပ်ပါသည်။ တနေ့မှာ ရိုးမဟာ မုချနိုးထလာပါလိမ့်မည်။ တော်လှန်ရေးနေ့ မိန့်ခွန်းတခုတွင် တော်လှန်ရေးနှင့် ပတ်သက်ပြီး အတွင်းရေးမှူး သခင်ချစ် တင်စားဖူးသော “စမ်းရေအိုင်” လေးကို သတိရမိသည်။ တော်လှန်ရေးဆိုတာ တစိမ့်စိမ့်စီးထွက်နေတဲ့ ကြည်လင်တဲ့ စမ်းရေအိုင်လေးလို သေးငယ်သော်လည်း တောက်ပသည့် အနာဂတ်နှင့်...။

ဖိုးနီ

၁.၆.၂၀၁၄

# ပြိုင်တူတွန်းဖို့လိုတယ်



**မောင်သန်းမြွေ**

၂၀၀၈ နာဂစ် ၂၀၁၀ ကြိုတင်မဲ တို့နှင့်အတူ မရိုးနိုင်တဲ့ အသွင်ကူးပြောင်းရေး မျက်လှည့်ပွဲဖြင့် ဖော်ဆောင်လာတဲ့ စစ်အာဏာရှင်များရဲ့ ပြုပြင်ပြောင်းလဲရေးမှိုင်း (သမ္မတကြီးရဲ့ အသုံးအနှုန်းအရ လှိုင်း)ဟာ နိုးထလာနေတဲ့ လူထုလူတန်းစားအသီးသီးရဲ့ ဆန့်ကျင်အုံကြွလာမှုကြောင့် ကြာလေပွင့်ကျလေဖြစ်နေတယ်။ စစ်တပ် အစိုးရအဖွဲ့ လွှတ်တော် ချော့တခါခြောက်တလှည့် ဖုံးတခါ ဖော်တလှည့် ဝမ်း–တူးရိုက်ပြီး ဖော်ဆောင်လာတဲ့ ၂၀၀၈ အောက် စစ်ကျွန်ဇာတ်သွင်းရေး စီမံချက်ဟာ အထစ်အငေါ့တွေ ပေါ်လာတယ်။

ပထမ အထစ်အငေါ့က အလုပ်သမား လယ်သမားမြို့နေဆင်းရဲသား အခြေခံလူတန်းစားတွေက ကိုယ့်ခြေထောက်ပေါ်ကိုယ် မားမားထရပ်လိုက်ကာ ဘဝရပ်တည်ရေး လွတ်မြောက်ရေးအတွက် ရုန်းကန်လှုပ်ရှား တိုက်ပွဲဝင်လာကြလို့ ဖြစ်တယ်။

ဒုတိယ အထစ်အငေါ့က လူငယ်ကျောင်းသားပညာတတ် လူလတ်တန်းစားနဲ့ ခနရှင်အငယ်စား (အမျိုးသားခနရှင်) တို့ရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် ၂၀၀၈ ဖျက်သိမ်းရေး (တချို့က ပုဒ်မ ၄၃၆ ပြင်ရေး) လှုပ်ရှားတောင်းဆို လာကြလို့ဖြစ်တယ်။

တတိယ အထစ်အငေါ့က တိုင်းရင်းသား လက်နက်ကိုင်အင်အားစု အသီးသီးနဲ့ တွေ့ဆုံဆွေးနွေးနေတဲ့ အပစ်အခတ်ရပ်ဆဲရေး ထာဝရငြိမ်းချမ်းရေး အမျိုးသားတန်းတူရေးနဲ့ ဖယ်ဒရယ်ပြည်ထောင်စု ပြဿနာမှာ ဇာတ်မျောနေတာဖြစ်တယ်။

ဘာ့ကြောင့်ဒီလို ဖြစ်ရသလဲ။

ဦးစွာပြောဖို့လိုတာက အထက်ပါပြဿနာများဟာ ပြည်တွင်းရေးပြဿနာ စစ်စစ်ဖြစ်တယ်။ စစ်ဗျူရိုကရက် လူတန်းစားကတဖက် အဖိနှိပ်ခံပြည်သူများ အမျိုးသားများကတဖက် ဖြစ်ပွားနေတဲ့ ပဋိပက္ခရဲ့ ဖော်ပြချက်လည်းဖြစ် အခြေအနေမှန်လည်းဖြစ်တယ်။ ဒါ့ထက် ကျယ်ကျယ်ပြောရရင် စစ်ဗိုလ်ချုပ်ကြီး (ဟောင်း–သစ်)များရဲ့ပြည်တွင်းမှာ လက်ဝါးကြီးအုပ် ပြည်ပမှာလက်ဝေခံလုပ်လိုတဲ့ စီးပွားရေး နိုင်ငံရေး စစ်ရေး ဖောက်ပြန်မှားယွင်းတဲ့ ပေါ်လစီအရပ်ရပ်ကို တရားဝင်အောင် လုပ်ထားတဲ့ ၂၀၀၈ ဖွဲ့စည်းပုံကို ဇွတ်ရောအဓမ္မ အသက်သွင်းလာလို့ဖြစ်တယ်။

စစ်အုပ်စုရဲ့အရွေ့က ပြည်ပသက်ရောက်မှုအောက်မှာ ကစားကွက်ထွင်တဲ့ အရွေ့ဖြစ်တယ်။ အာရပ်နွေဦး လူထုအုံကြွမှုကြောင့် အာဏာရှင်အစိုးရတွေ ပြုတ်ကျနေတာကို အထိတ်တလန့်ဖြစ်လာတဲ့ စစ်အုပ်စုဟာ အမေရိကန်ရဲ့အာရှပစိဖိတ်ဗျူဟာအောက်မှာ ထွက်ပေါက်ရှာ လှုပ်ရှားတဲ့ အရွေ့ဖြစ်တယ်။ အနောက်အုပ်စုရဲ့စပွန်ဆာ(ကမကထ) လုပ်မှုဖြင့် စစ်အစိုးရ – ၈၈ လစ်ဘရယ်ဒီမိုကရက်များ – တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများ သုံးပွင့်ဆိုင် win-win ပြေလည်ရေး ‘အမျိုးသားပြန်လည်သင့်မြတ်ရေး’ လမ်းကြောင်းအတွက် လစ်ဘရယ်ဖြေလျော့မှု တချို့လုပ်ကာ အသွင်ကူးပြောင်းရေး ပြုပြင်ပြောင်းလဲရေး အလံဟောင်းကို ပြန်လွှင့်ထူနေတာဖြစ်တယ်။

ဒါပေမဲ့

မီခိုရေးအရင်းရှင်လမ်းကြောင်းနဲ့ ထွက်ပေါက်ရှာတာဟာ လူမိုက်နောက်မှ အကြံရ ဆိုသလို မှန်းချက်နဲ့နှမ်းထွက်

မကိုက်ဘူး ဖြစ်နေတယ်။ ၅ နှစ်အတွင်း မလေးကိုမီမယ် ထိုင်းကိုမီမယ် ၁၀နှစ်အတွင်း စင်ကာပူကိုမီမယ် ၁၅နှစ် အနှစ် ၂၀အတွင်း အရှေ့တောင်အာရှရဲ့ ကြယ်တပွင့်ဖြစ်လာမယ် ဆိုတာတွေဟာ လေထဲတိုက်အိမ်ဆောက်သလိုသာ ဖြစ်ခဲ့တယ်။ အမေရိကန် – ဥရောပသမဂ္ဂ – ဂျပန် အရင်းရှင် ကမ္ဘာတခုလုံး စီးပွားရေးကပ်ဆိုက် နေတာဖြစ်လို့ နိုင်ငံခြားအရင်းအနှီးတွေ လိုမ့်ဝင်မလာပေဘူး။ ဝင်လာတဲ့အရင်းအနှီးတွေကလည်း နိုင်ငံတကာ ဘဏ္ဍာအရင်း ကမ္ဘာဖြန့်ကြက်မှုနဲ့ အတူ နီယိုလစ်ဘရယ်နှောင်ကြိုးတွေနဲ့ ဖြစ်တယ်။ နိုင်ငံခြားကြွေးမြီဟာ ကြွေးဟောင်း လျှော်ပြီးတာတောင် ကြွေးသစ်တွေ တိုးနေတယ်။ စစ်အုပ်စု စံပြုနေတဲ့ ထိုင်း အင်ဒိုနီးရှား စင်ကာပူတို့ပင်လျှင် စီးပွားရေးကျဆင်းနေရုံတင်မက အနောက် ဘဏ္ဍာအရင်းရဲ့ အကျပ်ကိုင်မှုဒဏ် ခံနေရတယ်။

အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူတွေမှာတော့ အသက်တချောင်း ရှင်သန်နိုင်ရေး ဘဝရပ်တည်ရေးဟာ ကြာလေခက်ခဲလေ ဖြစ်လာတယ်။ မငြိမ်းချမ်း မလုံခြုံ မတည်ငြိမ် မတိုးတက် ဖြစ်လာတယ်။

အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ လစ်ဘရယ်ပြုခြင်း ဈေးကွက်ပြုခြင်း ကမ္ဘာမှုပြုခြင်း ခံလိုက်ရတဲ့ အာရပ်နွေဦးဟာ ဖရိုဖရဲ ဝုန်းဒိုင်းကျဲ ဖြစ်နေတယ်။ နွေဦးဟာ သာသာယာယာ မရှိဘူး။ ယူကရိန်းမှာလည်း ကွဲအက်ရေးမှ ခွဲထွက်ရေးတွေ ဖြစ်လာတယ်။

ဒါက ဘာကိုဖော်ပြနေသလဲဆိုရင် ပြည်ပအကြောင်းအချက်ဟာ အဆုံးအဖြတ် မဟုတ်ဘူး။ ပြည်တွင်းအကြောင်းအချက် ဖြစ်တဲ့ မိမိတို့ရဲ့ အတ္တဘာဝ ကြီးထွားမှုကသာ အဆုံးအဖြတ်ဖြစ်တယ် ဆိုတာပါပဲ။ ယနေ့လို ဝန်ရိုးတခုကမ္ဘာ စည်းစနစ်ဟောင်းက အကျ၊ ဝန်ရိုးစုံ ကမ္ဘာ စည်းစနစ်သစ်က အထ၊ အပြောင်းအလဲကာလမှာ ထင်ယောင်မှားမှု သမရိုးကျစဉ်းစားမှု အမှိုအခိုမကင်းမှု တွေကို ကျော်နင်းနိုင်ဖို့ လိုတယ်။ စစ်အုပ်စုက ပုံစံဟောင်းအတိုင်းပဲ စဉ်းစားနိုင်တယ်။ သူတို့ဟာ အတ္တလောဘနဲ့ ကိုယ်ကျိုးစီးပွားကို ကျော်လွန်ပြီး စဉ်းစားနိုင်လိမ့်မယ် မဟုတ်ဘူး။ အာဏာလက်မလွှတ်ရေး၊ စစ်တပ်ကိုစစ်ဗျူရိုကရက်များက ရာသက်ပန် ခါးပိုက်ဆောင်ပြုရေး၊ ၂၀၀၈–၂၀၁၀ နဲ့ အာဏာယ လာတဲ့ စစ်တပိုင်းအစိုးရ တရားဝင်ဖြစ်ရေး၊ ၂၀၁၅ မှာ ထပ်မံအနိုင်ရရေးတို့အတွက် အထက်လမ်းအောက်လမ်း နည်းမျိုးစုံနဲ့ လုပ်မှာဖြစ်တယ်။

ယခုတွေ့နေရပြီ။

လယ်သမား အလုပ်သမားတွေကို နှစ်ရှည်ထောင်ဒဏ်တွေ ချနေပြီ။

အကူအညီပေးသူတွေကို ပိုမဲပြီး ရာဇဝတ်ကြောင်းနဲ့ အမှုဖွင့် ပုဒ်မမျိုးစုံတပ်ကာ ထောင်ဒဏ်ကြီးကြီး ချနေပြီ။

ဆန္ဒပြ တက်ကြွလှုပ်ရှားသူတွေကို တနယ်တမှုနဲ့ အမှုတွေတန်းစီကာ ထောင်ချနေပြီ။

မီဒီယာ လွတ်လပ်ခွင့်ကို ချုပ်ချယ်လာ သတင်းသမားတွေကို ပြသနာရှာ နှစ်ရှည်ထောင်ဒဏ်တွေ ချနေပြီ။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး စည်းကမ်းများ တင်းကျပ်မှုတွေ လုပ်လာပြီ။

ဘာသာရေး လူမျိုးရေး အမုန်းတရား (တလွဲမျိုးချစ်စိတ်)တွေ လှုံ့ဆော်သွေးထိုးပြီး ကလေကချေ မာဖီးယားဂိုဏ်းတွေမွေးကာ အဓိကရုဏ်းတွေ ဆူပူသောင်းကြမ်းမှုတွေ ဖြောင်လုပ်လာပြီ

လူထုကို ကူညီနေတဲ့ ဥပဒေပညာရှင် ရှေ့နေတွေလည်း အမှုတွေပုံလာကာ မနိုင်မနင်း ဖြစ်လာပြီ။

တိုင်းရင်းသားဒေသတွေမှာ ရှေ့ကငြိမ်းချမ်းရေး စကားပြောရင်း နောက်ကတိုက်ပွဲတွေ ဖြစ်နေပြီ။

၂၀၁၅ နီးလေ ပွဲကြမ်းလေ ဖြစ်မယ်ဆိုတာ မျှော်လင့်မထားတဲ့အရာတော့ မဟုတ်ဘူး။ ဖိနှိပ်မှုပြင်းထန် လာတာဟာ စစ်အုပ်စုရဲ့ မင်းသားမျက်နှာဖုံး ပွင့်ကျလာတာကို ပြနေတာဖြစ်တယ်။ သူတို့အဆင်မချောတော့ဘူး။ သူတို့တွင်းမှာလည်း အကျပ်အတည်းတွေ ရှိလာတယ်။ ဦးဆန်းဆင့်ကို အရေးယူရတာ၊ ဦးအောင်မင်း ဝန်ချတောင်းပန်ရတာတွေဟာ အကင်းပဲရှိပါသေးတယ်။ ၂၀၁၅ သမ္မတသစ်ဟာ ဘီလူးဆိုင်းနဲ့ ထွက်ရမလား နတ်ဆိုင်းနဲ့ ထွက်ရမလား။

စစ်အာဏာရှင်စနစ်အောက် ၅၂ နှစ်(၂၀၁၄ – ၁၉၆၂) ရုန်းကန်လှုပ်ရှားခဲ့တဲ့ အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးအဖို့ ထုသားတေသား ရနေပါပြီ။ သန်းကောင်ထက်ညဥ့်မနက်တော့ဘူး။ ခြောက်တိုင်းလည်းမကြောက် ချော့တိုင်းလည်းမပျော့ဘူး။ လူထုတိုက်ပွဲဒီရေကို ဘာနဲ့မှ တားဆီးနိုင်လိမ့်မယ် မဟုတ်ဘူး။ ပြုပြင်ရေးမှိုင်းအပေါ် ထင်ယောင်မှားမှုတွေကို ခွာချဖို့အချိန်တန်ပြီ ဖြစ်ပါတယ်။ စစ်နဲ့ တော်လှန်ရေး ပြဿနာမှာ စစ်လားငြိမ်းချမ်းရေးလား ပြုပြင်ရေးလားတော်လှန်ရေးလား ဆိုတာကို အုပ်စိုးသူဖိနှိပ်သူ လူတန်းစားက ပြဋ္ဌာန်းတာပါ။ ပြိုင်တူတွန်းရင် ရွေ့ပါတယ်။

**မောင်သန်းမြရွှေ**

(၁၈–၇–၂၀၁၄)



# နိုင်ငံတော် လီဆယ်မှု နှင့် အကြမ်းဖက်မှု

## ဇော်လတ်

တကယ်တော့ အကြမ်းဖက်မှုနဲ့ လိမ်လည်မှုဟာ (နဝတ–နအဖ) စစ်အစိုးရရဲ့ ဘယ်လိုမှ မဖုံးကွယ်နိုင်တဲ့ လက္ခဏာတခုဖြစ်ပြီး၊ (နဝတ–နဖအ) စစ်အစိုးရရဲ့ အာဏာ အမွေစားအမွေခံဖြစ်တဲ့ လက်ရှိသမ္မတ(ဗိုလ်) ဦးသိန်းစိန် ကြံ့ဖွံ့အစိုးရကလည်း အကြမ်းဖက်မှုနဲ့ လိမ်လည် မှုတွေနဲ့ ပတ်သက်လာရင် ဘမျိုးဘိုးတူတဲ့ အမွေခံသားပီပီ၊ လက်မရွံ့နေသူတွေ၊ လက်ယဉ်နေသူတွေဖြစ်ပါတယ်။

လက်ပံတောင်းမှာ၊ ရခိုင်ပြည်နယ်မှာ၊ လားရှိုးမှာ၊ မိတ္ထီလာမှာ၊ ဥက္ကံမှာ၊ ထန်းကုန်းမှာ၊ တပြည်လုံးအနှံ့ဖြစ်ပွားနေတဲ့ လယ်သမား အလုပ်သမားဆန္ဒပြမှုတွေမှာ သူတို့ရဲ့အကြမ်းဖက်မိုက်လုံးကြီးမှုများကို ဇက်ရဲလက်ရဲပြသခဲ့၊ ပြသနေဆဲ မဟုတ်ပါလား။

၂၀ ဇူလိုင်ရက်စွဲနဲ့ အစိုးရသတင်းစာတွေမှာဖော်ပြခဲ့တဲ့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ "သတင်းထုတ်ပြန်ချက်" ဟာ ဖြောင်အကျဆုံး၊ အရှက်မဲ့ဆုံး၊ လီဆယ်မှုအပေါင်းသရဖူဆောင်းထားတဲ့ ထုတ်ပြန်ချက်တခုသာဖြစ်ပါတယ်။

မွန္တလေးမြို့သူမြို့သားတွေ မျက်ဝါးထင်ထင် တွေ့ကြုံခံစားခဲ့ကြရတဲ့ ဘာသာရေးခုတုံးလုပ်အကြမ်းဖက်မှု၊ လူသတ်မှု၊ မီးရှို့မှု စတာတွေကို လျစ်လျူရှုတဲ့ လုပ်ရပ်လည်းဖြစ်တယ်။

သကျ်န်းဝတ် အကြမ်းဖက် သောင်းကျန်းဆူပူ လုံ့ဆော်ဖန်တီးသူများဖြစ်ကြတဲ့ ခင်ကြီး ၂ပါးနဲ့ နောက် ပါနောက်လိုက် အကြမ်းဖက်သမားတွေကို အကာအကွယ်ပေးလိုက်ခြင်း၊ လွတ်ငြိမ်းချမ်းသာ ခွင့်ပေးလိုက်ခြင်းဖြစ်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သလို "လီဆယ်မှု" သာဖြစ်တယ်ဆိုရင်လည်း ဒီလီဆယ်မှုဟာ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ နိုင်ငံတော်သမ္မတတို့ ပူးပေါင်းကြံစည်ကြတဲ့ " နိုင်ငံတော်လီဆယ်မှု" သာဖြစ်တယ်လို့ ကျွန်တော်တို့ ပြည်သူများက မှတ်ယူကြရမှာဖြစ်တယ်။

ဇူလိုင် ၂၂ ရက်နေ့ ကြေးမုံသတင်းစာထဲက ဖြောင်လိမ်ထားတဲ့ အချက်တခုကို ပူပူနွေးနွေး သာဓကအဖြစ် ထုတ်ပြပါ့မယ်။

"ယခင်က ပြည်သူများ ထိတ်လန့်စိုးရိမ်မှုကို ဖြစ်စေသဖြင့် အာဇာနည်နေ့များတွင် တားမြစ်ထားခဲ့ရာ အစိုးရသစ်လက်ထက် ပြည်သူတို့ တောင်းဆိုမှုကို အလေးထားသဖြင့် အာဇာနည်ခေါင်း ဆောင်ကြီးများကျဆုံးချိန်ကို မီးသတ်ယာဉ်များ ပြန်လည်၍ အလေးပြု ခြင်းဖြစ်ကြောင်း" တဲ့။

ဘယ်လောက်ဖြောင်ကျတဲ့ လိမ်ညာမှုဖြစ်ပါသလဲ။ (နဝတ–နအဖ) စစ်အစိုးရ အုပ်စိုးမှုကာလတစ်လျှောက်လုံး အာဇာနည်နေ့"ဥသြဆွဲမှု" ပိတ်ပင်ထားမြစ်ခဲ့တာဟာ ပြည်သူများထိတ်လန့်စိုးရိမ်မှုကို ဖြစ်စေလို့တဲ့။ ဒါဆိုရင် ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံတွေကို ဖြုတ်ချထားခဲ့တာ၊ ငွေစက္ကူ

တွေမှာ ဗိုလ်ချုပ်အောင်ဆန်းဓါတ်ပုံ ထည့်သွင်းပုံနှိပ်ခြင်းမပြုတာတွေဟာ ဘာကြောင့်လဲ။

အစိုးရသစ်တဲ့။ အစိုးရသစ်လက်ထက် ပြည်သူတို့တောင်းဆိုမှုကို "အလေးထား" လို့တဲ့။

"ပုဒ်မ ၄၃၆ ပြင်ဆင်ပေး"ဖို့ ပြည်သူလူထုက တောင်းဆိုနေတာကို (ဗိုလ်) ဦးသိန်းစိန်(ကြံ့ဖွံ့အစိုးရ) က အလေးထားပါသလား။ (လွှတ်တော်) အမတ်ချုပ်(ဗိုလ်) ဦးရွှေမန်းကတော့ အလေးမထားကြောင်း ထုတ်ဖော်ပြောထားပြီးပြီ။ (စစ်တပ်) ကာချုပ် ဗိုလ်မင်းအောင်လှိုင်ကတော့ ပြည်သူတွေ လိုလားတဲ့ တပြည်လုံးငြိမ်းချမ်းရေးကို "ကာချုပ်မူ ၆ ချက်" ဆိုတာနဲ့ ပိတ်ဆို့ထားတယ်။

"ပြည်သူ့အသံ လွှတ်တော်အသံ"၊ "ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ"၊ "ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်" ဆိုတာ ပြောင်အကျဆုံး အရှက်မဲ့ဆုံးလိမ်ညာမှုသာ ဖြစ်တယ်။

တကယ်တော့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်ဆိုတာ ဇူလိုင် ၇ ရက်က လေတလုံးမိုးတလုံးစကားလုံးတွေနဲ့ လမ်းကြောင်းပေးပြီး ပြောခဲ့တဲ့ သမ္မတ (ဗိုလ်)ဦးသိန်းစိန်ရဲ့ ဇာတ်ညွှန်းအတိုင်း တသွေမတိမ်း ကပြလိုက်တာသာဖြစ်ပါတယ်။

သမ္မတ (ဗိုလ်)ဦးသိန်းစိန်ပေးတဲ့ဇာတ်ညွှန်းက "လူတစု၊ အဖွဲ့အစည်းတခုက ရည်ရွယ်ချက်ရှိရှိနဲ့ တမင်ဖန်တီးလုပ်ဆောင်ခြင်းဖြစ်ကြောင်း ရှင်းလင်းစွာတွေ့မြင်ရမှာဖြစ်ပါတယ်" တဲ့။

ဒီဇာတ်ညွှန်းနဲ့ ကိုက်ညီအောင် "လူတစုနဲ့ အဖွဲ့အစည်းတခု" ဆိုတာကို ပြည်ထဲရေးက စုံထောက်ကြီးတွေဟာ "ဖြူဖြူမင်း (ခ) ကတုံးမနဲ့ အပေါင်းပါတစုရဲ့လီဆယ်မှု" ဆိုတဲ့ ဇာတ်လမ်းကို ဗိုလ်သိန်းစိန် မိန့်ခွန်းပြောပြီးနောက် ရက်သတ္တပတ် ၂ ပတ်ခန့်အတွင်း သမ္မတရုံးနဲ့ ပြည်ထဲရေး လက်ဝါးချင်း ရိုက်ပြီး အတွဲအဖက်ညီစွာ တင်ဆက် ကပြခဲ့တာပဲ ဖြစ်ပါတယ်။

ပြတ်ပြတ်သားသားကိုင်တွယ်ပြီး ပြင်းပြင်းထန်ထန် အရေးယူသွားရမယ့် သူတွေဟာ အမုန်းတရားတွေဖြန့်ဖြူးပြီး ပဋိပက္ခတွေ ဖြစ်ပွားအောင် လုပ်ကြံဖန်တီးခဲ့ကြတဲ့ ခင်ကြီး ၂ပါးတို့နဲ့ ဆိုးဖော်ကြမ်းဖက်ဆိုင်ကယ်စီး တုတ်ဓားကိုင် အကြမ်းဖက် သမားတွေပဲဖြစ်ပါတယ်။

ခင်ကြီးတပါးကဆိုရင် သေဆုံးသူတဦးက "နာရေးဖိတ် စာ" ကို ရန်စမီးပွားတောက်လောင်စေမယ့် စကားလုံးတွေကို အသေအချာ ထည့်သွင်း ရေးသားခဲ့တယ် ဆိုတာကို ပြည်ပမီဒီယာတခုမှာ ပြောင်အတိအလင်းပြောခဲ့ပြီးသားဖြစ်ပါတယ်။ ဒီအချက်တွေကို သမ္မတဦးသိန်းစိန်နဲ့ ပြည်ထဲရေးက ဘာလို့ လက်ပိုက်ကြည့်နေတာလဲ။ ဘာလို့အရေးမယူတာလဲ။ ဓာတ်ဆီလောင်းပေးတဲ့၊ မီးလောင်လေပင့်တဲ့ (ဘာသာ သာသနာတခု စော်ကားတဲ့အသုံးအနှုန်းတွေပါတဲ့) မန္တလေးတိုင်းဒေသကြီး အစိုးရရဲ့ "သတင်းထုတ်ပြန်ချက်" ဆိုတာကို ဘာကြောင့် တိတိကျကျအရေး မယူတာလဲ။

ကတုံးမဟာ "အမှိုက်တစ"၊ "ကြွက်သေတခု" ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ မန္တလေးကိုလောင်ကျွမ်းစေတဲ့မီး၊ မန္တလေးကို အရုပ်ဆိုး အကျည်းတန်စေတဲ့ အကြမ်းဖက်လုပ်ရပ်တွေကိုတော့ "ကတုံးမနဲ့ အပေါင်းအပါတစု" က လုပ်ဆောင်ခဲ့တာမဟုတ်ပါဘူး။

လက်ယဉ်နေတဲ့၊ လက်မရွံ့တဲ့ ဘာသာရေး၊ လူမျိုးရေး ခုတုံးလုပ်နေတဲ့ အကြမ်းဖက်သမားတွေဟာ အုံနဲ့ကျင်းနဲ့ကို ရှိနေတာပါ။ သူတို့ဟာ "အထက်မိန့်" နဲ့ချိန်ကိုက် လှုပ်ရှားနေကြတာပါ။ ဒီလို အကြမ်းဖက်အုပ်စုတွေကို (ဗိုလ်) ဦးသိန်းစိန် ကြံ့ဖွံ့အစိုးရက ပြတ်ပြတ်သားသား ပြင်းပြင်းထန်ထန် မနှိမ်နင်းဝံ့တာဟာ သိပ်ကို ထင်ရှားနေပါတယ်။

ယူနတီဂျာနယ်နဲ့ မွန်းတည့်နေဂျာနယ်က သတင်းသမားတွေအပေါ်မှာ အငြိုးအတေး၊ အာဃာတတွေနဲ့ အလုပ်ကြမ်းနဲ့ နှစ် ရှည်ထောင်ဒဏ်တွေ ချမှတ်ခဲ့တဲ့ သမ္မတဦးသိန်းစိန်ကြံ့ဖွံ့အစိုးရဟာ "လီဆယ်မှု" ကနေ "လူသတ်၊ မီးရှို့အကြမ်းဖက်မှု" အထိ ဖြစ်လာအောင် ဘယ်သူတွေ ပါဝင်လုပ်ကြံဖန်တီးခဲ့သလဲဆိုတာကို (ဗိုလ်) ဦးသိန်းစိန်ကြံ့ဖွံ့အစိုးရက ဖြေဖြောင့်ချက် ပေးဖို့လိုသေးတယ်။

**ဇော်လတ်**



# ၂၀၁၅ ရွေးကောက်ပွဲ တရားမျှတနိုင်ပါ့မလား

ဥပဒေသုတေသီ



၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၅ ရွေးကောက်ပွဲကို ၂၀၁၅ ဒီဇင်ဘာလအတွင်း ကျင်းပပေးနိုင်ဖွယ်ရှိကြောင်း ကြေညာခဲ့သည်။ ၂၀၁၄ ခုနှစ်အတွင်း ကြားဖြတ်ရွေးကောက်ပွဲများကိုလည်း ကျင်းပပေးမည်ဟုဆိုသည်။ လက်ရှိနိုင်ငံရေး အခင်းအကျင်းများအရ လာမည့် ၂၀၁၅ ရွေးကောက်ပွဲများတွင် လွတ်လပ်၍ တရား မျှတမှု ရှိနိုင်ပါ့မလား။ ဤမေးခွန်းကို ပြည်တွင်းမှ နိုင်ငံရေးအကဲခတ်များ၊ နိုင်ငံရေး သုတေသီများ၊ နိုင်ငံရေးပါတီများနှင့် ပြည်သူများသာမက နိုင်ငံတကာမှ စိတ်ဝင်တစား မေးခွန်း ထုတ်နေကြပေသည်။

၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အိမ်ချုပ် ချထားလျက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကေဒါများ၊ ဒီမိုကရေ စီအင်အားစုများကို ထောင်သွင်းအကျဉ်းချကာ ဖိနှိပ်ချုပ်ချယ်မှုမျိုးစုံဖြင့် တဖက်သတ် ကျင်းပခဲ့သည်။ အဆိုပါ ၁၉၉၀ ရွေးကောက်ပွဲကြီးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တခဲနက် အပြတ်သတ် တောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည်။ ဤအချက်ကို စစ်အစိုးရက သင်ခန်းစာယူကာ ၂၀၁၀ ရွေး ကောက်ပွဲအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မပါဝင်နိုင်စေရန် ညစ်လုံးအမျိုးမျိုး ဆင်ကာ ပြိုင်ဘက်မရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက တဦးတည်း ဗိုလ်ကျယှဉ်ပြိုင်ကာ အနိုင်ရခဲ့သည်။ ကြိုတင်မဲ၊ အောက်လမ်းနည်းဖြင့် ပြိုင်ဘက်ရှိသော မဲဆန္ဒနယ်များတွင် မရှက်မကြောက် အနိုင်ယူခဲ့သည်။ အချို့ဒေသ များတွင် နည်းလမ်းပေါင်းစုံ အပေါ်စီး ရယူထားပါလျက် တိုင်းရင်းသားပါတီများကို အရှုံးပေးခဲ့ရသည်။

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲများတွင် ပြည်သူ့အင်အား စုများက မဲဆန္ဒရှင်ပညာပေးမှု (Voter Education) နှင့် ကြိုတင်မဲ အန္တရာယ်ကို သတိပြုကာ ကောင်းစွာကိုင်တွယ်နိုင်ခဲ့ကြသဖြင့် ကျင်းပသည့်မဲဆန္ဒနယ် ၄၄ နေရာအနက် ၄၃ နေရာ အနိုင်ရရှိခဲ့သည်။ စစ်အစိုးရ၏ ဌာနချုပ် နေပြည်တော်မြို့နယ် ၄ ခုတွင်လည်း ၎င်းတို့ ခွက်ခွက်လန် ရှုံးနိမ့်ခဲ့ရသည်။

အခြေးတဖက်တွင် စစ်အစိုးရ၏ အရပ်သားအယောင်ဆောင် အစိုးရနှင့် ကြိုတင်မဲလွှတ်တော်ကို နိုင်ငံတကာက အသိအမှတ် ပြုစေရေးအတွက် တမင်တကာ အလျှော့ပေးခဲ့သည့် ဖြစ်နိုင်ချေ ရှိနေပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီ မိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ လွှတ်တော်တွင်း ပါဝင်လာခြင်းဖြင့် ကြိုတင်မဲလွှတ်တော်သည် တရားဝင်လွှတ်တော်တရပ်အဖြစ် အသိအမှတ်ပြု ခံလာ ရပါသည်။ အကျိုးဆက်အဖြစ် တားမြစ်ကန့်သတ်ချက်များ လျှော့ပေါ့ ပေးခြင်း၊ ကြွေးမြီများ လျှော့ပစ်ခြင်း၊ ကြွေးသစ်များ ထပ်မံရရှိခြင်းစသည့် ဆုလာဘ်များ နိုင်ငံတကာမှ ရရှိခဲ့ပါသည်။

မျက်မှောက် အခြေအနေတွင် ပြည်သူလူထုကြီးတရပ်လုံးက ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံကို ပြင်ဆင်ရန် တခဲနက်ဆန္ဒဖော်ထုတ်စည်းရုံးနေကြချိန်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သာမက ဒီမိုကရေစီ အင်အားစုများ၊ တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများကပါ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရန် တောင်းဆိုလှုပ် ရှားလျက် ရှိနေကြပါသည်။ စစ်အာဏာရှင်စနစ်၊ တရားဝင် တည်ရှိနိုင်ရေးအတွက် စစ်အုပ်စု၏ အကျိုးစီးပွားများကို ကာကွယ်ရေးဆွဲထားသည့် ဖွဲ့စည်းပုံကို အရှည်သဖြင့် ကာကွယ်နိုင်ရန်မှာ ၂၀၁၅ ရွေး ကောက်ပွဲတွင် ဒီမိုကရေစီအင်အားစုများ

အနိုင်မရရှိမှသာ အာမခံချက် ရှိပေလိမ့်မည်။ စစ်အစိုးရ၏ ပုံဖျက်ထားသည့် သေနင်္ဂဗျူဟာမှာ ၂၀၁၅ ရွေးကောက်ပွဲ အတွက် ဒေါ်အောင်ဆန်းစုကြည် သမ္မတမဖြစ်ရေး၊ ဒီမိုကရေစီအင်အားစုများ အနိုင်မရရေးပင်ဖြစ်သည်။ သို့မှသာ စစ်အာဏာ ရှင်စနစ်ကို ခလုတ်မထိ ဆူးမငြိဘဲ ဆက်လက်သယ်ဆောင်နိုင်ပေလိမ့်မည်။ ဤအချက်ကို ပြည်တွင်းနှင့် နိုင်ငံတကာက သတိပြု ဂရုထားမိသဖြင့် ၂၀၁၅ ရွေးကောက်ပွဲ၏ လွတ်လပ်တရားမျှတမှုအပေါ် သံသယဝင်နေကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ၂၀၁၅ ရွေးကောက်ပွဲကို လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် အခြေအနေရှိမရှိ လေ့လာ သုံးသပ်ကြပါစို့။

၂

ရွေးကောက်ပွဲတခု တရားမျှတမှု ရှိမရှိ၊ ဘက်လိုက်မှု ရှိမရှိ ဆိုသည်မှာ ရွေးကောက်ပွဲကော်မရှင် အပေါ်တွင် လုံးလုံးလျားလျားတည် မှီနေပေသည်။ နိုင်ငံတကာ၏နှုန်းစံအရ ရွေးကောက်ပွဲကော်မရှင်ကို အာဏာရပါတီ၊ အာဏာရအစိုးရနှင့် သက်ဆိုင်ခြင်းမရှိသည့် အများပြည်သူ လေးစားကြည်ညိုသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလေ့ရှိကြပါသည်။ ရွေးကောက်ပွဲ၏ အဆင့်အတန်းနှင့် ရွေးကောက်ပွဲကော်မရှင်၏ ဂုဏ်သိက္ခာ တိုက်ရိုက်အချိုးကျလေ့ရှိပါသည်။ မိမိတို့ ရွေးကောက်ပွဲ၏ သန့်ရှင်း ဖြောင့်မတ်မှုကို အာမခံနိုင်သည့် အစိုးရများက နိုင်ငံတကာ စောင့်ကြည့်ရေး အဖွဲ့များကို လက်ခံဝံ့ကြပါသည်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၃၉၈) တွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ အောက်ပါ အတိုင်း ပြဋ္ဌာန်းထားသည်။

၃၉၈။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တရပ်ကို ဖွဲ့စည်းရမည်။ ယင်းသို့ဖွဲ့စည်းရာတွင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်အနည်းဆုံး ငါးဦးကို ခန့်အပ်တာဝန်ပေးနိုင်သည်။

(ခ) ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ

(၁) အသက် ၅၀ နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(၂) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်း များနှင့် ပြည့်စုံသူ ဖြစ်ရမည်။

(၃) (ကက) ပြည်ထောင်စု တရားသူကြီးချုပ်၊ သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ်ဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ်ဖြစ်စေ၊ အလားတူရာထူးတာဝန် တခုခုတွင်ဖြစ်စေ အနည်းဆုံး ငါးနှစ်ဆောင် ရွက်ခဲ့သူ ဖြစ်ရမည်။ သို့မဟုတ်...

(ခခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော တရားရေးအရာရှိ သို့မ ဟုတ် ဥပဒေအရာရှိ ရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန် ထမ်းဆောင်ခဲ့သူ ဖြစ်ရမည်။ သို့မဟုတ် ...

(ဂဂ) တရားလွှတ်တော် ရှေ့နေအဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ ဖြစ်ရမည်။

(၄) သိက္ခာသမာဓိနှင့် ပြည့်စုံပြီး အတွေ့ အကြုံရင့်ကျက်သူ ဖြစ်ရမည်။

(၅) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေသော ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိသူ ဖြစ်ရမည်။

(၆) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်။

(၇) နိုင်ငံရေးပါတီဝင် မဟုတ်သူဖြစ်ရမည်။

(၈) လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူ ဖြစ်ရမည်။

(၉) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့် ရာထူးကိုမျှ လက်ခံခြင်းမပြုသူ ဖြစ်ရမည်။

ယခုနှစ် သမ္မတဦးသိန်းစိန် ခရီးစဉ်များတွင် ဦးတင်အေး လိုက်ပါနေမှုအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ထိပ်တန်းခေါင်းဆောင်များ ပိုင်ဆိုင်သည့် မီဒီယာများကပင် ဝေဖန်ထောက်ပြခဲ့ကြပြီးဖြစ်ပါသည်။ ထို့အပြင် ပို၍စိုးရိမ်ဖွယ် ဖြစ်လာသည်မှာ ဦးတင်အေး၏ ပုသိမ်ခရီးစဉ်ပြောကြားချက်များပင် ဖြစ်သည်။ ဦးတင်အေးက ပုသိမ်တွင် ပြောကြားရာ၌ လာမည့် ၂၀၁၅ ရွေးကောက်ပွဲကို သန့်ရှင်းမျှတစွာ ဆောင်ရွက်ပေးမည်ဟု ပြောကြားခဲ့သော်လည်း သက်ဆိုင်ရာမဲဆန္ဒနယ်တွင် ကာယကံရှင် ကိုယ်စားလှယ်လောင်းသာ ဟောပြောစည်းရုံးခွင့် ပေးမည်ဟူ၏။ "မဝင်ချင်နေ" ဟုပင် မာမာတင်းတင်း ပြောလိုက်ချေသေးသည်။ ဤကိစ္စအားလုံးမှာ ဒေါ်အောင်ဆန်းစုကြည်ကို ရည်ရွယ်ခြင်း ဖြစ်ကြောင်း အားလုံးသိရှိ သဘောပေါက်ကြပါသည်။ "သူ့လုပ်ပိုင်ခွင့် ဘောင်ထဲမှာရှိသည် ဟုလည်း ပြောင်ပင် ထုတ်ဖော်ပြောကြားခဲ့သည်၊ ဤအချက်များက ကြားနေရမည့် ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၏ ရပ်တည်ချက်ကို သံသယဖြစ်စေပါသည်။ ထို့အပြင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်တွင် တပ်မတော်အရာရှိ (အငြိမ်းစား) ၆၀ ဦးကို ခန့်ထားလိုက်ပြန်သည်။ ဤလုပ်ရပ်များမှာလည်း မသင်္ကာဖွယ်ရာ ခြေလှမ်းများပင် ဖြစ်ပါသည်။

စင်စစ် မြန်မာနိုင်ငံတွင် ကျင်းပပြီးစီးခဲ့သည့် မည်သည့်ရွေးကောက်ပွဲမျှ စင်းလုံးချော တရားမျှတမှု ရှိသည်ဟု မဆိုနိုင်ပါ။ ၁၉၉၀ ရွေးကောက်ပွဲကိုလည်း ဓားမိုးကျင်းပခဲ့သည့်ကြားမှ လူထုကြီးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တခဲနက် ပံ့အောမဲပေးခဲ့သဖြင့် ထောက်ခံမှုကြီးမားလွန်းသည့်အတွက် ရလဒ်များကို မပယ်ဖျက်ဝံ့ဘဲ အချိန်ရစေခြင်းငှာ အနိုင်ကို ဖွင့်ဟဝန်ခံခဲ့ရခြင်းသာဖြစ်ပါသည်။ ကျင်းပသည့်ပုံစံ၊ ကျင့်သုံးသည့် နည်းနာများကအစ တရားမျှတသည်ဟု မဆိုနိုင်ပါ။ ထို့အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လူမှုရေးအသင်း အဖွဲ့အဖြစ် ပိုင်ဆိုင်ခဲ့သည့် နိုင်ငံတော်ဘဏ္ဍာငွေများဖြင့် ထူထောင်သည့်

အဆောက် အဦ၊ ယာဉ်၊ ငွေကြေး၊ စီးပွားရေး လုပ်ငန်းများကို နိုင်ငံရေးပါတီအဖြစ် ပြောင်းလဲဆက်ခံခဲ့သည်ဖြစ်ရာ အစိုးရပိုင် ဘဏ္ဍာငွေကြေး အဆောက် အအုံများကို သုံးစွဲခွင့်မရှိသည့် နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေများနှင့်လည်း ငြိစွန်းလျက်ရှိပါသည်။

ဤအခြေအနေတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက တဖက်အတိုက်အခံများကို ကန့်သတ်ရန်ပြောင်ကျကျ ထုတ်ဖော် ပြောကြားထားပြီး ဝင်ချင်ဝင် မဝင်ချင်နေဟု ရာဇသံပေးခဲ့သဖြင့် ဤပုဂ္ဂိုလ်မျိုးသည် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌရာထူးနှင့် မထိုက်တန် ကြောင်း အထူးတင်ပြရန် လိုမည်မထင်ပါ။

အမှန်တကယ်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ (ခ) တွင် နိုင်ငံသားများသည် လက်နက်မကိုင်ဆောင်ပဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်များ၊ အသင်းအပင်း အဖွဲ့ (သို့) အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်များ ပြုထားပြီး ဖြစ်ခဲ့ရာ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခြင်းမှာ ဤပုဒ်မ အရ အဖွဲ့အစည်း အသင်းအပင်း၏ စည်းရုံးဆောင ်ရွက်ခွင့်ပင် ဖြစ်ပါသည်။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၉၈ အရ ဥပဒေများ၏ အကျိုးသက်ရောက်မှုတွင် ပြဋ္ဌာန်းထားသည့် အတိုင်း နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်သည့် ဥပဒေမှန်သမျှ ပျက်ပြယ်ရမည်သာဖြစ်သည်။ ထို့ကြောင့် ပုဒ်မ ၃၅၄ (ခ) တွင် ပါရှိသည့် အခွင့်အရေး တရပ်ရပ်ကို တားဆီးရာ ကန့်သတ်ရာရောက်သည့် ဥပဒေကို မည်သည့်အဖွဲ့အ စည်း၊ မည်သူကမျှ ပြဋ္ဌာန်းခွင့် မရှိပါ။ ထို့ပြင် လက်ရှိပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၈ (ခ) ၃ (ကက) (ခခ) (ဂဂ) ပါ အရည်အချင်းများ မပြည့်စုံသူဖြစ်ပြီး ယင်းဥပဒေ ပုဒ်မ ၃၉၈ (ခ) (၇) (၈) တို့နှင့် ငြိစွန်းနေသဖြင့် ၎င်းအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ် ခန့်အပ် ထားခြင်းမှာ မူလကတည်းက ပျက်ပြယ်နေ သည့်(Void ab initio) ခန့်အပ်ချက်သာ ဖြစ်ပါသည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၀ အရ ယင်းကော် မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို စွပ်စွဲပြစ်တင်ခွင့် ရှိသူမှာ သမ္မတတဦးတည်း ဖြစ်ရာ ဤပုဒ်မအရ သမ္မတစိတ်တိုင်းကျ ခန့်အပ်ထား သူတဦးကို ပြည်ထောင်စုလွှတ်တော်ကပင် စွပ်စွဲခွင့်မရှိ ပြန်လည်ရုပ်သိမ်းနိုင်ခွင့် မရှိကြောင်း ထင်ရှားပါသည်။

နောက်ဆုံးရ သတင်းအရ ရွေးကောက်ပွဲကော်မရှင်က မဲဆွယ်စည်းရုံးရေး စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ ပါဝင်သည့် နည်းဥပဒေ (မူကြမ်း) ရေးဆွဲထားရာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲ မဲမဆွယ် နိုင်ရေး ကန့်သတ်ချက်အမျိုးမျိုးနှင့် မဲဆွယ်ကာလကို တလသာ ခွင့်ပြုမည် စသည့် ဖိနှိပ်ချုပ်ချယ်မှုအမျိုးမျိုး ထည့်သွင်းထားသဖြင့် နိုင်ငံရေး ပါတီများက တခဲနက် ကန့်ကွက်လျက် ရှိကြပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ မူလပြဋ္ဌာန်းချက်များအရလည်းကောင်း၊ လက်ရှိပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌဆိုသူ၏ လာရာနှင့်လားရာ၊ ပြုလုပ်ဆောင်ရွက်ချက်များအရလည်းကောင်း ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲသည် မည်သည့်နည်းနှင့်မျှ တရားမျှတမှု ရှိနိုင်မည်မဟုတ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ဥပဒေသုတေသီ**



မတ်တပ်ရပ်တုန်း ကုလားထိုင် ပျောက်မှာစိုး



# ဘဝ၊ အသိ ၊တော်လှန်ရေး၊  ပါတီ

**ရဲဘော်ဝင်းသိန်း**

(၁)

လက်နက်ကိုင်တော်လှန်ရေးထဲ ပါဝင်တာ ဗမာပြည် ကွန်မြူနစ် ပါတီထဲဝင်တာ၊ လူတယောက်အဖို့ ဘဝတဆစ်ချိုး အပြောင်းအလဲ ဖြစ်ပါတယ်။ မတရားမှု၊ ဖိနှိပ်မှု စတာတို့ကို မုန်းတီးတာ၊ တရားမျှတမှု၊ လွတ်လပ်မှု စတာတို့ကို မြတ်နိုးတာ၊ လက်နက်ကိုင်တော်လှန်ရေး၊ မာ့က်စ်ဝါဒ၊ ကွန်မြူနစ်ပါတီအပေါ် ယုံကြည်တာ စတဲ့အချက်တွေကို ဒီ ဘဝတဆစ်ချိုး အပြောင်းအလဲအတွက် အဆုံးအဖြတ်ကျတဲ့ အကြောင်းရင်းအဖြစ် အထူးသဖြင့် ကျွန်တော်တို့လို ပညာတတ် များက ယူဆတတ်ကြပါတယ်။

အရင်းစစ်လိုက်ရင် ဆန္ဒ၊ ယုံကြည်ချက်၊ သဘောတရား စတာတွေကတဆင့် ဖြစ်ပေါ်လာတဲ့ကြိုးစားမှုတွေကို အထမြောက် အောင်မြင်စေသတည်း၊ ဆုံးရှုံးစေသတည်း၊ တဝက်တပျက်သာ အောင်မြင်စေသတည်း စသဖြင့် နောက်ဆုံး အဆုံးအဖြတ်ပေး အလံ ရိုက်သူကတော့ ရုပ်ဘဝအချက်အလက်ဆိုသူပဲ ဖြစ်ပါတယ်။ ရေဆာလို့ ရေခွက်ကောက်ယူ လိုက်တာမျိုးလို ရိုးရိုးကိစ္စလေးတွေမှာတောင် ဒီအတိုင်းပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ခေတ်မှာ လက်နက်ကိုင်တော်လှန်ရေး၊ ကွန်မြူနစ်ပါတီဆိုတဲ့ အရာများ ရှိနေပြီးသားဖြစ်လို့ တောခိုတာ အထမြောက်ခဲ့တာပေါ့။ နောက်ပြီး စစ်အစိုးရရဲ့ သဏ္ဍာန်အမျိုးမျိုးသော သွေးစုပ်ဖိနှိပ်မှုများ၊ ဒီကတဆင့် ဖြစ်လာတဲ့ လူမှုအနိဋ္ဌာရုံများ၊ စားဝတ်နေရေး ဘဝအာမခံချက် မရေရာမှုများက ကျွန်တော်တို့ကို တွန်းပို့နေပါတယ်။ အရေအတွက် နည်းတာများတာ ခေတ်အခြေအနေပေါ် မူတည်ပေမယ့် လူတချို့ဟာ တော်လှန်ရေးထဲ၊ ပါတီထဲ ပါဝင်နေရမယ်။ ခမ္မတာပဲ ထွက်ခွာသူတွေလည်း ရှိနေရမယ်ပေါ့။ ဒီလို "...ရမယ်" သို့မဟုတ် "...တယ်" ဆိုတဲ့ လူတန်းစားတိုက်ပွဲရဲ့ လိုအပ်ချက်ကို မြင်ဖို့လိုပါတယ်။ ဂုဏ်ပြုကြစတမ်းဆိုရင် လယ်သမား၊ အလုပ်သမား၊ လက်လုပ်လက်စား ဘဝ နောက်ခံက ဝင်လာခဲ့ကြတဲ့ တော်လှန်ရေး ရဲဘော်များ ပါတီဝင်များကိုပါ ဂုဏ်ပြုကြရမှာပါ။ စစ်အစိုးရကတဖက် ပြည်သူလူထုကတဖက်ဖြစ်တဲ့ အဓိကနိုင်ငံရေး ပဋိပက္ခကြီးမှာ တော်လှန်ရေး တပ်ဖွဲ့နဲ့ ပါတီများဟာ ပြည်သူလူထုဘက်က အင်အားများ ဖြစ်တယ်။ ပြည်သူဟာ ကြားကမြေစာပင် မဟုတ်ပါ။

၂။

ရောက်တက်ရာရာ စိတ်ကူးများ။ စနစ်တကျ ဖန်တီး ထုတ် လိုက်တဲ့ စိတ်ကူးများ၊ မြင့်မြတ်သော သို့မဟုတ် ယုတ်ညံ့သော စိတ် ထားများ၊ ယုံကြည်ချက်များ၊ သဘောတရား များ စတာတွေ အကြောင်းကို ခြုံပြောနိုင်တာ တခုရှိပါတယ်။ လူတွေရဲ့ အတွေးအခေါ်၊ စိတ်ပိုင်းဆိုင်ရာ အနေအထားကို သမိုင်းတလျှောက် လူ့အဖွဲ့အစည်းရဲ့ ထုတ်လုပ်ရေးရေချိန်၊ ထုတ်လုပ်ရေးစွမ်းအား၊ ထုတ်လုပ်ရေး ဆက်ဆံမှု၊ လူမှုစနစ်၊ ဘဝအတွေ့အကြုံစတဲ့ ရုပ်ပိုင်းဆိုင်ရာ အချက်များက ပြဌာန်းတယ် ဆိုတာပါပဲ။

"ဗမာတွေ နိုင်ငံခြားမှာ သိမ်ငယ်ကြတယ်" "ခုခေတ် ကလေးတွေ အရင်ခေတ်ထက် ပိုတတ်ပိုသိကြတယ်" "ဒစ်ဂျစ်တယ်ခေတ်မှာ နေ့မြင်ညပျောက် အနုပညာလက်ရာတွေ များလာတယ်" စတဲ့အခြင်း အရာတွေကို ဥပမာအဖြစ် စဉ်းစား ကြည့်နိုင်ပါတယ်။

စစ်အစိုးရလက်အောက် ပြည်သူလူထုအတွင်းမှာ အစိုးရကို ဆန့်ကျင်စိတ်တွေ သဏ္ဍာန်အမျိုးမျိုးနဲ့ ကိန်းအောင်း ပါတယ်။ ကြောက်စိတ်ဆိုတာလည်း ဆန့်ကျင်စိတ် တမျိုးပဲလေ။ ရုံးကန္တားနဲ့ မပတ်သက် ချင်ဘူး၊ ကြောက်တယ်ဆိုတာ အုပ်စိုးသူ လူတန်းစား အပေါ် မယုံကြည်စိတ်ကို ဖော်ပြတာပါပဲ။ ဥပဒေနားလည်တဲ့ ပညာတတ်တွေတောင် ကြောက်ကြတာပဲ။ အစိုးရကို ကြောက်လို့ ထောက်ခံတယ်ဆို တာလည်း အပေါ်ယံသဘော ဝတ်ကျေတန်းကျေ သဘော ထောက်ခံကြတာပါ။ အုံကြွမှု အသေးအကြီးများ၊ "ကြောက်" သည့်ကြားမှ၊ "မှိုင်းမိ" သည့် ကြားမှ၊ စားဝတ်နေရေး လုံးပန်းနေရသည့်ကြားမှ ပေါ်ထွက်လာ ကြတယ်။ ကြောက်စိတ်နဲ့ ရဲစိတ်ဆိုတာ အရာတခုတည်းရဲ့ခေါင်းနဲ့ပန်း သဘောပါပဲ။ တခြားနည်းများ မရှိတော့လို့ အားကြီးသူကို ကြောက် ကန်ကန်တဲ့အခါ သူပုန်ထတယ်ရယ်လို့ ဖြစ်လာတယ်။ နဝေတိမ်တောင် ဖြစ်မှု၊ ရှုပ်ထွေးမှုတွေ ဖြတ်ကျော်ပြီးသွားတော့ ရှင်းလင်းစွာ သဘော ပေါက်မှု ဖြစ်လာတယ်။ ဘာမှမကြာလိုက်ဘူး။ ရှုပ်ထွေးမှုအသစ်တွေ ရောက်လာပြန်တယ်။ ပြီးတော့ ရှင်းလင်းမှုအသစ် ရလာပြန်ရော။ အိုင်းစတိုင်းရဲ့ ခေါင်းထဲမှာတောင် ဒီလိုဖြစ်နေတာ။ ဒါကြောင့် "လည် မလိုလို့နဲ့ အ,တယ်။ အ,မလိုလို့နဲ့ လည်တယ်" ဆိုတာ လူတိုင်း အတွက် မှန်ပါတယ်။ ကျွန်တော်တို့တတွေဟာ ကိုယ့်ခေတ်ကိုယ့် အခါ၊ ကိုယ့်လူ့ အဖွဲ့အစည်း၊ ကိုယ့်ဖြတ်သန်းမှု လက်တွေ့ဘဝက ပေးတဲ့ အတွေးအခေါ်တွေ "ခေါင်း" လို့ ပြောမယ်ဆိုလည်းရ၊ "ပန်း" လို့ ပြောမယ်ဆိုလည်းရတဲ့ အတွေးအခေါ် စိတ်ထား ကလေး တွေနဲ့ တော်လှန်ရေးထဲ၊ ပါတီထဲ ရောက်လာခဲ့ကြတယ်။ ဆက် လက်ရပ်တည်ခဲ့ကြတယ်။ မတရားတာ မခံလိုစိတ် ရှိတယ်ဆိုပေမယ့် ကိုယ့်စိတ်နဲ့ မကိုက်ရင် မတရားဘူးပဲ ထင်တတ်ကြတယ်။ ခင်ဗျားနဲ့ အချီအချစကား ပြောနေသူက ခင်ဗျားလို ပညာတတ်မထားဘူး။ ဒါကကော တရားသလား။ စာအုပ်နဲ့ ဖောင်တိန် ကိုင်ပြီး ကြီးပြင်း လာသူတွေဟာ တသက်လုံး အလုပ်ကြမ်းလုပ်လာသူတွေနဲ့ ရင်ဘောင်တန်း ကျောပိုးအိတ်လွယ် ချီတက်နေရတယ်။ ဒါ လည်း မတရားဘူးပေါ့။ ဘယ်သူ့အပြစ်မှ မဟုတ်ပါ။ အပြန်အလှန် နားလည်မှုယူ၊ ဖေးဖေးမမ လုပ်ကြဆိုတာ လက်တွေ့ပြဿနာကို အကောင်းမွန်ဆုံး ဖြေရှင်းတဲ့ နည်းသာပဲဖြစ်တယ်။ မတရားစွာ

တည် ရှိနေမှုကို ဖျောက်ဖျက်ပစ်လိုက်နိုင်တာ မဟုတ်ဘဲ လူတန်းစား ကွဲပြားစွာ တည်ရှိနေမှုကို ဖျောက်ဖျက်နိုင်မှ ပျောက်ပျက်နိုင်တဲ့ ဒီလိုမတရားမှု၊ တန်းမတူမှုကလေးတွေကတော့ တပုံတခေါင်းကြီးပဲ။ စစ်အုပ်စု စိုးမိုးမှုကို ဖျောက်ဖျက်နိုင်မှ ပျောက်ပျက်နိုင်တဲ့ မတရားမှုတွေလည်း တော်လှန်ရေးထဲ ပါတီထဲမှာ ရောင်ပြန်ဟပ် ဖော်ပြတာ အများကြီးပဲ။ ဥပမာ အမျိုးသား တန်းမတူမှု၊ အပြန်အလှန်မယုံကြည်မှုစတဲ့ ပြဿနာတွေပေါ့။

ပြဿနာတွေကို အကောင်းမွန်ဆုံး ဖြေရှင်းကျော်လွှားဖို့ လိုတယ်ဆိုပေမယ့် ဒီလိုမလုပ်နိုင်တာ၊ အပြည့်အဝ မလုပ်နိုင်တာတွေ အများကြီးပဲ။ ဒါကြောင့် စစ်အစိုးရက တော်လှန်ရေး လှုပ်ရှားမှုနဲ့ တော်လှန်ရေးတပ်ဖွဲ့၊ ပါတီများအတွင်းက မတရားမှု၊ တန်းမတူမှု၊ ဖိနှိပ်မှု စတာတွေကို လက်ညှိုးထိုးထိုးပြပြီး လူတွေစိတ်ပျက်အောင်၊ ကြောက်အောင် လုပ်နေတာပေါ့။ သာမန်လူအဖို့တော့ စိတ်ပျက်ကြောက်ရွံ့ သွားရုံမျှသာပဲလေ။ ဒါပေမဲ့ မတရားမှုမှန်သမျှ၊ ဖိနှိပ်မှုမှန်သမျှ မခံဘူးဆိုတဲ့ သူရဲကောင်းများကတော့ ကျွမ်းပြန်ကုန်တော့ တာပဲ။ လူ့အဖွဲ့အစည်း ရှေ့တိုးတက်ရေးမှာ အတားအဆီးအပြုဆုံးဖြစ်တဲ့ မတရားမှုကြီး၊ ဖိနှိပ်မှုကြီးကို ဖျောက်ဖျက်ဖို့ ကြိုးစားနေကြရတဲ့ အဆင့်ဆိုတာ မမေ့ကြပါနဲ့။

အခြေအနေတွေက ရှေ့မတိုးသာ နောက်မဆုတ်သာ အိလာတဲ့အခါ ယေဘုယျအားဖြင့် ပြောရရင် ခေါင်းဆောင်တွေရဲ့ အရည်အသွေးတွေလည်း ကျလာတယ်။ ကျွန်တော်တို့လည်း ရေလိုက်ငါးလိုက် ဆန်လာတယ်။ အတိုင်းအတာ မတူကြပေမယ့် စိတ်တက်တာ၊ စိတ်ဓာတ်ကျတာတွေ ဖြစ်လာတယ်။ ဒါပေမဲ့ စစ်အစိုးရက ဆက်လက်ဖိနှိပ်အုပ်ချုပ်ဆဲ ဆိုတဲ့အချက်၊ စစ်အစိုးရကို ဘုံရန်သူအဖြစ်ထား တိုက်ခိုက်နေတယ်ဆိုတဲ့ ပါတီနဲ့တော်လှန်ရေးရဲ့ အစဉ်အလာကောင်းကြောင့် ကျွန်တော်တို့တတွေ ဆက်လက်ရပ်တည်နိုင်ခဲ့ကြပါတယ်။

အိနေတဲ့ကာလမှာ၊ ကျနေတဲ့ကာလမှာ ဥပမာ စုပေါင်းလုပ်ရမယ့် ကာယအလုပ်တခုရှိလို့ ထွက်လုပ်ကြရမယ် ဆိုပါစို့။ ခင်ဗျား မလုပ်ချင်လည်းရတယ်။ ဘာဆင်ခြေမှ ပေးစရာမလိုဘူး။ အပြစ်တင်သူ အရှုံးတောင် ဖြစ်ဦးမယ်။ တခါတရံလုပ်တယ်။ တခါတရံထွက် မလုပ်ဘူး။ ဘယ်တော့မှမလုပ်ဘူး၊ အမြဲလုပ်တယ် စသဖြင့် လူ အမျိုးမျိုးရှိတယ်။ ကိစ္စသေးလေးတွေ မလုပ်လည်း ကိစ္စမရှိ၊ ကိစ္စကြီးတွေ လုပ်ရင် ပြီးတာပဲလို့ ယူဆသူလည်းရှိတာပဲ။ ဘာပဲဖြစ်ဖြစ် ဟိုကိစ္စ၊ ဒီကိစ္စကိုမဆိုလို၊ ကိစ္စသေး၊ ကိစ္စကြီးတွေကို စုပေါင်းခြုံတွက်ထားတဲ့ လက်တွေ့ဘဝထဲမှာ ခင်ဗျားရဲ့လိုက်ပါမှု၊ တုံ့ပြန်မှု၊ အတွေ့အကြုံက ခင်ဗျားရဲ့အတွေးအခေါ်၊ စိတ်ထားကို ပုံသွင်းပေးမှာပဲ။ လိုက်ပါမှု၊ တုံ့ပြန်မှုကောင်းမှ အတွေးအခေါ်ကောင်းပါတယ်။ အတွေးအခေါ်ဆိုတာ ဘယ်လောက်ကောင်းကောင်း ဖုတ်စားလို့တော့ မရဘူး။ ဒါပေမဲ့ ဆက်လက်ချီ တက်ရေးအတွက် အများကြီး အသုံးကျတယ်။ ကိုယ်ပင်ပန်းလာတဲ့အခါ ကိုယ့်လောက်မပင်ပန်းသူတွေရဲ့ မျက်နှာ ပြေးပြေး မြင်တယ်။ စစ်အစိုးရအောက်မှာ ကိုယ့်ထက် အများကြီး ပင်ပင်ပန်းပန်း ကျော်ဖြတ်နေရသူတွေရဲ့ မျက်နှာကို မမြင်တော့ဘူး ဖြစ်တတ်ပါတယ်။

လက်တွေ့ဘဝကို ဘယ်လိုပဲ တုံ့ပြန်တုံ့ပြန် သာမန်အခြေအနေ မှာတော့ အားလုံးဟာ တော်လှန်ရေးသမားပဲ။ ပါတီဝင်ပဲ။ အတူတူပဲ။ ဒါပေမဲ့ မုန်တိုင်းတခု၊ ကွေ့တခုကြုံရတဲ့အခါ (ဥပမာ ၁၉၈၉ ခုနှစ်မှာ) မတူကြ တော့ဘူး။ ဆက်လက်လိုက်ပါမလား၊ ခွဲခွာထွက်ခွာမလား ဆုံးဖြတ်ရတော့မယ်။ ချက်ချင်းဆုံးဖြတ်နိုင်သူ ရှိသလို၊ ချီတုံချတုံနဲ့ ဆုံးဖြတ်ရသူ တွေလည်း ရှိတယ်။ ၁၉၈၉ ခုနှစ် တဆစ်ချိုးအကွေ့မှာ ပါတီနဲ့ တော်လှန်ရေး အပေါ် သစ္စာရှိနေသူ၊ ဆက်လက်လိုက်ပါလိုသူတချို့ကိုတောင် အဖွဲ့အစည်းက ချန်ထားခဲ့ရ၊ ပြန်လွှတ်ရတဲ့ အနေအထား၊ အလံမလဲအောင် မနည်းကြိုးပမ်းရတဲ့ အနေအထားဖြစ်ပါတယ်။ ဒီအကွေ့အပြီးမှာ အိနေတဲ့ ကာလ ဟောင်းမှာ ရှိနေတဲ့ အတွေးအခေါ် အကျပ်အတည်းများဒဏ်က သက်သာရာရ၊ လွတ်မြောက်လာခဲ့တယ်။ ဒါပေမဲ့ နိမ့်ကျတဲ့ ကာလတခုကို ဖြတ်သန်းနေရပြန်တယ်။

စစ်အစိုးရက မင်းမူဆဲ။ ငြိမ်းချမ်းရေးလည်းမရ၊ စစ်လည်းမဖြစ်၊ စီးပွားရေးအခွင့်အရေးတွေနဲ့ နိုင်ငံရေးလဲလှယ်ဖို့ ကြိုးစားတဲ့ကာလ။ စစ်အုပ်စုက နိုင်ငံရေးအရ ဦးဆောင်တဲ့ အခြေခံဥပဒေထဲ ကျုံးသွင်းတဲ့ ကာလရောက်လာတယ်။ ကျွန်တော်တို့တတွေလည်း ကိုယ့်ဒေသ၊ ကိုယ့်လက်နက် ကိုင်ထားစဉ်က ရှိခဲ့တဲ့ မာန်မာနတွေ ချဖို့ဖြစ်လာတယ်။ ချနိုင်ကြပါတယ်။ ချကြပါတယ်။ ကိုင်တွယ်တာ မှန်ကန်ရင် သိမ်ငယ်စိတ်ဟာ အင်အားအဖြစ် ပြောင်းတတ်ပါတယ်။ အမှီအခိုကင်းကင်း စဉ်းစားတဲ့ အလေ့အထ ဖြစ်လာတယ်။ တဦးချင်းဘဝကိစ္စမှာ ဘာလုပ်ချင်လုပ်ချင် ပါတီက အလံစိမ်းပဲပြတယ်။ ကိုယ့်အခြေအနေနဲ့ကိုယ် ကိုယ့်ဘာသာ လွတ်လပ်အမှီခိုကင်းစွာ စဉ်းစားပါဆိုတဲ့ သဘောပေါ့။ လမ်းစဉ်နဲ့ စည်းမျဉ်းကို မွမ်းမံထားတယ်။ ကိုင်စွဲလုပ်ကိုင်ဖို့ပဲ။ မလုပ်နိုင်တာ မပြောနဲ့။ ဆွတိုင်း မကြွနဲ့ ဆိုတဲ့ကာလ။

၃။

လှုပ်ရှားမှုရဲ့ ရလဒ်ကိုရော လူရဲ့အသိကိုရော ရုပ်ဘဝ အချက်အလက်များက ဆုံးဖြတ်ပြဌာန်းတယ်ဆိုရင် အောင်မြင်ရင်လည်း ခင်ဗျားတော်လို့မဟုတ်။ မအောင်မြင်ရင်လည်း ခင်ဗျားအပြစ်မဟုတ် ဆိုတဲ့ သဘောလား။ အသိဆိုတာ ရုပ်ဘဝကို ရောင်ပြန်ဟပ်ရုံ၊ မှတ်တမ်းတင်ရုံသက်သက် ဖြစ်နေပြီလား။ မဟုတ်ပါ။ ဆန္ဒ၊ အသိ၊ သဘောတရား စတာတွေဟာ လူကို ဦးတည်ချက်တခုအတွက် စနစ်တကျ လှုပ်ရှား လာအောင် ကြိုးစားမှု ဖြစ်ပေါ်လာအောင် စေ့ဆော်ပါတယ်။ လူဆိုတာ ဘာလုပ်လုပ် ဆန္ဒတခုခု၊ မျှော်မှန်းတွက်ဆချက် တခုခုနဲ့ လုပ်ကြတာချည်းပဲ။

မျှော်မှန်းတွက်ဆတာတွေက ရုပ်ဘဝအချက်အလက် နိယာမတရားများနဲ့ ကိုက်ညီရင် ကိုက်ညီသလောက် လုပ်တာ အောင်မြင်တယ်။ အထမြောက်တယ်။ အဲဒီလိုမဟုတ်လို့သာကတော့ ကောက်ကိုင်ယူလိုက်တဲ့ ရေခွက်တောင် ခင်ဗျားလက်ထဲ ပါလာမှာမဟုတ်ဘူး။ “လက်စသတ်တော့ ရေခွက်အောက်ခြေက စားပွဲနဲ့ တအားကပ်နေတာကိုး” ဖြစ်သွားမယ်။

တော်လှန်ရေး သဘောတရားမရှိရင် တော်လှန်ရေး မရှိနိုင်ဆို တာတို့၊ လမ်းစဉ်မှန်ရင် မရှိရာကရှိလာလိမ့်မယ် ဆိုတာတို့ဟာ သဘော တရားမှန်ဖို့၊ လမ်းစဉ်မှန်ဖို့ အရေးကြီးကြောင်း ပြောနေတာပါပဲ။ ပါတီလမ်း စဉ်ဆိုတာ ပါတီရဲ့ နိုင်ငံရေး လှုပ်ရှားဆောင်ရွက်မှုတွေမှာ သက်ဝင်နေတဲ့ စဉ်းစားမှုတွေကို စုစည်းခေါ်ဝေါ်ထားတာ

ဖြစ်ပါတယ်။ လမ်းစဉ်ဆိုရင် စာအုပ်တို့၊ ကြေညာချက်တို့ကိုပဲ ပြေးပြေးမြင်နေမှာ စိုးလို့ ပြောတာပါ။ လမ်းစဉ်မှန်အောင် ကြိုးစားတယ်။ အမှားကို ဖော်ထုတ်ဝေဖန်တယ်။ ကိုယ့်ကိုယ်ကိုယ် ဝေဖန် တယ်။ နိဂုံးချုပ်တယ် စတဲ့ စကားတွေဟာ ဦးတည်ချက် အတူတူပါပဲ။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အချက် အလက်တွေကို လက်လှမ်းမီသမျှ စုစည်း၊ ဘက်ပေါင်းစုံထည့်တွက်၊ ကိုယ်နားလည်သလောက် အနုပဋိလောမနည်းနာနဲ့ ခွဲခြမ်းစိတ်ဖြာကြရတာပါ။ ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှု မူကိုလည်း ဖောက်လို့မရဘူး။ “လက်လှမ်းမီသလောက်၊ တတ်နိုင်သလောက်” ဆိုတာ ကိစ္စတိုင်းမှာ ထည့်မပြောပေမယ့် ကိစ္စတိုင်းဟာ တတ်နိုင်သလောက်ပဲ လုပ်ကြရတာပဲ။ အကြွင်းမဲ့ ပြည့်စုံမှန်ကန်စွာ မသိရှိနိုင်ဘူးဆိုတဲ့ တရားဟာ တစတစ ပြည့်စုံမှန်ကန်စွာ သိရှိလာဖို့အတွက် တွန်းအားဖြစ်ပါတယ်။ လက်လှမ်းမမီတဲ့အပိုင်း၊ မတတ်နိုင်တဲ့အပိုင်းကတော့ စွန့်စားလုပ်ကြရတာပဲ။ ယုံကြည်ချက်ကိုပဲ အခြေခံလုပ်ရတာ၊ ရမ်းသန်းလုပ်ရတာ ဘယ်ကင်းနိုင်မလဲ။

အတွေးအခေါ်ကို မှန်အောင် အမြဲလုပ်နေရတယ်ဆိုတဲ့အပိုင်း လည်း ဒီသဘောပါပဲ။ ပြဿနာတွေကို မှန်ကန်စွာ ဖြေရှင်းနိုင်အောင်၊ တိုက်ပွဲထဲမှာ ရပ်တည်နိုင်အောင် လုပ်ကြရတာပါ။ မြင့်မြတ်သော စိတ် ထားပိုင်ရှင်ဖြစ်လာဖို့ မဟုတ်ပါ။ အတွေးအခေါ်ဆိုတာ လက်တွေ့ဘဝ ကိစ္စများအတွင်း မိမိရဲ့ပါဝင်မှု၊ တုံ့ပြန်မှုတွေမှာ သက်ဝင်နေတဲ့ စဉ်းစား မှုတွေကို စုစည်းခေါ်ဝေါ်ထားတာပါ။ အထက်မှာ အလွယ်ပြောခဲ့သလို လိုက်ပါမှုကောင်းမှ အတွေးအခေါ်ကောင်းပါတယ်။ အတွေးအခေါ်ကောင်းမှ လိုက်ပါမှု အဆင်ပြေပါတယ်။ “မွန်မြတ်သော စိတ်ထားပိုင် ရှင်” ဆိုတာနဲ့ ကွန်မြူနစ် လားလားမျှ မပတ်သက်ပါ။ ဝါဒစွဲနဲ့ တိုက်ပွဲဝင် နေသူများဆိုရင်တောင် နည်းနည်း နီးစပ်ဦးမယ်။ ကွန်မြူနစ်ပါတီထဲဝင်ပြီး ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုကို နာခံအလုပ်လုပ်မှ ကွန်မြူနစ်ဖြစ်နိုင် ပါတယ်။ “ကွန်မြူနစ်သာ ဆိုတယ် ဖဲသမား အရက်သမားကြီးပါလား” လို့ ပြောရမယ့် လူတွေ ရှိပါတယ်။ ကျွန်တော်တို့လည်း ဒီအဖြစ်ကို မနှစ်မြို့ပါဘူး။ ဒါပေမဲ့ ရန်သူရဲ့ “စာရင်းမဲ” အထဲမှာ အဲဒီ ဖဲသမား၊ အရက်သမား ကွန်မြူနစ်တွေလည်း ပါပါတယ်။ အဲဒီလိုလူတွေ တိုက်ပွဲမှာ အသက်ပေး သွားကြတာလည်း ရှိတယ်။ ဂုဏ်ပြုရမှာပဲ။ ဒါပေမဲ့ သူတို့ဟာ “အသက်ရှင်စဉ် ကြီးမြတ်ပြီး အသက်စွန့်တော့ ဂုဏ်ပြောင်တယ်” ဆိုတဲ့ စံနဲ့တော့ မကိုက်ညီဘူး၊

ကွန်မြူနစ်ရဲ့စဉ်းစားမှုမှာ ဖိနှိပ်မှုစနစ် တခုခု ဖျက်သိမ်းရေးဟာ သူ့အခြေခံသွေးစုပ်မှု စနစ်ကို ဖျက်သိမ်းရေးနဲ့ တွဲဆက်နေပါတယ်။ လောလောဆယ်ကာလမှာ စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်းဖို့ဆိုရင် စစ်ဗျူရိုကရက် လက်ဝါးကြီးအုပ် အရင်းရှင် သွေးစုပ်မှုစနစ်ကို ဖျက် သိမ်းရပါမယ်။ ဒါဟာ ဒီမိုကရေစီစနစ် ထူထောင်ရေးပါပဲ။ ဝေးကွာလှတဲ့ အနာဂတ်မှာမှ ဖြစ်နိုင်မယ့် ဖိနှိပ်မှုမှန်သမျှကင်းတဲ့ လူ့အဖွဲ့အစည်းဟာ လုပ်ခစား သွေးစုပ်မှုစနစ်ကို လုံးဝဖျက်သိမ်းတဲ့ အခြေခံပေါ်မှာ တည်ဆောက်ထားတာ ဖြစ်မှာပါပဲ။ သွေးစုပ်မှုကိုဖျက်မှ ဖိနှိပ်မှုပျက်တယ်ဆိုတဲ့ အခြေခံစဉ်းစားနည်းနဲ့ ကင်းလွတ်ပြီးပြောတဲ့ တရားမျှတမှု စကား၊ ဒီမိုကရေစီစကား၊ ဖွံ့ဖြိုးရေးစကား၊ သာယာဝပြောရေးစကား၊ အသိမြှင့်တင်ရေး၊ စရိတ္တမြှင့်တင်ရေးစကား၊ ပြုပြင်ရေးစကား၊ လက်ဝဲစကား၊ ပြည်သူ့ အကျိုးစကား၊ တော်လှန်ရေးစကား၊ လက်နက် ကိုင်တော်လှန်ရေး စကားစတာတွေကို ဗလာစကားတွေလို့ပဲ ယူဆပါတယ်။ ဗလာစကား တွေနဲ့ ရေလိုက်အလွဲ မခံနိုင်ဘူး။ ဒီအခြေ ခံစဉ်းစားမှုဟာ ပါတီရဲ့ နိုင်ငံရေးလမ်းစဉ်ထဲမှာ သက်ဝင်နေသလို ကျွန်တော်တို့ တတွေရဲ့ နေ့စဉ်ဘဝ ဖြတ်သန်းမှုတွေမှာတောင် သိပ်အရေး ကြီးပါတယ်။ ဥပမာ —ကိုယ်ကျိုးစွန့်ရမှာလား၊ ဘာအကျိုး အတွက်လဲ။ အဖွဲ့အစည်းရဲ့ သွေးစည်းညီညွတ်ရေး အတွက်လား၊ ဒါဆို စွန့်မယ်။ အဓိပ္ပာယ်မဲ့ အသားလွတ်ကတော့ ဘာလို့ကိုယ်ကျိုးစွန့်ရမှာလဲ။ ရေလိုက်အလွဲ မခံနိုင်ဘူး။ ရှင်းရှင်း ပြောရရင် သွေးစုပ်မှုစနစ်ဖျက်ဖို့ တိုက်ပွဲဝင်နေ တာပါ။

ဒုက္ခရောက်နေသူကို တတ်နိုင်သမျှ အကူအညီပေးတာ၊ ရပ်ရေးရွာရေးဆောင်ရွက်တာတို့ဟာ သူ့ဟာနဲ့သူ သင့်တော်ကိုက်ညီတဲ့ အခြေအနေမှာတော့ ကောင်းပါတယ်။ လေးစားပါတယ်။ ကျွန်တော်တို့လည်း ကြုံတဲ့အခါ လုပ်ကြပါတယ်။ ဒါပေမဲ့ ဒါတွေဟာ ကွန်မြူနစ်စိတ်ဓာတ်နဲ့ ဘာမှမဆိုင်ပါ။ ပါတီထဲမှာ ဒုက္ခရောက်နေတဲ့ ကိုယ့်ရဲဘော်ကို ကူညီမိလို့ စည်းရုံးရေးစည်းကမ်း ဖောက်ဖျက်ရာ ရောက်သွားပြီး ရဲဘော်တွေ အသက်သွေးပေးကြရတဲ့ အခြေအနေမျိုးတွေ ပေါ်ဖူးပါတယ်။ အခြေအနေပေါ် မူတည်တာပါပဲ။ ပါတီဆက်လက် ရပ်တည်ရေးပဲ ဦးစားပေးနေရတဲ့ အခြေအနေမှာ ချန်ထားခဲ့ရတဲ့ ရဲဘော်တွေ၊ ရောဂါကုမပေးနိုင်တဲ့ ရဲဘော်တွေ အများကြီးပါ။ ပီတိစားချင်တယ်။ ကြည်နူးချင်တယ်ဆိုရင် လောလောဆယ်အဆင့်မှာ စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်နေတာဟာ အများအကျိုး၊ ပြည်သူအကျိုး ဆောင်ရွက်နေတာ ဖြစ်တယ်လို့ စဉ်းစားလိုက်ပါ။ မှန်လည်းမှန်ပါတယ်။

လုပ်ခစားကျေးကျွန် ပစ္စည်းမဲ့လူတန်းစားအဖို့ မိမိလွတ်မြောက်ရေးအတွက် စည်းရုံးမှုအင်အားမှအပ တခြားအားကိုးစရာ မရှိပါ။ တကယ့် အားကိုးရမယ့် အင်အားဟာ ထက်မြက်ခြင်း၊ ပညာဉာဏ် အမြော်အမြင်ကြီးခြင်းလည်း မဟုတ်ပါ။ ရဲရင့်ခြင်းလည်း မဟုတ်ပါ။ ကိုယ်ကျိုးစွန့်ခြင်းလည်း မဟုတ်၊ ယုံကြည်ချက် ကြံ့ခိုင်ခြင်းလည်း မဟုတ်ပါ။ ဒါပေမဲ့ ဒါတွေဟာ စည်းရုံးမှုအင်အား တည်ဆောက်ရေးအတွက် လိုအပ်တာကတော့ အမှန်ပါပဲ။

ကွန်မြူနစ်ပါတီဝင်တွေအဖို့ ပြောရရင် အဖွဲ့အစည်းစိတ်ဓာတ်၊ ပါတီစိတ်ဓာတ် ခိုင်မြဲဖို့ အဓိကဖြစ်ပါတယ်။ ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုစနစ်ကို နာခံဖို့ အဓိကဖြစ်ပါတယ်။ ဒါဟာ အတွေးအခေါ် တည်ဆောကရေးရဲ့ ဦးတည်ချက်လည်း ဖြစ်တယ်။ ပြောင်းလဲနေတဲ့ အခြေအနေတွေနဲ့ ကိုက်ညီအောင် အတွေးအခေါ် တည်ဆောက်ရေးက လုပ်နေရမှာပါပဲ။

ပါတီရဲ့ ကံကြမ္မာဟာ ကိုယ့်ကံကြမ္မာပါပဲ။ သာမန်လူလတ်တန်းစား ဘဝလေးကိုမှ ဘဝလို့ခေါ်ပြီး ဒီအဆင့်မှမရောက်ရင် ဘဝပျက်ပြီလို့ ယူဆရင် ဗမာပြည်မှာ နိုင်ငံရေး အကြောင်းအချက်နဲ့ မဟုတ်ဘဲ စီးပွားရေး အကြောင်းအချက်ကြောင့် ဘဝပျက်နေတာတွေ အများကြီးပါပဲ။ မိသားစုနဲ့ အတူတူမနေရ၊ ပင်ပင်ပန်းပန်းလုပ်နေကြရပေမယ့် ဝဝလင်လင် မစားရ၊ ရောဂါကထူပြော၊ ကုလည်းမကုသနိုင်၊ စတဲ့စတဲ့ ဘဝမျိုးတွေမှာ နေနေကြရသူတွေအကြောင်း စဉ်းစားကြည့်ပါ။ ကိုယ်လည်း သူတို့နဲ့ ကံကြမ္မာတူ၊ ဘဝတူပါပဲ။ အရပ်စကားနဲ့ ပြောရရင် ပါတီနဲ့မခွဲနဲ့၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ။ ။

**ရဲဘော်ဝင်းသိန်း**

# အတွင်းဝင်
# အပြင်ထွက်



**မျိုးမြင့်ချို**

အပြင်လူ အတွင်းလူကိစ္စပြောရန် အကြောင်း ၂ ချက် ပေါ်လာသည်။

အပြင်လူများ အတွင်းဝင်သွားခြင်းနှင့် အတွင်းလူများ အပြင်ထွက်လာခြင်းက ပထမအကြောင်း။

"ခင်ဗျားတို့လို အဝေးက အပြင်လူတွေမပြောနဲ့ ကျုပ်တို့လို အတွင်းက အနီးကပ်လုပ်နေသူတွေတောင် ဒီကောင်တွေလုပ်တဲ့ အချိုးကြောင့် တခါတခါ မျက်စေ့လည်တယ်။" ဆိုသည့်အပြောက ဒုတိယအကြောင်း ဖြစ်သည်။ ပြောမည့်အကြောင်းက အပြင်လူ အတွင်းလူမို့ အပြင်လူ အတွင်းလူလို့ပဲ သုံးသွားပါမည်။

နိုင်ငံရေးတွင် မည်သည့်နည်းနှင့် ဝင်ပါပါ ပါနေသရွေ့ နိုင်ငံရေးလူဖြစ်ပါသည်။ အပြင်လူ အတွင်းလူ မရှိပါ။ ကြားလူမရှိပါ။ ရန်သူ၊ မိတ်ဆွေနှင့် ကြားထားရမည့်လူသာ ရှိပါသည်။ ကြားထားရမည့်သူ ဆိုသည်မှာ တိုက်စရာမလို၊ စည်းချဆက်ဆံ၊ သိမ်းသွင်းရမည့်သူဟု နားလည်လျှင် လုံလောက်မည်ထင်ပါသည်။

၂၀၁၀ ရွေးကောက်ပွဲအပြီးတွင် မိမိလူတို့ဆီမှ "အပြင်လူ အတွင်းလူ" ဝေါဟာရ ကျယ်ကျယ်လောင်လောင် ထွက်လာ၏။ ထို့မတိုင်မီက မိမိတို့ကြားတွင် "ပြည်တွင်းပြည်ပ ဒီမိုကရေစီ အင်အားစုများ" သာ ရှိပါသည်။ ထိုအင်အားစုများမှာ စစ်အုပ်စု ပြောသည့် "ပြည်တွင်းပြည်ပ အဖျက်သမား" များလည်းဖြစ်ပါသည်။ ဦးတည်ရန်သူ သတ်မှတ်ချက်ထားပြီး အပြတ်ချေမှုန်းခံရမည့်သူများဟု အနက်ထွက်ပါသည်။ ခုပြောပြောနေသည့် အတွင်းလူ အပြင်လူ၏ အဓိပ္ပာယ်မှာ သူဝင်မချေမှုန်း၊ မိမိတို့အချင်းချင်း ဉာဏ်သျှစ်သီးဆိုင် ရိုက်သလို ရိုက်ကြရန် ရည်ရွယ်ခြင်းဖြစ်၏။ အိမ်ကြက်တို့အကြားက အိုးမဲဖြစ်၏။ ကိုယ့်တပ်ကိုယ်ပြန်နင်းခိုင်းခြင်း ဖြစ်၏။

စစ်တပ်က စနစ်တကျ နောက်ဆုတ်နေပြီ၊ အတွင်းပြန်ဝင်ကြ၊ အထဲကနေ လာလုပ်ကြဆိုကာ အပြင်ထွက်လာသည့် ထင်ရှားသည့် အတွင်းလူမှာ ဦးသုဝေ။ ဒီ့မတိုင်ခင်ကတည်းက စစ်အုပ်စုနှင့် နိုင်ငံရေး ခြေပုန်းခုတ်၊ ပရောပရည်လုပ် ဝင်လိုက် ထွက်လိုက် လုပ်နေသည့် အပြင်လူ တွေ မနည်းလှ။ နောက်တော့ အတွင်းလူတွေ တာကျိုးသလို သွန်ထွက်လာ ကြပြီး အပြင်လူတွေလည်း အုံနှင့်ကျင်းနှင့် ဒလဟောဝင်ချသွားကြသည်။ ဒိုနာတွေ ကန်ထည့်လို့ မဝင်ချင့်ဝင်ချင်ဝင်ရသည့် နောက်ဆံ တငင်ငင်တွေလည်း ရောကော သောကောပါသွား၏။ မျက်နှာပျားရည်လိမ်းပြီး အပြင် ထွက်ကာ အလှူရှင်ရှာ သူတို့လည်း ခြေချင်းလိမ်လိမ်၊ ပိုက်ဆံမရှိရင် ဘာမှလုပ်မရ နိုင်ငံရေးသည် ကိုယ့်စရိတ်နဲ့ကိုယ်ထောင် ကျခံနိုင်ငံရေးနှင့် ကိုယ့်ထမင်း ကိုယ်စား နိုင်ငံရေးအား မိန့်မိန့်ကြီး သိမ်းပိုက်လိုက်၏။ ငွေနိုင်ငံ ရေးဖြစ်လာတော့ ငွေရှိသူတို့ ရှေ့တန်းရောက်လာ၏။ ငွေနှင့် အခြားကိစ္စများအတွက် အပြင်ထွက်အတွင်းဝင်တွေ ပျားပန်းခတ်သဖြင့် ဒီမိုကရေစီ အင်အားစုများရှေ့က နာမဝိသေသနဖြစ်သည့် "ပြည်တွင်းပြည်ပ" သဘော ပျောက်သွားပြီလားဟု ထင်စရာ ပေါ်လာ၏။ လက်တွေ့အရ ပျောက် မသွား၊ ပြောင်းသွား၏။ အတွင်းလူ အပြင်လူ ဖြစ်သွား၏။ စည်းခြားပြီး စည်းလည်းထူသွား၏။

၈၈ နောက်ပိုင်း လူအမြောက်အမြား ရည်ရွက်ချက် ကိုယ်စီဖြင့် လူမျိုးစုဒေသများ၊ နယ်စပ်ဒုတိယနိုင်ငံနှင့် တတိယနိုင်ငံများသို့ ထွက်ချလာပြီး အနှံ့အပြား ပြန့်ကျဲသွားကြ၏။ ရရာအလုပ်လုပ်၊ ရောက်ရာတိုင်းပြည် အခြေချကာ ကိုယ့်ထမင်းကိုယ်စား နိုင်ငံရေးလုပ်သူလုပ်ကြ၏။ အချို့က နယ်စပ်ဒေသများတွင် တုံးပေကတ်သတ်နေရင်း ပါတီအဖွဲ့အစည်းနှင့် အင်ဂျီအိုစုံ တည်ထောင်ကာ နိုင်ငံရေးတပိုင်း လူမှုရေးများ လုပ်ကြ၏။ ထိုလူများ အားလုံးသည် "တချိန်က ပြည်ပဒီမိုကရေစီအင်အားစုများ" ဖြစ်ခဲ့ပြီး "ယနေ့ခေတ် အပြင်လူများ" ဟု ဆိုရမည်ဖြစ်၏။ ၈၈ နောက်ပိုင်း ဘယ်အခြေအနေမှာမှ ဘယ်အပြင်ကိုမှ မထွက်၊ နိုင်ငံရေး အကြမ်းမဖက် သည့်နည်းဖြင့်

အာခံအန်တုရင်း ကိုယ့်စရိတ်နှင့်ကိုယ် ထောင်တန်းအကျ ခံလုပ်နေသူများလည်း တပုံတပင်။ ထိုသူများအား "တချိန်က ပြည်တွင်းဒီမိုကရေစီအင်အားစုများ ဖြစ်ခဲ့ပြီး ယခုခေတ်အတွင်းလူများ" ဟု ဆိုရမည်ဖြစ်၏။ ပြည်တွင်း ပြည်ပမှ အတွင်းအပြင်ဟု ကွဲထွက်သွား၏။ စည်းခြားသွား၏။ ထိုအတွင်းလူအပြင်လူ အချင်းချင်း ထိုးနှက်ချက်သည် ဝမ်းနည်းစရာ ကောင်းသလောက် မထိတ်သာမလန့်သာလည်း ဖြစ်လာ၏။ ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုများကြား ရှိခဲ့ဖူးသည့် ညီညွတ်ရေး အစည်းပြေသွားပြီလားဟု တွေးစရာဖြစ်လာ၏။ တချိန်က ပြည်တွင်းပြည်ပပေါင်းကာ စစ်အာဏာရှင် ဆန့်ကျင် တိုက်ဖျက်ရေး အတွက် တွဲခဲ့ကြသည့်လက်များ ပြေမထွက် ပြုတ်ထွက်မသွားသေးသော်လည်း ဆုပ်ဆုပ်ကိုင်ကိုင် သိပ်မရှိချင်တော့။

အထဲဝင်သွားသည့် အပြင်လူနှင့် အပြင်ထွက်လာသည့် အတွင်းလူတို့ကြားတွင် ကွဲလွဲချက်တွေရှိလာ၏။ အတွင်းလူတချို့ သယ်လာသည့် မက်ဆေ့ဂ်ျနှင့် အပြင်လူတချို့တို့ မ,သွားသည့် စိတ်ကူး များ တိုးမိတိုက်မိတွေ ဖြစ်ကုန်၏။ စစ်အုပ်စုက ထိုအဟ ပိုကျယ်သွားစေ ရန် သဏ္ဍာန်စုံဖြင့် သပ်လျှိုပေးနေတာ တွေလည်း မြင်ရ၏။ ဤတွင် ဝင်သွားသူနှင့် ထွက်လာသူများ အစေး ပိုမကပ်ချင်တော့။ ဆန်ကွဲကြဲ လာကြ၏။

နောက်တချက်ဖြစ်သည့် မျက်စေ့လည်ခြင်း၊ မလည်ခြင်းသည် ဝေးခြင်းနီးခြင်း၊ အတွင်းအပြင်ဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် မဆိုင်လှ။ နိုင်ငံရေးအရ အတွေးအခေါ်အရ စစ်အုပ်စုအပေါ် မည်သို့သဘော ထားသလဲ။ မည်သို့အကဲဖြတ်သလဲနှင့် တိုက်ရိုက်ဆိုင်၏။ မတရားမှုကို မုန်းတီးခြင်းနှင့် ဆန့်ကျင်ခြင်းမှာ ကောင်း၏။ မရှိမဖြစ် လိုအပ်ချက်လည်း ဖြစ်၏၊ သို့သော် နိုင်ငံရေးလုပ်မည့်သူအဖို့ ထိုမျှနှင့် မလုံလောက်သေး။ အာဏာနှင့် ခနမှန်သမျှ လက်ဝါးကြီးအုပ်ထားသည့် စစ်အရင်းရှင်စနစ်ကို နိုင်ငံရေးအရ သဘောတရားရေးအရ သေချာဃဏာသိမြင်မှ ဖြစ်၏။ ထိုသို့မဟုတ်လျှင် အပြင်/အတွင်း၊ အဝေး/အနီး ကြိုက်သည့် နေရာနေ နိုင်ငံရေးမျက်စေ့လည်မှာ မြေကြီးလက်ခတ်မလွဲ။ တချို့ တကယ့်ကို ရိုးရိုးသားသား မျက်စေ့လည်တာဖြစ်နေ၏။ တချို့က ဖိုးသူတော်မျက်စေ့ လည်ပြခြင်း ဖြစ်နေ၏။ တချို့က ရုံဝင်ခပေး ဝင်ကြည့်ပြီး မျက်စေ့အလည်ပြ ခြင်း ဖြစ်နေ၏။

မည်သူက မည်သို့ အတွင်းလူအပြင်လူ ခွဲခွဲ မခွဲခွဲ၊ မည်သူတွေ မည်သို့မျက်စေ့လည်လည်၊ ကျွန်တော်တို့ မကွဲဖို့၊ မလည်ဖို့ လို၏။ ကျွန်တော်တို့ လူလုံးကွဲဖို့လို၏။ ကျွန်တော်တို့အချင်းချင်း ထောက်ပြ ဝေဖန်တာတွေ ရဲရဲတင်းတင်း လုပ်ဖို့လို၏။ ပွင့်ပွင့် လင်းလင်း ပြောဖို့လို၏။ တပြိုင်တည်းမှာ လက်ဝါးကြီးအုပ် စစ်အရင်းရှင်စနစ်အား နိုင်ငံရေးအရ၊ သဘောတရားရေးအရ သိမြင်ပြီး ဆုံးဖြတ်ချက်ရှိရှိ ဆန့်ကျင်ရင်း အပြီး တိုင် ဖျက်သိမ်းရန်ဖြစ်၏။

"အတွင်းလူအပြင်လူ" နေရာတွင် "ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုများ" ကို စကားလုံးအရရော အနှစ်သာရအရပါ ပြန်တည်ဆောက်နိုင်မှ ဒီမိုကရေစီအရေခြုံ စစ်အာဏာရှင်များအား အတွင်းအပြင် နှစ်ဖက်နည်းဖြင့် အပြီးသတ် ရည်မှန်းချက်ဆီ ခရီးတွင်တွင် သွားနိုင်ကြမည်ဖြစ်၏။

**မျိုးမြင့်ချို**
ဇူလိုင် ၂၀၁၄



# (၇)ရက်ဇူလိုင်––မမေ့နိုင်။

# (၅၂)နှစ်ပြည့်–အထိမ်းအမှတ်။

**ရဲဘော်ရှုယဉ်**



၂၀၁၂ ခုနှစ် ဇူလိုင်(၇)ရက်–နှစ်(၅၀)ပြည့်ကာလက အဖြစ်အပျက်ကလေးပါ။ ဇူလိုင်(၈)ရက်နေ့ မနက်အစော သတင်းနားထောင်ဖို့ ကွန်ပြူတာကိုဖွင့်ပြီး ဗွီ–အို–အေသတင်းဌာနရဲ့ ပင်မစာမျက်နှာကို ဖွင့်လိုက်တဲ့အခါမှာတော့ ဇူလိုင်၇ရက် နှစ်(၅၀)ပြည့်အခမ်း အနားလုပ်ဖို့ကြိုးပမ်းနေတဲ့ ဗ–က–သကျောင်းသား ခေါင်းဆောင်များ ပြန်လည်လွတ်မြောက်လာ ဆိုတဲ့သတင်းခေါင်းစည်းနဲ့အတူ ဓာတ်ပုံတပုံပါလာပါတယ်။

အဲဒီဓာတ်ပုံကတော့ ဇူလိုင်(၆)ရက်နေ့ ညက ခေါ်ယူဖမ်းဆီး သွားတာခံရပြီး ဇူလိုင်(၇)ရက်နေ့ညမှာ ပြန်လည်လွတ်မြောက် လာတဲ့ဗ–က–သများအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး မဖြိုးဖြိုးအောင်က ပြုံးရွှင်ကြည်နူးစွာနဲ့ ပန်းစည်း ကိုလက်ခံယူနေတဲ့ပုံပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်း(၅၀)က လူမသိသူမသိ ကျဆုံးကုန်ကြရတဲ့ နောင်တော်အစ်မတော် တိုက်ပွဲဝင်ကျောင်းသူကျောင်းသားအပေါင်းကိုဖျတ်ခနဲ သတိရလိုက်ပြီး မျက်ရည်တွေ ကျလာမိပါတယ်။ ဝမ်းနည်းမျက်ရည်သာမက ဝမ်းသာမျက်ရည်လည်း ပါပါတယ်။ အခု သူတို့လေးတွေ ကုသိုလ်မဆိုးရှာတော့ဘူး။ မိမိရဲ့စွန့်လွှတ်မှုအပေါ် အသိအမှတ်ပြုခြင်းခံရတယ် ဆိုတဲ့ ဝမ်းသာစိတ်ပါ။ တဆက်ထဲမှာပဲ အဲဒီကာလတွေတုန်းက ကျွန်မရင်ထဲကနေ သန္နိဋ္ဌာန်တိတ်တိတ်ချခဲ့မိတဲ့ စိတ်ဓာတ်ကိုပြန်သတိရလာမိပါတယ်။ "ကျသွားရတဲ့ သွေးတွေ အလဟဿမဖြစ်စေရပါဘူး" ဆိုတာပါပဲ။

ဒါနဲ့ပဲ အောက်ပါမှတ်တမ်းလေးကိုရေးမိပါတော့တယ်။

၁၉၆၂ ခုနှစ် မတ်လ(၂)ရက်နေ့ တော်လှန်ရေးကောင်စီအာဏာသိမ်းစဉ်က ကျွန်မ တက္ကသိုလ် မရောက်သေးပါဘူး။ အဲဒီနေ့က ကျွန်မတို့ တန်းမြင့်ကျောင်းထွက်လက်မှတ်ရစာမေးပွဲကြီးဖြေနေစဉ်အတွင်း သင်္ချာ(၁) ဖြေရမယ့်နေ့ပါ။ မေးခွန်းတွေအရောက်နောက်ကျလို့ ဆိုတဲ့ အကြောင်း ပြချက်နဲ့ စာမေးပွဲကို (၁)နာရီတိတိနောက်ကျပြီးမှ ဖြေဆိုခဲ့ရပါတယ်။ အဲဒီနှစ်က တန်းမြင့်ကျောင်းထွက်–သို့မဟုတ် (၉)တန်းဆိုတာ ပထမဆုံးစ တီထွင်တဲ့နှစ်ပါ။ အရင်က (၈)တန်းအောင်ပြီးရင် တက္ကသိုလ်ဝင်တန်း(၁၀တန်း)တန်း ဖြေလို့ရပါတယ်။ ကျွန်မတို့ (၈)တန်း အောင်တဲ့နှစ်ကျမှ တန်းခွဲစာမေးပွဲနဲ့ကြုံရတာပါ။ ဒါ့အပြင် ရန်ကုန်တိုင်းက တန်းမြင့်စာမေးပွဲဖြေသူတွေ ထပ်ကြုံရတဲ့ဒုက္ခရှိပါသေးတယ်။ မေးခွန်းတွေ ပေါက်ကြားတယ်ဆိုပြီး ရန်ကုန်တိုင်းတတိုင်းလုံးက ကျောင်းသားတွေကိုနောက်တကြိမ် ထပ် စာ မေးပွဲဖြေခိုင်းတာပါပဲ။ စ–ကတည်းက ယဉ်သကိုး–ဆိုသလိုပဲ တော်လှန်ရေး ကောင်စီက တက်လာလာချင်း ကျောင်းသားထုကို ရန်စလိုက်ခြင်းပါပဲ။ ဒါကိုဗကသများအဖွဲ့ချုပ်က ကန့်ကွက် စာတမ်းထုတ်တာတွေဘာတွေ လုပ်ကြပါသေးတယ်။ ဘာပဲပြောပြော ကျွန်မတို့တတွေ ဒုတိယအကြိမ် စာမေးပွဲပြန်ဖြေလိုက် ရပါတယ်။ ဒီနောက် ၁၉၆၃ ခုနှစ် ဇွန်လမှာတော့ ကျွန်မ တက္ကသိုလ် စ တက်ပါတော့တယ်။

အဲဒီတုန်းက ကိုယ်လိုချင်တဲ့ ဘာသာယူခွင့်ရှိပါတယ်။ ဥပစာတန်း သိပ္ပံနဲ့ ဝိဇ္ဇာပဲ ခွဲပြီး သိပ္ပံတွဲတွေကို လိပ်ခုံး(ဆိုဗီယက်ယူနီယံက လက်ဆောင်အဖြစ် ဆောက်ပေးခဲ့တဲ့ ပြည်လမ်းက ရောင်စုံအဆောက်အဦးကြီးနဲ့ လိပ်ခုံးပုံစံခန်းမတို့ပါတဲ့ ကျောင်းဝင်း)မှာ တက်ရပြီး ဝိဇ္ဇာတွဲတွေကတော့ ဘီ–အို–စီကောလိပ်လို့ခေါ်တဲ့ တက္ကသိုလ်ရိပ်သာလမ်းဖက်က ခွဲထွက် ဝင်လာလို့ရတဲ့(ကျွန်မတို့ အခေါ်–သပြေပင်တန်း) တထပ်တိုက် တန်းလျား စာသင်ဆောင်တွေမှာ တက်ရပါတယ်။သိပ္ပံတွဲယူသူတွေကို ဥပစာ(ခ)တန်း အောင်မှ အမှတ်မီသူတွေကို ဆေးကောလိပ်တို့ အင်ဂျင်နီယာကောလိပ် တို့ကို တက်ခွင့်ပြုပါတယ်။ အဲဒီတုန်းက အားလုံးဟာ ရန်ကုန်တက္ကသိုလ်ရဲ့ လက်အောက်ခံကောလိပ်တွေပါ။

၁၉၆၃ခုနှစ်ဇွန်လကျောင်းဖွင့်ချိန်မှာ တော်လှန်ရေးကောင်စီက ငြိမ်းချမ်းရေးဆွေးနွေးဖို့ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းတွေကို ဖိတ် ခေါ် ထားချိန်ဖြစ်လို့ အတော်အသင့်ပွင့်လင်းပြီးလွတ်လပ်နေပါတယ်။ ဒါ ကြောင့်ပဲ ၁၉၆၃–ဇူလိုင်(၇)ရက်နေ့မှာ ၇–၇–၆၂ တနှစ်ပြည့်အခမ်းအနား ကို တ–က–သ အဆောက်အဦဝင်းအတွင်းမှာတခမ်းတနား ကျင်းပ နိုင်ခဲ့တာပါ။

၁၉၆၂–ဇူလိုင်(၈)ရက်နေ့က ဖုံးဖောက်ခွဲပြီး ဖြိုချလိုက်တဲ့ တကသ အဆောက်အဦကြီးက အုတ်ကျိုး အုတ်ပဲ့တွေကို

တနေရာမှာ ပုံထားတာပါ။ အဲဒါကို ကျောင်းသူကျောင်းသားများက တဦးချင်း လက်ဆင့်ကမ်း သယ်ယူပြီး တကသ အဆောက်အဦဝိုင်းထဲက ထီးထီးချည်းကျန်ခဲ့တဲ့ ဗိုလ်အောင်ကျော်ကျောက်တိုင်ဘေးမှာ ၇–၇–၆၂ ဆိုတဲ့ ဂဏန်း သင်္ကေတနဲ့ အထိမ်းအမှတ်ကျောက်တိုင်ကို အားချင်း တည်ဆောက် လိုက်ကြပါတယ်။ ဒ့ါအပြင် အဲဒီကျောက်တိုင်ဘေးမှာလည်း တကသ အဆောက်အဦဆိုတဲ့စာတမ်းနဲ့ တဲတန်းလျားရှည်ကြီး တခုထိုးထားပါတယ်။ အဲဒီတဲတန်းလျားထဲမှာတော့ “(၇)ရက်ဇူလိုင် ဓာတ်ပုံပြပွဲ”ဆို ပြီး ၁၉၆၂–ဇူလိုင်(၇)ရက်နေ့က ရိုက်ကူးထားတဲ့ ရတတ်သမျှ ဓာတ်ပုံ တွေနဲ့ သတင်းစာဓာတ်ပုံတွေ သတင်းဆောင်းပါးတွေ ဇူလိုင်(၇)ရက် အထိမ်းအမှတ် ကဗျာစာအုပ်တွေ(မြကျွန်းသာကဗျာများ၊ အနီနဲ့ အပြာ ကဗျာများ စသဖြင့်) လက်ကမ်းစာစောင်တွေ စုစည်းပြသထား ပါတယ်။

၇–၇– ၆၃ ရက်မှာတော့ ကျန်နေရစ်တဲ့ ကျောင်းသားခေါင်း ဆောင်အနည်းအကျဉ်းနဲ့ အဆောင်ကျောင်းသားအချို့တို့ အဲဒီ ကျောက်တိုင်ရှေ့မှာ လွမ်းသူ့ပန်းခွေတွေချပြီး သန္နိဋ္ဌာန်စာတမ်းတွေ ဖတ်ကြားကြပါတယ်။ ဆွမ်းကျွေး တရားနာ အမျှဝေစတာတွေလည်း လုပ်သေးတယ်လို့ မှတ်မိနေပါတယ်။ ဓာတ်ပုံပြပွဲကိုတော့ ရက်အချို့ ဆက်ဖွင့်ထားပါတယ်။

အဲဒီဓာတ်ပုံပြပွဲကိုကျွန်မ ရောက်ဖူးတာပါ။ ရန်ကုန်တက္ကသိုလ်ဌာနတခုမှာ နည်းပြဆရာလုပ်နေတဲ့ ဦးလေး(ဝမ်းကွဲ)က ကျွန်မကျောင်းတက်နေတဲ့ လိပ်ခုံးမှာလာခေါ်ပြီး တူဝရီး(၂)ယောက် အဲဒီကျောက်တိုင်နဲ့ ဓာတ်ပုံပြပွဲကိုသွားခဲ့ကြတာပါ။ နေ့ရက်အတိ အကျတော့ မမှတ်မိတော့ပါဘူး။ (၇)ရက်ဇူလိုင်ရက်ထက် နောက် အတော်ကျပါတယ်။ ဓာတ်ပုံပြပွဲတောင်ပြီးတော့မှာပါ။ ရန်ကုန်မိုး တစွေစွေရွာနေတဲ့ အဲဒီနေ့မှာ ကျွန်မဗွက်ပေါက်နေတဲ့ လမ်းကို ဖြတ်ပြီး တကသအဆောက်အဦထဲက ဓာတ်ပုံပြပွဲကိုသွားခဲ့တာပါ။ ဓာတ်ပုံတွေ၊ သတင်းစာဖြတ်ပိုင်းတွေ၊ ကဗျာရှည်ကြီးတွေကိုဖတ်ရင်း ကြည့်ရင်းက စိတ်ထဲ အမျိုးအမည် မခွဲခြားနိုင်တဲ့ ဝေဒနာကြီးတရပ်ကို ခံစားခဲ့ရပါတယ်။ ယူကျုံးမရစိတ်၊ ဝမ်းနည်းနာကြည်းစိတ်၊ ဒေါသနဲ့မခံချင်စိတ်၊ လက်စားချေချင်စိတ် စတဲ့စတဲ့ ခံစားချက်တွေ တသီကြီး ပေါ်လာနေပါတယ်။ ရင်ထဲမှာလည်း ကျင်–အေးနေအောင် နာနေပါတယ်။

တကယ်တော့ ကျွန်မဟာ နိုင်ငံရေးအကျဉ်းသမားတွေ၊ အတိုက်အခံနိုင်ငံရေးသမားတွေ၊ တော်လှန်ရေးသမားတွေရဲ့ ဆင်းရဲဒုက္ခအဖုံဖုံကိုရော ဖိနှိပ်တဲ့အစိုးရများရဲ့ ပြင်းထန်ရက်စက်တဲ့ နှိပ်စက် ညှဉ်းပန်းမှု အမျိုးမျိုးကိုရော ကောင်းကောင်းကြားဖူးသိဖူး လေ့လာဖူးပါတယ်။ ၁၉၅၀ ခုနှစ်များအတွင်းက အလွန်ခေတ်စား လူကြိုက်များခဲ့တဲ့ ပြည်သူ့ဂျာနယ်၊ လင်းယုန်ဂျာနယ်၊ လူထုဂျာနယ်စသည်တို့မှာ အနယ်နယ် အရပ်ရပ်က လဲဗီးတို့၊ ပျူစောထီးတို့ရဲ့ လူထုအပေါ် ညှဉ်းပန်းမှုတွေ ထောင်ထွက်နိုင်ငံရေးအကျဉ်းသမားများရဲ့ ထောင်တွင်းခံစားချက်တွေ နိုင်ငံခြားတော်လှန်ရေးဝတ္ထုများထဲက ဘာသာပြန်ချက်တွေ အများကြီး ရေးသားခဲ့ကြ ဖော်ပြခဲ့ကြတာတွေ ရှိခဲ့ပါတယ်။ အဲဒီဂျာနယ် တွေဟာ အဲဒီခေတ်အဲဒီကာလက အဖိနှိပ်ခံပြည်သူများရဲ့ ငိုကြွေး တမ်းတတိုင်တည်သံများလို့တောင် ပြောနိုင်ပါတယ်။ အဲဒါတွေ ဖတ်ပြီး ဒီဒုက္ခတွေနဲ့ မစိမ်းဘဲ ယဉ်ပါးခဲ့ရတဲ့ကျွန်မဟာ ဒီဇူလိုင်–၇–ရက် အထိမ်း အမှတ်ဓာတ်ပုံပြပွဲ ရှေ့မှာတော့ တခါမှမခံစားရဖူးတဲ့ နာကျင် ဝမ်းနည်းမှုတွေ မခံမရပ်နိုင်ဖြစ်မှုတွေ ပေါ်လာရပါတယ်။

အထူးသဖြင့်“၇–၇–၆၂–မမေ့ကြနဲ့”ဆိုတဲ့ မညီမညာရေးထားတဲ့ စာတန်းလေးနဲ့ ဓာတ်ပုံတပုံရဲ့အောက်မှာတော့ အဲဒီဓာတ်ပုံအကြောင်းရှင်းပြထားတဲ့ စာတမ်း၊ ၇–၇–၆၂ ရက်နေ့က သေနတ်မှန်လိုက်တဲ့ကျောင်းသားတယောက် ကျောင်းဆောင်ထဲကနံရံမှာ သူ့ ကိုယ်က ထွက်တဲ့သွေးနဲ့ ရေးထားတဲ့စာတမ်းတဲ့။ အဲဒီအချိန်မှာ ကျွန်မရင်ထဲမှာ အလိုလိုသန္နိဋ္ဌာန်တခု ချပြီး ဖြစ်သွားပါတယ်။

“ကျသွားတဲ့သွေးတွေ အလဟဿမဖြစ်စေရပါဘူး” အဲဒီအဓိဋ္ဌာန် စာတမ်းဟာ အဲဒီကာလတွေကထုတ်ခဲ့တဲ့ ရဲဘော်လှဦး ဘာသာပြန်တဲ့“တရုတ်ပြည်မှသူရဲကောင်းများ”ဆိုတဲ့ဝတ္ထုတွဲတွေထဲက စာတမ်းပါ။ ရဲဘော်တွေကျဆုံးသွားပြီးတိုင်း ကျန်ခဲ့တဲ့ရဲဘော်တွေက သန္နိဋ္ဌာန် ချတတ် ပြောတတ်တဲ့ စကားများပါ။ တကယ်လည်း ဟုတ်ပါတယ်။ ဇူလိုင်(၇)ရက် ၁၉၆၂ခုနှစ်မှာ ကျဆုံးသွားရတဲ့ ကျောင်းသူကျောင်းသားအာဇာနည်တွေရဲ့ သွေးတွေ၊ အသက်တွေ ဘယ်မှာအလဟဿဖြစ်ခဲ့လို့လဲ။ အဲဒီ ဇူလိုင်(၇)ရက်စိတ်ဓာတ်ကို ဆက်လက်ကိုင်စွဲပြီး တဗိုလ်ကျတဗိုလ်တက် ခေတ်အဆက်ဆက်မှာ ပြည်သူလူထုကြီးအတွက် ဘဝတွေ အသွေးအသားတွေ ပေးလှူခဲ့တဲ့ သူရဲကောင်းတွေ နည်းရော့လား။ မဆလခေတ်က ဘာမေးရှား(ဘာပစ္စည်းမေးမေး ရှားပါးတဲ့ဗမာပြည်)လို့ လှောင်ပြောင် အမည်ပေးခံခဲ့ရတဲ့ ဗမာပြည်ကြီးမှာ ဘယ်တုန်းကမှ ရှားပါးပစ္စည်းမဟုတ်တာကတော့(ပြည်သူလူထုအကျိုးအတွက် ဘာမဆို စွန့်လွှတ်ရဲကြတဲ့ သူရဲကောင်းများ)ပါပဲ။ ဒါကြောင့်လည်း ဗမာပြည်ကြီးကို ‘သူရဲကောင်းတို့တိုင်းပြည်’ လို့ ခေါ်ကြဟန်တူပါရဲ့။

အဖိနှိပ်ခံပြည်သူများနဲ့ သူတို့ကို ကိုယ်စားပြုတဲ့ ပြည်သူ့သူရဲကောင်းအပေါင်းဟာ စွန့်လွှတ်မှုအမျိုးမျိုး ပေးဆပ်မှုအမျိုးမျိုး ပြုကြရပါတယ်။ ဒါပေမဲ့ ဒါတွေဟာ ဘယ်တော့မှ ဘာတခုမှ အလဟဿ မဖြစ်ပါဘူး။ ဒီစိတ်ဓာတ်တွေကို ကိုင်စွဲပြီး နောက်ဆုံးအောင်ပွဲရတဲ့အထိ ဆက်လက်တိုက်ပွဲဝင်ကြမှာပါ။

ကျဆုံးလေပြီးသော ရဲဘော်အပေါင်းတို့… အေးချမ်းစွာအနားယူပါတော့။ (၁၉၆၂ခုနှစ် ဇူလိုင်(၇)ရက်နေ့က စလို့ကျောင်းသား အခွင့်အရေး ရရှိရေးတိုက်ပွဲအဆက်ဆက်မှာ ပေးဆပ်ခဲ့ကြရတဲ့ သူရဲကောင်းအပေါင်းကို ဦးညွှတ်အလေး ပြုလိုက်ပါတယ်။)

**ရဲဘော်ရှုယဉ်။**

၇–၇–၂၀၁၄

# အတွင်းရန်၊ အပြင်ရန်နဲ့

## ဒီမိုကရေစီခရီးကြမ်း



ရှစ်လေးလုံး လူထုအုံကြွမှုနောက်ပိုင်း နှစ်ပရိစ္ဆေဒများစွာ ရွေ့လျားလျောဆင်းလာတဲ့ တိုက်ပွဲသဏ္ဍာန်တွေကြောင့် ဒီနေ့ ဗမာပြည်မှာ အတွင်းရန်တင်မက အပြင်ရန်ပါ ထင်ထင်ရှားရှား ပေါ်ထွက်လာပြီလို့ ယူဆရပါတယ်။ အတွင်းရန်ကတော့ စစ်အာဏာရှင်စနစ် ဆက်လက်ရှင်သန်ရေး စစ်ဗျူရိုကရက်ယန္တရားကို ရေဆေးဆီထိုး ဆေးရောင် ပြောင်းသုတ်တဲ့ စစ်အုပ်စုပဲ ဖြစ်ပါတယ်။ အပြင်ရန်ကတော့ နယ်ချဲ့အနောက်အုပ်စု ဖြစ်ပါတယ်။ စစ်အုပ်စုက ရေဆေးဆီထိုး ဆေးတင်ပြီး သူတို့ ကိုယ်သူတို့ ပိုမိုကြံ့ခိုင်အောင် လုပ်ဆောင်လာချိန်မှာ အမေရိကန်နဲ့ ဗြိတိသျှ ဦးဆောင်တဲ့ နယ်ချဲ့ အရင်းရှင်အုပ်စုက ဗမာ့နိုင်ငံရေးကို ခြယ်လှယ်ဖို့ ခြေလှမ်းတွေ တလှမ်းပြီး တလှမ်း ရှေ့တိုး လာပါတယ်။

စစ်အုပ်စုကတော့ လမ်းပြမြေပုံ (၇) ချက်နဲ့ တရွေ့ရွေ့ အသက်ဆက်လာတာ သူတို့မှာလည်း ရှေ့တလှမ်းတက် နောက်နှစ်လှမ်းဆုတ် ဆိုတာမျိုးတွေ ရှိခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အာဏာကို လက်တဖက်ကနေ အခြားတဖက်ထဲ ခိုင်ခိုင်မာမာ လက်ပြောင်းလက်လွှဲ လုပ်ပြီးတဲ့နောက်မှာ တရားဝင် လမ်းပြမြေပုံ အသစ်မထုတ်ဘဲ "တူတာတွဲလုပ် မတူတာခွဲလုပ်" ဆိုတာမျိုး သူတို့ အကျိုးစီးပွားနဲ့ ကိုက်ညီရင် တွဲလုပ် သူတို့အကျိုးစီးပွားထိခိုက်နိုင်တာမျိုးဆိုရင် ခွဲထုတ်ဆိုတာနဲ့ ရှေ့ဆက်ပါတယ်။ လူထုကို ချမပြတဲ့၊ နောက်ကွယ်မှာဘဲ ဆုပ်ကိုင်ထားတဲ့ လမ်းပြမြေပုံသတ်သတ်ရှိကောင်း ရှိပါလိမ့်ဦး မယ်။ "ကိုယ့်အကျိုးနဲ့ ကိုက်ရင် တွဲလုပ်၊ မကိုက်ရင်ခွဲထုတ်" ဆိုတဲ့ သူတို့ရဲ့ တူတာတွဲလုပ်၊ မတူတာခွဲထုတ်ဆိုတဲ့ မူကတော့ တော်တော် အလုပ်ဖြစ်ပါတယ်။ အုပ်စိုးသူ လူတန်းစားနဲ့ အချောင်သမားတွေ အတွက် အလုပ်ဖြစ်တာပါ။

"ကိုယ့်အကျိုးနဲ့ ကိုက်ရင် တွဲလုပ်၊ မကိုက်ရင်ခွဲထုတ်" ဆို တာက အတော်လေး တာသွားပါတယ် ခရီးရောက်ပါ တယ်။ အတိုက်အခံကို ခုတုံးလုပ်ပြီး စစ်အုပ်စုက သူတို့လည်း ဒီမိုကရေစီပန်းတိုင်ကို ဦးတည်ချီ တက်နေပါတယ်လို့ လိမ်ညာဝါဒ ဖြန့်သလို အမှန် တကယ်လည်း တနေ့နေ့ တချိန်ချိန်မှာ မရှောင်မလွှဲ သာရင်တော့ အာဏာ ခွဲဝေပေးဖို့ (Power sharing) လုပ်ရမယ်ဆိုတဲ့ တွက်ကိန်း တော့ ရှိပုံရပါတယ်။ ဒါပေမဲ့ အတိုက်ပေးမှာပါ။ ရိုင်းရိုင်းပြောရရင် အရိုးအရင်း လောက်ပဲ စွန့်ကြဲမယ့်သဘောပါ။ သူတို့ဘယ်လောက် အတိုင်းအတာ အထိ အာဏာခွဲပေးနိုင်မလဲဆိုတာ ၂၀၀၈ အခြေခံဥပဒေမှာ အခိုင်အမာ ထည့်သွင်းထားပြီး ဖြစ်ပါတယ်။ လုံးဝ အကြွင်းမဲ့ အာဏာစွန့်မှာတော့ မဟုတ်ပါဘူး။ အာဏာရှင်တွေအနေနဲ့ သူတို့ သဘောနဲ့ သူတို့ အာဏာ စွန့်ရိုးလည်း မရှိပါဘူး။ လူထုက တော်လှန်ဖြုတ်ချရတာပါ။

စစ်တပ်ရဲ့ ချုပ်ကိုင်မှုအပြင် စစ်တပ်ကျောထောက်နောက်ခံပြုထားတဲ့ ကြံ့ဖွံ့နဲ့သာလျှင် ညွန့်ပေါင်းဖွဲ့ပြီး အကန့်အသတ်နဲ့ အာဏာခွဲယူပါဆိုတဲ့ အရိပ်အမြွက်မျိုးထွက်လာဖူးပါတယ်။ ဒါမှမဟုတ်ရင်တော့ ပီအာ (PR) ဆိုတဲ့ အချိုးကျ ကိုယ်စားပြုစနစ်နဲ့ မစားရတဲ့အမဲ သဲနဲ့ပက်မယ့်လမ်းကို ဦးတည်ထားတာပါ။ အာဏာခွဲဝေယူမလား၊ ဒါပေမဲ့ ပေးသလောက်ယူ ကျွေးသလောက်စား ကျေနပ်ရပါမယ်။ မတူတာ ခွဲလုပ်ဆိုတာကတော့ စကားအရပဲ ရှိမယ်။ လက်တွေ့မှာ ဆန့်ကျင်ဘက် အကျိုးစီးပွားတွေအတွက် တဖက်နဲ့ တဖက် မထိခိုက်ဘဲ ခွဲလုပ်နေလို့ မရပါ။ တနေရာမှာ တကွေ့မှာတော့ ထိပ်တိုက်ရင်ဆိုင် တွေ့ကြမှာပါပဲ။

'တွဲလုပ်–ခွဲလုပ်' မူက ၁၉၉၀ နောက်ပိုင်း ဗမာ့ပင်မနိုင်ငံရေး ရေစီးကြောင်းမှာ ခေတ်စားတဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးရဲ့ ထွက်ကုန်လို့ ပြောရမယ် ထင်ပါတယ်။ 'တွဲလုပ်–ခွဲလုပ်' မူအရ 'အပြင်ကလူအတွင်းဝင်' 'အတွင်းကလူ အပြင်ထွက်' ကြက်ပျံမကျ စည်ကားပါတယ်။ အဲဒီလို စည်ကားမှုလည်း ပြုပြင်ပြောင်းလဲရေး အရောင်တလက်လက် ထွက်မှာပါ။ အရောင်ထွက်မှ အုပ်စိုးသူလူ တန်းစား အမြတ်ထွက်မှာ ဖြစ်ပါတယ်။ တဖက်မှာလည်း အုတ်အရောရော ကျောက်အရောရောနဲ့ နိုင်ငံရေး အရှုပ်အထွေး ဖြစ်လာစေပါတယ်။ ကိုယ့် အရှုပ်ကိုယ် ရှင်းကြရင်း မိုးချုပ်ရမယ့် အခြေအနေကို ဖန်တီးလိုက်တာပါ။

ပြည်တော်ပြန်နဲ့ ကမ္ဘာလှည့် အတိုက်အခံ အင်အားစုတွေမှာလည်း ဦးတည်ချက်တွေ အကျိုးအမြတ်တွေ ကိုယ်စီနဲ့ ဖြစ်သလို စစ်အုပ်စုက ဝင်–ထွက်ခွင့်ပေးတာကလည်း ချိန်ချိန်ဆဆနဲ့ သူတို့ အကျိုးသယ်ပိုးမယ့်သူ ဒါမှမဟုတ် သူတို့ အကျိုးကို ကြီးကြီးမားမား မထိခိုက်နိုင်သူတွေကို ရွေးပြီး သင့်သလို ပေးကျွေး ဆွေးနွေးလိုက် လျောတာမျိုးပါ။

အစဉ်အဆက် စစ်အာဏာရှင် မျိုးဆက်တွေအနေနဲ့ သူတို့လည်ပင်းကို ကြိုးကွင်းစွပ်နိုင်တဲ့သူ ဘယ်သူ့ကိုမှ စကားထဲထည့်ပြောတာ မဟုတ်ပါဘူး။ သူတို့က ရန်–ငါ ပြတ်ပါတယ်။

အမျိုးသား ပြန်လည်သင့်မြတ်ရေး မဟုတ်ဘဲ လက်တဆုပ်စာ သင့်မြတ်ရေး ဖြစ်နေတဲ့ တိုင်းပြည်မှာ လူထုရဲ့အထွေထွေ အကျပ်အတည်းက ကြီးမားသထက် ကြီးမားလာတယ်။ ဒီဆင်းရဲဒုက္ခတွေက လွတ်မြောက်ရေး ကြိုးပမ်းကြသူတွေမှာလည်း စိန်ခေါ်မှုမျိုးစုံ ရင်ဆိုင်ကြုံတွေ့ နေရတယ်။ အနစ်နာခံ တိုက်ပွဲဝင်သူတွေ အဖိနှိပ်ခံလူထုကို ဦးဆောင်သူတွေမှာလည်း အတွင်းရန် စစ်အုပ်စုရဲ့ နှိပ်ကွပ်မှုကို အန်တုနေရသလို အပြင်ရန်ဖြစ်တဲ့ နယ်ချဲ့အနောက်အုပ်စုရဲ့ လှုမွေးတဲ့ မြူဆွယ်ဖြားယောင်းမှုကိုလည်း ငြင်းဆန် အန်တုရပြန်ပါတယ်။ မြူဆွယ်ဖြားယောင်းမှုကလည်း အသွင်သဏ္ဍာန်မျိုးစုံပါ။ ငွေကြေး၊ ပညာရေး၊ ပညာသင်ဆု၊ သင်တန်း စသဖြင့် စုံပါတယ်။ လူ့ အခွင့်အရေးနဲ့ လစ်ဘရယ်ဒီမိုကရေစီ အမည်ခံပြီး အရင်းရှင်မှိုင်းတိုက် ဦးနှောက်ဆေးတာပါ။ ဒီဘိန်းကို စားမိရင် ပြတ်ဖို့ မလွယ်ပါဘူး။ ဒီလို လှုမွေးဦးနှောက်ဆေးတဲ့ အလုပ်ကို နယ်ချဲ့က တိုက်ရိုက်တမျိုး ကြားခံတွေနဲ့ တသွယ်လုပ်ပါတယ်။

အရင်းရှင် ထိပ်သီးတွေဖြစ်တဲ့ အမေရိကန်နဲ့ဗြိတိသျှတို့က စစ်အာဏာရှင်တွေကိုရော အတိုက်အခံကိုပါ နည်းမျိုးစုံသုံးပြီး သိမ်းသွင်း လှုမွေးဖို့ ကြိုးစားတယ်။ စီးပွားရေးအရ တိုးချဲ့သွေးစုပ်မှုတွေအပြင် စစ်ရေးအရပါ လက်အောက်ခံပြုဖို့ တစတစ ကြိုးစားလာတယ်။ လက်နက်နဲ့ နည်းပညာအကူအညီတွေကို တဖြည်းဖြည်း ပေးကမ်းစပြုလာပါတယ်။ အာရှ–ပစိဖိတ်ဒေသမှာ နောက်ထပ်အရေးပါတဲ့ လက်အောက်ခံ နိုင်ငံငယ်တခု ပေါ်ထွန်းလာရေးဟာ အမေရိကန်အတွက် အဓိက ဦးတည်ချက်ဖြစ်သလို အမေရိကန်နဲ့အပြိုင် မိမိတို့ကိုလိုနီနိုင်ငံဟောင်းကို ပြန်ကိုင်ထားရေးဟာလည်း ဗြိတိသျှတွေရဲ့ ထိပ်တန်းနိုင်ငံခြားရေး ဦးတည်ချက် တရပ်ပါပဲ။

နယ်ချဲ့ အရင်းရှင်တွေအတွက်တော့ ဘယ်အစိုးရတက်တက် တက်တဲ့အစိုးရ သူတို့ အစိုးရ ဖြစ်ရေးပါ၊ ရှင်းပါတယ်။ ဒါကြောင့် လက်ရှိ ဗိုလ်သိန်းစိန်အစိုးရကို သွေးတိုးစမ်းသလို အတိုက်အခံတွေကိုလည်း တဖက်တလမ်းက ပေးကမ်းချီးမြှောက်ပါတယ်။ ရှစ်လေးလုံး လူထုအုံကြွမှု နောက်ပိုင်း တိုက်ပွဲသဏ္ဍာန်တွေက တဖြည်းဖြည်း ပြောင်းလဲသွားတယ်။ လက်နက်ကိုင် တော်လှန်ရေးမှာ အားနည်းလာပြီး အန်ဂျီအို **(NGO)** နိုင်ငံရေး အားကောင်းလာတယ်။ နဝတ–နအဖလက်ထက်မှာ ဗမာပြည်နိုင်ငံရေး လှုပ်ရှားမှုက ပြည်တွင်းအခြေပြုရာကနေ ပြည်ပကို သိသိ သာသာ ရွှေ့လျားသွားပါတယ်။ ပြည်တွင်းက စစ်အစိုးရရဲ့ တင်းကျပ်မှုတွေကလည်း အကြောင်းအရင်းတခုပါ။

ဒါပေမဲ့ ၁၉၆၂ နောက်ပိုင်း ဗိုလ်နေဝင်းရဲ့ မဆလခေတ် ဖိနှိပ်မှုအောက်မှာ ကျောင်းသား၊ အလုပ်သမား၊ လယ်သမား လူထုတိုက်ပွဲတွေ ခပ်စိပ်စိပ် ရှိပါတယ်။ မဆလအစိုးရရဲ့ လူထုတိုက်ပွဲတွေကို ဖြိုခွင်း မှုကလည်း နဝတ–နအဖခေတ်ထက်တော့ မလျော့ပါဘူး၊ ပိုတောင်ပိုမယ် ထင်ပါတယ်။ မဆလခေတ်မှာ ကိုယ့်ကံကြမ္မာကို ကိုယ်သာ ဖန်တီးနိုင်မယ်၊ ကိုယ်သာ ဖန်တီးနိုင်တယ်၊ ဗမာပြည် အပြောင်းအလဲကို ဗမာပြည်သူ တွေသာ ဖန်တီးနိုင်တယ် ဆိုတဲ့အမြင် လူထုကြား မှာ နိုင်ငံရေး အင်အား စုတွေကြားမှာ ခိုင်ခိုင်မာမာရှိပါတယ်။ ဒါပေမဲ့ နဝတ–နအဖခေတ်မှာတော့ အနောက်မျှော်ဝါဒကို ကိုင်စွဲလာကြတယ်။ အနောက်ကမ္ဘာရဲ့ အကူအညီနဲ့ မိမိတိုင်းပြည်ရဲ့ အပြောင်းအလဲကို ဖန်တီးဖို့ ကြိုးပမ်းကြတယ်။ နယ်ချဲ့ ကြားဝင်ရေး **(Imperialist intervention)** ကို ကိုယ်တိုင် ဖိတ်ခေါ်လာကြတယ်။

အမေရိကန်နဲ့ ဥရောပ သမဂ္ဂဆိုတာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ ဗန်းပြပြီး သူတို့ ကိုယ်ကျိုးစီးပွားအတွက် အန်ဂျီအို ကြားခံတွေကတဆင့် နယ်ချဲ့သွေးစုပ်ရေး ကြိုးပမ်းလာခဲ့တာဟာ တဖြည်းဖြည်းနဲ့ ကမ္ဘာပေါ်မှာ ဝေဖန်ထောက်ပြခံနေရပြီ။ သူတို့ရဲ့ လူ့အခွင့်အရေး နဖူးစည်းအောက်က တခြားနိုင်ငံတွေအပေါ် လွှမ်းမိုးချုပ်ကိုင်ရေး ကြိုးပမ်းမှုတွေကို ဖော်ထုတ်လာကြပြီ။ ဒီလို အရင်းရှင်တွေရဲ့ ငွေကြေးအစ အထောက်အကူပစ္စည်း လက်နက်ကိရိယာအဆုံး တိုက်ရိုက်တမျိုး သွယ်ဝိုက်ပြီးတဖုံ ထောက်ပံ့တဲ့ ကိစ္စတွေလည်း ပုပ်လို့ပေါ် ဟုတ်လို့ကျော်ကုန်ပြီ။ ဒါပေမဲ့ နယ်ချဲ့ဆိုတာ မျက်နှာပြောင်တိုက်တဲ့ ရာဇဝင်နဲ့လာတာပါ။ သူတို့ကတော့ ပြောင်ပြောင်ပဲ၊ သွေးစုပ်ချုပ်ကိုင်ရေး ဆက်လက် ကြိုးပမ်း နေဦးမှာပါ။ ကိုယ့်ဘက်က သတိရှိဖို့ ဖြစ်ပါတယ်။

အနှစ် နှစ်ဆယ်ကျော် ဒေါ်လာသန်းချီပြီး ရင်းနှီးခဲ့တဲ့ ဗမာပြည်ကို ဒီမိုကရေစီ တင်ပို့ရေး အစီအစဉ်ကို အမေရိကန်နဲ့ ဥရောပ အထူးသဖြင့် ဗြိတိသျှတွေက အထိအခိုက်ခံမှာမဟုတ်ပါဘူး။ ပြီးတော့ သူတို့ကြားမှာလည်း အလုအယက် မဏ္ဍပ်တိုင် တက်ပြရေး လုံးပန်းနေကြပြန်ပါတယ်။ ဒါက သူတို့ အချင်းချင်းကြားမှာပါ။ ဗမာပြည်သူတွေ ထံပါးမှာတော့ ဘုရားစင်ပေါ်တက် နေရာယူဖို့ ကြိုးပမ်းတဲ့ လုပ်ရပ်တွေပါ။ နယ်ချဲ့တွေက ဗမာလူထုကို ကျေးဇူးဆပ်ခိုင်းဖို့ အလှည့်စောင့်နေပါတယ်။ ဒီနေ့ ဒီအချိန်မှာ နယ်ချဲ့အရင်းရှင်အုပ်စု၊ စစ်အုပ်စုနဲ့ အနောက်မျှော် မှိုင်းမိ (အမောင် တောင်မှန်းမသိ မြောက်မှန်းမသိ) တွေရဲ့တူညီတဲ့ ကြွေးကြော်သံက လူ့ အခွင့်အရေးနဲ့ဒီမိုကရေစီပါ။ ကြွေးကြော်သံ တူရတာကလည်း ဒီကြွေးကြော်သံနောက်က အကျိုးအမြတ်တွေ တူနေကြလို့ ဖြစ်ပါတယ်။

ရိုးရိုးသားသားနဲ့ ရိုးအလို့တော့ ကျားကြောက်လို့ ရှင်ကြီးမကိုးစေချင်ပါ။ ကိုယ့်ကြမ္မာကိုယ် ဖန်တီးရေးဆိုတာ လွတ်လပ်ရေးခေတ်မှ မဟုတ်ပါဘူး ခေတ်တိုင်းမှာ လူတိုင်းထမ်းရွက်ရမယ့် တာဝန်ဖြစ်ပါတယ်။ ကယ်တင်ရှင်က ဗမာပြည်သူလူထု ကိုယ်တိုင် ဖြစ်ပါတယ်။ အတွင်းရန် အပြင်ရန်ပေါင်းပြီး ပြည်သူတွေ အလောင်းချင်းထပ်အောင် သွေးစုပ်ကျွန်ပြုမယ့်ဘေးကို ကျော်လွှားအောင်မြင်ဖို့ ရပ်တည်ချက်၊ အမြင်၊ နည်းနာ ဉာဏ်သုံးဖြာ မှန်ကန်သင့်လျော်ဖို့ လိုပါတယ်။ ညီညီညွတ်ညွတ်နဲ့ သတိ ဝိရိယကြီးစွာ ရန်းကန် တိုက်ပွဲ ဝင်ကြရပါမယ်။ ရန်သူတကာ ကြောက်ဒူးတုန်ဖို့ အဖိနှိပ်ခံတို့ သွေးစည်းစို့။

နိုင်အေးလင်း

၁၄ ဇူလိုင် ၂၀၁၄။

## ဗမာပြည်ကွန်မြူနစ်ပါတီ စိန်ရတုကို အထိမ်းအမှတ်ပြုခြင်း




ရဲဘော်အောင်လွင်

### (၁) အတိတ်သို့ သမင်လည်ပြန်

(ဂုဏ်ရောင်ပြောင်တယ် × ပစ္စည်းမဲ့တို့ ပါတီရယ် × စာဖွဲ့ရမယ် × သီကုံးလို့ရယ် × သွေးလှူပေးအပ်ထားတဲ့ × ချစ်မိခင် ပါတီမြတ်ရယ်) ၂ × အူသည်းလှိုက်ဆူ ×(ဂုဏ်ယူမိတယ်) ၂ × ကျွန်တော်တို့ × ဂုဏ်ယူမိပါတယ် × × × မာ့က်စ် လီနင် မော်အတွေးအခေါ် × ဦးထိပ်ပန်လို့ရယ် × ရင့်ကျက် သံမဏိနယ် × ကျောက်စိုင်ပမာသို့ကွယ် × ခိုင်မာတယ် × အောင်လံနီစိုက် ကာ × လွှင့်မယ် × ရန်သူကို တိုက်ကာ ခွင်းမယ် × ပြည်သူကို ခေါင်းဆောင်လို့ရယ် × အောင်ပွဲသို့သာ ချီကာရယ် × အာဏာနီ ထူမယ် × အာဏာနီ ထူမယ် × လက်နက်စွဲလို့ × ရဲရဲတောက်နီ ဆန္ဒပြုတယ် × အမှန်ပင် အောင်မြင်စေရမယ် × × × အဓွန့်ရှည် ပါစေလို့ × မိခင်ပါတီ အလီလီ × ကြွေးကြော်တယ် × × ×

(သံပြိုင်) – သဘောတရားရေးက ရှေ့ဆောင်တယ် × လက်တွေ့နဲ့ရယ် ပေါင်းစပ်မယ် × လက်နက်ကိုင် ကြီးပြင်းခဲ့လို့ လူလားမြောက်တဲ့ × ဒီအချိန်ခါဝယ် × အသက်နဲ့ ထပ်တူ ချစ်ခင်ရမယ် × × သွေးနဲ့ရင်းကာ × သစ္စာပြုမယ် × × တူတံစင် ရွှေ ရောင်အစင်းနဲ့ လမ်းပြတံခွန်ကြယ် × ရဲဘော်အပေါင်းရယ် × လွှင့်ထူစို့ကွယ် × အဓိဌာန်ပြုမယ် × အောင်စေဖွယ် × ဗမာပြည် အနီရောင် လွှမ်းလို့ × ချမ်းမြေ့စေမယ် × အလေးနီ × အလေးနီ × အလေးနီ × အဓိဌာန်ပြုပါတယ် × × ×

အို× × ရဲဘော် ချစ်ရဲဘော်ရယ် × × × ငုပ်မိသဲတိုင် × တက်နိုင်ဖျားရောက် × အောင်ရမယ် × တနေ့တလံ × ပုဂံဘယ်ပြေးမယ် × ဟုတ်တယ် × ဟုတ်တယ် × ဟုတ်တယ် × ဟုတ်တယ် × မာ့က်စ်လီနင်ဝါဒ × အောင်ပွဲ ရတဲ့ ခုချိန်ဝယ် × အနာဂတ်ကို တို့ပိုင် တယ် × အနာဂတ်ကို × တို့သာပိုင်ရမယ် × × ×

တို့တတွေ × ပေးအပ်ထားတဲ့ တာဝန်ရယ် × မဆုတ်မနစ် ကြိုးစားလို့ဖြင့် × အောင်စေရမယ် × အောင်စေရမယ် × သံမဏိ စည်းကမ်းလိုက်နာလို့ရယ် × × ပါတီတောင်းဆိုချက်ကို × ပြည့်စုံစေမယ် × ကိုယ်ကျိုးမဖက်တယ် × အသက်ကိုပင် × ပေးလှူဖြူစင် ကြယ် × × ×

(သံပြိုင်) – (သဘောတရားရေးက ရှေ့ဆောင်တယ် ... ... ... ... ... ... အဓိဌာန်ပြုပါတယ်) × × ×

အထက်ပါ စာသားများဟာ ဗမာပြည်ကွန်မြူနစ်ပါတီကို ဂုဏ်ပြုဖွဲ့ဆိုထားတဲ့ "မိခင်ပါတီ"အမည်ရှိ သီချင်းရဲ့ သီချင်းစာသားတွေဖြစ်ပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၄၀ လောက်က ၁၉၇၀ ခုနှစ်ရဲ့ အစောပိုင်းကာလ၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ပါတီနေ့ တခုမှာ ပါတီကို ဂုဏ်ပြု သီချင်းအဖြစ် ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီရဲ့ ကြွေးကြော်သံ 'ဗမာပြည် ပြည်သူ့အသံ' ကထုတ်လွှင့် ခဲ့တာပါ။ တချိန် တည်းမှာလည်း ပြည်သူ့အသံက စာသားများကို လိုက်ရေးနိုင်အောင် အနှေးကူးအဖြစ် အသံလွှင့်ခဲ့တာမို့ အဲဒီကတည်းက ဒီသီချင်းကို ရနေခဲ့တာ ဖြစ်ပါတယ်။ အသံလွှင့်စဉ်က သီချင်းကို အမျိုးသမီးသီဆိုသူအသံနဲ့ရော အမျိုးသား သီဆိုသူ အသံနဲ့ပါ ထုတ်လွှင့်ခဲ့တာကိုလည်း သတိရနေမိပါတယ်။ သီချင်းရေးသူကလည်း 'ဗိုလ်ဇေယျ'တဲ့။ ဗိုလ်ဇေယျဆိုတာ ဗိုလ် ချုပ်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ ဗိုလ်ကျော်ဇောတို့နဲ့ အတူ ဗမာ့တပ်မတော်ကို ထူထောင်ရေးအတွက် ဂျပန်ပြည်ကို လျှို့ဝှက်သွား ရောက် စစ်ပညာလေ့လာသင်ယူခဲ့တဲ့ ရဲဘော်သုံးကျိပ်အဖွဲ့ဝင် တဦးဖြစ်တယ်ဆိုတာ ဒီနေ့လူငယ်တွေ သိချင်မှသိပါလိမ့်မယ်။ (ဒါပေမဲ့ ဗိုလ်ဇေယျကို ဟေမာနေဝင်းတို့၊ ရာဇာနေဝင်းတို့၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ အိန္ဒြာကျော်ဇင်တို့ရဲ့ အဘိုးလို့ ပြော လိုက်ရင်တော့ ဒီခေတ်လူငယ်များ မှတ်မိသွားနိုင်မယ်ထင်ပါတယ်)။ တကယ်တော့ ဒီဗိုလ်ဇေယျဟာ ရဲဘော်သုံးကျိပ်အဖွဲ့မှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လက်ျာတို့ပြီးရင် ထိပ်တန်းခေါင်းဆောင်တဦးပါ။ ကျောင်းသား သမဂ္ဂခေါင်းဆောင်တဦးလည်း ဖြစ်ပါတယ်။ တို့ဗမာ အစည်းအရုံးအဖွဲ့ဝင် သခင်လှမောင်ဆိုတာလည်း သူပဲဖြစ်ပြီး တာဝန်ပေးချက်အရ မန္တလေး၊ ၁၃၀၀ ပြည့် အရေးတော်ပုံကို သွားရောက်ခေါင်းဆောင် လှုပ်ရှားစဉ်မှာ အာဇာနည် ၁၇ ဦးနဲ့အတူ ဒဏ်ရာရရှိခဲ့သူလည်း ဖြစ်တယ်။ နောင်မှာ သူဟာ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ ဗဟိုကော်မတီ ထိပ်တန်းခေါင်း ဆောင်တယောက်ဖြစ်လာခဲ့သူပါ။ ၁၉၆၉ ခုနှစ် ပဲခူးရိုးမတနေရာမှာ ဗိုလ်နေဝင်း စစ်အစိုးရရဲ့ ကြေးစားတပ်များနဲ့ တိုက်ပွဲဖြစ်စဉ်တခုမှာ ဂုဏ်ရောင်ပြောင်စွာ ကျဆုံးသွားခဲ့ သူတဦးဖြစ်ပါတယ်။ ဗမာပြည် ပြည်သူတွေရဲ့ အင်္ဂလိပ်ကိုလိုနီ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးနဲ့ ဗမာပြည် အဖိနှိပ်ခံ တိုင်းရင်းသားပေါင်းစုံ ပြည်သူများရဲ့ ပြည်သူ့ဒီမိုကရေစီရေးအတွက် ဗမာပြည် ခေတ်အဆက်ဆက် ဖောက်ပြန်ရေးသမားတွေကို တိုက်ပွဲဝင်သွားခဲ့တဲ့ ပြည်သူ့ သားကောင်းရတနာတဦး ဖြစ်ပါတယ်။

အဲဒီတုန်းက ကျွန်တော်က ကျောင်းသားဘဝပဲ ရှိပါသေးတယ်။ ကျွန်တော်တို့တတွေ မာ့က်စ်ဝါဒကို စတင်စိတ်ဝင်စားပြီး မာ့က်စ်ဝါဒ၊ လီနင်ဝါဒနဲ့ မော်စီတုန်းအတွေးအခေါ်ကို လမ်းညွှန်အဖြစ် ခံယူကျင့်သုံးနေတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကို စိတ်ဝင်စားကာ အဆက်အသွယ်ရဖို့ လိုက်ရှာနေတဲ့ ကာလလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဗမာပြည် ကွန်မြူနစ်ပါတီက အသံလွှင့်နေတဲ့ 'ပြည်သူ့အသံ' ကို လျှို့ဝှက်နားထောင်နေခဲ့ကြတာဖြစ်လို့ ဒီအဖြစ်အပျက်တွေကို ဒီကနေ့အထိ သတိရနေတာ ဖြစ်ပါတယ်။ သီချင်းကိုလည်း အနေးကူး သေချာလိုက်ကူးကာ သီဆိုခဲ့ကြတာမို့ ဒီနေ့အထိရနေတာပါပဲ။ နောင်မှာတော့ ကျွန်တော်ကိုယ်တိုင်ကလည်း ဗမာပြည် ကွန်မြူနစ်ပါတီကို ရှာဖွေတွေ့ရှိပြီး ပါတီရဲ့ မြေအောက်ကေဒါ တယောက်အဖြစ်နဲ့ ပြည်သူ့အသံ အသံလွှင့်ချက်များ ကူးယူရေး တာဝန် ပေးအပ်ခြင်းခံရသူ ဖြစ်လာပါတယ်။ ပြည်သူ့အသံကို နေ့စဉ်နားထောင် ကက်ဆက်နဲ့ အသံဖမ်း လိုက်ကူးနေသူဖြစ်တော့ ဒီသီချင်းသံကို မကြာမကြာ ကြားရ၊ နားထောင်ရသလို လိုက်ဆိုဖြစ်ခဲ့တာပါ။ ပါတီနေ့နား နီးလာပြီ ဆိုရင်တော့ ဒီသီချင်းသံက ပိုကြားရလေ့ရှိပါတယ်။ အဲဒီလို ပါတီမွေးနေ့ရောက်တိုင်းလည်း ပါတီဂုဏ်ပြုသီချင်းအသစ်တွေ ထွက်ပေါ် အသံလွှင့်တတ်တာကိုလည်း သတိရနေမိပါတယ်။ ကျွန်တော်တို့လည်း မြေအောက် လျှို့ဝှက်အဖွဲ့ဝင်များအဖြစ် ပါတီနေ့ကို အထိမ်းအမှတ်ပြုတဲ့ အခမ်းအနား ပြုလုပ်ရေးအတွက် လျှို့ဝှက် ပြင်ဆင်လေ့ရှိကြပါတယ်။ ဒါလည်း ဒီနေ့အထိပါပဲ။ တကယ်လို့ မလုပ်နိုင်ရင် လုပ်ဖို့အခွင့် မသာရင် ပါတီနေ့ကို ရင်ထဲကပဲ အထိမ်းအမှတ်ပြုလိုက်ကြရတာပါပဲ။ (ဒါပေမဲ့ အဲဒီတုန်းကတော့ ပါတီနေ့ကို '၈၁၅' နေ့လို့ မခေါ် တတ်သေးပါဘူး။ လက်နက်ကိုင် တော်လှန်ရေးထဲ၊ ပါတီရဲ့ လွတ်မြောက်ရေး အခြေခံဒေသထဲ ရောက်မှ အဲလိုခေါ်မှန်းသိလာတာပါ၊) လွတ်မြောက်အခြေခံဒေသမှာတော့ ပါတီနေ့လို၊ လက်နက်ကိုင်တော်လှန်ရေးနေ့လို ပါတီရဲ့ နေ့ထူးနေ့မြတ်များမှာတော့ လူထု အစည်းအဝေးပွဲကြီးမျိုးတွေ၊ ပြေးခုန်ပစ် အားကစားပွဲတွေ၊ ပဒေသာကပွဲတွေကို ကျင်းပလေ့ရှိပါတယ်။

မကြာတော့တဲ့အချိန် ၂၀၁၄ ခု၊ ဩဂုတ် ၁၅ ရက်နေ့မှာ ကျွန်တော်တို့ရဲ့ မိခင်ပါတီ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ၇၅ နှစ်တင်းတင်း ပြည့်တဲ့ စိန်ရတုကာလ နေ့ထူးနေ့မြတ်ကို ရောက်ပါတော့မယ်။ ဒါဟာ ဗမာပြည်ရဲ့ လက်တွေ့သမိုင်းအရ ဗမာပြည်မှာ ပေါ်ပေါက်ခဲ့တဲ့ နိုင်ငံရေးပါတီများအနက် သက်တမ်းအရင့်ဆုံးပါတီ၊ အတွေ့အကြုံအကြွယ်ဝဆုံးပါတီဖြစ်တယ်ဆိုတာကို သက်သေထူလိုက်ခြင်းပါပဲ။ အခုလို ကျရောက်လာတော့မယ့် ပါတီရဲ့ နေ့ထူးနေ့မြတ်အခါသမယမှာ ကျွန်တော်တို့ဟာ ပါတီရဲ့ သားကောင်းသမီးကောင်းရတနာ အာဇာနည် အထောင်အသောင်းရဲ့ မွန်မြတ်တဲ့ စိတ်ဓာတ်ကို နှလုံးသွင်းရင်း၊ ပါတီနဲ့အတူ ထက်ကြပ်မကွာ ချီတက်သွားနိုင်ရေးအတွက် မိခင်ပါတီ လျှောက်လှမ်းခဲ့ရတဲ့ အခက်အခဲ၊ အကွေ့အကောက်၊ အတက်အဆင်းများနဲ့ ပြွမ်းတီးနေတဲ့ ပါတီရဲ့သမိုင်းလမ်းကြောင်း စိန်ရတုခရီးရှည်ကြီးကို နက်နက်နဲနဲ စူးစမ်းလေ့လာရင်း မိမိကိုယ်ကိုယ် ပါတီဝင်ကောင်းတယောက် အဖြစ် တည်ဆောက်သွားနိုင်ရေးကို အားထုတ်လုံးပန်းသင့်တယ်လို့ ခံယူမိပါတယ်။

## (၂) မိခင်ပါတီ

ဗမာပြည်ကွန်မြူနစ်ပါတီဟာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒနဲ့ မော်စီတုန်းအတွေးအခေါ်ကို သဘောတရားလမ်းညွှန်အဖြစ်ထားတဲ့ ပါတီတရပ်ဖြစ်တယ်ဆိုတာကို အထက်မှာ ဖော်ပြခဲ့ပြီး ဖြစ်တယ်။ ဗမာပြည် ပြည်သူလူထုနဲ့ ဗမာပြည်နိုင်ငံရေးသမားတွေ မာ့က်စ် ဝါဒ၊ လီနင်ဝါဒနဲ့ မော်စီတုန်းအတွေးအခေါ်ကို အလွယ်တကူ ရှောင်တခင် မထင်မှတ်ဘဲ ထိတွေ့လက်ခံခဲ့တာ မဟုတ်ပါဘူး။ ရုရှားပြည် မဟာအောက်တိုဘာတော်လှန်ရေးက ပစ်ဖောက်လိုက်တဲ့ အော်ရိုရာ သင်္ဘောက အမြောက်သံ ပြန့်လွင့်လာခြင်းနဲ့ အတူ အင်္ဂလိပ်ကိုလိုနီလက်အောက်မှ အမျိုးသားလွတ်မြောက်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများအတွင်း စွန့်လွှတ်မှုအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့ ကျော်ဖြတ်ရင်းနဲ့မှ ထိတွေ့ရရှိလာခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် အင်္ဂလိပ်ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး ၁၃၀၀ ပြည့်အရေးတော်ပုံ ရှုံးနိမ့်သွားပြီးတဲ့နောက် အဲဒီရှုံးနိမ့်မှုက ပေးလိုက်တဲ့ သမိုင်းသင်ခန်းစာအရ ဗမာပြည်မှာ မာ့က်စ်ဝါဒကို သဘောတရားလမ်းညွှန်အဖြစ် တပ်ဆင်ထားတဲ့ အလုပ်သမားလူတန်းစားရဲ့ တပ်ဦးပါတီတရပ်ရှိရန် လိုအပ်ကြောင်း သမိုင်းတန်ဖိုး ကြီးလှတဲ့ သင်ခန်းစာတရပ် ရရှိလိုက်ပါတယ်။

တချိန်တည်းမှာလည်း ရင့်မှည့်လာနေတဲ့ ပြည်တွင်းလူတန်းစားတိုက်ပွဲများ ဖြစ်ပေါ်တိုးတက်လာနေတဲ့ ရုပ်ဘဝအခြေအနေများကလည်း ဗမာပြည်မှာ အလုပ်သမားလူတန်းစားရဲ့တပ်ဦး ကွန်မြူနစ်ပါတီတရပ် အရေးတကြီးလိုအပ်နေကြောင်း ထင်ဟပ်နေပါတယ်။ အဲဒီနောက်မှာတော့ ဗမာပြည်အလုပ်သမားလူတန်းစားရဲ့ တပ်ဦးပါတီ ဗမာပြည်ကွန်မြူနစ်ပါတီ ထူထောင်ဖို့ ကြိုးပမ်းအား ထုတ်ကြပါတော့တယ်။ အဲဒီခေတ်က ကွန်မြူနစ်ပါတီများ၊ အလုပ်သမားပါတီများဟာ လီနင်ခေါင်းဆောင်တဲ့ တတိယအင်တာ နေရှင်နယ်အောက်မှာ စည်းလုံးညီညွတ်စွာ လှုပ်ရှားနေတဲ့ အခါသမယဖြစ်ပါတယ်။ ကွန်မြူနစ်အင်တာနေရှင်နယ်ရဲ့ အရှေ့တောင် အာရှ ဗျူရိုခွဲဟာ စင်ကာပူမှာ ရုံးစိုက်ထားပါတယ်။ ဒါကြောင့် ဗမာပြည်က မာ့က်စ်ဝါဒကို စိတ်ဝင်စား၊ လိုက်စားနေတဲ့ လူငယ်များဟာ ကွန်မြူနစ်ပါတီထူထောင်ရေးကို တတိယကွန်မြူနစ် အင်တာနေရှင်နယ်နဲ့ ဆက် သွယ်ကြိုးပမ်း အားထုတ်ကြပါတော့တယ်။ ဒီလိုနဲ့ အခြေအနေ အကြောင်းအချက်များ ရင့်မှည့်မှုအောက်မှာ ကွန်မြူနစ်အင်တာနေရှင်နယ်၊ စင်ကာပူဗျူရိုခွဲရဲ့ ခွင့်ပြုချက်အောက်မှာ ၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာ၊ ရန်ကုန်မြို့ မြေနီကုန်းရှိ နေအိမ်တခုမှာ မာ့က်စ်ဝါဒ လေ့လာရေး အစုဝင်တွေ စုစည်းပြီး ကွန်မြူနစ်ပါတီရဲ့ ပထမဆုံး ခေါင်းဆောင်ကလာပ်စည်းကို မြေအောက်အဖွဲ့အစည်းအဖြစ် စတင်ဖွဲ့စည်း လိုက်ပါတယ်။ ဒီခေါင်းဆောင်ကလာပ်စည်းမှာ ပါဝင်သူများကတော့ သခင်အောင်ဆန်း (ဗိုလ်ချုပ် အောင်ဆန်း)၊ သခင်ဗဟိန်း၊ သခင်စိုး၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်ဗတင်(ရဲဘော်ဂိုရှယ်)၊ သခင် ဗိုလ်နဲ့ ရဲဘော်နာ့သ်(ဒေါက်တာထွန်းမောင်) တို့ဖြစ်ပါတယ်။ သခင်အောင်ဆန်းက အထွေထွေ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

၁၉၁၇ ခုနှစ် ရုရှားမဟာအောက်တိုဘာတော်လှန်ရေး အောင်ပွဲခံပြီးနောက် ၂၂ နှစ်အကြာ၊ ၁၉၄၈ ခုနှစ် မာ့က်စ်နဲ့ အိန်ဂယ်တို့

ရေးသားပြုစုခဲ့တဲ့ ကွန်မြူနစ်ပါတီ ကြေညာစာတမ်း ပေါ်ထွက်လာခဲ့ပြီးနောက် ၈၁ နှစ်အကြာ၊ တတိယ ကွန်မြူနစ်အင် တာနေရှင်နယ်ရဲ့ အခိုင်အမာညွှန်ကြားမှုအရ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုအတွင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီဟာ လျှို့ဝှက်နက်နဲစွာ မွေးဖွားလာခဲ့တာဖြစ်ပါတယ်။ ပါတီ ထူထောင်လိုက်တဲ့ ၁၉၃၉ ခု၊ ဩဂုတ်လ ၁၅ ရက်နေ့ကို ပါတီ ထူထောင်တဲ့နေ့အဖြစ် သို့မဟုတ် နိုင်ငံတကာ ထုံးတမ်းစဉ်လာအရ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပထမပါတီကွန်ဂရက် ကျင်းပတဲ့ရက်လို့ ပြောမယ်ဆိုရင်လည်း မမှားပါဘူး။

## (၃) စိန်ရတုတိုင် ခရီးရှည်ချီတက်ပွဲ

ပါတီဟာ စတင်ထူထောင်လိုက်ကတည်းက ဗမာပြည် လူ့အဖွဲ့အစည်းရဲ့ အခိုင်အမာ ပကတိအခြေအနေနဲ့ ကိုက်ညီစွာ လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနဲ့ ဆိုရှယ်လစ်ရေးရည်မှန်းချက် ၃ ရပ်ကို ချမှတ်ခဲ့တယ်။ ဒီရည်မှန်းချက် ပန်းတိုင် ၃ ရပ်ကို အကောင် အထည်ဖော်ဆောင်ရေးအတွက် မိမိတိုင်းပြည် လူ့အဖွဲ့အစည်းရဲ့ ပကတိအခြေအနေနဲ့ ကိုက်ညီတဲ့ နည်းပရိယာယ်လမ်းစဉ်များကို ချမှတ်ပြီး ကနေ့အထိ ပါတီက စည်းရုံး လုပ်ဆောင်နေဆဲဖြစ်ပါတယ်။

တချိန်တည်းမှာလည်း ပါတီဟာ လီနင်ရဲ့ ပစ္စည်းမဲ့လူတန်းစားပါတီရဲ့ စည်းရုံးရေးမူဖြစ်တဲ့ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုစနစ်နဲ့ စုပေါင်းခေါင်းဆောင်မှုစနစ်ကို စတင်ထူထောင်ကတည်းက ကနေ့ထက်တိုင် ခိုင်ခိုင်မာမာ ဆုပ်ကိုင် ကျင့်သုံးခဲ့ပါတယ်။

ယခုအခါ စိန်ရတုပင် တိုင်ခဲ့ပါပြီ။ ပါတီတရပ်ရဲ့ ၇၅ နှစ်တာ သက်တမ်းဆိုတာမျိုးဟာ လူတဦးတယောက် အသက် ၇၅ နှစ် ပြည့်သွားခြင်းမျိုးနဲ့ လုံးဝကွာခြားပါတယ်။ ပါတီဟာ စုပေါင်းခေါင်းဆောင်မှုကို လက်တွေ့တိုက်ပွဲများအတွင်းကျင့်သုံးခဲ့တာမို့ စုပေါင်း စဉ်းစားမှု၊ စုပေါင်းအသိဉာဏ်နဲ့ စုပေါင်းလုပ်ကိုင်မှုတွေက ပေါ်ထွက်လာတာဖြစ်လို့ အလွန်အဖိုးထိုက်တန်တဲ့ အတွေ့အကြုံနဲ့ ဖြတ်သန်းမှုတွေရဲ့ အသီးအပွင့်များဖြစ်ပါတယ်။ ဒါ့အပြင် တော်လှန်ရေးသမားဆိုတာမျိုးဟာ သာမန်လူများနဲ့မတူဘဲ လူတန်းစား တိုက်ပွဲ၊ သိပ္ပံပညာစမ်းသပ်မှုတိုက်ပွဲ၊ ကုန်ထုတ် လုပ်မှုတိုက်ပွဲဆိုတဲ့ လူ့အဖွဲ့အစည်းအတွင်းက တိုက်ပွဲကြီး ၃ ရပ်မှာ ခက်ခက်ခဲခဲ ပါဝင် ကြိုးပမ်းအားထုတ်ခဲ့ရသူများဖြစ်လို့ သူတို့ရဲ့ အတွေ့အကြုံနဲ့ သင်ခန်းစာများဟာလည်း ကျယ်ဝန်းနက်ရှိုင်းလှပါတယ်။ ဒါကြောင့် စတာလင်က တော်လှန်ရေးသမားတယောက်ရဲ့ တနှစ်တာ ဘဝအတွေ့အကြုံဟာ သာမန်လူတဦးရဲ့ ၁၀ နှစ်တာခရီး ဖြတ်သန်းမှု အတွေ့အကြုံများနဲ့ ညီမျှတယ်လို့ ကိန်းဂဏန်းချ ပြောခဲ့တာလို့ ထင်ပါတယ်။

ဆိုလိုတာက ပါတီဟာ နေ့စဉ်နဲ့အမျှ ပြင်းထန်လှတဲ့ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ၊ ဒီမိုကရေစီရေးတိုက်ပွဲနဲ့ လူတန်း စားတိုက်ပွဲများ၊ သိပ္ပံပညာစမ်းသပ်ရေးတိုက်ပွဲများ၊ ကုန်ထုတ်လုပ်မှုတိုက်ပွဲများကို ကျော်ဖြတ်ရင်း အတွေ့အကြုံတွေ၊ သင်ခန်းစာတွေ စုပုံကြွယ်ဝ ပြည့်စုံလာကာ၊ ရင့်ကျက်သထက်ရင့်ကျက်တဲ့ ပါတီဖြစ်လာပါတယ်။ ဒါကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ ၇၅ နှစ် ပြည့်မြောက်လာခြင်းဟာ ဗမာပြည်အဖိနှိပ်ခံ တိုင်းရင်းသား ပေါင်းစုံ ပြည်သူလူထုကြီးနဲ့ ဗမာပြည်အလုပ်သမားလူတန်းစား တရပ် လုံး အပါအဝင် ကျွန်တော်တို့ ပါတီဝင်ထုတရပ်လုံးအတွက် အလွန်ရွှင်လန်း အားတက်စရာကောင်းတဲ့ ဂုဏ်ယူစရာကောင်းတဲ့ ဖြစ်ရပ်ကြီးတခု ဖြစ်ပါတယ်။

ဒီလိုဆိုလို့ ဗမာပြည်ကွန်မြူနစ်ပါတီ ဖြတ်သန်းခဲ့ရတဲ့ ၇၅ နှစ်တာ ခရီးစဉ်ဟာ အားလုံး ချောက်ပြစ်ကင်းသဲလဲစင်လို့ ဆိုလိုက်တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ ရုပ်ဝါဒသမားတွေ ဖြစ်ကြပါတယ်။ အရာရာကို အနုပဋိလောမကျစွာ ကြည့်မြင်လက်ခံနိုင် စွမ်းရှိသူများ ဖြစ်ကြပါတယ်။ ကမ္ဘာပေါ်မှာ ဘယ်ကွန်မြူနစ်ပါတီ၊ ဘယ်ခေါင်းဆောင်မှ မမှားဖူးတာရယ်လို့ မရှိပါဘူး။ အမှားကြီးတာနဲ့ ငယ်တာသာ ကွာခြားတာပါ။ ခနရှင်နဲ့ ခနရှင်ပေါက်စပါတီတွေမှားတာကတော့ ပြောမနေနဲ့။ ကွန်မြူနစ်ပါတီမှန်ရင် အမှားကျူးလွန်ခဲ့ရင်လည်း မိမိအမှားကို မြင်နိုင်၊ ပြင်နိုင်စွမ်းရှိကြပါတယ်။ ဘယ်ပါတီ၊ ဘယ်ခေါင်းဆောင်ပဲဖြစ်ဖြစ် မိမိအမှားကိုလက်ခံပြုပြင်ပြီး ရှေ့ချီတက်ရတာချည်းပါပဲ။ ဓမ္မတာအတိုင်းပါပဲ။ ကျွန်တော်တို့ ပါတီလည်း မိမိရဲ့ အမှားများကို မြင်နိုင်၊ ပြင်နိုင်စွမ်းရှိပြီး အမှားထဲက မှန်ကန်တဲ့ သင်ခန်းစာများကို ထုတ်ယူနိုင်ခဲ့လို့ ဒီနေ့အထိ ဆက်လက် ချီတက် နိုင်နေခြင်းဖြစ်တယ်ဆိုတာကို ဂုဏ်ယူစွာ တွေ့မြင်နိုင်သလို ပါတီဟာ ဝေဖန်ရေးနဲ့ မိမိကိုယ်ကိုယ် ဝေဖန်ရေးကို အပြောမဟုတ်ဘဲ လက်တွေ့ကျင့်သုံးနိုင်တဲ့ ပစ္စည်းမဲ့လူတန်းစားအတွေးအခေါ် တပ်ဆင်ထားတဲ့ ပါတီဖြစ်တယ်ဆိုတာကို သမိုင်းက သက်သေခံနေပါပြီ။

ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ၇၅ နှစ်တာ သမိုင်းအတွင်း ဖောက်ပြန်တဲ့ အာဏာရအုပ်စိုးသူ လူတန်းစားအဆက်ဆက်က ပါတီ ကို ချေမှုန်းပစ်ဖို့ အမျိုးမျိုးကြိုးစားခဲ့ကြတယ်။ ၁၉၄၈ ခုနှစ် မတ်လ ၂၈ လက်နက်ကိုင် တိုက်ပွဲ စတင်လိုက်ကတည်းက အုပ်စိုးသူ လူတန်းစားက ဗမာပြည် ကွန်မြူနစ်ပါတီကို '၆ လအတွင်း ချေမှုန်းပစ်မယ်'၊ 'တနှစ်အတွင်း ချေမှုန်းပစ်မယ်' လို့ ကြွေးကြော် ခဲ့ဖူးသလို စစ်တပ်က ပထမအကြိမ် အာဏာသိမ်းတဲ့ ၁၉၅၈ ခုနှစ်ရောက်တော့လည်း ကွန်မြူနစ်တွေကို 'ကောက်သင်းကောက်ဖို့ ပဲ လိုတော့တယ်' လို့ ကြွေးကြော်ပြီး ပါတီကို အရှူးအမူး စစ်ဆင်ခဲ့ပါတယ်။ ၁၉၆၂ ခုနှစ် စစ်တပ်က ဒုတိယအကြိမ်အာဏာသိမ်းပြီး နောက်မှာတော့ ဗိုလ်နေဝင်းက 'စစ်မြေပြင်မှာ ကွန်မြူနစ်တွေကို ဖမ်းမိခဲ့ရင် မြို့ပေါ်ခေါ်မလာနဲ့ သတ်ပစ်ခဲ့' လို့ အမိန့်ပေးပြီး ဘယ်ခေတ်နဲ့မှမတူဘဲ လေကြောင်းအကူအညီတွေသုံး၊ ပြည်တွင်းစစ်ကို သဲသဲမဲမဲတိုက်ခဲ့တယ်။ ၈၈ အရေးအခင်းပြီး နောက် တက်လာတဲ့ စစ်အစိုးရကလည်း ဗမာပြည်ကွန်မြူနစ်ပါတီကို 'ခေါင်းသာရှိပြီး ကိုယ်မရှိတော့ဘူး' လို့ ပြောဆို သရုပ်ဖျက်ခဲ့ကြပါတယ်။ ဒါပေမဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဗမာပြည်အုပ်စိုးသူ ဖောက်ပြန်တဲ့ လူတန်းစားများရဲ့ စိတ်ဆန္ဒနဲ့ကင်းစွာ ဒီနေ့ဆိုရင် ၁၉၈၉ ခုနှစ် နယ်စပ်အရေး အခင်းနောက်ပိုင်းမှာ ဗဟိုပါတီ အဖွဲ့အစည်းဖြစ်တဲ့ ဗဟိုစည်းရုံးရေးကော်မတီကိုပင် မျက်မှောက်ခေတ်အခြေအနေနဲ့ လျော်ညီစွာ အထူးကွန်ဖရင့် ကျင်းပပြီး ဒုတိယအကြိမ် ဗဟိုစည်းရုံးရေးကော်မတီကို ဖွဲ့စည်းပြီးပြီဖြစ်ကြောင်း တနိုင်ငံလုံးသို့ ထုတ် ပြန်ကြေညာပြီးဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ၇၅ နှစ်တာ ရှည်လျားလှတဲ့ ပါတီရဲ့ စိန်ရတုခရီးစဉ်ကို ကြည့်လိုက်ရင် ...

စတင်တည်ထောင်တဲ့ ၁၉၃၉ ဩဂုတ်လ ၁၅ ရက်မှ ၁၉၄၅ ခု မေလအထိ ပါတီဟာ မြေအောက်ပါတီအဖြစ် ရပ်တည်လှုပ်ရှားခဲ့ရတယ်။ အဲဒီမြေအောက်ပါတီကာလကိုလည်း ခုလို ၂ ပိုင်း ခွဲနိုင်တယ်။ ၁၉၃၉ မှ ၁၉၄၁ အထိကာလကို ပထမပိုင်း။ အဲဒီကာလ အတွင်း ပါတီဟာ အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်ရေး၊ ဗမာပြည် လုံးဝလွတ်လပ်ရေးတိုက်ပွဲကို အစွမ်းကုန်အားထုတ် ဆောင်ရွက်ခဲ့တယ်။ ၁၉၄၂ မှ ၁၉၄၅ အထိကို ဒုတိယကာလ။ အဲဒီကာလမှာ ပါတီဟာ ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးအတွက် စည်းရုံးလှုံ့ဆော်ခဲ့တယ်။ တချိန်တည်းမှာ ပါတီဟာ ဗမာ့တပ်မတော်၊ ပြည်သူ့အရေးတော်ပုံပါတီ၊ အာရှလူငယ်အစည်းအရုံး၊ ကရင်အမျိုးသားများ အဖွဲ့ချုပ်နဲ့ တခြားတိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ် ရဟန်းရှင်လူ၊ အမျိုးသားအသီးသီးပြည်သူအပေါင်းတို့ ပါဝင်တဲ့ ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးလို့ခေါ်တဲ့ (ဖတပလ) ကို စည်းရုံးဖွဲ့စည်းခေါင်းဆောင်က ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်မှာ ဖက်ဆစ်ဂျပန် တော်လှန်ရေးကို တိုက်ပွဲဝင်ခဲ့တယ်။ ၁၉၄၅ ဇူလိုင်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး အောင်ပွဲအရှိန်ကိုစီးပြီး ဗမာပြည်ကွန်မြူနစ် ပါတီရဲ့ ဒုတိယအကြိမ်ကွန်ဂရက်ကို ကျင်းပနိုင်ခဲ့တယ်။

၁၉၄၅ မှ ၁၉၄၈ မတ်လအထိ အင်္ဂလိပ်နယ်ချဲ့လက်အောက်မှ လုံးဝလွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ခဲ့တယ်။ အလုပ်သမား၊ လယ်သမားနဲ့ ကျောင်းသားလူငယ်တွေရဲ့ ဒီမိုကရေစီရရှိရေးတိုက်ပွဲကို အစွမ်းကုန်အားထုတ် ရှေ့ဆောင်ခဲ့တယ်။ ဒီကာလအတွင်း ပါလီမန်ရွေးကောက်ပွဲမှာ ပါဝင်ကာ ပါလီမန်တွင်းတိုက်ပွဲလည်း ဆောင်ရွက်နိုင်ခဲ့တယ်။

၁၉၄၈ မတ် ၂၈ ရက်မှ ၁၉၈၉ ပြေ နယ်စပ်လူမျိုးစုများ ပုန်ကန်တဲ့အရေးအခင်းထိ ပါတီဟာ လက်နက်ကိုင်တိုက်ပွဲကို အကွေ့ အကောက်၊ အတက်အဆင်းအမျိုးမျိုးကို ကျော်ဖြတ်ရင်း ဆင်နွှဲခဲ့ရတယ်။

၁၉၈၉ ပြေမှ ဒီနေ့အထိ ပါတီဟာ မြေအောက်ပါတီအဖြစ် ဆက်လက်ရပ်တည်ရင်း ဗမာပြည်ဒီမိုကရေစီအရေးအတွက် နည်းသဏ္ဍာန်မျိုးစုံနဲ့ တိုက်ပွဲဝင်နေဆဲဖြစ်တယ်၊

ချုပ်လိုက်ရင် ဗမာပြည်ကွန်မြူနစ်ပါတီဟာ တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုတရပ်လုံး ဒီမိုကရေစီရေစီရရှိပြီး လွတ်လပ် စည်ပင်သာယာဝပြောတဲ့၊ ငြိမ်းချမ်းတဲ့၊ တိုင်းရင်းသားပေါင်းစုံ ပြည်သူတရပ်လုံး စည်းလုံးညီညွတ်တဲ့ ဗမာပြည်သစ် ထူထောင်ရေး အတွက် စစ်အာဏာရှင်စနစ်၊ စစ်ဖျူဂျီကရေစီယန္တရားနဲ့ စစ်အစိုးရဆိုတဲ့ စစ် ၃ စစ်ကို ကိုယ်စားပြုတဲ့ အရပ်သားတပိုင်း အသွင်ပြောင်း ဗိုလ်သိန်းစိန်အစိုးရအပါအဝင် နယ်ချဲ့စနစ်၊ စစ်ဖျူဂျီကရက်လက်ဝါးကြီးအုပ်မြေရှင်စနစ်နဲ့ ဗျူရိုကရက် အရင်းရှင်စနစ် ဆန့်ကျင်ရေးတိုက်ပွဲများကို မြေပေါ်မြေအောက်တိုက်ပွဲများ၊ ဥပဒေတွင်း ဥပဒေပတိုက်ပွဲများ၊ အခြားတိုက်ပွဲသဏ္ဍာန်မျိုးစုံနဲ့ ပေါင်းစပ်တိုက်ပွဲဝင်ခဲ့တဲ့၊ ဝင်နေဆဲလည်းဖြစ်တဲ့ အတွေ့အကြုံကြွယ်ဝတဲ့၊ ရင့်ကျက်တဲ့ သက်တမ်းအရှည်းဆုံး ပါတီဖြစ်တယ်။

ပါတီဟာ ဗမာပြည် ပထမနိုင်ငံရေးမျိုးဆက်များဖြစ်တဲ့ ၁၃၀၀ ပြည့်မျိုးဆက်မှ ကနေ့အထိ မျိုးဆက်တဆက်ပြီးဆက်၊ တဗိုလ်ကျတဗိုလ်တက်စနစ်အရ မိမိပါတီရဲ့ အလံတော်ကို ဆက်လက်သယ်ဆောင်ခဲ့ပါတယ်။

– ပါတီစတင်တည်ထောင်စဉ်က သခင်အောင်ဆန်းက ပါတီအထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း

– ၁၉၄၂ မှ ၁၉၄၅ အထိ သခင်စိုးက အထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း

– ၁၉၄၅ မှ ၁၉၄၇ ဇန်နဝါရီအထိ သခင်သိန်းဖေက ပါတီအထွေထွေ အတွင်းရေးမှူးအဖြစ်လည်းကောင်း

– ၁၉၄၇ ဇန်နဝါရီမှ ၁၉၅၁ အထိ သခင်သန်းထွန်းက ပါတီအထွေထွေအတွင်းရေးမှူးတာဝန်အဖြစ်လည်းကောင်း၊ ၁၉၅၁ ခုနှစ်မှ ၁၉၆၈ စက်တင်ဘာအထိ ပါတီဥက္ကဋ္ဌအဖြစ်လည်းကောင်း

– ၁၉၆၈ စက်တင်ဘာမှ ၁၉၇၅ မတ်လအထိ သခင်ဇင်က ပါတီဥက္ကဋ္ဌအဖြစ်လည်းကောင်း

– ၁၉၇၅ မှ ၁၉၈၉ အထိ သခင်ဗသိန်းတင်က ပါတီဥက္ကဋ္ဌအဖြစ်လည်းကောင်း

– ၁၉၈၉ မှ ယနေ့အထိ ရဲဘော်ကြင်မောင်က ပါတီအထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ယူ ဆောင်ရွက်နေပါတယ်။

ပါတီရဲ့ ၇၅ တာ စိန်ရတုခရီးကြမ်းအတွင်း ပထမမျိုးဆက်ဟာ ကုန်ဆုံးသလောက်ဖြစ်ခဲ့သလို၊ လက်နက်ကိုင်တော်လှန်ရေး အစ ၁၉၄၈–၄၉မှ ပါလာတဲ့ ဒုတိယမျိုးဆက်ဟာလည်း မရှိသလောက်ဖြစ်ခဲ့ရပါတယ်။ ၁၉၆၂ စစ်အာဏာရှင် အစိုးရတက်လာပြီး နောက်ပေါ်ပေါက်ခဲ့ရတဲ့ ပါတီဝင်မျိုးဆက်များဟာ တတိယမျိုးဆက်အဖြစ်  ပေါ်ပေါက်ခဲ့ပါတယ်။ ဒီမျိုးဆက်များဟာ ရှစ်လေးလုံး နောက်ပိုင်းပေါ်ပေါက်လာတဲ့ ပါတီဝင် မျိုးဆက်သစ်များနဲ့ လက်တွဲကာ ပါတီရဲ့ ဒုတိယမျိုးဆက်ခေါင်းဆောင်ပိုင်းအဖြစ် ပါတီအလံကို ဆက်လက်သယ်ဆောင်နေပါတယ်။

## ၄။ သစ္စာအဓိဋ္ဌာန်

၁၉၇၈ ခုနှစ် ပါတီရဲ့ မြေအောက်လှုပ်ရှားမှုတခုကနေ မီးခိုးကြွက်လျှောက်ဖြစ်ကာ လျှို့ဝှက်မှုပေါက်ကြားပြီး အထက်ဗမာပြည်မြေအောက်အစုအဖွဲ့များကို သတင်းရသွားကာ လိုက်လံဖော်ထုတ် ဖမ်းဆီးမှုကြောင့် အဲဒီနှစ် စက်တင်ဘာမှာ ကျွန်တော် မိမိနေအိမ်မှ လက်ဦးမှုယူ ရှောင်တိမ်းခဲ့ရတယ်။ ၎င်းနှစ် အောက်တိုဘာလမှာ ရှမ်းပြည်အလယ်ပိုင်း ပါတီခေါင်းဆောင်တဲ့ လက်နက် ကိုင်ပြောက်ကျားအခြေခံစခန်းမှတဆင့် ဗဟိုဌာနချုပ်ရှိရာ ပန်ဆန်းကို ၁၉၇၉ ခုနှစ်မှာ ရောက်ရှိခဲ့ပါတယ်။ အဲဒီ၁၉၇၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ဟာ

ဗမာပြည်ကွန်မြူနစ်ပါတီ ထူထောင်တဲ့ အနှစ် ၄၀ မြောက် အခါသမယလည်းဖြစ်ပါတယ်။ ဒါကြောင့် ပါတီရဲ့ အနှစ် ၄၀ မြောက်အခမ်းအနားကို ပန်ဆန်း ဘော့လုံးကွင်းမှာ လူထုအစည်းအဝေးကြီးတရပ်အဖြစ် တခမ်းတနား ကျင်းပခဲ့ပြီး "မိုးသောက်ကြယ်နီ"ဆိုတဲ့ ပါတီသမိုင်းဆိုင်ရာ အော်ပရာကပွဲကြီးကိုလည်း ရက်တချို့ တင်ဆက်ကပြခဲ့ပါတယ်။ ကျွန်တော်ဟာ အဲဒီနေ့ပါတီအခမ်းအနားကို တက်ခွင့်ရခဲ့သလို ပဒေသာကပွဲကြီးလည်း အားပါးတရ ကြည့်ရှုခံစား ခွင့်ရခဲ့ပါတယ်။ တသက်မေ့နိုင်တော့မှာမဟုတ်ပါဘူး။

အဲဒီပါတီနေ့မှာ ဥက္ကဋ္ဌသခင်ဗသိန်းတင်က **"ပါတီအသက် အနှစ် ၄၀ အတွင်းမှာ ပါတီ၊ တော်လှန်ရေး၊ လူထုအတွက် ကျွန်တော်တို့ပါတီဝင်တွေ ၊ ကွန်မြူနစ်လူငယ်တွေ၊ ကေဒါတွေ၊ တပ်မတော်သားတွေ၊ အဖိနှိပ်ခံပြည်သူတွေ စွန့်လွှတ်ခဲ့တဲ့ အသက်ပေါင်းဟာ မနည်းပါဘူး။ သူတို့ကျခဲ့တဲ့ ချွေးသွေးတွေဟာ အားလုံးပေါင်းလိုက်ရင် ဧရာဝတီမြစ်ရေအလျင်ထက် မနည်းပါဘူး။ သူတို့တတွေရဲ့ အရိုးတွေကို စုပုံလိုက်ရင် ပုပ္ပားတောင်ထက် ပိုမြင့်ပါလိမ့်မယ်"**လို့ ပြောခဲ့ဖူးပါတယ်။

အာဇာနည်သူရဲကောင်း အထောင်အသောင်းဟာ အဖိနှိပ်ခံပြည်သူတရပ်လုံး လွတ်မြောက်ရေး၊ ဒီမိုကရေစီရေးနဲ့ ဆိုရှယ်လစ်ရေးဆိုတဲ့ ပါတီရဲ့ ရည်မှန်းချက်ပန်းတိုင်အတွက် မိမိကိုယ်ကျိုး စွန့်လွှတ်ရေးမှုကို ဆုပ်ကိုင်ကာ တိုက်ပွဲဝင်ရင်း အဖိုးမဖြတ်နိုင်တဲ့ မိမိအသက်သွေးချွေးကို စတေးကာ ပစ္စည်းမဲ့လူတန်းစားရဲ့ တူတံစဉ် အောင်လံတော်ကို နီသထက်နီးစွေးသွားအောင် ခြယ်မှုန်း သွားခဲ့ကြပါပြီ။

ကျွန်တော်တို့ဟာ အသက်သွေးချွေးစတေးခဲ့တဲ့ သူရဲကောင်းအာဇာနည်အပေါင်းကို မမေ့အပ်သင့်ပါဘူး။ သူတို့ သွေးနဲ့ ခင်းခဲ့တဲ့ လမ်းကြောင်းအတိုင်း ပါတီရဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရောက်တဲ့အထိ ဆက်လက်ချီတက်သွားရပါလိမ့်မယ်။ ဒါမှသာ ကျွန် တော်တို့ဟာ အာဇာနည်သူရဲကောင်းများအပေါ် သစ္စာစောင့်သိရာ ရောက်ပါလိမ့်မယ်။

အဲဒီလို လျှောက်လှမ်းနိုင်ဖို့ဆိုရင် ကျွန်တော်တို့ပါတီဝင်များဟာ ရုပ်ဝါဒသမားများပီပီ သမိုင်းရုပ်ဝါဒရဲ့ သင်ကြားချက်ဖြစ်တဲ့ **"အရင်းရှင်စနစ်ဟာ မုချကျဆုံးလိမ့်မယ်၊ ဆိုရှယ်လစ်စနစ်က အရင်းရှင်စနစ်ကို မုချအစားထိုးသွားလိမ့်မယ်ဆိုတဲ့ မုချတရား ၂ ပါး"**ကို စွဲစွဲမြဲမြဲဆုပ်ကိုင်သွားကြရလိမ့်မယ်။ သမိုင်းရထားဘီးဟာ ရှေ့ကို တရွေ့ရွေ့ချီတက်နေပါတယ်။ ဘယ်သူမှ တားဆီးလို့ ရနိုင်မှာ မဟုတ်ပါဘူး။ တားဆီးသူများကိုလည်း သမိုင်းရထားဘီးက နင်းချေသွားမှာပါ။ ဒီလိုနဲ့ လူသားလူ့အဖွဲ့အစည်းဟာ အနေးနဲ့အမြန်ဆိုသလို လူလူချင်း သွေးစုပ်မှုကင်းတဲ့ ကွန်မြူနစ်လောကသို့ တက်လှမ်းသွားမှာမုချပါ။ ကွန်မြူနစ်တွေရဲ့ တာဝန်ဆိုတာဟာ ဒီသမိုင်းရထားကြီးအား ရှေ့ကိုတွန်းဆော်ပေးရေးသာ ဖြစ်ပါတယ်။

ဒါနဲ့ ပတ်သက်လို့ "ဖောက်ပြန်တဲ့ လူတန်းစားက တခါတရံ အပေါ်စီးရသွားတာ၊ အောင်ပွဲရသွားတာဟာ သမိုင်းလမ်းကြောင်းကို မပြောင်းလဲနိုင်ဘူး"လို့ ဥက္ကဋ္ဌသခင်သန်းထွန်းက သင်ကြားခဲ့တာကို ပါတီ အနှစ် ၃၀ မြောက်နေ့မှာ ဥက္ကဋ္ဌ သခင်ဇင်က ကျွန်တော်တို့ကို ဆက်လက်သင်ကြားခဲ့ပါတယ်။

ဒါကြောင့် ခေတ်ရဲ့ ပြောင်းလဲနေတဲ့ အခြေအနေများနဲ့အညီ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် သဘောတရားများကို မိမိတိုင်းပြည်ရဲ့ အခိုင်အမာအခြေအနေများနဲ့ မှန်မှန်ကန်ကန်ပေါင်းစပ် ကျင့်သုံးသွားနိုင်ရေးအတွက် မိမိတို့ရဲ့ သဘောတရား ရေချိန်များကို တဆင့်တက်မြှင့်တင်သွားနိုင်ရေးကို လက်တွေ့အတွင်းမှာ ကြိုးပမ်းအားထုတ်သွားကြရပါလိမ့်မယ်။ ဒါမှသာ မိမိပါတီနဲ့ မိမိအရေးတော်ပုံအပေါ် သစ္စာစောင့်သိရာ ရောက်ပါလိမ့်မယ်။

မိမိပါတီနဲ့ မိမိအရေးတော်ပုံကို သစ္စာစောင့်သိဖို့ဆိုရင် ကျွန်တော်တို့ အရေးတော်ပုံရဲ့ အတက်အဆင်း အကွေ့အကောက် အခက်အခဲအမျိုးမျိုးနဲ့ ပတ်သက်ပြီး "ဒီတိုက်ပွဲဖြစ်စဉ်ကို တောင်တက်ခရီးလို့ နားလည်သင့်တယ်။ တောင်တက်တယ်ဆိုရင်လည်း အတက်ချည်းသက်သက် မဟုတ်ဘဲ၊ တက်နေတဲ့ခရီးစဉ်အတွင်းမှာ ဆင်းရတာတွေ မကြာခဏပဲ။ တခါတလေ ဆင်းရတာဟာ အတော့်ကိုစောက်ပြီး အချိန်အားဖြင့်လည်း ကြာတတ်တယ်။ ဒါပေမဲ့ ခရီးဆုံးရင်တော့ တောင်ထိပ်ရောက်တော့တာပဲ"လို့ တာင်တက်ခရီးနဲ့ ခိုင်းနှိုင်းပြီး ပါတီ အနှစ် ၃၀ မြောက်နေ့ မိန့်ခွန်းမှာ ဥက္ကဋ္ဌ သခင်ဇင်ရဲ့ သင်ကြားချက်က ကျွန်တော်တို့ကို ခွန်အားသစ်တွေပေးခဲ့ပါတယ်။

တချိန်တည်းမှာလည်း အထွေထွေအတွင်းရေးမှူး ရဲဘော် ဗိုလ်ကျင်မောင်က "ဗမာပြည်ဒီမိုကရေစီခရီးဟာ ရှေ့ဆက်လက်ပြီး အကြာကြီး လျှောက်လှမ်းရဦးမှာပါ၊ ဒါကြောင့် ကျွန်တော်တို့ပါတီက ခွဲထွက်သွားသူများနဲ့ဖြစ်ပါစေ နောင်မှာ သူတို့နဲ့ လက်တွဲ လုပ်ချင်လုပ်ကြရဦးမှာပါ။ ဒါကြောင့် တွေ့ဆုံရင် လက်ဆွဲနှုတ်ဆက်လိုက်ကြပါ"လို့ ဗမာပြည် ဒီမိုကရေစီခရီးစဉ်ရဲ့ ရှည်ကြာမှု၊ နက်နဲမှုနဲ့ ပတ်သက်တဲ့ သင်ကြားထားချက်ကို လက်တွေ့လုပ်ငန်းအတွင်းမှာ နှလုံးသွင်းနိုင်ကြရပါလိမ့်မယ်။

ဒ့ါအပြင် အထွေထွေအတွင်းရေးမှူးက "ဗမာပြည် ဒီမိုကရေစီရေး အရေးတော်ပုံမှာ ကျွန်တော်တို့နဲ့ ရန်သူ အင်အားချင်း ပြိုင်နေရတာပါ၊ ဘယ်သူကတောင့်ထားနိုင်မလဲ။ တောင့်ထားနိုင်သူက အောင်ပွဲခံနိုင်မှာပါ"လို့ သေနင်္ဂဗျူဟာ လုပ်ငန်းစဉ်ကို သင်ကြားထားပါတယ်။

ကိုင်း ... ရဲဘော်များ တောင့်ထားကြလော့လို့ ဟစ်ကြွေးဆန္ဒပြုရင်း...

မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် အစွန့်ရှည်ပါစေ။

ဗမာပြည်ကွန်မြူနစ်ပါတီအစွန့်ရှည်ပါစေ။

ဗမာပြည် ဒီမိုကရေစီ အရေးတော်ပုံ မုချအောင်ရမယ်။

**ရဲဘော်အောင်လွင်**
**၂၀ ရက် ဇူလိုင် ၂၀၁၄**

ကိုးကား။ ။မော်ကွန်းတိုက်ရှိ ပါတီနေ့မိန့်ခွန်းများ၊

# မေ့ပျောက်၍ မရနိုင်သော ပြည်သူ့တပ်မတော်ရဲ့ အောင်ပွဲ





**အောင်တင်ထွန်း**

ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လက်နက်ကိုင်တိုက်ပွဲသမိုင်းမှာ မကြုံစဖူး ကြီးမားလှတဲ့ ထိုးစစ်ကြီးတခုကို ရန်သူမဆလတပ်က ပါတီရဲ့ အခြေခံဒေသကြီးအပေါ် လုပ်ဆောင်လာခဲ့ပါတယ်။ ဒီထိုးစစ်ကြီးကို 'မင်းရန်အောင် ထိုးစစ်ကြီး' လို့ အမည်နာမတပ်ပြီး ၁၉၇၉ ခုနှစ် နိုဝင်ဘာ ၁၉ ရက်နေ့ကစပြီး ၁၉၈၀ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့အထိကို 'မင်းရန်အောင် အဆင့် (၁)' အဖြစ် သတ်မှတ်လုပ် ဆောင်ခဲ့တယ်။ ပါတီရဲ့ တရုတ်–မြန်မာနယ်စပ်တလျှောက် ရှည်လျားကျယ်ပြန့်လှတဲ့ အခြေခံဒေသကြီးကို ရန်သူတပ်မ (၇၇) (၈၈) (၉၉) (၆၆) စတဲ့ တပ်မ ၄ ခုမှ တပ်ရင်းပေါင်း ၃၄ ရင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်ခံ ခြေလျင်တပ်ရင်း ၂၂ ရင်းနှင့် အခြားလက်ရုံးတပ်ဖွဲ့များ၊ အမြောက်တပ်ဖွဲ့၊ လေတပ်ဖွဲ့များနဲ့ တမျက် နှာလုံး ထိုးစစ်ဆင်ခဲ့တယ်။

မဆလစစ်အစိုးရရဲ့ အဓိက ရည်ရွယ်ချက်က ဗမာပြည်မကို ထိုးဖောက်ဝင်ရောက်ပြီး ရှမ်းပြည်အလယ်ပိုင်းနဲ့ တောင်ပိုင်းမှာ အခြေခံဒေသတွေ တည်ဆောက်နေတဲ့ မိမိတို့ရဲ့ တပ်မဟာ ၆၈၃ ရဲ့ ထောက်ပံ့ရေးလမ်းကြောင်းကြီးကို ဖြတ်တောက်ပိတ်ဆို့ဖို့နဲ့ ၎င်းတပ်မဟာရဲ့ နောက်တန်းမော်ဖာဒေသကို တိုက်ခိုက်သိမ်းပိုက်ရန်ဖြစ်တယ်။

ရန်သူတပ်မ (၇၇) ဟာ အဓိက ထိုးစစ်ရည်ရွယ်ချက်တာဝန်ကို ထမ်းဆောင်ဖို့ မိမိတို့မော်ဖာဒေသကို ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ပါတယ်။

ရန်သူတပ်မ (၈၈) က တပ်မ (၇၇) ရဲ့ ဘေးနံလုံခြုံရေးတာဝန်ယူပြီး မိမိတို့ရဲ့ မုန်းပေါက်ဒေသကြီး အပြင်ခံစစ် စခန်းတွေဖြစ်တဲ့ ပန်မာကောက်၊ ရောင်ခေါက်၊ လွယ်ဆီး၊ လွယ်ဟိုကာ ဒေသတွေကို သိမ်းယူရေးအတွက် ဝင်ရောက်တိုက်ခိုက်ခဲ့တယ်။

အလားတူ ရမခတိုင်းတပ်များ၊ တပ်မ (၉၉) မှ တပ်ရင်းတပ်ဖွဲ့များဟာ မိမိတို့ရဲ့အနောက်မြောက်ဒေသတွေဖြစ်တဲ့ ဝနယ်တောင်ပိုင်း၊ ဝနယ်မြောက်ပိုင်းနဲ့ မြောက်ပိုင်းဗဟိုဌာနခွဲဒေသတွေကို ဝင်ရောက်တိုက်ခိုက်ခဲ့တယ်။ ၎င်းတပ်ဖွဲ့များရဲ့ အဓိက ရည်ရွယ်ချက်တွေဟာ မိမိတို့ရဲ့ ညီနောင်တပ်ဖွဲ့များကို အဓိက မော်ဖာစစ်မျက်နှာသို့ စစ်ကူပို့မပေးနိုင်ရန် ထိန်းချုပ်ဖို့နဲ့ တဖက်မှာလည်း ယောင်ပြထိုးစစ်ကြီးများသဏ္ဌာန်အဖြစ် ပါဝင်ကြပြီး အခြေအနေပေးပါက မိမိတို့ရဲ့ လွတ်မြောက်ဒေသအချို့ကို ဖဲ့ ယူရန် ဖြစ်ပါတယ်။

တပ်မ (၇၇) ရဲ့ မော်ဖာထိုးစစ် စတာနဲ့တပြိုင်နက် ရမခတိုင်း လူ့ပ်ရှားစစ်ဗျူဟာ (၂) ရဲ့ ကွပ်ကဲမှုအောက် ခလရ ၃၃၊ ခလရ ၆၇နဲ့ တပ်မ (၆၆) မှ တပ်ရင်းတချို့ဟာ မိမိတို့ရဲ့ ဝတောင်ခရိုင် 'မန်ခူး–မန်ခါ' ဒေသ၊ 'လွယ်ပန်လုံ–မန်ကန်' ဒေသများကို ချိန်ကိုက် တပြိုင်နက်တိုက်ခိုက် ဝင်ရောက်ခဲ့တယ်။

စစ်ဆင်ရေးကြီး စတင်ပြီး ရက်ပိုင်းအတွင်းမှာ မိမိတို့ စစ်ဦးစီးအဖွဲ့ကို အမြန်တိုးချဲ့ဖွဲ့စည်းပြီး ရန်သူရဲ့ ထိုးစစ်ကို ရိုက်ချိုးဖို့ ပြင် ဆင်ခဲ့တယ်။ ဒေသအသီးသီးရဲ့ ဒေသခံလက်နက်ကိုင်တပ်ဖွဲ့များ (ခရိုင်တပ်၊ မြို့နယ်တပ်ဖွဲ့များ) နဲ့ လက်နက်ကိုင်ပြည်သူ့စစ်များကို စုစည်းပြီး ဒေသအသီးသီးမှာ ခုခံကာကွယ်ရေးစစ်ပွဲကို ဆင်နွှဲခဲ့တယ်။

အခြားတဖက်မှာ မိမိတို့ရဲ့ အဓိကတပ်ဖွဲ့ကြီးတွေဖြစ်တဲ့ တပ်မဟာ (၇၁၇) (မူရင်းတပ်မဟာ ၈) တပ်မဟာ (၇၄၉) (မူရင်း တပ်မဟာ ၁၂)နဲ့ တပ်မဟာ (၅) (မူရင်းတပ်မဟာ ၆၈၅)တို့မှ တပ်ဖွဲ့များကို ဆုပ်ကိုင်ပြီး ကျယ်ပြန့် ရှည်လျားလှတဲ့ စစ်ဆင်ရေးတလျှောက် လှုပ်ရှားစစ်တိုက်ခိုက်ပြီး ရန်သူရဲ့ ထိုးစစ်ဆင်မှုကို ရင်ဆိုင်ခဲ့တယ်။

ရန်သူရဲ့ ယောင်ပြနဲ့ ထိန်းချုပ်ရေးစစ်ကြောင်းတွေကိုလည်း ခရိုင်တပ် မြို့နယ်တပ် လက်နက်ကိုင်ပြည်သူ့စစ်တပ်ဖွဲ့များနဲ့ တက်ကြွတဲ့ နေရာယူခံစစ်ရှင်များနဲ့ ပြန်လည်ထိန်းချုပ်ပြီး အခြေခံဒေသ ခုခံကာကွယ်ရေးစစ်ပွဲကို ဆင်နွှဲခဲ့ပါတယ်။

စစ်ဆင်ရေးရဲ့ အစဦးကာလတွေမှာ မိမိတို့ရဲ့ တပ်ဖွဲ့များဟာ ခံစစ်ရင်တိုက်ခိုက်ပြီး လှုပ်ရှားရန်သူကို ချေမှုန်းဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပေမယ့် မိမိတို့ရဲ့ စစ်စခန်းတချို့ လက်လွှတ်ဆုံးရှုံးမှုတွေ ဖြစ်ခဲ့ရပြီး ကောင်းမွန်တဲ့ လှုပ်ရှားစစ်နဲ့ ချေမှုန်းရေး စစ်တွေ မရယူနိုင်ခဲ့ပါဘူး။

မိမိရဲ့ မှတ်နိုး၊ ၁၈၃၇ ပွိုင့်(၆၀၂၈ ပွိုင့်)နဲ့ ပန်ခါ–ပန်မာကောက်စတဲ့ စစ်စခန်းများကို ခံစစ်ရင်ဖြင့် တပ်မ (၇၇) (၈၈) တို့မှ ရန်သူ ၇၀၀ ကျော်ကို သေကြေ ဒဏ်ရာရစေပြီးနောက် ၁၉၈၀ ခုနှစ် ဇန်နဝါရီ ၄ ရက်မှာ ပန်မာကောက်စခန်းမှ မိမိတပ်ဖွဲ့များ ဆုတ်ခွာခဲ့ကြပါတယ်။

ရန်သူဟာ ပန်မာကောက်စခန်းကြီးကို သိမ်းပိုက်ရယူပြီးနောက် ‘မင်းရန်အောင်’ စစ်ဆင်ရေးရဲ့ ‘ပထမဆင့်ပြီးဆုံးပြီ’ လို့ သတ်မှတ်ပြီး ဇန်နဝါရီ ၇ ရက်နေ့မှ စလို့ ‘ဒုတိယအဆင့် စစ်ဆင်ရေး’ ကို စတင်ဖို့ ပြင်ဆင်လာခဲ့တယ်။

မိမိတို့ရဲ့ စစ်ဦးစီးအဖွဲ့ဟာ ရောက်ရှိနေတဲ့ အခြေအနေ အဖက်ဖက်ကို သုံးသပ်ပြီး ရန်သူရဲ့ ဒုတိယခြေလှမ်းကို ရိုက်ချိုးဖို့ ပြင်ဆင်ခဲ့တယ်။

မိမိတို့ရဲ့ မော်ဖာဒေသနဲ့ ပန်မာကောက်ဒေသတွေကို သိမ်းပိုက်ရရှိသွားတဲ့အတွက် တက်ကြွနေတဲ့ ရန်သူရဲ့ တန်ပြန်တော် လှန်ရေးမာန်စွယ်ကို ရိုက်ချိုးပစ်ဖို့၊ စစ်ဆင်ရေးကာလအစပိုင်းမှာ မလွှဲမရှောင်သာ ရောက်ရှိနေတဲ့ အတိုင်းအတာတခုအထိ လက်ဦး မှုမဲ့နေတဲ့အနေအထားကို ပြောင်းလဲပစ်ဖို့ မိမိတို့ရဲ့ တပ်ဖွဲ့များနဲ့ ပြည်သူတွေရဲ့ တိုက်စိတ်ခိုက်စိတ်ကို မြှင့်တင်ဖို့အတွက် ရှေ့တန်း ဦးစီးအဖွဲ့မှစစ်မျက်နှာတခုလုံးရှိ ရန်–ငါ ၂ ဖက် အခြေအနေ တခုလုံးကို ခွဲခြမ်းစိတ်ဖြာပြီး ချေမှုန်းရေးတိုက်ပွဲကြီးတပွဲအတွက် တိုက် ကွင်းတိုက်ကွက်ကို ရှာဖွေခဲ့ကြပါတယ်။

ရရှိထားတဲ့ အခြေအနေတွေအနက် ဝတောင်ခရိုင် လွယ်ပန်လုံ၊ မန်ခူး–မန်ခါဒေသမှာ တိုက်ကွက်ဖော်နိုင်ဖို့ ဆုံးဖြတ်လိုက်ကြ တယ်။ ၎င်းဒေသသို့ သွားရောက်ကာ ရန်–ငါ ၂ ဖက်အခြေအနေကို အကဲခတ်ထောက်လှမ်းပြီး အကျိုးရှိတဲ့တိုက်ပွဲ အခါအခွင့်ကို ရွေးချယ်ရန် စိတ်ပိုင်းဖြတ်လိုက်ကြတယ်။

ဇန်နဝါရီလ ၁၉ ရက်နေ့မှာ မိမိတို့ ရှေ့တန်းဦးစီးရေးအဖွဲ့မှ ခေါင်းဆောင်အချို့ (ရဲဘော်ဇော်မိုင်း၊ ရဲဘော်ဖုန်ကြားဖူး၊ ရဲဘော် အုန်းကြည်) တို့ရဲ့ ဦးဆောင်မှုအောက်မှာ မိမိတို့ရဲ့ (၅၀၁) တပ်ဖွဲ့၊ (၁၀၃၅) တပ်ဖွဲ့၊ (၅၀၃) တပ်ဖွဲ့နဲ့ စစ်ဒေသအမြောက်တပ်ဖွဲ့မှ ခွဲအထက်ကေဒါတွေ မိမိအပါအဝင် စစ်ဦးစီးဌာနမှ ကေဒါများဟာ ရန်–ငါအခြေအနေများကို အခိုင်အမာ အကဲခတ်ထောက်လှမ်း ရေးအတွက် ဦးစွာချီတက်ခဲ့ကြပါတယ်။

မန်ရှန်ဒေသ (ရန်သူအခေါ် မန်မိုင်းဆိုင်) ကို ရောက်ရှိပြီးနောက် မန်ရှန်စစ်မျက်နှာကို တာဝန်ယူခဲ့တဲ့ ဒုစစ်ဦးစီးမှူး ရဲဘော် အင်ဖန် (ကွယ်လွန်)၊ ခရိုင်တပ်ရင်းမှူးရဲဘော်ဇော်လ(ယခု အရပ်သား)၊ ခရိုင်တပ် နိုင်ငံရေးမှူး ရဲဘော်လဗျ(ကွယ်လွန်) တို့ရဲ့ ရန်–ငါအခြေအနေ မိတ်ဆက်ချက်ကို မိမိတို့တဖွဲ့လုံးလေ့လာ နားထောင်ခဲ့ကြပါတယ်။ လွှန်ပန်လုံ စခန်းပေါ်ကနေ လက်တွေ့မြေအ နေအထား မိတ်ဆက်ချက်များကို လေ့လာမှတ်ယူခဲ့ကြပါတယ်။ ရန်သူရဲ့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ရဲ့ တန့်ယန်းအခြေပြု စစ်ဗျူဟာ ၂ ကို ဒုတိုင်းမှူးကိုယ်တိုင် ဦးစီးပြီး ၁၉၇၉ နိုဝင်ဘာလကုန်ပိုင်းမှာ တန့်ယန်းမြို့အရှေ့တောင်ဘက် သံလွင်မြစ်အရှေ့ဘက်ကမ်းရှိ ဝတောင်ခရိုင် မန်ရှန်မြို့နယ်အတွင်းသို့ သံလွင်မြစ်ကို ဖြတ်ကျော် ထိုးဖောက်ဝင်ရောက်ခဲ့တယ်။ ရန်သူခလရ ၃၃၊ ၂၃၊ ၆၇ – ၃ ရင်း အင်အားပါဝင်ပြီး မိမိတို့ရဲ့ မန်ခါဒိုင်နယ်ရုံးကို သိမ်းပိုက်ပြီး ဒိုင်နယ်နေရာတဝိုက်၊ စခန်း ၅ ခု ၆ ခု တည်ဆောက်ကာ အခိုင်အမာ တပ်စွဲခဲ့တယ်။ ခလရ ၆၇ က သံလွင်မြစ်ကမ်းအနောက်ဘက်ကို တာဝန်ယူခဲ့ပြီး ခလရ ၃၃ က အဓိက ဝင်ရောက်တိုက် ခိုက်ကာ နေရာယူတပ်စွဲခဲ့တယ်။ ခလရ ၂၃ က ခလရ ၃၃ ရဲ့ ဆက်သွယ်ရေးလမ်းကြောင်း L.O. C နဲ့ သံလွင်အရှေ့ဘက်ကမ်း ခြေကို ချုပ်ကိုင်ထားခဲ့တယ်။

မိမိတို့ ပန်ဆန်းဌာနချုပ်မှာ ရရှိခဲ့တဲ့ ရန်သူ့အင်အားနဲ့ တပ်တည်နေရာများဟာ လက်ရှိမိမိတို့ တွေ့ရှိမှုများနဲ့ အတန်ငယ် ကွာခြားနေပါတယ်။

မိမိတို့ရဲ့ ရည်မှန်းချက်ဒေသ မန်ခူး–မန်ခါဒေသမှာ ရန်သူဟာ နဂိုမိမိတို့ ရရှိထားတဲ့ သတင်းများအရ တပ်ခွဲ ၂ ခွဲကျော် ၃ ခွဲ နီးပါးဖြစ်ပေမယ့် လက်တွေ့မှာ တပ်ရင်းတရင်း ၅ ခွဲအင်အား ဖြစ်နေတယ်။ ခလရ ၃၃ ရဲ့ စစ်ကြောင်း (၁) (၂) ရုံးများနဲ့ တပ်ခွဲ ၅ ခွဲ ဖြစ် တဲ့အတွက် အင်အား ၄၀၀ ကျော်ရှိနေတယ်။ သူတို့ရဲ့ အထောက်အကူအဖြစ် သံလွင်အရှေ့ဘက်ခြမ်း၊ မန်ကန်ဒေသ–မန်ကန် သံခမောက်–ကုံ့ကော်နဲ့ သံလွင် အနောက်ခြမ်းမှာ ခလရ ၆၇ နဲ့ တပ်မ (၆၆)မှ ခလရ ၈၀ တပ်ရင်းများ တာကော်ဘက် လွယ်အင် တဝိုက်မှာ အရန်အဖြစ် စုစည်းရှိနေတယ်။

ဒီလို ရန်သူအခြေအနေများကြောင့် မိမိတို့ရဲ့ ရှေ့တန်းဦးစီးအဖွဲ့ နဲ့ တပ်ဖွဲ့ခေါင်းဆောင်များဟာ ရန်သူအခြေအနေအနေကို စေ့စပ်သေချာစွာ ခွဲခြားစိတ်ဖြာလေ့လာခဲ့တယ်။

မိမိတို့ရဲ့ ခွဲခြား စိတ်ဖြာချက်များအရ … (၁) မန်ခူး–မန်ခါဒေသရဲ့ စခန်းထိုင်အင်အားဟာ ၄၀၀ ကျော် ၅၀၀ နီးပါးရှိတယ်။ သံလွင်မြစ်နဲ့ အနီးဆုံးတပ်စွဲထားတဲ့ ခလရ ၃၃ တပ်ခွဲ ၁ ကို ဖယ်ထားပြီး မန်ခါ – မန်ခူးခွင်ထဲမှာ ရန်သူအင်အားဟာ စစ်ကြောင်းရုံး ၂ ခုနဲ့ တပ်ခွဲ ၄ ခွဲ၊ စုစုအင်အား ၃၀၀ ကျော် ၄၀၀ နီးပါး ရှိတယ်။ မိမိတို့ သတ်မှတ်ထားတဲ့ တိုက်ပွဲခွင်ထဲမှာ ရန်–ငါ အချိုးအစား ဟာ ၁ း ၄ ဖြစ်နေတယ်။ မိမိတို့ တပ်ဖွဲ့ရဲ့ တပ်အင်အား စုစည်းထားနိုင်မှုကြောင့် မိမိတို့ရဲ့ အင်အားသာလွန်မှု ရှိနေတယ်။

(၂) ရန်သူ ခံစစ်စခန်း ၁၀ ခုဟာ ၈ ကီလိုမီတာ ကျယ်ဝန်းတဲ့ခွင်ထဲမှာ ရှိပြီး မြေအနေအထားအရလည်း နည်းဗျူဟာ ကျတဲ့ စိုးမိုးကုန်းမှာ မဟုတ်ဘူး။ ခွဲ ၁ စခန်းဟာလည်း ကျန်အင်အားစုများနဲ့ ၁ ကီလိုနီးပါးဝေးတဲ့ မြစ်ဘေးမှာ ရှိနေပြီး တသီးတခြားစီလို ဖြစ်နေတယ်။

မိမိတို့ဘက်မှာတော့ လွယ်ပန်လုံမှ အစပြုလို့ သာလွန်တဲ့မြေအနေအထားမှာ များစွာရှိနေတယ်။ ရန်သူဟာ ကာလတို ရောက်ရှိနေမှုကြောင့် ခံစစ်စနစ်ဟာ မပြည့်စုံ၊ မခိုင်ခံ့ဘူး။ မိမိတို့ဘက်မှာတော့ ရန်သူကို ဖုံးကွယ်မှုရှိစွာ လှုပ်ရှားချီတက်ပြီး ဝိုင်းပတ်ထားနိုင်တယ်။ မြေအနေအထားဟာ မိမိတို့အတွက် အလွန်အကျိုးရှိနေတယ်။

(၃) မန်ခူး–မန်ခါ စခန်းစောင့် ရန်သူတွေဟာ စစ်ကြောင်း (၁)နဲ့ (၂) ရုံးများပါရှိနေတဲ့အတွက် လက်နက်ကြီးအရေအတွက် မနည်းလှဘူး။ အထောက်အကူ စခန်းတွေဖြစ်တဲ့ မန်ကန် – ကုံ့ကော်စခန်းများက တပ်ရင်းသုံး လက်နက်ကြီးများသာမက လွယ်အင် ကျောက်တောင်ပေါ်က အဝေးပစ် ၂၅ မမပေါင်ဒါ အမြောက်ကြီးများလည်း ရှိနေတယ်။ ဒါပေမဲ့ အမြောက်များရဲ့ တည်နေရာဟာ ပြန့်ကျဲနေတဲ့အတွက် လက်တွေ့အသုံးချမှုမှာ ကြီးစွာအကန့်အသတ် ရှိနေနိုင်တယ်။

မိမိတို့ကသာ အမြန်အဆုံးသတ်စစ် ဆင်နိုင်ရင် ရန်သူရဲ့လက်နက်ကြီးမီးအားများဟာ မိမိတို့ကို ခြိမ်းခြောက် ဖိနှိပ်မထားနိုင် ပါဘူး။ အဝေးက ရန်သူအကူ လက်နက်ကြီးများဟာ ၎င်းတို့ရဲ့ စွမ်းရည်ကို အပြည့်အဝ ဖွံ့ဖြိုးနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် တိုက်ပွဲအတွင်း မိမိတို့ရဲ့ လက်နက်ကြီး မီးအားများဟာ စုစည်းမှုရော အင်အားမှာပါ အလွန်သာလွန်မှု ရှိနေတယ်။

(၄) မိမိတို့ရဲ့ ခရိုင်တပ်ဖွဲ့နဲ့ ဒေသခံ ပြည်သူ့စစ်များဟာ မန်ခူး–မန်ခါ ဒေသ မြေအနေအထားကို အလွန်ကျွမ်းကျင်သိရှိ ထားတဲ့အတွက် ရန်သူတွေကို အဖက်ဖက်မှ ဝိုင်းရံပိတ်ဆို့ဖို့နဲ့ မိမိတို့ရဲ့ တိုက်ခိုက်ရေးတပ်ဖွဲ့တွေကို လုံခြုံချောမွေ့စွာ လမ်းပြပို့ ဆောင်နိုင်ကြမယ်။ တဖက်မှာလည်း ရန်သူလာရောက် တပ်စွဲထားမှုဟာ မကြာလှသေးတဲ့အတွက် မြေအနေအထားကို ကျွမ်းကျင်စွာ မဆုပ်ကိုင်နိုင်ကြသေး။

အထက်မှာဖော်ပြခဲ့တဲ့ တပ်အင်အား မြေအနေအထားစတဲ့ အချက်အလက်များအရ မိမိတို့ရဲ့ ရှေ့တန်းဦးစီးအဖွဲ့ဟာ ယခင် က မတိုက်ခဲ့ဘူးတဲ့ တပ်ခွဲခံစစ်စခန်း ၃၊ ၄ ခုကို တပြိုင်နက်တိုက်ခိုက်တဲ့ တပ်ရင်းအဆင့် စခန်းသိမ်းတိုက်ပွဲကြီးကို တိုက်ခိုက်ဖို့ ပြတ်ပြတ် သားသား ဆုံးဖြတ်ခဲ့တယ်။

## တိုက်ပွဲစီမံကိန်း

တိုက်နည်းသဏ္ဍာန်အမျိုးမျိုးတို့ကို အပြန်ပြန်အလှန်လှန် စူးစမ်းလေ့လာပြီးနောက် တိုက်ပွဲစီမံကိန်းကို ချမှတ်ခဲ့တယ်။

တိုက်ပွဲဟာ (က) အမြန်အဆုံးသတ်ရမယ်။ (ခ) ချေမှုန်းရေးစစ် ဖြစ်ရမယ်ဆိုတဲ့လမ်းညွှန်ချက်ကို တိတိကျကျ ညွှန်ကြားခဲ့ တယ်။

(၁) ပထမဆင့်အနေနဲ့ ရဲဘော်အိုက်ကျုံးရဲ့ (၅၀၃) တပ်ဖွဲ့၊ ခြေလျင်တပ်ခွဲ ၃ ခွဲဟာ မိမိတို့ရဲ့ အမြောက်တပ်ဖွဲ့ ၂ ရဲ့ မီးအား အကာအကွယ်အောက်မှာ ရန်သူရဲ့ အမှတ် (၁) တောင်ကုန်း(ဗိုလ်ကြီးညိုဝင်းမြင့်–တပ်ခွဲအခြေပြုနေရာ) ကို အချိန်တိုအတွင်း သိမ်းပိုက်ရန်။ ၎င်းနောက် (က) အမှတ် ၂ မီးအားအဖွဲ့ဟာ သိမ်းပိုက်ရရှိထားတဲ့ အမှတ် (၁) ကုန်းပေါ်သို့ အမြန်ရွှေ့ပြောင်းပြီး (၅၀၁) တပ်ဖွဲ့နဲ့ (၃၀၃၅) တပ်ဖွဲ့တို့ရဲ့ အမှတ် (၆) နဲ့ အမှတ်(၇) ခစန်းများ (ရန်သူစစ်ကြောင်းရုံးများ တည်ရှိရာ) ကို သိမ်းပိုက်ရေး အတွက် မီးအားပစ်ကူပေးရန်။ (ခ) အမှတ် (၁) စခန်းကို ရပြီးနောက် (၅၀၃) ရဲ့ ခွဲ ၂ ခွဲဟာ ဆက်လက်တိုက်ခိုက်နေတဲ့ (၃၀၃၅) တပ်ဖွဲ့ရဲ့ အရန်အဖြစ် ဆက်လက်ပါဝင်ရန်။

(၂) ရဲဘော်အိုက်လွန်းရဲ့ (၃၀၃၅) ရဲ့ ခြေလျင်တပ်ခွဲ ၄ ခွဲ(၅၇ မမ နောက်ပွင့်အမြောက် ၃ လက်၊ ၄၀ မမ ဗဇူကာ ၁၂ လက်၊ ၇ ဒသမ ၆၂ ကိုလိုနောဖ့် စက်လတ် ၁ လက်၊ ၆၀ မမမော်တာ ၃ လက် တွဲဖက်လျက်) ဟာ တိုက်ပွဲစတင်တာနဲ့တပြိုင်နက် မန်ခါ စခန်းရဲ့ အနောက်ဘက်ကနေပြီး ရန်သူအမှတ် (၉) နဲ့ (၁၀) စခန်းကို တိုက်ခိုက် သိမ်းပိုက်နိုင်ရေး (အဓိကတာဝန်ကို) ဆက်လက် ဆောင်ရွက်ရန်။

(၃) ရဲဘော်ဆန်ဘလူးရဲ့ (၅၀၁) တပ်ဖွဲ့မှ ခွဲ ၃ ခွဲ(၅၇ မမ ၃ လက်၊ ၄၀ မမဗဇူကာ ၁၂ လက်၊ ၆၀ မမ ၂ လက်၊ ၇ ဒသမ ၆၂ စက်လတ် ၁ လက် အပါအဝင်) ဟာ တိုက်ပွဲစတင်တာနဲ့တပြိုင်နက် မန်ခါစခန်းရဲ့ အရှေ့ဘက်မှ ချဉ်းကပ်ပြီး ရန်သူ စစ်ကြောင်း (၂) ရုံးရဲ့ ကာကင်းစခန်း (၃)နဲ့ (၄) ကို အချိန်တိုအတွင်း တိုက်ခိုက်သိမ်းပိုက်ရန်၊ မိမိတပ်ဖွဲ့ရဲ့ အခြားခြေလျင်တပ်ခွဲတခွဲဖြင့် မန်ခါမြောက်ဘက်ရှိ ရန်သူတပ်စခန်း အမှတ် (၅) ကုန်းကို တိုက်ခိုင်သိမ်းပိုက်ရန်။ ၎င်းနောက် တပ်ခွဲ ၄ ခွဲစလုံး ရန်သူရဲ့ အမှတ် (၆) ကုန်း (စစ်ကြောင်း ၂ ရုံး) ကို ဆက်လက်တိုက်ခိုက် သိမ်းပိုက်ရန်။

(၄) ရဲဘော်လီနင်မိန်ရဲ့ (၄၀၄၈) တပ်ဖွဲ့ကတပ်ခွဲ (၂) ခွဲဟာ (၅၀၃) တပ်ဖွဲရဲ့ တိုက်ခိုက်မှု စတင်တာနဲ့ တပြိုင်နက် ရန်သူ ကာကင်းတပ်စုရဲ့ အမှတ် (၂) တောင်ကုန်းကို တိုက်ခိုက်သိမ်းပိုက်ပြီး (၅၀၁) တပ်ဖွဲ့ရဲ့ နောက်ကြောင်းကို လုံခြုံစွာ ကာကွယ်ပေး ရန်။ ၎င်းနောက် (၅၀၁) တပ်ဖွဲ့ရဲ့ အရန်တပ်ဖွဲ့အဖြစ် စုဖွဲ့၍ ရှေ့တန်းစစ်ဦးစီးအဖွဲ့၏ ညွှန်ကြားမှုကို စောင့်ဆိုင်းရန်။

(၅) (၅၀၃) တပ်ဖွဲ့ရဲ့ ခွဲ ၄ နဲ့ ခရိုင်တပ်မှ တပ်ခွဲတခွဲဟာ မန်ခါတပ်စခန်းရဲ့ အနောက်မြောက်ဘက် အမှတ် (၅) နဲ့ အမှတ် (၁၀)တောင်ကုန်းအကြားရှိ ရန်သူဆုတ်လမ်းကို ဖြတ်တောက်ပိတ်ဆို့ရန်။

(၆) ခရိုင်တပ်ရဲ့ တပ်ခွဲ တခွဲနဲ့ လက်နက်ကိုင်ပြည်သူ့စစ် ၅၀ ကျော်တို့ကို စုဖွဲ့ပြီး ရန်သူ့အမှတ်(၁) တောင်ကုန်းရဲ့ အနောက် မြောက်ဘက်မှ ရန်သူဆုတ်လမ်းကို ပိတ်ဆို့ဖြတ်တောက်ရန်။

(၇) (၄၀၄၈) တပ်ဖွဲ့ရဲ့ တပ်ခွဲတခွဲနဲ့ ခရိုင်တပ်ရဲ့ အားဖြည့်တပ်စုတစုတို့ဟာ ၈၂ မမ စိန်ပြောင်း၁ လက်၊ ကိုလိုနော့ဖ်စက် လတ် ၁ လက်တွဲဖက်ပြီး မန်ခူးနဲ့ မန်မောက်ကြားမှာ အကျိုးရှိတဲ့ မြေအနေအထားကို ရွေးချယ်ဆုပ်ကိုင်ပြီး ရန်သူတပ်ကူကို တားဆီးဖြတ်တောက် ထားရန်နဲ့ မန်ခူးရဲ့ ၇၅ မမ အမြောက်ကို ဖိထားပြီး (၃၀၃၅)တပ်ဖွဲ့ရဲ့ နောက်ရန်ကို လျော့နည်းစေရန်။

(၈) ခရိုင်တပ်ရဲ့ ခြေလျင်တပ်ခွဲ ၂ ခွဲဟာ ၇၅ မမ အမြောက် တလက်၊ ၈၂ မမ စိန်ပြောင်းတလက်၊ ၀ ဒသမ ၅ (ပွိုင့်ဖိုက်) လေယာဉ်ပစ် စက်ကြီးတလက်တို့နဲ့ တွဲဖက်ပြီး မန်ကန် – မန်ပုံရှိ ရန်သူရဲ့ အထောက်အကူ စခန်းများရှိ အမြောက်များကို ဖိနှိပ် ထိန်းချုပ်ထားရန်။

(၉) မိမိတို့အရှေ့မြောက်စစ်ဒေသ လက်နက်ကြီးတပ်ဖွဲ့နဲ့ တပ်မဟာ (၄၁၇)ရဲ့ လက်နက်ကြီး တပ်ခွဲတို့ကို ပူးပေါင်းပြီး မိမိတို့ရဲ့ မီးအားပစ်ကူအဖွဲ့ ၂ ဖွဲ့အဖြစ် ဖွဲ့စည်းလိုက်တယ်။ မီးအားအဖွဲ့ (၁) မှ ၁၂၀ မမ စိန်ပြောင်းကြီး ၂ လက်၊ ၇၅ မမ နောက်ပွင့် တ လက်၊ ၀ ဒသမ ၅ (ပွိုင်ဖိုက်)စက်သေနတ်ကြီး ၂ လက်ပါဝင်ပြီး တိုက်ပွဲစစချင်း ရန်သူရဲ့ အဓိက စစ်ကြောင်းကုန်း၊ ညွှန်ကြား ရေး စခန်းကုန်း (၆) နဲ့ (၇) ကို အဆက်မပြတ် ပွဲပြီးသည်အထိ ဖိအားပေး ပစ်ခတ်ရန်။

မီးအားပစ်ကူအဖွဲ့ (၂ )ဟာ ၇၅ မမ နောက်ပွင့် ၃ လက်၊ ၈၂ မမ စိန်ပြောင်း ၃ လက်၊ ၀ဒသမ၅ (ပွိုင့်ဖိုက်)စက်ကြီး ၃ လက် တို့ ပါဝင်ပြီး (၅၀၃) တပ်ဖွဲ့ရဲ့ အမှတ် (၁) တောင်ကုန်းသိမ်းပိုက်ရေးအတွက် ဖိအားပေးပစ်ခတ်စေပြီး အမှတ် (၁) တောင်ကုန်းကို (၅၀၃) တပ်ဖွဲ့က သိမ်းပိုက်ပြီးတာနဲ့တပြိုင်နက် အမှတ် (၁) တောင်ကုန်းပေါ်သို့ အမြန်ရွှေ့ပြောင်းစေပြီး (၅၀၁) (၃၀၃၅) တပ်ဖွဲ့တို့ရဲ့ အမှတ် (၆)နဲ့ (၇) တောင်ကုန်း သိမ်းပိုက်ရေးအတွက် ဆက်လက်ပစ်ခတ်ပေးရန်တို့ဖြစ်တယ်။

(၁၀) တိုက်ပွဲဝင် တပ်ဖွဲ့အားလုံး ၂၉ ရက်ည အမှောင်ထုကို အကာအကွယ်ယူပြီး သတ်မှတ်ထားတဲ့နေရာ အသီးသီးကို လျှို့ဝှက်လုံခြုံစွာနဲ့ ထွက်ခွာကြပြီး ထိုးစစ်စတင်ရန် သတ်မှတ်ထားတဲ့ (စ)မှတ်များသို့ ၃၀ ရက် နံနက် ၀၅း၀၀နာရီ မတိုင်ခင် ရောက်ရှိ နေရာ ယူထားရန်။

(၁၁) ဇန်နဝါရီ ၃၀ ရက်နံနက် ဝ၆း၀၀ နာရီတိတိမှာ အမှတ် (၁) မီးအားပစ်ကူအဖွဲ့ရဲ့ စတင်ပစ်ခတ်ခြင်းဖြင့် စစ်မျက်နှာတခုလုံး စစ်ဆင်ရေးစတင်ရန်ဖြစ်ပါတယ်။

(၁၂) တိုက်ပွဲအခြေအနေ ပြောင်းလဲမှုကြောင့် မူလစီမံကိန်းမှာ မပါဝင်တဲ့ (၄၀၄၈) တပ်ဖွဲ့တဖွဲ့လုံးကိုပါ တခြားတပ်ဖွဲ့များနဲ့အတူ မန်ရှန်စစ်မျက်နှာသို့ ခေါ်ယူလာရန် နောက်တန်းသို့ အကြောင်းကြားရန်တို့ဖြစ်တယ်။

၁၉၈၀ ဇန်နဝါရီ ၂၅၊ ၂၆ နေ့များမှာ နောက်တန်းချန်ထားခဲ့တဲ့ (၅၀၁) (၅၀၃) (၃၀၃၅) တပ်ရင်းများနဲ့ စစ်ဒေသ အမြောက် တပ်တပ်ဖွဲ့အားလုံး ရှေ့တန်းမန်ရှန်းမြို့နယ်ရှိ သက်ဆိုင်ရာ စုရပ်များသို့ ရောက်ရှိလာတယ်။ ၂၇ ရက်နေ့မှာ ထပ်မံခေါ်ယူထားတဲ့ (၄၀၄၈) တပ်ဖွဲ့ဟာလည်း ရောက်ရှိလာတယ်။

၂၉ ရက် နံနက်ပိုင်းမှာ မိမိတို့ တိုက်ပွဲစီမံကိန်းအတွက် လိုအပ်တဲ့လက်နက်ခဲယမ်းမီးကျောက်များ ၉၀ ရာနှုန်းကျော် ရောက်ရှိပြီးဖြစ်တဲ့အတွက် မိမိတို့ ရှေ့တန်းဦးစီးအဖွဲ့က မူလသတ်မှတ်ထားတဲ့အတိုင်း ၃၀ ရက်နံနက်မှာ တိုက်ပွဲစတင်ဖို့ ဆုံးဖြတ် လိုက်ပါတော့တယ်။

၂၈ ရက်နံနက်မှာ တိုက်ပွဲဝင်တပ်ဖွဲ့များအားလုံးကို လက်နက်ခဲယမ်း စစ်ဆေးဖြည့်တင်းခြင်းများ လုပ်ဆောင်ခဲ့တယ်။

၂၈ ရက်နေ့ ညနေခင်းမှာ ပါဝင်ကြမယ့်တပ်ဖွဲ့များရဲ့ တပ်စုအထက်အဆင့် ကေဒါများများအားလုံးကို လွှယ်ပန်လုံ စခန်းကြီး ပေါ်မှာ စုစည်းပြီး မိမိတို့ရှေ့တန်းဦးစီးအဖွဲ့ စစ်ဆင်ရေးဌာနခွဲမှ သဲမြေပုံကြမ်းဖြင့်လည်းကောင်း၊ လက်တွေ့မြေအနေအထား တိုက်ပွဲခွင်ကိုလည်းကောင်း ရှင်းလင်းမိတ်ဆက်ပေးခဲ့ကြတယ်။ ရဲဘော်ဇော်မိုင်းနဲ့ ရဲဘော်ဖုန်ကြားဖူးက တိုက်ပွဲစီမံကိန်းကို ရှင်းလင်းပြပြီးနောက် သက်ဆိုင်ရာတပ်ဖွဲ့မှ တပ်မှူးများနဲ့ အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြတယ်။

၂၉ ရက်ညနေပိုင်း မန်ပတ်ရွာဘေးက ကွက်လပ်ကြီးမှာ တိုက်ပွဲဝင်တပ်ဖွဲ့များကို ရှေ့တန်းဦးစီးအဖွဲ့မှ နိုင်ငံရေးမှူး ရဲဘော် အုန်းကြည်က နိုင်ငံရေးလှုံ့ဆော်မှုနဲ့ ပိုင်းဖြတ်ချက်စတဲ့ တပ်ထွက်မိန့်ခွန်းပေးပါတယ်။ နိုင်ငံရေးမှူးရဲ့ အားပါလှတဲ့ တပ်ထွက် မိန့်ခွန်းပေးနေတဲ့ အလွန်တက်ကြွဖွယ် မြင်ကွင်းဟာ မိမိတသက်မှာ မေ့လောက်စရာမရှိအောင် စိတ်လှုပ်ရှားဖွယ် ကောင်းလှပါ တယ်။

၂၉ ရက် ညနေ ၁၈း၀၀နာရီ ရောက်ချိန်မှာ မိမိတို့ရဲ့တပ်ဖွဲ့များ မန်ပတ်မှ အနောက်ဘက်တောတန်းများဆီ ချီတက်ဝင် ရောက်သွားကြပါတယ်။

အလားတူ၊ ဖြတ်တောက်ရေး ပိတ်ဆို့ရေး အရန်တပ်စုဖွဲ့မှုတာဝန်ကို ထမ်းဆောင်မယ့် မိမိတို့ရဲ့ (၄၀၄၈) တပ်ဖွဲ့၊ ခရိုင်တပ်ဖွဲ့နဲ့ လက်နက်ကိုင် ပြည်သူ့စစ်များကို ဝတောင်ခရိုင် အတွင်းရေးမှူး ရဲဘော်တာ ဒါရိဂမ်က တပ်ထွက်မိန့်ခွန်းပေး၊ နိုင်ငံရေးလှုံ့ဆော်မှုပြု ပြီး တာဝန်ကျရာ စုရပ်အသီးသီးသို့ ထွက်သွားကြတယ်။

မိမိတို့ ရှေ့တန်းဦးစီးအဖွဲ့မှာလည်း တိုက်ပွဲကို အနီးကပ်ကွပ်ကဲရန် အတွက် ဖာကျပ်ရွာသို့ ဆက်လက်ချီတက်ခဲ့ကြပါတယ်။

## တိုက်ပွဲဖြစ်စဉ်

မိမိတို့ ရှေ့တန်းဦးစီးအဖွဲ့ဟာ ဇန်နဝါရီ ၃၀ ရက် နံနက် ဝ၄း၃၀ မှာ မိမိတို့အဖွဲ့ရဲ့စုရပ် ဖာကျပ်ရွာဘေးရှိ ကျောက်တောင် ကုန်းသို့ ရောက်ရှိပြီး ရှေ့တန်းဦးစီးအဖွဲ့ရဲ့ ကွပ်ကဲမှုကို စတင်လုပ်ဆောင်ခဲ့တယ်။

နံနက် ဝ၅း၃၀ မှာ တပ်ဖွဲ့အသီးသီးဟာ (အမြောက်မီးအားအဖွဲ့ ၂ မှလွဲ၍ ) သက်ဆိုင်ရာ သတ်မှတ်စုရပ် အသီးသီးသို့ ရောက်ရှိခဲ့တယ်။ အမြောက်တပ် မီးအားအဖွဲ့ (၂) ရဲ့ သက်ဆိုင်ရာစုရပ်သို့ နောက်ကျရောက်ရှိမှု ကြောင့်လည်းကောင်း၊ မီးအားအဖွဲ့ (၂) ရဲ့ ပစ်ခတ်ရန်ပြင်ဆင်မှု နှောင့်နှေးမှုများကြောင့်လည်းကောင်း တိုက်ပွဲကို သတ်မှတ်ချိန်ထက် ဝ၀း၃၅ မိနစ် နောက်ကျပြီးမှ စတင်လုပ်ဆောင်နိုင်ခဲ့တယ်။

နံနက် ဝ၆း၃၅ မှာ အမြောက်တပ် ပစ်ကူအဖွဲ့ (၁) ရဲ့ ၁၂၀ မမ စိန်ပြောင်းကြီး ၂ လက်ရဲ့ စတင်ပစ်ခတ်မှုနဲ့ တိုက်ပွဲကြီးကို စတင်လိုက်ပါတော့တယ်။ သံလွင်အရှေ့ခြမ်း တန့်ယန်းမြို့ရဲ့ အရှေ့မြောက်ဘက် သံလွင်မြစ်အရှေ့ဘက်မှာရှိတဲ့ မန်ခူး–မန်ခါဒေသ တခုလုံး မိမိတို့ရဲ့ အမြောက်သံများနဲ့ ဟိန်းညံနေပါတော့တယ်။

တိုက်ပွဲစတင်တာနဲ့ တပြိုင်နက်တည်းမှာ (၃၀၃၅) တပ်ဖွဲ့နဲ့ (၅၀၁) တပ်ဖွဲ့တို့ဟာ ရန်သူ့ အမှတ် (၄)(၁၀)(၉)(၅) တောင်ကုန်းများကို မိမိတပ်ဖွဲ့ရဲ့ ပင်ကိုယ်မီးအားအောက်မှာ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြတယ်။ နံနက် ဝ၈း၂၅ မှာ အထက်ပါ ရန်သူ့စခန်းကုန်းအားလုံးကို အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့ပြီး၊ ရန်သူ့အဓိကကုန်း၊ (၆)နဲ့ (၇) ကုန်းပေါ်ရှိ ရန်သူများဟာ အမြောက်တပ်တပ်ဖွဲ့ (၁) ရဲ့ ၁၂၀ မမ စိန်ပြောင်းကြီး ၂ လက်ရဲ့ ပစ်ခတ်မှုအပါ လက်နက်ကြီးများရဲ့ ထိရောက်မှုရှိတဲ့ မီးအားပြင်း ထန်မှုကြောင့် ဖရိုဖရဲဖြစ်ကာ စစ်မျက်နှာတခုလုံး ဆက်သွယ်ညွှန်ကြားနိုင်မှုပြတ်တောက်သွားခဲ့တယ်။ ရန်သူတပ်ရင်းဟာ တိုင်းတပ်ရင်း တရင်းဖြစ်ပြီး ၁၂၀ မမစိန်ပြောင်းကြီးရဲ့ ပစ်ခတ်ခံရမှု အတွေ့အကြုံ မရှိတာကတကြောင်း၊ မိမိတို့ ပစ်ခတ်မှုရဲ့ တိကျအား ကောင်းမှုကြောင့်တကြောင်း စခန်းအလိုက် ခံစစ်ခုခံတိုက်ခိုက်တာနဲ့ မိမိတို့ရဲ့ ဝိုင်းဝန်းပိတ်ဆို့မှုကို ဖောက်ထွက်ဖို့ ကြိုးစားတာ ကလွဲရင် တခုလုံး အပြန်ပြန်အလှန်လှန် အကူအညီပေးနိုင်ခြင်း၊ လက်နက်ပစ်ကူပေးခြင်းစတဲ့ စီမံညွှန်ကြားမှုတခုလုံး မလုပ်ဆောင်နိုင်တော့တဲ့ အခြေအနေကို ဆိုက်ရောက်သွားပါတော့တယ်။

မိမိတို့ရဲ့ (၅၀၃) တပ်ညွှန်ကြားရေးတပ်ဖွဲ့ဟာ ရန်သူ့အမှတ် (၁) ကုန်းကို စတင်တိုက်ခိုက်ချိန်မှာ အမှားကြီးတခု ကျူးလွန်ခဲ့ ကြတယ်။ အမှတ် (၁) ကုန်းဟာ မိမိတို့ရဲ့ အနီးဆုံးကုန်းစခန်းဖြစ်တဲ့အတွက် ရန်သူတပ်ခွဲမှူးညိုဝင်းမြင့်ဟာ ကာကင်းတပ်စိတ်တွေကို တောင်ကုန်းအောက်ခြေအထိ ထုတ်ထားပြီး တချို့ကို ပြောင်ဖော်ထားပြီး တချို့ကို လျှို့ဝှက်ကင်းပုန်းဝပ်ထားစေတယ်။ တိုက်ပွဲ စတင်တာနဲ့ ခြေလျင်တပ်ချင်း စတင်ထိတွေ့တာနဲ့ တပြိုင်နက် ရန်သူဟာ ၁၀ မိနစ်ခန့် ထိတွေ့မှုယူပြီး၊ အဆင့်ဆင့် ဆုတ်ခွာကာ ပင်မစခန်းကုန်းပေါ်ရှိ အင်အားများနဲ့ ပူးပေါင်းပြီး ခံစစ်ဆင်ခဲ့တယ်။

(၅၀၃) တပ်ညွှန်ကြားရေးအဖွဲ့ဟာ ရန်သူရဲ့ကာကင်းတွေ အမြန်ဆုတ်ခွာမှုကို မှားယွင်းစွာတွက်ချက်ပြီး အမြောက်တပ်မီး အားအဖွဲ့(၂) ရဲ့ မီးအားကို မီးကျည်ပစ်ပြီး ရပ်ခိုင်းပါတော့တယ်။ အမှတ် (၂) မီးအားအဖွဲ့ဟာ မီးကျည်မြင်တာနဲ့တပြိုင်နက် မူလ စီမံကိန်းအတိုင်း အမြောက်ပစ်ရပ်ပြီး

အမှတ် (၁) ကုန်းပေါ်သို့ ရွှေ့ပြောင်းရန် လုပ်ဆောင်တော့တယ်။ (၅၀၃) တပ်ဖွဲ့ဟာ အမြောက် တပ် မီးအားမပါဘဲ ဆက်လက်တက်ခဲ့ရာ အဓိကစခန်းမှာ ညိုဝင်းမြင့် တပ်ခွဲရဲ့ ပြင်းထန်တဲ့ စနစ်ကျတဲ့ ခုခံမှုကို ရင်ဆိုင်ရပြီး ရှေ့ကို ဆက်ပြီးမတက်နိုင်အောင် ဖြစ်ခဲ့ရတယ်။ ဒီအခြေအနေအောက်မှာ (၅၀၃) တပ်ဖွဲ့မှ မီးအားပစ်ကူပေးဖို့ ပြန်လည်တောင်း ဆိုလာခဲ့ပြန်တယ်။ အဲဒီအချိန်မှာ အမြောက်တပ်မီးအားအဖွဲ့ (၂) ဟာ စီမံကိန်းအတိုင်း ရွှေ့ပြောင်းနေတဲ့ လမ်းခုလတ်မှာ ဖြစ်နေ တယ်။ အမှတ် (၂) တပ်ဖွဲ့ဟာ ပစ်ခတ်မှုတောင်းဆိုချက် ရရခြင်း ရောက်ရှိနေရာမှ ပစ်ကူပေးဖို့ ပြင်ဆင်ပြီး ဆက်လက်ပစ်ခတ်ပေး ခဲ့ရတယ်။

(၅၀၃) တပ်ဖွဲ့ဟာ မိနစ် ၄၀ ခန့် မီးအားပစ်ကူမပါဘဲ တိုက်ခိုက်နေခဲ့ရတယ်။ အမှတ် (၂) တပ်ဖွဲ့ မီးအားပြန်လည် ပစ်ခတ်နိုင် ပြီးနောက် အမှတ်(၁) တောင်ကုန်းကို နံနက် ၀၈း၅၅ နာရီ (သတ်မှတ်ထားတဲ့အချိန်ထက် တနာရီနီးပါးနောက်ကျပြီးမှ) ကျမှ အကျ အဆုံးများနဲ့ သိမ်းပိုက်ရရှိနိုင်ခဲ့တယ်။ တိုက်ပွဲအတွင်း ဒဏ်ရာအနာတရ များတဲ့အတွက် သတ်မှတ်စီမံကိန်းအတိုင်း (၃၀၃၅) တပ်ဖွဲ့ရဲ့ အရန်အဖြစ် တပ်ခွဲ ၂ ခွဲ မပေးနိုင်တော့ဘဲ အင်အားပြည့် တခွဲသာ ပေးပို့နိုင်ခဲ့တယ်။

နံနက် ၀၈း၂၅ နာရီမှာ (၅၀၁) တပ်ဖွဲ့နဲ့ (၃၀၃၅) တပ်ဖွဲ့တို့ဟာ မိမိတို့ ဦးတည်ချက်ဖြစ်တဲ့ အမှတ် (၆) နဲ့ (၇) ကုန်းများကို အမြောက်တပ်မီး အားအဖွဲ့ (၁)ရဲ့ မီးအားအောက်မှာသာ ဆက်လက်တိုက်ခိုက်နေခဲ့ရတယ်။ မူလစီမံကိန်းဖြစ်တဲ့ မီးအား(၂) အဖွဲ့ရဲ့ မီးအားပစ်ကူမှုကို မရရှိခဲ့ဘူး။ (၅၀၁) တပ်ဖွဲ့ရဲ့ ခွဲဖ ညွှန်ကြားရေးမှူး ညီတုန်းဦးစီးတဲ့ တပ်ဖွဲ့ဝင်များဟာ အရှေ့တောင်ဘက်မှ ဝင် ရောက်ပြီး အကြိမ်ကြိမ် ရဲဝံ့စွာ ကျားတက်ထိုးပြီး၊ စစ်ကြောင်းရုံး စခန်းထဲကို ဝင်ရောက်သိမ်းပိုက်နိုင်ခဲ့တယ်။

အလားတူ (၃၀၃၅) တပ်ဖွဲ့ရဲ့ ခွဲ၄ တပ်ခွဲမှူး စံခွန်းရဲ့ ဦးစီးမှုအောက်မှာ စစ်ကြောင်း ၁ ရုံးရဲ့ ခံစစ်စခန်းကို အရှေ့တောင်ဘက် နဲ့ အရှေ့ဘက်မှ တဟုန်ထိုး ကျားတက်ထိုးခဲ့ပြီး သိမ်းပိုက်ရရှိနိုင်ခဲ့တယ်။

နံနက် ၀၈း၂၅ မှ ၀၉း ၀၀ အထိ ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြပြီးနောက် ၀၉း၀၀မှာ စစ်မြေပြင်ရှိ စခန်းအားလုံးကို သိမ်းပိုက် ရရှိခဲ့ပါတယ်။ ၀၉း၂၀လောက်မှာ တပ်ရင်းတပ်ဖွဲ့ အသီးသီးက ရှေ့တန်းစစ်ဦးစီးအဖွဲ့သို့ သတင်းပို့ချက်များအရ စစ်မြေပြင်မှာ ရန်သူ စုစုပေါင်း ၅၇ ဦး သေပြီး သုံ့ပန်း ၄၁ ဦး ဖမ်းမိကြောင်း သိရပါတယ်။

ဒါဟာ တိုက်ပွဲခွင်ရှိ ရန်သူအင်အားရဲ့ ၃၀ ရာခိုင်နှုန်း မရှိသေးဘူး။ ဒီအခြေအနေမှာ ရှေ့တန်းဦးစီးအဖွဲ့က ဆုတ်ခွာထွက်ပြေး တဲ့ ရန်သူများကို စီမံကိန်းအတိုင်း တိတိကျကျ ပိတ်ဆို့ဖြတ်တောက် လိုက်လံတိုက်ခိုက်ဖို့ ထပ်မံအမိန့်ပေးခဲ့တယ်။ တပ်ဖွဲ့များဟာ ရရှိထားတဲ့စခန်းတွေမှာ အင်အားအချို့ဖြင့် ထိန်းသိမ်းခံစစ်ပြင်ဆင်စေပြီး ကျန်အင်အားများဖြင့် ၈ စတုရန်းကီလိုမီတာ ကျယ်တဲ့ စစ်မြေပြင်တခုလုံး တောနင်းရှာဖွေ ပိတ်ဆို့၊ ချေမှုန်းရေးတာဝန်ကို မနားတမ်းဆက်လက်လုပ်ဆောင်ခဲ့ကြတယ်။

ညနေ ၁၅း၀၀နာရီလောက်မှာ တပ်ဖွဲ့အသီးသီးမှ လိုက်လံဖြတ်တောက်ပိတ်ဆို့ ချေမှုန်းခြင်း အစီရင်ခံချက်အရ တိုက်ပွဲကြီးရဲ့ အောင်သီးအောင်နှံကို အောင်မြင်စွာ တိုးချဲ့နိုင်ကြောင်းသိရှိရပါတယ်။

၃၀ ရက်နေ့ ၁၅း၀၀ အစီရင်ခံချက်အရ **ရန်သူစုစုပေါင်း သေ–၁၁၂ ယောက်။**

(၃၀၃၅) တဖွဲ့ဘက်မှ ရန်သူသေ ... ... ၃၇ ယောက် (၅၀၁) တပ်ဖွဲ့ဘက်မှ ရန်သူသေ ... ... ၃၉ ယောက်

(၅၀၃) တပ်ဖွဲ့ဘက်မှ ရန်သူသေ ... ... ၁၅ ယောက် (ခရိုင်တပ်) တပ်ဖွဲ့ဘက်မှ ရန်သူသေ ... ... ၂၀ ယောက်

(၄၀၄၈) တပ်ဖွဲ့ဘက်မှ ရန်သူသေ ... ... ၁ ယောက်။ ၎င်းတို့အနက် ရန်သူခွဲမှူး ဗိုလ်ကြီး ၁ ယောက်၊ စုမှူး ဗိုလ် ၁ ယောက်။ ဒုဗိုလ် ၁ ယောက်ပါဝင်တယ်။

**စုစုပေါင်း သုံ့ပန်း ၁၂၁ ယောက်။**

(၃၀၃၅) တပ်ဖွဲ့က ဖမ်းမိ ၃၂ ယောက်။ (၅၀၁) တပ်ဖွဲ့က ဖမ်းမိ ၇၂ ယောက်။ ခရိုင်တပ်က ဖမ်းမိ ၁၅ ယောက်။ (၅၀၃) တပ်ဖွဲ့က ဖမ်းမိ ၂ ယောက်တို့ဖြစ်တယ်။ ဒီဖမ်းမိရသူတွေထဲမှာ ရှေ့တန်းခလရ ၃၃ တပ်ရင်းမှူး–ဒုဗိုလ်မှူးကြီး သူရစိုးမင်း၊ တပ်ရင်းထောက်လှမ်းရေးအရာရှိ – ဗိုလ်ကြီး စအေးဝင်း၊ တပ်ခွဲမှူး– ဗိုလ်ကြီးသန်းဌေးလွင်၊ တပ်ခွဲမှူး–ဗိုလ်ကြီး ညိုဝင်းမြင့်၊ တပ်စုမှူး – ဗိုလ်ညီထွန်း၊ တပ်စုမှူး–ဒုဗိုလ်တင်ထွန်းကျော် အပါ အရာရှိ ၆ ဦးပါဝင်တယ်။ ဆေးအရာခံဗိုလ် လှသောင်း အပါ အကြပ် ၂၈ ဦးပါဝင်တယ်။ စစ်ကြောင်း ၂ ဗိုလ်မှူးစန်းမောင်နဲ့ ဒဏ်ရာ သမားများအပါအဝင် ၇၀ နီးပါးလွတ်မြောက်သွား တယ်။ ရရှိထားတဲ့ အချက်အလက်များအရ ရန်သူချေမှုန်း၂၆၈ ယောက်ဖြစ်ပါတယ်။

**(ရန်သူထုတ်ပြန်ခဲ့တဲ့ စာအုပ်များအ တွင်း သေဆုံး–၇၀၊ ဒဏ်ရာ ၄၂ ။ ပျောက်ဆုံး ၁၁၂။ စုစုပေါင်း– ၂၂၄ ယောက်လို့ ဖော်ပြထားတယ်။)**

**သိမ်းပိုက်ရမိ လက်နက်ငယ် ၂၂၁ လက်**

ဂျီ ၂–၃–၄ ... ၁၄၀ လက်။ ကာဘိုင် ၆၅ လက်။ နေဝင်း စတင်း ၄ လက်။ ပစ္စတို ၁၂ လက်။

စက်လတ် အမ်ဂျီ ၄၂ ... ၂ လက်။ အမြောက်စုံ ... ၁၈ လက်။ (၇၅ မမ ၂ လက်။ ၃ လက်မ စိန်ပြောင်း ... ၂လက်။ ၂ လက်မ စိန်ပြောင်း ... ၅ လက်။ အမ် ၄၀ လက်ထောက်မော်တာ ... ၅ လက်။ ၉၀ မမ ... ၅ လက်)

ကြိုးမဲ့ ကြေးနန်းစက် ... ၅လုံး၊ စကားပြောစက် ... ၁ လုံး၊ အမြောက်ဆံ မျိုးစုံ ၃၀၀ ကျော်။ ကျည်မျိုးစုံ ၂ သိန်းကျော်။ လက်ပစ်ဗုံးအလုံး ၄၀။ မိုင်း ၁၀၀ ကျော်တို့ကို သိမ်းပိုက်ရရှိခဲ့တယ်။

တိုက်ပွဲဖြစ်ပွားနေစဉ် ရန်သူအထောက်အကူ အရန်တပ်ဖွဲ့များဟာ အလစ်အငိုက်မိခံရပြီး မိမိတို့ စီမံကိန်းအတိုင်း ထိန်းချုပ် တိုက်ခိုက်နိုင်တဲ့အတွက် လွယ်အင်ရှိ ၂၅ မမ အမြောက်များမှာလည်း စစ်မြေပြင် ၂ ဖက်တပ်များရဲ့ အခြေအနေမှန် ကို မဆုပ်ကိုင်နိုင်တာကြောင့် ထိထိရောက်ရောက် ပစ်ကူပေးနိုင်ခြင်း မရှိခဲ့ပါ။

ရမခတိုင်းမှူး ဗိုလ်မှူးချုပ်လှဦးက လေကြောင်းပစ်ကူအတွက် တိုက်လေယာဉ် ၂ စီး၊ ဗုံးကြဲလေယာဉ် ၂ စီးကို နံနက် ၁၀း၀၀ အချိန်မှာ စစ်မြေပြင်ကို စေလွှတ်ခဲ့တယ်။ စစ်မြေပြင်က ကျယ်ပြန့်ပြီး လက်နက်ငယ်ပစ်ခတ်သံ ကြိုးကြားကြိုးကြား ရှိနေသေးပြီး (၂) ဖက်တပ်ဖွဲ့အခြေအနေကို

ခိုင်ခိုင်မာမာ မသိနိုင်တဲ့အတွက် လေကြောင်းမှ အဓိက စစ်မြေပြင်ကို တိုက်ရိုက် ပစ်ခတ်ကူညီနိုင်ခြင်း မရှိဘဲ အရပ်သားကျေးရွာများနဲ့ မိမိတို့ မန်ရှန်းမြို့နယ်ရုံးကို ပစ်ခတ်ဗုံးကြဲမှု အကြိမ်အချို့ လုပ်သွားပါ တယ်။

ရမခ ဒုတိုင်းမှူးနဲ့အဖွဲ့ကို တန့်ယန်းသို့ ချက်ချင်းစေလွှတ်လိုက်ပြီး တန့်ယန်းရှိ အမှတ် ၂ စစ်ဗျူဟာကို လွယ်အင်သို့ ရွှေ့ပြောင်း အခြေချစေပြီးနောက် တပ်မ (၆၆) ရဲ့ နဗဟ ၆၆၁ နဲ့ ခလရ ၇၅ ခလရ ၈၀ တပ်ရင်းများကို လွယ်အင်နဲ့ တာကော်အကြားမှာ စုစည်းထားပါတယ်။

တိုက်ပွဲဖြစ်ပွားနေချိန် ၃ နာရီကျော်ကာလမှာ ရန်သူ အထောက်အကူ တပ်စခန်းများဖြစ်တဲ့ မန်ကန်–ကုံကော်–သံခ မောက် စခန်းရှိ ရန်သူများဟာ မိမိတို့တပ်ဖွဲ့များရဲ့ ထိန်းချုပ်တိုက်ခိုက်မှုကြောင့် စစ်မြေပြင်ကို အကူအညီမပေးနိုင်ဘဲ ၎င်းတို့ ခံစစ်စခန်းများကိုပါ အတိုက်ခံရမှာပဲ ယူဆပြီး ၎င်းတို့ခံစစ်စခန်းများမှာသာ စုစည်းနေကြပါတယ်။

ထို့ကြောင့် ရန်သူခလရ ၃၃ ရဲ့ စစ်ကြောင်း (၁) (၂) နဲ့ တပ်ခွဲ ၄ ခွဲဟာ မြေပြင်ပေဟင်အကူအညီမဲ့စွာ မိမိတို့တပ်ဖွဲ့ များရဲ့ ဝိုင်းဝန်းချေမှုန်းခြင်းကို ခံလိုက်ရပါတယ်။

၃၀ ရက်နေ့ စခန်းထိုးတိုက်ပွဲများနဲ့ လိုက်လံပိတ်ဆို့ရေးတိုက်ပွဲတလျှောက် မိမိတို့ဘက်ကလည်း အရင်းအနှီးတွေ ပေးခဲ့ရတယ်။ သူရဲကောင်းရဲဘော်များရဲ့ အသက်သွေးချွေးတွေ ပေးဆပ်ခဲ့ရတယ်။ စုစုပေါင်း ရဲဘော် ၃၅ ဦးကျဆုံးခဲ့တယ်။ (၅၀၁ မှ ၁၀ ဦး၊ ၅၀၃ မှ ၁၃ ဦး၊ ၃၀၃၅ မှ ၉ ဦး၊ ၄၀၄၈ မှ ၃ ဦး) ထိုအထဲမှာ (၅၀၁) မှ ခွဲကေဒါ ၁ ဦး၊ (၅၀၃) မှ ခွဲကေဒါ ၂ ဦး၊ (၃၀၃၅) မှ စုကေဒါ ၂ ဦး ပါဝင်ပါတယ်။ **(ရန်သူက အလောင်း ၁၀၀ ကျော် ကျန်ခဲ့တယ်လို့ ကြေညာတယ်)**

ထိခိုက်ဒဏ်ရာရသူ ၁၃၁ ဦး။ (၅၀၁ မှ ၄၆ ဦး၊ ၅၀၃ မှ ၃၇ ဦး၊ ၃၀၃၅ မှ ၃၈ ဦး၊ အမြောက်တပ်ဖွဲ့မှ ၂ ဦး၊ ခရိုင်တပ်မှ ၂ ဦး)။ ပြင်းထန်ဒဏ်ရာ ၁၈ ဦးသာပါဝင်တယ်။

ရန်သူ့စစ်ဆင်ရေးမှူးဗိုလ်ချုပ်ထွန်းရီနဲ့ ရမခတိုင်းမှူး ဗိုလ်မှူးလှဦးတို့ဟာ ခလရ ၃၃ ချေမှုန်းခံရတဲ့အတွက် တုံ့ပြန် လက်စားချေဖို့ ပြင်ဆင်ခဲ့ပြီး ရမခ ဒုတိုင်းမှူးကို တန့်ယန်းမှ ကွပ်ကဲစေပြီး နယ်လှည့်စဗဟ အမှတ် ၂ လွယ်အင်မှာ ခလရ ၆၉၊ ခလရ ၆၇ – ၂ ရင်းဖြင့်လည်းကောင်း၊ တပ်မ (၆၆)၏ နဗဟ ၆၆၁နဲ့ ခလရ ၈၀၊ ၇၅– ၂ ရင်း။ စုစုပေါင်းဗျူဟာ ၂ ခု၊ ၄ ရင်းတို့ ဖြင့် ပြင်ဆင်ခဲ့တယ်။

ဒါပေမဲ့ မိမိတို့ရဲ့ သာလွန်တဲ့အင်အားစုကြီးဖြင့် မထင်မှတ်တဲ့နေရာမှာ အချိန်တိုအတွင်း လက်နက်ကြီး မီးအား အများအပြားဖြင့် တပ်ရင်းလိုက်ချေမှုန်းရေး လုပ်ဆောင်သွားနိုင်မှုကြောင့် အလွန်ချောက်ချားတုန်လှုပ်သွားပြီး မိမိတို့၏ တပ်ဖွဲ့ကြီးများ မြစ်အနောက်ဘက်ကမ်းအထိ တက်ရောက်တိုက်ခိုက်နိုင်လိမ့်မယ်ဟုယူဆပြီး လက်စားချေရန် ပြင်ဆင်ထားတဲ့ တပ်ရင်းတပ်ဖွဲ့များကို ခံစစ်အတွက် ပြင်ဆင်စုစည်း ပြောင်းလဲခဲ့တယ်။

မိမိတို့ ရှေ့တန်းစစ်ဦးစီးအဖွဲ့နဲ့ တိုက်ပွဲဝင်တပ်ဖွဲ့များ မန်းရှန်ဒေသတွင် (၂) ရက်ခန့် အနားယူပြီး တိုက်ပွဲနိဂုံးချုပ်များ လုပ်ဆောင်ခဲ့ပါတယ်။ ဗဟိုစစ်ကော်မရှင်ရဲ့ တာဝန်ပေးချက်အရ ဖေဖော်ဝါရီ ၃ ရက်နေ့မှာ မော်ဖာစစ်ဆင်ရေးအတွက် ဆက် လက်ဆောင်ရွက်ရန် ထွက်ခွာခဲ့ကြပါတယ်။

### အတွေ့အကြုံနဲ့ သင်ခန်းစာများ

(၁) သာလွန်တဲ့ တပ်အင်အားကို စုစည်းပြီး ဝိုင်းပတ်ချေမှုန်း စစ်ဆင်တာဟာ ရန်သူရဲ့ ထိုးစစ်ကို ရိုက်ချိုးတဲ့ အကျိုးရှိတဲ့ နည်းနာတခုဖြစ်တယ်။ တခုလုံးအခြေအနေအရ ရန်သူက အင်အားသာလွန်ပြီး မိမိတို့က နှိုင်းယှဉ်ချက်အရ အင်အားချည့်နဲ့ နေသေးတဲ့ လက်ရှိအခြေအနေအောက်မှာ ယာယီအားဖြင့် ရန်တက် ငါဆုတ်နည်းနာကို ကျင့်သုံးပြီး မိမိအင် အားကို ထိန်းသိမ်းထားပြီး အခါအခွင့်ကောင်းကို စောင့်ပြီး ရန်သူအား ချေမှုန်းတဲ့ လမ်းညွှန်မှုဟာ လုံးဝမှန်ကန်ပါတယ်။ ဒါဟာလက်ဦးမှု မဲ့နေခြင်းမှ လက်ဦးမှုရှိခြင်းသို့ ပြောင်းလဲစေတဲ့ ရန်သူကို အထိနာစေတဲ့ မိမိတို့တပ်နဲ့ ပြည်သူတွေကို စိတ်ဓာတ်တက်ကြွစေတဲ့ ထိရောက်တဲ့တိုက်ခိုက်ရေးနည်းနာ ဖြစ်တယ်။ ဒီအချက်မှန်ကန်ကြောင်းကို မန်ခါတိုက်ပွဲရဲ့ အောင်ပွဲများက သက်သေပြလျက် ရှိပါတယ်။

(၂) အချိန်တိုတိုနဲ့ အမြန်အဆုံးသတ် စစ်ဆင်ရေးနည်းနာဟာ ယခုလိုတိုက်ပွဲမျိုးမှာ အလွန်လိုအပ်ပြီး အလွန် ထိရောက်တဲ့ တိုက်ခိုက်ရေးနည်းနာဖြစ်တယ်။

မိမိတို့ရဲ့ တပ်ဖွဲ့များဟာ မမျှော်လင့်တဲ့အချိန် မမျှော်လင့်တဲ့နေရာမှာ မမျှော်လင့်နိုင်တဲ့ အင်အားကို စုစည်းပြီး ပြင်ဆင်မှုအားနည်းတဲ့ မန်ခူး–မန်ခါရှိ ရန်သူများကို အမြန်အဆုံးသတ်တဲ့နည်းနာနဲ့ တိုက်ခိုက်ချေမှုန်းခဲ့တယ်။ စစ်မြေပြင်မှာ သေနတ်သံစထွက်ပြီး တိုတောင်းတဲ့အချိန် (၂ နာရီခွဲအတွင်း) လက်နက်ကြီးသံလုံးဝ ရပ်သွားအောင် အမြန်ထိုးစစ်ဆင်နိုင်ခဲ့ တယ်။ နောက်ထပ်အချိန်တို (၂ နာရီ ၃ နာရီ)အတွင်း စစ်မြေပြင် ရှင်းလင်းခြင်း၊ ထွက်ပြေးရန်သူကို လိုက်လံဖြတ်တောက် ပိတ်ဆို့ခြင်းနဲ့ သိမ်းပိုက်ရရှိတဲ့ စခန်းများကို ယာယီထိန်းသိမ်းထားနိုင်ခဲ့တယ်။

တိုတောင်းတဲ့အချိန်အတွင်းမှာ အဟုန်ပြင်းပြင်းနဲ့ တိုက်ခိုက်အဆုံးသတ်နိုင်မှုကြောင့် ရန်သူလေကြောင်းအကူနဲ့ အဝေး ပစ်လက်နက်ကြီး ပစ်ကူတွေဟာ တိုက်ပွဲဖြစ်စဉ်အတွင်း လုံးဝအသုံးမဝင် ဖြစ်ခဲ့ရတယ်။ ယခုလို အမြန်အဆုံးသတ်တဲ့နည်းနာ ဟာ မန်ခူး–မန်ခါတိုက်ပွဲကြီးရဲ့ ပြတ်သားသားအောင်နိုင်ရခြင်းရဲ့ အကြောင်းတရားတရပ်ဖြစ်ပါတော့တယ်။

(၃) လျှို့ဝှက်လုံခြုံမှုကို တိတိကျကျ ထိန်းချုပ်တဲ့ လုပ်ဟန်၊ မိမိတို့ရဲ့ ရှေ့တန်းဦးစီးအဖွဲ့ဟာ ပထမအဆင့်အနေနဲ့ လူအနည်းငယ်နဲ့ ရှေ့တန်းရဲ့ အခိုင်အမာ အခြေအနေကို သွားရောက်လေ့လာခဲ့တယ်။ မိမိရဲ့ တိုက်ပွဲဝင်မယ့် တပ်ဖွဲ့ဝင်များ ကို မန်ရှန်ဒေသထဲသို့ လုံခြုံလျှို့ဝှက်စွာဖြင့် ချီတက်လာစေပြီး ရန်သူရှေ့တန်းစခန်းများနဲ့ ၂ ကီလိုကျော်သာ ဝေးတဲ့ဒေသထဲ မှာ လုံခြုံမှုရှိစွာ နေရာယူထားနိုင်ခဲ့တယ်။ သေနတ်သံမထွက်မီ ၃ ရက်တာအချိန်အတောအတွင်း တိုက်ခိုက်ရေးအင်အား ၂,၀၀၀ ကျော် စုရုံးရောက်ရှိနေမှုနဲ့ လှုပ်ရှားသတင်းတွေကို လုံးဝပိတ်ဆို့ထားနိုင်ခဲ့တယ်။ ဒီလို သတင်းလုံခြုံစွာ ထားနိုင်ခဲ့ခြင်းဟာ မန်ခူး–မန်ခါတိုက်ပွဲကြီး အောင်မြင်ရခြင်းရဲ့ အကြောင်းရင်းတရပ်လည်းဖြစ်တယ်။

(၄) ရန်သူအခြေအနေ အချက်အလက်တွေကို တိကျမှန်ကန်စွာ ဆုပ်ကိုင်နိုင်ခြင်း၊ မိမိတို့ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်တွေ ဟာ ရန်သူ့အခြေအနေတွေကို အပြန်ပြန်အလှန်လှန် သုံးသပ်လေ့လာခဲ့ကြတယ်။ ဒေသခံအစိုးရ၊ ဒေသခံပြည်သူနဲ့ ပြည်သူ့ စစ်များထံမှ ရန်သူ့အခြေအနေများကို အကြိမ်ကြိမ်နားထောင်ခဲ့ကြတယ်။ တိုက်ပွဲဝင် တပ်စုအထက် ကေဒါတွေဟာ အကြိမ်ကြိမ် မတူတဲ့ဘက်အသီးသီးက မြေအနေအထားကို ထောက်လှမ်းခဲ့ကြတယ်။ သဲမြေပုံများ ပြုလုပ်ပြီး လေ့လာ သုံးသပ်ခဲ့ကြတယ်။ ဒီလိုလေ့လာမှုတွေနာယူမှုတွေအောက်မှာ ရန်သူရဲ့အင်အား၊ တည်နေရာ၊ ပစ်ခတ်မှုမီးအားစတဲ့ ရန်သူအချက်အလက်များကို မှန်ကန်စွာ ဆုပ်ကိုင်နိုင်ခဲ့တယ်။ ဒီနောက်မိမိတို့ရဲ့ စစ်ရေးခေါင်းဆောင်များဟာ ဆုံးဖြတ်ချက် ပိုင်ပိုင်ချနိုင်ခဲ့တယ်။ အထက်မှအောက်အထိ စစ်ရေးဒီမိုကရေစီကို အပြည့်အဝထွန်းကားစေပြီး တိုက်နည်းအမျိုးမျိုးကို အပြန် အလှန်သုံးသတ်ခဲ့ကြတယ်။ ဒီနောက်နိုင်းယှဉ်ချက်အရ လက်တွေ့နှင့်ကိုက်ညီတဲ့ တိုက်နည်းဗျူဟာနဲ့ တိုက်ပွဲစီမံကိန်း ကို ချမှတ်နိုင်ခဲ့တယ်။

ဒီတိုက်ပွဲစီမံကိန်းဟာ အဖက်ဖက်မှထောင့်စေ့ပြီး စေ့စပ်သေချာမှု ရှိကြောင်းကို ဒီတိုက်ပွဲကြီးရဲ့ ရလဒ်များကရှင်းလင်းပြခဲ့တယ်၊ ဒီလိုမှန်ကန်တဲ့ တိုက်ပွဲစီမံကိန်းကို ချမှတ်နိုင်ခြင်းဟာ ရန်သူအခြေအနေကို မိမိတို့ပြည့်ပြည့်ဝဝ ဆုပ်ကိုင်နိုင်မှုကြောင့်ဆိုတာ တိုက်ပွဲကြီး လက်တွေ့က အဖြေ ပေးခဲ့ပါတယ်။

(၅) အားကောင်းလှတဲ့ နိုင်ငံရေးလှုံ့ဆော်မှုလုပ်ဟန် ဇန်နဝါရီ(၂၇) ရက်မှာ မိမိတို့ရှေ့တန်းဦးစီးအဖွဲ့ဝင်များက တိုက်ပွဲဝင်ကြမဲ့ တပ်စုအထက်ကေဒါတွေကို – ဒီတကြိမ်တိုက်ပွဲရဲ့ရည်ရွယ်ချက် စိတ်ပိုင်းဖြတ်ချက်တွေကို ရှင်းလင်းပြောကြားခဲ့တယ်။ တဆက်တည်းမှာလည်း မဆလစစ်အစိုးရရဲ့ လူမျိုးပေါင်းစုံပြည်သူတွေအပေါ် ကျူးလွန်ခဲ့တဲ့ ကြီးမားလှတဲ့ ရာဇဝတ်မှုတွေ ဖိနှိပ်မှုတွေကို ပြောပြခဲ့တယ်။ ဒီနောက် တိုတိုတုတ်တုတ်နဲ့ အားကောင်းလှတဲ့ နိုင်ငံရေးလှုံ့ဆော်မှုတွေကို လုပ်နိုင်ခဲ့တယ်။

ဇန်နဝါရီ (၂၈) ရက် ညနေပိုင်းမှာ တိုက်ပွဲဝင်တပ်ဖွဲ့အားလုံးကို တပ်ဖွဲ့အလိုက်ခေါင်းဆောင်များက တပ်ထွက်မိန့်ခွန်းများ ပြောကြားခြင်းဖြင့် တိုက်ပွဲမဝင်မီ နောက်ဆုံးနိုင်ငံရေး လှုံ့ဆော်မှုများ လုပ်ဆောင်ခဲ့တယ်။ ဒီလိုနိုင်ငံရေးလှုဆော်မှုဆွေဟာ မိမိတို့ တပ်ဖွဲ့ဝင်များရဲ့ တိုက်စိတ်ခိုက်စိတ်များကို မြင့်မားစေပြီး အောင်ပွဲတွေကို ရစေနိုင်ခဲ့တဲ့အကြောင်း တရားတရပ်လည်း ဖြစ်ခဲ့ပါတော့ တယ်။

(၆) ပြည်သူ့စစ်ပွဲဟာရန်သူကိုအနိုင်တိုက်နိုင်တဲ့ ပြဒါးရှင်လုံးဖြစ်တယ်။ ယခုတိုက်ပွဲကြီးမှာ ပြည်သူ့စစ် (၅၀၀) နီးပါးကို ဒေသကမိမိတို့ကို တွဲဖက်ပေးပြီး တိုက်ရိုက် တိုက်ပွဲထဲမှာ ပါဝင်စေခဲ့တယ်။ (၅၀၁) တပ်ဖွဲ့ကို ၁၀၀၊ (၃၀၃၅)တပ်ဖွဲ့ကို ၁၀၀။ လက်နက်ကြီးတပ်ဖွဲ့ကို ၁၀၀၊ ခရိုင်တပ်ကို ၂၀၀ စသဖြင့်တွဲဖက်ပေးခဲ့တယ်။ ထောင်အချို့ရှိတဲ့ဒေသခံ ပြည်သူလူထုဟာ ရိက္ခာ၊ ခဲယမ်းမီးကျောက်နဲ့၊ ဒဏ်ရာရလူနာတွေကိုသယ်ယူပေးခြင်းဖြင့် မိမိတို့ရဲ့ အရန်အင်အားကို ဖြည့်စွက်ပေးခဲ့တယ်။ ထို့အပြင်စစ်ရေး တာဝန်ဖြစ်တဲ့ ရန်သူအခြေအနေသတင်းပေးပို့ခြင်းနှင့် တိုက်ခိုက်ရေးတပ်ဖွဲ့များ လုံခြုံချောမွေ့စွာ တိုက်ပွဲစုရပ်များသို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့တယ်။

တဖက်မှာလဲ မိမိတပ်ဖွဲ့များရဲ့ သတင်းအချက်အလက်များကို လုံခြုံစွာထိမ်းသိမ်းနိုင်ခြင်းကြောင့် ရန်သူများ မျက်စိပိတ်၊ နားပိတ် ဖြစ်စေခဲ့တယ်။ ဒီလိုအချက်အလက်တွေကြောင့် ဒီတိုက်ပွဲကြီးရဲ့ အောင်ပွဲဟာ ဒေသခံပြည်သူတွေရဲ့ အင်တိုက်အားတိုက် ကူညီပံ့ပိုးမှု တွေနဲ့ ခွဲခြားလို့မရနိုင်ပါ။

(၇) သေမှာမကြောက် ဆင်းရဲပင်ပန်းမှာမကြောက်တဲ့ တိုက်ပွဲဝင်တပ်ဖွဲ့များရဲ့ လုပ်ဟန်။ မိမိတို့အဓိကတပ်ဖွဲ့တွေဟာ ရန်သူမင်းရန် အောင်စစ်ဆင်ရေးစတင်တဲ့ ၁၉၇၉ နိုဝင်ဘာလကစပြီး (၂)လကျော်ကာလအတွင်း စတုရန်းကီလိုမီတာ(၂၀၀)ကျော်ရှိတဲ့ တိုက်ပွဲခွင်ထဲမှာ တတောဝင်တတောင်တက်မနားတမ်းချီတက်လှုပ်ရှား တိုက်ခိုက်ခဲ့ရတယ်။ ရန်သူကိုပြတ်ပြတ်သားသား ချေမှုန်းလိုစိတ်နဲ့ ခဲယမ်းမီးကျောက် အပြည့်အစုံကိုထမ်းပြီး တောင်မှမြောက်သို့ အရှေ့မှအနောက်သို့ (၂)လကျော်အချိန်အတွင်း လွန်းထိုး သလိုသွားလာလှုပ်ရှားပြီး တိုက်ခိုက်ခဲ့ကြရပါတယ်။ ဒီတပတ်တိုက်ပွဲစဉ်ကြီးမှာ မိမိတို့တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များဟာ သေမှာမကြောက် ဆင်းရဲပင်ပန်းမှာမကြောက် စိတ်ဓာတ်တွေကို အမြင့်မားဆုံး ဖော်ပြခဲ့ကြတယ်။ ဒီစိတ်ဓာတ်ဟာ အောင်ပွဲကိုရရှိ စေခဲ့တဲ့ အကြောင်းတရပ်လည်းဖြစ်ပါတယ်။

ထိုတိုက်ပွဲစဉ်အတွင်း ကောင်းချက်တွေ အောင်မြင်မှုတွေရခဲ့သလို တဖက်မှာလဲမိမိတို့တပ်ဖွဲ့ရဲ့ချည့်နဲ့ချက် အားနည်းချက်များကို လည်း နောင်အနာဂတ်တိုက်ပွဲများအတွက် သင်ခန်းစာများအဖြစ်ရရှိခဲ့တယ်။ မိမိတို့နဲ့အနီးဆုံးရန်သူကို တိုက်ခိုက်စဉ်မှာ (၅၀၃) တပ်ဖွဲ့ ညွှန်ကြားရေးမှူးတွေဟာ ရန်သူအခြေအနေတွေကို မှန်မှန်ကန်ကန် မဆုပ်ကိုင်နိုင်ခဲ့အတွက် တိုက်ပွဲစီမံကိန်းတချို့ အကောင်အထည်မဖော်နိုင်ခဲ့။ ထို့အပြင် မဖြစ်သင့်တဲ့ ထိခိုက်ကျဆုံးမှုများ ဖြစ်စေခဲ့ပြီး အမှတ်(၆)နဲ့(၇)စခန်းများ ထိုးစစ်ဆင်ရာမှာ ထိခိုက် နစ်နာမှုတွေ ရှိခဲ့တယ်။ (၅၀၁)နဲ့(၃၀၃၅)တို့ရဲ့ ပြင်းပြင်းထန်ထန် ရဲရဲရင့်ရင့် တိုက်ဟန်များကြောင့်သာ အောင်ပွဲရခဲ့တာဖြစ်တယ်၊ မဖြစ်သင့်တဲ့ကျဆုံးဒဏ်ရာရမှုများဖြစ်ခဲ့တယ်။

တိုက်ပွဲစတင်ပြီးနောက် ဝိုင်းပတ် ဖြတ်တောက်ရေးတပ်ဖွဲ့တွေဟာ တိုက်ပွဲခွင်တခုလုံးရဲ့ အိတ်ပေါက်ဝကို ဆွဲယူမစုစည်းနိုင်ခဲ့တဲ့ အတွက် ဝိုင်းပတ်မှုကွင်ကို ကျဉ်းမြောင်းအောင်မလုပ်နိုင်ခဲ့။ ထို့ကြောင့်ရန်သူ စစ်ကြောင်း (၂)မှူး ဗိုလ်မှူးစန်းမောင်နဲ့ ဒဏ်ရာသမား အချို့အပါ ရန်သူဆယ်အချို့ ထွက်ပြေးသွားနိုင်ခဲ့တယ်။

စခန်းတွေကို တိုက်သိမ်းပြီးနောက် အောင်ပွဲကို တိုးချဲ့ဖို့ လုပ်ဆောင်တဲ့ ရန်သူကိုလိုက်လံပိတ်ဆို့တဲ့ တပ်များအကြား အပြန်အလှန် စည်းရုံးဆက်သွယ်မှု အားနည်းချက်တွေဖြစ်ပေါ်ခဲ့တယ်။ ဒီအခြေအနေတွေမှာ မိမိတပ်ဖွဲ့အချင်းချင်း မှားယွင်းတိုက်ခိုက်မှုတွေ ဖြစ်လာနိုင်တဲ့အတွက် ပိတ်ဆို့ဖြတ်တောက်ရမယ့်နေရာတွေမှာ လုံးဝပိတ်ဆို့နိုင်ခြင်းမရှိပါ။ ဒါကြောင့်ပဲ ရန်သူအချို့ လွတ်မြောက် သွားနိုင်ခြင်းဖြစ်ပါတယ်။

တပ်ဖွဲ့တချို့ဟာ ရန်သူနဲ့အနီးကပ်ချဉ်းကပ်လှုပ်ရှားချိန်မှာ တပ်ဖြန့်ခွဲမှု ကောင်းစွာမလုပ်ဆောင်နိုင်လို့ ဦးတည် တိုက်ခိုက်မှုဟာ တမျက်နှာဘက်ပဲဖြစ်ခဲ့တယ်။ ဒီလိုအခြေအနေကြောင့် တချို့တပ်ဖွဲ့ဝင်များ မဖြစ်သင့်တဲ့ထိခိုက်မှုများဖြစ်ခဲ့ရတယ်။

အားနည်းချက်နဲ့ ချို့ယွင်းချက်အနည်းနဲ့အများရှိခဲ့ပေမယ့်လည်း ဒီတိုက်ပွဲဟာ မိမိတို့ ပြည်သူ့တပ်မတော်ရဲ့ စစ်ရေးစွမ်းရည်နဲ့ ရဲစွမ်းသတ္တိကို ပြသနိုင်ခဲ့တယ်။ မိမိတို့အခြေခံဒေသရှိ တပ်နဲ့ပြည်သူတွေရဲ့ အောင်ပွဲခံယုံကြည်စိတ်ကို အကြီးအကျယ်ခိုင်မာစေခဲ့တယ်။

မန်ခူး–မန်ခါစခန်းသိမ်းတိုက်ပွဲကြီးဟာ ရန်သူခံစစ်စခန်းများကို သိမ်းပိုက်တဲ့ အတွေ့အကြုံအတွက် အဖိုးတန်လှတဲ့ အတွေ့ အကြုံတွေကို ရရှိစေခဲ့တယ်။

ဒီတိုက်ပွဲဟာ နေရာယူ ခံစစ်စခန်းကြီးတွေကို မတိုက်ခိုက်သင့်ဆိုတဲ့အတွေးအခေါ်က လွတ်မြောက်စေခဲ့တယ်၊ ဒီတိုက်ပွဲအခြေအနေမျိုးလို ရန်–ငါ (၂)ဖက် အချက်အလက်များ ပြည့်စုံရင့်မှည့်တယ်ဆိုရင် ချေမှုန်းနိုင်သမျှရန်သူကို ချေမှုန်းရမှာပဲ။ ဒီတိုက်ပွဲဟာ မိမိတို့ အရှေ့မြောက်စစ်ဒေသ (၁၀)နှစ်ကျော်ကာလအတွင်း အတိုင်းအတာနိုင်းယှဉ်ချက်အရ ကြီးမားတဲ့ စခန်းသိမ်း တိုက်ပွဲကြီးဖြစ်တယ်။ အောင်မြင်တဲ့ စခန်းသိမ်း တိုက်ပွဲကြီးလည်းဖြစ်တယ်။ ဒါပေမဲ့ တပြည်လုံးအတိုင်းအတာအရ ရန်သူကအားသာပြီး မိမိတို့ အားနည်းနေသေးတဲ့အခြေအနေအောက်မှာ အခြေခံဒေသတွင်း

လူအင်အား ရုပ်ဝတ္တုအင်အား ပြည်သူရဲ့ထောက်ခံမှု အနေအထားနဲ့ ရန်သူစစ်တပ်ရဲ့တိုက်ခိုက်ရေး စိတ်ဓာတ်စတဲ့ဖက်ပေါင်းစုံက မိမိတို့အတွက် အာမခံချက်နဲ့ အကျိုးရှိတဲ့ အခြေအနေအောက်မှာသာ ဒီတိုက်ပွဲလို တစုံတရာနိုင်းယှဉ်ချက်အရ ကြီးမားတဲ့စခန်းသိမ်းတိုက်ပွဲတွေကို တိုက်ခိုက်နိုင်ပါတယ်။ ဒီလောက်မပြည့်စုံမရင့်မှည့်တဲ့ အခြေအနေအောက်မှာတော့ မတိုက်သင့်ပါဘူး။

ဒီတိုက်ပွဲဟာ အချိန်တိုအတွင်း တပ်းရင်းလိုက်ချေမှုန်းသည့် ပွဲတပွဲသာဖြစ်လို့ ရှည်ကြာသည့် တိုက်ပွဲစဉ်ကြီးမဟုတ်ပါ။ သို့ပေမဲ့ အချိန်တိုအတွင်း လျင်လျင်မြန်မြန်နဲ့ သာလွန်တဲ့အင်အားစုစည်းပြီး တပ်ရင်းလိုက် ချေမှုန်းရေး လုပ်ဆောင်နိုင်တဲ့အတွက် မြန်မာပြည်အရှေ့မြောက်နဲ့ အရှေ့ပိုင်း စစ်မျက်နှာကြီးတခုလုံးကို ကြီးမားစွာ ဂယက်ရိုက်စေခဲ့တယ်။

မင်းရန်အောင် ပထမအဆင့် စစ်ဆင်ရေးမှာ မိမိတို့စခန်းအချို့ လက်လွှတ်ဆုံးရှုံးရမှုအတွက် ထိုးတက်လာတဲ့ ရန်သူရဲ့ တန်ပြန်တော်လှန်ရေး မာန်စွယ်ကိုလဲ ရိုက်ချိုးလိုက်နိုင်ခဲ့တယ်။ အောင်ပွဲအချို့နဲ့ယစ်မူးနေတဲ့ ကစထမှူးဗိုလချုပ်ထွန်းရီ၊ ရမခမှူးချုပ်လှဦး (၇၇) တပ်မမှူးဗိုလ်မှူးကြီးချစ်ဆွေ စတဲ့တပ်မှူးကြီးများအားလုံး တုန်လှုပ်သွားကြတယ်။ မူလက ဒုတိယအဆင့် ထိုးစစ်အတွက် ပြင်ဆင်ထားမှု အားလုံးကိုရပ်ဆိုင်းလိုက်တယ်။ မော်ဖာ၊ ကျိုင်းတုံဒေသတွင်း ဖြန့်ကျဲထားတဲ့ ရန်သူတပ်များအားလုံးကို ချက်ချင်းစုစည်းလိုက်တယ်၊ စုစခန်းတွေကို ခွဲစခန်းတွေအဖြစ် ခွဲစခန်းတွေကို စစ်ကြောင်းစခန်းတွေအဖြစ် စုစည်းပြီး တမျက်နှာလုံး ခံစစ်အတွက်ပြင်ဆင်မှုတွေ အမြန်လုပ်ဆောင်ရတဲ့ အထိ ရန်သူဟာ ကြောက်ရွံ့တုန်လှုပ်သွားခဲ့တယ်။

မန်ခူး၊ မန်ခါဒေသမှာ ခလရ(၃၃) တရင်းလုံး ဖွဲ့စည်းပုံပျက်လောက်အောင် ချေမှုန်းခံရလို့ လက်စားချေဖို့ ချက်ချင်းပြင်ဆင်ခဲ့ တဲ့ ရမခရဲ့ထိုးစစ်စီမံကိန်း (ဗျူဟာ ၂ခု တပ်ရင်း ၅ရင်း )ကိုဖျက်လိုက်ရပြီး ခံစစ်ပြင်ဆင်လုပ်ဆောင်ခဲ့ရတဲ့အထိ ဂယက်ရိုက်ခဲ့တယ်။

ဒီတိုက်ပွဲတပွဲတည်းနဲ့ မိမိတို့ဟာ စစ်မျက်နှာတခုလုံး အချိန် (၂)လနီးပါး လက်ဦးမှုမဲ့နေရာမှ စစ်ရေးလက်ဦးမှု ကိုပြန်လည် ရရှိပါတော့တယ်။ ပါတီရဲ့လက်နက်ကိုင် တော်လှန်ရေးခရီးကြမ်းကြီးမှာ အတက်အကျရှိစမြဲဘဲ။ ယခုလို ဒီရေနိမ့်နေချိန်မှာ မိမိတို့အောင်ပွဲရ တိုက်ပွဲများ သမိုင်းအတွင်းမှာ ဒီမန်ခူး–မန်ခါတိုက်ပွဲကြီးဟာ ဘယ်တော့မှ မေ့ပျောက်နိုင်မှာ မဟုတ်ပဲ ထာဝစဉ်ဉဒါန်းတွင်နေပါလိမ့်မယ်။

**တိုက်ပွဲအတွင်း သုံ့ပန်းများအဖြစ်အဖမ်းခံရပြီး ပြန်လွှတ်ပေးလိုက်သူများအကြောင်း အကျဉ်း။**

(၁) ဒုဗိုလ်မှူးကြီး သူရစိုးမင်း – မိမိတို့ပြန်လွှတ်ပြီးနောက် သူရဘွဲ့နဲ့ စစ်ဘက်ရာထူးပြုတ်၍ မန္တလေးစစ်ဘက်တရားရုံးက ထောင်ချ၊ ထောင်ကလွှတ်ပြီး(၂)နှစ်အတွင်း ကွယ်လွန်သွား။ တရားရင်ဆိုင်စဉ် အတူအဖမ်းခံရသူအားလုံး ကိုယ်စား တာဝန်ယူသွား၊ ထို့ကြောင့် ကျန်အရာရှိများ တပ်ထဲပြန်ရောက်။

(၂) ဗိုလ်ကြီး ညိုဝင်းမြင့် စစ်တပ်ထဲပြန်ရောက်ပြီး ဒုဗိုလ်မှူးကြီးဖြစ်လာ၊ နယ်စပ်စည်ပင်ဌာနပြောင်းလာ၊ ရခိုင်ပြည်နယ်၊ ထိုင်းနယ်စပ်စည်ပင် ညွှန်ကြားရေးမှူးဖြစ်လာ၊ ၂၀၁၀ ရှမ်းမြောက်၊ ထိုင်းနယ်စပ် စည်ပင်မှူးဖြစ်လာ၊ ၂၀၁၂ လောက်ကိုင်းမှာ ဖျားကွယ်လွန်။

(၃) ဗိုလ်ကြီး သန်းဌေးလွင် စစ်တပ်ထဲပြန်ရောက်၊ အလယ်ပိုင်းတိုင်းမှာ ဒုဗိုလ်မှူးကြီးအဖြစ်နဲ့ တပ်ရင်းမှူးဖြစ်လာ၊ နောက်အရပ်ဘက်သို့ပြောင်းရွှေ့သွား။

(၄) ဗိုလ်ညီထွန်း စစ်တပ်ထဲပြန်ရောက်ပြီး အဆင့်ဆင့် ရာထူးတက်ပြီး ဗိုလ်မှူးချုပ်ဖြစ်လာ၊ ဒီအက်စ်အေ ကျောင်းအုပ်ကြီးဖြစ်၊ နောက် ဝန်ထမ်းရွေးချယ်ရေး ကော်မတီအဖြစ် အရပ်ဘက်ပြောင်း။

(၅) ဒုဗိုလ်တင်ထွတ်ကျော် စစ်တပ်ပြန်ရောက် ဗိုလ်မှူးရာထူးအထိရောက်၊ စစ်ကိုင်းနယ် စည်ပင် လ–ထ ညွှန်မှူးအဖြစ် ပြောင်းရွှေ့သွား။

(၆) ဗိုလ်မှူးစန်းမောင် (ထွက်ပြေးပြီးလွတ်သွားသူ) ၁၉၇၈ မတ်လ နောင်လိုင်၊ ပါဖန်တိုက်ပွဲ မိမိတို့လက်မှ ခွဲ (၅) မှူးအဖြစ်နဲ့ ပထမအကြိမ် လွတ်မြောက်ခဲ့၊ မန်ခါတိုက်ပွဲတွင် စစ်ကြောင်း(၂) အဖွဲ့မှူးအဖြစ်ထပ်မံ ထွက်ပြေလွတ်မြောက်၊ နောက်ရာထူး အဆင့်ဆင့်တက်ပြီး နမခတိုင်း(မုံရွာ) မှာ ဒုတိုင်းမှူးဖြစ်လာ၊ နောက်သစ်မှောင်ခိုမှုနဲ့ပြုတ်။

**အောင်တင်ထွန်း**
(၂၀၀၄–၇–၂၀)

# ရှစ်လေးလုံးအကြိုနှစ်များ အပိုင်း(၁)

## ၁၉၈၅ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီ တတိယအကြိမ်မြောက် ပြည်လုံးကျွတ် ပါတီကွန်ဂရက်

**ရဲဘော် အောင်ချစ်**



ဒီအကြောင်းရေးမယ်ဆိုရင် ကျွန်တော် ဒီကစ ရေးရပါတော့မယ်။

၁၉၈၄ခုနှစ်မှာပါတီဗဟိုကော်မတီက ဗမာပြည်မှာ တပါတီအာဏာရှင်စံနစ်ကိုဖယ်ရှားပြီး ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားနိုင်ရေးအတွက် ပြည်တွင်းမှာ စည်းရုံးလှုံ့ဆော်တိုက်ပွဲဝင်ဖို့ နည်းပရိယာယ်လမ်းစဉ် ချမှတ်ခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဖို့ စတင်လှုပ်ရှား ရတာက ကျွန်တော်တို့ဗဟိုဝါဒဖြန့်ချိရေးဌာနကပါပဲ။

ကျွန်တော်တို့ဌာနက ခေတ်မီစာကူးစက် (CANON -NP-400 COPIER)တလုံးကိုပါတီဗဟိုက ညီနောင်ပါတီကတဆင့် မှာကြား ဝယ်ယူခဲ့ပါတယ်။ A-3 စက္ကူဆိုက် အရွယ်ထိကူးလို့ ရပြီး အမည်းရောင်နဲ့ အနီရောင် cartridge နှစ်ခုပါပါတယ်။ စစ်သုံးမြေပုံတွေကို လည်း ကူးလို့ ရပါတယ်၊ မြေပုံကို တခြမ်းစီ ဗ–၃ စက္ကူနဲ့ နှစ်ရွက်ကူးပြီးပြန် ဆက်ရင် မြေပုံတချပ်အကိုက်ပါပဲ။

လျှပ်စစ်မီးအမြဲတမ်းရရှိနိုင်မှုအရရော လုံခြုံရေး အရပါ အဆင်ပြေမယ့်နေရာမှာထားဖို့ ဌာနက ဆုံးဖြတ် ပါတယ်။ ကျွန်တော်တို့က အလုပ်ရှိရင်ရှိသလိုသွားရောက် စာကူး၊ စက်သန့်ရှင်းရေးလုပ်ကြရပါတယ်။ ကျွန်တော်တို့စခန်းနဲ့ ခရီးအကွာအဝေး ကတော့နှစ်ကီလိုမီတာ၊ တောင်ခြေကိုပတ်ပြီးလမ်းလျှောက်ရတာမို့နဲ့နမ့်ခချောင်းကိုကြိုးဆွဲလှေနဲ့ ကူးရတာတို့ကြောင့် တနာရီခရီး လောက် ဝေးပါတယ်။

ဒီလိုနဲ့တတိယအကြိမ်မြောက်ပြည်လုံးကျွတ်ပါတီကွန်ဂရက် ကျင်းပဖို့ အချိန်နီးကပ်လာပါပြီ။ တပြည်လုံးမှာရှိတဲ့စစ်ဒေသ၊ ဗဟိုဌာနခွဲ၊ ခရိုင်နဲ့တပ်မ၊ တပ်မဟာအသီးသီးမှာလည်း ကွန်ဂရက်တက်ဖို့ကိုယ်စားလှယ်တွေ ရွေးချယ်လို့ ပြီးကြပါပြီ။ ယေဘုယျကတော့ ပါတီဝင်(၂၅)ယောက်မှာ ကိုယ်စားလှယ်တယောက် ရွေးရမှာပါ။ တကယ်ကျင်းပတော့ ကိုယ်စားလှယ် (၁၇၀) ကျော်တက် ရောက်နိုင်ပါတယ်။ ပြည်တွင်းယူဂျီက အထက်ဗမာပြည်ကတယောက်၊ အောက်ဗမာပြည်ကတယောက် လာတက်နိုင်ပါတယ်။ ကျွန်တော်တို့ ဌာနက ကျွန်တော့်ကို ဒီရဲဘော်နှစ်ယောက်နဲ့ တွေ့ပေးခဲ့ပါတယ်။ အောက်ဗမာပြည်ကရဲဘော်ကတော့ ကျွန်တော်နဲ့ သိပြီးသားဖြစ်ပြီး အထက်ဗမာပြည်ကရဲဘော်ကိုတော့နာမည် ကြားဖူးပြီး အခုမှ မြင်ဖူးတာပါ။ ကွန်ဂရက်ကျင်းပချိန်မှာ သူတို့နှစ်ယောက်ကို ကွန်ဂရက် အစည်းအဝေး ခန်းမထဲဝင်ပြီးမတက်ရောက်စေဘဲ လျှို့ဝှက်စခန်းတခုမှာထား၊ ပါတီဥက္ကဋ္ဌရဲ့ ကွန်ဂရက်ကိုတင်သွင်းတဲ့ အစီရင်ခံစာ ကိုပေးဖတ်၊ ကွန်ဂရက်ရဲ့အခြေအနေတွေကိုတင်ပြ၊ သူတို့ဆီက ထင်မြင်ချက်တွေတောင်းပြီး ကွန်ဂရက်မပြီးခင် ပြန်ပို့လိုက်တာပါ။ ကွန်ဂရက်ပြီးမှပြန်ပို့လို့ကတော့ ရန်သူက ဆည်ဝကဖျိုးစောင့်သလို စောင့်ဖမ်း နေမှာလေ။ အခုအချိန်အထိ သက်ရှိထင်ရှား ရှိတော့မှာ တောင် မဟုတ်ပါ။ အခုတော့ နှစ်ယောက်လုံးကျန်းမာနေဆဲ။ လှုပ်ရှားနေဆဲ။

ပါတီကွန်ဂရက်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပန်ဆန်းဗဟိုရှိရဲဘော်အားလုံးလိုလို ပါဝင်လှုပ်ရှားကြရပါတယ်။ ကျင်းပ ရေးဆပ်ကော်မတီတွေဖွဲ့ပြီးလုပ်ကြရတာပါ၊ ဆပ်ကော်မတီတွေက များလည်းများပါတယ်။ အစည်းအဝေးခန်းမ ဆောက်လုပ် ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ အနယ်နယ်အရပ်ရပ်ကလာတဲ့ ကိုယ်စားလှယ် ရဲဘော်(၁၇၀)ကျော်အတွက်၊ ကြိုဆိုနေရာချ ထားရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး၊ ဆေးဝါးကုသရေး၊ လုံခြုံရေး၊ အားကစားနဲ့ပျော်ရွှင်ရေး၊ ရုပ်ရှင်နဲ့တေးဂီတ၊ ကွန်ဂရက်သတင်း နှင့်ပြန်ကြားရေး၊ မှတ်တမ်းအဖွဲ့၊ လျှပ်စစ်မီးအဖွဲ့၊ ကျွန်တော်မေ့နေတာတောင်ရှိနိုင်ပါသေးတယ်။ နှစ်ပေါင်းသုံးဆယ်နီးပါး ရှိတော့မယ်လေ။ ၁၉၈၅ ခုနှစ် ဇူလိုင်လမတိုင်ခင် တလကျော်နှစ်လ ကြိုတင်ပြင်ဆင်ပြီး လုပ်ခဲ့ကြရတာပါ။ တကယ်လုပ်တော့ စက်တင်ဘာလ ထဲတောင် ရောက်သွားခဲ့ရပါတယ်။

အစည်းအဝေးခန်းမ ဆောက်လုပ်ရေးအဖွဲ့က ဝါးတွေခုတ်၊ သက်ငယ်တွေဝယ်ပြီး ခန်းမတဲကြီး ဆောက်လုပ်၊ ဝါးထိုင်ခုံတွေလုပ်။ အခမ်းအနားပြင်ဆင်ရေးအဖွဲ့က အဲဒီတဲကြီးရဲ့ ခန်းမထိပ်မှာ ပါတီအလံနဲ့ နဖူးစည်းစာတန်းအဖြစ် (ပြည်သူ့ ဒီမိုကရေစီလက်နက် ကိုင်တော်လှန်ရေး ကို ဆုံးခန်းတိုင်ဆင်နွှဲကြ)ဆိုတဲ့ စာတန်းကိုရေးဆွဲချိတ်ကပ်ကြပေ့ါ။

အဲဒီခန်းမဟာ ဗမာပြည်တပြည်လုံးကို အသံလွှင့်ဝါဒဖြန့်ချိပေးနေတဲ့ ပြည်သူ့အသံ ခြံဝင်းထဲမှာ ဆောက်လုပ်ထားတာပါ။ အဲဒီခြံဝင်း အဝင်ဝမှာတော့ ခြံဝင်းအဝင်ပေါက်ကို ပုံမိုးထားတဲ့ ကြီးမားတဲ့ တူတံစဉ်မုခ်ဦးကြီးက ရွှေရောင်သန်းလို့ ပေါ့။ ဘေးနားမှာတော့ မြေစိုက်ပိုစတာတခုက လှလှပပ။ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီရဲ့လက်ရာပါပဲ။

ဧည့်ခံကျွေးမွေးရေးအဖွဲ့က မြို့နယ်ဒိုင်နယ်တွေကိုထွက်ပြီး နွားတွေ၊ ဝက်တွေ၊ ကြက်တွေဝယ်၊ တန့်ယန်းမြို့ ကလာတဲ့ ဈေးသည်တွေကို ဗမာပြည်က ဝက်အူချောင်း မှာဝယ်ပြီး ကိုယ်စားလှယ်တွေကို ကျွေးမွေးခဲ့တာလည်း မှတ်မိနေပါတယ်။ ကြိုဆိုနေရာချထားရေးအဖွဲ့ကတော့၊ ရောက်လာမယ့်ကိုယ်စားလှယ်တွေ တည်းခိုဖို့ တဲအိမ်တွေဆောက်၊ စောင်၊ အိပ်ရာခြင်ထောင်တွေ ခင်းကျင်းပြင်ဆင်ကြ။ ရုပ်ရှင်နဲ့ဂီတ၊ အက ဖျော်ဖြေရေးအဖွဲ့က ညမှာ ကိုယ်စားလှယ်ရဲဘော်တွေကိုဖျော်ဖြေဖို့ သီချင်းတွေစပ်ကြ၊ သီချင်းတွေတိုက်၊ အကတွေတိုက်ကြပေ့ါ။ အဲဒီတုန်းက မြေအောက်ယူဂျီက ပို့ပေးလိုက်တဲ့ ဒရမ်မ်ဆက်တစုံနဲ့ ဆင်သဆိုက်ဇာ (ကီးဘုတ်) တလုံးကိုလည်း မှတ်မိနေပါသေးတယ်။ အားကစားနဲ့ ကျန်းမာရေးဆပ်ကော်မတီက ဘောလုံးပြိုင်ပွဲ၊ ဘောလီဘောပြိုင်ပွဲနဲ့ ပြေးခုန်ပစ်ပြိုင်ပွဲတွေအတွက် အားကစားကွင်းတွေမြေညှိ၊ ထုံးတွေဖြူး၊ သေနတ် ပစ်ပြိုင်ပွဲအတွက် ပစ်မှတ်စက်ဝိုင်းကတ်ပြားတွေလုပ်ကြပေ့ါ။ ဒါ့အပြင် မှတ်တမ်းပြုစုသူအဖွဲ့၊ မှတ်တမ်းဓာတ်ပုံအဖွဲ့၊ ကွန်ဂရက်ကျင်းပနေစဉ်အတွင်း နေ့စဉ်ထုတ်ဝေမယ့် ကွန်ဂရက် သတင်းလွှာစာစောင်ထုတ်ဝေရေးအဖွဲ့တွေကလည်း ကြိုတင်ပြင်ဆင်ကြ၊ လုံခြုံရေးဆပ်ကော်မတီကလည်း ကိုယ်စားလှယ်တော်တွေကို စိစစ်ပြီး ဖဲပြားတပ်ထားတဲ့ရင်ထိုးတံဆိပ်ဝိုင်းတွေကို ပြုလုပ်ကြ(အဲဒီတံဆိပ်မပါရင် အစည်းအဝေးခန်းမထဲ ဝင်ခွင့်မရှိပါ)၊ မီးစက် အဖွဲ့ကလည်း ကိုယ်စားလှယ်တွေရဲ့တည်းခိုဆောင်တွေအရောက် မီးကြိုးတွေသွယ်တန်းနဲ့ ပျော်စရာကြီးပါ ။ ပန်ဆန်းမှာရှိတဲ့ရဲဘော်တွေအပြင် ဗဟိုကို ရောက် လာကြတဲ့ အလယ်ပိုင်းဗဟိုဌာနခွဲကရဲဘော်တွေနဲ့ မြောက်ပိုင်းဗဟိုဌာနခွဲကရဲဘော်တွေပါ အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြတာပါ။ အဲဒီတုန်းကပါဝင်ခဲ့တဲ့ ရဲဘော်အားလုံး(အားလုံး)ကို သတိရနေပါတယ်။

ကျွန်တော်ကတော့ အခမ်းအနားပြင်ဆင်ရေးအဖွဲ့ထဲမှာ ပါနေတော့ခန်းမစင်မြင့်ပေါ်ကကတ္တီပါကန့်လန့်ကာအပေါ်ကအနီရောင်ပိတ်စပေါ်မှာ ရွှေရောင်နဲ့ (ဗမာပြည်ကွန်မြူနစ်ပါတီတတိယအကြိမ်မြောက် ပြည်လုံးကျွတ်ပါတီကွန်ဂရက်)စာတန်းရေးဆွဲတာ၊ ခန်းမဆောင်ထိပ် မှာ စာတန်းရေးဆွဲတာ၊ အဝင်ဝ တူတံစဉ်မုခ်ဦးဆောက်လုပ်ရေး၊ မြေစိုက်ပိုစတာစိုက်ထူရေး၊ ကြွေးကြော်သံတွေကို လက်ရေးနဲ့ ရေးတဲ့စာရွက်တွေကို ရုံးဌာနတွေမှာ ဈေးထဲမှာ သစ်ပင်တွေမှာ လိုက်လံကပ်တာတွေကိုလုပ်ရပါတယ်။ ဒါ့အပြင် ဒီကွန်ဂရက်က ရွေးချယ်မယ့် ဗဟိုကော်မတီအသစ် ရွေးချယ်ပွဲအတွက် မဲပုံးကိုလည်း လှလှပပကြယ်သုံးလုံးနဲ့ တူတံစဉ်နဲ့ပေ့ါ။

အဲဒီလို ကြိုတင်ပြင်ဆင်မှုတွေ ပြီးပြန်တော့ ကျွန်တော်က ဓာတ်ပုံမှတ်တမ်းအဖွဲ့မှာ တာဝန်ယူရပြန်ပါတယ်။ ဒီအဖွဲ့မှာ ရဲဘော်သုံးယောက်ပါပြီး၊ တရုတ်ပြည်ဓာတ်ပုံပညာတော်သင်ပြန် ရဲဘော်အောင်ဝင်း(အိုဗာဆီး)၊ မြောက်ပိုင်းဗဟိုဌာနခွဲက ကချင် ရဲဘော်မာခါးနဲ့ ကျွန်တော်တို့ ပါဝင်ကြပါတယ်။

ဒီလိုနဲ့ ရဲဘော်အားလုံး ကိုယ်ကျရာတာဝန်တွေ လုပ်ကိုင်နေရင်း ဗမာပြည်နေရာအနှံ့အပြားက ကိုယ်စားလည်ရဲဘော်တွေစုံညီစွာရောက်ရှိလို့ လာပါပြီ။ ဒေသတွေကလည်း စုံပါတယ်။ မြောက်ပိုင်းဗဟိုဌာနခွဲက နမ့်ခမ်းခရိုင်၊ ကွတ်ခိုင်ခရိုင်၊ ၂၀၂ စစ်ဒေသ၊ တပ်မ(၄၈) ၊ တပ်မဟာ(၂) ၊ ၁၈၀ တပ်ဖွဲ့၊ ၁၀၁ စစ်ဒေသ ။ အရှေ့မြောက်စစ်ဒေသရဲ့ ကိုးကန့် ခရိုင်၊ ဝမြောက်ခရိုင်၊ ဝတောင်ခရိုင်၊ ကျိုးတုံမြောက်ခြမ်းခရိုင်နဲ့ ပန်ဆန်းအထူးမြို့နယ်၊ အရှေ့မြောက်စစ်ဒေသရဲ့ ရုံးဌာနများ၊ တပ်မ(၆၈) ၊ တပ်မဟာ(၇၆၈)။ ၈ ၁ ၅ စစ်ဒေသ၊ အလယ်ပိုင်းဗဟိုဌာနခွဲ၊ တနင်္သာရီတိုင်း၊ အထက်ဗမာပြည်(မြေအောက်)၊ အောက်ဗမာပြည်(မြေအောက်)စသဖြင့်ပေ့ါ။ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ တတိယအကြိမ်မြောက်ပြည်လုံးကျွတ် ကွန်ဂရက်စတင်ကျင်းပပါပြီ။

ကျွန်တော့်ကိုပေးတဲ့ တာဝန်ကျေဖို့ ကျွန်တော်က ကင်မရာသုံးလုံးကို လည်ပင်းမှာ လွယ်ထားရပါတယ်၊ တလုံးက ရောင်စုံမှတ်တမ်းရိုက်ဖို့ ၁၃၅ မမ ရောင်စုံဖလင်ထည့်ထားတဲ့ yashica ကင်မရာ(ကျွန်တော်တို့ဌာနပိုင်) ၊ တလုံးက အဖြူအမဲရိုက်ဖို့ ၁၃၅ မမ အဖြူအမည်းဖလင်ထည့်ထားတဲ့ မြောက်ပိုင်းဗဟိုဌာနခွဲက pentax ကင်မရာနဲ့၊ တလုံးကတော့ အရှေ့မြောက်စစ်ဒေသက ၁၂၀ မမ အဖြူအမည်းဖလင်ထည့်ထားတဲ့ ဟိုင်အိုး (ပင်လယ်ဇင်ယော်) ကင်မရာပါ။ ရောင်စုံကင်မရာက ကွန်ဂရက်မှတ်တမ်း ရောင်စုံရိုက်ဖို့ဖြစ်ပြီး၊ အဖြူအမည်းကတော့ ကွန်ဂရက် မှတ်တမ်း အဖြူအမည်းပါ။ အဲဒီတလုံးမှာ ကွန်ဂရက်ကိုယ်စားလည်တွေ သူတို့ဆန္ဒအရ ရိုက်ချင်တာရိုက်ပေးဖို့ ကျွန်တော်တို့ဌာနက ကျွန်တော့ကို တာဝန်ပေးပါတယ်။ ရောင်စုံရိုက်ရင် တရုတ်ပြည် ခွန်မင်းကိုပို့ပြီး ဆေးရကူးရမှာမို့ သူတို့အပြန် ပါမသွားနိုင်ပါ။ အဖြူအမည်းကတော့ ဒီနေ့ရိုက် ညကျတော့ ကျွန်တော်တို့အဖွဲ့က ကူးဆေးပြီး နောက်နေ့မနက်ဆို သူတို့လက်ထဲရောက်ပြီ။ ကျွန်တော်တို့ကတော့ အိပ်ရေးပျက်တာပေ့ါ။ ကျန်တဲ့တလုံးကတော့ ကွန်ဂရက် နေ့စဉ်သတင်းလွှာအတွက် ရိုက်ရတာပါ။ ဒီနေ့မှာ ပါတီဥက္ကဋ္ဌ သခင်ဗသိန်းတင်က နိုင်ငံရေးအစီရင်ခံစာ ဘယ်လိုတင်သွင်းတယ်၊ ဓာတ်ပုံကကျွန်တော်၊ ဘာတွေပြောသလဲတော့ မှတ်တမ်းအဖွဲ့ကလိုက်ပေ့ါ ၊ ဒီနေ့မှာ ရှမ်းပြည်အလယ်ပိုင်း ဗဟိုဌာနခွဲက ကိုယ်စားလှယ်က ဘာတွေတင်ပြတယ်၊ မှတ်တမ်းအဖွဲ့က လိုက်ရေး၊ ကျွန်တော်က ဓာတ်ပုံရိုက်ပေ့ါ။

ကျွန်တော်က ကင်မရာခလုတ်လေး တချက်နှိပ်လိုက်ရုံနဲ့ ပြီးပြီလို့တော့ မထင်လိုက်ပါနဲ့၊ ညနေကွန်ဂရက်ဆွေးနွေးပွဲအစီအစဉ်ပြီးလို့ ကိုယ်စားလှယ်တော်တွေ ရေမိုးချိုး ထမင်းစားနေတဲ့အချိန်မှာ ကျွန်တော်က ကိုယ့်အိမ်ကိုယ်ပြန်လာ၊ ကိုယ်ဝန် မပေ့ါမပါးကြီးနဲ့ ကျွန်တော့ဇနီးချက်ထားတဲ့ ခရမ်းသီးဟင်းတို့၊ နွေပဲချဉ်ရည်ဟင်းတို့၊ ဗုံလုံသီးကျော်တို့နဲ့ ထမင်းစား(ကျွန်တော်စိုက်ထားတဲ့အသီးအနှံတွေပါ)၊ ပြီးတာနဲ့ မနီးမဝေးက အရှေ့မြောက်စစ်ဒေသမှာရှိတဲ့ ဖလင်ကူးဆေးခန်းကိုပြေး၊ ရဲဘော်မာခါးနဲ့အဖြူအမည်း ဖလင်တွေကူးဆေး၊

အခြောက်ခံ ဖြတ်ညှပ်လုပ်ရပါတယ်၊ ည ဆယ်နာရီလောက်ပြန်လာ၊ ကျွန်တော်တို့စခန်း ဧည့်ခန်းမှာ မီးတွေတထိန်ထိန်(မီးမရှိတော့ရင် အောက်လင်းမီး)နဲ့ ကွန်ဂရက်သတင်းလွှာရေးနေတဲ့ရဲဘော်တွေနဲ့ ကျွန်တော်ကူးလာတဲ့ဓာတ်ပုံတွေကို ဖြတ်ညှပ်ကပ်၊ လေးအောက် ဒီဇိုင်းတွေညှိနှိုင်းအတည်ပြု၊ အဲဒါတွေယူ ပြန်အိပ်၊ နောက်တနေ့မနက် အလင်းရောင်လေးထွက်လာတာနဲ့၊ အိမ်ကထွက် နိုင်ငံခြားခရီးစဉ် ၂ ကီလိုကို လမ်းလျှောက်၊ ဟိုစက်ကြီးဆီကို ရောက်အောင်သွား၊ ဟိုဘက်ကမ်းကဈေးထဲမှာ မနက်စာ (ခေါက်ဆွဲဝယ် မစားနိုင်ပါ) ပေါက်စီဝယ်စား၊ ရေနွေးနဲ့မျှောချပြီးတာနဲ့ ဟိုစက်ကြီးရှိတဲ့နေရာက ရုံးဖွင့်နေပါပြီ။ အဲဒီမှာ ကွန်ဂရက်သတင်းလွှာ မိတ္တူသုံးဆယ်လောက် ပရင့်ထုတ်၊ ချုပ်ချက်ပြီးပြန်လာ၊ အိမ်ရောက်တာနဲ့ ကင်မရာသုံးလုံးကိုဖလင်တွေထည့်ပြီးလွယ် ကွန်ဂရက်အစည်းအဝေးခန်းမထဲကို ဒရောသောပါးပြေး။




ကျွန်တော် ကွန်ဂရက်အစည်းအဝေးခန်းမထဲရောက်တော့ သဘာပတိကမိန့်ခွန်းပြောနေပါပြီ။ ကိစ္စမရှိ၊ သဘာပတိကနေ့တိုင်းမိန့်ခွန်းပြောနေတာဆိုတော့ အဲဒီ ဓာတ်ပုံကို ဒီနေ့ရိုက်လို့ မမီလည်း နောက်နေ့ရိုက်လို့ရတာပဲ။ ရိုက်ပြီးသားပုံတွေကလည်း ကျွန်တော့်မှာ အများကြီး ရှိသေးတယ်။ ပြီးတော့ သဘာပတိက နေ့တိုင်း ဒီအင်္ကျီနဲ့ ဒီဦးထုပ်ပဲဆောင်းပြီး မိန့်ခွန်း ပြောတာဆိုတော့ ထပ်ရိုက်လည်း ဖလင်ကုန်တာပဲ အဖတ်တင်မှာ။ မနေ့ကပြောတဲ့စကားနဲ့ ဒီနေ့ပြောတဲ့စကားက တူချင်မှတူမယ်၊ အဲ –ဓာတ်ပုံကတော့ အတူတူပါပဲ။

အဲဒီလိုနဲ့ တရက်မတော့ ဟိုဘက်ကမ်းက ဟိုစက်ကြီးရှိရာကို ကျွန်တော်တယောက်တည်းမဟုတ်ဘဲ စခန်းကရဲဘော်ငယ် နှစ်ယောက်နဲ့ အတူ သွားခဲ့ရပါတယ်၊ ညနေလည်းဖြစ်၊ မိုးတွေကလည်းရွာ နမ့်ခချောင်းရေကလည်းကြီးနေတော့ ကျွန်တော်တို့ စခန်းမှူးက စိတ်မချလို့ ရဲဘော်နှစ်ယောက် ထည့်ပေးလိုက်တာပါ။ ဟိုဘက်ကမ်းမှာ ဟိုစက်ကြီးနဲ့အလုပ်ပြီးတဲ့အချိန် ပြန်မယ်လုပ်တော့ အလာတုန်းက ကူးတို့လှေဆိပ်က သိမ်းသွားပါပြီ။ ချောင်းရေကကြီးနေတာကိုး။ ဒါနဲ့ အဲဒီကနေ အနောက်ဘက် နှစ်ကီလိုလောက်ဝေးတဲ့ ရှမ်းရွာကူးတို့ဆိပ် ဘက်ကို သုံးယောက်သားပြေးကြရပြန်ပါတယ်။ အဲဒီလှေဆိပ်ကလည်း သိမ်းသွားပြန်ပါပြီ။ အလင်းရောင်ကတော့ ညီအကိုမသိတသိ အချိန်လောက်ပဲ ရှိပါသေးတယ်။ ကျွန်တော့်မှာ မနက်ဖြန် ဖြန့်ဝေရမယ့်ကွန်ဂရက်သတင်းလွှာအတွက် စိတ်ပူရ၊ အိမ်မှာကျန်နေခဲ့တဲ့ ကိုယ်ဝန်ကြီးနဲ့ ဇနီးကိုလည်း စိတ်ပူရ၊ ကျွန်တော်နဲ့ ပါလာတဲ့ရဲဘော်နှစ်ယောက်ရဲ့ညစာကို ဘယ်လိုကျွေးရမလဲကိုလည်း စိတ်ပူရနဲ့ ကျွန်တော်တို့ ကမ်းဘက်က လှေဆိပ်ကို အော်လည်း ခေါ်၊ ခါးမှာပါလာတဲ့ သေနတ်နဲ့တောင် မိုးပေါ်တချက် ထောင်ပစ်ပြီး ခေါ်ပါသေးတယ်။ ဒါပေမဲ့ မရတော့ပါဘူး။ မိုးကလည်း ကြီး၊ ချောင်းရေစီးသံကလည်းကြမ်း တဖြည်းဖြည်းနဲ့ အချိန်ကလည်း ညရှစ်နာရီလောက်ရှိသွားပါပြီ။ မတတ်နိုင်တဲ့အဆုံး လှေဆိပ်က တဲလေးထဲမှာပဲ မီးဖိုပြီး ကျွန်တော်တို့ သုံးယောက် ငုတ်တုတ်အိပ်ကြရပါတယ်။ ဘယ်အိပ်လို့ပျော်ပါ့မလဲဗျာ။ ခြင်တွေ ဖြုတ်တွေကလည်း ကိုက်သေး။ ဒါနဲ့ ကျွန်တော်က အိပ်လို့မရတဲ့အတူတူ အဲဒီရဲဘော်လေးနှစ်ယောက်ကို မာ့က်စ် လီနင်ဝါဒ သင်တန်းပေးတော့တာပေါ့ဗျာ။ ကြာလာတော့ ကိုယ်ကသာ အိပ်မပျော်တာ၊ သူတို့နှစ်ယောက်ကတော့ ကျွန်တော့် သင်တန်းကို နား ထောင်ရင်း တခူးခူးနဲ့အိပ်နေလိုက်ကြတာ။ ကျွန်တော်ကတော့ နားလည်နိုင်ပါတယ်။ သူတို့မပြောနဲ့၊ ကိုယ်တောင် စီးပွားရေး တက္ကသိုလ်မှာ တုန်းက ဆရာဆရာမတွေရဲ့ လက်ချာတွေမှာ နေ့လည်ကြောင်တောင်ကြီးမှာတောင် အဒမ်စမစ်ကဘယ်လိုပြောတယ်၊ ဖျူးဝါးဘက်က ဘယ်လိုပြောတယ် ဆိုရင် မျက်လုံးက စင်းလာပြီ။ ဆက်နားထောင်နေရင်း ယူတိုးပီးယားဆိုရင် သွားပြီ၊ မှောက်ရက်ပဲ။ နောက်တချိန် တခြားအတန်း ကျောင်းသားကျောင်းသူတွေရောက်လာမှနိုးပြီး ရှက်ရှက်နဲ့ ထပြေးခဲ့ရတာ ခဏခဏ။

ဒီလိုနဲ့ နောက်တနေ့ မိုးလင်းတာနဲ့ ကျွန်တော်တို့ကိုကူးတို့ဆိပ်က လာကြိုပါတယ်။ ကျွန်တော်တို့စခန်းကလည်း ကျွန်တော်တို့အဖွဲ့ ပြန်မရောက် လို့ စိတ်ပူနေကြတာပါ။ ကျွန်တော့်ဇနီးကတော့ ပိုပြီး စိတ်ပူတာပေါ့၊ ကျွန်တော် စခန်းပြန်ရောက်တော့ သူက စောစောစီးစီး မျက်နှာ ပျက်နေပါတယ်။ ဒါပေမဲ့ မတတ်နိုင်ပါ၊ သူ့ကိုစိတ်မပူဖို့ ချော့မော့ဖျောင်းဖျပြီး သူကြော်ပေးတဲ့ထမင်းကြော်ကိုစား၊ ကင်မရာသုံးလုံးကို လွယ်၊ ဖလင်တွေထည့်၊ ကွန်ဂရက်သတင်းလွှာတွေပွေ့ပိုက်ပြီး အစည်းအဝေးခန်းမကို ချီတက်ရတာပေါ့။

အဲဗျာ– ဟိုရောက်တော့ သဘာပတိက မိန့်ခွန်းပြောနေပြီ။ ။

**ရဲဘော်အောင်ချစ်**



အမှတ်ရဖွယ် ပါတီနေ့အထိမ်းအမှတ်များ။

**ဗတိုးရှိန်**

(ဗမာပြည်ကွန်မြူနစ်ပါတီသည် ဗမာပြည်တွင် ပေါ်ပေါက်ခဲ့သော မာ့က်စ်ဝါဒလေ့လာရေး လှုပ်ရှားမှုနှင့် နယ်ချဲ့ဆန့်ကျင်ရေး၊ ပဒေသရာဇ်ဆန့်ကျင်ရေး၊ လူတန်းစားနှင့် လူတန်းစားတိုက်ပွဲများ ပေါင်းစပ်ရာမှ ပေါ်ထွက်လာသော အောင်သီးအောင်ပွင့်ပင် ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ဗမာပြည်ရှိ ခနရှင်ပေါက်စ လူတန်းစား၏ ပါတီတရပ်မဟုတ်၊ လူမျိုးတမျိုးကို ကိုယ်စားပြုသော ပါတီလည်းမဟုတ်၊ လူမျိုးပေါင်းစုံ၏ ညွှန့်ပေါင်းပါတီလည်းမဟုတ်၊ ဗမာပြည်ရှိ ပစ္စည်းမဲ့လူတန်းစား၏ တပ်ဦးပါတီဖြစ်သည်။ ပစ္စည်းမဲ့လူတန်းစား၏ ရှေ့တန်းအရောက်ဆုံးသော တပ်ဖွဲ့ဖြစ်သည်။ ဗမာပြည်ရှိ လူမျိုးမရွေး ပစ္စည်းမဲ့လူတန်းစားနှင့် လုပ်သားပြည်သူများ၏ လွတ်မြောက်ရေးအတွက် မာ့က်စ်လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်ကို လမ်းညွှန်အဖြစ်ထားပြီး ဗမာပြည် လူ့အဖွဲ့အစည်း လက်တွေ့နှင့်လည်းကောင်း၊ ဗမာပြည်တော်လှန်ရေး လက်တွေ့နှင့်လည်းကောင်း ပေါင်းစပ်ကျင့်သုံးသော ပါတီဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီဝင် တဦးသည် ပါတီမဝင်မီက မည်သည့်လူတန်းစားဇာတိ ရှိသည်ဖြစ်စေ ပါတီထဲ ရောက်ပြီးသည့်နောက် ပစ္စည်းမဲ့လူတန်းစား အတွေးအခေါ်နှင့် လုပ်ဟန်ကို လက်ခံကျင့်သုံးရမည် ဖြစ်သည်။ ပစ္စည်းမဲ့လူတန်းစားကို ကိုယ်စားပြုသူ ဖြစ်ရသည်။ ၁၉၃၉ ခုနှစ်တွင် ပေါ်ပေါက်လာပြီးသည့်နောက် ပါတီက အခက်အခဲ အကျပ်အတည်းများကြားမှ ပြည်သူလူထုကို လှုံ့ဆော်စည်းရုံးကာ ရရာလက်နက်ကိုင်စွဲ၍ အင်္ဂလိပ်နယ်ချဲ့သမားကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ ဖက်ဆစ်ဂျပန်များ တပြည်လုံး ခြေမိုးအုပ်စိုးနေချိန် ပါတီဝင်များသည် ဆင်းရဲခက်ခဲမှုကိုမကြောက်၊ သေမှာမကြောက်ဘဲ ကိုယ်ကျိုးစွန့်ကာ ဖက်ဆစ်ဂျပန်များကို မောင်းထုတ်နိုင်သည်အထိ စွမ်းစွမ်းတမံ တိုက်ပွဲ ဝင်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး ၃ နှစ်တာ ကာလအတွင်းတွင် ပါတီသည် အင်္ဂလိပ်နယ်ချဲ့သမားနှင့် ၎င်းတို့၏ လက်ပါးစေများကို ဥပဒေတွင်း ဥပဒေပ၊ လျှို့ဝှက်နှင့် ပြောင်၊ သွေးထွက်သံယိုတိုက်ပွဲများနှင့် ပါလီမန်တိုက်ပွဲများစသည့် တိုက်ပွဲသဏ္ဍာန်ပေါင်းစုံဖြင့် လူတန်းစားတိုက်ပွဲ၊ လူထုတိုက်ပွဲ ပေါင်းစုံကို ခြိမ့်ခြိမ့်သဲ ဆင်နွှဲခဲ့သည်။ ဤတိုက်ပွဲများသည် ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး၏ အကြိုကာလ တိုက်ပွဲများအခန်းမှ ပါဝင်ခဲ့လေသည်။ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဖဆပလ အစိုးရက ပါတီနှင့် ပြည်သူများကို ဖောက်ပြန်သည့် ပြည်တွင်းစစ်ဖြင့် စတင်တိုက်ခိုက်ကြရာမှ ပါတီသည် ရရာလက်နက်ကိုင်စွဲပြီး အခက်အခဲ အကျပ်အတည်းများကြားတွင် မားမားရပ်ကာ မရှောင် မလွှဲသာဘဲ မိမိကိုယ်ကို ခုခံကာကွယ်သောစစ်သို့တည်းမဟုတ် ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲခဲ့ရသည်။)

အထက်ဖော်ပြပါ ပါတီသမိုင်းဆိုင်ရာ အချက်များသည် ဗမာပြည်ကွန်မြူနစ်ပါတီ တည်ထောင်သည့် အနှစ် ၅၀ မြောက် အထိမ်းအမှတ်နေ့တွင် ထုတ်ဝေသည့် ပြည်သူ့အာဏာ ဂျာနယ်အတွက် ဗမာပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌသခင်ဗသိန်းတင်၏ အမှာစာမှ ကောက်နုတ် တင်ပြခြင်းဖြစ်သည်။ ပါတီသက်တမ်း နှစ် ၅၀ မြောက် ရွှေရတုနှစ်ဟာ ၁၉၈၉ ခုနှစ်ဖြစ်သည်။ ရှစ်လေးလုံး အရေးတော်ပုံ အရှိန်အဟုန်ကောင်းနေချိန်၊ ပါတီ၏ နယ်စပ်အခြေခံ စခန်းများရှိ လူမျိုးစုများလည်း ပါတီကို ပုန်ကန်ခွဲထွက်၍ ကောင်းနေချိန်ဖြစ်သည်။ ပါတီဗဟိုနှင့် တော်လှန်ရေး ဆက်လုပ်ကြမည့် ရဲဘော်များ ဝနယ်ပန်ဆန်းမှ ကချင်ပြည်နယ် ၁၀၁ ဒေသသို့ ရောက်ရှိနေကြသည်။ ပါတီနှစ် ၅၀ မြောက် ရွှေရတုအထိမ်းအမှတ်ကို ၁၀၁ ဒေသ ကန်ပိုင်တီမှာ ကျင်းပဖြစ်သည်။ အဲဒီအချိန်က ကန်ပိုင်တီမှာ ပါတီဗဟိုက ဦးစီး၍ စစ်ရေး၊ နိုင်ငံရေး သင်တန်းများ လုပ်နေသည့် တပ်ဖွဲ့နှစ်ဖွဲ့ရှိသည်။ ပြည်သူ့တပ်မတော်တပ်ဖွဲ့ (PA) နှင့် ဒီမိုကရေစီ ပြည်ချစ်တပ်မတော်တပ်ဖွဲ့ (DPA) တို့ဖြစ်သည်။ ပြည်သူ့တပ်မတော်တပ်ဖွဲ့မှာ ရှစ်လေးလုံးမတိုင်မီ

တော်လှန်ရေးထဲ ရောက်နေကြသည့် ရဲဘော်များ၊ ဝနယ်အခြေခံစခန်းမှ လိုက်ပါလာသည့် ရဲဘော်များပါဝင်သည်။ (အခြေခံစခန်းဟောင်းမှ လူမျိုးစုရဲဘော်တချို့သည် အခြေအနေအရ ပြန်လွတ်နေသည့်ကြားက ပါတီနှင့်မခွဲလို အတူလိုက်ပါလာသည့် ရဲဘော်များဖြစ်သည်) ဒီမိုကရေစီပြည်ချစ်တပ်မတော် တပ်ဖွဲ့တွင် ရှစ်လေးလုံးအပြီး ဝင်ရောက်လာကြသော ပါတီ (UG) အများစုဟု သိရသည်။ တပ်ဖွဲ့နှစ်ဖွဲ့လုံးအင်အားမှာ အဲဒီဒေသတပ် အင်အားထက်တော့ များသည်။ ရှစ်လေးလုံး ဂယက်ကလည်း ရှိနေ၍ ပါတီဗဟို၏ ရှေ့ဆောင်မှုအောက်မှာ တပြည်လုံးအရေးအဓိကထားကြသည့် ရဲဘော်များဖြစ်၍ စိတ်ဓာတ်ရေးရာ တက်ကြွမှု အသင့်အနေအထား ရှိသည်။ ဒီလိုအခြေအနေမှာ ပါတီနှစ် ၅၀ ရွှေရတုပွဲကျင်းပခြင်းဖြစ်သည်။ ပါတီရွှေရတုနေ့မှာ (DPA) နှင့် (PA) တပ်ဖွဲ့နှစ်ခုလုံးသို့ လက်ရှိပါတီ အထွေထွေအတွင်းရေးမှူး ရဲဘော်ကြင်မောင်မှ အမှာစကားပြောကြားသည်။ ရိက္ခာ တိုးဖြည့်၍ ရဲဘော်တိုင်း ပါတီနေ့အထိမ်းအမှတ် ထမင်းဟင်း စားဖြစ်လိုက်သေးသည်။ ရှိနေသည့် အချက်အလက်အောက်မှာ ညပိုင်းတွင် ရဲဘော်များ၏ အဆိုအကပွဲလေးဖြင့်လည်း ပါတီနေ့အထိမ်းအမှတ် ပြုကြသည်။ ဒါက လွန်ခဲ့သော ၂၅ နှစ်က ပါတီနှစ် ၅၀ မြောက် ရွှေရတုပွဲ ကျင်းပခဲ့ပုံ ဖြစ်သည်၊

သို့သော်လည်း နောက်ပိုင်းတွင် ပါတီအခက်အခဲ အကျပ်အတည်းများ၊ ထိခိုက်ဆုံးရှုံးမှုများ (UG) လုပ်ငန်းများအထိ ဆက်တိုက်ဖြစ်ပေါ်နေသည်။ ပြည်တွင်းမှာ ရှစ်လေးလုံးအရှိန် သိပ်ကြီးသည်။ တော်လှန်ရေး အခြေအနေတရပ် တွန်းတင် နိုင်လိမ့်မည်ဟု မျှော်လင့်မိကြသည်။ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကို သွေးထွက်သံယို ဖြိုခွင်းအာဏာသိမ်းခဲ့သည့် နဝတ စစ်အစိုးရ၏ ပြည်သူအပေါ် ဖိနှိပ်မှု၊ ရက်စက်ယုတ်မာမှု သတင်းများ ဆက်တိုက်ကြားနေရသည်။ ဒီမိုကရေစီလိုလားသည့်သူ အာဏာသိမ်း စစ်အုပ်စု အတိုက်အခံများ ဘေးအန္တရာယ်လွတ်ရာ နယ်စပ်ဒေသများသို့ ထွက်လာနေကြဆဲကာလ၊ ဗိုလ်ခင်ညွန့် ခေတ်ကောင်းနေချိန်ဖြစ်သည်။ နိုင်ငံတကာတွင်လည်း အရှေ့ဥရောပ လက်ဝဲအစိုးရများ တနိုင်ငံပြီးတနိုင်ငံ အာဏာမှ ဖယ်ရှား ခံနေရသည့် သတင်းများ ဆက်တိုက်ကြားနေရသည်။ ကွန်မြူနစ်ဆန့်ကျင်ရေး လှိုင်းဂယက် အလွန်ကြီးသည်။ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး ဒီရေနိမ့်ဆင်းသွားသည်။ တော်လှန်ရေး အခြေအနေတရပ် ရှိနေသော်လည်း တော်လှန်ရေးဖြစ်ပေါ်နိုင်မည့် အကြောင်းအချက်များ လက်ဦးမှုမဲ့ပြီးရင်း မဲ့နေသည်။ ဒီလိုအခြေအနေကို ပါတီက မှန်မှန်ကန်ကန် မသုံးသပ်နိုင်လျှင် ပါတီပျက်သုဉ်းသွားနိုင်သည်။ ပါတီမရှိလျှင် ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး မရှိနိုင်ဘူး။ ထို့ကြောင့် ထိုကာလက ပါတီရှင်သန်ရေး ဦးစားပေး (UG) ပါတီဖြစ်သွားရသည်။ ယနေ့ ၂၀၁၄ ဩဂုတ်လ ၁၅ ရက်သည် ပါတီသက်တမ်း ၇၅ နှစ်မြောက် စိန်ရတုနှစ်ဖြစ်သည်။ ပြည်တွင်းပြည်ပ အခြေအနေ တစုံတရာ ပြောင်းလဲမှုတွေ မြင်နေရသည်။ ပါတီအင်အား တိုးချဲ့၊ ပြန်လည်စုစည်းရေး လုပ်နေချိန် ဖြစ်သည်။ ပါတီဝင်တိုင်း ပါတီအသိ၊ ရဲဘော်ရဲဘက်စိတ်ဓာတ်အပြည့်ဖြင့် အင်သစ်အားသစ် သွန်းလောင်း ကြရမည့် အခြေအနေ ဖြစ်သည်။

ပါတီနှစ် (၄၀) မြောက်နေ့ကို ပန်ဆန်းမှာ ၁၉၇၉ ခုနှစ်က တခမ်းတနား ကျင်းပခဲ့ပုံ သတိရမိသည်။ လွတ်လပ်ရေးတိုက်ပွဲဝင် မြန်မာ့နိုင်ငံရေးနောက်ခံနှင့် ပါတီသမိုင်းသရုပ်ဖော် မိုးသောက်ကြယ်နီ ကဇာတ်ကသည်။ ဒီကဇာတ်အကြောင်း သိရှိသူ၊ ဒီအကြောင်း ရေးကြသူလည်း များပါသည်။ ဒီမှာ အကျယ်မရေးတော့ပါ။ ကျွန်တော်တင်ပြချင်တာက လွန်ခဲ့သော နှစ်ပေါင်း ၄၁နှစ် ကာလက ၁၉၇၃ ခုနှစ်က ပါတီ ၃၄ နှစ်မြောက်နေ့တွင် ဥက္ကဋ္ဌသခင်ဇင်က ပဲခူးရိုးမ တောတွင်းတနေရာမှာ ပါတီနေ့မိန့်ခွန်း ပြောခဲ့ကြောင်း ပါတီ၏ အသံလွှင့်ဌာန ပြည်သူ့အသံ အသံလွှင့်ချက်တွင် နားထောင်ခဲ့ဖူးသည်ကို သတိမူမိသည်။ ဥက္ကဋ္ဌသခင်ဇင် မိန့်ခွန်းမှာ မျိုးဆက်ပြဿနာနှင့် ပါတီအဖွဲ့အစည်း ခေါင်းဆောင်ပြဿနာများ အလေးထားပြောသည်ဟု ကျွန်တော်မှတ်သားမိလိုက်သည်။ "...ကွန်မြူနစ်တွေကမွေးရင် အလွယ်တကူ ကွန်မြူနစ်ဖြစ်လိမ့်မယ်လို့ လွဲမှားစွာ နားလည်နေကြတယ်။ သဘောတရား အခြေခံနှင့် မာ့က်စ်လီနင်ဝါဒ ပညာပေးမှုမရှိရင် ကွန်မြူနစ်တွေက မွေးတိုင်းလည်း ကွန်မြူနစ်မဖြစ်ဘူး။ မာ့က်စ်လီနင်ဝါဒ သဘောတရား အခြေခံနှင့် ပညာပေးလေ့ကျင့် လက်ခံယုံကြည်သည့် လူငယ်တိုင်းဟာ ဘယ်လူတန်းစားက လာသည်ဖြစ်စေ ကွန်မြူနစ် ဖြစ်နိုင်တယ်။ ကွန်မြူနစ်မျိုးဆက် ဖြစ်နိုင်တယ်။ နောက်–ပါတီအဖွဲ့အစည်း ခေါင်းဆောင်ပြဿနာ၊ နယ်ရှိပါတီအဖွဲ့အစည်းတွေက ပါတီဗဟိုသို့ ခေါင်းဆောင်ကေဒါ တောင်းလေ့ရှိကြတယ်။ အမှန်က ခေါင်းဆောင်ဆိုတာ ထုရှိရင် ခေါင်းဆောင်ရှိတယ်။ ခေါင်းဆောင်ဆိုတာ ထုထဲကလာတာ..."ဟုပြောကြောင်း၊ စကားလုံးအတိအကျ မမှတ်မိသော်လည်း ဤအဓိပ္ပာယ်မျိုး ဥက္ကဋ္ဌသခင်ဇင် ပြောသွားကြောင်း ကျွန်တော်နားလည်လိုက်သည်။ ဒါက ပဲခူးရိုးမ ပါတီရှိခဲ့စဉ်က ပါတီနေ့ တခုအကြောင်းဖြစ်သည်။

နောက် စွဲစွဲလန်းလန်း ဖြစ်နေသည်က ကျွန်တော်တို့ အရှေ့မြောက်နယ်စပ် အခြေခံစခန်း ရောက်စအချိန် မုံဂူနောက်တန်း စခန်းမှ ရှေ့တန်းလှုပ်ရှားနေသည့် တပ်မဟာ ၂ သို့ တပ်သားသစ်အဖြစ်ပို့သည်။ ကျွန်တော်၊ ရဲဘော်ဉာဏ်ဇော်၊ ရဲဘော်မင်းထင်၊ ရဲဘော်ရန်နိုင် (ဗန်းမော်) တို့ကို တပ်မဟာ ၂ ဒုနိုင်ငံရေးမှူး ဟုန်လောက်စစ်(ခေါ်) ရဲဘော်အောင်လင်းတို့ ရုံးအဖွဲ့နှင့် ထည့်ပေးသည်။ လမ်းခရီး ပထမနေ့ တောင်တက်ခရီးပြင်း အတွေ့အကြုံမရှိသည့်ကျွန်တော် ထမင်းအဆာလွန် လမ်းမလျှောက်နိုင်၊ နောက်ဆုံးကျန်နေရစ်သည်။ ရဲဘော်မင်းထင် စောင့်ခေါ်သည်။ ဒုတိယနေ့ ညနေ မိုးတွေကလည်း တဖွဲဖွဲနှင့် ကွတ်ခိုင်နယ် ဆိုက်ခေါင်ဆိုသည့် ပလောင်ရွာရောက်သည်။ ရှမ်းအိုးစည်သံ၊ မောင်းသံတွေ ဆူဆူညံညံနှင့် ပွဲဖြစ်နေသည်။ ကျွန်တော်တို့ လိုက်လာသည့် တပ်မဟာကေဒါနှင့် ရုံးအဖွဲ့အား ကြိုဆိုကြသည်။ ဩော်–ဒီနေ့က ၁၉၇၆ ခု ဩဂုတ်လ ၁၅ ပါတီနေ့။ ၃၇ နှစ်မြောက် ပါတီနေ့ဖြစ်သည်။ ရွာလမ်းဘေးမှာလည်း ပါတီနေ့ ပိုစတာလေးတွေ တွေ့ရသည်။ တပ်မဟာရုံး ရောက်သည်နှင့် ပါတီနေ့ ထမင်းစားပွဲနှင့် ဝင်တိုးသည်။ ယူနီဖောင်း၊ ဖိနပ် မိုးရေစိုနှင့် ဝင်စားရသည်။ မမေ့နိုင်သည့် ရှေ့တန်းအတွေ့အကြုံတခု ဖြစ်သည်။ ညပိုင်းတွင် တပ်မှ ရဲဘော်များက ဆိုက်ခေါင်ရွာ ဘုန်ကြီးကျောင်းရှေ့ တလင်းပြင်မှာ မိုးဖွဲတွေကြား တခန်းရပ်ပြဇာတ်နှင့် သီချင်းဆိုပွဲ၊ ကပွဲများ လုပ်ကြသေးသည်။ ရွာက ပလောင်ပြည်သူတွေ မိုးမှောင်ကြားမှာ မီးတုတ်တွေကိုင် လာကြည့်ကြသည်။ အမှတ်ရစရာ ပါတီနေ့ ဖြစ်ခဲ့သည်။ နောက် ၁၉၇၈ ခု ထင်သည်။ တပ်မဟာ ၂ တပ်မဟာရုံး တပ်သားသစ်လေ့ကျင့်ရေး

သင်တန်းမှာ ကျွန်တော်တို့အား ယာယီတာဝန်ပေးထားစဉ် တပ်မဟာမှူး (ရဲဘော်ထွန်းတင် တတိယကွန်ဂရက် ဗဟိုကော်မတီ) ခေါ်သည်ဆို၍ ကျွန်တော် တပ်မဟာရုံးသွားစဉ် ရုံးထဲမှာ နံနက်ပိုင်း ပြည်သူ့အသံ ဖွင့်ထားသည်။ တပ်မှူးက အထိုင်ခိုင်းပြီး ကျွန်တော့်ကို စကားမပြောရန် လက်ကာပြသည်။ ရေဒီယိုအသံလွှင့်ချက်မှ ပါတီနေ့ဆောင်းပါး လာနေသည်ကို တပ်မဟာမှူးရော ဒုနိုင်ငံရေးမှူးပါ နှစ်ယောက်လုံး စာရွက်နှင့် လိုက်မှတ်နေကြသည်။ ပြီးမှ ပါတီနေ့အခမ်းအနား တပ်သားသစ်များ တက်ရေး အကြောင်းပြောသည်။ ၃၉ နှစ်မြောက် ပါတီနေ့ ဖြစ်မယ်။ မုန်းပေါ်၊ မန်ကျန်ကုန်း ဘုရားရှိခိုးကျောင်းမှာ အခမ်းအနားစသည်နှင့် တပ်မဟာမှူးက ပါတီသမိုင်း အချက်အလက်များ အသံလွှင့်ဆောင်းပါးမှယူ၍ ဗဟိုအာဘော်အတိုင်း ပြောဆိုခြင်းဖြစ်သည်။ အဲဒီမှာမှ တပ်ထုနိုင်ငံရေး လုပ်ငန်းအတွက် အသံလွှင့်ချက်အား သူတို့လိုက်မှတ်နေခြင်းကို သဘောပေါက်တော့သည်။

၁၉၈၀ ခုနှစ် ၄၁ နှစ်မြောက်ပါတီနေ့ ၈၁၅ ဒေသ မိုင်းယောင်းတိုက်ပွဲကအပြန် ကျွန်တော်တို့ အရှေ့မြောက်စစ်ဒေသ တပ်တချို့ မိုင်းလားမှာ စခန်းချနေကြသည်။ တပ်တွေများ၍ ရိက္ခာပြဿနာ ရှိသည်နှင့်တူပါသည်။ တပ်ရိက္ခာ ပူစရာမလိုသည့် မိုင်းလား၊ မိုင်းမဘက်မှာ ရက်တချို့ကြာ နေနေရသည်။ ဒီမှာ ပါတီနေ့နှင့်တိုးတော့သည်။ ညွှန်ကြားချက်အရ ဖြစ်လိမ့်မည်။ ကိုးကန့်သား တပ်မဟာကေဒါတယောက် တာဝန်ယူ ပါတီနေ့ကျင်းပရေး ဖြစ်လာသည်။ ဒီရဲဘော်ကြီးက ပါတီသမိုင်း အချက်အလက် လိုလာသည်။ (နယ်စပ်ခွဲထွက်ရေး မဖြစ်မီ ကွယ်လွန်သွားသည့် ကိုးကန့်ရဲဘော်ကြီး ဖြစ်သည်။) ကျွန်တော်တို့ကို ပါတီနေ့အခမ်းအနားမိန့်ခွန်း ရေးခိုင်း၍ ရဲဘော်ချို တာဝန်ယူ ရေးပေးရသည်။ မိုင်းလားရှိ တပ်မဟာရုံးဟောင်းမှာ အရှေ့မြောက်တပ်တွေစုစည်းပြီး ၄၁ နှစ်မြောက်ပါတီနေ့ ကျင်းပဖြစ်သည်။

ဝနယ်ပန်ဆန်းမှာ ဌာနတွင်း ရဲဘော်တွေ စုသီချင်းဆိုလေ့ရှိသည်။ ဂစ်တာ၊ တယော၊ အကော်ဒီယံ စသည့် တူရိယာ ပစ္စည်းများ အသင့်ရှိနေ၍ ဆိုတတ်တီးတတ်သည့် ရဲဘော်များအတွက် အကိုက်ဖြစ်နေသည်။ တနေ့တွင် ရဲဘော်တွေစုပြီး ...ရာဇဝင်... ပြောင်ထွန်းတဲ့ကွန်မြူနစ်ပါတီရယ်...မြင့်မြတ်လို့ဂုဏ်သိက္ခာကြွယ်...အမှန်တကယ်...တို့သွေးရောသားရောပေးလှူကြလို့ စင်ကြယ်... ရာဇဝင်မျှော်တွေ သွေးနဲ့ရေးကာရယ်...အသက်နဲ့လဲကာရယ်...ဟေ...သွေးစည်းလို့ တည်ဆောက်ခဲ့တယ်။ တော်လှန်ရေးကို သစ္စာရှိကြရမယ်... ပါတီကိုလည်း သစ္စာရှိကြရမယ်...သိကြဖို့ ပြည်သူကိုလည်း သစ္စာရှိကြရမယ်...ဟေ ဟေ...ဟေ ဟေ...အောင်ကြမယ် မလျှော့တမ်းကွယ် ညီစို့ကွယ် ညီရမယ်...ပြည်သူအကျိုးအတွက် ထမ်းဆောင်ဖို့ရယ်...ပါတီအကျိုးအတွက် ထမ်းဆောင်ဖို့ရယ်...ပေးတဲ့တာဝန် လေးနက်ကျေပွန် ရှေ့ထက်သာလွန် ...ရည်စူး...ထမ်းဆောင်ပါ့မယ်...ပါတီတွင်းသွေးစည်းရေး... မျက်လုံးအိမ်သဖွယ်... ငါတို့ချင်းသွေးစည်းရင်း... သက်ဆုံးတိုင်ကွယ်... ပေးတဲ့တာဝန်လေးနက်ကျေပွန်...ရှေ့ထက်သာလွန်...ရည်စူး...ထမ်းဆောင်ပါ့မယ်...။ (ဒီသီချင်း အရင် ပါတီအသံလွှင့်ဌာန ပြည်သူ့အသံက မကြာခဏလွှင့်ပါသည်။) ဖော်ပြပါသီချင်းကို ဆိုနေကြသည်။ ထိုစဉ် မျိုးဆက်ဟောင်း ရဲဘော်ကြီးတဦး ဝင်လာထိုင်ပြီး ရဲဘော်များ သီချင်းဆိုအပြီးမှာ သူက "ဒီသီချင်းက ဗိုလ်ဇေယျ ရေးစပ်ခဲ့တဲ့သီချင်း" လို့ ပြောပါသည်။ စိတ်ဝင်စားလို့ မေးကြည့်တော့... ဟုတ်တယ် ပါတီ နှစ် ၂၀ မြောက်နေ့ အထိမ်းအမှတ်ပြု ရေးတဲ့သီချင်း တဲ့။ သချောလား ဆက်မေးစဉ် "သေချာတာပေ့ါ။ ၁၉၅၉ ခု မော်စကိုမှာ ရေးတာ၊ အဲဒီအချိန်က သူလည်း မော်စကိုမှာ ရှိတယ်"တဲ့။ "ဗိုလ်ဇေယျ ရေးလည်းပြီးရော ဟိုမှာရှိတဲ့ ရဲဘော်တွေ စုဆို၊ တေးသွားအလိုက်ထည့်ကြနဲ့ နှစ် ၂၀ မြောက် ပါတီနေ့ ဂုဏ်ပြုသီဆိုခဲ့ကြတာ၊ သူတောင် ပါသေးတယ်" တဲ့။ ဒီနှစ်ဆိုရင် လွန်ခဲ့သော ၅၅ နှစ်က ဖြစ်ရပ်လေးလို့ ဆိုရမည်။ အမှတ်ရစရာ။ ယခုတော့ ထိုရဲဘော်ကြီးများ မရှိကြတော့ပြီ။ မျိုးဆက်ဟောင်း ရဲဘော်ဟောင်းကြီးတွေ တချို့တိုက်ပွဲမှာကျ၊ မကျဆုံးသည့်တိုင် သဘာဝမိခင်က ခေါ်ယူနေ၍ တစတစ လျော့ပါးနေပါပြီ။

ပါတီ **(UG)** ကာလမှာ ပါတီနေ့အခမ်းအနားများ ထင်ထင်ပေါ်ပေါ် မလုပ်နိုင်သည့်တိုင် အထိမ်းအမှတ်အနေနှင့်တော့ ဗဟိုအာဘော်ဖြစ်သည့် ပြည်သူ့အာဏာ ဂျာနယ်လိုမျိုး ရေးသားထုတ်ဝေ၍ ပြည်တွင်းပြည်ပ နိုင်ငံရေးအခြေအနေတွေ၊ ပါတီက အဆက်မပြတ် ဝေဖန်သုံးသပ်တင်ပြမှုတွေလုပ်ခဲ့သည်။ ၁၉၉၉ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီ ၆၀ ပြည့်နှစ် အထိမ်းအမှတ်တွင် ထုတ်ဝေသည့် ပြည်သူ့အာဏာဂျာနယ်မှာ ၂၁ ရာစုအတွက် နိုင်ငံရေးအမြော်အမြင် (ဆွေးနွေးညှိနှိုင်းရန်အတွက် တင်ပြချက်) စာတမ်းနှင့် ဥပဒေတွင်း၊ ဥပဒေပရှိ နိုင်ငံရေးအင်အားစုများသို့ တင်ပြသည့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အိတ်ဖွင့်ပေးစာ ကဲ့သို့သော စာတမ်းများ ထုတ်ဝေတင်ပြခဲ့ပါသည်။ ပါတီအနှစ် ၆၀ မွေးနေ့တွင် ကွန်မြူနစ်ပါတီများသမဂ္ဂ ဆိုဗီယက်ပြည်ထောင်စု ကွန်မြူနစ်ပါတီမှ သဝဏ်လွှာ ပေးပို့လာသည်ကိုလည်း မှတ်သားမိသည်။

အထက်ပါတင်ပြချက်တွေဟာ ကြားသိ မှတ်သား တွေ့မြင် ဖြတ်သန်းခဲ့သော အမှတ်တရ ပါတီနေ့များဖြစ်သည်။ ဒီနေ့ ၂၀၁၄ ခုနှစ်ဆိုလျှင် ပါတီသက်တမ်း ၇၅ နှစ် ပြည့်မြောက်၍ စိန်ရတုနှစ်ဖြစ်သည်။ စစ်အာဏာရှင်စနစ် ကျင့်သုံးနေသည့် ရန်သူလူတန်းစားနှင့် သစ္စာဖောက်များ၊ ပါတီကိုမလိုလားသည့် ကွန်မြူနစ်ဆန့်ကျင်ရေးသမားများက ဗမာပြည်ကွန်မြူနစ်ပါတီ သည် မြန်မာ့နိုင်ငံရေးမှ ပျောက်ကွယ်သွားသယောင်၊ ပျက်သုဉ်းသွားသယောင် ၎င်းတို့ဖြစ်စေချင်သည့် ဆန္ဒအတိုင်း ချိုးချိုးနှိမ်နှိမ် ရေးသား အပုပ်ချနေကြသည်။ သမိုင်းရေးလိုအပ်ချက်အရ ပေါ်ပေါက်လာခဲ့သော ဗမာပြည်ကွန်မြူနစ်ပါတီအနေနှင့်ကတော့ မိမိ၏သမိုင်းပေးတာဝန်ကို ကျေပွန်သည်အထိ ဆက်လက်ထမ်းဆောင်သွားပေလိမ့်မည်။ စိန်ရတုအခါသမယတွင် ဘယ်လိုပင် အခက်အခဲအကျပ်အတည်းများ ရင်ဆိုင်ကြုံတွေ့ကြရသည်ဖြစ်စေ ပါတီနှင့်ပြည်သူအတွက် ပါတီနှင့်မခွဲမခွာ၊ မတွန့်မဆုတ် တိုက်ပွဲဝင်ရင်း ကျဆုံးသွားခဲ့ကြသော အာဇာနည် သူရဲကောင်းအပေါင်းအား ဤဆောင်းပါးဖြင့် အထိမ်းအမှတ်ထား အလေးနီပြုလိုက်ရပေသည်။ အာဇာနည်များ ထာဝစဉ် ဥဒါန်းတွင်ပါစေ။

**ဗတိုးရှိန်**

**၃.၃.၂၀၁၄**

# "လယ်သိမ်း မြေသိမ်း ပြည်မငြိမ်း"



သုတေသီတဦး

အထက်အောက်တနံတလျား မြန်မာနိုင်ငံတဝန်းလုံး စစ်တပ်၊ ခရိုနီများ၊ နယ်ခံဗိုလ်ကျသူများက လယ်ယာမြေများ လုယူသိမ်းပိုက်ခဲ့ကြသည့်အတွက် တောင်သူလယ်သမားများ၏ ခြိမ့်ခြိမ့်သဲ ကန့်ကွက်ဆန္ဒပြပွဲများ၊ ထွန်တုံးတိုက်ပွဲများမှ တိုက်စည်တိုက်မောင်းများ သိမ့်သိမ့်တုန် မြည်ဟီးလျက်ရှိသည်။ ၁၆. ၆. ၂၀၁၄ နေ့က ကန့်ဘလူမြို့နယ်အတွင်းရှိ တပ်သိမ်းမြေများနှင့် ပတ်သက်၍ မြေသိမ်းဆည်းခံ တောင်သူလယ်သမားများနှင့် ဒုဗိုလ်ချုပ်ကြီးမြင့်စိုးတို့ ညှိနှိုင်းဆွေးနွေးရန် တွေ့ဆုံခဲ့ကြသည်။ သို့ရာတွင် တိုင်းရင်းသား လက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးတွေ့ဆုံရာတွင် တပ်မတော်သား ကိုယ်စားလှယ်အဖြစ် ခေါင်းဆောင်နေသည့် ဒုဗိုလ်ချုပ်ကြီးမြင့်စိုးက မြေသိမ်းခံ လယ်သမားများအား တပ်မတော် မြေသိမ်းမှုကို မကျေနပ်လျှင်၊ ဖြေရှင်းပုံကို မကျေနပ်လျှင် အစည်းဝေးခန်းတွင်းမှ ထွက်ခွာသွားနိုင်ကြောင်း မောက် မောက်မာမာ စိန်ခေါ်ခဲ့သည်။ ထို့ကြောင့် တွေ့ဆုံဆွေးနွေးမည့် မြေသိမ်းခံ လယ်သမားအားလုံး ခန်းမအတွင်းမှ ထွက်ခွာသွားကြသဖြင့် ဆွေးနွေးပွဲမှာ ပျက်ပြားသွားခဲ့ရသည်။

ဤသည်မှာ တပ်မတော်၏ သဘောထားအမှန်ကို ကန့်ဘလူလယ်သမားများနှင့် တနိုင်ငံလုံး၊ တကမ္ဘာလုံးသို့ စိန်ခေါ်ဖော်ထုတ် ဖွင့်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။ "မိဘပြည်သူများခင်ဗျာ" ဟူ၍ ယဉ်ကျေးဖွယ်ရာသော စကားလုံးများဖြင့် လူထုအား လိမ်ညာ လှည့်စားခဲ့သော အရပ်သားအမည်ခံ ဦးသိန်းစိန် (စစ်အစိုးရ) မှာ လက်ပံတောင်းတွင် သံဃာတော်များအား မီးလောင်ပုံးဖြင့် တိုက်ခိုက်ခဲ့ခြင်း၊ သမီးကလေးကျေးရွာအပါအဝင် လှုပ်ရှားတောင်းဆိုနေသည့် ရွာများကို အကြမ်းဖက်ဖြိုဖျက်ခြင်း၊ မိကျောင်းကန်နှင့် နိုင်ငံအနှံ့ ဆန္ဒပြပြည်သူများကို အကြမ်းဖက် ချေမှုန်းခြင်းတို့ဖြင့် ၂၀၁၄ ခုနှစ် မကုန်မီ မင်းသားခေါင်းစွပ် ကျွတ်ကျပြီး ဘီလူးစွယ်ရပ် ဘွားဘွားကြီး ပွင့်ကျခဲ့ပြီဖြစ်သည်။

တရားဥပဒေစိုးမိုးရေးဟု အသံပြာအောင် အော်ဟစ်နေသော အရပ်သားအမည်ခံ ဦးသိန်းစိန် (စစ်အစိုးရ) ၏ လယ်သိမ်း၊ မြေသိမ်း ကိစ္စရပ်များသည် တည်ဆဲဥပဒေများနှင့် ကိုက်ညီပါ၏လော။ တရားမျှတမှုရှိပါ၏လော။ ၎င်းတို့ လိုက်နာပါသည်ဆိုသော တည်ဆဲတရားဥပဒေများနှင့် ပြည်သူ ၉၂.၄၈% ထောက်ခံထားပါသည်ဆိုသော ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ကော ကိုက်ညီပါ၏လော။ ပြည်သူ့တရားခွင်သို့ သုံးသပ်စိစစ်နိုင်ရန် တင်ပြလိုက်ပါသည်။

အခန်း (၂)

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူမှုများမှာ ထုတ်ပြန်မှုမရှိသေး။ သို့ရာတွင် ၁၉၉၄ ခုနှစ်က စာရင်းကောက်မှုများအရ မြန်မာနိုင်ငံတွင် တောင်သူလယ်သမားဦးရေ ၇၀% ကျော်ရှိကြောင်း ထင်ရှားပြီးဖြစ်သည်။ သို့ဖြစ်၍ မြေသိမ်း၊ လယ်သိမ်း ပြဿနာသည် သာမန်ပြဿနာမဟုတ်၊ ဒီမိုကရေစီပြုပြင်ရေး လမ်းကြောင်းဆိုသည်၏ အရှိန်အဟုန်ကို အတိုးအလျော့သာ ပြုလုပ်နိုင်သည်မဟုတ်။ တမျိုးသားလုံး၏ အနာဂတ်ကံကြမ္မာ ဒီမိုကရေစီနိုင်ငံ စစ် မစစ်တို့ကို အဆုံးအဖြတ်ပေးမည့် ပြဿနာဖြစ်သည်။ အကြောင်းမူ (၁၀၄၄ – ၁၀၇၇) အနော်ရထာဘုရင် နန်းတက်သည့် ပုဂံမင်းဆက်မှ ယနေ့အချိန်ထိ မြေယာပြဿနာကို ဖြေရှင်းနေရဆဲဖြစ်ပြီး အမျိုးသားပြည်သူအသီးသီး သွေးစည်းညီညွတ်ရေး၊ ငြိမ်းချမ်းရေးတို့နှင့် တိုက်ရိုက်ဆက်စပ်နေခြင်းကြောင့် ဖြစ်သည်။

မြေသိမ်းရာတွင် စံပြုထားသည့် ဥပဒေမှာ ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေ (၁၈၉၄ Land Acquisition Act) ဖြစ်ပါသည်။ ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေ ဖြစ်သော်လည်း ယနေ့နှစ် ၁၂၀ ကျော်တိုင် အသက်ဝင်နေပြီး တရားမျှတမှု စံနှုန်းများအရလည်း ခေတ်မီနေသေးသည့် ဥပဒေတရပ်ဖြစ်သည်။ ယင်းဥပဒေအရ အစိုးရသည် မိမိဝန်ထမ်းအဖွဲ့အစည်းများအတွက်ဖြစ်စေ၊ ကုမ္ပဏီတခုခုအတွက်ဖြစ်စေ မြေသိမ်းယူခွင့်ရှိသည်။ သို့ရာတွင် မြေသိမ်းယူပုံ နည်းလမ်းများနှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

ပုဒ်မ (၄) (၁) မြေကိုသိမ်းဆည်းရန် ရည်ရွယ်ကြောင်း ပဏာမအမိန့်ကို မြန်မာနိုင်ငံပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ၎င်းကြေညာချက်ကို ကော်လိပ်တော်မှ သိမ်းဆည်းမည့်မြေရှိရာ ဒေသရှိ သင့်တော်ရာ နေရာများတွင် အများပြည်သူသိရှိအောင် ကြေညာရမည်။ မြေ၊ အဆောက်အအုံအတွင်း ဝင်ရောက် စစ်ဆေးလိုပါက အနည်းဆုံး (၇) ရက် ကြိုတင်အသိပေးပြီးမှ ဝင်ရောက်၍ တိုင်းတာခြင်း၊ ပုံဆွဲခြင်း၊ နယ်နမိတ်အလားအလာ သတ်မှတ်ခြင်းကို ဥပဒေ ပုဒ်မ ၄ (၁) နှင့်အညီ ပြုလုပ်ရမည်။ ပုဒ်မ ၅ (၅) မြေသိမ်းရန်အတွက် ဝင်ရောက်သည့်အခါတွင် အပျက်အစီးများ ဖြစ်ပေါ်ပါက ပျက်စီးမှုတွင် လျော်ကြေးပေးရမည်။ အငြင်းပွားပါက ကော်လိတ်တော်အရာရှိထံ တင်ပြအဆုံးအဖြတ် ခံယူရမည်။ ၎င်းအရာရှိ၏ အဆုံးအဖြတ်သည် အပြီးသတ်ဖြစ်သည်။

ပုဒ်မ ၅ (က) (၁) ၊ ပုဒ်မ ၄ (၁) အရ အများပြည်သူအကျိုး (သို့) ကုမ္ပဏီအဖွဲ့အစည်းအတွက် လိုအပ်ကြောင်း၊ လိုအပ်ဖွယ်ရာရှိကြောင်း ကြေညာသည့် မြေနှင့် အကျိုးသက်ဆိုင်သူ (Person Interested) ထံမှ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်ရန်ရှိပါက ကန့်ကွက်နိုင်ကြောင်း ကြေညာရမည်။ ၅ (က) (၃) ဤပုဒ်မအတွက် မြေသိမ်းခံခွင့်ရှိသော မြေနှင့် အကျိုးသက်ဆိုင်သူဖြစ်ပါသည်။

ပုဒ်မ ၆ (၁) ဤဥပဒေ၏ အခန်း ၇ (လျော်ကြေးပေးခြင်းကဏ္ဍ) ပါ ပြဋ္ဌာန်းချက်များကို ထောက်ထား၍ ၅ (က) (၂) အရ ထုတ်ပြန်သောမြေမှာ အများပြည်သူအကျိုး (သို့) ကုမ္ပဏီ၊ အဖွဲ့အစည်းအတွက် လိုအပ်ကြောင်း အစီရင်ခံစာကို အစိုးရမှ ကျေနပ်ပါက ၎င်းကိစ္စအတွက် ကြေညာချက်ထုတ်ပြန်ရမည်။ သို့ရာတွင် ယင်းကြေ ညာချက်ကို အများပြည်သူ အကျိုးအတွက် အစိုးရမှလည်းကောင်း၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများမှ လည်းကောင်း လျော်ကြေးမပေးမချင်း မထုတ်ပြန်ရပါ။

ပုဒ်မ ၆ (၂) (၃) ထိုကြေညာချက်တွင် မြေတည်ရှိသည့်နေရာ၊ မည်သည့်အတွက် မြေသိမ်းယူရန် လိုအပ်ကြောင်း၊ ဧရိယာအကျယ်အဝန်း၊ စုံစမ်းနိုင်သောနေရာ ဖော်ပြရမည်။ ယင်းကြေညာချက်မှာ အများပြည်သူ (သို့) ကုမ္ပဏီ၊ အဖွဲ့အစည်းအတွက် လိုအပ်သည့် မြေဖြစ်ကြောင်း အပြီးသတ် သက်သေခံချက်ဖြစ်ရမည်။ ယင်း ကြေညာချက် ထုတ်ပြန်ပြီးနောက် အစိုးရသည် မြေကို နည်းလမ်းတကျ သိမ်းယူနိုင်ပါမည်။

ပုဒ်မ ၇ အစိုးရက မြေသိမ်းကြေညာပြီးနောက် ကော်လိပ်တော်အရာရှိအား မြေသိမ်းယူရန် အမိန့်ချမှတ်နိုင်သည်။ ပုဒ်မ ၈ ကော်လိပ်တော်အရာရှိသည် ပုဒ်မ ၆ မြေသိမ်းအမိန့် ထုတ်ပြန်ပြီးနောက် မတိုင်းတာ၊ မသတ်မှတ်ရသေးသည့်မြေကို သတ်မှတ်ခြင်း၊ တိုင်းထွာခြင်း ပုံစံထုတ်ယူရမည်။ အဆိုပါ အမိန့်ကြေညာစာသည် မြေသိမ်းရန် အပြီးသတ် သက်သေခံချက် ဖြစ်သည်။

ယင်းအပြင် မြေယာလျော်ကြေး တွက်ချက်ပုံနှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

ပုဒ်မ ၉ (၁) ကော်လိပ်တော်အရာရှိမှ မြေကိုလက်ရှိရယူခြင်း၊ မြေသိမ်းယူခြင်းအတွက် လျော်ကြေး တောင်းခံရန် ဖော်ပြ၍ သင့်တော်ရာနေရာများ၊ မြေအနီးအနားတွင် အများပြည်သူသိရှိရန် ကြေညာရမည်။ ပုဒ်မ ၉ (၂) ယင်းနို့တစ်စာ ထုတ်ပြန်ပြီး ၁၅ ရက်အတွင်း မြေအကျိုးသက်ဆိုင်သူများမှ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ကော်လိပ်တော်ထံ လာရောက်၍ လျော်ကြေးတောင်းခံနိုင်သည်။

ပုဒ်မ ၉ (၃) ကော်လိပ်တော်အရာရှိမှ ယင်းမြေကို လက်ဝယ်ရယူထားသူ ရှိလျှင်လည်းကောင်း၊ မြေကွက်အကျိုး သက်ဆိုင်သူဟု ယုံကြည်ရသူ (သို့) သိရသူများ၊ ကိုယ်စားလှယ်များထံ ထပ်မံနို့တစ်စာ ပေးရမည်။

ပုဒ်မ ၉ (၄) ၎င်းနေရာတွင် အကျိုးသက်ဆိုင်သူ ကိုယ်စားလှယ်မရှိလျှင် နို့တစ်စာကို နောက်ဆုံးသိရသည့် နေထိုင်ရာ အလုပ်လုပ်ကိုင်ရာသို့ စာတိုက်မှ မှတ်ပုံတင်ပေးပို့ရမည်။ ပုဒ်မ ၁၀ (၁) ကော်လိပ်တော်သည် မြေသိမ်းပြီး နောက် ၁၅ ရက်ထက်မစောစေဘဲ မြေတွင်အကျိုးခံစားခွင့်ရှိသူ၊ ပူးတွဲပိုင်ဆိုင်သူ၊ နေထိုင်သူ အသီးသီး၏အမည်နှင့် ၄ားရမ်းခများ၊ အမြတ်များကို နောက် ၃ နှစ်အတွက် ရမည့်စာရင်းကို ပြုလုပ်ပေးအပ်စေရမည်။

ပုဒ်မ ၁၀ (၂) ယင်းတောင်းဆိုသော ဖော်ပြချက်ကို ပေးအပ်ရမည့်သူသည် ရာဇသတ်ပုဒ်မ ၁၇၅/၁၇၆ ပါပြဋ္ဌာန်းချက်နှင့်အညီ ပြုလုပ်သည်ဟု မှတ်ယူရမည်။

ပုဒ်မ ၁၁ ချိန်းဆိုသောနေရာတွင် ကော်လိပ်တော်အရာရှိမှ မြေတိုင်းတာခြင်းအပေါ် ပုဒ်မ ၉ အရ ပေးသောနို့တစ်စာနှင့် ပတ်သက်၍ ကန့်ကွက်ချက်နှင့် ပုဒ်မ ၄ အရ ထုတ်ပြန်သော ကြေညာသောနေ့ရှိ မြေတန်ဖိုး၊ လျော်ကြေးတောင်းခံသော အကျိုးသက်ဆိုင်သူ အသီးသီးကို ဆက်လက်စုံစမ်း စစ်ဆေးပြီးနောက် အောက်ပါအတိုင်း ဆုံးဖြတ်ရမည်။

(က) မြေချိန်ဧရိယာ အကျယ်အဝန်း

(ခ) မြေအတွက် လျော်ကြေးပေးသင့်သည့်ငွေကြေး

(ဂ) မြေတွင်အကျိုးသက်ဆိုင်သည်ဟု ယုံကြည်ရသော (သို့) သိရသော ပုဂ္ဂိုလ်အသီးသီး လာရောက်သည်ဖြစ်စေ၊ မလာရောက်သည်ဖြစ်စေ လျော်ကြေးခွဲဝေပေးသင့်သည် စသည့် အကျိုးအကြောင်း ခိုင်လုံစွာ ဆုံးဖြတ်ချက်ချ၍ လက်မှတ် ရေးထိုးပေးရမည်။

ပုဒ်မ ၁၂ (၁) ကော်လိပ်တော်အရာရှိမှ အမှုတွဲဖွင့်၍ ၎င်းနှင့် အကျိုးသက်ဆိုင်သူများအကြား မြေအကျယ်အဝန်းနှင့် မြေတန်ဖိုးလျော်ကြေး ခွဲဝေလျာထားချက်တို့သည် အပြီးသတ်နှင့် နောက်ဆုံးသက်သေခံချက် ဖြစ်စေရမည်။

ပုဒ်မ ၁၈ ကော်လိပ်တော်အရာရှိ၏ ဆုံးဖြတ်ချက်ကို လက်မခံပါက ကော်လိပ်တော်အရာရှိထံ လျှောက်လွှာ ရေးသား၍ တရားရုံးသို့ စောဒကမှု လျှောက်ထားပြီး အဆုံးအဖြတ် နာခံရမည်။ (Referenco to court)

အနှစ်ချုပ်အားဖြင့် ဆိုရပါက မြေသိမ်းအက်ဥပဒေအရ အစိုးရက မြေသိမ်းခွင့်ရှိသည်။ မသိမ်းယူမီ ပြဋ္ဌာန်းထားသည့် အချက်များကို လိုက်နာရမည်။ မြေယာလျော်ကြေးကို ကာလပေါက်ဈေးအတိုင်း တွက်ချက်ရမည်။ လျော်ကြေးပမာဏကို မကျေနပ်သူက အဆင့်ဆင့် အယူခံတက်နိုင်သည်။ ဤအချက်များမှာ မြေသိမ်းအက်ဥပဒေအရ ထင်ရှားပေါ်လွင်သည့် အချက်များဖြစ်သည်။ ၂၀၁၂ ခုနှစ် လယ်ယာမြေ နည်းဥပဒေ ပုဒ်မ ၆၇ အရလည်း မြေသိမ်းရာတွင် ကာလပေါက်ဈေးပေးရန် ပြဋ္ဌာန်းထားသည်။

သို့ရာတွင် စစ်အစိုးရ၊ စစ်တပ်နှင့် ခရိုနီများက လယ်သမားများထံမှ လယ်ယာမြေများ သိမ်းယူရာတွင် မည်သည့်အခါမျှ ဥပဒေကို လိုက်နာခြင်းမရှိ၊ တည်ဆဲဥပဒေများသာမက ၎င်းတို့၏ ရုပ်သေးလွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဥပဒေများကိုလည်း လိုက်နာလေ့မရှိ၊ ဥပမာအားဖြင့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအတွက် လယ်မြေဧက ၇၀၀၀ ကျော်သိမ်းရာတွင် မြေသိမ်းအက်ဥပဒေပါ နည်းလမ်းများအတိုင်း မြေမသိမ်းမီ ဆောင်ရွက်ခြင်းမရှိ၊ လယ်သိမ်းခံ ပြည်သူများနှင့် ဝမ်ပေါင်ကုမ္ပဏီတို့ စာချုပ်ချုပ်ရာတွင် ခြိမ်းခြောက်ခြင်း၊ အလွဲပြောဆိုခြင်း၊ မလျော်သြဇာသုံးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း၊ ဒေသခံပြည်သူများ၏ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခွင့်အရေးများဖြစ်သော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးလှည့်လည်ခြင်းတို့ကို ပိတ်ပင်ချိုးဖောက်ခဲ့ကြောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြနေသည့် သံဃာတော်များနှင့် ပြည်သူများအား ဖြိုခွဲရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က မီးစုန်းပါသော လက်နက်များကို သုံးစွဲခဲ့ကြောင်း၊ မြေသိမ်းလျော်ကြေးပေးရာတွင် အစိုးရက ပြည်သူများအား ထိုက်တန်သော လျော်ကြေးမပေးခဲ့ကြောင်း နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးခဲ့သည့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာတွင် မလွှဲမရှောင်သာ ထည့်သွင်းဖော်ပြ ဝန်ခံခဲ့ရပေသည်။ ယခုအချိန်ထိလည်း စစ်အစိုးရသည် မည်သည့်လယ်သမားကိုမျှ ထိုက်တန်သော လျော်ကြေးမပေး။ ဗိုလ်ချုပ်ကြီးနေဝင်း ဆိုရှယ်လစ်အစိုးရလက်ထက်က လုပ်သားပြည်သူများဟုလည်းကောင်း၊ တောင်သူလယ်သမား ဦးကြီးများဟုလည်းကောင်း၊ အရပ်သားအမည်ခံ စစ်အစိုးရခေါင်းဆောင် ဦးသိန်းစိန်က မိဘပြည်သူများဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲနေသော်လည်း မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းပိုင် ကန့်ဘလူ၊ ဇီးကုန်း သကြားစက်တွင် လယ်သမားများအား (၁၆. ၆. ၂၀၁၄) နေ့က ဒုဗိုလ်ချုပ်ကြီးမြင့်စိုး၏ စိန်ခေါ်ပြုမူချက်များမှာ ပြည်သူများအား ၎င်းတို့၏ ကျေးတော်မျိုး၊ ကျွန်တော်မျိုးများအဖြစ်သာ သဘော ထားကြောင်း ထင်ရှားနေပေသည်။

၂၀၁၄ ခုနှစ် UNDP အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် လူဦးရေသန်း ၅၀ ခန့်ရှိပြီး ကျေးလက်နေထိုင်သူ ဦးရေ (၇၀ – ၈၀%) ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် မြေမဲ့၊ ယာမဲ့ဖြစ်ခြင်း၊ အထွေထွေသွင်းအားစု (General input) မရှိမှုတို့ကြောင့် ကျေးလက်လူဦးရေသည် ၆၃.၃%ထိ ကျဆင်းလာမည်ဟု ခန့်မှန်းထားသည်။ ၁၉၉၃ သန်းခေါင်စာရင်း ကောက်ယူမှုအရ မြေယာပိုင်ဆိုင်မှု ၈၀% ကျော်သည် ၅ ကေအောက်တွင်သာ ရှိသည်။ ၁၉၉၇ စာရင်းအရ ကျေးလက်လူဦးရေ ၁/၃ ပုံတွင် လယ်မြေမရှိ၊ ၄၀%က အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းမရှိ၊ ၂၅%က မြေမဲ့၊ ယာမဲ့ ဆင်းရဲသားများဖြစ်သည်။ ဤအခြေခံ လူတန်းစား၏ ဘဝလွတ်မြောက်ရေး၊ လူတလုံးသူတလုံး ဖြစ်မြောက်ရေးကို မဖော်ဆောင်နိုင်လျှင် မည်သည့်စနစ်မျှ မအောင်မြင်နိုင်။

၁၉၄၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ရန်ကုန်မြို့ ဆိုရန်တိုဗီလာ အဆောက်အအုံ၌ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးလျက် ဗမာနိုင်ငံ၏ စီးပွားရေး ကွန်ဖရင့်ကြီးတခု ကျင်းပပြုလုပ်ခဲ့သည်။ ယင်းကွန်ဖရင့်မှ လယ်ယာမြေ ၂ နှစ်စီမံကိန်းတရပ်ကို စစ်ပြီးခေတ် ဗမာနိုင်ငံအခြေအနေနှင့် ကိုက်ညီအောင် ရေးဆွဲခဲ့သည်။ ယင်းစီမံကိန်း၏ ရည်ရွယ်ချက် ၃ ရပ်မှာ

(၁) မြေပိုင်ရှင်စနစ်ကိုဖျက်၍ ကိုယ်ထိလက်ရောက်လုပ်သော တောင်သူလယ်သမားများအား လယ်ယာမြေများကို မျှတစွာဝေငှရန်နှင့် တောင်သူလယ်သမားလက်မှ မြေပိုင်ရှင်လက်သို့ နောက်ထပ်လယ်မြေများ မရောက်စေရန်။

(၂) ဗမာနိုင်ငံ၌ လူဦးရေအများဆုံးဖြစ်သည့် တောင်သူလယ်သမားများကို ကြီးပွားချမ်းသာစေရန်နှင့် ခေတ်မီသော လောကဓာတ်ပညာနှင့် လယ်ယာစိုက်ပျိုး၍ ယင်းတို့ ရသင့်ရထိုက်သော စီးပွားရေးဝေစုကို အကျိုးတူခံစားခွင့်ရရန်၊ စပါးဈေးကို "ငှက်ခါးပျံသလို နိမ့်ချည်မြင့်ချည်" မကစားစေဘဲ တည်တံ့စွာ ရှိစေခြင်းဖြင့် ယင်းတို့အား အကျိုးခံစားစေရန်။

(၃) စစ်မဖြစ်မီ ဗမာနိုင်ငံက ထွက်သော ဆန်စပါးစံချိန်အမီ မြန်နိုင်သမျှမြန်အောင် ထွက်စေပြီးလျှင် အခြား ဆီ၊ ဂျုတ်၊ ကြက်သွန် စသည့် ကောက်ပဲသီးနှံများကို နိုင်ငံသားများအဖို့ ဖူလုံနိုင်စေရန် စိုက်ပျိုးမည့် သီးနှံဇယားများကို ရေးဆွဲချမှတ်ရန်တို့ ဖြစ်ပါသည်။

ဤဆုံးဖြတ်ချက်များအရ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလ အဖွဲ့ကြီး၏ လွတ်လပ်ရေးရပြီးနောက် လုပ်ငန်းစဉ်များတွင် လယ်သမားများ၏ဘဝကို အထောက်အကူပြုရန် ရည်ရွယ်ခဲ့ကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၀ (၁၄) တွင် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်သည် နိုင်ငံတော်ဖြစ်သည်ဟု ပြဋ္ဌာန်းခဲ့သော်လည်း ပုဒ်မခွဲ ၂ နှင့် ၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားခဲ့သည်။

ပုဒ်မ ၂။ ဤအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ မြေယာပိုင်ခွင့်စနစ်များကို စည်းမျဉ်းတကျ ဖြစ်စေရန်သော်လည်းကောင်း၊ လွှဲပြောင်းရန်သော်လည်းကောင်း၊ ဖျက်သိမ်းရန်သော်လည်းကောင်း နိုင်ငံတော်၌ အခွင့်အရေး ရှိရမည်။ သို့တည်းမဟုတ် မည်သည့်မြေယာကိုမဆို ပြန်လည်သိမ်းယူပြီးလျှင် ထိုမြေယာကို စုပေါင်းစိုက်ပျိုးရေးအတွက် ဖြစ်စေ၊ သမဝါယမ စိုက်ပျိုးရေးအတွက်ဖြစ်စေ၊ လယ်သီးစားသမားများသို့ဖြစ်စေ ဝေငှရန် အခွင့်အရေး ရှိရမည်။

ပုဒ်မ ၃။ မည်သည့်အခြေခံစနစ်နှင့်မျှ မြေယာအမြောက်အမြား ပိုင်ဆိုင်သော အခွင့်မရှိစေရ။ တဦးတည်းပိုင်ဖြစ်သော မြေယာ၏ အများဆုံးမြေကေ အရေအတွက်ကို အကြောင်းညီညွတ်လျှင် ညီညွတ်ခြင်း တရားဥပဒေဖြင့် သတ်မှတ်ရမည်။

ထို့ကြောင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော်က လယ်ယာမြေအားလုံး ပိုင်ဆိုင်သည်ဆိုခြင်းမှာ လယ်ယာမြေများကို မြေမဲ့၊ ယာမဲ့ လယ်သမားများထံ ပြန်လည်ခွဲဝေပေးရန်နှင့် မြေရှင်စနစ်ကို ဆန့်ကျင်တိုက်ခိုက်ရန် ဖြစ်ကြောင်း ထင်ရှားပါသည်။ အာဏာရ ဖဆပလ အစိုးရက ၁၉၅၃ ခုနှစ် လယ်ယာမြေ

နိုင်ငံပိုင်ပြုလုပ်ရေးဥပဒေ ပြဋ္ဌာန်းပြီး မြေယာဝေခြမ်းရေး ပြုလုပ်သကဲ့သို့ ထိုစဉ်က ဖဆပလအစိုးရကို လက်နက်စွဲကိုင် တော်လှန်နေကြသည့် ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်ပါတီတို့ကလည်း ၎င်းတို့သိမ်းပိုက်ထားသည့် လွတ်မြောက်ဒေသများတွင် အလားတူ မြေယာဝေခြမ်းခြင်း ပြုလုပ်ခဲ့ကြသည်။ ထိုခေတ်၏ မြေယာလမ်းစဉ် ကြွေးကြော်သံမှာ "လယ်လုပ်သူလယ်ပိုင်ရေး" ဖြစ်သည်။

၁၉၇၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် မြေယာအားလုံး၏ ပင်ရင်း ပိုင်ရှင်သည် နိုင်ငံတော်ဖြစ်သည်ဟု ထပ်မံညွှန်းဆိုခဲ့ကြသော်လည်း မြေယာဝေခြမ်းရန်သော်လည်းကောင်း၊ မြေရှင် စနစ်မပေါ်ပေါက်စေရန် ကန့်သတ်ချက်များပါဝင်ခြင်း မရှိတော့ပေ။ ကြွေးကြော်သံမှာလည်း လယ်လုပ်သူ လယ်ပိုင်ရေးမှ လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်ရရေးသို့ ရွေ့လျားသွားပြီး ထာဝစဉ်လယ်ကူလီ ဖြစ်ရေး၊ ထာဝစဉ်မြေကျွန်ဖြစ်ရေး၊ ပဒေသရာဇ်မြေရှင် စနစ်အား စစ်အစိုးရ မြေရှင်ကြီးစနစ်ဖြင့် အစားထိုး ရေးသို့ ပြောင်းလဲသွားခဲ့သည်။ ဤ သဘောတရားရေး အခြေခံပေါ်တွင် နိုင်ငံတော်ဟူသည် စစ်အစိုးရ စစ်တပ်ဖြစ်သည်ဟု ကောက်ယူပြီး မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်အဖြစ် ရေမြေ့ရှင်မင်းတရား လမ်းစဉ်ဖြင့် မြေသိမ်းခဲ့ကြခြင်း ဖြစ်ပါသည်။

အခန်း (၃)

ဤမျှဆိုလျှင် စစ်အစိုးရအဆက်ဆက်၏ မြေသိမ်းပိုက်မှုများမှာ ဥပဒေမဲ့ဖြစ်ကြောင်း ထင်ရှားလောက်ပါပြီ။ ဗမာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ၁၉၃၆ ခုနှစ်မှ ၁၉၄၁ ခုနှစ်အတွင်း ပျမ်းမျှအသားတင် စိုက်ပျိုးသည့် မြေဧရိယာပေါင်းမှာ (၁၇,၄၆၇,၀၀၀) ဧကရှိ၍ စုစုပေါင်း စိုက်ပျိုးသည့် ဧရိယာ၊ အသားတင်စိုက်ပျိုးသည့် မြေဧရိယာနှင့် သီးထပ်စိုက်ပျိုးသည့် မြေဧရိယာပေါင်းမှာ (၁၈,၆၈၄,၀၀၀) ဧကရှိလေသည်။ ၁၉၆၁ – ၆၂ ခုနှစ်တွင် အသားတင် စိုက်ပျိုးသည့် ဧရိယာပေါင်းမှာ (၁၇,၆၉၈,၀၀၀) ဧကရှိ၍ စုစုပေါင်း စိုက်ပျိုးသည့် ဧရိယာပေါင်းမှာ (၁၉,၀၁၃,၀၀၀) ဧက ရှိလေသည်။ ဆန်စပါးစိုက်ပျိုးသည့် ဧရိယာကို သီးသန့်ထုတ်နုတ်၍ တင်ပြရသော် ၁၉၃၆ ခုနှစ်မှ ၁၉၄၁ ခုနှစ်အတွင်း ပျမ်းမျှ စိုက်ပျိုးသည့် ဧရိယာမှာ (၁၂၃၉၈၀၀၀) ဧကရှိ၍ ၁၉၆၁ – ၆၂ ခုနှစ်တွင် (၁၁,၃၅၀,၀၀၀) ဧကသာ ရှိသည်ကို တွေ့ရ သည်။ ဤအခြေအနေတွင် မည်သို့ပင် လေလုံးထွားနေကြစေကာမူ တိုင်းပြည်၏ အဓိကစီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေး **(Agro -based- economy)** ဖြစ်ကြောင်း အဓိကဖြေရှင်းရမည့် ပြဿနာမှာ မြေယာပြဿနာဖြစ်ကြောင်း အခိုင်အမာပေါ်ပေါက်ပါသည်။

ထို့ကြောင့်ပင် ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်နောက် ဗြိတိသျှအစိုးရ ဗမာနိုင်ငံသို့ ပြန်လည် ဝင်ရောက်လာသောအခါ သီးစားအက်ဥပဒေနှင့် ၁၉၄၅ ခုနှစ် မြေယာပဋိပက္ခ အက်ဥပဒေများကို အရေးတကြီး ထုတ်ပြန်ဆောင်ရွက်လေသည်။ ထိုသို့အရေးတကြီး စီမံရခြင်းအကြောင်းမှာ စစ်ကြီးပြီးစတွင် တကမ္ဘာလုံး စားနပ်ရိက္ခာရှားပါး၍ ဆန်စပါးဈေးများ အလွန်မြင့်တက်နေချိန်တွင် ရှေးက ဗမာနိုင်ငံတွင် အမြတ်ထုတ်ခဲ့ကြသော ဗြိတိသျှအရင်းရှင် ကုမ္ပဏီကြီးများ အချိန်မီ ဆန်စပါးကိုဝယ်ယူ၍ ပြည်ပသို့တင်ပို့ ရောင်းချခြင်းဖြင့် အမြတ်ကြီးစွာ ရရှိစေရန် အဓိကဖြစ်ပေသည်။ ၁၉၄၅ ခုနှစ်အလယ်လောက်တွင် ဗြိတိသျှစစ်အုပ်ချုပ်ရေးအဖွဲ့သည် တောင်သူလယ်သမားများအား ကောက်ပဲသီးနှံအမျိုးစုံနိုင်သလောက်စုံအောင် စိုက်ပျိုးကြရန် တိုက်တွန်းနှိုးဆော်ခဲ့လေသည်။ ၁၉၄၅ – ၄၆ ခုနှစ်တွင် ဗြိတိသျှအစိုးရသည် တောင်သူ လယ်သမားများအား လယ်လုပ်ကိရိယာများ အဝတ်အစားများနှင့် အိမ်သုံးပစ္စည်းများကို အကြွေး ရောင်းချခြင်းဖြင့် လယ်ယာ တိုးချဲ့စိုက်ပျိုးလာအောင် ပရိယာယ်အမျိုးမျိုးဖြင့် ကြိုးစားခဲ့လေသည်။ ယင်းတိုးချဲ့ စိုက်ပျိုးမြေယာအတွက် တဧကလျှင် ဆုငွေ ၁၂ ကျပ် ချီးမြှင့်မည်ဖြစ်ကြောင်းလည်း ကြေညာသည်။ ၁၉၄၆ – ၄၇ ခုနှစ် ဧပြီလတွင် ဘဏ္ဍာတော်မင်းကြီးကိုယ်တိုင် ကျွဲ၊ နွား၊ မျိုးစပါးနှင့် လယ်ယာလုပ်ငန်းတွင် မရှိမဖြစ်သော ပစ္စည်းများကို ဝယ်ယူရန်အတွက် တောင်သူလယ်သမားများအား အမတော်ကြေးငွေများ အမြဲထုတ်ချေးရန် အမိန့်တရပ်ကိုလည်း ထုတ်ပြန်ကြေညာခဲ့ပြန်သည်။ ထို့နောက် ၁၉၄၇ ခုနှစ်တွင် လယ်ယာလုပ်ငန်းဆိုင်ရာ ကြွေးမြီများ ဆိုင်းငံ့ထားရေး အက်ဥပဒေ တရပ်ကိုလည်း ပြဋ္ဌာန်းခဲ့သေးသည်။ ထိုဥပဒေတွင် ၁၉၄၅ ခုနှစ်အောက်တိုဘာလ ၁၆ ရက်နေ့ မတိုင်မီက တင်ရှိသော လယ်ယာလုပ်ငန်းဆိုင်ရာ ကြွေးမြီများကို ၆ လဆိုင်းငံ့ထားကြောင်း ပါရှိလေသည်။

ထို့အတူ ၁၉၄၈ ခုနှစ် လွတ်လပ်ရေး ရရှိပြီးနောက် လယ်ယာလုပ်ငန်း တိုးတက်ရေးအတွက် ၁၉၄၈ ခုနှစ် လယ်ယာအလုပ်သမား အနည်းဆုံး အခကြေးငွေ အက်ဥပဒေကိုလည်းကောင်း၊ ၁၉၄၈ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ**(နောင်တွင်ပြင်ဆင်ချက်များ ထည့်သွင်းပြီး ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ)** တို့ကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၆၂ ခုနှစ် ဗိုလ်နေဝင်းစစ်အစိုးရက တော်လှန်ရေးကောင်စီ အမည်ဖြင့် အုပ်ချုပ်စဉ် ၁၉၆၃ ခုနှစ် သီးစားခ ချထားရေးဥပဒေနှင့် ၁၉၆၃ ခုနှစ် တောင်သူလယ်သမား ကာကွယ်စောင့်ရှောက်သည့် ဥပဒေတို့ကို ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေကို ပြင်ဆင်ဖြည့်စွက်ပြီး ၁၉၆၅ ခုနှစ် သီးစားခချထားရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့သည်။ ထိုအချိန်မှ အစပြု၍ ပုဂ္ဂလိကမြေရှင်စနစ်နေရာတွင် စစ်အစိုးရ မြေရှင်ကြီးစနစ် ပေါ်ပေါက်လာသည်ဟု ဆိုနိုင်မည်ထင်ပါသည်။ ပုဂ္ဂလိက အနေဖြင့် ၁၉၉၉ ခုနှစ် နဝတ စစ်အစိုးရလက်ထက် ခရိုနီကုမ္ပဏီကြီးများအား လယ်မြေဧက ထောင်နှင့် သောင်းနှင့်ချီ၍ လုပ်ပိုင်ခွင့်ပေးခဲ့ခြင်းဖြင့် ပုဂ္ဂလိကမြေရှင်စနစ်ကို ပြန်လည်အသက်သွင်းခဲ့သည်။

အစိုးရအသီးသီးအနက် ၁၉၈၈ နောက်ပိုင်း စစ်အစိုးရအဆက်ဆက်တို့၏ မြေယာပေါ်လစီသည် အဖောက်ပြန်ဆုံး၊ ဖြောင်အကျဆုံး၊ လက်ရဲဇက်ရဲ အနိုင်ဆုံးဖြစ်သည်ကို တွေ့ရပေသည်။ တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ပြဋ္ဌာန်းခဲ့သည့် ၁၉၆၃ ခုနှစ်တောင်သူလယ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၃ ၏ ပြဋ္ဌာန်းပါရှိသည့် တရားမရုံးတခု၏ ဒီကရီ (သို့) အမိန့်ဖြင့် လယ်ယာမြေ ထွန်၊ ထယ်၊ ကျွဲ၊ နွား၊ လယ်ယာသုံးကိရိယာ တန်ဆာပလာများကို ဝရမ်းကပ်ခြင်း၊ သိမ်းဆည်းခြင်း၊ လယ်သမားကို လယ်ယာအတွင်း မဝင်ရ၊ မလုပ်ကိုင်ရဟု တားမြစ်ခြင်း၊ ကုန်ထုတ်ကိရိယာများ၊ လယ်ယာထွက်ကုန်ပစ္စည်းများအား ရွှေ့ပြောင်းရောင်းချခြင်း မပြုရဟု မတားမြစ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ဤအချက်များမှာ အထူးအဆန်းမဟုတ်ပါ။ ၁၉၀၈ ခုနှစ် အိန္ဒိယနိုင်ငံ အက်ဥပဒေအမှတ် ၅ အဖြစ် ပြဋ္ဌာန်းထားသည့် တရားမကျင့်ထုံးဥပဒေ (The Code of Civil Procedure) ပုဒ်မ ၆၀ ပါ ပြဋ္ဌာန်းချက်များပင် ဖြစ်ပါသည်။ ဤဥပဒေများကိုပင် ဦးသိန်းစိန်အစိုးရက ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေဖြင့် ရုပ်သိမ်းခဲ့သည်။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို (၈.၁၀.၂၀၁၃)ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေတရပ်လုံးသည် ၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သည့် ဥပဒေလောက်ပင် တောင်သူလယ်သမား အခွင့်အရေးကို တိတိကျကျ ကာကွယ်ထားနိုင်ခြင်းမရှိ။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရန်နှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင် အဖွဲ့ဆိုသည်များ အားလုံးမှာ စစ်အစိုးရဝန်ကြီးများသာ အဓိကပါဝင်ပြီး လွတ်လပ်စွာ သီးနှံရွေးချယ်စိုက်ပျိုးခွင့်၊ ချေးငွေရယူခွင့်၊ တောင်သူလယ်သမားအဖွဲ့ ဖွဲ့စည်းခြင်းတို့ကို အစိုးရဝန်ကြီးများပါဝင်သည့် အဖွဲ့များက ချုပ်ကိုင် လွှမ်းမိုးထားသည်။ မြေယာစနစ်လုပ်ငန်းစဉ်၊ လမ်းစဉ်နှင့် အလားအလာအားလုံးကို စစ်အစိုးရ လက်အောက်တွင်သာ ထားရှိရန် ပြဋ္ဌာန်းထား ခြင်းဖြစ်သည်။

အစိုးရအဆက်ဆက်၏ လယ်ယာမြေဥပဒေပါ "လယ်သမား" ဟူသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လေ့လာကြည့်ခြင်းအားဖြင့် စကားလုံးများနောက်က အဘိဓမ္မာကို တူးဖော်ဖွင့်လှစ်နိုင်သည်။ ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃ (ဂ) အရ **"တောင်သူလယ်သမားဆိုသည်မှာ လယ်ယာမြေကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် မိမိလက်ဖြင့် လုပ်ကိုင်သူကို (သို့) မိမိလက်ဖြင့် အစဉ်တစိုက် လုပ်ကိုင်သူ (သို့) ဆိုင်ရာနှစ်တွင် လယ်ယာမြေကို မိမိအဓိက အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် လုပ်ငန်းလုပ်ကိုင်စဉ် တလျှောက်လုံး ကိုယ်တိုင်ကြီးကြပ် လုပ်ကိုင်သူကို ဆိုလိုသည်"** ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ၁၉၆၃ ခုနှစ် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်သည့် ဥပဒေပုဒ်မ ၂ (ခ) တွင် လယ်သမားဟူသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃ (ဂ) ပါအတိုင်း ဖွင့်ဆိုထားသည်။ ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေပုဒ်မ ၃ (င) တွင် **"တောင်သူလယ်သမားဆိုသည်မှာ မြေကိုအသုံးပြု၍ စိုက်ပျိုး/မွေးမြူလုပ်ငန်းတရပ် (သို့) နှစ်ရပ်ကို မိမိ၏ အဓိကအလုပ်အဖြစ် ကိုယ်တိုင် (သို့) ကိုယ်တိုင်အစဉ်တစိုက် လုပ်ကိုင်သူ၊ ယင်းလုပ်ငန်းများကို ဆိုင်ရာနှစ်အလိုက် လုပ်ငန်းချိန်တလျှောက်လုံး ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူ၊ ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ စိုက်ပျိုးထုတ်လုပ်ရန် (သို့) စီးပွားဖြစ် မွေးမြူလုပ်ကိုင်ရန် အရင်းအနှီးစိုက်ထုတ် ကိုယ်တိုင်လုပ်ကိုင်သူ (သို့) ကြီးကြပ်သူ ၊ မြေကိုအသုံးပြု၍ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ပါဝင်ဆောင်ရွက်သူ၊ ပျိုးပင်မျိုးနှင့် သားပေါက်များ ကိုယ်တိုင်ထုတ်လုပ် ရောင်းချသူ"** ဟုဖွင့်ဆိုထားသည်။ အဓိကထူးခြားချက်မှာ ယင်းဥပဒေပုဒ်မ ၃ (င) အပိုဒ်ခွဲ ၄ တွင် ပါရှိသည့် **"မြေကိုအသုံးပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ"** ဟူသည့် လယ်သမား အဓိပ္ပာယ်ဖွင့်ဆိုချက်ပင် ဖြစ်ပါတော့သည်။ သို့ဆိုလျှင် ခရိုနီများ၊ စစ်ဗိုလ်ချုပ်ကြီးများ၊ လက်ဝါးကြီးအုပ် ကုမ္ပဏီကြီးများသည်လည်း လယ်သမားများပင်

ဖြစ်ပါတော့သည်။ ထို့ကြောင့် လယ်ယာမြေဥပဒေများသည် မည်သူ့အကျိုးစီးပွားအတွက် မည်သူက ပြဋ္ဌာန်းထားကြောင်း ရုပ်လုံးပေါ်နေပြီဖြစ်ပါသည်။

အခန်း ၄

၁၈၂၁ ခုနှစ်တွင် စတင်၍ ဆန်စပါးလုပ်ငန်းကို လက်ဝါးကြီးအုပ် လုပ်ကိုင်ရန်အတွက် ဘုလင်ဂျာပူး (ခေါ်) ဗြိတိသျှ ကုန်သည်များ၏ အဖွဲ့ကြီးက ဈေးကစားကာ စပါးဈေးနှိမ်ချဝယ်ယူခဲ့သည်။ ၁၉၃၀ ပြည့်နှစ် ကမ္ဘာ့စီးပွားပျက် ကပ်ကြီး ကြုံသည်နှင့် စပါးဈေးမှာ မကြုံဖူးအောင် ထိုးကျခဲ့သည်။ ကိုလိုနီအစိုးရ၊ ချစ်တီးများနှင့် မြေရှင်တို့၏ ရက်ရက်စက်စက် ကုပ်သွေးစုပ်မှု၊ လူ့ခွန်တော် ၅ ကျပ်မပေးရေး ဝံသာနုလှုပ်ရှားမှုကြီးကို နယ်ချဲ့သမားက ဖိနှိပ် ချေမှုန်းသဖြင့် သေမထူးနေမထူး ဘဝဖြင့် ဆရာစံခေါင်းဆောင်သည့် သာယာဝတီ လယ်သမားသူပုန်ကြီး ပေါ်ပေါက် လာသည်။ ယနေ့ခေတ် လယ်သမားများ၏ ဘဝအခြေအနေသည် ခေတ်အဆက်ဆက် အဆိုးဝါးဆုံး အခြေအနေဟုပင် ဆိုနိုင်ပါသည်။ လယ်ယာမြေ အသိမ်းခံရမှုများမှာလည်း ခေတ်အဆက်ဆက် မကြုံစဖူး နိုင်ငံအနှံ့အပြား အကြီးအကျယ် ပေါ်ပေါက်နေသည်။ ယုဇနကုမ္ပဏီတခုတည်းမှ သိမ်းယူသော လယ်ယာမြေစုစုပေါင်းသည် ကေတသန်းနီးနီး (ပထမ ကမ္ဘာစစ်မတိုင်မီမှ ၁၉၈၈ အထိ တရားဝင် လယ်လုပ်ဧကမှာ ၁၂ သန်းသာရှိသည်။) ရှိသည်ဟု လယ်ယာမြေ ကျွမ်းကျင် သူများက ခန့်မှန်းကြသည်။ လယ်သမားများက လယ်ယာမြေ ပြန်လည်ရရှိရေး၊ မြေလျော်ကြေးရရှိရေးတို့အတွက် အားကိုးတကြီးဖြင့် နိုင်ငံတော်သမ္မတ၊ လွှတ်တော်အကြီးအကဲများ၊ လွှတ်တော်ကော်မတီများသို့ တင်ပြတိုင်တန်းကြ သည်။ အမျိုးသားလွှတ်တော်မှ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ် တင်ထွဋ်က စုံစမ်းစစ်ဆေးရေး အစီရင်ခံစာ ၂ စောင်ထုတ်ပြန်ရာ၌ အမှုပေါင်း ၃၀၀၀ ကျော်ရှိပြီး အစိုးရက ပူးပေါင်းပါဝင်မှု မရှိကြောင်း ဖော်ပြပြီး **"ငါတို့က အာဏာပဲရှိတာ၊ ဏာမရှိဘူး"**ဟု စိတ်ပျက်လက်ပျက် ထုတ်ဖော်ပြောကြားခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ်က မလိုအပ်သော တပ်သိမ်းမြေများ ပြန်ပေးရန် ညွှန်ကြားခဲ့သော်လည်း လယ်သမားများလက်ထဲ ယခုထိ ပြန်မရောက်သေး။

လယ်သမားရေး တက်ကြွလှုပ်ရှားသူများ၊ လူထုကွန်ရက်များ၊ လယ်သမားများကို ကာကွယ်သည့် ဥပဒေပညာ ရှင်များတို့သည် တဖြည်းဖြည်း လယ်သမားထုကြီးများနှင့် လက်ချင်းယှက်မိလာသည်။ ထွန်တုံးတိုက်ပွဲများ၊ ဆန္ဒဖော် ထုတ်ပွဲများ၊ ကျိန်စာတိုက်ပွဲများဖြင့် တောင်သူလယ်သမားထုကြီးက ပုဒ်မ ၁၈၊ ပုဒ်မ ၄၄၇၊ ပုဒ်မ ၅၀၅ (ခ) ၊ စစ်ပုလိပ်၊ ဂါတ်၊ ထောင်၊ တရားရုံးတို့ကို မကြောက်မရွံ့ ရင်ဆိုင်လာကြသည်။ ထိုဥပဒေတွင်းတိုက်ပွဲများသည် စစ်အာဏာရှင် စနစ်နှင့် ထိပ်တိုက်တွေ့သည့်အခါ အဆုံးအဖြတ်ပြုနိုင်၊ မပြုနိုင်၊ အာမခံချက်ရှိ၊ မရှိ အဖြေထွက်လာ လိမ့်မည်။ ထိုအခါ......။

**သုတေသီတဦး**

ဤစာတမ်းငယ်မှ စာရင်းဇယားကို —
၁။ လယ်ယာမြေသမိုင်း အကဲ (၁၊ ၂)
၂။ ၁၉၄၈ ပါလီမန်မိန့်ခွ
၃။ သက်ဆိုင်ရာဥပဒေ
၄။ The burma



# စိန်ရတုပါတီ



**ရဲဘော်ညိုအောင်**

အဖွဲ့အစည်းတခု ဖြစ်ရပ်တခုပါ။ နှစ်ဆယ့်ငါးနှစ် သက်တမ်းရှိပြီဆိုရင် ငွေရတု၊ နှစ်ငါးဆယ်ဆိုရင် ရွှေရတု၊ ခုနှစ်ဆယ့်ငါးနှစ်မှာ စိန်ရတု စသည်ဖြင့် သတ်မှတ်လေ့ရှိကြပါတယ်။ ၁၉၃၉ ဩဂုတ်လ ၁၅ ရက်နေ့မှာ စတင်တည်ထောင်ခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဒီနှစ် ၂၀၁၄ မှာတော့ (၁၉၃၉ – ၂၀၁၄) သက်တမ်း ခုနှစ်ဆယ့်ငါးနှစ်ပြည့်တဲ့နေ့ ဖြစ်ပါတယ်။ ဒီခုနှစ်ဆယ့်ငါးနှစ်အတွင်းမှာ ၁၉၃၉ မှ ၁၉၄၈ အထိ လွတ်လပ်ရေးတိုက်ပွဲ ကာလဖြစ်ခဲ့တယ်။ ဒီကာလမှာ ဗမာပြည်ကွန်မြူနစ်ပါတီက တိုက်ရိုက်အားဖြင့်သော်လည်းကောင်း၊ နည်းနာအရ သွယ်ဝိုက်ပြီးတော့ အမျိုးသားလွတ်မြောက်ရေး (လွတ်လပ်ရေးအတွက်) ရှိရှိသမျှသော တိုင်းချစ်ပြည်ချစ် လွတ်လပ်ရေး အင်အားစုတွေကို စည်းရုံးစုစည်းပြီး တိုက်ပွဲသဏ္ဍာန်မျိုးစုံဖြင့် တိုက်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်နဲ့အမေရိကန်နယ်ချဲ့၊ ဆိုဗီယက် ဆိုရှယ်နယ်ချဲ့တို့ရဲ့ စစ်အေးတိုက်ပွဲကာလကြီးပါ ဖြတ်သန်းခဲ့ရတယ်လို့ ပြောရမှာပါပဲ။ ဒါမျိုးပြောရတာဟာ တကြောင်းတခုတည်းနဲ့ ဖော်ပြနိုင်တာဖြစ်ပေမယ့် တကယ့်လက်တွေ့ကတော့ ဆယ်စုနှစ်များစွာကြာအောင် သည်းသည်းမဲမဲ တိုက်ခိုက်ရတာ ဖြစ်ပါတယ်။ ဒီတိုက်ပွဲစဉ်ကြီးအတွင်းမှာ အလွန်အဖိုးတန်တဲ့ ပါတီရဲ့ခေါင်းဆောင်တွေ၊ ရဲဘော်တွေ အထောင်အသောင်းတို့ဟာလည်း သူတို့အသက်တွေ၊ ဘဝတွေကို ရင်းနှီးခဲ့ကြရပါတယ်။ ဗဟိုအဆင့်၊ တပ်မ၊ တပ်မဟာ၊ တပ်ရင်းအဆင့်ရှိတဲ့ ကေဒါတွေဆိုတာဟာ မရေမတွက်နိုင်လောက် အောင်ပါပဲ။ သူတို့တွေထက် ပိုများတာက ‘မြေစာပင်’ လို့ အသုံးအနှုန်းခံခဲ့ရတဲ့ လူမျိုးစုံပြည်သူတွေပါ။ မိသားစုပြိုကွဲခဲ့ရ၊ ဘဝဆုံး၊ အသက်ဆုံး၊ ဆုံးရှုံးမှုကုဋေကုဋာနဲ့ လောကငရဲမှာ ရှင်သန်နေခဲ့ကြရတာဟာ ကနေ့အထိပါပဲ။ နောင်ဘယ်လောက်အထိ ခံကြရဦးမယ်ဆိုတာ မသိနိုင်တော့ပါဘူး။ စစ်အစိုးရသက်ဆိုးရှည်နေသမျှ၊ စစ်အာဏာရှင်စနစ်ရဲ့ ဒေါက်တိုင် ၂၀၀၈ အခြေခံဥပဒေ ရှင်သန်နေသမျှ ကာလပတ်လုံး တပြည်လုံး အမှောင်ဖုံးနေရဦးမှာပဲ။ ပြည်သူတွေလိုလားတဲ့ စစ်မှန်ခိုင်မာတဲ့ ငြိမ်းချမ်းရေး ညီညွတ်ရေး ဆိုတာဘယ်လိုမှ မပေါက်ဖွားနိုင်၊ ငြိမ်းချမ်းသာယာပြီး ခေတ်မီတိုးတက်တယ်ဆိုတာလည်း ဘယ်လိုမှ ဖြစ်နိုင်စရာမရှိပါဘူး။ ဒီနေ့ကာလမှာဆိုရင် ကျွန်တော်တို့တိုင်းပြည်ဟာ အင်္ဂလိပ် ဂျပန်နယ်ချဲ့သမားတို့ရဲ့ လက်အောက်မှာ နှစ်ပေါင်းတစ်ရာကျော်နဲ့ ပြည်တွင်းစစ်မီးလျှံထဲမှာ နှစ်ပေါင်းခြောက်ဆယ်ကျော် စုစုပေါင်း နှစ်ပေါင်းနှစ်ရာနီးပါးကာလကို ခက်ခက်ခဲခဲ ဆင်းဆင်းရဲရဲ ဖြတ်သန်းခဲ့ကြရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြင်တွေ့နေရတဲ့အတိုင်းပဲ။ ကျွန်တော်တို့တိုင်းပြည် ကျွန်တော်တို့ပြည်သူတွေဟာ ပျောက်ပျက်ကြေပြုန်း မသွားပါဘူး။ ပြည်သူတွေနဲ့ အေးအတူပူအမျှ တည်ရှိနေခဲ့တဲ့ ပြည်သူလူထုကြီးရဲ့ တပ်ဦးပါတီကြီးလည်း ပျောက်ပျက်မသွားခဲ့ပါဘူး။ ဒါဟာ ပြည်သူတွေရဲ့စွမ်းအား သတ္တိကို အခြေပြုအရင်းခံတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဇွဲမာန်ကြောင့်ပဲ ဖြစ်ပါတယ်။ ဒီနေ့ဆိုရင်တော့ ဒီလိုဖြစ်ရပ်ကြီးဟာ ခုနှစ်ဆယ့်ငါးနှစ်တိုင်တဲ့ စိန်ရတုသဘင်ကာလတို့ အထိရောက်ခဲ့ပါပြီ။ ဒါဟာ သမိုင်းရဲ့ တကယ်ဖြစ်ရပ်ဖြစ်သလို မှန်ကန်တဲ့ သမိုင်းဦးတည်ချက်ဆီ မမိုတ်မသုံ ရေးရှုပြီး အခက်အခဲအမျိုးမျိုးကြားမှ တည်ငြိမ်ကြံ့ခိုင်စွာ ရဲရဲဝံ့ဝံ့ လျှောက်လှမ်းသွားမယ့် ဖော်ပြချက်လက္ခဏာလည်း ဖြစ်ပါတယ်။ ဒီကနေတဆင့် တကယ့်လွတ်လပ်ရေး၊ ညီညွတ်ရေးနဲ့ တိုင်းပြည်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက် တောက်ပလင်းလက်လာဦးမှာလည်း မုချပဲဖြစ်ပါတယ်။ ဒီအလားအလာကို ပိုပြီးကောင်းကောင်း တောက်ပလာစေဖို့အတွက် ကျွန်တော်တို့ရဲ့ မွမ်းမံမှုလည်း ရှိလာရတော့မှာ ဖြစ်ပါတယ်။

ဒီမွမ်းမံမှုဆိုရာမှာ ပထမဦးစွာ အလေးထားရမှာက ပြည်သူတွေနဲ့ အေးအတူပူအမျှ တသားတထပ်တည်း စွဲမြဲတည်ရှိနေဖို့ ဖြစ်ပါတယ်။ ဒုတိယကတော့ လုပ်သမျှ၊ လုပ်ခဲ့သမျှ အမှားအမှန် အကောင်းအဆိုးအားလုံးကို ဆန္ဒစွဲကင်းစွာ၊ အမြော်အမြင်ကြီးစွာ ဝေဖန်သုံးသပ်ပြင်ဆင်ကြဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ပြောလေ့ရှိခဲ့တဲ့ ပြည်သူလူထုကြီးနဲ့ ရင်းရင်းနှီးနှီး ဆက်သွယ်ပေါင်းစပ်တဲ့ လုပ်ဟန်နဲ့ ကိုယ့်ကိုယ်ကိုဝေဖန်ရေးနဲ့ ရဲရဲရင့်ရင့်အဆက်မပြတ် ကျင့်သုံးဖို့လိုတယ်လို့သာ အတိုချုပ်ပြီး ပြောရမယ်ထင်ပါတယ်။

ကျွန်တော်တို့ဟာ စစ်ကြောင်းနှစ်ကြောင်း တိုက်ပွဲဆင်ရင်းနဲ့ပဲ မရှိရာမှရှိရာသို့ အားနည်းရာမှ အားကြီးရာသို့ စင်စစ်တိုးပွားခဲ့တာ ဖြစ်ပါတယ်။ ရှေ့လျှောက်ပြီးတော့လည်း ပြည်သူ့ရန်သူကို မညှာမတာ တိုက်ပွဲဆင်ရင်း မိမိကိုယ်ကိုနဲ့ မိမိအတွင်းပိုင်းကိုလည်း ထပ်တူပြတ်သားစွာ ပြင်ဆင်စိုက်ထူ တည်ဆောက်ရင်း အင်ပြည့်အားပြည့်နဲ့ ဆက်လက်ချီတက်ကြရဦးမှာ ဖြစ်ပါတယ်။ ဝေဖန်ရေးနဲ့ မိမိကိုယ့်ကိုဝေဖန်ရေးဟာ ဒီခရီးလမ်းအတွက် အကောင်းဆုံး အဆင်တန်ဆာပါပဲ။ ဝေဖန်ရေးနဲ့ ကိုယ့်ကိုယ်ကိုဝေဖန်ရေးကို အဆက်မပြတ် စွဲမြဲကျင့်သုံးနေသမျှ ပါတီဟာ ဘယ်တော့မှ ဟောင်းအိုသွားမှာ မဟုတ်ပါဘူး။ အဖွဲ့အစည်းသဘောဖြစ်စေ၊ တဦးချင်းသဘောဖြစ်စေ ပါတီဟာ အမြဲနုပျိုလန်းဆန်းပြီး ခွန်အားပြည့်ဝတောက်ပနေမှာ ဖြစ်ပါတယ်။ ။

# မိုးသောက်ကြယ်နီ ထွန်းလင်းစ



**နီထွန်း**

ကွန်မြူနစ်ဝါဒသည် ဗမာပြည်သို့ အမှတ်မထင်ရောက်ရှိလာခြင်းမဟုတ်။ ခေတ်သမိုင်း၏ လိုအပ်ချက်အရ အစီအစဉ်တကျ ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီမပေါ်မီ နှစ်ပေါင်းနှစ်ဆယ်ခန့်လောက်ကပင် မာ့က်စ်ဝါဒ ဗမာပြည်သို့ ဝင်ရောက်လာသည့် ခြေရာများကို ထင်ရှားစွာ တွေ့မြင်နိုင်လေသည်။ ထိုနှစ်များအတွင်း ကမ္ဘာတဝန်းလုံးတွင် ပထမကမ္ဘာစစ်ဖြစ်ပြီးစ၊ ကမ္ဘာ့ပြည်သူတို့ နိုင်ငံရေးနိုးကြားလာချိန်ဖြစ်၍ ရုရှားပြည်တွင် မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး အောင်ပွဲခံပြီးစ အချိန်လည်းဖြစ်သည်။ ဗမာပြည်တွင် ၁၉၁၅ ခုနှစ် ချောက်ရေနံမြေမှ အမေရိကန် ရေနံတွင်းတူး အလုပ်သမားများသပိတ်၊ ၁၉၁၇ခုနှစ် ရေနံချောင်းရေနံမြေမှ ဘီအိုစီစာရေးသပိတ်နှင့် ၁၉၂၀သံလျင်ရေနံချက်စက်ရုံ အလုပ်သမားသပိတ် အတွေ့အကြုံများရှိနေခဲ့ပြီး ၁၉၂၀ ပထမအကြိမ် ကျောင်းသားသပိတ်လည်း ဖြစ်ပွားနေကာ ဂျီစီဘီအေခေါ် ဗမာအမျိုးသား အသင်းချုပ်ကြီး ပေါ်ပေါက်လာချိန်နှင့်လည်း ကိုက်ညီနေပေသည်။

ပထမဦးစွာ ဗမာစာပေတွင် မာ့က်စ်ဝါဒ အရေးအသားများ စတင်တွေ့ရှိ ဖတ်ရှုမိသည်တို့ကို တင်ပြလိုပေသည်။ ၁၉၂၀ ဧပြီလထုတ် ပညာအလင်းမဂ္ဂဇင်း အတွဲ ၁ အမှတ် ၆ စာမျက်နှာ ၇၆၌ ဆောင်းပါးရှင် ဒဂီးက ရုရှား ဗော်ရှီဗစ်အသင်း၏ ဝါဒကို ဤသို့ ဖော်ပြထား၏ "ကမ္ဘာပေါ်တွင် ဆင်းရဲသူ၊ ချမ်းသာသူ တညီတညွတ်တည်း ရှိရမည်။ ငွေများသော သူဌေးကြီးများ၏ ဘဏ္ဍာငွေကို လူပေါင်းများစွာ မျှတပြီး သုံးစွဲကြရမည်။ အလုပ်ရှင်အလုပ်သမားဟူ၍ မခြားနား၊ ချမ်းသာသုခ တသားတည်း ဖြစ်စေရမည်။"ဟု ဆို၏။ တွေ့ရှိသမျှတွင် ဤဆောင်းပါးသည် ဗမာစာပေတွင် ကွန်မြူနစ်ဝါဒအကြောင်း ပထမဆုံး ဖော်ပြပါရှိသည့် ဆောင်းပါးဖြစ်သော်လည်း သူ့ထက်စောသည်လည်း ရှိနိုင်သေးပေသည်။ ကွန်မြူနစ်ဝါဒအကြောင်းကို စာရေးသူက သူနားလည်သလို တင်ပြထားခြင်းသာဖြစ်၍ မာ့က်စ်ဝါဒနှင့် မကိုက်ညီသည်များ ပါဝင်နေပေသည်။ ၎င်းပြင် ဗော်ရှီဗစ်အသင်း၏ သီချင်းရည်ရွယ်ချက်မှာလည်း ဆိုရှယ်လစ်ဝါဒ ရည်ရွယ်ချက် အပြည့်အဝပါရှိကြောင်း ပညာအလင်းမဂ္ဂဇင်း အတွဲ ၁ အမှတ် ၆ စာမျက်နှာ ၁၀၆—၁၀၇ ၌ ဒဂီးက ဖော်ထုတ်ရေးသားခဲ့၏။ "လောကမှာ အလွတ်ချမ်းသာတဲ့သူ အလွတ်ဆင်းရဲတဲ့သူရယ်လို့ မရှိဘူး။ သူပိုင်ကိုယ်ပိုင်ပစ္စည်း မခြားစေရ။ မျှမျှတတ ကမ္ဘာ့ပစ္စည်းကို သုံးစွဲကြရမည်။ ကမ္ဘာပေါ်မှာ ဆင်းရဲချမ်းသာ တူမျှစွာ နေထိုင်ကြရမယ်။ အမြင့်အနိမ့် မရှိစေရဘူး။" ဟူ၍ တင်ပြထားသည်။ ကွန်မြူနစ်ဝါဒ တရားကိုယ်နှင့် ကွာဟနေသော်လည်း ခေတ်ဦးအခြေအနေကို ထင်ဟပ်ဖော်ပြ နိုင်သည်ဟုသာ ယူဆရန်ရှိပါသည်။

၁၉၂၃ ဇန်နဝါရီ ၁၀ ရက်နေ့ထုတ် နေပြည်တော်ဂျာနယ် အတွဲ ၂ အမှတ် ၂ စာမျက်နှာ ၁၁–၁၂တွင် ဆောင်းပါးရှင် ရွှေလုံကလည်း "ဆိုရှယ်လစ်ဝါဒ ဟူသည် မည်ကဲ့သို့သော အယူဝါဒနည်းဟူသော ဆောင်းပါးတွင် ဗမာနိုင်ငံ၌ သတ္တု၊ သစ်တောတန်ဖိုးမှာ တနှစ် ငွေငါးကုဋေကျော်ဝင်၏။ ၎င်းဝင်ငွေကို သူဌေးတဦးတည်း ပိုင်ဆိုင်ခွင့် မပေးရ။ အစိုးရက ပိုင်ရမည်။ ၎င်းငွေဖြင့် ပြည်ထဲရေးတွင် သုံးစွဲရမည်။ မြေခွန်၊ လူခွန်များ လွတ်ကင်းပေးရမည် ဖြစ်၏။ အစိုးရ သစ်တောများ၊ သတ္တုတွင်းများ၊ မီးရထားများ အုပ်ချုပ်၍ ရငွေကို ဘုံပစ္စည်း လုပ်ပေးရမည်ဟူ၍ ဖော်ပြထားသည်။ ဤနေရာ၌ ပြည်သူပိုင် သဘောကို ရောထွေးဆွေးနွေးနေခြင်း ဖြစ်ပါသည်။ ပြည်သူပိုင် ဆိုသည်မှာ သူများအိတ်ထဲက ပိုက်ဆံကို နှိုက်ရန်မဟုတ်။ ကုန်ထုတ်အရင်းအနှီးကို လူ့အဖွဲ့အစည်းပိုင် ပြုလုပ်ခြင်းသာ ဖြစ်ပေသည်။

ထို့အပြင် ၁၉၂၃ ဇန်နဝါရီ ၁၀ ရက်နေ့ထုတ် နေပြည်တော်ဂျာနယ် အတွဲ ၂ အမှတ် ၂ စာမျက်နှာ ၂၂ တွင်လည်း "ကွန်မြူနစ်ဝါဒအရ အမျိုး အနွယ် ကောက်ရာတွင် လူတမျိုးလုံးကို မနုဿဘုံသား အားလုံးဖြစ်သည်ဟု ဆိုလိုသည်။ အလုပ်ရှင်၊ အလုပ်သမား၊ အရာရှိနှင့် ဆင်းရဲသား၊ သူဌေးနှင့် လူမွဲ၊ ဂုဏ်ရှိသူနှင့် ဂုဏ်မဲ့သူအားလုံး အဆင့်အတန်းမခွဲခြား တသားတည်း ခြုံ၍ခေါ်သည်။" ဟု တင်းဘုတ်က "ကွန်မြူနစ်ဝါဒဟူသည် အဘယ်နည်း"ဆောင်းပါး၌ တင်ပြထားခဲ့သည်။ မာ့က်စ်နှင့် အိန်ဂယ်တို့သည် ပဲရစ်ကွန်မြူးမဖြစ်မီ သူတို့၏ အတွေးအခေါ်ကို ကွန်မြူနစ်ဝါဒဟု အမည်မတပ်နိုင်ခဲ့ပေ။ ထိုစဉ်က "စစ်မှန်သော လူသားဝါ' (Real Humanism)" ဟုခေါ်ဝေါ်ရန် သဘောတူခဲ့ဖူးကြောင်း သူတို့၏ပေးစာများအရ သိရပေသည်။ မာ့က်စ်နှင့် အိန်ဂယ်တို့သည် လူမျိုးရေးခွဲခြားမှုကို အလိုမရှိခဲ့ကြပေ။ ထို့ပြင် အများထင်သလို လူတန်းစားကွဲပြားမှုကို စတင်

ဖော်ထုတ်သူမှာ မာ့က်စ်နှင့် အိန်ဂယ်တို့ မဟုတ်ခဲ့ကြပေ။ အရင်းရှင်ဘောဂဗေဒ၏ ခေါင်းကိုင်ဖခင်ဟုဆိုရမည့် အဒမ်စမစ်က လုပ်အားတန်ဖိုး ကွဲပြားမှုကို ဘောဂဗေဒနည်းအရ စတင်သရုပ်ခွဲသူဖြစ်ပေသည်။ မာ့က်စ်နှင့် အိန်ဂယ်တို့သည် လုပ်အားတန်ဖိုးအာဏာရှင်စနစ်ကို စတင်ထုတ်ဖော် ဆွေးနွေးသူများသာ ဖြစ်ပေသည်။ ထို့ပြင် ဖဟိုချုပ်ကိုင်မှုကို ကွန်မြူနစ်များက စတင်ဖော်ထုတ်ကျင့်သုံးခြင်းလည်း မဟုတ်ပေ။ စျေးကွက် ပေါ်ထွန်းလာခြင်း၊ မြို့ပြ၌လူဦးရေ စုစည်းလာခြင်းနှင့် ဗဟိုကချုပ်ကိုင်သည့် နိုင်ငံတော်အာဏာ ပေါ်ထွန်းလာခြင်းတို့သည် အရင်းရှင်စနစ်၏ ကနဦး ဖွံ့ဖြိုးတိုးတက်မှု အဆင့်များသာဖြစ်ပေသည်။ မာ့က်စ်နှင့် အိန်ဂယ်တို့ဆောင်ရွက်ခဲ့သည်မှာ ဗဟိုချုပ်ကိုင်မှု၌ ဒီမိုကရေစီရေး အနှစ်သာရကို သွတ်သွင်းပေးခြင်းမျှသာ ဖြစ်ပေသည်။

"ကွန်မြူနစ်ဝါဒဟူသည် အဘယ်နည်း" ဆောင်းပါးကို နေပြည်တော်ဂျာနယ်၌ အခန်းဆက်ဖော်ပြခဲ့ပါသည်။ "ကွန်မြူနစ်ဝါဒဟူသည်ကား သမဝါယမနည်းနှင့် ဘုံဆိုင်သော ပစ္စည်းရရန် စီးပွားရေးစိတ်ကူးတမျိုးပင် ဖြစ်ပါသည်။" ဟု တင်းဘုတ်က အနှစ်ချုပ်တင်ပြထားသည်။ ကွန်မြူနစ်ဝါဒနှင့် ပတ်သက်သော ကျမ်းရင်းများ မတင်သွင်းနိုင်မီ အခြေအနေက မိတ်ဆက်ဖော်ပြချက်များပင် ဖြစ်ပေသည်။ ထိုခေတ်အခြေအနေက ဗမာလူငယ်များမှာ ကွန်မြူနစ်ဝါဒ၏ နယ်ချဲ့ဆန့်ကျင်ရေး အနှစ်သာရကို သဘောကျခဲ့ပေမည်။ အရင်းရှင်စနစ်ဆိုး၏ ဖိနှိပ်မှုဒဏ်ကြောင့် အရင်းရှင်စနစ် ဖျက်သိမ်းရေးကိုလည်း အင်မတန်လိုလားပေလိမ့်မည်။ ထို့မျှမက ဆိုဗီယက်ယူနီယံ၏ အောင်မြင်မှုကိုလည်း နှစ်ခြိုက်အားကျမည်သာ။ ထို့ကြောင့်ပင် ကွန်မြူနစ်ဝါဒသည် ဗမာလူငယ်များကြားတွင် တနေ့တခြား ပိုပြီးရေပန်းစားလာခဲ့ပေမည်။

ထိုခေတ်အခြေအနေကို စာရေးသူတင်းဘုတ်က "ဖော်ရှီဇစ်ဝါဒ"သည် ဥရောပတွင် ပျံ့နှံ့၏။ ထိုစဉ်က အင်္ဂလန်တွင် ၎င်းဝါဒ ပျံ့နှံ့မည်ကို အထူး စိုးရိမ်၏။ ဗမာနိုင်ငံ၏ အိမ်နီးချင်းဖြစ်သော တရုတ်ပြည် ဟန်ကောင်၊ ရှန်ဟိုင်းနှင့် ဟောင်ကောင်မြို့များတွင်လည်း အထူးဆူပူနေပြီး ဖော်ရှီဇစ်တို့က အားပေးသော ကန်တုန်အစိုးရသည် အရေးသာနေချိန်ဖြစ်၏။ မန်ချူးရီးယားတွင် ဖော်ရှီဇစ်တပ်သား ငါးသောင်း တပ်ဖွဲ့နေ၏။" ဟု ရေးသားဖော်ပြ ခဲ့ပေသည်။ ထို့ကြောင့်ပင် ဗြိတိသျှအစိုးရသည် ဗမာပြည်သို့ ကွန်မြူနစ်ဝါဒ စိမ့်ဝင်လာမည်ကို ပိတ်ပင်တားဆီးခဲ့ပေသည်။ သို့သော် သမိုင်းရေစီးကို တားဆီး၍ မရနိုင်ခဲ့ပေ။

တားဆီးပိတ်ပင်မှုများ အကြားကပင် ကွန်မြူနစ်ဝါဒသည် တစထက်တစပို၍ ပျံ့နှံ့လာခဲ့ပေသည်။ မစ္စတာဖာနီဗယ်၊ ဒေါက်တာဦးဆက်၊ ဦးဖေမောင်တင်တို့တည်ထောင်သော Burma Book Club အမည်ရှိ ဗမာပြည်စာအုပ်အသင်းမှလည်း ပလေတို၏ သမ္မတနိုင်ငံကျမ်း၊ အရစ္စတိုတယ်၏ နိုင်ငံရေးအတွေးအခေါ်များကျမ်း၊ သောမတ်မိုး၏ ယူတိုးပီးယားကျမ်းတို့ကို တင်သွင်းလာခဲ့၏။

၁၉၂၇ ခုနှစ်တွင် ထုတ်ဝေသော ဦးဘဦး၏ နိုင်ငံရေးပညာစာအုပ်သည် ကမ္ဘာပေါ်၌ လူအမျိုးမျိုးတို့၏ သူ့ခေတ်နှင့်သူ တွေ့ကြုံခဲ့ကြဖူးသော နိုင်ငံရေးအတွေ့အကြုံများကို တခုစီခွဲ၍ဖော်ပြထားသည်။ "စိန့်ဆိုင်မွန်၏ဝါဒ၊ ဖူရီးယေး၏ဝါဒ၊ စက်ရုံကို သမဝါယမနည်းဖြင့် ငွေရှင်နှင့် အလုပ်သမားများ အစုစပ်ပိုင်ဆိုင်စေမည့် စက်ရုံတည်ထောင်ပေးရမည်ဟူသော ရော့ဗတ် အိုဝင်၏ဝါဒ၊ လူဝီဗလန့်၏ဝါဒ အစရှိသော ဆိုရှယ်လစ်နွယ်သော ဝါဒများကို ဖော်ပြထား၏။ နိုင်ငံတကာတွင်ရှိသော အလုပ်သမားအားလုံး ပေါင်းစည်းညီညွတ်ပြီး ဆင်းရဲသားအကျိုး ဖြစ်ထွန်းရေးကို ဆောင်ရွက်ရမည်ဟူသော ကားလ်မာ့က်စ်ဝါဒ၊ ကွန်မြူနစ်ဝါဒ၊ မင်းအစိုးရကို မနှစ်မြို့သော အနာ့ခစ်ဝါဒ၊ မင်းအစိုးရကို အဆောင်ထားသော ဆိုရှယ်လစ်ဝါဒ ၊ မင်းကောင်းမင်းမြတ်ကို အားကိုးသည့် ဆီဇာရစ်ဝါဒ များကိုလည်း ထုတ်ဖော်ရေးသားခဲ့သည်။" ဟု ဆိုပါသည်။

၁၉၂၇ခုနှစ် စက်တင်ဘာ ၇ရက်နေ့ထုတ် ဗန္ဓုလဂျာနယ်၌ ဆောင်းပါးရှင် ကြေးအားက "ရုရှားပြည်ကြီး ကြီးပွားခြင်း" ဟူသောခေါင်းစဉ်ဖြင့် ကွန်မြူနစ်တို့အကြောင်းကို မိတ်ဆက်ဖော်ပြပေးခဲ့သည်။ အငြိမ်းစားအရေးပိုင်မင်း ဦးရွှေသားကလည်း ဆိုင်းယင့် ပညာနှင့် ကံကမ္ဘာအလင်းကျမ်းတွင် ရုရှနိုင်ငံ၏ ဘုံဝါဒအကြောင်းကို ထည့်သွင်းရေးသားခဲ့သည်။ ဂီစီဘီအေခေါင်းဆောင် ဂျာမနီပြန်ဦးစုသည် ၁၉၂၈ ခုနှစ်မှစ၍ သတင်းစာနှင့် ဂျာနယ်များတွင် ဆိုရှယ်လစ်ဝါဒအကြောင်း စတင်ရေးသားလာသည်။ ဘုံဝါဒဟူသော ဝေါဟာရကို စတင်တီထွင်သူမှာ တို့ဗမာအစည်းအရုံးကို စတင်တည်ထောင်သူ သခင်ဘသောင်းပင်ဖြစ်သည်။ သခင်မြကလည်း ဆိုရှယ်လစ်ဝါဒ အကြောင်းကို တို့ဗမာအစည်းအရုံးညီလာခံ၌ စတင် ဟောပြောခဲ့သည်။

တရုတ်ပြည်တွင်လည်း ကွန်မြူနစ်လှုပ်ရှားမှု အရှိန်အဟုန်မြင့်တက်လာရာ ပင်လယ်ရပ်ခြား တရုတ်အမျိုးသားများမှတဆင့် အရှေ့တောင်အာရှ နိုင်ငံများသို့ ကွန်မြူနစ်ဝါဒ ပျံ့နှံ့ခဲ့လေသည်။ ၁၉၂၈ခုနှစ် မေလတွင် ရှန်ဟိုင်းမှ ရန်ကုန်သို့ရောက်လာသော ဂူဝေဆိုင်နှင့် ဇနီးတို့သည် ကွန်မြူနစ်ဝါဒ ပြန့်ပွားရေးကို အာရုံစိုက်၍ လုပ်ဆောင်ခဲ့သည်။ ဂူက တရုတ်ဘာသာနှင့် ထုတ်ဝေသော ဗမာပြည်သတင်းစာ၏ အယ်ဒီတာဖြစ်၍ သူ၏ဇနီးမှာ ရန်ကုန်ရှိ ဖန်မင်းတရုတ်စာသင်ကျောင်းတွင် ဆရာမလုပ်ခဲ့သည်။ ရန်ကုန်တရုတ်တန်းတွင် ကွန်မြူနစ်စာရွက် စာတမ်းများ ဖြန့်ချိကြပြီး ကွန်မြူနစ်ကလာပ်စည်းကိုလည်း ထူထောင်ခဲ့သည်။ သို့သော် စင်္ကာပူ၊ မလေးရှားတို့နှင့်မတူဘဲ ဗမာပြည်တွင် တရုတ် အလုပ်သမားဆင်းရဲသားနည်း၍ စီးပွားရေးသမား တရုတ်လူမျိုးများသာများနေသဖြင့် ဂူ၏စည်းရုံးရေးမှာ ခရီးမပေါက်လှပေ။ ၁၉၂၉ ခုနှစ် ဒီဇင်ဘာလတွင် စင်္ကာပူရှိ တောင်ပင်လယ် ကွန်မြူနစ်ပါတီသို့ ဂူဝေဆိုင်းပေးပို့သော လျှို့ဝှက်မင်ဖြင့်ရေးသည့်စာမှာ ပေါက်ကြားသွားပြီး ပုလိပ်ဘက်က ခြေရာခံမိသွားတော့သည်။ သို့ဖြင့် ဂူလည်း တရုတ်ပြည် ပြန်သွားရသည်။ သူ၏ တောင်ပင်လယ်ကွန်မြူနစ်ပါတီ ဗမာပြည် ဌာနခွဲ (အထူးတိုင်း ယာယီကော်မတီ) မှ တရုတ်ရဲဘော်များလည်း ပြည်နှင်ဒဏ်ခံကြရသည်။

နောက်ထပ်တရုတ်လူမျိုး ကွန်မြူနစ်ကလာပ်စည်းတခုလည်း ပျဉ်းမနားတွင် တည်ထောင်ခဲ့သေးသည်။ သူတို့သည် စင်္ကာပူ၊ မလေးရှားတို့ရှိ ကွန်မြူနစ်လှုပ်ရှားမှုများနှင့် ထိစပ်ခဲ့ကြသော်လည်း ဗမာ့နိုင်ငံရေးနှင့်မူ အလှမ်းဝေးခဲ့ကြပုံရပါသည်။ တက်ကြွလှုပ်ရှားကြသော ဗမာလူငယ် အသိုင်းအဝိုင်းတွင် ထိုကွန်မြူနစ် ကလာပ်စည်းများ၏ သြဇာသက်ရောက်သည်ကို ထင်ထင်ရှားရှား မတွေ့ခဲ့ရပေ။ ဤအခြေအနေတွင် ဗမာအမျိုးသားထဲက ပထမဆုံး ကွန်မြူနစ်တယောက် ပေါ်ပေါက်ခဲ့လေသည်။ ထိုသူမှာ မောင်တင်အေးခေါ် အရှင်ကျော် ဆိုသူဖြစ်သည်။

ဦးကျော်ကို မြေရှင်ဦးပေါက်ချိနှင့် ဇနီးဒေါ်ငွေသဲတို့မှ ၁၉၀၇ ခုနှစ်တွင် ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ လူကြီးကျေးရွာ၌ ဖွားမြင်ခဲ့သည်။ အင်္ဂပူမြို့ အင်္ဂလိပ်ဗမာ အထက်တန်းကျောင်းမှ သတ္တမတန်းအောင်မြင်ပြီး ရန်ကုန်အစိုးရ အထက်တန်းကျောင်းသို့ ပြောင်းလာသည်။ ၁၉၂၀ပြည့်နှစ် ပထမအကြိမ် ကျောင်းသားသပိတ် ဖြစ်ပွားချိန်တွင် ကိုလံဘိုမြို့သို့ သွားရောက်ပညာသင်ပြီး လန်ဒန်မက်ထရစ်စာမေးပွဲကို ကိုလံဘိုမှ ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ဆေးပညာသင်ရန် လန်ဒန်သို့ထွက်ခဲ့ပြီး အင်္ဂလန်ရောက်သောအခါ စိတ်ပြောင်း၍ ဥပဒေပညာ သင်ခဲ့သည်။ ၁၉၂၈ ခုနှစ် လန်ဒန်မြို့တွင် တည်ထောင်သော ဗမာကျောင်းသားသမဂ္ဂ ဗဟိုစည်းရုံးရေး ) Burmese Students Union (Central Organization) အဖွဲ့၌ အတွင်းရေးမှူးဖြစ်လာသည်။

၁၉၂၉ ခုနှစ် ဇူလိုင်လတွင် ပြင်သစ်ပြည် ပဲရစ်မြို့၌ ကမ္ဘာ့အဖိနှိပ်ခံ ပြည်သူတို့၏ အစည်းအဝေး (Conference of Oppressed People of the World) ကိုကျင်းပရာ ဦးစိုးသိန်း ဂျီစီဘီအေက ကွန်ဖရင့်တက်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုအချိန်တွင် ဗြိတိသျှအစိုးရက အိန္ဒိယဥပဒေပြုကောင်စီတွင် အများဆိုင်ရာညီညွတ်ရေး ဥပဒေကို တင်သွင်းခဲ့သည်။ ထိုဥပဒေမှာ အိန္ဒိယသို့ ကွန်မြူနစ်ဝါဒ မဝင်နိုင်အောင် တားမြစ်သည့်သဘောဖြစ်၍ ဗမာများကပါ ကန့်ကွက်ရမည်ဟု ဦးစိုးသိန်း ဂျီစီဘီအေက ဆုံးဖြတ်ခဲ့သည်။ ယင်းမှာ ဦးစိုးသိန်းဂျီစီဘီအေ၏ ကွန်မြူနစ်ဝါဒအပေါ် သဘောထားဟု ယူဆရပေမည်။ ၁၉၃၁ ခုနှစ်၌ အင်္ဂလန်ကွန်မြူနစ်တို့ ကြီးမှူးကျင်းပသည့် ဗမာပြည်မျက်နှာစုံညီ အစည်းအဝေးတွင် ဦးကျော်မှာ ထင်ရှားလာခဲ့ပေသည်။ သူသည် အင်္ဂလန်ရှိ နယ်ချဲ့ဆန့်ကျင်ရေး အဖွဲ့ချုပ်နှင့်လည်း ချိတ်ဆက်မိခဲ့လေသည်။

ထိုအချိန်၌ ဗမာပြည်တွင် သာယာဝတီလယ်သမားသူပုန်ကြီး ဖြစ်ပွားလျက်ရှိပေပြီ။ ဂျီစီဘီအေသည်လည်းကောင်း၊ တို့ဗမာ အစည်းအရုံးသည်လည်းကောင်း လယ်သမားသူပုန်တို့၏ လက်နက်ကိုင်တော်လှန်ရေးကို လှိုက်လှဲစွာ အားပေးခဲ့သည်ဟု မတွေ့ရပေ။ မျိုးချစ်စာရေးဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် လွှတ်တော်အမတ် တဦးဖြစ်သူ သခင်မြတို့သာ လယ်သမားသူပုန်ဘက်မှ ရပ်တည်ခဲ့ကြသည်။ သို့သော် လယ်သမားသူပုန် ခေါင်းဆောင် ဆရာစံက သူရေးသားပြုစုသော "လက္ခဏာဇုကျမ်း" အတွက် စာမူခရငွေ ၁၆၉ ကျပ်ကို တို့ဗမာအစည်းအရုံးသို့ လှူဒါန်းခဲ့ပြီး ထိုငွေဖြင့် ဆရာစံစာကြည့်တိုက် ထူထောင်ခဲ့ကြောင်း တွေ့ရှိရသည်။ တို့ဗမာအစည်းအရုံးမှ ဆရာစံစာကြည့်တိုက်သည် အင်္ဂလန်ရှိ လက်ဝဲစာအုပ်အသင်းနှင့် ချိတ်ဆက်ပြီး ဆိုရှယ်လစ်ဝါဒ သဘောတရားနှင့် အတွေ့အကြုံများ၊ ဆိုဗီယက်ကွန်မြူနစ်ဝါဒ၊ လီနင်လက်ရွေးစင်ကျမ်းများ၊ ကားလ်မာ့က်စ် လက်ရွေးစင်ကျမ်းများ ဝယ်ယူဖတ်ရှုခဲ့ကြောင်း တွေ့ရှိရသည်။

ဦးကျော်ကမူ ဆရာစံလယ်သမား သူပုန်ဘက်မှ ရပ်တည်ပြီး ဗမာပြည်မှလယ်သမားသူပုန် (The Peasant in Burma) အမည်ရှိ စာတမ်းကို အလုပ်သမားနေ့စဉ် (Daily Worker) သတင်းစာ၌ ရေးသားဖော်ပြခဲ့သည်။ တော်လှန်ရေးသဘော ပါရှိသည့် မြေယာတော်လှန်ရေးကသာ ဗြိတိသျှနယ်ချဲ့စနစ်ကို ဖျက်သိမ်းနိုင်မည်ဖြစ်ကြောင်း ထောက်ပြဝေဖန်ထားသည်။ အဖိနှိပ်ခံအာရှတိုက်သား ပြည်သူတို့၏ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် ဗမာပြည်သည် အရေးကြီးသော ကွင်းဆက်နေရာ ရောက်နေကြောင်းလည်း တင်ပြထားပေသည်။ ဆရာစံလယ်သမားသူပုန်သည် လူမဆန်ရက်စက်စွာ အချေမှုန်းခံရသော်လည်း အကျိုးမဲ့ အချည်းနှီးမဖြစ်ခဲ့ပေ။ ဗမာပြည်သူတို့အား မြေယာဘောဂဗေဒ လက်တွေ့ပြဿနာများကို သင်ကြားပြသပေးခဲ့ပြီး လက်နက်ကိုင်တော်လှန်ရေး အတွေးအခေါ်လည်း တပ်ဆင်ပေးခဲ့ပေသည်။ ဦးကျော်သည် ဆရာစံအရေးတော်ပုံကြောင့် မြေယာတော်လှန်ရေးကို အာရုံစိုက်မိလာခဲ့သည်။ ၁၉၃၁ခုနှစ်တွင်ပင် ဦးကျော်အား အင်္ဂလန်ကွန်မြူနစ်ပါတီက မော်စကိုသို့လွှတ်၍ နိုင်ငံရေးသင်တန်း တက်စေခဲ့သည်။ ဦးကျော်၏ နိုင်ငံကူးလက်မှတ်၌ မောင်တင်အေးဟု ဖော်ပြထားသည်။ နိုင်ငံကူးလက်မှတ်ပြဿနာကြောင့် ဦးကျော် မော်စကိုသို့ မရောက်ရှိ ခဲ့ပေ။

ဗမာပြည်သို့ လီနင်လက်ရွေးစင်ကျမ်း ၁၂ တွဲကို စတင်သယ်ဆောင်လာခဲ့သူမှာ ဆရာဝန်ဒေါက်တာသိန်းမောင် ဖြစ်ပါသည်။ ဒေါက်တာသိန်းမောင် သည် ၁၉၃၁ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်မှ ၁၉၃၂ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်အထိ ကျင်းပသော စားပွဲဝိုင်း မျက်နှာစုံညီ အစည်းအဝေး (Round Table Conference) မှအပြန် လီနင်လက်ရွေးစင်ကျမ်းများ ဝယ်ယူလာခဲ့ခြင်းဖြစ်ပါသည်။ ထိုစာအုပ်များကို လက်ဆင့်ကမ်း ဖတ်ရှုခြင်းဖြင့် ကွန်မြူနစ်ဝါဒကျမ်းရင်းများ ဗမာလူငယ်ထုအကြား စတင်ပျံ့နှံ့လာသည်ဟု ယူဆရသည်။ ဒေါက်တာသိန်းမောင်သည် မာ့က်စ်ဝါဒအယူအဆများကို နယူးဘားမားသတင်းစာ၌ ပင်တိုင်ရေးသားခဲ့သည်။

၁၉၃၁ ခုနှစ်တွင် ဗမာပြည်စာအုပ်အသင်းမှ စာကြည့်တိုက်ပညာ ဆည်းပူးရန် ရောက်လာသော သခင်သိန်းမောင်သည် ဦးကျော်မှတဆင့် ဗြိတိသျှ ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ်ရလေသည်။ သခင်သိန်းမောင်က သခင်ဘသောင်းနှင့် သခင်ထွန်းရွှေတို့ကို ဗြိတိသျှကွန်မြူနစ်ပါတီနှင့် ထပ်မံ ချိတ်ဆက်ပေးခဲ့သည်။ သခင်ဘသောင်း အယ်ဒီတာအဖြစ် ဆောင်ရွက်နေသော ဂန္ထလောကမှလည်း တရုတ်ပြည်နိုင်ငံရေးခေါင်းဆောင် ဒေါက်တာ ဆွန်ယက်ဆင်အကြောင်း၊ တရုတ်ပြည်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အကြောင်းတို့ကို တင်ပြပေးခဲ့သည်။ ဂန္ထလောကသာမက ဒီးဒုတ်နှင့် သူရိယတို့ကလည်း နိုင်ငံရေးကို အထူးပြု ရေးသားလာကြသည်။

တို့ဗမာအစည်းအရုံးသည် သခင်သိန်းမောင်မှတဆင့် အင်္ဂလန်ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ်ရရှိခဲ့သည်ဟု တို့ဗမာ အစည်းအရုံးသမိုင်းမှုကြမ်း စာမျက်နှာ ၄၀ တွင် ဖော်ပြထားသည်။ ထိုအချိန်မှစ၍ တို့ဗမာအစည်းအရုံးသည် အင်္ဂလန်ကွန်မြူနစ်ပါတီမှ အခါအားလျော်စွာ ထုတ်ဝေသော စာရွက်စာတမ်းများ၊ လစဉ်ထုတ် အလုပ်သမားရေးရာများ၊ နေ့စဉ်ထုတ် အလုပ်သမားသတင်းစာများကို လေ့လာခွင့် ရရှိခဲ့သည်ဟု ဆိုပါသည်။ တို့ဗမာအစည်းအရုံးသည် လေ့လာရသမျှ ဆိုရှယ်လစ်ဝါဒများကို နိုင်ငံသူနိုင်ငံသားများသို့ ဖြန့်ဝေလို၍ ၁၉၃၁ ခုနှစ် ဒီဇင်ဘာလတွင် တို့ဗမာ သတင်းစဉ်ကို စတင်ထုတ်ဝေသည်ဟု မှတ်တမ်းတွေ့ရှိသည်။ သို့သော် လက်တွေ့တွင် တို့ဗမာသတင်းစဉ်မှာ အမျိုးသားရေးကိုသာ ဇောင်းပေးထားကြောင်း တွေ့ရသည်။

## အရေးတော်ပုံဂျာနယ်

ဦးကျော်သည် ဗမာနိုင်ငံရှိ လယ်သမားသူပုန်များကို လက်နက်ဖြင့် အကြမ်းဖက်ဖြိုခွဲခဲ့သည့် လေဘာပါတီအစိုးရ၏ အပြုအမူကို ကမ္ဘာ့နယ်ချဲ့ဆန့်ကျင်ရေးအဖွဲ့ချုပ်၏ ဗြိတိန်နိုင်ငံဆိုင်ရာ အမျိုးသားကွန်ဖရင့်တွင် ကန့်ကွက်ရှုတ်ချခဲ့သည်။ ၁၉၃၂ ခုနှစ် ဇွန်လမှစ၍ သူသည် ကမ္ဘာ့နယ်ချဲ့ဆန့်ကျင်ရေး အဖွဲ့ချုပ်တွင် အမှုဆောင်တဦး ဖြစ်လာခဲ့သည်။ သူသည် ထိုအချိန်မှစ၍ အိန္ဒိယကျောင်းသားများ၏ လျှို့ဝှက်ကွန်မြူနစ် အစုများနှင့် စတင်ပတ်သက်လာခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် အိန္ဒိယကျောင်းသားများ၏ လျှို့ဝှက်ကွန်မြူနစ်အစု၌ အဖွဲ့ဝင်ဖြစ်လာသည်။ ထိုအချိန်က ဗမာပြည်သည် အိန္ဒိယ၏ အစိတ်အပိုင်းဖြစ်နေသည်။ ဦးကျော်သည် ၁၉၃၃ ခုနှစ် ဇူလိုင်လတွင် လန်ဒန်ရှိ အိန္ဒိယနိုင်ငံသစ် နိုင်ငံရေးအဖွဲ့တွင် အမှုဆောင်ဖြစ်လာပြန်သည်။

၁၉၃၃ ခုနှစ် ဒီဇင်ဘာလတွင် ဂျာမနီပြန်ဦးစုထံသို့ ဦးကျော်က စာတစောင်ရေးသားပေးပို့ခဲ့ရာ "ဒိုင်အာခီအုပ်ချုပ်ရေးစနစ်သည် ဆင်းရဲသားများကို နှိပ်ကွပ်ရန် လက်နက်တခုသာဖြစ်ကြောင်း၊ လူထုလှုပ်ရှားမှုများကို ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ပြည်သူတို့သည် အလုပ်သမားနှင့် လယ်သမား လက်ဝယ်သို့ ရယူနိုင်စေမည့် အုပ်ချုပ်ရေး စည်းမျဉ်းဥပဒေကိုသာ ရယူဖို့ ရည်မှန်းကြရမည်" ဖြစ်ကြောင်း ဖော်ပြပါရှိခဲ့သည်။ ၁၉၃၄ ခု နှစ်ဆန်းပိုင်း၌ ဦးစုထံ ပို့ခဲ့သော စာတွင် ပြည်သူတို့၏ လွတ်လပ်ရေးကို ရအောင်ယူ၍ ဗမာနိုင်ငံကို လွတ်လပ်စွာ အုပ်ချုပ်နိုင်ရေး၊ နိုင်ငံရေးနှင့် စီးပွားရေးကိစ္စများတွင် လယ်ယာပစ္စည်းမဲ့များ လွတ်လပ်စွာ ပါဝင်ရေးတို့အတွက် ဗမာနိုင်ငံရှိ အသင်းအဖွဲ့များနှင့် ညီညွတ်ချောမောစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သော ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များအသင်း၊ ဗမာကျောင်းသားများ သမဂ္ဂတို့နှင့် ဆက်သွယ်ပြီးဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုအချိန်ကစ၍ ကျောင်းသားလူငယ်များအတွင်း၌ မာ့က်စ်ဝါဒ စတင်ပျံ့နှံ့လာပုံ ရပါသည်။ ၁၉၃၄ ခုနှစ်ဦးပိုင်းကစ၍ သခင်လေးမောင်သည်လည်း ဦးကျော်နှင့် စာအပေးအယူ မကြာခဏ လုပ်ခဲ့သည်ကို တွေ့ရပါသည်။ ဗြိတိသျှအစိုးရ၏ ရန်သူတော်စာရင်း မှတ်တမ်းတွင် ဖော်ပြချက်အရ "ကွန်မြူနစ်အဖွဲ့အစည်းတရပ် ဖြစ်နေပြီဖြစ်သော ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များအသင်း၏ လုပ်ငန်းလှုပ်ရှားမှုများ အစရှိသည်တို့ ထိုစာများတွင် ပါရှိခဲ့သည်။" ဟု ဆိုပါသည်။ သခင်လေးမောင်သည် ၁၉၃၆ ခုနှစ် ဒုတိယအကြိမ် သခင်ညီလာခံ၌ တို့ဗမာ အစည်းအရုံး၏ ဥက္ကဋ္ဌဖြစ်လာပြီး ညီလာခံသဘာပတိမိန့်ခွန်းတွင် ဆိုရှယ်လစ်ဝါဒကို တို့ဗမာအစည်းအရုံး၏ တရားဝင်မူဝါဒဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့လေသည်။

၁၉၃၆ခုနှစ် ဒုတိယအကြိမ် ကျောင်းသားသပိတ်၏ ခေါင်းဆောင်များဖြစ်ကြသည့် ကိုနု၊ ကိုအောင်ဆန်း၊ ကိုကျော်ငြိမ်း၊ ကိုသိန်းဖေ၊ ကိုလှဖေတို့မှာ မာ့က်စ်ဝါဒအကြောင်း၊ ဆိုရှယ်လစ်ဝါဒအကြောင်း၊ ဆိုဗီယက်ရုရှားအကြောင်းများကို ဆောင်းပါးများရေးသားခြင်း၊ ဟောပြောခြင်းများ ပြုလုပ်နေကြပြီဖြစ်သော်လည်း ဝါဒရေးရာ လှုပ်ရှားမှုများ မရှိကြသေးပေ။ ဒီးဒုတ်ဦးဘချို၊ ဦးဘခိုင်၊ သခင်နုတို့မှာ ဘားနတ်ရှော၏ ဖေဘီယံဆိုရှယ် လစ်ဝါဒကို နှစ်သက်ကြသည်။ သခင်အောင်ဆန်း၊ သခင်ဗဟိန်း၊ ကိုကျော်ငြိမ်း၊ လက်ပံတန်းဦးဘတင်နှင့် ကိုဘဆွေတို့မှာ အင်္ဂလိပ် ဆိုရှယ်လစ်တဦးဖြစ်သူ ဂျွန်စထရက်ချီ၏ ဆိုရှယ်လစ်ဝါဒ စာအုပ်ကိုဖတ်၍ ရုရှားကွန်မြူနစ်တပိုင်း၊ ဗြိတိသျှဆိုရှယ်လစ်တပိုင်း ဖြစ်လာကြ သည်။ သခင်စိုး၊ သခင်ဗိုလ်နှင့် သခင်ကျော်စိန်တို့မှာ မာ့က်စ်ဝါဒကိုသာ စူးစိုက်၍ လေ့လာခဲ့ကြသည်။ သခင်စိုးသည် ကားလ်မာ့က်စ်၏ အရင်းကျမ်းကို အဘိဓာန်အကူအညီဖြင့်ဖတ်ပြီး ကွန်မြူနစ်ဖြစ်လာခဲ့သူ ဟုဆိုပါသည်။

တို့ဗမာအစည်းအရုံးတွင် သခင်စိုးသည် အလုပ်သမားရေးရာ ကျွမ်းကျင်သူဖြစ်လာပြီး သခင်သန်းထွန်းမှာ တောင်သူလယ်သမားရေးရာ ကျွမ်းကျင်သူ ဖြစ်လာခဲ့သည်။ သခင်စိုးသည် ရုပ်ဝါဒနှင့် ရုပ်ပိုင်းရာဇဝင်ဝါဒကို ဆိုရှယ်လစ်ဝါဒစာအုပ်တွင် ဖော်ပြခဲ့ပြီး အလုပ်သမားလောက၊ ဗမာ့တော်လှန်မှုစာအုပ်များ ရေးသားခဲ့သည်။ သခင်ဗဟိန်းက ခေတ်ရှင်လောက စာအုပ်ကို ရေးသားခဲ့ပြီး ကမ္ဘာစစ်နှင့် ဗမာ့နောင်ရေးတို့ကို ပြုစုခဲ့ပါသည်။ သခင်သိန်းဖေက ဘုံဝါဒနှင့် တို့ဗမာစာအုပ်ကို တည်းဖြတ်ထုတ်ဝေခဲ့သည်။ သခင်ဗိုလ်က ကားလ်မာ့က်စ်၊ သခင်နုက လူမွဲတို့၏ ထွက်ရပ်လမ်း၊ မိုးကြိုးက လီနင်၊ သခင်ဗစိန်က ကွန်မြူနစ်ကြေညာစာတမ်း၊ သခင်တင်က ဘုံအာဏာရှင် စတာလင်၊ သခင်သန်းထွန်းက ဗမာ့တော်လှန်ရေး လယ်သမားအရေး၊ သခင်ဗဆွေက "လောကနိဗ္ဗာန်တည်ဆောက်နေသူ စတာလင်" စာအုပ်တို့ကို ပြုစုခဲ့ကြသည်။

၁၉၃၇ ခုနှစ် ဒီဇင်ဘာလတွင် စတင်တည်ထောင်သော နဂါးနီစာအုပ်တိုက်မှ နဂါးနီဂျာနယ်၊ ကားလ်မာ့က်စ်ဝါဒ၊ ကျောင်းသားအရေးတော်ပုံ၊ ဆိုရှယ်လစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒနှင့် နိုင်ငံရေးသဘောတရား၊ ဆိုဗီယက်ဒီမိုကရေစီ ကိုယ်တွေ့များ၊ ခေတ်ရှင်ဝါဒ၊ ဒေါက်တာဂျိုဇော့ဖရီဇော်၊ ပြည်သူ့အာဏာ ပထမတွဲနှင့် ပြင်သစ်အရေးတော်ပုံကျမ်းများကို ထုတ်ဝေခဲ့ပြီး မာ့က်စ်ဝါဒကို ဗမာလူထုအကြား ပျံ့နှံ့အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဤကာလအတွင်း ၁၃၀၀ပြည့် အရေးတော်ပုံသည် ရေနံမြေသပိတ်မှ တတိယအကြိမ် ကျောင်းသားသပိတ်ကြီး ဖြစ်ပေါ်လာစေပြီး လယ်သမားထုကြီးကိုပါ ကူးစက်ကျယ်ပြန့်လာလေသည်။ ၁၃၀၀ ပြည့်အရေးတော်ပုံက ဗြိတိသျှအလိုတော်ရိ ညွန့်ပေါင်းအစိုးရကို ပြုတ်ကျသွားစေခဲ့သည်။ မာ့က်စ်ဝါဒီတို့ ရေးဆွဲသော ကြေညာချက်နှင့် လုပ်ငန်းစဉ်များကို တို့ဗမာအစည်းအရုံးက လက်ခံခဲ့သည်။ သို့သော် ၁၃၀၀ပြည့် အရေးတော်ပုံကို ကွန်မြူနစ်ကလာပ်စည်း တခုက ဦးဆောင်ခဲ့ခြင်းမရှိပေ။ တို့ဗမာအစည်းအရုံးထဲရှိ မာ့က်စ်ဝါဒီများဖြစ်သော သခင်အောင်ဆန်း၊ သခင်ဗဟိန်း၊ သခင်နု၊ သခင်သန်းထွန်း၊ သခင်စိုးတို့က အရေးတော်ပုံကို ဦးဆောင်ခဲ့ခြင်းသာ ဖြစ်ပေသည်။ ၁၃၀၀ပြည့်အရေးတော်ပုံ ဖြစ်နေဆဲ ၁၉၃၈ ခုနှစ်ထဲမှာပင် အန္တိယကွန်မြူနစ်ပါတီမှ ဂျေဂို့ရှ်ဆိုသူ ဗမာပြည်သို့ရောက်ရှိလာသည်။ ဂျေဂို့ရှ်သည် ရဲဘော်ဂိုရှယ်နှင့် မူကာဂျီတို့အား စည်းရုံးနိုင်ခဲ့သည်။ ဂိုရှယ်နှင့် မူကာဂျီတို့မှ ရဲဘော်ဒေး၊ ရဲဘော်နာ့သ်နှင့် ရဲဘော်ဘို့စ်တို့ကို ထပ်မံစည်းရုံးခဲ့သည်။ ထိုအချိန်တွင် သခင်သိန်းဖေနှင့် သခင်လှဖေတို့သည် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့တွင် ပညာသင်နေရင်း ဘင်္ဂလားပြည်နယ် ကွန်မြူနစ်ခေါင်းဆောင် မူဆာဖာအာမက်နှင့် ဆက်သွယ်မိကြပြန်သည်။ ထိုမှတဆင့် ဗမာပြည်တွင် ကွန်မြူနစ်ပါတီ ထူထောင်ရန် တတိယအင်တာနေရှင်နယ် ကွန်မြူနစ်အဖွဲ့ချုပ်သို့ ဆက်သွယ်ခဲ့ကြသည်။ ပြည်တွင်းရှိ သခင်ဗိုလ်တို့အုပ်စုသည်လည်း ရန်ကုန်မြို့သို့ လျှို့ဝှက်ရောက်ရှိနေသော တရုတ်ကွန်မြူနစ်များနှင့် ဆက်သွယ်မိပြန်သည်။

သခင်သိန်းဖေက ဗမာပြည်တွင် ကွန်မြူနစ်လှုပ်ရှားမှု အစပျိုးရန် စည်းရုံးရေးမှူးတယောက်စေလွှတ်ပေးရန် တောင်းဆိုခဲ့သည်။ အိန္ဒိယကွန်မြူနစ်ပါတီ က ဗမာပြည်သည် အင်ဒိုချိုင်းနားကျွန်းဆွယ်တွင် ပါဝင်၍ စက်ာပူ အခြေစိုက် ကွန်မြူနစ်အင်တာနေရှင်နယ် ဌာနခွဲနှင့် သက်ဆိုင်သည်ဟု ယူဆခဲ့သည်။ နောက်ဆုံးတွင် ၁၉၃၉ ခုနှစ်ဇန်နဝါရီလ၌ ပူရနန္ဒူဒတ်စ်ဂုပတား အမည်ရှိ ဘင်္ဂလီရဲဘော်အား ဗမာပြည်သို့ စေလွှတ်ရန် ဆုံးဖြတ်နိုင်ခဲ့ကြသည်။ ရဲဘော် ဂုပတားသည် စက်ာပူတွင် ဌာနချုပ်လုပ်ထားသော အင်ဒိုချိုင်းနား ကွန်မြူနစ်ပါတီ ဌာနချုပ်သို့ ပထမဦးစွာ သွားရောက် သတင်းပို့ခဲ့သည်။ ၁၉၃၉ ခုနှစ် ဩဂုတ်လတွင် ဂုပတားသည် ဗမာပြည်သို့ရောက်ရှိလာပြီး မြေအောက်ကွန်မြူနစ်ပါတီ ထူထောင်ရန် စည်းရုံးနိုင်ခဲ့လေသည်။

ဤသို့ဖြင့် ၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်တွင် အမှတ် ၁၄ မြေနုလမ်း၊ စမ်းချောင်းရှိ သခင်ဗဟိန်း၏နေအိမ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီကို စတင်တည်ထောင်နိုင်ခဲ့ကြလေသည်။ ထိုအချိန်က ပါတီ၏ စည်းရုံးဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) သခင်အောင်ဆန်း — အထွေထွေအတွင်းရေးမှူး
(၂) သခင်စိုး — လူထုခေါင်းဆောင်
(၃) ရဲဘော်ဂိုရှယ် — စည်းရုံးရေးမှူးနှင့် လျှို့ဝှက်လုပ်ငန်း
(၄) သခင်ဗဟိန်း — ကျောင်းသားစည်းရုံးရေး
(၅) သခင်လှဖေ — ဘဏ္ဍာရေးမှူး
(၆) ရဲဘော်နဝ္ထ — စာကြည့်တိုက်မှူး

(သခင်ဗိုလ်ဟာလည်း ပါတီ စတင်ထူထောင်စဉ်က ပါဝင်ခဲ့သူတဦး ဖြစ်ပါတယ်။ ။ စာတည်းအဖွဲ့)

ကွန်မြူနစ်ပါတီ စတင်ဖွဲ့စည်းရန် ကြိုးပမ်းရာတွင် သခင်သန်းထွန်း၊ သခင်သိန်းဖေနှင့် သခင်ကျော်စိန်တို့လည်း ပါဝင်ကြပါသည်။ သခင်သိန်းဖေမှာ ကျောင်းသားအရေးနှင့် ပတ်သက်ပြီး ရန်ကုန်စီရင်စု တို့ဗမာအစည်းအရုံးမှ ထုတ်ပယ်ခံထားရချိန်ဖြစ်၍ ကနဦးပါတီဝင် မဖြစ်ခဲ့ပေ။ သခင်ကျော်စိန်မှာ မည်သူနှင့်မျှ မတိုင်ပင်ဘဲ နိုင်ငံခြားကွန်မြူနစ်များနှင့် သီးခြားဆက်သွယ်ခြင်း၊ အင်္ဂလန်အတိုက်အခံ လေဘာပါတီနှင့် သီးခြားဆက်သွယ်ခြင်း၊ လျှို့ဝှက်စာရွက်စာတမ်းများ သီးခြားဖြန့်ခြင်းတို့ကြောင့် ကနဦးပါတီဝင် မဖြစ်ခဲ့ခြင်းဖြစ်သည်။ သခင်သန်းထွန်းမှာမူ အခမ်းအနားစီစဉ်ခြင်း၊ ဖိတ်စာဝေခြင်း၊ အကျွေးအမွေးမှစ၍ အစစတာဝန်ယူဆောင်ရွက်ပေးခြင်းများ ပြုလုပ်ခဲ့ပြီး ပါတီဝင်အဖြစ်အဆိုပြုသည့်အခါ သခင်အောင်ဆန်း၊ သခင်စိုးတို့ ပါနေပြီဖြစ်၍ မိမိမလိုအပ်တော့ကြောင်း မိမိအနေဖြင့် တို့ဗမာအစည်းအရုံးတွင်သာ ဇောက်ချလုပ်ကိုင်မည်ဟု ပြောကာ ငြင်းဆန်ခဲ့ပေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ပထမကလာပ်စည်း စတင်တည်ထောင်သည်နှင့် ပါတီဝင်စုဆောင်းခြင်း၊ ကေဒါ စည်းရုံးခြင်း၊ ဝါဒဖြန့်ချိခြင်း၊ လျှို့ဝှက် သင်တန်းပေးခြင်း လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ခဲ့ပေသည်။ သခင်အောင်ဆန်း၊ သခင်စိုးနှင့် ရဲဘော်ဂိုရှယ်တို့ ဦးစီးပြီး လျှို့ဝှက်ကွန်မြူနစ် သင်တန်းတခု ပို့ချခဲ့ရာ သခင်လှမြိုင်၊ သခင်တင်ထွန်း၊ ကျိုက်မရောဦးသွင်၊ ကိုခင်တို့ တက်ရောက်ခဲ့ကြကြောင်း တွေ့ရှိရပေသည်။ ပါတီသည် ထိုစဉ်က တို့ဗမာအစည်းအရုံး၊ လယ်သမားသမဂ္ဂ၊ အလုပ်သမားသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂတို့မှတဆင့် လူထုစည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၃၀ ဆရာစံလယ်သမားသူပုန် လက်နက်ကိုင်တော်လှန်ရေးနှင့် ၁၃၀၀ပြည့် အရေးတော်ပုံ အလုပ်သမား လူတန်းစား တိုက်ပွဲတို့မှ သန္ဓေတည်ကာ မာ့က်စ်ဝါဒအဘိဓမ္မာနှင့် ဗမာပြည်တော်လှန်ရေး ပကတိလက်တွေ့တို့ ချိန်သားကိုက် ပေါင်းစည်းမိကာ မီးရှူးသန့်စင် ဖွားမြင်လာခဲ့ခြင်း ဖြစ်ပေသည်။ ဗမာပြည် ကွန်မြူနစ်ပါတီသည် အလုပ်သမား လူတန်းစား တပ်ဦးဖြစ်၍ အလုပ်သမားလူတန်းစား အဘိဓမ္မာ၏ စုစည်း ဖော်ပြချက်လည်း ဖြစ်ပေသည်။ ပါတီပေါ်ပေါက်လာပြီးနောက် ဗမာပြည် လူ့အဖွဲ့အစည်းအတွင်း အသွင်သစ် တော်လှန်ရေးတရပ် စတင်လှုပ်ရှားသက်ဝင်လာခဲ့ပေတော့သတည်း။

**နီထွန်း**



ဗိုလ်ကျော်ဇောအား မုံရွာလူထုမှ
ပန်းစည်းဆက် ကြိုဆိုနေစဉ်

## ကျွန်မဆက်၍ရေးချင်သော ဖေဖေ့အကြောင်းများ

**ဆောင်းပါးအမှတ် (၃၁)**

## ဖေဖေရဲ့နိုင်ငံခြားခရီးများ

**လှကျော်ဇော**

၁၉၄၅ – ၅၀ – ၅၁ ခုနှစ်များအတွင်း ဗမာပြည်ကြီးအား ခြိမ်းခြောက်ခဲ့တဲ့ ပြည်တွင်းဆူပူမှုများကို အထူးသဖြင့် ကေအင်ဒီအိုတို့ရဲ့ တော်လှန်ပုန်ကန်မှုများကို ဖေဖေဦးစီးပြီး အတော်ငြိမ်သက်အောင် ဖြေရှင်းလိုက်နိုင်တဲ့အတွက် အဲဒီကာလက ဖေဖေဟာ တိုင်းပြည်မှာထင်ရှားကျော်ကြားလာပါတော့တယ်။

ဒါကြောင့်ပဲ အာဏာရ ဖဆပလ အစိုးရထဲက ခေါင်းဆောင်နိုင်ငံရေးသမားများက ဖေဖေကို သူတို့ဩဇာအောက်ရောက်အောင် ကြိုးစားလာကြပါတယ်။

ပထမဆုံးကြိုးစားလာသူကတော့ အဲဒီကာလဝန်ကြီးချုပ်ဦးနုပါ။ ဦးနုဟာ ကျောင်းသားခေါင်းဆောင်ဘဝက တိုးတက်သူတဦးပါ။ လက်ဝဲစာပေတွေ ဘာတွေတောင် ဘာသာပြန်ထုတ်ဝေတာတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရှေ့မှာ ဗြိတိသျှနယ်ချဲ့သမားက ဗိုလ်ချုပ်အောင်ဆန်းကို ရက်ရက်စက်စက် သတ်ပြထားလို့ရော သူကိုယ်တိုင်ရဲ့ အခြေခံရပ်တည်မှု မခိုင်မာတာကြောင့်ရော အင်္ဂလိပ်ကသူ့ကို ဝန်ကြီးချုပ်ရာထူးထိုးအပ်တဲ့အခါ လက်ယာအချောင်သမားကြီး ဖြစ်သွားပါတော့တယ်။ နဂါးနီစာအုပ်တိုက်ကထုတ်တဲ့ 'ဘုံဝါဒ' ကို ဘာသာပြန်ထားသူဖြစ်လို့ ဦးနုခေါ် သခင်နုကို တချို့အင်္ဂလိပ်တွေက ကွန်မြူနစ်လို့ ထင်နေကြလို့ ဒါကိုရှင်းစေလိုတဲ့ ဦးနုအနေနဲ့ ဘာသာတရားဘက် (လောကီ လောကုတ္တရာ ၂ ပိုင်းလုံး) အရမ်း ကိုင်းရှိုင်းပြလာနေရပါတယ်။

ဦးနုက ဖေဖေကို သူ မြစ်ဝကျွန်းပေါ်အရပ်များသို့ သင်္ဘောနဲ့စည်းရုံးရေးထွက်ရာမှာ ခေါ်သွားပါတော့တယ်။ အဲဒီသင်္ဘောပေါ်မှာ နက္ခတ်ဆရာတွေရော၊ ဗေဒင်ဆရာရောပါပြီး တရုန်းရုန်းနဲ့ သွားလေရာမှာ အချိန်ဇယားကအစ အဲဒီဆရာတွေရဲ့ ညွှန်ကြားချက်အတိုင်းလုပ်နေတာ၊

တိုင်းရေး ပြည် ရေးကိစ္စများထက် ဘုရားရှိခိုးတဲ့ ပုတီးစိပ်တဲ့အချိန်တွေကများနေတာ၊ တချို့အရေးကြီးကိစ္စများ သူ ဘုရားရှိခိုးပြီးချိန်အထိ စောင့်နေရတာ စတဲ့တိုင်းပြည်ခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင် မဆန်တဲ့လုပ်ရပ်တွေကို ဖေဖေက တွေ့မြင်ပြီး စိတ်ပျက်စိတ်ကုန် ဖြစ်လာနေပါတယ်။ ဒါကြောင့်ပဲ ဖေဖေက ဦးနုကို ခပ်တန်းတန်း ခပ်ခွာခွာပဲ ဆက်ဆံခဲ့ပါတယ်။

ဖေဖေက သူ့အတ္တုပတ္တိစာအုပ်မှာ ....“ဦးနုက ဤခရီးတွင် ကျွန်တော့်ကိုခေါ်သွားခြင်းမှာ သူ့ဘက်သားအဖြစ် သိမ်းသွင်းရန် ရည်ရွယ်ပုံရသည်။ သို့သော် ဤခရီးကပြန်လာပြီးနောက် ကျွန်တော်နှင့် ဦးနု ဆက်ဆံရေးမှာ အတော်ပင်တန်းသွားပါတော့သည်” တဲ့။

အဲဒီအချိန်မှာပဲ ဖဆပလ အစိုးရထဲ ဩဇာထက်နေတဲ့ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းက ဖေဖေ့ကို သူအနောက်နိုင်ငံတွေ ခရီးထွက်ရာမှာ ခေါ်သွားပါတော့တယ်။ အဲဒီခရီးစဉ်တွေအကြောင်း ဖေဖေက သူ့စာအုပ်ထဲမှာ အကျယ်တဝင့်ရေးပြီးပါပြီ။

ဖေဖေက အဲဒီကာလမှာ အတွေးအခေါ်ရှုပ်ထွေးမှုတွေ ဖြစ်နေပါတယ်။ ဖေဖေက ကရင်အမျိုးသားများရဲ့ ပုန်ကန်မှုကို နယ်ချဲ့အင်္ဂလိပ်ရဲ့ ပယောဂအဖြစ်ကြည့်မြင်ပြီး နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်နဲ့ အဲဒီပုန်ကန်မှုတွေကို တိုက်ခိုက်နှိမ်နင်းခဲ့တာပါ။ ဖေဖေတို့ အဲသလိုတိုက်နေတုန်းမှာပဲ ဗိုလ်နေဝင်းက အင်္ဂလန်နဲ့ အမေရိကန်ကိုလည်းကောင်း၊ ဦးနုက အိန္ဒိယကိုလည်းကောင်း ခရီးထွက်ကြပြီး သူတို့ ၂ ယောက်ပြန်လာတော့ အဲဒီနိုင်ငံတွေက စစ်လက်နက်ပစ္စည်း အကူအညီတွေ တပုံတပင်ကြီး ရလာခဲ့ပါတယ်။ အဲဒီလက်နက်တွေကြောင့်ပဲ ပြည်တွင်းစစ်အရှိန်ဟာ များစွာလျော့ကျသွားပြီး ဖဆပလ အစိုးရအတွက် အသက်ရှုချောင်သွားပါတော့တယ်။ လက်နက်ပစ္စည်းသာမက ချေးငွေတွေလည်း အမြောက်အမြား ရရှိလာခဲ့ကြပါတယ်။

ဒီတော့ ဖေဖေကအင်္ဂလိပ်တွေရဲ့ ရည်ရွယ်ချက်ကို သဘောပေါက်သွားပါတော့တယ်။ သူက သူ့စာအုပ်ထဲမှာ ဒီလိုရေးထားပါတယ်။

“လက်တွေ့တွင်မူ အင်္ဂလိပ်တို့သည် ဗမာပြည်တွင်ကြီးစိုးလွှမ်းမိုးရန် လက်တွေ့လည်း တကယ်ဖြစ်နိုင်သော မြန်မာလူမျိုးကြီးထဲမှ သူတို့ကိုမဆန့်ကျင်သော၊ အင်္ဂလိပ်ဘက်သားဖြစ်နိုင်သော ဗမာပြည်ခေတ်သစ်နိုင်ငံရေးတွင်လည်း အတော်အတန်ပါဝင်ခဲ့ပြီး ပြည်သူ့အကြားတွင်လည်း ဩဇာအသင့်အတင့်ရှိသူ မြန်မာအလိုတော်ရိများကိုသာ ပိုအလိုရှိပြီး ထိုလူမျိုးများကိုသာ အင်္ဂလိပ်တို့က ကူညီလာကြလိမ့်မည်ဟု ကျွန်တော်သိမြင်လာပါသည်။ ကရင်ပုန်ကန်မှုကို အင်္ဂလိပ်တို့က အားပေးခဲ့သည်မှာလည်း ကရင်များအာဏာရလာရေးအတွက် မဟုတ်ဘဲ လက်ရှိဗမာအစိုးရ အကျပ်အတည်းဆိုက်ပြီး အင်္ဂလိပ်များထံ ရိုကျိုးအောက်ကျို့ ဆက်ဆံလာရန်သာ အဓိကဖြစ်သည်ကို ကျွန်တော်နားလည်လာပါသည်။” ......

ဒါကြောင့်ပဲ ဖေဖေက နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ အလိုတော်ရိ ဖဆပလ အစိုးရလက်အောက်မှာ ဆက်နေလိုစိတ် မရှိတော့ဘဲ သူ့နောင်ရေးကိုတိုင်ပင်ဖို့အတွက် ဘီအိုင်အေ၊ ဘီဒီအေ ခေတ်တလျှောက် သူ့တိုက်ဖော်တိုက်ဖက် ရဲဘော်ကြီးဖြစ်ခဲ့သူ သခင်ကြီးမြင့်ကို ထောင်က လွတ်အောင်လုပ်ပြီး အဲဒီ သခင်ကြီးမြင့်ကတဆင့် ဖေဖေက ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ပြန်အဆက်ရခဲ့ပါတယ်။

အဲဒီအချိန်မှာ ဦးကျော်ငြိမ်းက ဖေဖေကို အနောက်နိုင်ငံများကို ခေါ်သွားတာပါ။ ဦးကျော်ငြိမ်းက ဖေဖေကို ကွန်မြူနစ်မှန်းသိပါတယ်။ ဒါပေမဲ့ ၁၉၄၈ ပါတီနောက်လိုက်မသွားဘဲ တပ်ထဲဆက်နေပြီး တပ်ထဲမှာလည်း ရှုပ်ရှုပ်ချုံချုံတာဝန်တွေ ဆက်ထမ်းဆောင်နေလို့ ဖေဖေအခြေခံစိတ်ကို သိပ်အကဲခတ်မရ ဖြစ်နေဟန်ရှိပါတယ်။ ဒါကြောင့် အဲဒီခရီးစဉ်မှာ အရင်းရှင် ဒီမိုကရေစီအောက်မှာ တည်ငြိမ်အေးချမ်းပြီး သာယာဝပြောချမ်းသာနေတဲ့ အရင်းရှင်နိုင်ငံကြီး၊ နိုင်ငံငယ်အတော်များများကို လှည့်လည်ကြည့်ရှုခဲ့ရပါတယ်။ ကွန်မြူနစ်စနစ်မှမဟုတ်ဘဲ အရင်းရှင်ဒီမိုကရေစီအောက်မှာလည်း နိုင်ငံတွေ၊ ပြည်သူတွေ၊ ချမ်းသာပျော်ရွှင် နိုင်တယ်ဆိုတာကို ပြသတာပါ။

ဒါပေမဲ့ ဖေဖေက ပြတ်သားပြီးနေပုံရပါတယ်။ ဒီခရီးများအတွင်း သူ့အကျိုးရှိရာရှိကြောင်းတွေကိုလည်း ရှာကြံလေ့လာပါတယ်။ ဥပမာ – လန်ဒန်ပြတိုက်ကြီးမှာ တပတ်လောက် (တခြားသူများနဲ့ လှည့်လည်ကြည့်ရှုတာတွေ နောက်မလိုက်ဘဲ) မိုးလင်းမှမိုးချုပ် တနေကုန်ပေါင်မုန့် အသားညှပ်ထည့်ယူသွားပြီး အဲဒါပဲစားပြီး ဗမာပြည်အကြောင်း ရေးသားထားချက်တွေ၊ ကမ္ဘာ့စစ်ပွဲကြီးများအကြောင်း၊ ကမ္ဘာ့စစ်သူကြီးများနဲ့ နိုင်ငံရေးသုခမိန်များအကြောင်း စတဲ့အဖိုးတန်လှတဲ့ ဗဟုသုတတွေကို သွားရောက်လေ့လာ ဆည်းပူးခဲ့ပါတယ်။

ဦးကျော်ငြိမ်းက ဖေဖေကို ယူဂိုစလပ်ကိုလည်း ခေါ်သွားပြီး ဖေဖေကိုယ်တိုင် အင်မတန်လေးစားခဲ့တဲ့ ယူဂိုစလပ်ရဲ့ သူရဲကောင်း မာရှယ်တီးတိုးနဲ့ တွေ့ပေးခဲ့ပါတယ်။ တီးတိုးဟာ ဒုတိယကမ္ဘာစစ်အတွင်းက ဖက်ဆစ်ဂျာမန်တွေကို ပြောက်ကျားစစ်ဆင်နွှဲပြီး သူ့နိုင်ငံကို လွတ်မြောက်စေနိုင်ခဲ့သူပါ။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ ဆိုဗီယက်ဆန့်ကျင်ရေး၊ ကွန်မြူနစ်ဆန့်ကျင်ရေး သမားကြီးအဖြစ် ကျော်ကြားလာခဲ့သူပါ။ ဒါကြောင့် ဖေဖေက ယူဂိုစလပ်ကိုရော၊ မာရှယ်တီးတိုးကိုရော အပြည့်အဝမထောက်ခံနိုင် ဖြစ်နေပါတယ်။ ဒီတင် ဖေဖေရဲ့အခြေခံစိတ်ဓာတ်ကို ဦးကျော်ငြိမ်းက ရိပ်မိသိရှိ သွားပါတော့တယ်။

ဒီအကြောင်းတွေကို ဖေဖေကသူ့ရဲ့စာအုပ်မှာ ရေးထားတာကို တွေ့ရှိဖတ်ရှုရတဲ့ ယခုခေတ်လူငယ်တချို့က အဲဒီတုန်းက ဘဘက ဦးကျော်ငြိမ်းပါတီထဲ ဟန်ဆောင်ဝင်လို့ရတာပဲ။ အဲသလိုဆိုရင် ဗိုလ်နေဝင်း စစ်အာဏာရှင်စနစ် ထောင်နိုင်မှာမဟုတ်ဘူး... လို့ ပြောဆိုမှုတွေ ရှိလာပါတယ်။ ဖေဖေကတော့ ... ဩော် – အဲဒီခေတ်ဆိုရှယ်လစ်တွေကို တပ်ထဲရော၊ တပ်ပြင်မှာပါ လူတွေဘယ်လောက်မုန်းတယ်ဆိုတာ သိမှမသိဘဲကိုး ... လို့ မှတ်ချက်ချပြောဆိုခဲ့ပါတယ်။

ဖေဖေက ထုတ်ဖော်ပြောဆိုခြင်း မပြုခဲ့ပေမယ့် ဖေဖေဟန်မဆောင်နိုင်တဲ့ တခြားအကြောင်းခြင်းရာတွေလည်း ရှိကောင်းရှိနိုင်ပါတယ်။ ဥပမာအားဖြင့် အဲဒီခေတ်ကာလက ဖေဖေတို့နဲ့ ပြင်သစ်မှာတွေ့ခဲ့တယ်ဆိုတဲ့ ကိုကိုမောင် (ယခု ကိုကိုမောင်ကြီး) ရေးသားပြီး ‘မြဝတီမဂ္ဂဇင်း’ မှာ လစဉ်ဆက်တိုက် ဖော်ပြခဲ့ဖူးတဲ့ ‘ပါရီတွင်သောင်တင်ခဲ့စဉ်က’ ဆောင်းပါးများပဲ ဖတ်ကြည့်ပါ။

ဖေဖေအဲသလို ခရီးထွက်နေစဉ်မှာပဲ ဦးလေးကိုကြီးမြင့်နဲ့အတူ ဖမ်းမိတဲ့ ဗိုလ်အေးဖေကို နိုင်ငံတော်သစ္စာဖောက်မှုနဲ့စစ် ခုံရုံးကသေဒဏ်ပေးခဲ့ပါတယ်။ ဗိုလ်အေးဖေကို သေဒဏ်ပေးဖို့ ထောင်ထဲကထုတ်လာပြီး မျက်လုံးကိုအဝတ်စနဲ့ပိတ်စည်းဖို့လုပ်တော့ ဗိုလ်အေးဖေက "မလိုပါဘူး မစည်းပါနဲ့၊ ခင်ဗျားတို့ လုပ်ချင်သလိုလုပ်ကြပါ" လို့ ပြောတယ်လို့ကြားရကြောင်း မေမေက ပြန်ပြောပြဖူးပါတယ်။

(မှတ်ချက်။ ။ အဲဒီဗိုလ်အေးဖေအကြောင်းကို ကိုကိုမောင်ကြီးရဲ့ 'တရံရောအခါများ' စာအုပ်မှာ ရေးသားထားချက်များကို ဖတ်ရပါတယ်။ ဂျပန်တော်လှန်ရေးအတွက် သူတို့တတွေဘယ်လောက် စွန့်စွန့်စားစား လုပ်ကိုင်ခဲ့ကြတယ် ဆိုတာကို မှတ်တမ်းတင်ပေးတဲ့အတွက် ကျေးဇူးတင်ရပါတယ်။)

ဖေဖေက ဒီကိစ္စကို နိုင်ငံခြားကပြန်လာမှ သိရတာပါ။ ဒါတွေကြောင့်ပဲ ဦးလေးကိုကြီးမြင့်က အပြင်အရပ်ထဲမှာ မနေရဲဘဲ ကျွန်မတို့နဲ့အတူ မင်္ဂလာဒုံမှာလာနေတာပါ။ ဖေဖေက ဒါတွေမြင်ရလေ ဒီအစိုးရကို စိတ်ပျက်လေဖြစ်ပြီး ပါတီနဲ့ပြန်ဆက်ခဲ့ဟန်တူပါတယ်။

ဖေဖေရဲ့ပြန်လည်ဆက်သွယ်မှုကို ပါတီကလက်ခံခဲ့ပေမယ့် ဥက္ကဋ္ဌသခင်သန်းထွန်းက ဖေဖေကိုတပ်ထဲမှာပဲ ဆက်နေဘို့ ညွှန်ကြားခဲ့ပါတယ်။ သခင်သန်းထွန်းကိုယ်တိုင်လည်း ဂျပန်ခေတ်ဝန်ကြီးဘဝ တာဝန်ထမ်းဆောင် နေချိန်တုန်းကလည်း ဂျပန်တော်လှန်ရေးလုပ်ငန်းတွေကို မြေအောက် လုပ်ဆောင်ခဲ့တဲ့ အတွေ့အကြုံရှိလေတော့ ဖေဖေကိုလည်း မြေအောက်ဘဝနဲ့ ဆက်ခိုင်းဟန်တူပါတယ်။

ဖေဖေက ဗိုလ်အေးဖေကို မကယ်လိုက်နိုင်တာကို အတော်စိတ်မကောင်းဖြစ်တယ်လို့ မေမေကပြောပြဖူးပါတယ်။ တကယ်တော့ ကွန်မြူနစ်ပါတီကပဲဖြစ်ဖြစ်၊ ပြည်သူ့ရဲဘော်ကပဲဖြစ်ဖြစ်၊ တခြားလူမျိုးစု အဖွဲ့အစည်းတွေကပဲဖြစ်ဖြစ် တိုက်ပွဲတွင်းဖမ်းဆီးမိသူများ အားလုံးကို တောတွင်းမှာပဲ စစ်တပ်က အပြတ်ရှင်းပစ်တာများပါတယ်။ ဖေဖေက ကိုယ်နဲ့တချိန်တခါက (ဥပမာ – ဂျပန်တော်လှန်ရေးအတွင်း) အတူယှဉ်တွဲပြီး တိုက်ဖော်တိုက်ဖက်၊ သေဖော်သေဖက်ဖြစ်ခဲ့သူများကို အခုလိုရက်ရက်စက်စက် သွေးအေးအေးနဲ့ သတ်ပစ်နေတာကို စက်ဆုပ်ဟန်လည်းရှိပါတယ်။

တကယ်တော့ ဗမာ့တပ်မတော်ကို စတင်ထူထောင်စဉ်ကတည်းက ဂိုဏ်း ၂ ဂိုဏ်း (ဆရာကြီး သခင်ကိုယ်တော်မှိုင်းနဲ့ သခင်ထွန်းအုပ် – သခင်ဗစိန်ဂိုဏ်း) က လူတွေနဲ့ဖွဲ့စည်းခဲ့တာပါ။ တပ်မတော်တွင်းမှာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဂိုဏ်းပေါင်းစုံကလူတွေပါဝင်ပြီး တိုင်းပြည်ကာကွယ်ရေးအတွက်ပဲ တာဝန်ထမ်းဆောင်ခဲ့ကြရင် ပြည်တွင်းစစ်လည်း မပေါ်ပေါက်နိုင်ပါဘူး။ ဒါပေမဲ့ ဒီလိုအခြေအနေကို ဗြိတိသျှ နယ်ချဲ့သမားက မမြင်လိုပါဘူး။ ဗမာပြည်ကို မလွှဲမရှောင်သာလို့သာ နိုင်ငံရေးအရ လွတ်လပ်ခွင့် ပေးလိုက်ရပေမယ့် စီးပွားရေးအရတော့ ဆက်လက်ကြိုးကိုင်နိုင်ဖို့ ကြိုးစားပါတယ်။ နယ်ချဲ့တွေရဲ့ ထောင်ချောက်ကို အတွေ့အကြုံ နုနယ်လှတဲ့ ဗမာ့နိုင်ငံရေးသမားများက မမြင်နိုင်ခဲ့ကြပါဘူး။ ဒါကြောင့်ပဲ ဗမာပြည်ကြီး ပြည်တွင်းစစ်ထောင်ချောက်ထဲကျပြီး ဒါရဲ့အကျိုးဆက်အဖြစ် စစ်အာဏာရှင်စနစ် ပေါ်ပေါက်လာခဲ့တာပါ။

နောက်ပိုင်းမှာ ဖေဖေကို တပ်ထဲက ဖြုတ်ပစ်ရာမှာ ပါဝင်ခဲ့ကြတဲ့ ဆိုရှယ်လစ်ပါတီခေါင်းဆောင်များ (တည်မြဲ ခေါင်းဆောင်များ) ဟာ ဗိုလ်နေဝင်းရဲ့ စစ်အာဏာရှင်စနစ်အောက်မှာ မိမိတို့တင်သာ ဒုက္ခရောက်ရုံမက တိုင်းပြည်ကြီးတခုလုံး ချွတ်ခြုံကျ အမှောင်တိုက်ဖုံးသွားတဲ့အခါ တစုံတရာသံဝေဂတွေ ရဟန်ရှိပါတယ်။ နောင်တစကားတွေလည်း ဆိုခဲ့ဖူးပါတယ်။

၁၉၇၂ ခုနှစ် ကျွန်မတို့မောင်အငယ်ဆုံးလေး တွတ်တွတ် ကွယ်လွန်ချိန်မှာ ဦးကျော်ငြိမ်းဟာ နာရေးသတင်း လာမေးပါတယ်။ ကျွန်မတို့ရဲ့ စမ်းချောင်းဆီဆုံလမ်း အိမ်ကလေးကို လာခဲ့တာပါ။

ထို့အတူပဲ ဦးဗဆွေကြီးနောက်ဆုံး မကျန်းမမာဖြစ်သွားတော့ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်က လူမမာသတင်း သွားမေးပါတယ်။ အဲဒီမှာ ဦးဗဆွေကြီးက "ကျုပ်တို့တော့ ဗိုလ်ကျော်ဇောကို တပ်ထဲက ထုတ်လိုက်တာ မှားသွားပြီဗျာ၊ သူသာ တပ်ထဲရှိရင် ဗိုလ်နေဝင်း ဒီလောက် ရဲမှာမဟုတ်ဘူး" လို့ ပြောကြောင်း ဒေါ်ခင်ကြည်က ကျွန်မညီမ စန်းကို ပြန်ပြောခဲ့ပါတယ်။ (အဲဒီကာလက ကျွန်မတို့တတွေ တောထဲရောက်နေပါပြီ။)

အခုအချိန်မှာလည်း စစ်အာဏာရှင်စနစ်ကို ဆက်လက်ထိန်းသိမ်းကာကွယ်လိုသူများက နည်းသဏ္ဍာန်ပေါင်းစုံ (အနုနည်းရော၊ အကြမ်းနည်းပါ) အသုံးပြုနေကြပါတယ်။ ယခုခေတ် တိုင်းချစ်၊ ပြည်ချစ်ပုဂ္ဂိုလ်များအားလုံး (အယူဝါဒမရွေး၊ ဘာသာမရွေး၊ လူမျိုးမရွေး) ရဲ့ သမိုင်းပေးတာဝန်ဟာ ဒီစစ်အာဏာရှင်စနစ်ကြီးကို ဖြိုလှဲရေး ဖြစ်ပါတယ်။ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ နိုးနိုးကြားကြားရှိဖို့ လိုအပ်လှပါတယ်။

**လှကျော်ဇော**
**၃၀ – ၆ – ၂၀၁၃။**






# နီစွေးသော သဘောတရား နှင်းဆီတပွင့်
# သို့မဟုတ် အဲလီဇဘက် ဂါလီဖလင်း

## နိုင်မြေ

စာပန်းချီပွဲလို့ မကုန်တဲ့ အမျိုးသမီးတွေ ရှိကြပေ × × ×
တမူထူးခြားတဲ့ ဟောဒီကမ္ဘာကြီးထဲမှာလေ × × ×
တချို့က နေထိုင်ကြ၊ လှပတဲ့အိမ်ကြီးတွေနဲ့လေ × × ×
တချို့က ဆင်မြန်းကြ၊ အကောင်းဆုံး ဝတ်ဆင်စရာတွေကိုလေ × × ×
မဟာဆီ မဟာသွေးကေရီဘုရင်မတွေနဲ့ ဘုရင့်သမီးတော်တွေလည်း ရှိပေ × × ×
ပုလဲရတနာတွေ ဝတ်ဆင်လို့လေ × × ×
ညို့ယူဖမ်းစားမှုကို ထုဆစ်ကြသလေ × × ×
ဒါပေမယ့်လေ × × × ဒီတယောက်ထဲမှ ဒီတယောက်တည်းသာဖြစ်တဲ့
အစစ်အမှန် အမျိုးသမီးတယောက်ရှိသလေ × × ×
သူမကတော့ × × × ဟောဒီ သူပုန်မိန်းကလေးပေ × × ×

‘သူပုန်မိန်းကလေး’
တေးရေးဆရာ ဂျိုဟီးလ်

ဖော်ပြပါ သီချင်းစာပိုဒ်ကလေးတပိုဒ်ဟာ အမေရိကန်သတ္တုတွင်း အလုပ်သမားသမဂ္ဂရဲ့ စည်းရုံးလှုံဆော်ရေးမှူး မစ္စစ်အဲလီဇဘက်ဂါလီဖလင်း (Elizabeth Gurley Flynn, ၁၈၉၀ – ၁၉၆၄) ကို ရည်စူးရေးဖွဲ့ထားတဲ့ သီချင်းတပုဒ်ထဲက အပိုဒ်တပိုဒ် ဖြစ်ပါတယ်။ သီချင်းရဲ့ခေါင်းစဉ်က သူပုန်မိန်းကလေး (The Rebel Girl ) ဖြစ်ပြီး၊ သီချင်းကို ရေးဖွဲ့သူကတော့ အမေရိကန် အလုပ်သမားတွေရဲ့ ဒဏ္ဍာရီသူရဲကောင်း (Joe Hill) ဖြစ်ပါတယ်။

သူမကို အမေရိကန်နိုင်ငံ၊ နယူးဟမ်ရှိုင်းယားပြည်နယ်၊ ကွန်းကော့မြို့မှာ ၁၈၉၀ ခုနှစ်၊ ဩဂုတ်လ (၇) ရက်နေ့မှာ မွေးဖွားပါတယ်။ သူမရဲ့မိဘတွေက အိုင်းရစ်လူမျိုး အလုပ်သမားတွေပါ။ သူမတို့ မိသားစုတွေဟာ ၁၉၀၀ ပြည့်နှစ်မှာ နယူးယောက်မြို့သို့ ပြောင်းရွှေ့လာခဲ့ကြပါတယ်။

သူမက ဒေသရှိ အစိုးရကဖွင့်တဲ့ ကျောင်းလခမပေးရတဲ့ လူထုကျောင်းမှာ ပညာသင်ခဲ့ပါတယ်။ သူမရဲ့မိဘတွေက သူမကို ဆိုရှယ်လစ်ဝါဒနဲ့ မိတ်ဆက်ပေးခဲ့ကြပါတယ်။ သူမ အသက် ၁၆ နှစ်အရွယ်မှာ ပထမဆုံးနိုင်ငံရေး မိန့်ခွန်းတရပ်ကို ပြောဆိုခဲ့ပါတယ်။ မိန့်ခွန်းပြောဆိုတဲ့နေရာက နယူးယောက်မြို့ရဲ့ ရပ်ကွက်တခုဖြစ်တဲ့ ဟာလမ်းရပ်ကွက်ရဲ့ ဟာလမ်ဆိုရှယ်လစ်ကလပ် (Harlem Socialist Club) မှာ ဖြစ်ပါတယ်။ သူမပြောတဲ့ မိန့်ခွန်းရဲ့ ခေါင်းစဉ်ကတော့ “အမျိုးသမီးများအတွက် ဆိုရှယ်လစ်ဝါဒက ဘာတွေလုပ်ပေးမှာလဲ” ဆိုတဲ့ ခေါင်းစဉ်ပဲ ဖြစ်ပါတယ်။ သူမဟာ အဲဒီနိုင်ငံရေးမိန့်ခွန်း ပြောမှုကြောင့်ကျောင်းက ထုတ်ပစ်တာခံခဲ့ရပါတယ်။ သူမဟာ ထိုအချိန်ကတည်းက အမေရိကန်ဆိုရှယ်လစ်ပါတီရဲ့ ပါတီဝင်တဦး ဖြစ်နေပြီလို့ဆိုရမှာပါ။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့ လက်ဝါးကြီးအုပ်မှုကို ဆန့်ကျင်တဲ့ အမေရိကန်အလုပ်သမားတွေရဲ့ ခါးသီးတဲ့လူတန်းစား တိုက်ပွဲဆင်နွှဲရာမှာ သူမဟာ တလျှောက်လုံးပါဝင်ခဲ့ပါတယ်။ ဒီလို သမနိရှည်လျားစွာ ပါဝင်တိုက်ပွဲဆင် ဖြတ်သန်းရင်း နောက်ဆုံးမှာ အလုပ်သမားသပိတ်တိုက်ပွဲတွေရဲ့ ခေါင်းဆောင်တဦး ဖြစ်လာပါတယ်။ ၁၉၀၇ ခုနှစ်မှာ သူမဟာ ကမ္ဘာ့စက်မှု အလုပ်သမားများအဖွဲ့ရဲ့ အချိန်ပြည့်စည်းရုံးရေးမှူး ဖြစ်လာပါတယ်။ သူမကို အမေရိကန်ပြည်သူတွေနဲ့ အမေရိကန်အလုပ်သမားတွေက ‘တက်ကြွတဲ့ စည်းရုံးရေးမှူး’၊ ‘အရှုံးမပေးတဲ့ တိုက်ပွဲဝင်သူ’၊ ‘မိန့်ခွန်းအဟောအပြောကောင်းတဲ့ မိန်းကလေး’ နဲ့ ‘နိုင်ငံရေးစာပေများ ရေးသားသူ’ အဖြစ် နိုင်ငံရေးဆန်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့ ဂုဏ်ပြုဖွင့်ဆိုကြပါတယ်။

ပင်ဆယ်ဗေးနီးယားပြည်နယ်ရှိ အထည်စက်ရုံ အလုပ်သမားလှုပ်ရှားမှု၊ နယူးဂျာစီပြည်နယ်ရှိ ပိုးချည်စက်ရုံ၊ အလုပ်သမားလှုပ်ရှားမှု၊ နယူးယောက်မြို့ရှိ စားတော်ဆက် အလုပ်သမားလှုပ်ရှားမှု၊ မင်နီဆိုတာ၊ မစ္စဆိုလာ၊ မွန်တာနားနဲ့ စပိုကာနီရှိ သတ္တုတွင်းအလုပ်သမားလှုပ်ရှားမှုနဲ့ မက်ဆာချူးဆက်ရှိ အထည်စက်ရုံ အလုပ်သမားလှုပ်ရှားမှုတွေမှာ သူမဟာ တက်ကြွစွာ ဦးဆောင်မှုပေးခဲ့ပါတယ်။ ဒီကာလတွေအတွင်း သူမရဲ့ လှုပ်ရှားမှုတွေကိုကြည့်ပြီး စာရေးဆရာ Theodore Dreiser က သူမကို ‘အရှေ့ဘက်ခြမ်းက Joan of Arc လို့ ဖော်ပြခဲ့ပါတယ်။ ၁၉၀၉ ခုနှစ်မှာ စပိုကာနီမှာ လွတ်လပ်စွာ ပြောဆိုခွင့်တိုက်ပွဲမှာ ပါဝင်ခဲ့ပါတယ်။

၁၉၂၀ ခုနှစ်တွင် ‘အမေရိကန်အရပ်ဘက် လွတ်လပ်သူများသမဂ္ဂ’ ထူထောင်သူများထဲမှာ သူမပါဝင်လာပါတယ်။ ၁၉၂၆ ခုနှစ်နဲ့ ၁၉၃၆ ခုနှစ်တွေမှာ အော်ရီဂွန်ပြည်နယ်၊ ပိုလန်းမှာနေထိုင်ပြီး၊ ကျန်းမာရေး သိပ်မကောင်းပေမယ်လည်း ‘အနောက်ဘက်ကမ်းခြေကုန်တင်ကုန်ချ အလုပ်သမားများသပိတ် (၁၉၃၄)’ မှာ နှုတ်အားဖြင့် ထောက်ခံမှုပေးခဲ့ပါတယ်။၁၉၃၆ ခုနှစ်တွင် အမေရိကန်ကွန်မြူနစ်ပါတီသို့ သူမ ဝင်ခဲ့ပြီး၊ ပါတီရဲ့ ‘လုပ်သားနေ့စဉ် ဂျာနယ်’ မှာ အမျိုးသမီးလွတ်မြောက်ရေးတွေကို ဒိုင်ခံရေးသားခဲ့ပါတယ်။ နောက် ၂ နှစ်အကြာတွင် သူမအသက် ၄၈ နှစ်မှာ အမေရိကန်ကွန်မြူနစ်ပါတီ အမျိုးသားကော်မတီမှာ အရွေးချယ်ခံရပါတယ်။ သူမဟာ ပါတီဝင်ဖြစ်သွားတဲ့အတွက် ‘အမေရိကန် အရပ်ဘက်လွတ်လပ်မှုသမဂ္ဂ’ က ထွက်ခဲ့ရပါတယ်။

အမေရိကန်အလုပ်သမား လူတန်းစားလွတ်မြောက်ရေးနဲ့ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် တသက်တာလုံး သူမ တိုက်ပွဲဝင်ခဲ့ရာမှာ အကျဉ်ထောင်ထဲကို ၁၀ ကြိမ်မျှ အပို့ခံခဲ့ရပြီး ၁၉၅၅ ခုနှစ် သူမအသက် ၆၅ နှစ်အရွယ်မှာ စမစ်အက် ဥပဒေအရ ထောင် ၃ နှစ်ကျခံပါတယ်။

၁၉၃၈ ခုနှစ်မှာ အမေရိကန်ကွန်မြူနစ်ပါတီရဲ့ အမျိုးသားကော်မတီမှာ အဖွဲ့ဝင်ဖြစ်လာခဲ့ပါတယ်။ ၁၉၃၉ ခုနှစ်မှာ ပါတီရဲ့ နိုင်ငံရေးဦးဆောင်ကော်မတီဝင် ဖြစ်လာပါတယ်။ ၁၉၅၉ ခုနှစ် နှစ်ကုန်ပိုင်းမှာ သူမဟာ အမေရိကန်ကွန်မြူနစ်ပါတီရဲ့ ဒုတိယဥက္ကဋ္ဌဖြစ်လာပြီး၊ ၁၉၆၁ ခုနှစ်မှာ အမေရိကန်ကွန်မြူနစ်ပါတီရဲ့ ဥက္ကဋ္ဌ ဖြစ်လာပါတယ်။

သူမဟာ ဆိုဗီယက်ပြည်ထောင်စုကို အကြိမ်ကြိမ်ခရီးထွက်ခဲ့ပြီး၊ ၁၉၆၄ ခုနှစ် သူမအသက် ၇၁ နှစ်အရွယ် ဆိုဗီယက်ပြည်ထောင်စု မော်စကိုမြို့မှာ ရောက်နေစဉ် ထိုမြို့၌ပင် ကွယ်လွန်ခဲ့ပါတယ်။ ဆိုဗီယက်အစိုးရဟာ သူမအား နိုင်ငံတော်ဈာပနအဖြစ် သတ်မှတ်ပြီး ရင်ပြင်နီမှာ အခမ်းအနားနဲ့ ဈာပနအခမ်းအနားကို ကျင်းပခဲ့ပါတယ်။ ဒီနောက် သူမ မကွယ်လွန်မီက ဆန္ဒအတိုင်း အမေရိကန်ပြည်ထောင်စုသို့ ရုပ် ကလပ်ကိုသယ်ဆောင်ကာ ချီကာဂိုရှိ ‘ဝါးဟိုင်းသုသာန်’ မှာ သူမရဲ့လုပ်ဖော်ကိုင်ဖက်များဖြစ်တဲ့ ‘ယူဂျင်းဒင်းနစ်’၊ ‘ဘီဟေးဝုဒ်’ တို့ရဲ့အနီးမှာ ဂူသွင်းမြှုပ်နှံခဲ့ပါတယ်။သူမပြောကြားခဲ့သော စကားတွေအနက် အလေးအနက်ရှိတဲ့စကားလို့ ဆိုနိုင်တဲ့စကားကတော့ ဒီလိုပါ။ “ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် ကွန်မြူနစ်ပါတီနဲ့ ဘယ်တော့မှ လမ်းမခွဲဘူး” ဆိုတဲ့စကား ဖြစ်ပါတယ်။

ပြီးတော့ သူမပြောကြားခဲ့သည့် စကားတွေထဲက ကိုးကားအမှတ်အသားပြုစရာ စကားတခွန်းကတော့ “သမိုင်းမှာ ရှည်ကြာလှပြီဖြစ်တဲ့ ရှုထောင့်အမြင်တရပ်ရှိပါတယ်။ ဒီအမြင်ကတော့ မင်းဆိုးမင်းညစ်တွေအပေါ် ပြင်းထန်တဲ့ တရားစီရင်ချက်တွေနဲ့ အဆုံးစွန်အပြစ်ပေးခွင့်ပြုပြီး၊ တိုက်ပွဲဝင်သူတွေ၊ ဒုက္ခခံစားရသူတွေ၊ အကျဉ်းကျခံရသူတွေ၊ လူသားလွတ်မြောက်ရေးအတွက် အသက်ပေးသူတွေနဲ့ နိုင်ငံရေးဖိနှိပ်မှုနဲ့ စီးပွားရေးကျွန်ပြုမှုတွေကို ဆန့်ကျင်တဲ့သူတွေကိုတော့ အဆုံးစွန်အပြစ် လွတ်ခွင့်ပေးတာပဲ ဖြစ်ပါတယ်”။

မည်သို့ပင်ဖြစ်စေ သူမဟာ ၁၉ ရာစု ကမ္ဘာအမျိုးသမီးထုကြီးထဲမှာတော့ တကယ်ထင်ရှားတဲ့ တိုက်ပွဲဝင် သပိတ်ခေါင်းဆောင်တဦး ဖြစ်ပါ တယ်။ အမေရိကန်ပြည်သူ၊ အမေရိကန်ပစ္စည်းမဲ့လူတန်းစား၊ အမေရိကန်အလုပ်သမားတွေနဲ့ အမေရိကန်အမျိုးသမီးတွေအတွက် တပ်ဦးက ချီတက် တိုက်ပွဲဝင်ခဲ့သူတဦး ဖြစ်ပါတယ်။ အမျိုးသမီးတဦးအနေနဲ့ ကမ္ဘာ့ထိပ်တန်း နိုင်ငံကြီးတနိုင်ငံဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ကွန်မြူနစ်ပါတီကြီးရဲ့ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြောက်ခံရသူ ဖြစ်တဲ့အတွက် ကမ္ဘာ့အမျိုးသမီးထုကြီးတရပ်လုံးက ထာဝစဉ်ဂုဏ်ယူနေရမှာ အမှန်ပင်ဖြစ်ပါတယ်။ ဒီလို နီစွေးတဲ့သဘောတရား နှင်းဆီနီတပွင့်ဖြစ်တဲ့ ‘မစ္စစ် အဲလီဇဘက် ဂါလီဖလင်း’ ကို ကျွန်ုပ်တို့ရဲ့ တော်လှန်တိုးတက်တဲ့ အမျိုးသမီးထုကြီးကလည်း ထာဝစဉ်အားကျဂုဏ်ယူ နေကြလိမ့်မယ်လို့ ယုံကြည်နေမိပါတယ်။

**ရေးသူ – နိုင်မြေ**
**ဖေဖော်ဝါရီ ၁၉၊ ၂၀၁၃ ခုနှစ်။**

# မမေ့တဲ့နိုင်

## (ဒေါ်ကြည်ကြည်)



ရဲဘော် ကြည်လေး

(

၁၆–၇–၂၀၀၁) ရက်ည ဒီမိုကရေက်တစ် မြန်မာ့အသံက လွှင့်ထုတ်သွားတဲ့ 'ဗမာပြည် အမျိုးသမီး သူရဲကောင်း ဒေါ်ကြည်ကြည် ကွယ်လွန်ခြင်း တလပြည့် အထိမ်းအမှတ်ပွဲ' ကို နယူးဒေလီမြို့မှာ ကျင်းပခဲ့ကြောင်း ဆောင်းပါးကို နားထောင်အပြီးမှာ ကျွန်မ အိပ် မရတော့ပါ။ စိတ်ဟာလည်း ဟိုးလွန်ခဲ့တဲ့ အတိတ်ကာလ(နှစ် ၄၀–၅၀) လောက်ဆီ ပြန်လည်ရောက်ရှိသွားပါတယ်။

* * *

ကျွန်မ ဒေါ်ကြည်ကြည်ကို ပထမဆုံးအကြိမ် စတင်တွေ့ခဲ့ဖူးတာကတော့ ပါတီဗဟိုစခန်း တည်ရှိရာ တောတွင်းတနေရာမှာ ပါ။

အချိန်ကတော့ ၁၉၅၁ ခုနှစ်။

အဲဒီတုန်းက တောတွင်းမှာ ပါတီဗဟိုစခန်းနဲ့ စစ်ဦးစီးဌာနချုပ်စခန်းဆိုပြီး (၂) နေရာ ခွဲထားပါတယ်။ ဗဟိုစခန်းကို 'သဇင်' လို့ လျှို့ဝှက်နာမည် ပေးထားပြီး စစ်ဦးစီးဌာနချုပ်စခန်းကိုတော့ 'နေကြာ' လို့ ခေါ်ပါတယ်။

အဲဒီတုန်းက ကျွန်မဟာ ပါတီရဲ့ မြို့နယ်ဝါဒဖြန့်ချိရေးဌာနမှာ ဝင်ရောက် တာဝန်ထမ်းဆောင်နေချိန်ပါ။ တခါတော့ ပါတီဗဟိုက မြို့နယ်အသီးသီးက ဝါဒဖြန့်ချိရေးဌာနကိုယ်စားလှယ်တွေကို 'သဇင်' စခန်းသို့ခေါ်ပြီး အစည်းအဝေးလုပ်ပါတယ်။

သဇင်စခန်းမှာ ဗဟိုဝါဒဖြန့်ချိရေးဌာနရဲ့ လုပ်ငန်းတာဝန်တွေ ထမ်းဆောင်နေတဲ့ ဦးရွှေမဲ့တို့ဆီမှာ ကျွန်မ တည်းခိုရတယ်။ ဦးရွှေမဲ့ရဲ့ ဇနီးကို ကျွန်မက 'မမနွယ်' လို့ ခေါ်ပါတယ်။

'သဇင်' စခန်းမှာ ရဲဘော်အားလုံးအတွက် ထမင်းကို ဘုံရိပ်သာအဖြစ် စုပေါင်းချက်ပြုတ်ပြီး ခွဲဝေပေးပါတယ်။ ထမင်းစားချိန် မမနွယ် ထမင်းအယူသွားတော့ ချိုင့်တွေ ပန်းကန်တွေနဲ့ မမနွယ်မနိုင်မှာစိုးလို့ ကျွန်မပါ လိုက်သွားတယ်။

"သြော် ... မနွယ် ... ထမင်းလာယူပြီလား ... လာ ... လာ"

ချွေးတလုံးလုံးနဲ့ ချက်ပြုတ်လုပ်ကိုင်နေတဲ့ အစ်မအရွယ် အမျိုးသမီးတဦးက ဖော်ဖော်ရွေရွေ ဆီးကြိုပါတယ်။ သူဟာ တခြားရဲဘော်တွေနဲ့ မမနွယ်တို့ကို ထမင်းတွေဟင်းတွေ ခွဲဝေနေရာကနေ ကျွန်မဘက် တချက်ကြည့်ပြီး ပြုံးပြကာ ...

"ညှော်သည်တွေ လောက်လောက်ငငရှိအောင် ထမင်းဟင်းတွေ ပိုမိုပိုမို ထည့်ပေးလိုက်မယ် မနွယ် ... သြော် ... နေဦး၊ ကလေးတွေစားဖို့ အစပ်မပါတဲ့ ဟင်းကောင်းတခွက် သပ်သပ်ချက်ထားတယ်။ ... မနွယ် ကလေးတွေဖို့ ထည့်ပေးလိုက် ဦးမယ်"

အလုပ်ကို ဇယ်ဆက်သလို ဒရစပ်လုပ်နေရင်းက နှုတ်ကလည်း ဖော်ဖော်ရွေရွေ ရင်းရင်းနှီးနှီး ပြောနေတဲ့ ဒီအမျိုးသမီးကို ကျွန်မ ငေးကြည့်နေမိပါတယ်။ ပင်ပင်ပန်းပန်း ချွေးတလုံးလုံးနဲ့ လုပ်ကိုင်နေတဲ့ကြားက သူ့မျက်နှာဟာ တည်ငြိမ်ခန့်ချောကာ ကြည့် ကောင်းနေတာကိုလည်း ကျွန်မသတိပြုမိပါတယ်။

"အဲဒီ အစ်မက ဘယ်သူလဲ ဟင်"

ထမင်းယူပြီးလို့ အိမ်အပြန်လမ်းမှာ ကျွန်မက သိချင်စိတ်ကို မအောင့်နိုင်ဘဲ မေးကြည့်လိုက်မိပါတယ်။

"သြော် ... မကြည်ကို ပြောတာလား ... သူက သခင်ဇင်ရဲ့ ဇနီး ဒေါ်ကြည်ကြည်လေ ... ၄၈ တော်လှန်ရေး မတိုင်ခင်က တည်းက

အမျိုးသမီးသမဂ္ဂ ခေါင်းဆောင်တဦးပေါ့ … သူ့ခင်ပွန်းသခင်ဇင်ဟာလည်း အခု ပါတီရဲ့ ဗဟိုခေါင်း ဆောင်တဦးပဲ”

ကျွန်မနဲ့ နာမည်တူတဲ့ ဒီအမျိုးသမီးသမဂ္ဂ ခေါင်းဆောင်ရဲ့နာမည်ကိုတော့ ဟိုးအရင်ကတည်းက ကျွန်မကြားဖူးပြီးသားပါ။ လူကိုတော့ အခုမှ တွေ့ဖူးမြင်ဖူးတာ ဖြစ်ပါတယ်။ ၄၈ –တော်လှန်ရေးမတိုင်မီကတည်းက အမျိုးသမီးတွေကို တည်တည်ကြည်ကြည် တက်တက်ကြွကြွနဲ့ ဟောပြောစည်းရုံးလာခဲ့သူ ခေါင်းဆောင်ဒေါ်ကြည်ကြည်။ ခေါင်းဆောင်တဦးဖြစ်လာပေမယ့် အခုလို ချက်ပြုတ် ကျွေးမွေးရေး အောက်ခြေသိမ်းအလုပ်တွေကို ချွေးတရွှဲရွှဲ လုပ်ကိုင်နေတာ မြင်တွေ့ရတော့ ကျွန်မစိတ်ထဲမှာ ကြည်ညို လေးစားစိတ်တွေ တစိမ့်စိမ့် ပေါ်လာမိပါတယ်။ မာနမကြီးတတ်ဘဲ ဖော်ဖော်ရွေရွေနဲ့ စိတ်ရင်းစေတနာကောင်းတာကိုလည်း သတိ ပြုမိပါတယ်။ ခင်ပွန်းဖြစ်သူကလည်း ပါတီရဲ့ခေါင်းဆောင်တဦး။ သူကလည်း ပါတီထဲက အမျိုးသမီးခေါင်းဆောင်တဦး။ လက်နက်ကိုင် တော်လှန်ရေးအတွင်း တောထဲတောင်တဲ အဆင်းရဲ အပင်ပန်းခံ အနစ်နာခံ ကိုယ်ကျိုးစွန့်ပြီး ပါတီနဲ့ ပြည်သူတွေကို အလုပ် အကျွေးပြုနေကြတာပါကလား။

ဒေါ်ကြည်ကြည်အကြောင်း စဉ်းစားမိတိုင်း ရဲဘော်များအတွက် မမောနိုင် မပန်းနိုင် ချက်ပြုတ်လုပ်ကိုင်နေတဲ့ပုံကို ပြန်လည် မြင်ယောင်လာစမြဲပါ။

* * *

ကျွန်မ ဒေါ်ကြည်ကြည်ကို နောက်တကြိမ် ပြန်လည်တွေ့ဆုံ ရတာကတော့ မြို့ပေါ်မှာပါ။

ဒေါ်ကြည်ကြည် တတိယအကြိမ် ထောင်ထဲမှ ထွက်လာပြီ စတုတ္ထအကြိမ် အဖမ်းခံရပြီး ထောင်ထဲမဝင်မီ ကြားကာလပေါ့။ လွန်ခဲ့တဲ့ အနှစ် ၄၀ လောက်က ၁၉၆၇ ခုနှစ် နွေဦးရာသီ နေ့လည်ခင်းတခုမှာပါ။

ကျွန်မဟာ သိမ်ကြီးဈေးဘက်သွားရင်းက သိပ်အလှမ်းမဝေးတာမို့ မမတင့် (ဦးကြီးမြင့်ရဲ့ နှမ၊ အလုပ်သမားခေါင်းဆောင် ဦး ထွန်းစိန်ရဲ့ဇနီး ဒေါ်ခင်တင့်) ရဲ့ ဈေးဆိုင်ဘက်ကို လှည့်ဝင်ခဲ့ပါတယ်။ ဆိုင်မှာ မမတင့်နဲ့ စကားပြောကောင်းနေတုန်း အမျိုး သမီးကြီးတဦး ဆိုင်ထဲဝင်လာပြီး မမတင့်နဲ့ ပြောဆိုနှုတ်ဆက်နေကြတယ်။ ကျွန်မဟာ အထက်တန်းကျကျ ဝတ်ဆင်လာပြီး ခန့်ချော ချောနေတဲ့ ဒီအမျိုးသမီးကြီးကို ကြည့်ရင်း ‘ငါမြင်ဖူးပါတယ်’ လို့ စိတ်ထဲဇဝေဇဝါ ဖြစ်နေတာနဲ့ ပြန်စဉ်းစားကြည့်နေမိတယ်။ ဘယ် သူဘယ်ဝါလို့ အတိအကျ ဖော်လို့မရသေးပါ။ သူ့ကို ငေးစိုက်ကြည့်နေတုန်းမှာပဲ သူက ကျွန်မဘက်လှည့်တဲ့ပြီး …

“ဟေး … ကြည်လေး နေကောင်းတယ်နော်။ မမရီကော နေကောင်းရဲ့လား” လို့ ဝမ်းသားအားရ နှုတ်ဆက်ပါတယ်။

ပါတီရဲဘော်တွေထဲမှာ ဒေါ်ကြည်ကြည်နဲ့ နာမည်တူ အမျိုးသမီးရဲဘော် သုံးလေးဦးရှိတာမို့ နာမည်တူ တယောက်ဖြစ်တဲ့ ကျွန်မကို ‘ကြည်လေး’ လို့ ခွဲခြားခေါ်ကြတာပါ။ ကျွန်မလည်း ထောင်ကလွတ်ကတည်းက မမရီ (လက်နက်ကိုင်တော်လှန်ရေး အတွင်း ရှမ်းပြည်မြောက်ပိုင်းခရိုင်မှာ တာဝန်ယူရင်း ၁၉၅၈ ခုနှစ်မှာ ကျဆုံးသွားခဲ့တဲ့ ဗိုလ်မှူးကြီး တင်ရီ ခေါ် သခင်တင်ဖေရဲ့ ဇနီး) နဲ့ အတူနေတာမို့ သူသိလို့ မမရီရဲ့ ကျန်းမာရေးကို မေးမြန်းနေတာ ဖြစ်ပါတယ်။

“ဟုတ်ကဲ့ … မမရီလည်း နေကောင်းပါတယ်” လို့ ကျွန်မက ရိုရိုသေသေ ပြန်ဖြေလိုက်တော့ …

“မတွေ့တာ ကြာပြီကွယ် … မမရီဆီ လာလည်ဦးမယ်၊ ဒါထက် နေပါဦး … အခု ဘယ်မှာ နေကြတာလဲ”

“လှည်းတန်း တံတားထိပ်မှာပါ”

“ဩော် … ဩော် … သိပြီ သိပြီ၊ မမရီကိုလည်း ပြောပြလိုက်ပါဦးနော်”

“ဟုတ်ကဲ့ ရှင့်” လို့ ကျွန်မလည်း ဒေါ်ကြည်ကြည်ကို တလေးတစား ပြန်ပြောပြီး နှုတ်ဆက်ထွက်ခွာလာခဲ့ပါတယ်။

သူ့ကတိအတိုင်း ဒေါ်ကြည်ကြည်ဟာ တနေ့မှာ အိမ်ကို ရောက်လာပါတယ်။ မမရီနဲ့ ဒေါ်ကြည်ကြည်တို့ စကားပြောဆိုနေ ကြတုန်း ကျွန်မလည်း ဧည့်ခံကျွေးမွေးမှုများစီစဉ်အပြီး မလှမ်းမကမ်းကနေ ထိုင်နားထောင်နေပါတယ်။

ရှင်လန်းသွက်လက်စွာ စကားပြောနေတဲ့ မမကြည်ကို ငေးကြည့်နေရင်းက ကျွန်မလည်း ဥက္ကဋ္ဌသခင်ဇင်ရဲ့ ရုပ်ပုံလွှာကို ပြန်လည်မြင်ယောင်နေမိပါတယ်။ တောတွင်းစခန်းတနေရာကို ရန်သူလေယာဉ်ပျံများက ဗုံးတွေ ဒရစပ်ကြဲချနေတုန်း အတွေ့အကြုံ မရှိတဲ့ ကျွန်မဟာ ဘယ်နေရာ ဝင်ပုန်းရမှန်း မသိဘဲ ကြောင်ငေးငေးဖြစ်နေတုန်း “ဟေး … ကြည်လေး … ဒီကိုလာခဲ့” လို့ အစ်ကိုကြီး (ဥက္ကဋ္ဌသခင်ဇင်)က လှမ်းခေါ်လိုက်ပါတယ်။ ဥက္ကဋ္ဌသခင်ဇင်ကို ကျွန်မတို့က အစ်ကိုကြီးလို့ ကျွန်မတို့က ခေါ်သားကျ နေပါပြီ။ ဥက္ကဋ္ဌသခင်ဇင်ဟာ သူပုန်းခိုနေတဲ့ နေရာကို ကျွန်မအတွက်ပေးပြီး သူကတော့ နောက်ထပ်တနေရာ သွားရှာပြီး ပုန်းခိုလိုက်ပါတယ်။

သာမန်ရဲဘော်တွေအပေါ်မှာ ကြင်ကြင်နာနာ ဂရုတစိုက်ရှိလှတဲ့ တော်လှန်ရေးဇနီးမောင်နှံပါလား။

အတိတ်အကြောင်းတွေ ပြန်လည်စဉ်းစားနေမိတုန်း မမကြည်ရဲ့ စကားသံကြောင့် ကျွန်မစိတ်ဟာ မမကြည်ရဲ့ စကားသံအ ပေါ် ပြန်လည်စူးစိုက်လာမိပြန်ပါတယ်။

အဲဒီတုန်းက မဆလအစိုးရ ရန်သူဟာ နိုင်ငံရေးသမားများကို ပုဒ်မအမျိုးမျိုးတပ်ပြီး ဖမ်း၊ ထောင်ချ၊ ထောင်ထဲမှာ နည်းမျိုးစုံ နဲ့ ဦးကျိုးအောင် ချိုးဖို့ ညှဉ်းပန်းနှိပ်စက်၊ ထောင်ကလွတ်လို့ အပြင်ရောက်လာရင်လည်း အဲဒီနိုင်ငံရေးသမားတွေကို နည်းမျိုးစုံနဲ့ အကျပ်ကိုင်ပြီး မဆလပါတီထဲ အတင်းဝင်ခိုင်းလေ့ရှိပါတယ်။ ဒါဟာ မဆလအစိုးရရဲ့ သမရိုးကျ လုပ်နည်းလုပ်ဟန်တွေပါပဲ။ အဲဒီ အကြောင်းအရာကို မမကြည်က ပြောပြနေတာပါ။

သူ့အိမ်ကို မဆလအစိုးရ အရာရှိတယောက် လာပြီး မဆလပါတီထဲဝင်ဖို့ အတင်းတိုက်တွန်းသတဲ့လေ။

“မင်းတို့ ပါတီထဲ ငါ ဝင်ဖို့ ဘာလိုသေးလဲ။ မင်းတို့က မဆလပဲ ရှိတာ၊ ငါကတော့ ‘မဆလာ’ဆိုတော့ မင်းတို့ထက် ရေးချ တလုံးတောင် ပိုနေသေးတယ်။ ဒါကြောင့် ငါက မင်းတို့ထက် ပိုသာတယ်။ ပိုမြင့်တယ်။ ဒါကြောင့် မဆလထဲ ဝင်ဖို့ မလိုပါဘူး”

မမကြည်က အဲသလို ပြောလိုက်တော့ သူ့အိမ်ကို လာတဲ့ အရာရှိဟာ အူကြောင်ကြောင် ဖြစ်သွားပြီး ဘာစကားတခွန်းမှ ပြန်မပြောနိုင်တော့ဘဲ တကြိုးတည်း လစ်သွားပါလေရောတဲ့။

မမကြည် ပြောအပြီးမှာ ကျွန်မတို့ သုံးယောက်စလုံး အားပါးတရ ရယ်မောမိကြပါတယ်။

အဲဒီတုန်းက မမကြည်က ‘လွင်’ ဟင်းမွှေးမဆလာ လုပ်ငန်းနဲ့ စီးပွားရေး အောင်မြင်နေချိန်ပေါ့။

ခင်ပွန်းသည်နဲ့ ကွဲကွာနေချိန်မှာ မမကြည်ဟာ ခင်ပွန်းသည် ကို သစ္စာမပျက်၊ ရဲဘော်တွေအပေါ်မှာ သစ္စာမပျက်၊ ပါတီ ပြည်သူနဲ့ တော်လှန်ရေးအပေါ် သစ္စာမပျက် ‘ဗေဒါပုံ အံကိုခဲပြီး’ ခရီးကြမ်းမှာ တည်တည်ငြိမ်ငြိမ် ရုန်းကန်ခဲ့တာပါ။

ရန်ကုန်မှာနေတဲ့ မမကြည်ဟာ သူလက်လှမ်းမီရာ ဒုက္ခ ရောက်နေတဲ့ တော်လှန်ရေး မိသားစု အိမ်ထောင်တွေကို တတ်နိုင်သမျှ ကြိုးပမ်းကူညီလေ့ရှိပါတယ်။ ရန်သူ့မျက်စိအောက်မှာ နေရတာ ဖြစ်ပေမယ့်လည်း မမကြည်ဟာ ‘သစ်တပင်ကောင်း ငှက်တ သောင်းနား’ဆိုသလို တော်လှန်ရေး ရဲဘော်တွေ ခိုနားရာ ညောင်ညိုပင်ကြီးပါ။

ကျွန်မရဲ့ ဒီဆောင်းပါးဟာ မမကြည်ရဲ့ လုပ်ငန်းတာဝန်ကို ထုတ်ဖော်ချီးကျူးနေတာ မဟုတ်ဘဲ အမှတ်တရ ဆောင်းပါးလေး တပုဒ်မျှသာ ဖြစ်ပါတယ်။ မမကြည်ရဲ့ လုပ်ငန်းတာဝန်တွေကို ဖော်ထုတ်ချီးကျူးရင်လည်း ပြည့်စုံအောင် ဖော်ကျူးနိုင်မှာ မဟုတ်ပါ။ မမကြည်ဟာ လူတဦးချင်းစီက မသိနိုင်လောက်တဲ့ သိလို့လည်း မဖြစ်နိုင်တဲ့၊ သိဖို့လည်း မလိုအပ်တဲ့ လုပ်ငန်းဂုဏ်ရည် အကျယ်အပြန့်ရှိနေမှန်းတော့ ကျွန်မရိပ်စားမိပါတယ်။

* * *

ဦးညွှတ်ဂုဏ်ပြုလိုက်ပါတယ် မမကြည်။

မမကြည်အကြောင်းတွေ တသီတတန်း ဆက်စဉ်းစားမိရင်း စိတ်ထဲတလိုက်လှဲလှဲ တနင့်နင့် ဖြစ်နေစဉ်မှာ ကျွန်မစာရေးစားပွဲ ပေါ်မှာ ရှိနေတဲ့ ကက်ဆက်ထဲက ‘လွမ်းသူ့ပန်းခွေ’သီချင်းသံဟာ ငြိမ့်ငြိမ့်ညင်သာစွာ ပေါ်ထွက်လာပါတယ်။

“လွမ်းရစ်သူ ရဲဘော်အပေါင်းတွေ … သစ္စာအမိဋ္ဌာန် မြဲခိုင်ကြစေ … ”တဲ့လေ။

ရဲဘော် ကြည်လေး

**(ရဲဘော်မကြည်လေး (ဆရာမကြီး ရဲဘော်ငွေ ကွယ်လွန်သွား ပြီးနောက်) သူ့စာအုပ်သေတ္တာထဲမှ တွေ့ရှိတဲ့ ဒီဆောင်းပါးလေးကို ပါတီစိန်ရတု အထိမ်းအမှတ် အရေးတော်ပုံမှာ ဖော်ပြလိုက်ပါတယ်။ … စာတည်းအဖွဲ့ )**



## ဒေါ်ကြည်ကြည်
(၁၉၂၀-၂၀၀၁)

- အဖဦးဘဦး၊ အမိဒေါ်တွင်တို့မှ ၁၉၂၀ မေ(၁၈)ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့။
- မြင်းမူမြို့ ကောအီးအင်အထက်တန်းကျောင်း၊ မော်လမြိုင်မြို့ မူဒွာဘဘာ မိန်းကလေးကျောင်းတို့၌ ပညာသင်ကြားခဲ့ပြီး ရန်ကုန်မြို့မှ အမျိုးသမီးကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့။
- ၁၉၄၀-၄၅ ခုနှစ်အတွင်း ညောင်လေးပင်မြို့နယ်၌ နယ်ချဲ့ ဆန့်ကျင်ရေး ဖက်ဆစ်တော်လှန်ရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့။
- ၁၉၄၅ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီသို့ ဝင်ရောက်ခဲ့။
- ၁၉၄၆ ခုနှစ် ဇူလိုင်တွင် ကျင်းပသော ရွှေတိဂုံဘုရား အလယ်ပစ္စယံညီလာခံကြီးမှ ဗမာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကွန်ဂရက်ကို ဖွဲ့စည်းခဲ့ရာတွင် ဥက္ကဋ္ဌ ဒေါ်ခင်ကြည် (ဗိုလ်ချုပ်အောင်ဆန်းဇနီး) ဒုဥက္ကဋ္ဌ ဒေါ်ခင်ကြီး (သခင်ဗဟိန်းဇနီး)တို့နှင့်အတူ အမှုဆောင်အဖြစ် တာဝန်ယူခဲ့။
- ၁၉၄၆ ခုနှစ် ဇူလိုင်(၂၀) ရက်တွင်ကျင်းပခဲ့သော ဗမာပြည်ကွန်မြူနစ်ပါတီ ဒုတိယကွန်ဂရက်သို့ ညောင်လေးပင်မြို့နယ် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့။
- ၁၉၄၇ မေလတွင် ဦးကျော်ဇော-ဒေါ်အေးညွန့်တို့၏သား သခင်ဝင်းနှင့် လက်ထပ်ခဲ့။
- ၁၉၄၈ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီနှင့်အတူ ပဲခူးရိုးမသို့ တောခိုခဲ့။ တောတွင်း၌ ဗမာပြည်ကွန်မြူနစ်ပါတီ ပဲခူးခရိုင်၊ အောက်ဗမာပြည် တိုင်းဗဟိုဌာနချုပ် စသည်တို့တွင် အဆင့်ဆင့်တာဝန် ထမ်းဆောင်ခဲ့။
- ၁၉၅၉ခုနှစ်တွင် တောတွင်းမှ သားသမီး(၄) ဦးနှင့်အတူ ဖမ်းမိခံခဲ့ရပြီး ပုဒ်မ၁၇(၁)နှင့် ထောင်ဒဏ်(၂)နှစ် ကျခံခဲ့ရ။
- ထောင်မှလွတ်သောအခါ ပဲခူးမြို့တွင် "လွင်" ဟင်းမွှေးမဆလာလုပ်ငန်းကို လုပ်ကိုင်ခဲ့။
- ၁၉၆၇ခုနှစ် ဇူလိုင်(၈)ရက်မှ ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီ (၂၃)ရက်အထိ ပုဒ်မ(၅)ဖြင့် (၅)နှစ်ကြာ ထိန်းသိမ်းခံခဲ့ရ။
- ၁၉၇၇ ခုနှစ် ဇန်နဝါရီ(၁၅)ရက်မှ ၁၉၇၈ ခုနှစ် ဇူလိုင်(၁၅)ရက်အထိ ပုဒ်မ ၁၀(က) ဖြင့် (၁)နှစ်ခွဲကြာ ထိန်းသိမ်းခံခဲ့ရ။
- ၁၉၈၉ ခုနှစ် ဇူလိုင်(၂၀)ရက်နေ့မှ ၁၉၉၉ခုနှစ် ဇူလိုင်(၁၁)ရက်နေ့အထိ ပုဒ်မ၁၇(၁)၊ ၁၇(၂)၊ ၅(ည)တို့ဖြင့် (၁၀)နှစ်ကြာ ထောင်ဒဏ်ကျခံခဲ့ရ။
- ၂၀၀၁ ခုနှစ် ဇွန်(၁၅)ရက်နေ့တွင် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့။
- ကွယ်လွန်ချိန်တွင် သားသမီး (၄) ဦး ကျန်ရစ်ခဲ့။

## ရဲဘော်များကိုလွမ်းဆွတ်သတိရခြင်း (၃)

# ရဲဘော်လေးမောင်



ရဲဘော် လေးမောင်

**အောင်သွေး**

ရဲဘော်လေးမောင်နဲ့ ကျွန်တော်နဲ့က အလယ်တန်းအထက်တန်းကတည်းကကျောင်းနေဘက်ပါ၊ ကျွန်တော်တို့ မြို့မှာ ကျောင်းလာတက်နေပေမယ့် သူ့ ဇာတိက မြစ်ဝကျွန်းပေါ်ကွမ်းခြံကုန်းမြို့ကပါ၊ ကျွန်တော်တို့ မြို့ကသူ့ ဆွေမျိုးတွေဆီမှာနေပြီးကျောင်းလာတက်နေတာပါ။ သူ့ နာမည်ရင်း က ကိုအေးကြိုင်ပါ ။ အထက်တန်းဆယ်တန်းကျောင်းသားဘဝမှာ သူကတခန်း(ဝိဇ္ဇာ)၊ ကျွန်တော်ကတခန်း(သိပ္ပံ)ပါ။

သူနဲ့အတူ ဝိဇ္ဇာခန်းမှာတက်ခဲ့တဲ့ သူ့ကျောင်းနေဘက်တွေကတော့ အခုပဲခူးတိုင်းဝန်ကြီးဆိုသူ(နိုင်ငံခြားရေး ဝန်ကြီးဟောင်း) နဲ့အခု  ဒုသမ္မတ ဆိုသူတို့တွေပါပဲ။ ကိုလေးမောင်ဟာ ကျွန်တော်တို့ကျောင်းမှာကျောင်းသားထုလုပ်ငန်း တက်ကြွသူဖြစ်ပါတယ်။ မဆလပါတီကလည်း ကျောင်းသားတွေကို ကျောင်းမှာအသင်းလေးသင်းဖွဲ့ပြီး  လူရည်ချွန်တို့ လူရည်မွန်တို့နဲ့ ပစားပေး မြှောက်ပင့်နေတဲ့အချိန်ပေါ့။  ကျောင်းမှာ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလဆိုတဲ့ အသင်းလေးသင်းဖွဲ့ ထားပါတယ်။ အဲဒီအဖွဲ့တွေကို စည်းရုံး၊တက်တက်ကြွကြွ လှုပ်ရှားခဲ့တာကိုလေးမောင်ပါ။  သူက လူငယ်တွေကို တိုးတက်စေချင်လို့ အနာဂတ်ကိုပိုင်ဆိုင်စေချင်လို့ ဒီအတွက် မဆလက တကယ်လုပ်မယ်လို့ ယုံကြည်ပြီး တကယ်လှုပ်ရှားခဲ့တာပါ။ အဲ ခုနက ကျွန်တော်ပြောခဲ့တဲ့ သူ့ ကျောင်းနေဘက်တွေကတော့ အဲဒီအချိန်တုန်းကတုပ်တုပ်တောင်မလှုပ်ခဲ့ကြပါဘူး။ သူတို့တွေကနောက်ပိုင်းဗိုလ်သင်တန်းတွေတက်ပြီးတော့မှသာ စစ်တပ်ကလုပ်တဲ့နိုင်ငံရေးထဲမှာပါလာကြသူတွေပါ။ ကိုလေးမောင် ကဘာလို့ နိုင်ငံရေးအမြော်အမြင်ရှိတာလဲ။ အနာဂတ်ကိုယုံကြည်တာလဲဆိုတာနောင် ၂ နှစ်လောက်အကြာမှာကျွန်တော်သိသွားခဲ့ ရပါတော့တယ်။

ကျွန်တော်ကအဲဒီအထက်တန်းကျောင်းနေတုန်းက ကိုလေးမောင်ကိုအမြင်ကပ်တဲ့အထဲ ပါခဲ့ပါတယ်။ အဲဒီ အသင်းလေးသင်း လှုပ်ရှားမှုတွေကို လပ်ယားလပ်ယားနဲ့ ခေါင်းဆောင်လှုပ်ရှားနေတဲ့ ကိုလေးမောင်ကို ကျွန်တော်ကမျက်စိစပါးမွေး စူးခဲ့ပါတယ်။ အဖေကလည်း ကျွန်တော့်ကို ဟော့ကောင် မင်း မဆလကိုမယုံနဲ့ကွလို့ ပညာပေးထားလို့ ကျွန်တော်ကတော့ ကျောင်းမှာဘာမှဝင်မလုပ်တဲ့အပြင်၊ တရားမဝင်စာစောင် တစောင်ဖြစ်တဲ့ ဇီးကုန်းမြို့ အထက်တန်းကျောင်းနေ့စဉ်သတင်းစာတစောင်ကိုတောင် လက်ရေးနဲ့ ရေးပြီး ထုတ်ဝေခဲ့လို့ အဖေ့ကျောင်းနေဘက် ကျောင်းအုပ်ဆရာမကြီးရဲ့ အရေးယူတာ ခံရပါတယ်။ ကျွန်တော်တို့ ကျောင်းသားတွေက ဆရာတွေအပေါ် မကျေနပ်ချက် တွေကို တိုင်ပင်ဆွေးနွေးထားခြင်းမရှိဘဲ တယောက်တလက် ရေးခဲ့ကြတာပါ၊ ကျွန်တော်ကလည်း မဟုတ်မခံ စိတ်ရှိတာနဲ့ ဆရာမကြီးကျွန်တော်တို့ ရေးတာမမှန်ဘူးလား၊ ဒါ ကျွန်တော်တို့  ကျောင်းသားတွေရဲ့ မကျေနပ်ချက်တွေပဲ။ ဆရာမကြီး ကျွန်တော်တို့ကိုကျောင်းထုတ်ရင် ကျွန်တော် ဒီသတင်းတွေကို ရန်ကုန်က သတင်းဂျာနယ်တွေကိုပို့ လိုက်မယ်ဆိုတော့မှ မှန်တော့မှန်တယ်၊ နောင်မှာ မရေးပါနဲ့၊ ဆရာမကြီး အဲဒီဆရာဆရာမတွေကို သတိပေးတားမြစ်ပါ့မယ်လို့ ဖြစ်လာပါတယ်။ ဒါပေမဲ့ မင်းတို့ရေးခဲ့တဲ့ ဆရာဆရာမတွေကို တောင်းပန်လိုက်ပါလို့ ညှိခဲ့ပါတယ်၊ တချို့ဆရာမတွေက ကျွန်တော်နဲ့ဆွေမျိုးတောင် တော်ပါတယ်။ သူတို့က ကျွန်တော့်ကို နင်ကဆွေမျိုးချင်းမို့ ပိုတွယ်လိုက်တာပေါ့လေတဲ့။ အဲဒီနေ့စဉ် သတင်းစာရေးသားထုတ်ဝေသူ ကျွန်တော်အပါအဝင် ကျောင်းသားဖြယောက်က သူတို့ ရေးသားခဲ့တဲ့ ဆရာဆရာမတွေကို သွားရောက် တောင်းပန်ခဲ့ပါတယ်။ မှတ်မိပါသေးတယ်၊ တက္ကသိုလ်ကဆင်းလာခါစ ဆရာမငယ်တယောက်က နေရင်းထိုင်းရင်း ကျောင်းရောက်စက မူလနာမည် မဟုတ်ဘဲ ဘယ်အချိန်က ဘယ်လိုပြောင်းသွားမှန်းမသိတဲ့ နာမည်သုံးနေပါတယ်။ ကျွန်တော်တို့ကျောင်းသားတွေမှာ အူလည်လည်ကိုဖြစ်လို့။ သူ နာမည်ပြောင်းတာ အစိုးရသတင်းစာတွေထဲမှာလည်း မပါဘူး၊ ကျောင်းသားတွေကိုလည်း ပြောမပြဘူး။ အဲ–  ကျွန်တော်တို့ သတင်းစာကတော့ ကဏ္ဍစုံပါတယ်။ နာရေးကြော်ငြာလည်း ပါတယ်။ အမည်ပြောင်းခြင်းလဲပါတယ်။  ဒီလိုခေါ်ပါပေါ့။ အဲဒီတုန်း က ကျောင်းတက်စာသင်နေတုန်း တယောက်တလက်ကမ်းပြီး နေ့ချင်းပြီး ရေးခဲ့တဲ့ အဲဒီသတင်းစာ အပြင်အဆင်နဲ့ရေးသားပုံရေးသားနည်း အဆင့်မြင့်တာကို လွမ်းလိုက်တာဗျာ။ တစောင်တည်းရေးတာပါ၊ မှားလို့ ပြန်ဖျက်ရာမပါဘူး။ သူ့ ကော်လံနဲ့သူ စံနစ်တကျ ။  (ဒီသတင်းစာရေးတာ အခု ပြည်ပက ဟစ်တိုင်စာစောင်ရဲ့ ဆောင်းပါးရှင် နော်ဝေးနိုင်ငံမှာ နေ နေတဲ့ ဦးဖိုးသာအောင်လည်း ပါတာပေါ့ ဗျာ။)

ဒီလိုနဲ့ ကျွန်တော်တို့အားလုံး ဆယ်တန်းအောင်ပြီး ရန်ကုန်ကို ရောက်သွားကြပါတယ်။ ဖိုးသာအောင်က မိုးညှိမြို့ နယ်ရေသပြာရွာမှာ ကျောင်းဆရာအလုပ်ရပါတယ်။ ကိုလေးမောင်က သူ ယုံကြည်ရာ ရန်ကုန်က မဆလပါတီဗဟို႒ာနချုပ်မှာ အလုပ်ရပါတယ်။

တဖက်က လုပ်သားကောလိပ်မှာ ညကျောင်းတက်ပါတယ်။ ဟိုနှစ်ယောက်ကတော့ စစ်တက္ကသိုလ်မှာ ဗိုလ်လောင်းတွေပေါ့။ ကျွန်တော်က စီးပွားရေးတက္ကသိုလ်မှာပါ၊ အားလုံးနဲ့ ကျွန်တော် အနေဝေးခဲ့ကြပါတယ်။

အဲ–ရန်ကုန်မှာ ကျွန်တော်နဲ့ ကိုလေးမောင် ပြန်တွေ့တဲ့ရက်ကတော့ မှတ်မှတ်ရရပါပဲ။ ဗမာပြည်ရဲ့မြို့တော် မဟာရန်ကုန်မှာ ဂျီသရီး ဂျီဖိုး သေနတ်သံတွေမြည်နေတဲ့ ၁၉၇၄ ခုနှစ်ဇွန်လအလုပ်သမားအရေးအခင်းနေ့မှာပါ။ အဲဒီနေ့လည်က သေနတ်သံတွေကြားလို့ ကျွန်တော် သမိုင်းဘက်ကို ထွက်ဖို့ကြိုးစားပေမယ့် ဘတ္တာမှတ်တိုင်မှာ အင်းစိန်ကားလမ်းမကြီးပေါ် ကန့်လန့်ဖြတ် တန်းစီ၊ လူထုကို သေနတ်နဲ့ ချိန်ထားတဲ့စစ်သားတွေကိုကျော်ပြီး ထွက်မရတာနဲ့ ပြန်ဆုတ်လာခဲ့ရပြီး၊ အိမ်ကို မပြန်ချင်သေးဘဲ သတင်းတွေကိုနားစွင့်ရင်း တက္ကသိုလ် ဆေးရုံမှာတက်နေတဲ့ မြို့ကကျောင်းနေဘက်တယောက်ဆီကို လူနာမေးမြန်းဖို့ ရောက်ခဲ့ပါတယ်။ ကိုလေးမောင်လည်း ကျွန်တော့်လိုပဲ သမိုင်းဘက်ကိုကျော်မရတာနဲ့ အဲဒီကျောင်းနေဘက်ရှိရာ တက္ကသိုလ်ဆေးရုံကို ရောက်လာခဲ့တာပါ။ ဆေးရုံမှာ လူနာမေးမြန်းရင်း မဆလ ရုံးချုပ် မှာလုပ်နေတဲ့ ကိုလေးမောင်ကို ကျွန်တော်က အငေါ်တူးပြီး ပြစ်တင်ပြောဆိုခဲ့ပါတယ်။ အလုပ်သမားတွေကို ပစ်သတ်နေတဲ့ မဆလစစ်အစိုးရ၊ သူ့ကိုလည်း မဆလဒေါက်တိုင် ဆိုပြီး ဒေါသတကြီးစွပ်စွဲပြောဆိုခဲ့ပါတယ်။ သူက ကျွန်တော့်ကို ချစ်ခင်ရင်းနှီးတဲ့အကြည့် နဲ့ ကြည့်ပြီး နောက်တခါတွေ့ဆုံဖို့ ချိန်းဆိုခဲ့ကြပါတယ်။ သူပြောတဲ့စကားက “သူငယ်ချင်း”တဲ့။ “မင်းကိုငါနားလည်ပါတယ်။ ငါတို့ ပြန်တွေ့ကြရအောင်” တဲ့။

အဲဒီနေ့ကစလို့ ကိုလေးမောင်နေတဲ့ သင်္ကန်းကျွန်းကအိမ်ကို ကျွန်တော် ရောက်သွားခဲ့တာပါပဲ။ ကျွန်တော်ပြောရင် ယုံမှာမဟုတ်ပါ။ ကိုလေးမောင်နေတဲ့ အိမ်ကြမ်းပြင်ပေါ်မှာရှိတဲ့ စာအုပ်ပုံက အလျားနှစ်မီတာ၊ အနံတစ်မီတာ၊ အမြင့်တစ်မီတာလောက်ရှိပါတယ်ဗျာ။ ကဲ–ဘာစာအုပ်ဖတ်မလဲ။ အကုန်လုံးကတော့ တိုးတက်တဲ့စာအုပ်တွေပါပဲ။ (ကြီးပွားတိုးတက်ရေးမဟုတ်ပါ)။ သူဟာ တကယ်စာဖတ်တဲ့သူပါဗျာ၊ ရတဲ့လခက စာအုပ်ဝယ်တာနဲ့ ကုန်တာပါပဲ။ ဒီလိုနဲ့ ကျွန်တော့်ကျောင်းအားလပ်ရက် သူ့ရုံးပိတ်ရက်တွေမှာ သူနဲ့ကျွန်တော် ဆွေးနွေးရင်းနား လည်ရင်းနဲ့ သူကလည်း ကျွန်တော့်ကိုယုံကြည်၊ ကျွန်တော်ကလည်း သူ့ကိုယုံကြည်ပေါ့။ သူ့စာအုပ်တွေဖတ်ရင်းဆွေးနွေးရင်းက နေ့လည်စာ ညစာတွေကတော့ပုံမှန် ပဲနီလေးဟင်းပေါ့။ ထမင်းပူပူမှာ ပဲနီဟင်းရေလေး ဆမ်းပြီး ဆားနည်းနည်း ဖြူးလိုက်။ ထမင်းတလုပ်ဝါးပြီး ငရုတ်သီးခြောက် တကိုက် ကိုက်လိုက်ရင် နတ်သုဓာ ပါပဲ။ သူက ပဲထဲကိုဆားထည့်ပြီး ဘယ်တော့မှမချက်ပါ၊ အဲလိုချက်ရင် ပဲက ဆတ်တောက်တောက်ဖြစ်တယ်လို့ ပြောတတ်ပါသေးတယ်။။ စာတွေဖတ်တာများပြီး လက်တွေ့မရှိရင်လည်း လက်တွေ့မကျတတ်ပါဘူး။ စာတွေ့နဲ့လက်တွေ့ ပေါင်းစပ်ကြရပါတယ်။ တခါက ကျွန်တော့်ကို သူဖတ်ထားတဲ့စာတွေထဲက ကြက်ဥတလုံးဟာ ဇီးဖြူသီးသုံးလုံးနဲ့ ညီမျှတယ်လို့ပြောတာနဲ့ ကျွန်တော်ကသူ့ကို ဒါဆို မောင်ရင်က ဇီးဖြူသီးစား၊ ကိုယ်ကကြက်ဥစားမယ်လို့ အငေါ်တူးဖူးပါတယ်။ အဲဒီအခါကျရင် သူကရယ်ပြုံးပြုံးနဲ့ပေါ့။ တခါတလေသူက နောက်တပတ်မှာ ကြက်သားဟင်း စားမယ်လို့ပြောတတ်ပါတယ်။ တကယ်ပါပဲ၊ နောက်တပတ်မှာ သူက ကန်တော်ကြီး ကရဝိတ်ဟော်တယ်မှာအလုပ်လုပ်နေတဲ့ သူ့ သူငယ်ချင်းဆီက ခုတ်ထစ်ပီးလှွင့်ပစ်တော့မယ့်ကြက်သား တောင်ပံရိုးတွေ၊ ခြေထောက်တွေ၊ ခေါင်းတွေ၊ ဖင်ဆီဖုူးတွေကိုယူလာပြီး သေသေချာချာရေဆေး၊ အဲ– အဲ... ပဲနီလေးနဲ့ပဲ ပြုတ်စားကြတာပေါ့။ ဆီပြန် ချက်မစားနိုင်ခဲ့ပါဘူး။ သူ့မှာ အဲဒီအချိန်တုန်းက ဆီလက်မှတ် စာအုပ်လည်း မရှိပါဘူး။ ထမင်းစားပြီးပြီဆိုရင် စာအုပ်ပုံကြီးကိုမှီရင်း ကိုယ်ကြိုက်တဲ့စာအုပ် ကိုယ်ဖတ်ပေါ့။ သူက ရယ်စရာစကားလည်း ပြောတတ် ပါတယ် ။ မောင်ရင်က စာအုပ်ပုံကြီးတွေ့လို့ ဝမ်းသာနေတာ ။ ကိုယ့်မှာတော့ နေ့တိုင်း စာအုပ်ပုံထဲကပိုးဟပ်လို မဖြစ်အောင် ကြိုးစားနေရတာလို့ ပြောတတ်ပါတယ်။ သူစကားပြောရင် အတွေးအခေါ်တခုခု သဘောတရားရေးရာ ဒဿနတခုခုပါတတ်ပါတယ်။ စာအုပ်ပုံထဲက ပိုးဟပ်ဟာ စာအုပ် ပုံထဲမှာနေပြီး စာအုပ်တွေကိုသာ စားနေတာ ဘာမှအတွေးအခေါ်မရှိဘူးလေဗျာ။

ဒီလိုနဲ့ ဘယ်အချိန်ကတည်းက ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ဆက်သွယ်ခဲ့သလဲ မသိရတဲ့ကိုလေးမောင်နဲ့ ကျွန်တော်ဟာ ရဲဘော်ရဲဘက်ဖြစ်သွားခဲ့ပါတယ်။ အားရင် ကျွန်တော်က မြို့ကိုပြန်ပြန်ပြီး သူငယ်ချင်းတွေကို မာ့က်စ်ဝါဒ လီနင်ဝါဒ စာပေတွေဆွေးနွေးဖြန့်ဖြူးပေါ့။ အဲဒီရဲဘော်တွေကို သတိရနေဆဲပါ။ ဖိုးသာအောင်ရှိတဲ့မိုးညှိမြို့နယ်ဘက်ကိုလည်း သွားရောက်စည်းရုံးခဲ့ရပါတယ်။ အဲဒီတုန်းက ပဲခူးရိုးမက ကျွန်တော်တို့ဥက္ကဋ္ဌ သခင်သန်းထွန်းရဲ့ တော်လှန်ရေးနေ့မိန့်ခွန်းတွေကို အားတက်သရောဆွေးနွေးခဲ့ကြတာပေါ့။ မှတ်လည်း မှတ် ကြရတယ်။ ၃ ၃ ၁ တို့ ၂ ၂ ၅ တို့ ပေါ့။

ကိုလေးမောင်နဲ့ ကျွန်တော်တို့က ရန်ကုန်မှာရှိတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ သံရုံးကိုလည်း သွားရောက်ခဲ့ပါသေးတယ်။ အလုံလမ်းထဲမှာပါ။ အဓိကကတော့ သံရုံးကထုတ်ဝေတဲ့ ရဲဘော်မော်စီတုန်းလက်ရွေးစင်ဆောင်းပါးတွေနဲ့ စစ်ရေးခြောက်စောင် ဗမာလိုဘာသာပြန်တွေကို သွားရောက်တောင်းယူကြတာပါ။ သံရုံးဧည့်ခံရေးတာဝန်ခံက ဗမာစကားလည်လည်ဝယ်ဝယ်နဲ့ ယဉ်ကျေးပျူငှါစွာ

ညှော်ခံစကားပြောပါတယ်။ ကိုလေးမောင်ကလည်း တကြိမ်နှစ်ကြိမ်ရောက်ဖူးပြီးသားနဲ့ တူပါတယ်။ စာအုပ်တွေကို ဆီစိမ်စက္ကူအိတ်အသစ်တွေနဲ့ ထည့်ပေးတော့ အတွေ့အကြုံရှိတဲ့ကိုလေးမောင်က သံရုံးတာဝန်ခံကို အကြံပြုပါတယ်။ ဒီစက္ကူအိတ်တွေဟာ အသစ်ဖြစ်ပြီး မာကျွတ်နေတော့ ထိမိတိုင်းအသံမြည်ကြောင်း၊ လူတွေအာရုံစိုက်တာ ခံရကြောင်း၊ နောင်ကို ဒီစက္ကူအိတ်နဲ့ ထည့်မပေးစေလိုကြောင်းပါ။ ဟုတ်လည်း ဟုတ်ပါတယ်။ ကျွန်တော်တို့နှစ်ယောက် ပြန်လာတော့ အလုံလမ်းထိပ် ကားမှတ်တိုင်ကနေပြီး အ မှတ်(၁၂)ဟီးနိုး ကားငယ်လေး ပေါ်တက်လာတဲ့ ကျွန်တော်တို့နှစ်ယောက်ဆီက ဂျွတ်ဂျွတ်ဂျက်ဂျက်အသံတွေ ထွက်နေတာကို တကားလုံးကသတိပြုမိနေပါတယ်။ အဲဒီအချိန်က ကားပေါ်မှာ လူတွေကထိုင်ခုံပြည့်။ အဲ–ကားထဲမှာ ထောက်လှမ်းရေးသာပါရင် မလွယ်ပါ။ နောက်တပတ်မှာတော့ တရုတ်သံရုံးက စနေနေ့တိုင်း ပြလေ့ရှိတဲ့ ရုပ်ရှင်ပြတဲ့အစီအစဉ်ကို ဖိတ်ကြားခဲ့ပါတယ်။ ညနေ(၆)နာရီက စပြပါတယ်။ ဖိတ်တဲ့သူက မများပါ။ ဆယ်ယောက်ကျော်လောက် ပဲရှိပြီး အဲဒီနေ့က (မြစ်ကူးထောက်လှမ်း) ဆိုတဲ့ကားကို ပြပါတယ်။ ယန်စီမြစ်ကို ခက်ခက်ခဲခဲကူးပြီး ထောက်လှမ်းတဲ့ကားပါ။ အသက်(၄၀)အရွယ်လောက်ရှိ သံရုံးတာဝန်ခံလို့ ထင်ရတဲ့ ဒေါ်ခင်ဝင်းဆိုသူ ကပြားအမျိုးသမီးတယောက်က ကြိုဆို နှုတ်ဆက်ပြီး မိမိကြိုက်နှစ်သက်သလိုထိုင်ကြဖို့နဲ့ ခုံတန်းတွေရဲ့ ဘေး စားပွဲတခုပေါ် မှာ ဖန်ခွက်တွေကိုမှောက်ထားပြီး ဖန်စည်ပိုင်း ငယ်လေးနဲ့တည်ခင်းညှော်ခံထားတဲ့ လိမ္မော်ရည်ကိုလည်း ကြိုက်နှစ် သက်သလို ကိုယ်တိုင်ယူသုံးဆောင် နိုင်ပါကြောင်းပြောကြားကာ ရုပ်ရှင်စပြပါတယ်။ ကားက တရုတ်စကားပြောဖြစ်ပြီး အမျိုးသားတယောက်က ကျွမ်းကျင်စွာ ဘာသာပြန်ပေးပါတယ်။ ကျွန်တော်တို့မှာတော့ ဒုက္ခပေါင်းစုံနဲ့ မွန်းကျပ်လှတဲ့ မြို့တော်ရန်ကုန်ထဲက အေးချမ်းလှတဲ့ လွတ်မြောက်ဒေသလေးတခုကို ရောက်ရှိနေသလို ခံစားနေမိပါတော့တယ်။

နောက်ပိုင်းမှာ အလုပ်တွေ များလာပါတယ်။ ရန်ကုန် မြောက်ဥက္ကလာပမှာရှိတဲ့ သူ့ဦးလေး(တရုတ်ကပြား)တယောက်ရဲ့ အိမ်အပေါ်ထပ်မှာ ညနေ နေဝင်ရီတရောဆိုရင် ကျွန်တော်နဲ့သူရယ်၊ အခုသက်ရှိထင်ရှားရှိနေသေးတဲ့ရဲဘော်အကိုကြီးတယောက်ရယ်၊ ရန်ကုန်ပါတီကော်မတီက ထုတ်ဝေတဲ့(မာ့က်စ်ဝါဒ၊ လီနင်ဝါဒ ဝါဒဖြန့်ချိရေးစာစဉ် ၁၊ ၂၊ ၃ စတာ) တွေကို ပုံနှိပ်ထုတ်ဝေခဲ့ရပါတယ်။ အံ့သြ လိုက်ကြပါ၊ စက်လုံးဝမပါ လက်နဲ့ပါ။ ဖယောင်းစက္ကူကို အောက်မှာ ပြုတ်ထနေတဲ့ သံပြားပေါ်မှာခံပြီး ကိုလေးမောင်က သံကညစ်နဲ့ ရေးပါတယ်။ သူ့ လက်ရေးက ဝိုင်းပြီး လှနေတာပါ။ အဲလိုရေးထားတဲ့ ဖယောင်းစက္ကူအောက်မှာ စာရွက်လွတ်တွေခံ၊ ပုံနှိပ်မင်ကို ဘယ်လက်ညှိုးနဲ့ကော်၊ ညာလက်ဖဝါးစောင်းမှာသုတ်ပြီး ဖယောင်းစက္ကူပေါ်မှာ ဖိသုတ်ကြရတာပါ။ ပြီးတော့မှလက်ကို ရေတိုင်မှာဆပ်ပြာနဲ့ရေဆေး၊ နည်းနည်းလေးခြောက်တာနဲ့ ချုပ်တာဖြတ်တာ လုပ်၊ စာအုပ်ဆိုက်ကတော့ အဲဒီအချိန်က ကဗျာစာအုပ်တွေလို ခပ်သေးသေး ၁၆ ချိုး စာရွက်ကိုလေးခေါက်ပြန်ခေါက်ပေါ့။ ကိုယ်တာဝန် ကျတဲ့စာအုပ်အရေအတွက် ကိုယ့်ဘာသာယူ၊ လူစုခွဲ၊ ကိုယ့်အိမ်ကိုယ်ပြန်ပေါ့။ ပြီးတော့ ကိုယ်တာဝန်ကျတဲ့ဒေသမှာ ကိုယ်ဖြန့်ပေါ့။

နောက်ပိုင်းမှာ ဟိုအစ်ကိုကြီးရဲဘော်က ပါတီရဲ့လွတ်မြောက်နယ်မြေကိုထွက်သွားတော့၊ သူ့စီစဉ်မှုကြောင့် ကျွန်တော်က ရန်ကုန်ပါတီကော်မတီမှာ ဆက်သားရဲဘော်တယောက် ဖြစ်လာခဲ့ပါတယ်။ ကိုလေးမောင်နဲ့ ကျွန်တော်က မြေအောက်လုပ်ထုံးလုပ် နည်းအရ တိုက်ရိုက်မဆက်သွယ်ရတော့ပါဘူး။ အခြားရဲဘော်တယောက် က ကျွန်တော့်ကို တာဝန်ယူ ဆက်သွယ်ပြီး တာဝန်ပေးခဲ့ပါတယ်။ ကျွန်တော်က ရန်ကုန်နဲ့ အမေ့ဇာတိ သထုံမော်လမြိုင်ကလွဲလို့ ဘယ်မှမရောက်ဖူးပါ။ ဒါပေမဲ့ မရောက်ဖူးတဲ့နေရာတွေကိုလည်း တာဝန်ပေးတဲ့အတိုင်း သွားရောက်ဆက်သွယ်ခဲ့ရပါတယ်။ အထူးသဖြင့် ဗမာပြည်အထက်ပိုင်းတွေကိုပေါ့။

ဒီလိုနဲ့ နောက်ပိုင်းမှာတော့ ပါတီဗဟိုကို သွားရောက်ဆက်သွယ်ရတဲ့ ဆက်သားတယောက် ဖြစ်လာခဲ့ပါတယ်။ ၁၉၇၈ အခေါက်မှာ ပြည်တွင်းကို ပြန်မရတော့လို့ ကျွန်တော် လွတ်မြောက်ဒေသမှာ အမြဲ နေထိုင်ခွင့်ရခဲ့ပါတယ်။ မကြာခင်မှာပဲ ကိုလေးမောင်လည်း ပြည်တွင်းမှာ နေမရတော့လို့ လွတ်မြောက်ဒေသကို ရောက်ရှိလာပါတော့တယ်။ သူ ရောက်လာတော့ သူ ပါတီဗဟိုကို အစီရင်ခံစာ ရေးနေစဉ်မှာ သူ့ကို ကျွန်တော်တို့ ဌာနခွဲ စခန်းတာဝန်ရှိသူတွေက စခန်းတွင်းရှိတဲ့ တဲတလုံးမှာ လျှို့ဝှက်နေထိုင်စေပြီး ဘယ်မှမထွက်စေဘဲ ကျွန်တော့်ကို ညှော်ခံကျွေးမွေးဖို့ တာဝန်ပေးပါတယ်။ တနေ့လည်ခင်းမှာတော့ တဲထဲမှာ ကျွန်တော်တို့နှစ်ယောက်သား စကားကောင်းနေတုန်း ပြုန်းဆို တဲအပေါက်ဝကို ယူနီဖေါင်းဝတ် ခလေးသုံးယောက်ရောက်လာပြီး သစ်ကိုင်းခြောက်သေနတ်တွေချိန်ရွယ်ကာ(အားလုံး လက်မြှောက်လိုက်)လို့ ပြောပါတယ်။ ကျွန်တော်က ဒီကောင်တွေ အရိပ်အခြေကြည့်ပြီး လက်မြှောက်လိုက်ပေမယ့် ခလေးချစ်တဲ့ ကိုလေးမောင်က သူတို့ကိုသဘောကျစွာ ကြည့်ပြီး လက်မမြှောက်ဘဲ ရယ်မောနေပါတယ်။ ကလေးစစ်သား သုံးယောက်ထဲက အကြီးဆုံး ကောင်က မျက်နှာတင်းတင်း အသံမာမာနဲ့ ကိုလေးမောင်ကို (ဟိုကောင်– လက်မြှောက်ဆိုတာမမြှောက်သေးဘူးလား)ဆိုမှ ကျွန်တော့် မျက်နှာကြည့်ပြီး ရယ်ရယ်မောမောနဲ့ပဲ လက်မြှောက်ပေးလိုက်ပါတယ်။ အဲနောက်မှာ မျက်နှာတင်းတင်းကောင်က (ရှိတာအကုန်ထုတ်)လို့ ဆက်ပြောပါတယ်။ ဒီတော့မှ ကျွန်တော် အထာပေါက်သွားပြီး ကိုလေးမောင်ကို ညှော်ခံကျွေးမွေးဖို့ထားတဲ့ ပဲကြီးလှော်နဲ့ ထန်းလျက်ခဲတွေကို ထုတ်ပေးလိုက်ရပါတော့တယ်။ စားစရာတွေပိုက်၊ သေနတ်တွေချိန်ပြီး တဖြည်းဖြည်း စံနစ်တကျ နောက်ဆုတ်သွားတဲ့ သူတို့ကို၊ ကိုလေးမောင်က တဟားဟားနဲ့ သဘောကျနေပါတယ်။ ပြီးတော့ ကျွန်တော်တို့ နှစ်ယောက်ရဲ့ တဲဆီကို ခြေသံလုံလုံနဲ့ ချဉ်းကပ်လာတဲ့ သူတို့ရဲ့ ကြိုးစားမှုကိုလည်း ချီးကျူးနေပါတယ်။ ကျွန်တော်တို့ စခန်းတာဝန်ခံရဲဘော်တွေရဲ့ ကလေးတွေပါ အလွန်ဆုံးရှိလှမှ လေးငါးခြောက်နှစ်တွေပေါ့။ နောက်ရက်တွေ သူတို့လာရင် သူက ခလေးတွေကို စားစရာတွေ ကျွေးမွေးရင်းနဲ့ လူကြီးလိုသဘောထားပြီး ဝေဖန်ထောက်ပြ ဆွေးနွေးပါတော့တယ်။ နောက်ပိုင်းမှာ ခလေးတွေက သူ့ကို အတော်လေး ခင်မင်သွားပါ တယ်။ ကျွန်တော်ကတော့ သူ့လောက် စိတ်မရှည်နိုင်တဲ့သူပါ။

အဲလိုနဲ့ တလလောက်နေပြီး သူက ပါတီဗဟိုရှိရာ ပန်ဆန်းကို သွားရပါတယ်။ ကျွန်တော်က တာဝန်တခုနဲ့ ခရီး ထွက်ရပြီး သုံးလေးလကြာမှ ဗဟိုကို ရောက်ပါတယ်။ ဗဟိုမှာ ကိုလေးမောင်ဟာ ဆက်သွယ်ရေး သင်တန်း တက်နေရပြီး နောက်ပိုင်းမှာ တပ်မ(၄၈) ဆက်သွယ်ရေးဌာနမှာ တာဝန်ကျ၊ ကျွန်တော်က ၁၂၀ မမ အမြောက်တပ်စုမှာ ယာယီတာဝန်ထမ်းဆောင်ရပါတယ်။

ကျွန်တော်နဲ့သူ သေဘေးနဲ့ ပထမအကြိမ် လွတ်မြောက်ခဲ့တာက မန်ခါတိုက်ပွဲမှာပါ။ ရန်သူ့လေယဉ် လာမယ်ဆိုတာ သူတို့ ဌာနက သတင်းရလို့ ကျွန်တော်တို့ရဲ့အမြောက်ကို ပြောင်းရွှေ့ပြီး သစ်ကိုင်း သစ်ခက် တွေ နဲ့ ဖုံးကွယ်ထားနိုင်ခဲ့ပါတယ်။ ပြောင်းရွှေ့ပြီးတာနဲ့ ကင်းထောက် T-၃၃ လေယာဉ်တစီးက ကောင်းကင်မှာ ဝဲနေပါပြီ။ မကြာပါဘူး။ ကျွန်တော်တို့ ပုန်းနေတဲ့ဆီကို ကိုလေးမောင်တို့အဖွဲ့ စက်တွေ ထမ်းပိုးပြီး ပြေးလာနေကြပါတယ်။ သူတို့ စက်အဖွဲ့ ထိုင်နေတဲ့ ဘုန်းကြီးကျောင်းကို ကင်းထောက်လေယာဉ်က သိသွားပြီး (ဘုန်းကြီးကျောင်းမှာ ခေါင်းရှိတယ်) လို့ ဖုံးကြဲတိုက်လေယဉ်တွေကို ပြောပြနေတာ ကြားတာနဲ့ စက်တွေပိတ်ပြီး ပြေးလာကြရတာပါ။ သူတို့အဖွဲ့ ကျွန်တော်တို့ နေရာ မရောက်ခင်မှာဘဲ PC-7 တိုက်လေယဉ်နှစ်စီးရောက်လာပြီး ဘုန်းကြီးကျောင်းနဲ့ ကျွန်တော်တို့ရှိမယ် ထင်တဲ့နေရာတွေကို ဒိုက်ထိုးဆင်းပါတယ်။ အဆင်းမှာ စက်သေနတ်ဆွဲဆင်းပြီး အတက်မှာ ဗုံးဖြုတ်ချခဲ့တာပါ။ ကျွန်တော်တို့က ရွာကိုထိမှာစိုးလို့ ရွာအပြင်က မြင်းစားပဲခင်းနဲ့ ဝါးရုံတွေကြားထဲ ပုန်းနေခဲ့ကြတာပါ။ ကိုလေးမောင်တို့လည်း ရောက်တဲ့နေရာက ဝါးရုံတွေ ကြားမှာပေါ့။ လေယဉ်နှစ်စီးက ၁၅ မိနစ်လောက် အားရပါးရပစ်ခတ်ဗုံးကြဲ၊ ကျည် ကုန်ဗုံးကုန်မှ ပြန်သွားကြပါတယ်။ (နောက်ဆုံးလေယဉ်ကဖြုတ်ချခဲ့တဲ့ ဗုံးသီးချိတ်တဲ့ အရှည်နှစ်ပေ အဝတမတ်လုံးလောက် ရှိတဲ့ သံပိုက်လုံးကိုတောင် ကျွန်တော့်မျက်စိရှေ့မှာ ပြုတ်ကျတာတွေ့လို့ ကောက်လာခဲ့ပြီး ဖြတ်တောက်ကာ မှတ်မှတ်ရရဖြစ်အောင် ကျွန်တော့ဓားမြောင်မှာ ဓားနွေးအဖြစ် တပ်ထားခဲ့ပါသေးတယ်။) တိုက်ပွဲပြီးတာနဲ့ ကိုလေးမောင်တို့အဖွဲ့ ရောက်လာပြီး ဘာမှမဖြစ်သလို၊ပြေးလာကြတဲ့ကိုယ့်အဖြစ်ကိုယ် ဟားနေခဲ့ကြပါသေးတယ်။ သူက ပုံတိုပတ်စတွေနဲ့နှိုင်းပြီး ပြောတတ်တော့ သိပ်ပြီး ရယ်ရတာပါ။ သူဟာ စာ ဖတ် များပါတယ်။ ပြီးရင် မှတ်စုလည်း ထုတ်တတ်တယ်။ ကျွန်တော့်ဆီမှာ သူ့မှတ်စုစာအုပ်တွေ ရှိနေဆဲပါ။ တည်တည်ကြည်ကြည် နေထိုင်ပြောဆိုတတ်သူတယောက်ပါ။ ဟာသပြောတာတောင် တည်တည်ကြည်ကြည်ပြောတတ်သူတဦးပါ။ အလုပ်လုပ်ရာမှာလည်း တက်ကြွ သူပါ။ သူ့ရဲ့ အိပ်ရာခေါင်းရင်းမှာလည်း နိုင်ငံတကာက ပစ္စည်းမဲ့ လူတန်းစားရဲ့ခေါင်းဆောင်တွေ၊ တော်လှန်ရေးခေါင်းဆောင်တွေရဲ့ အဆိုအမိန့် စာတန်းတိုတွေကို ကပ်ကပ်ထားတတ်ပါတယ်။ ပြည်တွင်းမှာတုန်းကတည်းကလည်း ဒီလိုပါပဲ။ ကျွန်တော်မှတ်မိတာတခုက ဥက္ကဋ္ဌမော်ရဲ့ စကားတခွန်းပါ (နှစ်ပေါင်းတရာစောင့်မနေပါနဲ့ အခုချက်ချင်းထလုပ်လိုက်ပါ) တဲ့။ အဲလိုစာတန်းတွေက ခဏခဏ ရေးကပ်တတ်ပါတယ်။ ကပ်တဲ့အတိုင်းလည်း အလုပ်လုပ်စရာရှိရင် ရှေ့ဆုံးကပါ။ သူ သေကံမရောက်တဲ့ ဒုတိယအဖြစ်အပျက်တခုကို ကျွန်တော်သတိရနေဆဲ။

ပန်ဆန်းဗဟိုမှာနေစဉ်က ရဲဘော်တိုင်းဟာ ကိုယ်တာဝန်ကျတဲ့နေ့စဉ်လုပ်ငန်းတွေအပြင် မိမိတို့ စားဖိုဆောင်က လုပ်ငန်းတွေကိုပါ ဝိုင်းဝန်းကူညီလုပ်ကိုင်ကြရပါတယ်။ ဟင်းရွာ၊ ထင်းခုတ်၊ ဝါးခုတ် ၊ သက်ကယ်မိုးတွေပေါ့။ တရက်မှာတော့ မိုးတွင်းကြီးမို့ နမ့်ခချောင်းရေကြီးနေပါတယ်၊ အဲလိုချောင်းရေကြီးရင် တောင်တွေပေါ်ကထင်းတွေမျောပါလာတတ်ပြီး တချို့က သစ်တုံးလိုက်သစ်ပင်လိုက် မျောလာတာပါ။ တောင်ပေါ်တက် ထင်းခုတ်ရင် လနဲ့ချီကြာပြီး အဓိကအလုပ်လည်း ပျက်ပါတယ်။ အခုဟာကတော့ တောင်ပေါ်ကထင်းခြောက်တွေကို ချောင်းရေက ကိုယ့်ဆီလာပို့ပေးတာလေ။ ရေကူးကျွမ်းကျင်တဲ့ရဲဘော်တွေက ချောင်းကမ်းအတိုင်း အထက်ရေဆန်ဘက်ကိုတက်၊ သစ်တုံးကြီးကြီးမျော လာတာလှမ်းမြင်ရရင် ချိန်သားကိုက် ချောင်းရေထဲဆင်း လက်ပစ်ကူး၊ ရေစီးနဲ့အတူသွားပြီး သစ်တုံးတွေကိုဆွဲလာရုံပါပဲ။ ကျွန်တော် ကရေမကူးတတ်တော့ ကမ်းစပ်ကိုသူတို့ဆွဲလာတဲ့ထင်းတွေ ကမ်းပေါ်ကိုရောက်အောင် တွန်းလှိမ့်တင်ရတာပေ့ါ။ သူတို့ကလည်း ဆွဲလာပြီး ချက်ချင်ပြန်ကူးရတာလေ။ ထင်းတွေက မျောပြီဆို ဆက်တိုက်ပဲ၊ မမီလိုက်ရင် လွတ်သွားပီသာမှတ်။ သောင်ခုံကလည်း ပြန့်ပြူးတာက ၂၅ မီတာလောက်ပဲ။ ကျန်တဲ့နေရာတွေက ကျောက်ဆောင်ကျောက်တုံးတွေ၊ ကမ်းပါးမတ်စောက်တွေလေ။ အဲဒီမှာ ကွမ်းခြံကုန်းမှာမွေးပြီး ရေမကူး တတ်တဲ့ကိုလေးမောင်ဟာ သူ့ထုံးစံအတိုင်း စိတ်ဓာတ်တက်ကြွပြီး ချောင်းထဲကို ဆင်းကူးပါလေရောဗျာ။ ထင်းတတုံးသွားဆွဲမယ်ပေ့ါ။ အဲ– ရဲဘော်တယောက်က ထင်းကိုဆယ်မလာနိုင်ဘဲ သူ့ကိုပဲ ဆယ်လာခဲ့ရပါတယ်။ အဲဒီနေ့ကစပြီး သူ့မှာ နာမည်တလုံး တိုးလာပါတော့တယ်။ ဆလုံလေးမောင်တဲ့၊ ရဲဘော်တွေရဲ့ ချစ်စနိုးနာမည်ပါ။ လိုက်လည်း လိုက်ပါတယ်သူက အရပ်ပုပု အသားညိုညိုနဲ့။ လူကောင်သေးသေးဆိုတော့။

ဒီလိုနဲ့ ကျွန်တော် မြေအောက်ခရီးထွက်နေတုန်း ၁၉၈၄ ခုနှစ်မှာ သူဟာ အိမ်ထောင်ပြုခဲ့ပါတယ်။ သူ့ချစ်သူကလည်း ၁၉၆၀ခုနှစ်တွေ ကတည်းက မန်းတက္ကသိုလ်ကျောင်းသားညီညွတ်ရေးတပ်ဦးက ခေါင်းဆောင်ကျောင်းသူတယောက်ပါပဲ။ သူတို့အိမ်ထောင်ဟာ သာမန် အိမ်ထောင်တွေလိုမဟုတ်ဘဲ နိုင်ငံရေးသဘောတရားတွေ၊ ပါတီလုပ်ဟန်တွေနဲ့ တည်ဆောက်ထားတဲ့အိမ်ထောင်တခုပါ။ သူတို့ နှစ်ယောက်ဆက်ဆံရေးကလည်း သာမန်အိမ်ထောင်တခုရဲ့ ဆက်ဆံရေးလိုမဟုတ်ဘဲ ပါတီရဲ့အတွေးအခေါ်မြင့်မားတဲ့ ရဲဘော်နှစ်ယောက် အတူတူနေထိုင်နေတဲ့ဆက်ဆံရေးလိုပါ။

ကိုလေးမောင်ဟာ သီချင်းဆိုလဲအသံကောင်းအဆိုကောင်းပါ၊ ၂/၈၀ နဲ့ ထောင်ကလွတ်လာ၊ ပါတီကိုရောက်လာတဲ့ ရဲဘော်တွေ ပြည်တွင်းကယူလာခဲ့တဲ့ ထောင်ထဲကသီချင်းတပုဒ်ကို သူဆိုပြီး ပြည်သူအသံက အသံလွှင့်ခဲ့ပါသေးတယ်။ ကျွန်တော်ခုထိ ကြားယောင်နေဆဲပါ။

တနေ့တာသည် တကမ္ဘာမျှပင်××××ကြာအုံ့ထင်သည်××××နေဝင် နေထွက် ရက်ဆက်ကြာညောင်း×××× သံချောင်းခေါက်သံ××××အမိန့်သံနဲ့ ကြိမ်းသံ၊ မောင်းသံ×ရိုက်နှက်သံတွေ××××နားမှာယဉ်ပါးခဲ့ပြီလေ×××× ။သံတိုင် တံတိုင်း××××ပြိုင်းရိုင်းမားမတ်××××ခြံခတ်ပိတ်ဆီး ××××လမ်းခရီးမှာ××××ခေါင်းမြီးခြုံကာ သွားလာဝင်ထွက် ××××နှိပ်စက်စစ်ကြော××××သေလုမြောမေ့ နေ××××ငရဲ××××နေ့တွေပေ ×××× တဲ့

ဒီကဗျာစပ်တဲ့ရဲဘော်ဟာ တိုက်ပွဲတွေထဲမှာ အခုထိ ရှိနေဆဲ။ ဒီကဗျာကို သီချင်းအဖြစ် သီကုံးပြီး (parker notes)ထည့်ကာ ထောင်အပြင်ကို ပို့ခဲ့တဲ့ ရဲဘော်ကြီးလည်း ရှိနေဆဲ၊ တိုက်ပွဲဝင်နေဆဲ။ ကျွန်တော် သတိရလေးစားလျက်ပါ ရဲဘော်တို့ ရေ။

ဒီလိုနဲ့ ၁၉၈၅ ခုနှစ် ပါတီရဲ့ တတိယအကြိမ်ပြည်လုံးကျွတ်ပါတီကွန်ဂရက်မှာတော့ ကိုလေးမောင်ဟာ တပ်မ ၄၈ ရဲ့ ပါတီကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံရပါတယ်။ တပြည်လုံးမှာ ပါတီကွန်ဂရက်ကိုယ်စားလှယ်(၂၀၀) နီးပါးရှိတာပါ၊သည့်နောက်ပိုင်းမှာတော့ သူဟာ ပါတီဗဟိုရုံးက ဆက်သွယ်ရေးဌာနကို ပြောင်းရွှေ့တာဝန်ထမ်း ဆောင်ရပါတယ်။

ကျွန်တော်တို့ လွတ်မြောက်ဒေသမှာလည်း သင်္ကြန်ဆိုရင် ထုံးစံအတိုင်းပျော်ကြရွှင်ကြ ကကြခုန်ကြပေ့ါ။ ကျွန်တော်ကတော့ ရဲဘော်တစုနဲ့ ဒိုးပတ်တီးပါတယ်။ ကျွန်တော်တို ့ဒိုးပတ်ဝိုင်းက ဗမာနဲ့ပါတယ်။ အင်္ဂလိပ်နဲ့(ကလဲရီးနက်)ပါတယ်။ မောင်းဆိုင်းပါတယ်။ အကော်ဒီယံပါတယ်၊ ကျွန်တော်တို့အဖွဲ့ ဗဟိုရုံးကို သွားရောက်ရေကစားရင်း ဖျော်ဖြေတီးမှုတ်ရင် ကိုလေးမောင်က ရေဖလားလေး ခေါင်းပေါ်မှောက်ပြီး စင်ကျန်အကလိုလို ကပြတတ်ပါတယ်။ သူကသာ စင်ကျန်အကလို့ ဘယ်လိုပြောပြော ရဲဘော်အားလုံးကတော့ ဆလုံအကလို့ပဲ အသိအမှတ်ပြုကြတာပါ။ ကိုလေးမောင် ဆလုံအက ကပြပါလို့ပဲ ပွဲတောင်းကြပါတယ်။

တော်လှန်ရေးဆိုတာ ကိုယ်ချစ်ခင်ရင်းနှီးတဲ့ရဲဘော်တွေနဲ့ တာဝန်အရ ခွဲခွဲခွာခွာနေရတတ်ပါတယ်။ ၁၉၈၆ ခုနှစ်မှာ ကျွန်တော်တို့ဌာနက မြောက်ပိုင်းဗဟိုဌာနခွဲရှိရာ မုံးကိုးကို ပြောင်းရွှေ့နေထိုင်ရပါတယ်။ ကျွန်တော်နဲ့ ကိုလေးမောင်နဲ့က စာအဆက်အသွယ်ပဲ ရှိခဲ့ရတယ်။ ၁၉၈၉ မှာ သတ္တိမရှိတဲ့ စစ်အစိုးရဟာ ဗိုလ်နေဝင်းလိုခေါးခေါးချင်း(ပြောသာပြောရတယ်၊ ခေါးတောင်မရှိတဲ့ ကျောင်းသားတွေကိုသေနတ်နဲ့ပစ်တာ)လုံ့လုံ့ချင်း မလုပ်ရဲတော့ ပါတီကို သပ်လျှိုဖြိုခွဲတဲ့အရေးအခင်းပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီလို သပ်လျှိုဖြိုခွဲမှုတွေကြောင့် ဗမာပြည်ရဲ့တိုင်းရင်းသား အရေးဟာ အခုအချိန်(၂၅)နှစ်ကျော်အထိမဖြေရှင်းနိုင်သေးတာပါ။ ဗမာပြည်ရဲ့တိုင်းရင်းသားအရေးကို ဗမာပြည်ကွန်မြူနစ်ပါတီက တင်ပြထားတဲ့ တန်းတူရေး၊ သွေးစည်းညီညွတ်ရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိရေး ပေါ်လစီနဲ့သာဖြေရှင်း နိုင်မှာပါ။ မဟာဗမာလူမျိုးကြီးဝါဒ ကိုလက်ကိုင်ထား၊ လူမျိုးစုတွေကို လိမ်ညာကောက်ကျစ်စွာ ပြောဆိုဆွေးနွေး၊ တကယ်လက်တွေ့ မှာ အနိုင်ကျင့်စော်ကားသတ်ဖြတ်နေတဲ့စစ်တပ်၊ အဲဒီစစ်တပ် နောက်ခံရှိတဲ့ အစိုးရလည်း ဘယ်တော့မှ(ဘယ်တော့မှ) မဖြေရှင်းနိုင်ပါ။

အခု အရေးအခင်းမှာတော့ ရဲဘော်လေးမောင်ကျဆုံးခဲ့ရပါတယ်။ ဗဟိုစခန်းကဆုတ်ခွာရတော့မယ့် အချိန်၊ အာဏာသိမ်းတပ်က ဗဟိုရုံးအဝင်ကင်းစခန်းကိုရောက်နေတဲ့အချိန်မှာ အမြဲတမ်းမဆိုပါတီနဲ့ ပြည်သူအတွက် စဉ်းစားနေတဲ့ ကိုလေးမောင်ဟာ ဗဟိုစခန်းမှာရှိတဲ့ ပါတီရဲ့ အရေးကြီးစာစောင်စာတမ်းတွေကို သယ်ပိုးပြီး နမ့်ခချောင်းကိုပဲ ဖြတ်ကူးဖို့ ကြိုးစားခဲ့ပါတယ်။ သင်္ကြန်တွင်းဆိုတော့ ရေစီးကတော့ သိပ်ပြီး မသန်လှပေမယ့် ကလေးချစ်တတ်တဲ့ကိုလေးမောင်ဟာ လုပ်ဖော်ကိုင်ဖက်ရဲဘော်တယောက်ရဲ့ ကလေးတယောက်ကို ကုပ်ပေါ်ခွထမ်းပြီး ကူးခဲ့ ရာက ရေဝဲတနေရာအရောက်မှာ နစ်မြုပ်သွားခဲ့ပါတယ်။ သူ သယ်လာတာတွေက အတော်လေးလံနေခဲ့တာကြောင့် ဒီချောင်းကို သူဖြတ်မကျော် နိုင်ခဲ့တော့ပါဘူး။

သူထမ်းသွားတဲ့ ကလေးကို ကယ်ခဲ့နိုင်ပေမယ့် ကလေးချစ်တတ်တဲ့သူ ့ကိုတော့ ဆုံးရှုံးခဲ့ရပါတယ်။ ရဲဘော်လေးမောင်ဟာ ပါတီဗဟိုစခန်းရဲ့ စခန်းမှူးပီသစွာ ကျဆုံးခဲ့ရပါပြီ။ သူချစ်တဲ့သူ ့ဇနီးနဲ ့တကွ ရဲဘော်အားလုံးကို ခွဲခွာသွားခဲ့ပါပြီ။

ပန်ဆန်းဗဟိုက ရဲဘော်တွေနဲ့ မြောက်ပိုင်းကကျွန်တော်တို့ ရဲဘော်အားလုံး စုစုစည်းစည်းပြန်လည်တွေ့ဆုံချိန်မှာတော့ သူ့ချစ်ဇနီးက ကျွန်တော့်ကို အမှတ်တရအဖြစ် ရဲဘော်လေးမောင် ဝတ်ဆင်ခဲ့တဲ့ စစ်ဝတ်စုံတစုံကို သေသေချာချာခေါက်ပြီး အပ်နှံပေးခဲ့ပါတယ်။ ကျွန်တော့်သေတ္တာထဲမှာတော့ဖြူစင်တဲ့ပရုပ်လုံးတွေနဲ့ အတူ ယခုတိုင်ရှိနေဆဲ။ ။

**(ရဲဘော်လေးမောင်ကျဆုံးခြင်း(၂၅)နှစ်မြောက်အမှတ်တရ)**

**အောင်သွေး**

# သူစီဒိုက် ထောင်ချောက်ကို ဘယ်လိုကျော်မလဲ။



ရဲဘော်–ထွန်းမြတ်

ယခုတလော အမေရိကန်မှာရော တရုတ်ပြည်မှာပါ နိုင်ငံရေးဆွေးနွေးပွဲတွေ ပညာရှင်တွေရဲ့ လေ့လာသုံးသပ်မှုဆောင်းပါးတွေ စကားဝိုင်းဆွေးနွေးပွဲများ ရုပ်မြင်သံကြား အစီအစဉ်က တွေ့ဆုံမေးမြန်းခန်းတွေမှာ အလွန်ရေပန်းစားပြီး မကြာခဏ ထည့်သွင်း ကိုးကား ပြောဆိုနေတဲ့ စကားလုံးတလုံးရှိပါတယ်။ အဲဒါကတော့…Thucydides Trap တဲ့။

တိုက်ရိုက်အသံဖလှယ်ဘာသာပြန်ရင် 'သူစီဒိုက် ထောင်ချောက်'ပေါ့။ ဘီစီ ၅–ရာစုက အေသင်လူမျိုးများ အရှိန်အဟုန်နဲ့ ကြီးထွားလာတော့ နဂိုရှိရင်းစွဲ သြဇာအာဏာကြီးမားနေတဲ့ စပါတာလူမျိုးများက စိုးရိမ်ကြောက်လန့်မှုနဲ့အတူ အပြိုင်အဆိုင် အားပြိုင်ရင်းက စစ်ပွဲတွေ ဖြစ်ပွားလာခဲ့ပါတယ်။ ဒီသမိုင်းတွေကို ရေးသားမှတ်တမ်းတင်ခဲ့တဲ့ ဂရိပညာရှင်ကြီး 'သူစီဒိုက်'ကို ရည်စူးပြီး ဒီလိုမျိုးဖြစ်စဉ်ကို –သူစီဒိုက်ဖြစ်စဉ်–လို့ ခေါ်ပြီး စစ်ပွဲအထိဖြစ်ပေါ်လာရမှုကိုတော့ 'သူစီဒိုက်ထောင်ချောက်'လို့ အမေရိကန်ပညာရှင်များက ခေါ်ဝေါ် သတ်မှတ်ထား ပါတယ်။ နှစ်ပေါင်း ၁၅၀၀ အတွင်းမှာလည်း တည်ရှိဆဲ အင်အားကြီး နိုင်ငံနဲ့ အသစ်တက်လာတဲ့အင်အားကြီး နိုင်ငံများအကြား အားပြိုင်မှု ၁၅ ကြိမ် ရှိရာမှာ ၁၁ ကြိမ်မှာ စစ်ပွဲများဖြစ်လာတဲ့အထိ ဖြစ်ခဲ့ပါတယ်။

အနီးခေတ်သမိုင်းကိုပဲ ကြည့်ပါ။ ၁၉၁၄ ခုနဲ့ ၁၉၃၉ ခုနှစ်တွေမှာ အရှိန်သြဇာတက်လာတဲ့ ဂျာမနီက ရှိရင်းစွဲအင်အားကြီး အင်္ဂလန် ကို အာခံပြိုင်ဆိုင်ရာက ကမ္ဘာစစ်ကြီး (၂)ပွဲ ဖြစ်ခဲ့တဲ့ သာဓကများရှိပါတယ်။

ယခု ၂၁–ရာစုမှာတော့ ခေတ်သစ်အေသင် တရုတ်နဲ့ ခေတ်သစ်စပါတာ အမေရိကန်တို့ဘယ်လို ရင်ဆိုင်ကြမလဲ။

ကမ္ဘာစစ်ကြီး (၂)ပွဲရဲ့ အနိဋ္ဌာရုံများကိုလည်းကောင်း၊ ဒီနောက် ဆက်လက်ဖြစ်ပွားနေတဲ့ ဒေသစစ်အမျိုးမျိုးရဲ့ အနိဋ္ဌာရုံများကိုလည်းကောင်း (အထူးတိုးတက်လာတဲ့ သတင်းနည်းပညာများကြောင့်)နေ့စဉ်နဲ့အမျှ တွေ့ကြုံယဉ်ပါးနေရတဲ့ ကမ္ဘာသူ ကမ္ဘာသား အားလုံးအနေနဲ့ စစ်ကိုမုန်းတီး ကြောက်ရွံ့ ဆန့်ကျင်နေတဲ့ စိတ်များဝင်ရောက်ကိန်းအောင်းနေပါတယ်။ ဒါကြောင့်ပဲ နိုင်ငံအသီးသီးက နိုင်ငံရေးသမား ခေါင်းဆောင်များရောပညာရှင်များပါ စစ်ပွဲကို ဘယ်လိုရှောင်ကြမလဲ ဆိုတာတွေကို အထူးဂရုပြု လေ့လာ လာနေကြပါတယ်။

အထူးသဖြင့် ကမ္ဘာ့ ဒုတိယအကြီးဆုံး စီးပွားရေး အင်အားကြီးအဖြစ် နေရာယူလာနေတဲ့ တရုတ်နဲ့ ကမ္ဘာ့တဦးတည်းသော အင်အားကြီးနိုင်ငံ (စူပါပါဝါ) အမေရိကန်အကြား ပြိုင်ဆိုင်မှုများ ပွတ်တိုက်မှုများဟာ တချက်တချက် အလွန်အန္တရာယ်ကြီးတဲ့ ရင်ဆိုင်မှုများ ဖြစ် ပေါ်လာနေတာကို တွေ့နေရပါတယ်။

ဥပမာအားဖြင့် …၂၀၁၃–နိဝင်ဘာလ တရုတ်က လေကြောင်းကာကွယ်ရေးဇုန် (ADIZ) ကြေညာအပြီး …

(က)တရုတ်သင်္ဘောတစင်းနဲ့ အမေရိကန်သင်္ဘောတစင်း တို့တိုက်မိမတတ်ဖြစ်ခဲ့တဲ့ကိစ္စ။

(ခ)တရုတ်နဲ့ ဂျပန်(အမေရိကန်ရဲ့မဟာမိတ်)ကင်းလှည့်လေယာဉ်များ လေပြင်မှာ မကြာခဏ တိုက်မိမတတ် ဖြစ်ဖြစ်နေတဲ့ကိစ္စများ။

ဒါတွေကြောင့် အမှတ်မထင် အသေးအမွှားလေးကစလို့ ပြဿနာဒ်မီးလောင်ပြီး ကမ္ဘာစစ်ထိမဖြစ်တောင် ဒေသစစ်ပွဲကြီးများဖြစ်လာမယ့် အန္တရာယ်များရှိနေပါတယ်။ ဒ့ါအပြင် အခုအချိန်အခါဟာ လွန်ခဲ့တဲ့နှစ်ပေါင်း(၅၀)ကျော်က ကမ္ဘာမဟုတ်တော့ပါဘူး။ယခု အမေရိကန်မှာ ပိုင်ဆိုင်ထားတဲ့ အနုမြူလက်နက်ပေါင်းစုံရဲ့အစွမ်းဟာ ကမ္ဘာပေါ်ရှိလူသားအားလုံးကိုသာမက ကမ္ဘာကြီးကိုပါ ပျောက်ကွယ်သွားစေနိုင်ပါတယ်။ တရုတ်အနေနဲ့ အမေရိကန်ရဲ့ စုစုအင်အားကို မယှဉ်နိုင်ပေမယ့် အမေရိကန်ရဲ့တိုက်ခိုက်မှုကိုတော့ ခုခံနိုင်တဲ့အင်အား အလုံအလောက်တော့ရှိနေပါတယ်။ ဒ့ါကြောင့် ဒီတခါ ကမ္ဘာစစ်ပွဲကြီးဖြစ်လာရင်တော့ ကမ္ဘာပေါ်မှာ ဘယ်တိုင်းပြည်မှ ဘယ်လူသားမှမလွတ်နိုင်တော့ပါဘူး။

ဒါကြောင့် ဒီအန္တရာယ်က(အခုပြောပြောနေကြတဲ့ သူစီဒိုက် ထောင်ချောက်က)လွတ်အောင်ဘယ်လိုလုပ်ကြမလဲ။ ဒါဟာ အားလုံးအတွက်သေရေး–ရှင်ရေးပြဿနာကြီး ဖြစ်လာနေပါတယ်။

ဒီကိစ္စ ကို နိုင်ငံအများအပြား (အထူးသဖြင့် အင်အားကြီးနိုင်ငံများ)ကြား အကြီးအကျယ် အလေးတကြီး တိုင်ပင်ဆွေးနွေး လေ့လာနေကြပါတယ်။ ဒီလိုနဲ့ အလွန်ကောင်းမွန်တဲ့နည်းလမ်းကောင်းတွေ လုပ်ဟန်ကောင်းတွေကို ရှာတွေ့လာကြပါတယ်။ (ဒီနေရာမှာ ဘုံသ

ဘောထားတခုကတော့  ဘယ်သူမှအနုမြူစစ်ပွဲမတိုက်ချင်ကြတာပါ။ သမရိုးကျစစ်ပွဲဆိုရင် ခေါင်းဆောင်တွေကမသေနိုင်ပါဘူး။ အနုမြူစစ်ပွဲကျဘယ်သူမှမလွတ်နိုင်ဘူး။ ဒါက အခရာကျပါတယ်။) အဲဒီနည်းလမ်းတွေကတော့……

၁)သေနင်္ဂဗျူဟာမဟာမိတ်ဖွဲ့မှု (Stretegic Partnership) အစီအစဉ်ပါ။ သက်ဆိုင်ရာနိုင်ငံများက တာဝန်ရှိ အဆင့်မြင့်ခေါင်းဆောင်များ မကြာခဏ တွေ့ဆုံပြီး အပြန်အလှန်အမြင်ချင်းဖလှယ်တာ ရေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းတာ (မိမိတို့(၂)နိုင်ငံ ကိစ္စများသာမက တကမ္ဘာလုံးဆိုင်ရာ ပြဿနာများကိုပါ စဉ်းစားတာ)၊အပြန်အလှန် စိုးရိမ်ပူပန်မှုများကို ထုတ်ဖော် ပြောဆိုကြပြီး အပြန်အလှန် ရှင်းလင်းကြတာ၊ အပြန်အလှန် စီးပွားရေး ဘဏ္ဍာရေး ကုန်သွယ်ရေးများ ပူးပေါင်းလုပ်ဆောင်ကြတာ (ဒီနည်းနဲ့ နိုင်ငံ အချင်းချင်းကြား စီးပွားရေးတွေ အပြန်အလှန် အမှီသဟဲပြုလာရပြီး ကမ္ဘာတဝန်း ဖြန့်ကြက်မှု(Globalization ပိုမိုနက်ရှိုင်းလာရတာ) အရေးပေါ် တယ်လီဖုန်းလိုင်းများ(hotline)ဖွင့်ထားတာ စတာတွေ လုပ်ဆောင်ရင်း စကားများများပြော များများထိတွေ့ ဆက်ဆံလုပ်ဆောင်နေကြရင်း အပြန်အလှန်သေနင်္ဂဗျူဟာယုံကြည်မှု (Stretegic Trust)ကို တည် ဆောက်ကြဖို့။

ဒီနေရာမှာဥပမာတခုပြောပြချင်ပါတယ်။

တရုတ်က ADIZ ကြေညာလိုက်တဲ့အခါ အမေရိကန်ရော ဂျပန်ပါ ဒေါသတကြီး ထကန့်ကွက်တာကို တရုတ်က မခံမရပ် နိုင်ဖြစ်ပါတယ်။ အဲဒီ(၂)နိုင်ငံလုံးက သူတို့ရဲ့ ADIZ ကို လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းကကြေညာပြီးသားပါ။ ဒါကြောင့် သူတို့ကျမှ ကန့်ကွက်တာ မတရားဘူးလို့ ဆိုလာပါတယ်။ တရုတ်က စစ်ပွဲတွေ ရှောင်ချင်လို့လုပ်ရတာ၊ ဒ့ါအပြင် သူတို့ လတ်တလောရင်ဆိုင် နေရတဲ့ပြိုင်ဘက် ဂျပန်ဟာ အလစ်တိုက် ခိုက်တတ်တဲ့အကျင့်ရှိလို့ ဒါကို ကြိုတင်ရှောင်နိုင်အောင်လုပ်ရတာလို့ ဆိုလာပါတယ်။

ဒါကို အမေရိကန်က အမျိုးသားလုံခြုံရေး အကြံပေးအရာရှိအဖြစ် တာဝန်ယူဖူးတဲ့ စတီဖင်ဟာဒီက ဒီလိုရှင်းပြပါတယ်။ အချိန်ကာလ မတူညီမှုကိုကြည့်ရမယ်လို့ဆိုပါတယ်။ အမေရိကန်တို့ ကြေညာချိန်ဟာ စစ်အတွင်းဖြစ်တယ်။ ပုလဲဆိပ်ကမ်းအဖြစ်အပျက်မျိုး ထပ်မဖြစ်ရေးအတွက် အလောတကြီးလုပ်ရတာ။ အခုအချိန်က ငြိမ်းချမ်းရေးကာလဖြစ်တယ်။ ဖြည်းဖြည်းဆေးဆေး ပြင်ပြင်ဆင်ဆင် လုပ်လို့ရတယ်။ မိမိရဲ့လုပ်ဆောင်ချက်များအပေါ် အမြင်ရှင်းအောင် အရင်ပြောပြတာ၊ သဘောထားတွေကို တီးခေါက်တာ တွေလုပ်သင့် တယ်။ ကြိုတင်သတိပေးချိန်ဟာ မိနစ်(၃၀)ပဲ ရှိတယ်။ ဒါလည်း မသင့်တော်ပါဘူး။ အဲဒီဒေသမှာက နဂိုကတည်းက ဖြတ်သန်း သွားလာနေတဲ့ လေကြောင်း လိုင်းတွေ ရေကြောင်းလမ်းတွေ ရှိတယ်။ တခါကြေညာချက်မှာလည်း ခြိမ်းခြောက်တဲ့သဘောတွေ ပါနေတဲ့အတွက် ဒါကို လက်မခံနိုင်ကြတာပါလို့ ပြန်ရှင်းပြပါတယ်။  ဒီမှာတင် (၂)ဖက်စလုံး အပြန်အလှန် နားလည်သွားကြပြီး ယုံကြည် မှုကို တဆင့်တက် တည်ဆောက်လိုက်နိုင်ပါတယ်။ ဒါဟာ အပြန်အလှန် ဆွေးနွေးမှုကနေ ရလိုက်တဲ့အကျိုးဆက်ကောင်းတရပ်ပါ။

၂) ပူးတွဲစစ်ရေးလေ့ကျင့်ခန်းများ လုပ်ဆောင်ခြင်း။ စစ်တပ်အချင်းချင်းအကြား ဆက်ဆံမှုများဟာ အရေးကြီးပါတယ်။ ဥပမာတခု ကြည့်ရအောင်ပါ။

အမေရိကန်ဟာ ပစိဖိတ်ဝှမ်း(ခွင်)အတွင်း နိုင်ငံအတော်များများပါဝင်တဲ့ ရေတပ် စုပေါင်းလေ့ကျင့်မှုတွေ(RIMPAC)ကို နှစ်စဉ် ပြုလုပ်လေ့ရှိပါတယ်။ အရင်က လေ့ကျင့်ပွဲတွေမှာ တရုတ်ကိုမဖိတ်ဘဲ တရုတ်ပတ်လည်က နိုင်ငံများသာ ပါဝင်ခဲ့တာဖြစ်လို့ တရုတ်က ဒီပွဲတွေဟာ သူ့ကို ပစ်မှတ်ထားတာလို့သံသယရှိခဲ့တာပါ။ ဒီနှစ် (၂၀၁၄) မှာတော့ တရုတ်ကို ဖိတ်ကြားတဲ့အတွက် တရုတ်က တက်တက် ကြွကြွပါဝင်ခဲ့ပါတယ်။ တရုတ်ရေတပ်က အစီအစဉ် (၇) ခုမှာ ပါဝင်ပြီး စစ်သင်္ဘောများ၊ ရေငုပ်သင်္ဘောများ၊ ဆေးကုသ ရေးသင်္ဘောများ စတာတွေနဲ့အတူ အရာရှိ တပ်သား (၁၁၀၀) ပါဝင်ဆင်နွှဲခဲ့ပါတယ်။ ပါဝင်တဲ့စစ်အင်အားဟာ အမေရိကန်ပြီးရင် ဒုတိယ အများဆုံးပါပဲ။

ရရှိချက်ကတော့ –တရုတ်များဘက်က သံသယတွေပျောက်သွားပြီး တကယ် ရေ့တန်းမှာရင်ဆိုင်ရမယ့် စစ်သားများ အချင်းချင်းကြား ခင်မင်မှုတွေ ရင်းနှီးမှုတွေ ရရှိလိုက်တာပါပဲ။ စစ်ရေးလေ့ကျင့်ခန်းဆိုပေမယ့် တခြားပူးတွဲလှုပ်ရှားမှုတွေဖြစ်တဲ့ အားကစားပွဲတွေ မိတ်ဆုံစားပွဲတွေလည်း လုပ်ကြတာကိုး။ သူ့နိုင်ငံကိုယ့်နိုင်ငံက သင်္ဘောတွေပေါ်တက်ပြီး အပြန်အလှန် လည်ပတ်မှုတွေလည်း ရှိတော့ ကိုယ်စီမှာရှိတဲ့ သေနင်္ဂဗျူဟာ ရည်မှန်းချက်များကိုလည်း မှန်းဆနိုင်ကြတော့ သံသယတွေလည်း လျော့နည်းလာနိုင်ပါတယ်။ အလွန်ကောင်းမွန်တဲ့ နည်းလမ်းတွေပါပဲ။

၃) နိုင်ငံခေါင်းဆောင်များအနေနဲ့ခေါင်းအေးအေးထားပြီး ဘာကိစ္စမဆို ကြည့်မြင်ရာမှာ အမြင်ကျယ်ဖို့၊ အမြင်ရှည်ဖို့ လိုပါတယ်။ နိုင်ငံအချင်းချင်းအကြား ဆက်ဆံရာမှာ မကြာခဏ ပွတ်တိုက်မှုတွေ ပဋိပက္ခတွေ ပေါ်နိုင်ပါတယ်။ တခုချင်းကိစ္စကို တခုချင်းပဲ ဖြေရှင်းပြီး တခုလုံးခြုံတဲ့ ဆက်ဆံရေးကိုမထိခိုက်ဖို့ လိုပါတယ်။ အထူးသဖြင့် အပြန်အလှန်ဆွေးနွေးပွဲ ယဉ်ကျေးမှု(Dialogue Culture) ရင့်ကျက်လာဖို့ လိုပါတယ်။ အခုခေတ်မှာ နိုင်ငံတကာဆွေးနွေးပွဲတွေ၊ အုပ်စုလိုက်ဆွေးနွေးပွဲတွေစသဖြင့် ပြဿနာအရပ်ရပ်ကိုဆွေးနွေးနိုင် ဖလှယ်နိုင်တဲ့ အဆောက်အအုံတွေအမျိုးမျိုးလည်း ရှိလာနေပြီ ဖြစ်ပါတယ်။ ဒါတွေကို ကောင်းကောင်း အသုံးချတတ်ဖို့ ကြိုးစားလုပ်ဆောင်ရပါမယ်။

၄) ကမ္ဘာ့ပြည်သူလူထုကြီးတရပ်လုံးရဲ့ နိုးကြားမှုနဲ့ အရေးပါလာမှုများကလည်း အစိုးရများအနေနဲ့ မိမိတို့လုပ်ချင်ရာတွေကို မလုပ်နိုင်တော့ဘဲ မိမိပြည်သူများရဲ့အသံကို တစုံတရာ နားထောင်လာကြရပါတယ်။

ဒါတွေကြောင့်ပဲ သူစီဒိုက်ထောင်ချောက်ကို ကျော်နင်းနိုင်ကြလိမ့်မယ်လို့ မျှော်လင့်ရတာပါပဲ။

ရဲဘော်–ထွန်းမြတ်

၂–၇–၂၀၁၄

ကိုးကား။ (၁)၂၇–၆–၂၀၁၄ China Daily-PLA participation in RIMPAC a milestone[2]

(၂)၁–၇–၂၀၁၄CCTV Dialogue with Steven Hardy[2]

# မျက်မှောက် ကွန်မြူနစ်ပါတီများနဲ့ အလုပ်သမားပါတီများရဲ့ နိုင်ငံတကာ အစည်းအဝေး လက္ခဏာကို သုံးသပ်ကြည့်ခြင်း

(အပိုင်း ၂)



ခင်အေးကြည်မြ

ပြီးခဲ့တဲ့ အရေးတော်ပုံ အတွဲ (၂) အမှတ် (၁) ရဲ့ မျက်မှောက် ကွန်မြူနစ်ပါတီများနဲ့ အလုပ်သမားပါတီများရဲ့ နိုင်ငံတကာ အစည်းအဝေးရဲ့ လက္ခဏာကို သုံးသပ်ကြည့်ခြင်း ဆောင်းပါးရဲ့ အဆုံးသတ်မှာ နောက်တပတ် ဂျာနယ်မှာ ဒီအစည်းအဝေးရဲ့ စွမ်း ဆောင်ချက်နဲ့ လက္ခဏာတွေကို တင်ပြသွားပါ့မယ်လို့ အဆုံးသတ်ထားတဲ့အတိုင်း ဆက်လက်တင်ပြသွားပါ့မယ်။

ကွန်မြူနစ်ပါတီတွေနဲ့ အလုပ်သမားပါတီတွေရဲ့ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ဒီနိုင်ငံတကာ့ အစည်းအဝေးဟာ ကမ္ဘာ့ဆိုရှယ်လစ် လှုပ်ရှားမှုဖြစ်စဉ်အတွင်းက အရေးကြီးတဲ့ လှုပ်ရှားမှုတရပ် ဖြစ်နေပါပြီ။ တကမ္ဘာလုံးက အဖိနှိပ်ခံ အမျိုးသားပေါင်းစုံ ပြည်သူ လူထုကြီးတရပ်လုံးက ဂရုတစိုက်စောင့်ကြည့်နေရတဲ့ အစည်းအဝေးတရပ်လည်း ဖြစ်ပါတယ်။ ၁၀ နှစ်ကျော်အတွင်း အဆက်မပြတ် နှစ်စဉ် ပုံမှန်ကျင်းပခဲ့တာ ယခုဆိုရင် ၁၅ ကြိမ် ရှိသွားခဲ့ပါပြီ။ ဒါကြောင့် ဒီအစည်းအဝေးရဲ့ အသွင်အပြင်တွေလည်း ပေါ်ထွက်လာ ပြီဖြစ်လို့ ၎င်းရဲ့ လက္ခဏာနဲ့ စွမ်းဆောင်ချက်တွေကို သုံးသပ်ကြည့်ရအောင်ပါ။

## ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတို့ရဲ့ နိုင်ငံတကာ အစည်းအဝေးရဲ့ စွမ်းဆောင်ချက်နဲ့လက္ခဏာများ

မျက်မှောက် ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတွေရဲ့ နိုင်ငံတကာ အစည်းအဝေးဟာ တကမ္ဘာလုံး ဂယက်ရိုက်ခတ်မှုရှိတဲ့ အစည်းအဝေးတရပ်အနေနဲ့ ၎င်းရဲ့ စွမ်းဆောင်ချက်နဲ့ လက္ခဏာတွေဟာလည်း လူတွေအာရုံစိုက်တဲ့ ပြဿနာတွေဖြစ်ပါတယ်။

ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတွေရဲ့ နိုင်ငံတကာ အစည်းအဝေးဟာ တနှစ်တကြိမ် ခေါ်ယူကျင်းပတဲ့ အစည်းအဝေး ဖြစ်တဲ့အလျောက် ဘယ်လိုသဘောလက္ခဏာတွေ ရှိသင့်သလဲ။ ဒါနဲ့ပတ်သက်လို့ အစည်းအဝေးတက်လာတဲ့ နိုင်ငံရေးပါတီတွေ အတွင်းမှာ မတူတဲ့ မျှော်လင့်ချက်တွေ ပေါ်ထွက်ခဲ့ဖူးတယ်။ ဂရိကွန်မြူနစ်ပါတီ နိုင်ငံတကာဌာန အဖွဲ့ဝင်တဦးက "ကမ္ဘာ့ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီများရဲ့ နိုင်ငံတကာ အစည်းအဝေး သုံးသပ်ချက်စာတမ်း"မှာ အစောပိုင်း ၂၀၀၀ ခုနှစ်က ကျင်းပခဲ့တဲ့ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတို့ရဲ့ ဒုတိယအကြိမ် နိုင်ငံတကာ အစည်းအဝေးမှာကတည်းက နိုင်ငံအသီးသီးက ကွန်မြူနစ်ပါတီတွေရဲ့ ကိုယ်စားလှယ်များအကြားမှာ အစည်းအဝေးနဲ့ ပတ်သက်လို့ မတူတဲ့အမြင်တချို့ ဖော်ပြခဲ့ဖူးတယ်လို့ သုံးသပ်ထားခဲ့တယ်။ ဒါတွေကို ချုပ်လိုက်ရင် အမြင် ၃ မျိုးသာ ဖြစ်ပါတယ်။

**ပထမ ထင်မြင်ချက်တမျိုးကတော့** အစည်းအဝေးကို "လက်ဝဲဂိုဏ်းနိုင်ငံရေးပါတီများ"ရဲ့ အစည်းအဝေးအဖြစ် ယေဘုယျ အားဖြင့် ပြောင်းလဲပစ် သင့်တယ်လို့ ယူဆတယ်။ ဒီအမြင်ရှိသူတွေက အစည်းအဝေးကို အကျပ်ကိုင်ခဲ့ကြတယ်။ ရည်မှန်းချက်ကတော့ အစည်းအဝေးရဲ့ ဖွဲ့တည်မှုကို ပြောင်းလဲပစ်ခြင်း ကြောင့် အစည်းအဝေးရဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်အတွင်း ကွန်မြူနစ်ဝါဒ လက္ခဏာ ပျောက်ဆုံးသွားစေရေးဖြစ်တယ်။

**ဒုတိယ အမြင်တမျိုးကတော့** ကွန်မြူနစ်ဝါဒလက္ခဏာကို စွဲစွဲမြဲမြဲဆုပ်ကိုင်ထားသင့်တယ်လို့ ယူဆတယ်။ တချိန်တည်း မှာလည်း

နိုင်ငံတကာ အစည်းအဝေးဟာ နယ်ချဲ့စနစ်ဆန့်ကျင်ရေး ဘုံသေနင်္ဂဗျူဟာကို တာဝန်ခံချမှတ်ရေးဆွဲရေး၊ အပြန်အလှန် ဆက်ဆံမှုကို ညီညာဖြိုဖြိုဖြစ်အောင်လုပ်ရေး၊ တညီတညွတ်တည်းပူးပေါင်းဆောင်ရွက်တဲ့ ပြုမူဆောင်ရွက်ချက် ဖြစ်မြောက်ရေးတို့ကို တောင်းဆို ပါတယ်။ ဥပမာ– ဒုတိယအကြိမ် ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီများရဲ့ နိုင်ငံတကာအစည်းအဝေးမှာ တချို့ပါတီတွေက ညီညာဖြိုဖြိုဖြစ်အောင် ဟန်ချက်ညီညီ ပြုမူလုပ်ဆောင် အကောင်အထည်ဖော်ရေး အတွင်းရေးမှူးဌာန ထူထောင်ဖို့ တင်ပြခဲ့ကြတယ်။ ဒါပေမဲ့ အစည်းအဝေးမှာ အဲဒီအမြင်ကို အတည်မပြုနိုင်ခဲ့ဘူး။

**တတိယအမြင်တမျိုးကတော့** အစည်းအဝေးဟာ ကွန်မြူနစ်ဝါဒလက္ခဏာကို စွဲစွဲမြဲမြဲ ထိန်းသိမ်းထားသင့်တယ်။ ဒါပေမဲ့ ၂၀ ရာစုတုန်းက ကွန်မြူနစ်ပါ တီနဲ့ အလုပ်သမားပါတီတွေရဲ့ နိုင်ငံတကာ အစည်းအဝေး အခြေအနေမျိုးကို ပြန်သွားရေး မဖြစ်သင့်ဘူးလို့ ယူဆတယ်။ နိုင်ငံတကာ အစည်းအဝေးမှာ အာဏာပိုင် အဖွဲ့အစည်း မရှိသင့်ဘူး။ အစည်းအဝေးဟာ ကွန်မြူနစ်ပါတီတွေ ဘက်စုံ ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်တဲ့ ပလက်ဖောင်းနဲ့ စည်းလုံးညီညွတ်ရေးဆန္ဒကို ဖော်ပြတဲ့ပုံစံတရပ် ဖြစ်လာစေသင့်တယ်လို့ ယူဆတယ်။ ဆက်လက်ပြီး အစည်းအဝေး အကြိမ်ကြိမ်ကျင်းပနေတဲ့ ဖြစ်စဉ်အတွင်း မနည်းလှတဲ့ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတွေဟာ အစည်းအဝေးရဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက်နဲ့ ပတ်သက်ပြီး မိမိတို့ရဲ့ အမြင်အယူအဆ များကို တင်ပြနေဆဲသာ ဖြစ်တယ်။

၁၄ ကြိမ်အထိ ကျင်းပပြီးစီးသွားခဲ့ပြီးဖြစ်တဲ့ ဒီနိုင်ငံတကာအစည်းအဝေးတွေရဲ့ အခြေအနေကို ကြည့်ရင် ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတွေဟာ အစည်းအဝေးမှာ ယေဘုယျအားဖြင့် "လက်ဝဲဂိုဏ်း နိုင်ငံရေးပါတီ"သို့ ဦးတည်ဖွံ့ဖြိုးသွားနိုင်တဲ့ လက္ခဏာကို လက်တွေ့မှာ လုံးဝ ဖယ်ရှားပစ်ခဲ့ပြီး မိမိတို့ရဲ့ ကွန်မြူနစ်ဝါဒလက္ခဏာကို စွဲစွဲမြဲမြဲ ထိန်းသိမ်းထားခဲ့တယ်။ တချိန်တည်းမှာလည်း ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတွေရဲ့ နိုင်ငံတကာအစည်းအဝေးတွေက ဒုတိယထင်မြင်ချက်မျိုးသို့ ဦးတည်ဖွံ့ဖြိုးတိုးတက်သွားမှာမျိုးလည်း လုံးဝ မရှိခဲ့ဘူး။ အစည်းအဝေးက နယ်ချဲ့စနစ် ဆန့်ကျင်ရေး ဘုံသေနင်္ဂဗျူဟာ၊ အပြန်အလှန် ဆက်ဆံရေးကို ညီညာဖြိုဖြိုဖြစ်အောင်လုပ်ရေးတို့ကို တစုံတရာ ရေးဆွဲချမှတ်နိုင်ခဲ့ပေမယ့် "တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်တဲ့ လှုပ်ရှားမှု" အဖြစ်လုံးပန်းအားထုတ်တာ မလုပ်နိုင်ခဲ့ဘူး။ နောက်ဆုံး မှာတော့ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတို့ရဲ့ နိုင်ငံတကာ အစည်းအဝေးဟာ အဓိကအားဖြင့် တတိယ ထင်မြင်ချက်အတိုင်း အကောင်အထည်ပေါ်လာတယ်။ မျက်မှောက်မှာ ဒီနိုင်ငံတကာ အစည်းအဝေးဟာ "ကွန်မြူနစ်ပါတီများရဲ့ ဘက်စုံဆက်ဆံရေး ဖြစ်ထွန်းတိုးတက်တဲ့ ပလက်ဖောင်းနဲ့ စည်းလုံးညီညွတ်ရေး ဆန္ဒကို ဖော်ပြတဲ့ ပုံစံတမျိုး"ဖြစ်လာနေပါပြီ။

အထက်ပါအကဲဖြတ်ချက်တွေဟာ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတွေရဲ့ ပြီးခဲ့တဲ့ နိုင်ငံတကာ အစည်းအဝေး ၁၄ ကြိမ် အတွင်း ဖြစ်ထွန်းခဲ့တဲ့ စွမ်းဆောင်ချက် သို့မဟုတ် အကျိုးဆောင်ခဲ့တာတွေအတွင်းက သက်သေထုတ်ပြခဲ့တာတွေဖြစ်ပါတယ်။ ၁၀ နှစ်ကျော်အတွင်း ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတွေရဲ့ နိုင်ငံတကာအစည်းအဝေးရဲ့ အဓိက စွမ်းဆောင်အကျိုးပြုချက်တွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

(၁) နိုင်ငံအသီးသီးမှ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတွေရဲ့ အတွေးအခေါ်နဲ့ အမြင်တွေကို အပြန်အလှန် ဖလှယ်နိုင် တယ်။ အတူတကွ အာရုံစိုက် အလေးဂရုပြုနေကြတဲ့ အရေးကြီးတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနဲ့ လူမှုရေးပြဿနာတွေနဲ့ ပတ်သက်တဲ့ သိမြင်နားလည်မှုနဲ့ အမြင်တွေကို ထုတ်ဖော်ပြောကြားနိုင်ခဲ့ကြတယ်။

(၂) နိုင်ငံအသီးသီးက ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတွေဟာ မိမိနိုင်ငံရဲ့ အခြေအနေနဲ့ လုပ်ငန်းအခြေအနေများကို စာတမ်းဖြန့်ဝေ အသိပေးကြတယ်။ နိုင်ငံအသီးသီးက ပါတီတွေဟာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အချုပ်အခြာအာဏာ၊ တိုးတက် မှု ရရှိရေးနဲ့ ဆိုရှယ်လစ်စနစ် တိုက်ပွဲအတွင်း အသစ် ဖြစ်ထွန်းတိုးတက်လာမှုတို့ကို ဖော်ပြခဲ့ကြတယ်။ လုပ်ငန်းအတွေ့အကြုံ များကို အပြန်အလှန်ဖလှယ်ခဲ့ကြတယ်။

(၃) နိုင်ငံအသီးသီးမှ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတို့ အတူတကွ ရင်ဆိုင်နေရတဲ့ အခြေအနေနဲ့ တာဝန်ဝတ္တရားများ ကို ဖြေရှင်းရေးအတွက် နည်းပရိယာယ်များကို အဆိုပြုကြတယ်။ ဥပမာ စီးပွားရေးအကျပ်အတည်းအတွင်း နိုင်ငံအသီးသီးက ကွန်မြူနစ်များကို တိုက်ပွဲရဲ့ ရှေ့ဆုံးတန်းမှ ပါဝင်ပြီး အရင်းရှင်အစိုးရရဲ့ အကျပ်အတည်းရဲ့ အကျိုးဆက်ကို ပခုံးပြောင်းဖို့ လုပ်တဲ့ နည်းပရိယာယ်ကို ဆန့်ကျင် တိုက်ခိုက်ကြဖို့ ဆော်ဩခဲ့တယ်။ နိုင်ငံလွန် လက်ဝါးကြီးအုပ်အရင်းအနှီးကို အကျယ်အပြန့် ကျင့်သုံးနေတဲ့ လစ်ဘရယ်ဝါဒသစ်ကို ဆန့်ကျင်တဲ့ တိုက်ပွဲမှာ နိုင်ငံအသီးသီးမှ ကွန်မြူနစ်ပါတီတွေဟာ နယ်ချဲ့စနစ် ဆန့်ကျင်တဲ့၊ လက်ဝါးကြီးအုပ်အရင်းကို ဆန့်ကျင်တဲ့ နိုင်ငံတကာ မဟာမိတ် တပ်ပေါင်းစု ထူထောင်ရေးစတဲ့ နည်းပရိယာယ်တွေ ကျင့်သုံး ဆောင်ရွက်သွားဖို့ ဆော်ဩခဲ့တယ်။

(၄) တချို့ပြဿနာတွေမှာ အကန့်အသတ်ရှိစွာ အတူတကွ ပြုမူဆောင်ရွက်ရေးကို ဆော်ဩခဲ့တယ်။ ဥပမာ– နိုင်ငံအသီးသီးက ကွန်မြူနစ်ပါတီတွေနဲ့ ပြည်သူလူထုက ကျူးဘားပြည်သူတွေရဲ့ တိုက်ပွဲ ကူညီထောက်ခံရေး၊ ဆိုက်ပရပ်စ်ပြည်သူ တွေရဲ့ တပေါင်းတစည်း တည်းဖြစ်ရေးကို ထိန်းသိမ်းကာကွယ်ရေးတိုက်ပွဲကို ကူညီထောက်ခံရေးတို့ ဆင်နွှဲသွားရေးကို ဆော်ဩလိုက်တယ်။ နိုင်ငံအသီးသီးက ကွန်မြူနစ်ပါတီ များအား အောက်တိုဘာတော်လှန်ရေးကို အထိမ်း အမှတ်ပြုရေးလှုပ်ရှားမှုများ ဆောင်ရွက်သွားကြဖို့ကိုလည်း ဆော်ဩလိုက်ပါတယ်။

ဒီလောက်ဆို ကျွန်တော်တို့ ကောက်ချက်ဆွဲနိုင်ပါပြီ။

မျက်မှောက်ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတွေရဲ့ နိုင်ငံတကာ အစည်းအဝေးဟာ နိုင်ငံအသီးသီးမှ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတွေရဲ့ ဘက်စုံအပြန်အလှန်ဖလှယ်ရေး ဆောင်ရွက်တဲ့ ပလက်ဖောင်းဖြစ်တယ်။ ဒီဘက်စုံ အပြန်အလှန် ဖလှယ်တဲ့ ပလက်ဖောင်းဟာ မာ့က်စ်၊ လီနင်ဝါဒကို ၎င်းတို့လှုပ်ရှားမှုရဲ့ တူညီတဲ့ အတွေးအခေါ် အခြေခံအုတ်မြစ်အဖြစ် ကျင့်သုံးဆောင် ရွက်တာဖြစ်တယ်။ နယ်ချဲ့စနစ် ဆန့်ကျင်ရေး၊ နိုင်ငံတကာ လက်ဝါးကြီးအုပ်အရင်း ဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ တိုး တက်ရေးနဲ့ ဆိုရှယ်လစ်စနစ် ဖော်ဆောင်ရေးတို့ကို ၎င်းတို့ရဲ့ ဘုံလှုပ်ရှားမှုရဲ့ နိုင်ငံရေးအခြေခံအုတ်မြစ်အဖြစ်ထား ဆောင်ရွက်နေ တာဖြစ်တယ်။ အခွင့်အရေး တန်းတူရေး၊

မတူကွဲပြားမှုကို လေးစားသွားရေး၊ သူတပါးရဲ့ အတွင်းပိုင်းကိစ္စများကို ဝင်ရောက်မစွက်ဖက်ရေးတို့ကို ၎င်းတို့ ပြုမူဆောင်ရွက်ချက်ရဲ့ အခြေခံမူအဖြစ် ကျင့်သုံးပြီး ဆက်ဆံမှုများကို အားဖြည့်သွားရေး၊ ချစ်ကြည် ရင်းနှီးမှု တိုးမြှင့်သွားရေး၊ လုပ်ငန်းအတွေ့အကြုံနဲ့ အတွေးအခေါ် အမြင်များ အပြန်အလှန် ဖလှယ် ရေးတို့ကို အားဖြည့်ဆောင်ရွက်သွားပြီး ကမ္ဘာ့ဆိုရှယ်လစ်စနစ် လှုပ်ရှားမှု ဖြစ်ထွန်းတိုးတက်လာရေးကို ဘုံရည်မှန်းချက်အဖြစ် တွန်းဆော်သွားရန်ဖြစ်တယ်။ ဥပမာ ပါတီ– ပါတီချင်းဆက်ဆံရေးမှာ နှစ်ဦးနှစ်ဖက် ဆက်ဆံရေးဟာ ဆိုဗီယက်နဲ့ အရှေ့ဥရောပ ကျဆုံးသွားပြီးနောက် ကမ္ဘာ့ဆို ရှယ်လစ်စနစ် လှုပ်ရှားမှုရဲ့ စည်းလုံးညီညွတ်တဲ့ ပူးပေါင်းဆောင်ရွက်ရေးရဲ့ အဓိကပုံစံဖြစ်တယ်လို့ ပြောမယ်ဆိုရင် ကွန်မြူနစ်ပါတီနဲ့ အလုပ်သမား ပါတီတွေရဲ့ နိုင်ငံတကာ အစည်းအဝေးဟာ ကမ္ဘာ့ဆိုရှယ်လစ်စနစ် လှုပ်ရှားမှု စည်းလုံး ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရေးကို အဓိက ဖြည့်စွက်ပေးလိုက်တဲ့ ပုံစံဖြစ်တယ်လို့ ပြောရမှာပဲ။

ဒါကြောင့် မျက်မှောက် ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတွေရဲ့ နိုင်ငံတကာ အစည်းအဝေးဟာ ၂၀ ရာစု အလယ်ပိုင်း ကာလတွေလောက်က ဆိုဗီယက်ပြည်ထောင်စု ကွန်မြူနစ်ပါတီက ဦးစီးကျင်းပခဲ့တဲ့ မော်စကို အစည်းအဝေးများနဲ့ မတူပါဘူး။ အဲဒီ အစည်းအဝေးတွေကတော့ အစည်းအဝေးတက် ရောက်သူတွေကို လူတယောက်တည်းအဖြစ် "တညီတညွတ်တည်း"မဖြစ်ဖြစ်အောင် မဖြစ်နိုင်တာကို လုပ်ထားတဲ့ ကမ္ဘာ့ဆိုရှယ်လစ်စနစ် လှုပ်ရှားမှု အစည်းအဝေးတွေလို့ ဆိုရပါမယ်။ ပေါ်တူဂီ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးများအဖွဲ့ အတွင်းရေးမှူးက ၁၃ ကြိမ်မြောက် ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတွေရဲ့ နိုင်ငံတကာ အစည်းအဝေးမှာ ပြောခဲ့သလိုပါပဲ "ပုံစံနဲ့ အတွေ့အကြုံတွေဟာ အမျိုးမျိုးဖြစ်နိုင်ရုံသာမက အမြင်နဲ့ သိမြင်နားလည်မှု ဘက်တွေမှာလည်း နှိုင်းယှဉ်ခြင်းအားဖြင့် ကြီးမားတဲ့ မတူကွဲပြားမှုတွေ တည်ရှိနေနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတွေရဲ့ နိုင်ငံတကာ အစည်းအဝေးကိုတော့ ဆက်လက်အားဖြည့်ဆောင်ရွက်မြဲဆောင်ရွက်ပြီး အရင်းရှင်စနစ် ဆန့်ကျင်ရေး၊ လူ့အဖွဲ့အစည်း တိုးတက်ရေးကို တွန်းဆော်ပေးရေး၊ ငြိမ်းချမ်းရေးကာကွယ်ထိန်း သိမ်းရေးနဲ့ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးစတဲ့ဘက်တွေမှာ တညီတညွတ်တည်း စည်းလုံးညီညွတ်သွားကြရမယ်"ဆိုတာပါပဲ။

ဒါပေမဲ့ ဒီနေ့ဆိုရှယ်လစ်စနစ် လှုပ်ရှားမှုရဲ့ စည်းလုံးညီညွတ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေမှာ အတွင်းသဘောတွေဟာ ယခင်ကနဲ့ မတူတော့ပါဘူး။ "ကျွန်တော်တို့အဖို့ ပြောရရင် စည်းလုံးညီညွတ်မှုနဲ့ ပူးပေါင်းဆောင်ရွက်ရေး ပြုမူဆောင်ရွက်ချက်တွေနဲ့ ၎င်းတို့ရဲ့ လိုအပ်မှုတွေကို အားဖြည့်သွားရေးဟာ နိုင်ငံရေးအရ တညီတညွတ်တည်း ဖြစ်သွားပြီ၊ ဒါမှမဟုတ် ကွန်မြူနစ်စနစ် လှုပ်ရှားမှုကို ဖွဲ့စည်းတည်ဆောက်ဖို့ စဉ်းစားနေပြီဆိုတဲ့ သဘောမသက်ရောက်ပါဘူး။ မတူတဲ့လူ့အဖွဲ့အစည်း ပြုပြင်ပြောင်းလဲရေး အတွေ့အကြုံ တွေကို စုစည်းပြီး တစုံတခုသော ရည်မှန်းချက်အတွက် စုစည်းရောက်ရှိလာတာသာ ဖြစ်ပါတယ်"လို့ သုံးသပ်ထားပါတယ်။

ကိုးကား။ ။ **"မျက်မှောက်ကမ္ဘာ"**တလတကြိမ်ထုတ် ဂျာနယ်။ ၂၀၁၃၊ အမှတ် ၉ ။

ခင်အေးကြည်မြ

၂၀၁၄ ဇူလိုင် ၂၂။

# ဘီလူးမျက်ထောင့်နီလေပြီ



**ကျော်ဇင်မင်း**

ကြံ့ခိုင်ဖွံ့ ပါတီ၏ မကွေးတိုင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေက ၂၀၁၅ ရွေးကောက်ပွဲတွင် သူတို့ နိုင်မည်မှာ သေချာပြီးသားဟု hot news ဂျာနယ်တွင် ရေးသားပြောဆိုလိုက်သည်။ ဦးလှဆွေသည် သူ့ကိုယ်သူ ပွင့်ပွင့်လင်းလင်း ပြောတတ်သူအဖြစ် ပုံဖော်တတ်သည်။ အများပြည်သူကတော့ သူ့ကို ပေါက်လွှတ်ပဲစား ပြောတတ်သူဟု မှတ်ယူလေ့ရှိသည်။

ကချင်တွေကို ရွှေလက်နှင့် ခေါ်လို့ မရလျှင် ဘူးလက်လွှတ်လိုက်ပါဟု သူပြောခဲ့ဖူးသည်။ ယူနတီ သတင်းထောက်တွေအနေနှင့် အနုမြူစက်ရုံဖြစ်နေလျှင်တောင်မှ ငံပြာရည်စက်ရုံဟုသာ ပြောသင့်သည်ဟုလည်း မကြာခင်က သူဆိုသည်။ သူ့ကို အရူးဟု တချို့က ထင်သည်။ သို့သော် သူအရူးမဟုတ်ပါ။ ဖြစ်ခြင်းဖြစ်လျှင် ရူးချင်ယောင်ဆောင်နေသူသာဖြစ်မည်။

သူသည် သမ္မတ အကြံပေးဦးရဲထွတ်နှင့် ဗိုလ်သင်တန်း တပတ်စဉ်တည်းထွက်ဖြစ်ပြီး အလွန်ရင်းနှီးသည်။ သမ္မတနှင့်လည်း ရင်းနှီးကျွမ်းဝင်သူဖြစ်သည်။ သူ့ကိုယ်သူ လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်းလူ ဖြစ်ပြီး သမ္မတနှင့် မတည့်လေသယောင် တခါတလေ အသွင်သဏ္ဍာန် ဆောင်ပြီး ပြောတတ်သည်။ သို့သော် သူပြောသမျှ အထက်ညွှန်ကြားချက်နှင့် သဘောတူညီချက် ရယူပြီးမှ ပြောနေခြင်းဖြစ်သည်။ သမ္မတလူနှင့် ဥက္ကဋ္ဌလူ အကွဲအပြဲ ဟူသော ထိုးဇာတ်တွင် အလံရှူး လုပ်ပေးရသူများစွာအနက် ဦးလှဆွေသည် တယောက်ဖြစ်သည်။

hot news ဂျာနယ်တွင် သူဆောင်းပါးရေးသားရာ၌ "ကြံ့ခိုင်ရေးပါတီအနေနှင့် ၂၀၁၅ ရွေးကောက်ပွဲတွင် သေချာပေါက် အနိုင်ရမည်" ဟု ဆိုလိုက်ပြီး အဘယ့်ကြောင့် အနိုင်ရမည်ကို သက်သေပြသည့် အနေနှင့် ပြောကြားရာတွင် "ကြံ့ခိုင်ရေးပါတီသည် တပ်မတော်သား ၂၅ % ၏မဲကို ရထားပြီးဖြစ်သောကြောင့် နောက်ထပ် ၂၆ % ရလျှင်ပင် ကိုယ့်သမ္မတကိုတင်နိုင်ပြီဖြစ်ကြောင်း ပြောဆိုပြီး ထိုသို့ နှစ်ရပ်ပေါင်း ၅၁% အရေအတွက်ရှိမဲကို ရလျှင် ကြံ့ခိုင်ရေး အစိုးရကိုလည်း ဖွဲ့နိုင်ပြီဖြစ်သည်" ဟု အလွန်အင်မတန် ပြောင်ကျလွန်းစွာပင် ထုတ်ဖော်ပြောဆိုသွားသည်။ ထိုမျှနှင့် အားမရသေး ၊ "ဒါတောင် မိမိတို့ မဟာမိတ်ပါတီတွေ၏ မဲမပါသေး" ဟုပင် ဆိုလိုက်ပြန်ချေသေးသည်။

သူပြောသွားသောစကားသည် အမှန်စကားဖြစ်သည်။ သို့သော် အမှန်တရားမဟုတ်။ မှန်သာမှန်သည်၊ မတရား။ အလွန် ပြောင်ကျလွန်းသော ပက်ပက်စက်စက် မတရားသော အမှန်ဖြစ်သည်။ ထိုမျှလောက် လွန်လွန်ကျူးကျူး မတရားသောအချက်ဖြစ်ပါ လျက်နှင့်ပင် အတိုက်အခံပါတီများက ပွင့်ပွင့်လင်းလင်း မကန့်ကွက်ရဲသော အမှန်စကားလည်း ဖြစ်လေသည်။ အတိုက်အခံ ပါတီဆိုသူ အားလုံး၏ အဖြစ်မှာ ရှက်စဖွယ်လိလိပါပေတည်း။ ယှဉ်ပြိုင်ရမည့် ရွေးကောက်ပွဲတခုအတွက် ပါတီတခုက ၂၅% တိတိ မဲအကျောယူထား ပါလျက်နှင့်ပင် ဒါကို မတရားဟု ရဲရဲ မပြောရဲကြ။ (မရဲတရဲလည်း မပြောရဲကြပါပေ။) တခါတရံတွင် အတိုက်အခံများသည်လောက်အထိ နှုတ်ဆွံ့နေသည်မှာ ဘာ့ကြောင့်ဟုပင် အမှန်းဆရခက်လောက်အောင် ထူးဆန်းလှပါသည်။ အရပ်ထဲက စကားနှင့် ပြောရလျှင်

တို့ဆေးမိထားသလားဟုပင် ထင်ရသည်။ သို့မဟုတ် အတိုက်အခံများ နေ့စဉ်မှိဝဲနေကြသော “အစစအရာရာ အလျှော့ပေး လိုက်လျောရမည့် အမျိုးသားပြန်လည် သင့်မြတ်ရေး” ဟူသည့် ရန်သူ့ အလိုတော်ရိများပေးသည့် ဆေးခါးကြီးကြောင့်ပေလော မဆို တတ်ပါချေ။

စစ်အာဏာရှင်မင်းတြားကြီးများအတွက် ပဏ္ဏာကမ္ဗလာ မြကျောက်ဖျာတင်းမည် စိုးလွန်းသောကြောင့် အတိုက်အခံများကပင် မသိယောင် ပြုထားသော ထိုအမှန်စကားကို ဦးလှဆွေက ဘာ့ကြောင့်များ ထုတ်ပြောရပါသနည်း။ ဘာ့ကြောင့်များ ကိုယ့်အထုပ်ကိုယ်ဖြည်ပြနေပါသနည်း။ တကယ်ဆိုသူတို့ ရထားသော အခွင့်ထူးကြီးမှာလည်း ရှက်စရာကြီးပဲ မဟုတ်ပါလား။ ရှက်တတ်မည်ဆိုလျှင် ရှက်လောက်စရာ အကြောင်း များစွာရှိသည်။ အခွင့်အရေးကို မတရားယူထားသည်မှာ ရှက်စရာ မဟုတ်လျှင် ဘာဟုဆိုရဦးမည်နည်း။ ထို့အပြင် အထူးအခွင့်အရေးကို မတရားယူထားသည်မှာ ရိုးရိုးတန်းတူယှဉ်ပြိုင်လျှင် မနိုင်နိုင်ပါဟု ဝန်ခံရာကျသောကြောင့်လည်း ရှက်စရာဖြစ်ပြန်သည်။ ထိုမျှမကသေး။ မိမိတို့ကြံ့ဖွံ့ပါတီသည် အာဏာရမှက် ငမ်းငမ်းတက်နေပါသည်ဟု ဝန်ခံထုတ်ဖော်ရာကျနေ သောကြောင့်လည်း ရှက်စရာ ကောင်းပြန်သေးတော့သည်။ ၎င်းအပြင်မိမိတို့သည် အာဏာရမည်ဆိုပါက မတရားမှုကျူးလွန်ရမည်ကို လုံးဝတွန့်ဆုတ်ဝန်လေးခြင်းမရှိဟူသောအချက်ကိုလည်း သက်သေပြရာရောက်သောကြောင့် ရှက်တတ်လျှင် ကိုယ့်မျက်နှာကိုယ်ပင် ဓားနှင့်လှီးပစ်ချင်စရာဖြစ်လိမ့်မည်။ သို့ဆိုလျှင် ထို၍ထိုမျှ ရှက်စရာ ကောင်းလှသော အထုပ်အထည်ကြီးကို ဦးလှဆွေက ဘာ့ကြောင့်များ သူခိုးရှေ့ရ တပြပြလုပ်နေပါသနည်း။ အကြောင်းရှိပါလိမ့်မည်။

ထိုအကြောင်းကား အတိုက်အခံများအား စော်ကားဖိနှိပ်လိုသော အကြောင်းသာဖြစ်ပါလိမ့်မည်။ အတိုက်အခံများသည် စစ်အာဏာရှင်များက ငြိုငြင်မှာစိုးသောကြောင့် ထုတ်ဖော်မဝေဖန်ရဲသည့်အပြင် ထိုသို့ ထုတ်ဖော် မဝေဖန်ရဲသော အချက်ကို အများပြည်သူတို့ သတိမထားမိစေလိုသောကြောင့် မသိလေသယောင်၊ မရှိလေသ ယောင်ပြုပြီး မပြောဘဲ ထားသော အကြောင်းအရာကို ဦးလှဆွေက ပြောင်ပြောင်တင်းတင်း ထုတ်ဖော်ချပြလိုက်သည်မှာ အတိုက်အခံတို့၏ အစွမ်းမရှိသော အဖြစ်အား ရယ်သွမ်းသွေးလိုသောကြောင့် ဖြစ်ပါလိမ့်မည်။ အတိုက်အခံတို့ အစွမ်းမရှိသည်ကို အများပြည်သူသိစေလိုသောကြောင့်လည်း ဖြစ်ပါလိမ့်မည်။ ထိုမျှသာလော။ မကသေးဟု ကျွန်တော်ထင်ပါသည်။ ထို့ထက်လေးနက်သော အခြားအကြောင်း တရပ်ရှိသည်ဟု ကျွန်တော်ဆိုချင်ပါသည်။ ထိုအခြားအကြောင်းကား ကြံ့ဖွံ့တို့သည် စစ်အာဏာရှင် နည်းလမ်းများကို ပြန်လည်ကျင့်သုံးတော့မည်ဟူသော အချက်ကို အတိုက်အခံတို့ သိစေလိုသောကြောင့် ဖြစ်သည်။ ဘာ့ကြောင့် သိစေလိုသနည်း။ အတိုက်အခံတို့ကို ကြောက်စေလို၊ စိုးရိမ်ထိတ်လန့် စေလိုသောကြောင့် ဖြစ်သည်။

ကြံ့ဖွံ့နှင့် စစ်အာဏာရှင်တို့က အတိုက်အခံတွေကို ကြောက်စေချင်သည်။ စိုးရိမ်ကြစေချင်သည်။ ဘယ်လိုကြောက်စေချင်သနည်း။ အာဏာရှင်တွေ နောက်ကြောင်းပြန်လှည့်မှာ ကြောက်သည်ဟူသော ကြောက်နည်းမျိုးဖြင့် ကြောက်စေချင်သည်။ ထို့ကြောင့် မင်းသားခေါင်းကို ချွတ်ပြပြီး ဘီလူးသွားကို ဖြဲပြနေခြင်း ဖြစ်ပါသည်။ ယခုအဖြစ်အပျက်များမှာ မင်းသားခေါင်းကျွတ်ကျပြီး ဘီလူးခေါင်း ပေါ်လာသော အဖြစ်မျိုးမဟုတ်၊ မင်းသားခေါင်းကို ချွတ်ပြပြီး ဘီလူးအစွယ်ကြီးကို တမင်ဖြီးပြနေခြင်းဖြစ်သည်။ လက်ပံတောင်းမှာ သံဃာတွေကို မီးဆွမ်းကပ်သောလုပ်ရပ်သည် မင်းသားခေါင်းကျွတ်ကျသွားခဲ့ခြင်းဖြစ်သည်။ ယခုလတ်တလော အဖြစ်များမှာ ထိုကဲ့သို့ မင်းသားခေါင်းကျွတ်ကျခြင်းမျိုးမဟုတ်။ မင်းသားခေါင်းကို တမင်ချွတ်ပြပြီး ခြောက်လှန့်နေ ခြင်းဖြစ်သည်။ သူတို့က ထိုသို့ ချွတ်ပြချိန်နှင့် အချိန်ကိုက်အံကိုက်ပင် သူတို့ အလိုတော်ရိ တတိယ အုပ်စုပညာရှင် ဆိုသူတွေကလည်း ကြောက်စရာကြီးဗျဟု ဘေးတီးထိတ်လန့်ပြနေကြသည်။ ထိလွယ်၊ ရှလွယ် ၊ အကဲဆတ်လွယ်လှသော အခြေအနေရောက် နေပါပြီဟု ဆိုပြီး ထုံးစံအတိုင်း အတိုက်အခံတွေကို မြန်မြန်လျှော့ပါတော့ဟု ခိုင်းနေကြပေပြီ။ အာဏာလက်ရှိတို့ ကပြသော ဇာတ်ဖြစ်သည့်အတိုင်း အမြဲတမ်းလိုလို မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသည်။ အလံရှူးလည်း ပါသည်။ ပုဏ္ဏားလည်းပါသည်။ ချွတ်နင်းလည်းပါသည်။ ဗိန်းဗောင်း လည်းပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အခြေခံဥပဒေ ပုဒ်မ ၄၃၆ ပြင်ဆင်ရေးအတွက် လူထုဟောပြောပွဲတွေ ၊ လူထု ဆန္ဒပြပွဲတွေလုပ်သည်။ အကယ်စင်စစ် ၄၃၆ သည် ကြံ့ဖွတ်နှင့် စစ်အာဏာရှင်ဟောင်းသစ်တို့အတွက် တကယ် ကြောက်ရွံ့ထိတ်လန့် စေလောက်သော အကြောင်း မဟုတ်လှ။ ၄၃၆ သည် ၂၀၀၈ အခြေခံဥပဒေကြီး တခုလုံးထဲက ပုဒ်မတချက်မျှသာ ရှိသေးသည်။ သည်လောက်နှင့် အကြောင်းမဟုတ်သေး။ ပုဒ်မ ၄၃၆ တခုတည်းကို အမျိုးမျိုးလှည့်ပတ်ဆွေးနွေးနေလို့ ရသည်။ ဒါတခုတည်းတွင် အမျိုးမျိုး

လှည့်ပတ်ငြင်းခုန်ခိုင်းနေလို့ရသေးသည်။ ၄၃၆ ပြင်လိုက်ရသည်ထားဦး။ ရသေးသည်။ တကယ်တမ်း အခြားလက်တွေ့ပြင်ရမည့် အကြောင်းအရာတွေနှင့် အဝေးကြီးရှိသေးသည်။ သို့သော် ၄၃၆ က အကြောင်းမဟုတ်သော်လည်း လူထုဟောပြောပွဲကြီးက အကြောင်းဖြစ်သည်။ လူထုပါလာမှာ သေမလောက်ကြောက်သည်။ ထို့ကြောင့်ပင် ကြံ့ဖွံ့တို့က ပြင်းပြင်းထန်ထန်ဆန့်ကျင် ပြသည်။ ဆန့်ကျင်ပြရုံသာမက ဖြဲခြောက်ပြသည်။ သူတို့အနေနှင့် နိုင်ငံတကာ အကြိုက် ဆောင်ပြီး ပျော့ပျော့ ကလေးနှင့် လေချိုသွေးနေတာတွေ တော်လောက်ပြီ။ ဘီလူးမှန်းသိအောင် အစွယ်ထုတ်ပြဖို့ အချိန်တန်ပြီဟု ယူဆသည်။ ဆက်ပြီး အပျော့ဆွဲဆွဲနေလျှင် ရောင့်တက်လာလိမ့်မည်။ ပြောရဲဆိုရဲဖြစ်လာလိမ့်မည်။ ပြောရဲ ဆိုရဲ ဖြစ်လာပြီး ပွင့်ပွင့်လင်းလင်းတွေ အကုန် ထုတ်ပြောကြလျှင် ရွေးကောက်ပွဲမှာပါ ကြံ့ဖွံ့အတွက် ဘယ်လိုမှကြံလို့ဖန်လို့ မရဘဲ ဝက်ဝက်ကွဲရှုံးသွားနိုင်သည်။ ထို့ကြောင့် သူတို့ မဟာဗျူဟာကို တမျိုးပြင်လိုက်ကြသည်။ ထိုတမျိုးပြင်လိုက်သော မဟာဗျူဟာမှာ ရွေးကောက်ပွဲမရောက်မချင်း တရစ်ပြီး တရစ်ဆက်တင်းရေး မဟာ ဗျူဟာ ဖြစ်သည်။ ရွေးကောက်ပွဲပြီးနောက် သူတို့လက်ထဲ အာဏာဆုပ်ဆုပ်ကိုင်ကိုင် ရပြီးမှ ဒီမိုကရေစီသူရဲကောင်းပြန်လုပ်ပြမည်။ မင်းသားခေါင်း ပြန်စွပ်ပြမည်။ ဘုရားဖြစ်မည့် အုတ်နီခဲကြီးပမာ သဘော တွေကောင်းပြလိုက်ဦးမည်။ အခုရွေးကောက်ပွဲမတိုင်ခင်မှာတော့ တစက်မှ အလျှော့ပေးလို့မဖြစ်။ တစထက် တစ တင်းပြမည်။ တရစ်ထက်တရစ် ကျပ်ပြမည်။ အားလုံးကြောက်လာရမည်။ စိုးရိမ်လာရမည်။ အလျှော့ပေးလာစေရမည်။ အတိုက်အခံတွေအလျှော့ပေးဖို့ အားလုံးက တိုက်တွန်းလာစေရမည်။ ယင်းကား ကြံ့ဖွံ့တို့၏ မဟာဗျူဟာပေတည်း။

ထို့ကြောင့်လည်း ၄၃၆ ဆန္ဒပြပွဲတွေ အရှိန်ရလာချိန်တွင် မန္တလေး၌ ဘာသာရေး အဓိကရုဏ်းပေါ်ထွက်လာသည်။ ခေးတွေကျောမှာလွယ်ပြီး ဆိုင်ကယ်တွေ တဝီဝီနှင့် မြို့ထဲတွင် လှည့်လည်သောင်းကျန်းကြသူတွေမှာ စည်းကမ်းရှိသော ဒီမိုကရေစီကို အပြည့်အဝရကုန်ကြလေသည်။ ကူညီပါရစေ အဖွဲ့များမှာမူကား မျက်စိမမြင်၊ နားမကြား၊ အသိဉာဏ်ချို့ယွင်းသူများချည်းဖြစ်ကုန်ကြလေတော့သည်။ ကြမ်းချင်တိုင်းကြမ်း ရမ်းချင်တိုင်းရမ်းသူများကို သူတို့ ဘာမျှ မတတ်နိုင်ကြချေ။ မိတ္ထီလာ အဖြစ်နှင့် များစွာဆင်တူလှပေသည်။ သို့သော် ထူးခြားလှသည်မှာ မန္တလေးပြည် သူများဖြစ်သည်။ သူတို့ ငြိမ်မခံကြ။ တရားမဲ့ ရမ်းကားသောင်းကျန်းသူများကို ကိုယ်တိုင်ဝင်ဖမ်းသည်အထိပင် ပြည်သူတွေဘက်က စွန့်စွန့်စားစား တက်ကြွလှုပ်ရှားကြသည်။ မတရားမှုကို ထိထိရောက်ရောက် ခုခံကာကွယ်ကြသည်။ ထို့ကြောင့် ဘာသာရေး အဓိကရုဏ်းဖန်တီးသော စစ်အာဏာရှင်တို့၏ အစီအစဥ်သည် လိုချင်သလို ဖြစ်မလာချေ။ ဦးသိန်းစိန်က မန္တလေးကို ချီးကျူးစကား ထွက်ပြောရသည်။ တကယ်တော့ မချိ လို့ ပေါ်တဲ့သွားကို ရယ်သလားလို့ မေးကြတယ်ဟူသော အဖြစ်မျိုးပင်။ နာလိုခံခက်ရှိလှသည်။ တကယ်တော့ သူတို့ ခံစားချက် အစစ်အမှန်မှာ မအောင်မြင်သောကြောင့် ရှက်သည်။ မျက်သည်။ ထိုအမျက်ကို တင့်ကားတန်းကြီး အဖြစ်မြင် ရသည်။ မန္တလေးနန်းတွင်းထဲကနေ တင့်ကားတွေ တန်းစီထွက်ပြီး မန္တလေးမြို့ထဲကို အင်အားပြခြိမ်း ခြောက်သည်။ သည်လုပ်ရပ်သည် သူတို့ပြမြဲအလုပ်ဖြစ်သည်။ သူတို့ မကျေနပ်လျှင် ၊ ခြိမ်းခြောက်ချင်လျှင် တင့်ကား တွေထွက်ပြ စစ်သီချင်းတွေဆိုပြလုပ်တတ်သည်မှာ မြင်ရလွန်းလို့ ရိုးပင်ရိုးနေလေပြီ။ သူတို့က တင့်ကားတွေ စစ်ကားတွေကို နန်းတွင်းကနေ မျက်ပါးရပ်စစ်တပ်ဆီရွှေ့ပြောင်းတာပါဟု ဆင်ခြေပေးသည်။ သို့သော် ရွှေ့ပြောင်းလိုရင်း ရည်ရွယ်ချက် သက်သက်သာရှိသည်ဆိုလျှင် အဘယ်ကြောင့် ကျုံးကိုတပတ်ပတ်ပြဖို့ လိုပါသနည်း။ ရှင်းလှပါသည်။

သည်မျှဖြင့် လုံလောက်ပြီဟု သူတို့မထင်။ အဓိကရုဏ်းပင် မစဲသေးသောအချိန်တွင်ဦးရွှေမန်း၊ ဦးအောင်သောင်း၊ ဦးဌေးဦးတို့က ပူးတွဲပြီး သတင်းစာရှင်းလင်းပွဲ လုပ်ကြပြန်သည်။ ဦးအောင်သောင်းသည် ခါတိုင်းပါနေကျမဟုတ်။ အခုမှ ပွဲထုတ်ခြင်းဖြစ်သည်။ ဦးအောင်သောင်းမှာ သဘောအားထားတင်းမာသူဟု သူတို့ အသံလွှင့်ထားသူဖြစ်သည်။ ဦးအောင်သောင်းမှာ ဘာသာရေး အဓိကရုဏ်းများ၏ နောက်ကွယ်ကလူဟု နာမည်ဆိုးဖြင့် ကျော်ကြားသူလည်းဖြစ်သည်။ ဦးရွှေမန်းတို့ သဘောထားပျော့ပြသောအချိန်တွင် ဦးအောင်သောင်းကို လူမမြင်စေရ။ အခုထုတ်ပြခြင်းမှာ မာပြချင်သော ကြောင့်ဖြစ်သည်။ သတင်းစာရှင်းလင်းပွဲတွင် ပြောသောအခါတွင်လည်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ ၄၃၆ ပြင်ရေး လက်မှတ် ကောက်တာတွေသည် လွှတ်တော်ကော်မတီ၏ အခြေခံဥပဒေပြင်ဆင်ရေး အပေါ်တွင် သြဇာမသက်ရောက်နိုင်ဟု ပြောလိုက်သည်။ ပီအာကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကန့်ကွက်သော်လည်း တိုင်းပြည်အတွက်

အကျိုးရှိလျှင်လုပ်မည်ဟုလည်း ဆိုလိုက်သည်။ စကားတွေကို ခပ်မာမာ ထွက်ပြောလာခြင်း ဖြစ်သည်။ နိုင်ငံရေး လေထုအခြေအနေသည် ကရင်ဒုံးယိမ်းသီချင်းဆိုပြီး ချိုမိုင်မိုင်ကကြသော လေထု အနေအထားနှင့် အကွာကြီး ကွာလေပြီ။

ယူနတီသတင်းထောက်တွေကို ထောင်ဒဏ် ၁၀ နှစ် ချမှတ်လိုက်သည်။ ဒါလည်း သတင်းစကားပေး ပို့လိုက် ခြင်းသာဖြစ်သည်။ ဘီလူးမျက်ထောင့်နီပြခြင်းဖြစ်သည်။ ဘီလူးသွားကို ဖြဲပြခြင်းသာဖြစ်သည်။

ယူနတီသတင်းထောက်တွေ လုပ်ရပ်သည် သူတို့အတွက် ဘာနစ်နာသနည်း။ ဘာမှမနစ်နာ။ သို့သော် သူတို့ ကြောက်သည်။ ပေါက်မြို့က လက်နက်စက်ရုံထဲဝင်သလို သူတို့လုပ်ခဲ့သည်ဟု နိုင်ငံတကာက စွပ်စွဲခဲ့ဖူးသော အနုမြူစီမံကိန်းဟောင်းတွေကို ဝင်ရောက်စုံစမ်းကြလျှင် မခက်ပါလော။ သူတို့ဝမ်းနာ သူတို့သာသိသည်။ သူတို့တွင် လူသိမခံနိုင်သော ကိစ္စတွေ အများကြီးရှိသည်။ သူတို့နှင့် မြောက်ကိုရီးယားဘယ်လို အဆက်အစပ်တွေ ရှိခဲ့သနည်း။ တိုင်းပြည်ဘဏ္ဍာတွေကို သူတို့ အလွဲသုံးစားလုပ်ထားတာတွေ မည်မျှ ရှိသနည်း။ ထောက်လှမ်းရေးဟောင်း ဗိုလ်မှူးအောင်လင်းထွဋ်ပြောသော ခရစ္စတီးနားကျွန်း အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုလို ဖြစ်ရပ်မျိုးတွေ မည်မျှရှိသနည်း။ မည်သူမျှ မသိကြ။ သူတို့အဖို့မှာ နောင်လည်း မည်သူမျှ မသိစေချင်။ သို့သော် အတိုက်အခံဘက်က သမ္မတရွေးခွင့် ရသွားပြီး သူတို့ မဟုတ်သော အစိုးရတက်လာလျှင် ဒါတွေအားလုံးပွင့်ကျကုန်မည်ဖြစ်သည်။ သည်အဖြစ်မျိုးကို သူတို့ ဘယ်သောအခါမျှ အရောက်မခံနိုင်ပါ။ သည်အခြေအနေသည် သူတို့၏ ဘဝပေး အခြေအနေဖြစ်သည်။ သူတို့သည် အာဏာကို မည်သူ့ထံသို့မျှ မည်သည့်အခါတွင်မျှ အရောက်မခံနိုင်။ ဖြစ်သည့်နည်းနှင့် ကာကွယ်လိမ့်မည်။ အကယ်၍များ ခြေချော်လက်ချော်ဖြစ်ပြီး တပါးသူတယောက်ယောက်သာ သမ္မတဖြစ်ခဲ့ပါမူ အာဏာသိမ်းလိမ့်မည် ဖြစ်သည်။ ဒါသည်ပင် သူတို့၏ ဘဝပေးအခြေအနေဖြစ်သည်။ သူတို့တွင် အခြားရွေးချယ်စရာလမ်းမရှိချေ။ သို့သော် ထိုအခြေအနေမှတပါး ကျန်မည်သည့်အခြေအနေမျိုးပင် ကြုံစေကာမူ သူတို့အာဏာသိမ်းမည် မဟုတ်ပါ။ အဘယ်ကြောင့် မသိမ်းသနည်းဆိုသော် သိမ်းစရာမလိုသော ကြောင့်ဖြစ်ပါသည်။

အာဏာကို လေစိမ်းပင် အတိုက်မခံနိုင်သောကြောင့် ယခုဆိုလျှင် အားလုံးဝိုင်းဝန်း ကန့်ကွက်နေ ကြသည့်ကြားမှပင် ပီအာစနစ်ကို ဇွတ်တရွတ်ရှေ့တိုး အကောင် အထည်ဖော်နေပါလေပြီ။ ပီအာမလုပ်လျှင် ကြံ့ဖွံ့သည် ၁၉၉၀ ခုနှစ်က တစည ကြုံရသော အခြေအနေထက် ပင်ပိုဆိုးနိုင်သည်။ သို့သော် ပီအာလုပ်လျှင် ရှုံးမဲတွေ ပြန်ပေါင်းခွင့်ရမည်။ ပီအာလုပ်လျှင် မဲကွာ ခြားမှုနည်းသွားမည်ဖြစ်သည်။ ဒါဆိုလျှင် အကျောရပြီးသား ၂၅% နှင့် ပေါင်းလျှင် ကြံ့ဖွံ့သည် ဦးလှဆွေပြောသလို သေချာပေါက်နိုင်နေပါပြီ။ ဒါတွင်မကသေး။ ဦးလှဆွေပြောသလို သူတို့ မဟာမိတ်ပါတီတွေရှိသေးသည်။ တစညသည် သူတို့မဟာမိတ်ပါတီဖြစ်သည်။ သူတို့နှင့် အလွန်နီးစပ်သော တိုင်းရင်းသား ပါတီကြီးလည်း ရှိသည်။ ဒ့ါအပြင် လူကောင်းကောင်း မသိကြသေးသော ပါတီသေးသေးလေးတွေ အများကြီးရှိသေးသည်။ ပါတီ ၆၅ ပါတီစာရင်းကို ကြည့်ပါ။ ဖွံ့ဖြိုးရေး၊ တိုးတက်ရေးနာမည်များပါသော ချောင်ကြိုချောင်ကြားက ပါတီလေးတွေမှာ သူတို့ပါတီတွေချည်းသာ ဖြစ်ကြသည်။

သည်တော့ ဒေါ်အောင်ဆန်းစုကြည် သမ္မတမဖြစ်နိုင်သည်မှာ သေချာနေပါပြီ။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည် ရွေးကောက်ပွဲတွင် နိုင်လျက်နှင့် ရှုံးမည်မှာလည်း သေချာနေပါပြီ။

အတိုက်အခံများ ဘာဆက်လုပ်ကြမည်နည်း။ ၂၀၀၈ အခြေခံဥပဒေအောက်ဝင်ပြီး စမ်းကြည့်ချင်သည်ဟု ယခင်က ဆိုခဲ့ကြသည်။ အခုအဖြေပေါ်ပြီမဟုတ်ပါလော။ ရွေးကောက်ပွဲကြီးသည် မတရားမှန်းသိပါလျက်နှင့် ရသလောက် အမြတ်ဟု သဘောထားကာ ဆက်လက် အနိုင်ကျင့် စော်ကားခံဦးမည်လော။ အတိုက်အခံဘဝမှ စုတေကာ စစ်အာဏာရှင်တွေလုပ်သမျှ ဖာပေးထေးပေး အကာအကွယ်ပေးရသော ဘဝသို့ရောက်ပြီးသကာလ ထိုဘဝတွင်သာ ရာသက်ပန်ပျော်မွေ့နေတော့မည်လော။ ခင်ဗျားတို့တွင် ရွေးချယ်ခွင့် ရှိပါသည်။ ကိုယ့်သမိုင်း ကိုယ် ရေးကြဖို့သာ ဖြစ်ပါသည်။

**ကျော်ဇင်မင်း**

# ဖိနှိပ်သွေးစုပ်မှုတွေရှိနေသမျှ တော်လှန်ရေးတွေရှိနေမယ်



(ရဲဘော် ထင်ဦး)

## အုပ်စိုးသူလူတန်းစားက တော်လှန်ရေးဆိုတဲ့ စကားလုံးကို မှေးမှိန်၊ သေးသိမ်အောင် ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်နေခြင်း၊

တိုင်းရင်းသူ လွှတ်တော်အမတ်တယောက်က ယခုတလော ကျင်းပနေဆဲ ပြည်သူ့လွှတ်တော်အစည်းအဝေးတခုတွင် "တိုင်းရင်းသားတော်လှန်ရေးတပ်များ" ဆိုတဲ့ စကားလုံးအသုံးအနှုန်းကို သွေးရိုးသားရိုးပြောမိလိုက်တယ်။ လွှတ်တော်ဥက္ကဌ လုပ် တဲ့သူ က ဟန်မဆောင်ပဲ ချက်ခြင်းဆိုသလို တုထုပြီး ရာဇသံပေး ဟန့်တားလိုက်တယ်။ ပြီးတော့ တော်လှန်ရေးဆိုတဲ့ စကားလုံးကို အသုံးမပြုဖို့ ပိတ်ပင်တားဆီးခြင်းခံ လိုက်ရကြောင်း လွန်ခဲ့တဲ့ ရက်သတ္တ ၂ ပက်လောက်က မီဒီယာအချို့တွင် ဖော်ပြခဲ့၊ ထုတ်လွှင့်ခဲ့ကြတယ်။

ထို့အပြင် တော်လှန်ရေးဆိုတဲ့စကားလုံးကို တပြည်လုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မူကြမ်းမှာလည်း "လက်နက်ကိုင်တော်လှန်ရေး" ဆိုတဲ့စကားလုံးကို ပယ်ဖျက် (အသုံးမပြုရန်)ပေးဖို့ အာဏာရအစိုးရဘက်က တောင်းဆိုသံတွေကိုလည်း ကြားသိနေရတယ်။ လက်နက်ကိုင်တော်လှန်ရေးဆိုတဲ့ စကားလုံးကို အခြားစကားလုံးများဖြင့် အစားထိုးဖို့ တောင်းဆိုလာတယ်။ ဒီအချက်ကလည်း တိုင်းရင်းသား လက်နက်ကိုင် အင်အားစုအသီးသီးရဲ့ နိုင်ငံရေးသဘောထားကို သွေးတိုး စမ်းသပ်လိုက်တာသာဖြစ်တယ်။ ဒါ့အပြင် နိုင်ငံရေးအရ အသာစီးယူကာ ချုပ်ချယ်ကန့်သတ်လိုက်တာလည်းဖြစ်တယ်။

အာဏာပိုင်တွေရဲ့ နိုင်ငံရေးသဘောထားကတော့ ရှင်းလင်းပြတ်သားလှတယ်။ တော်လှန်ရေးဆိုတဲ့ စကားလုံး အသုံးအနှုန်းကို အစီအစဉ်ရှိရှိနဲ့ မှေးမှိန်၊ သေးသိမ်အောင်လုပ်ပြစ်မယ်။ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင်လုပ်ပြစ်မယ်ဆိုတဲ့ သဘောပဲ။ ဘာ့ ကြောင့် ဒီလိုလုပ်ဆောင်နေတာလဲ။ အဓိက အချက် ၂ ချက်ကြောင့်ဖြစ်တယ်။ ပထမအချက်ကတော့ မည်သည့်လက်နက် ကိုင်တော်လှန် ရေးအင်အားစုတွေပဲဖြစ်ပါစေ၊ ၎င်းတို့ရဲ့ နိုင်ငံရေးအဆင့်အတန်းကို နိမ့်ချပစ်ဖို့ (နိုင်ငံရေးအရ အသိအမှတ် မပြုလိုလို့) ဖြစ်တယ်။ ဒုတိယအချက်ကတော့ လူထုက တော်လှန်ရေးနည်းဖြင့် အုပ်စိုးသူလူတန်းစားကို တိုက်ခိုက်၊ ချေမှုန်းပစ်မှာ ကြောက်လန့်နေလို့ ဖြစ်တယ်။

အုပ်စိုးသူလူတန်းစားဟာ ရွံမုန်းခြင်းတဝက်၊ ထိတ်လန့်ခြင်းတဝက်နဲ့ တော်လှန်ရေးဆိုတဲ့ စကားလုံးကို ပျောက်ကွယ်အောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေတယ်ဆိုတာ မေ့မထားကြဖို့ပဲ။

## တော်လှန်ရေးတွေ ပေါ်ပေါက်စေတဲ့ အကြောင်းအရင်းက ဘယ်မှာတည်ရှိနေသလဲ

တော်လှန်ရေးလို့ပြောရင် လူမှုတော်လှန်ရေးကိုပဲ ရည်ညွှန်းပြီး ပြောဆိုကြတာပါ။ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု (ဖွံ့ဖြိုးမှု) တိုင်းဟာ လူမှုတော်လှန်ရေးတွေ ဆင်နွှဲခဲ့ကြလို့သာ ရှေ့တဆင့်ပြီးတဆင့် မြင့်တက်လာခဲ့ကြတာဖြစ်တယ်။ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုနှုန်း နှေးကွေး၊ ရပ်တန့်လာပြီဆိုရင်တော့ လူမှုပဋိပက္ခတွေ သည်းသန်ပြင်းထန်လာတတ်ပါတယ်။ လူ့အဖွဲ့ အစည်းတိုင်းရဲ့ ဖြစ်ပေါ်တိုးတက်မှုဟာ လူမှုပဋိပက္ခတွေကို ရင်ဆိုင်ရှန်းကန်ပြီးမှသာ ရရှိလာတဲ့ အကျိုးရလဒ်တွေဖြစ်တယ်။ ဆိုလိုတာက ဘယ်လူ့အဖွဲ့အစည်းမဆို တော်လှန်ရေးနည်းဖြင့်သာ ရှေ့သို့ ဖြစ်ပေါ်တိုးတက်သွားကြတယ် ဆိုတာပါပဲ။

လူမှုပဋိပက္ခတွေအကြောင်းပြောရင် လူတန်းစားတိုက်ပွဲအကြောင်း ပြောရတာချည်းပါပဲ။ လူတန်းစားတွေနဲ့ ဖွဲ့တည်နေတဲ့ လူ့အဖွဲ့အစည်းတိုင်းမှာ လူတန်းစားတိုက်ပွဲတွေ အဆက်မပြတ် စဉ်ဆက်မပြတ်ဖြစ်ပေါ်နေတယ်။ လူတန်းစားတိုက်ပွဲကို နိုင်ငံရေး တိုက်ပွဲ၊ စီးပွားရေးတိုက်ပွဲ၊ အတွေးအခေါ်တိုက်ပွဲ ဆိုတဲ့ပုံသဏ္ဌာန်တွေနဲ့ ဖော်ပြကြတယ်။ လူတန်းစားတိုက်ပွဲဖြစ်တဲ့ နေရာတိုင်း မှာ လူမှုအုပ်စုတွေက ဘက် ၂ ဘက်အဖြစ် အမြဲတမ်း တွေ့ရလေ့ရှိတယ်။ အဲဒီအုပ်စုတွေကတော့ အုပ်စိုးသူနဲ့ အုပ်စိုးခံ၊ သွေးစုပ်သူနဲ့ သွေးစုပ်ခံ၊ အခွင့်အရေးရသူနဲ့ အခွင့်အရေးမဲ့သူ… စသည် တို့ဖြစ်တယ်။

အဲဒီဆန့်ကျင်ဘက်အုပ်စု ၂ ခုဟာ အကျိုးစီးပွားအရ အမြဲတမ်း အတိုက်အခံ (ပဋိပက္ခ) ဖြစ်နေတယ်။ နေရာတိုင်းမှာ၊ စဉ်ဆက်မပြတ်မှာ ပြောင်တမျိုး၊ တိတ်တိတ်တမျိုး ဖြစ်ပေါ်နေတယ်။ ဒီပဋိပက္ခတွေ ပြေငြိမ်းသွားခြင်း မရှိတော့တဲ့အခါ လူတန်းစား တိုက်ပွဲ

(နိုင်ငံရေး၊ စီးပွားရေးနဲ့ အတွေးအခေါ်အယူအဆ တိုက်ပွဲများ) အဖြစ် ပြောင်းဖော်ပြလာကြတယ်။

ဒီအခြေအနေ ရောက်လာတဲ့အခါ လူ့အဖွဲ့အစည်းတွင် အုပ်စိုးသူလူတန်းစားက ဖိနှိပ်သွေးစုပ်မှုတွေကို နည်းသဏ္ဍာန်ပေါင်းစုံ ကျင့်သုံး လာတတ်တယ်။ အုပ်စိုးခံလူတန်းစားဘက်ကလည်း နည်းသဏ္ဍာန်ပေါင်းစုံနဲ့ ခုခံတော်လှန်ကြတော့တာပါပဲ။ တော်လှန် ရေးတွေ ပေါ်ပေါက်လာရခြင်းရဲ့ အဓိကအကြောင်းအရင်းကတော့ နိုင်ငံရေးအရဖိနှိပ်မှုနဲ့ စီးပွားရေးအရသွေးစုပ်မှုတွေ ပြင်းထန် ရက်စက်တဲ့ နေရာတိုင်းကနေ သန္ဓေတည် မွေးဖွားပေးနေတယ်ဆိုတာပါပဲ။

**မျက်မှောက် ဗမာပြည်လူ့အဖွဲ့အစည်းမှာကော လူမှုတော်လှန်ရေးတွေ တကယ်ပဲဆိတ်သုဉ်းသွားပြီးလား၊**

မျက်မှောက် နိုင်ငံရေးလောကတွင် အုပ်စိုးသူလူတန်းစားမပြောနဲ့ အုပ်စိုးသူလူတန်းစားကို အတိုက်အခံလုပ်မယ် ဆိုတဲ့သူတွေကတောင် လူတန်းစားနဲ့ လူတန်းစားတိုက်ပွဲ အကြောင်းပြောမိရင် မသိမသာ နှာခေါင်းရှုံ့ကြတာမျိုး ကြုံတွေ့ခဲ့ရဖူးတယ်။ တော်လှန်ရေး ဆိုတဲ့ စကားကိုလည်း မိုးမွှန်အောင်ပြောဆိုနေရာမှ တဖြည်းဖြည်း အသံများ တိမ်နစ်သွားတဲ့ အဖြစ်မျိုးကိုလည်း မြင်တွေ့ခဲ့ ရဖူးတယ်။ လူတန်းစားနဲ့ လူတန်းစားတိုက်ပွဲတွေ၊ လူမှုတော်လှန်ရေးစတဲ့ အခြင်းအရာတွေက တကယ်ကော လူ့အဖွဲ့အ စည်းအတွင်းမှာ မရှိတော့ဘဲ ပျောက်ကွယ်သွားပြီးလား တွေးထင်စရာ ဖြစ်လာတယ်။

ဒါဆိုရင် လူ့အဖွဲ့အစည်းထဲက တကယ့်ဖြစ်ရပ်မှန်(လူမှုလက်တွေ့) များကိုတော့ ကြည့်မြင်တတ်ဖို့ လိုအပ်လာပြီလို့ ယူဆမိတယ်။ လူ့အဖွဲ့အစည်းရဲ့ တကယ့်ဖြစ်ရပ်မှန်ကို လေ့လာတော့မယ်ဆိုရင် လူမှုဘဝတွေထဲက ရုန်းကန်လှုပ်ရှားမှုများပေါ် အခြေခံပြီး စဉ်းစား ဆင်ခြင် ကြရတာပါပဲ။ လူမှုဘဝတွေကိုပဲ ထပ်မံ ခွဲခြမ်းစိတ်ဖြာကြည့်မယ်ဆိုရင် လူ့အဖွဲ့အစည်းထဲက နိုင်ငံရေးဘဝ၊ စီးပွားရေးဘဝ၊ လူမှုရေးဘဝတွေရဲ့ ဖြစ်တည်နေမှု၊ ရုန်းကန်လှုပ်ရှားနေမှု၊ ဖြစ်ပေါ်တိုးပွားနေမှုတွေကို မုချ စူးစမ်းလေ့လာမှ လုပ်ကြရတာပဲ မဟုတ်ပါလား။

"တကယ့်ဖြစ်ရပ်မှန်မှ အမှန်တရားကို ရှာဖွေကြ"ဆိုတဲ့ သိပ္ပံနည်းကျသဘောတရားကို လမ်းညွှန်အဖြစ်ထားပြီး လူ့အဖွဲ့ အစည်းထဲက လူမှုလက်တွေ့ဘဝတွေကို လေ့လာကြည့်ဖို့လိုအပ်လာပါပြီ။ အထူးသဖြင့် လူထု၊ လူတန်းစား၊ လူ့အလွှာများရဲ့ ရုန်းကန်လှုပ်ရှားနေမှုတွေကို အာရုံစိုက်ကြည့်ရတော့မယ်။ လူထုတွေရဲ့ ရုန်းကန်လှုပ်ရှားမှုထဲက ပေါ်ထွက်လာတဲ့ အသံတွေက မျက်မှောက် လူ့ အဖွဲ့အစည်းမှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးဘဝ၊ စီးပွားရေးဘဝတွေရဲ့ အခြေအနေများ ထင်ဟပ်စေတယ်။ လူ့အဖွဲ့အစည်းရဲ့ လက္ခဏာကို သိနားလည်စေရာတွင် အထောက် အကူရစေပါလိမ့်မယ်။

ထိ,တွေ့ သိမြင်လာတာတွေထဲမှာ အထင်အရှားဆုံးနဲ့ အပေါ်လွင်ဆုံး ဖြစ်ရပ်မှန်တွေကတော့ လူထုတွေရဲ့ နိုင်ငံရေးအရ တောင်းဆိုတိုက်ပွဲဝင်သံများ၊ စီးပွားရေးအရ တောင်းဆိုတိုက်ပွဲဝင်သံများ၊ အခွင့်အရေးအတွက် တောင်းဆိုတိုက်ပွဲဝင်သံများ၊ လွတ်လပ်မှုအတွက် တောင်းဆိုတိုက်ပွဲဝင်သံများ၊ တရားမျှတမှုအတွက် တောင်းဆိုတိုက်ပွဲဝင်သံများ... စတဲ့ အသံမျိုးစုံကို နေရာတိုင်း ထောင့်တိုင်းမှာ တွေ့မြင်၊ ကြားသိနေရတယ်။

လူထုတွေရဲ့ နိုင်ငံရေးအရ တောင်းဆိုတိုက်ပွဲဝင်သံတွေထဲမှာ အထင်ရှားဆုံးနဲ့ အသိသာဆုံးက ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး၊ ဖျက်သိမ်းရေး လူထုတိုက်ပွဲဖြစ်တယ်။ လူထုအင်အား ထောင်၊ သောင်း၊ သိန်းဂဏန်းချီပြီး စုဝေး ဆန္ဒပြတောင်းဆို နေကြတယ်။ လွှတ်တော်ထဲမှာလည်း ဥပဒေတွင်းတိုက်ပွဲသဏ္ဍာန်နဲ့ တောင်းဆိုကန့်ကွက်သံတွေ ပေါ်ထွက်လာနေတယ်။ ဒါ့အပြင် တိုင်းရင်းသားဒေသအချို့ (ကချင်ပြည်နယ်၊ တအောင်း(ပလောင်)ဒေသ၊ ရှမ်းပြည်နယ်) မှာတော့ လက်နက်ကိုင်တိုက်ပွဲများ ဆင်နွှဲပြီး တန်းတူရေးနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခွင့်အရေး တွေတောင်းဖော်ပြနေကြတယ်။

စီးပွားရေးတိုက်ပွဲဘက်ကကြည့်ရင်လည်း လယ်သမားတွေရဲ့ မြေယာပြန်လည်ရရှိရေးတိုက်ပွဲဟာ နေရာများစွာမှာ နေ့စဉ်ဖြစ်ပေါ်နေတယ်။ လယ်သမားတွေရဲ့ အကျိုးစီးပွားအများဆုံး ထိခိုက်နစ်နာနေတဲ့ (လက်ပံတောင်း၊ ထားဝယ်၊ အောင်ကုန်း၊ ညောင်ဝန်း၊ ဆင်ပေါင်ဝဲ၊ မိချောင်းကန်၊ ပေကြီး။ ထောက်ရှာအိုင်၊ ဇေယျာဝတီတိုင်း၊ ... စတဲ့ ) ဒေသတွေမှာ ထွန်တုံးတိုက်ပွဲများနဲ့ ဆန္ဒပြပွဲများ အဆက်မပြတ် နေ့စဉ်ဖြစ် ပေါ်နေတယ်။ လယ်သမားတွေရဲ့ တောင်းပွဲတိုက်ပွဲတွေကို အာဏာပိုင်အဖွဲ့အစည်းများက လက်နက်ကိုင်တပ်ဖွဲ့များဖြင့် အကြမ်းဖက်ဖြိုခွဲခဲ့ကြတယ်။ ဖြိုခွဲနေဆဲလည်းဖြစ်တယ်။ လယ်သမား အများအပြားကို အုပ်ချုပ်ရေး အာဏာ အသုံးပြုပြီး ထောင်သွင်းအကျဉ်းချခဲ့တယ်။ တရားဥပဒေဖြင့် နှိပ်ကွပ်နေဆဲလည်း ဖြစ်တယ်။

စီးပွားရေးတိုက်ပွဲဘက်ကကြည့်ရင် လယ်သမားလူတန်းစားသာမက အလုပ်သမားလူတန်းစားတွေရဲ့ လုပ်အားခ တိုးမြှင့်ပေးရေး သပိတ်တိုက်ပွဲတွေကလည်း ဆက်တိုက်ပေါ်ထွန်းလာနေတယ်။

ဖိနှိပ်မှုတွေပေါ်လာတိုင်း ကျောင်းသားထုရဲ့ အခွင့်အရေးတိုက်ပွဲ( အမျိုးသားပညာရေးဥပဒေမူကြမ်းကို ကန့်ကွက်ဆန္ဒပြခြင်း) ၊ ချင်းပြည်နယ် အမျိုးသမီးများရဲ့ အမျိုးသမီးအခွင့်အရေးတိုက်ပွဲ၊ သတင်းထောက်တွေရဲ့ မီဒီယာလွတ်လပ်ခွင့်အတွက် ဆန္ဒပြပွဲများ စတာတွေကလည်း တခုပြီးတခု ပေါ်ထွက်လာနေတယ်။ ဒီဖော်ပြချက်တွေကလည်း လူ့အဖွဲ့အစည်းအတွင်းမှာ လွတ်လပ်မှုနဲ့ တရားမျှတမှုမရှိတာ၊ ဖိနှိပ်ချုပ်ချယ်မှုတွေက နေရာမလပ်ဖြစ်တည်နေတယ်ဆိုတာကို သက်သေခံနေပါတယ်။

နိုင်ငံရေးတိုက်ပွဲ၊ စီးပွားရေးတိုက်ပွဲ တွေဆိုတာက အလိုအလျောက်ဖြစ်ပေါ်နေတာမဟုတ်။ တိုင်းပြည်ရဲ့ အာဏာရ လူတန်းစားတွေက နိုင်ငံရေးအရ ဖိနှိပ်မှု၊ စီးပွားရေးအရ လက်ဝါးကြီးအုပ်သွေးစုပ်မှုတွေကို မခံမရပ်နိုင်ဖြစ်ကာ တောင်းဆိုတိုက်ပွဲဝင်ကြရတာ၊ ခုခံရေးစစ်ပွဲတွေ ဆင်နွှဲကြရတာ ဖြစ်တယ်။ အဖိနှိပ်ခံ၊ သွေးစုပ်ခံ လူတန်းစားပေါင်းစုံဟာ "ဖိရင်ကြွမယ်၊ ထိရင်ချမယ်" ဆိုတဲ့ သဘောတရားကို ကိုင်စွဲပြီး ဖိနှိပ်အုပ်စိုးသူ၊ သွေးစုပ်သူ အဆက်ဆက်ကို ရင်ဆိုင်တုံ့ပြန်ခဲ့ကြတယ်။

လူ့အဖွဲ့အစည်းမှာ ပေါ်ပေါက်ခဲ့တဲ့၊ ပေါ်ပေါက်နေတဲ့ လူမှုပဋိပက္ခတွေဟာ စနစ်ကျသော၊ ဦးတည်ချက်ရှိသော လူမှုတော်လှန်ရေးတရပ်ဆီသို့ တဖြည်းဖြည်း ဖြစ်ပေါ်တိုးတက်သွားခဲ့တာချည်းဖြစ်တယ်။ လူထုတွေရဲ့ လွတ်မြောက်ရေးတိုက်ပွဲ မှန်သမျှဟာ လူမှုတော်လှန်ရေးတွေပဲဖြစ်တယ်။ မျက်မှောက်ကာလမှာဆိုရင် လူမှုတော်လှန်ရေးတွေဟာ ပျောက်ကွယ်မသွားတဲ့အပြင် ပိုမို ကျယ်ပြန့်လာ၊ ပိုမိုနက်ရှိုင်းလာတယ်လို့တောင် ပြောလို့ရပါတယ်။

## ဖိနှိပ်သွေးစုပ်မှုတွေရှိနေသမျှ တော်လှန်ရေးတွေရှိနေမယ်

လက်ရှိ ကြံ့ဖွံ့အစိုးရဟာ နိုင်ငံရေးအာဏာကို တရားဝင်ဆုပ်ကိုင်ခွင့်ရလိုက်ပြီဆိုတာနဲ့ ယခင် စစ်အုပ်စုအဆက်ဆက်ရဲ့ အမွေဆိုး (နိုင်ငံရေးအရဖိနှိပ်မှု၊ စီးပွားရေးအရ လက်ဝါးကြီးအုပ်မှု) တွေကို ထိန်းသိမ်းကာကွယ်ခွင့်၊ တိုးချဲ့ခွင့်တွေ အလိုလိုရလာခဲ့တယ်။ ဒီလိုအခွင့်အလမ်း ရလိုက်တာနဲ့ပဲ ခေတ်မီနိုင်ငံတော်ကြီးကို ဘယ်လိုတည်ဆောက်မယ်၊ ဆင်းရဲမှုပပျောက်ရေးကို တနှစ် ရာခိုင်နှုန်း ဘယ်လောက်ကျဆင်းစေရမယ် ဆိုပြီး ဟိတ်ဟန်ထုတ် ကြွေးကြော်ဝါဒဖြန့်ခဲ့တယ်။

တကယ်လက်တွေ့တွင် တိုင်းပြည်ဟာ ဆင်းရဲတွင်းနက်သထက် နက်လာတယ်။ လူမှုမတည်ငြိမ်မှုတွေကနေရာတိုင်းမှာ ဖြစ်ပေါ်လာနေ တယ်။ လူမှုပဋိပက္ခတွေကလည်း သည်းသန်ပြင်းထန်လာနေတယ်။ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်း နှေးကွေး နောက်ဆုတ်လာနေတယ်။ ဒီလိုဖြစ်ပျက်နေတာတွေကို အာဏာရအစိုးရက မမြင်ချင်ယောင်ပြုနေပေမယ့် ကမ္ဘာကြီးကတော့ ဗမာပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို မျက်ခြေမပြတ် စောင့် ကြည့်နေခဲ့တယ်။ မကြာမီကထုတ်ပြန်ခဲ့တဲ့ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) က ထုတ်ပြန်ခဲ့တဲ့ လူသားဖွံ့ဖြိုးမှုအစီရင်ခံစာ (၂၀၁၄) အရဆိုလျှင် ဗမာပြည်ဟာ အဆင့် ၁၅၀ မှာ ရပ်တည်နေတယ်။ မနှစ်က ထက် အဆင့် တဆင့်လျော့ကျသွားတယ်လို့ဆိုတယ်။ ဗမာနိုင်ငံဟာ လူသား ဖွံ့ဖြိုးမှုအညွှန်းကိန်း (HDI) အရ အရှေ့တောင် အာရှနိုင်ငံများတွင် အောက်ဆုံးအဆင့်က ရပ်တည်နေတယ်လို့လည်း ဖော်ပြ ထားပါသေးတယ်။

တိုင်းပြည်တပြည်ရဲ့ လူအဖွဲ့အစည်းတခုလုံး ဆင်းရဲမွဲတေမှုဖြစ်သွားရတာ၊ လူမှုမတည်ငြိမ်မှုတွေ၊ လူမှုပဋိပက္ခတွေ အဆက်မပြတ် ပေါ်ပေါက်နေတာ အကြောင်းမဲ့မဟုတ်ဘူး။ အဲဒီတိုင်းပြည်ကို အုပ်စိုးတဲ့သူလူတန်းစားတွေရဲ့ ဖိနှိပ်သွေးစုပ်မှု ပြင်းထန် ရက်စက်လွန်းတာကြောင့် ဖြစ်တယ်။ ဒါကြောင့်လည်း လူမှုတော်လှန်ရေးတွေ ပေါ်ပေါက်လာခဲ့ရတာပါ။

လူမှုတော်လှန်ရေးတွေ ပေါ်ပေါက်လာပြီဆိုတာနဲ့ အုပ်စိုးသူလူတန်းစားတိုင်းဟာ တော်လှန်ရေးတွေကို အစွမ်းကုန် နှိပ်ကွပ်တော့တာပါပဲ။ တော်လှန်ရေးတွေရဲ့ အခန်းကဏ္ဍကိုလည်း မှေးမှိန်၊ သေးသိမ်အောင်လုပ်တတ်ကြတယ်။ အဖိနှိပ်ခံလူတန်းစားတွေဖြစ်တဲ့ လူထု၊ လူတန်းစား အသီးသီးကလည်း မိမိတို့လွတ်မြောက်ရေးအတွက် "သူသေ၊ကိုယ်ရှင်" ရှန်းကန်တိုက်ပွဲဆင်နွှဲ ရတော့တာပါပဲ။ အုပ်စိုးသူနဲ့ အုပ်စိုးခံတို့ရဲ့ လူတန်းစားတိုက်ပွဲဟာ မျိုးဆက်ချီပြီး ကြာမြင့်တတ်ပါတယ်။

တကယ်တော့ လူမှုတော်လှန်ရေးဆိုတာ ဖောက်ပြန်တဲ့ လူနေမှုစနစ်ဟောင်းကို ဖြိုဖျက်တဲ့ဖြစ်စဉ်တခုဖြစ်တယ်။ ဒီအပြင် တိုးတက်သစ်လွင်တဲ့ လူနေမှုစနစ်သစ်ကို ဖန်တီးတီထွင်တဲ့ဖြစ်စဉ်တခုလည်းဖြစ်တယ်။ ပြီးတော့ လူမှုတော်လှန်ရေးတွေကို တဦးတယောက်တည်းက ဖန်တီးလို့မရသလို၊ တစုံတယောက်က မကြားလို၊ မမြင်လိုလို့ မှေးမှိန်ပျောက်ကွယ်သွားအောင် လည်း လုပ်လို့မရပါဘူး။ အကြောင်းမှာ လူမှုတော်လှန်ရေးဆိုတာ အလွန် ပြင်းအားကြီးတဲ့ စွမ်းအားတွေပိုင်ဆိုင်နေလို့ပါပဲ။

အုပ်စိုးသူလူတန်းစားဟာ ဘယ်လောက်ပဲ တော်လှန်ရေးတွေကို ချိုးနှိမ် ဖိနှိပ်ပါစေ၊ တော်လှန်ရေးဆင်နွှဲရမယ့် အချိန်ကာလ ဘယ်လောက်ပဲကြာမြင့်ပါစေ သမိုင်းဖြစ်ပေါ်တိုးပွားမှုတရား ( သမိုင်းရုပ်ဝါဒအမြင်) အရကြည့်ရင် လူထုဟာ သမိုင်းကို ဖန်တီးသူဖြစ်တယ်။ လူထုဟာ တော်လှန်ရေးနည်းဖြင့် အုပ်စိုသူလူတန်းစားရဲ့ ဖောက်ပြန်တဲ့လူနေမှုစနစ်ဟောင်းကို ဖြိုဖျက်ကာ အောင်ပွဲခံအနိုင်ယူကြပါလိမ့်မယ်။ ဒါဟာ ရှောင်လွှဲမရတဲ့ သမိုင်းဖြစ်ပေါ်တိုးပွားမှုတရားဖြစ်တယ်။ ။

**ရဲဘော် ထင်ဦး**

# ကလာရာဇက်ကင်း



ယင်းမာ

ကလာရာဇက်ကင်း။

ကွန်မြူနစ်အတွေးအခေါ်တွေ တရိပ်ရိပ် ပြန့်ပွားနေပြီး နိုင်ငံတကာအလုပ်သမားလှုပ်ရှားမှုတွေ အားကောင်းခဲ့တဲ့ ၁၉–၂၀ ရာစုနှစ်တွေမှာ သဘာဝကျစွာပဲ အမျိုးသမီးကွန်မြူနစ်ခေါင်းဆောင်တွေ ပေါ်ထွန်းခဲ့ပါတယ်။ ကလာရာဇက်ကင်း၊ ရိုဇာလူဇင်ဘတ်၊ အလက်ဇန်းဒါး ကိုလ်လင်တိုင်း စသည်ဖြင့်..

ဂျာမန်မာ့က်စ်ဆစ် ၊ ကွန်မြူနစ်တစ်ဦး ဖြစ်သူ ကလာရာဇက်ကင်း ကတော့ ဂျာမနီပြည်နဲ့ နိုင်ငံတကာအလုပ်သမားလှုပ်ရှားမှုတွေမှာ အရေးပါတဲ့ ပုဂ္ဂိုလ်၊ အထူးသဖြင့် နိုင်ငံတကာအမျိုးသမီးအလုပ်သမား လှုပ်ရှားမှုတွေမှာ ထင်ရှားကျော်ကြားတဲ့သူ ဖြစ်ပါတယ်။

၁၈၅၇ ခုနှစ် ဂျူလိုင် ၁၅ ရက်နေ့.. ဂျာမနီပြည် ဆက်စနီပြည်နယ်ရဲ့ ရွာလေးတစ်ရွာမှာ ကလာရာဇက်ကင်းကို မွေးဖွားခဲ့ပါတယ်။ အဖေ က ရွာကျောင်းဆရာ ဖြစ်ပြီး ကလာရာဇက်ကင်းရဲ့ မူလအမည်က ကလာရာအာအစ်နာ့ ဖြစ်ပါတယ် ။

အဲ့ဒီခေတ်ကာလ..။

ကလာရာအာအစ်နာ့ ကြီးပြင်းရာ ဆက်စနီပြည်နယ်ဟာ ဂျာမနီရဲ့ စက်မှုလုပ်ငန်းထူထောင်မှု အရှိန်အဟုန် အမြင့်ဆုံးဒေသ ဖြစ်ပြီး ဆိုရှယ်လစ်လှုပ်ရှားမှုတွေရဲ့ တပ်ဦး ဖြစ်တယ် ။ ဂျာမန်ဆိုရှယ်လစ်အလုပ်သမားများပါတီ (SPD) စတင်ဖွဲ့စည်းတည်ထောင်ရာ ဒေသလည်း ဖြစ်တယ်။ အမျိုးသမီး အမြောက်အမြား အလုပ်လုပ်တဲ့ အထည်အလိပ်စက်ရုံတွေ အများအပြားရှိတဲ့အတွက် အလုပ်သမားသမဂ္ဂနဲ့ ဆိုရှယ်လစ် လှုပ်ရှားမှုတွေ အတွက် အမျိုးသမီးရဲဘော်တွေကို စည်းရုံးဖို့ အားကောင်းတဲ့ဒေသလည်း ဖြစ်တယ်။

ဒါကြောင့် ဆက်စနီပြည်နယ်က ဂျာမန်အလုပ်သမားလှုပ်ရှားမှုတွေရဲ့မူလဘူတ ဖြစ်ရုံမက ဂျာမန်အမျိုးသမီး အလုပ်သမား လှုပ်ရှားမှုတွေရဲ့ ဘူမိနက်သန်လည်း ဖြစ်တယ်လို့ဆိုပါတယ် ။

အသက် ၂၁ နှစ်မှာ ကလာရာအာအစ်နာ့က အရင်းရှင်ဘူဇွာအမျိုးသမီးဝါဒီ တစ်ဦးဖြစ်သူ ကျောင်းအုပ်ဆရာမရဲ့ သြဇာလွှမ်းမိုးမှုကနေ ဆိုရှယ်လစ်လှုပ်ရှားမှုတွေဆီ ကူးပြောင်းပါတယ်။ ရုရှားမှရွှေ့ပြောင်းလာသူ ရုရှားမာ့က်စ်ဆစ် အိုစစ်ဇက်ကင်းနဲ့ တွေ့ဆုံကျွမ်းဝင်မှုက ကလာရာကို ဆိုရှယ်လစ်တစ်ဦးဖြစ်ဖို့ ပြတ်သားစေခဲ့တယ်။

ကလာရာက ဂျာမန်ဆိုရှယ်လစ်အလုပ်သမားများပါတီ(SPD) ရဲ့ လှုပ်ရှားမှုတွေမှာ ပါဝင်လာတယ် ။ ၁၈၇၈ မှာ ဂျာမနီဝန်ကြီးချုပ် ဘစ်စမတ်ခ် က ဥပဒေထုတ်ပြီး ဆိုရှယ်လစ်လှုပ်ရှားမှုတွေ၊ အစည်းအဝေးပွဲတွေကို တားမြစ်ပိတ်ပင်ခဲ့တယ် ။ ကလာရာလည်း ပါတီ (SPD) ရဲ့ တရားမဝင်လှုပ်ရှားမှုတွေနဲ့ပတ်သက်နေသူ ဖြစ်သွားပါတယ်။ ၁၈၈၀မှာ အိုစစ်ဇက်ကင်းနဲ့ ရဲဘော်တချို့ အဖမ်းခံရပြီး အိုစစ် ဇက်ကင်းတိုင်းပြည်ကနေ နှင်ထုတ်ခံရပါတယ်။ လအနည်းငယ်ကြာတော့ ကလာရာလည်း ဂျာမနီကနေ ထွက်ခွာခဲ့တယ်။ အဲ့ဒီအချိန် ကနေစပြီး ၁၀ နှစ်တာ ကာလ ကြာတဲ့ အထိ တိုင်းပြည်ကို ခွဲခွာခဲ့တယ်။ ပထမဦးဆုံး ဩစတြီးယား၊ နောက် ၁၈၈၂ နှစ်စမှာ ပါတီ(SPD) ခေါင်းဆောင်များရှိရာ ဇူးရစ်ကို ရွှေ့ပြောင်းပါတယ်။ အဲ့ဒီမှာ ပါတီ(SPD) ရဲ့ အဓိကသတင်းစာစောင်ဖြစ်တဲ့ ဆိုရှယ်ဒီမိုကရက် စာစောင် ထုတ်ဝေရေးမှာ ကူညီလုပ်ကိုင်ပေးပြီး ၁၈၈၂ နှစ်ကုန်တော့ အိုစစ်ဇက်ကင်း ရှိရာ ပဲရစ်ကို ရွှေ့ပြောင်းခဲ့တယ်။ ကလာရာအာအစ်နာ့ ကနေ ကလာရာဇက်ကင်းအမည်ခံယူခဲ့တယ် ။သူတို့သားနှစ်ဦး မွေးဖွားခဲ့တယ်။

ကလာရာနဲ့အိုစစ်ဇက်ကင်းတို့ နှစ်ဦးစလုံးက ပြင်သစ်၊ ဂျာမနီနဲ့ ရုရှားတို့ရဲ့ ဆိုရှယ်လစ်လှုပ်ရှားမှုတွေမှာ ထဲထဲဝင်ဝင် နက်နက်ရှိုင်းရှိုင်း ပါဝင်ပတ်သက်သူတွေ ဖြစ်တယ်။ ဒ့ါအပြင် အပတ်စဉ် မာ့က်စ်သီအိုရီတွေဆွေးနွေးကြ၊လုပ်ငန်းစဉ်တွေရေးဆွဲကြတဲ့ နိုင်ငံတကာ ဆိုရှယ်လစ် အုပ်စုဝင်တွေလည်း ဖြစ်တယ်။ ပြင်သစ် ၊ ဂျာမနီ၊ ရုရှား တင်မကဘူး စပိန်၊ အီတလီ၊ သြစတြေးလျ၊ ဗြိတိန် နိုင်ငံတို့က ဆိုရှယ်လစ်တွေနဲ့ပါ အဆက်အသွယ်ရှိကြတယ်။ ကလာရာဇက်ကင်း က ဘာသာစကား အတော်များများကို ကျွမ်းကျွမ်း ကျင်ကျင် ပြောတတ်လို့ နိုင်ငံတကာ အလုပ် သမားလှုပ်ရှားမှုတွေရဲ့ အတွေ့အကြုံတွေ၊ ပညာတွေ အမြောက်အမြား ရရှိခဲ့တယ်။ ၁၈၈၉ ဇန်နဝါရီမှာ အိုစစ်ဇက်ကင်း ကွယ်လွန်ခဲ့တယ်။ ကလာရာ ဇက်ကင်းအတွက် လေပြင်းတိုက်ခံရသလို ဖြစ်စေသည့်တိုင် အဲ့ဒီနှစ် စက်တင်ဘာလမှာပဲ second international ရဲ့ အမျိုးသမီးအလုပ် သမားအဖွဲ့အစည်းမှာ မိန့်ခွန်းပြောခဲ့တယ်။ နောက် ဂျာမနီကိုပြန်ပြီး

နေထိုင်ခဲ့တယ်။

ဆိုရှယ်လစ်လူ့ဘောင်သို့ ချီတက်ရာမှာ အမျိုးသမီးတွေ အနေနဲ့ ထားရှိရမယ့် သဘောတရား၊ လုပ်ဆောင်ရမယ့် လုပ်ငန်းတာဝန်တွေကို ကလာရာဇက်ကင်းက ပြတ်ပြတ်သားသား လမ်းညွှန်ဆော်သြခဲ့ပါတယ်။ ကလာရာဇက်ကင်း ပြောခဲ့၊ ရေးခဲ့တဲ့ မိန့်ခွန်းတွေ ၊ ဆောင်းပါးတွေ ၃၀ ကျော်ရှိတယ်။ ကလာရာဇက်ကင်းအနေနဲ့အဲ့ဒီခေတ်ကာလက ပေါ်ပင်ဖြစ်လာတဲ့ အမျိုးသမီးဝါဒ (ဘူဇွာအမျိုးသမီးများရဲ့သဘောထား) တွေကို ပြတ်ပြတ်သားသား တိုက်ထုတ်ခဲ့တယ်။ ဘူဇွာအမျိုးသမီးဝါဒီတွေ လှုပ်ရှားနေတဲ့ အမျိုးသမီးတွေ မဲပေးခွင့်ရရေး လှုပ်ရှားမှုတွေကိုလည်း ဝေဖန် ပါတယ်။ မဲပေးဖို့ ခွင့်ပြုလို့ အမျိုးသမီးတွေအနေနဲ့နိုင်ငံရေးတန်းတူညီမှု ရရှိတယ်ဆိုဦးတော့ ဒါဟာ စစ်မှန်တဲ့ နိုင်ငံရေးအာဏာ ရရှိတာ မဟုတ်ဘူး လို့ထောက်ပြပါတယ်။

ဘူဇွာအမျိုးသမီးဝါဒီများကို တိုက်ခိုက်ဖို့ လိုအပ်ကြောင်းကို ၁၈၉၆ ခုနှစ် ဂျာမန်ဆိုရှယ်လစ်အလုပ်သမားများပါတီ (SPD) ရဲ့ဂိုသာညီလာ ခံမှာ ကလာရာဇက်ကင်း ပြောကြားခဲ့တယ်။ ဂိုသာမိန့်ခွန်းထဲက တချို့ကို ကောက်နုတ်ရရင်ဖြင့်...

ယောက်ျားများနဲ့တန်းတူအခွင့်အရေးရလိုတဲ့ အရင်းရှင်ဘူဇွာအမျိုးသမီးဝါဒီတွေရဲ့ လှုပ်ရှားမှုနဲ့ အလုပ်သမားလူတန်းစား အတွင်းက အမျိုးသမီးအလုပ်သမားတွေရဲ့ လွတ်မြောက်ရေးလှုပ်ရှားမှုကြားမှာ အသူတရာနက်တဲ့ ချောက်ကြီး ခြားနေတယ်။ အမျိုးသမီးလွတ်မြောက်ရေး လှုပ်ရှားမှုတွေဟာ သူ့ဘာသာသူ ဖြစ်နေတာမဟုတ်။ သမိုင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအဆင့်ဆင့်အတွင်းမှာ ဖြစ်နေတဲ့အတွက် ဆိုရှယ်လစ်ဒီမိုကရေစီဆီ သွားမယ့် ပစ္စည်းမဲ့အမျိုးသမီးအလုပ်သမားတွေရဲ့ လွတ်မြောက်ရေးလှုပ်ရှားမှုနဲ့ အရင်းရှင်ဘူဇွာအမျိုးသမီးတွေရဲ့ လှုပ်ရှားမှုက အခြေခံ သဘောထားချင်း ဘာမှမတူညီဘူး လို့ ပြောခဲ့တယ်။

ပိုက်ဆံရဖို့ အပြင်ထွက် အလုပ်လုပ်တဲ့အမျိုးသမီးတစ်ဦးအနေနဲ့ စီးပွားရေးလွတ်လပ်မှု ရပေမယ့် ပြည့်စုံတဲ့ ဘဝနေထိုင်မှုရှိတဲ့ လူသားအဖြစ် သို့မဟုတ် အမျိုးသမီးအဖြစ် လွတ်လပ်မှုမရရှိဘူး။ ဒါဟာ လွတ်မြောက်တာ မဟုတ်သလို အောင်မြင်မှုရတာလည်း မဟုတ်ဘူး။ သူမ အလုပ်ကနေ ရတာက အရင်းရှင်ကုန်ထုတ်လုပ်မှုကနေ ဖိတ်စဉ်လာတဲ့ စီးပွားရေးလွတ်လပ်မှုအစအနသာ ရတာဖြစ်တယ်။

ဒါကြောင့် ပစ္စည်းမဲ့အမျိုးသမီးအလုပ်သမားတွေအနေနဲ့ အရင်းရှင်ဘူဇွာအမျိုးသမီးတွေလို သူ့လူတန်းစားအတွင်းက အမျိုးသားတွေကို ဆန့်ကျင်တဲ့တိုက်ပွဲမျိုး ဆင်နွှဲဖို့မဖြစ်နိုင်ဘူး။ မိမိလူတန်းစားအတွင်းက အမျိုးသားတွေကို ဆန့်ကျင်ဖို့မလိုဘူး လို့ညွှန်ပြခဲ့တယ်။

ပစ္စည်းမဲ့အမျိုးသမီးအလုပ်သမားတစ်ဦးအနေနဲ့ လွတ်လွတ်လပ်လပ် ယှဉ်ပြိုင်ဖို့ ကန့်သတ်ထားတဲ့ အတားအဆီးတွေကို ဖြိုချရမယ်။ သူမရဲ့ နောက်ဆုံးပန်းတိုင်က ပစ္စည်းမဲ့လူတန်းစားရဲ့ နိုင်ငံရေးအခြေခံတွေကို သယ်ဆောင်ပြီး မိမိလူတန်းစားအတွင်းက အမျိုးသားတွေနဲ့ လက်ချင်းချိတ်ကာ အရင်းရှင်လူ့အဖွဲ့အစည်းကို ဆန့်ကျင်ဖြိုဖျက်တာပဲ ဖြစ်တယ်လို့ ကလာရာဇက်ကင်းက ရှင်းလင်းခဲ့တယ်။

ဆက်လက်ပြီး အမျိုးသမီးတွေအနေနဲ့ မဲပေးခွင့် တောင်းဆိုမှုမှာတင် မိမိကိုယ်ကို ဘောင်ခတ်မထားသင့်ကြောင်းနဲ့ အလုပ်အကိုင် အခွင့်အရေး၊ လုပ်ခလစာ တူညီစွာ ရရေး၊ သားဖွားခွင့် ရရေး၊ ကလေးသူငယ် ထောက်ပံ့စရိတ် ပိုမိုပေးရေး၊ အမျိုးသမီး ပညာသင်ကြားရေးတို့ အတွက်ပါ ဆက်လက်တိုက်ပွဲဝင်သင့်ကြောင်း ပြောဆိုခဲ့တယ်။

ရုရှမာ့က်စ်ဆစ် အလက်ဇန်းဒါး ကိုလ်လင်တိုင်းနဲ့အတူ ဘူဇွာအမျိုးသမီးဝါဒီတွေကို ဆန့်ကျင်တိုက်ခိုက်ရာမှာ ပြောင်မြောက်သလို ရိုဇာလူဇင်ဘတ်နဲ့အတူ ကားလ်ကောက်စကီ ရဲ့ ပြန်လည်ပြင်ဆင်ရေးဝါဒကို ဆန့်ကျင်ရာမှာလည်း နာမည်ကြီးတယ်။ (SPD) မှာရှိစဉ် ရိုဇာလူဇင်ဘတ်က ကလာရာဇက်ကင်းရဲ့ အရင်းနှီးဆုံးမိတ်ဆွေ ဖြစ်တဲ့အပြင် လူယုံတော်လည်း ဖြစ်တယ်။ SPD ရဲ့ အမျိုးသမီးစာစောင် "Equality"ကို ၁၈၉၂ ကနေ ၁၉၁၇ ထိ တည်းဖြတ် ထုတ်ဝေခဲ့တယ်။ ၁၉၁၀ ခုနှစ်မှာ နိုင်ငံတကာအမျိုးသမီးအလုပ်သမားများနေ့ ပေါ်ပေါက်လာစေဖို့ Second International ရဲ့ အမျိုးသမီးညီလာခံမှာ အဆိုတင်သွင်းခဲ့သူ ဖြစ်တယ်။

၁၉၁၅ ခုနှစ်မှာ လူဇင်ဘတ်၊ ကားလ်လီခနက်ရှ် တို့နဲ့အတူ စပါတာကပ် အဖွဲ့တည်ထောင်ရာမှာ ပါဝင်ခဲ့တယ်။ အဲ့ဒီအဖွဲ့က နောင်မှာ Communist Party of Germany (KPD) ဖြစ်လာတယ်။

၁၉၂၀ မှာ အမျိုးသမီးပြဿနာတွေနဲ့ ပတ်သက်ပြီး လီနင်ကို အင်တာဗျူး လုပ်ခဲ့ပါတယ်။ အဲ့ဒီအကြောင်းကို "Lenin on the Women's Question" အမည်နဲ့ ရေးသားခဲ့ပါတယ်။ ၁၉၂၀ ကနေ ဟစ်တလာ အာဏာမရမီထိ ဂျာမနီပြည်ရဲ့ အောက်လွှတ်တော်မှာ ကွန်မြူနစ်ပါတီရဲ့ ကိုယ်စားလှယ် အဖြစ် တက်ရောက် တာဝန်ထမ်းဆောင်ခဲ့တယ်။ ၁၉၂၇ ကနေ ၁၉၂၉ ထိ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အဖြစ် တာဝန်ယူခဲ့တယ်။ ၁၉၂၁ ကနေ ၁၉၃၃ ထိ Third International (Comintern) ရဲ့ စီမံခန့်ခွဲရေးကော်မတီ ဖြစ်ခဲ့တယ်။ ၁၉၃၂ ဩဂုတ်လမှာ အောက်လွှတ်တော်ရဲ့ သဘာပတိအဖြစ် အဖွင့်မိန့်ခွန်း ပြောကြားခွင့်ရစဉ် ဖက်ဆစ်စနစ်ကို ဆန့်ကျင်တိုက်ဖျက်ရာမှာ အလုပ်သမားတွေ စည်းလုံး ညီညွတ်ကြဖို့ ပြောကြားခဲ့ တယ်။

ဟစ်တလာ ရဲ့နာဇီပါတီ အာဏာရပြီးနောက် ကွန်မြူနစ်ပါတီ ဖျက်သိမ်းခံရပြီး ကလာရာဇက်ကင်းလည်း နောက်ဆုံးအကြိမ် တိုင်းပြည်က ထွက်ခွာခဲ့ရပါတယ်။ ၁၉၃၃ ခုနှစ်မှာ မော်စကို အနီးက အာ့ခင်ဂယ်စကိုက်မှာ ကွယ်လွန်ခဲ့ပြီး ကရင်မလင် ဝေါလ် နဲခရော့ပလိစ် (Kremlin Wall Necropolis) မှာ မြှုပ်နှံထားပါတယ်။

"ပစ္စည်းမဲ့တွေအနေနဲ့ လူမျိုး၊ နေရာဒေသ၊ အလုပ်အကိုင်၊ ကျား မ ခွဲခြားမှု မရှိဘဲ အတူတကွ တိုက်မှသာ လွတ်မြောက်မှုကို ရရှိမှာဖြစ်တယ်။ ဆိုရှယ်လစ်ဒီမိုကရေစီမှာ အမျိုးသမီးပြဿနာ မရှိဘူး။ ရဲဘော်အချင်းချင်း ဆန့်ကျင်တဲ့တိုက်ပွဲ မရှိဘူး။ လူတန်းစားအချင်းချင်း တိုက်တဲ့ တိုက်ပွဲသာ ရှိတယ်။" ဒီသဘောတရားတွေကို ကလာရာဇက်ကင်းထပ်တလဲလဲ ပြောကြားပြီး သူကိုယ်တိုင်လည်း အသက်ထက်ဆုံး ဆုပ်ကိုင်သွားတဲ့ သူ့ရဲ့မာ့က်စ်ဝါဒ သဘောတရားတွေပဲ ဖြစ်ပါတယ်။

**ယင်းမာ**

## “ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုတဲ့ လူတစု”

**အေးငြိမ်း**



(၁)

### ‘ဘကြီးအောင်ညာတယ်’

မန္တလေးကိစ္စ သမ္မတက တိုင်းပြည်ကိုရှင်းလင်းပြတဲ့ မိန့်ခွန်းဆိုတာကြီးဟာ ဟိုလိုလို ဒီလိုလိုကြီးပဲ။ ပွင့်လင်းမြင်သာမှုမရှိဘူး။ ဘကြီးစိန် ညာပြန်ပြီလား။

သူပြောတဲ့ လူတစု၊ အဖွဲ့အစည်းတခုဆိုတာ ဘယ်သူတွေလဲ။ ဘယ်အဖွဲ့အစည်းလဲ။ နိုင်ငံရေးအဖွဲ့အစည်းလား။ လူမှုရေးအဖွဲ့အစည်းလား – အခြေခံလူတန်းစားတွေ ‘အနက်’ ကောက်နိုင်ဖို့မလွယ်။ သူထိုးပြတဲ့ သူ့လက်ညှိုးက ကွေးကွေးကြီးပဲ။

‘ချက်ချင်း’ ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်မှာဖြစ်ကြောင်း…လို့ ပြောပါရဲ့။ လူကြီးမင်းပြောတဲ့ ‘ချက်ချင်း’ ဆိုတာ ဘယ်လောက်ကြာတဲ့ အချိန်ပိုင်းလဲ။ (ဖြစ်လာတာ ခုပဲ တလပြည့်တော့မယ်။)

‘ပြတ်ပြတ်သားသားကိုင်တွယ်ပြီး ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း’ ကြေညာလိုက်တာကတော့ အားရစရာကြီးပါပဲ။ ဒါပေမဲ့ ‘ချက်ချင်း’ ဆိုတာကြီးကိုယုံပြီး စောင့်ကြည့်နေလို့ကတော့ တမြို့လုံး ပြာကျလောက်ပြီ။ ဒီတော့ မြို့အပျက်မခံနိုင်တဲ့၊ နိုင်ငံရေးရေချိန်မြင့်တဲ့ မြို့ခံရဟန်းရှင်လူ၊ ဘာသာတူ၊ ဘာသာကွဲ မန္တလေးသူ မန္တလေးသားတွေက ‘မန္တလေးမြို့ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုကော်မတီ’ – ‘မန္တလေးမြို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်း’ စတဲ့ နာမည်နဲ့ မြို့ကာကွယ်ရေး ထလုပ်ရတော့တယ်။

(၂)

### ပြဿနာကို ဘယ်လိုကိုင်တွယ်ခဲ့ကြသလဲ။

သမ္မတက မိန့်ခွန်းပြောတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာချက် ထုတ်တယ်။ ဒါပေမဲ့ ဖေ့စ်ဘုတ်ပေါ်ကနေ မီးစရှို့တဲ့၊ စဖွတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေအကြောင်း တစွန်းတစမှ ပါမလာသေး။ မေမြို့က ဇာတ်လမ်း၊ ငွေပေးပြီး အမှုဆင်ခိုင်းတဲ့ လီဆယ်မှုကိစ္စ … စတာတွေ မဆီမဆိုင် ဆွဲထုတ်ပြလာတယ်။ တလိမ်နှစ်လိမ် ပွေလိမ်ရှုပ်တဲ့ အမယ်ဘုတ်ရဲ့ သူ့ချည်ခင်ဇာတ်လမ်းကြီး ဖြစ်လာတယ်။

ဒီနေရာမှာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဆိုသူ့အကြောင်းပြောဖို့ ရှိလာတယ်။ သူဟာ ပန်ကာ့ထိပ်က ဝက်အူ စရဖ ထောက်လှမ်းရေးညွှန်ချုပ် လုပ်လာသူ၊ သူ့အထက်က လူတွေက မီးကိုလောင်စေချင်သလား (ဖြစ်တယ်) ငြိမ်းလိုက်တော့ဆိုလည်း (ရတယ်)၊ သူ့အိမ် ဝိုင်ယာရှော့ခ်ဖြစ်လို့ မီးလောင်တဲ့အမှုက တပိုင်း၊ ခု မြင်လိုက်ကြတာကတော့ ဓားရှည်ကိုင်၊ တုတ်ကြီးတွေနဲ့ မြို့ထဲလှည့်ပတ်သောင်းကျန်း ရမ်းကားနေကြတဲ့ သူတွေကို လက်ဖျားနဲ့မှ မတို့ဘဲ လွှတ်ပေးထားတယ်။

သူတို့ရဲ့ ဖွဲ့စည်းအမိန့်ပေးပုံယန္တရားကြီးကလည်း မျက်စိလည်စရာပဲ။ စာထဲ ဥပဒေထဲ ဘယ်လိုရေးထားထား၊ တခါတခါ ဘယ်သူက ဘယ်သူ့ကို ညွှန်ကြားနေမှန်း မသိရဘူး။ ‘ဥပဒေရဲ့အထက်မှာ ဘယ်သူမှ မရှိရဘူး ပြောတယ်’ သမ္မတသာ အာဏာအရှိဆုံးလို့ ပြောတယ်။ လက်တွေ့ကျတော့ စစ်တပ်က လုပ်ချင်တာ လုပ်တာမျိုး၊ တခါ စစ်တပ်နဲ့သမ္မတ အထက်မှာ ကာလုံ၊ ကာလုံအထက်မှာ ကိုယ်ပျောက်ထိုင်နေသူ ‘လက်မဲကြီး’ ဆိုသူကလည်း ရှိသေးတယ်။

ဒီတော့ ဒီလိုအူချာပေါက်နေတဲ့ နိုင်ငံမှာ ခုလို ဖြစ်ချင်သလို ဖြစ်နေတာ သဘာဝတော့ အကျသား။

အလားတူပဲ မဏ္ဍိုင်ကြီး ၃ ရပ် (ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေး) မှာလည်း ဘယ်သူက ဘယ်သူ့ကို ဘယ်လိုထိန်းသလဲ။ အပြန်အလှန်ထိန်းနိုင်ကြသလား။ ထွက်လာတဲ့ သတင်းတွေမှာတော့ တရားသူကြီးတွေက ‘စစ်တပ်က ခိုင်းတဲ့အတိုင်း ကျစေ၊ လွှတ်စေ လုပ်နေရတယ်’ ‘အစိုးရကပြောလို့ မလွှတ်ရဲဘူး’ ဆိုတာမျိုး ဖြစ်နေတယ်…ဆိုပဲ။

သူတို့အချင်းချင်းမှာလည်း အကွက်ရတာနဲ့ ဆောင့်ကန်ထည့်လိုက်ကြတာတွေ တွေ့နေရတယ်။

တယောက်တပေါက် လုပ်ရပ်တွေကြောင့် စစ်အုပ်စုထိပ်သီး Key Player တွေထဲ တကယ်ပဲ ကွဲနေကြသလား။ မြင်ကွင်းတချို့လည်း တွေ့ထားကြတယ်။ လွှတ်တော်ဥက္ကဋ္ဌဗိုလ်ရွှေမန်းက သမ္မတလုပ်သူဆီ ‘မီဒီယာသမားတွေကို သက်ညှာစွာ အပြစ်ပေးဖို့’ စာရေး အကြောင်း

ကြားတယ်။ 'ဘာရမလဲ၊ မင်း သမ္မတ လုပ်ချင်လို့ မဲစုနေတာ ငါသိသားပဲ' ဆိုတဲ့အပေါက်မျိုးနဲ့ 'တရားရုံးက သူ့ဘာသာ လွတ်လွတ်လပ်လပ် စီရင်ဆုံးဖြတ်တာပါ' ပြောပြီး ပယ်ချလိုက်တယ်။

"အစ်ကိုကြီး" ခေါ်ရကျိုးမနပ်တော့ဘူးပေါ့။

သူတို့ချင်း ဦးနှင်းပွဲထောင် ဖြစ်နေတာ ထားလိုက်တော့။

သမ္မတကြီးနဲ့ မွန္တလေးမြို့ကိစ္စ ပြန်သွားကြပါစို့–

ဘယ်သူတွေ လုပ်နေကြတယ်ဆိုတာ သမ္မတလည်း အသိ၊ မွန္တလေးမြို့သူမြို့သားတွေလည်း အသိ၊ ထောက်လှမ်းရေးထိပ်သီး တိုင်းဝန်ကြီးချုပ်ဆိုသူက ပိုသိမှာပေါ့။ ဒီတော့ ဥပဒေအရ အာဏာအရှိဆုံး သမ္မတဆိုသူက လူတစု၊ အဖွဲ့အစည်းတခုက (တရားခံတွေကို) ရှင်းလင်းစွာ တွေ့မြင်နေရပါပြီလို့ ပြောတယ်။ ၎င်းတို့အကျိုးစီးပွားအတွက် လုပ်နေတာပါလို့ ဆိုတယ်။ မိမိတို့ရဲ့ အကျိုးစီးပွားကို ရှေးရှုပြီး အတ္တကို ရှေ့တန်းတင် လုပ်ဆောင်သူများရဲ့ သွေးထိုးလှုံ့ဆော်မှုလို့လည်း ပြောတယ်။

ဒီလိုဆိုရင် အမှုတည်ဆောက်ဖို့၊ စွဲချက်တင် တရားစီရင်ဖို့ ဘာကြောင့်နှောင့်နှေးနေရသလဲ။ ခု ထုတ်ပြခံနေရတဲ့သူတွေကကော သမ္မတရည်ညွှန်းတဲ့ 'အဖွဲ့အစည်းတခု' ကို ကိုယ်စားပြုနိုင်ကြပါသလား။

သူက မျက်လှည့်ဆရာ မစွတာရှင်းလင်းလုပ်ပြီး 'ရှင်းလင်းစွာ တွေ့မြင်ရမှာ ဖြစ်ပါတယ်' ပြောပေမယ့် အခြေခံလူတန်းစားတွေက မမြင်နိုင်ကြသေးပါဘူး။ ခုတော့ သူတို့ဆီက မေးခွန်းတွေ ထွက်နေပါတယ်။ အဲဒီအဖွဲ့အစည်းဆိုတာ ရွေးကောက်ပွဲကော်မရှင်ရုံးမှာ မှတ်ပုံတင်ထားတဲ့ ပါတီပေါင်း ၆၀ ကျော်ထဲ ပါသလား။ ရဟန်းအဖွဲ့အစည်းလား။ လူအဖွဲ့အစည်းလား။ လူတစုဆိုရာမှာ ရဟန်းနဲ့လူပေါင်းထားတဲ့ လူတစုလားဆိုရင် သမ္မတကြီး ဘယ်လိုဖြေမလဲ။

ထိပ်ပိုင်းလူတချို့က အကွက်ဖော်/အကွက်ချောင်းနေပြီး အကွက်ပေါ်တာနဲ့ အချက်ပြ အမိန့်ပေးတာနဲ့ အဲဒီလူတစုက တုတ်ဓားကိုင်ပြီး မော်တော်ဆိုင်ကယ်စီးကြတော့တာကော မဖြစ်နိုင်ဘူးလား။

ဒေသခံတွေ ပြောတာကတော့ 'အဲဒီအမျိုးဘာသာ သာသနာအပေါ် သိပ်ချစ်ကြဟန် မာန်သွင်းထားတဲ့ စစ်သွေးကြွ militant တွေဟာ ကျွန်တော်တို့ မွန္တလေးသားတွေ မဟုတ်ပါဘူး တဲ့။ ဒါဆိုရင် ဘယ်ချောင်က ထွက်လာတဲ့သူတွေလဲ။ ရင်းထောင်ရင်းဆွဲ ဆောင်မြဲအိုး လွယ်တဲ့သူကော ပါသလား မေးကြလိမ့်မယ်။ သူတို့က သိမှမသိကြပဲဟာ။ သမ္မတကြီးပဲ သိတာ၊ သမ္မတကြီးပဲ ဖြေပေါ့။

(၃)

**အရင်းစစ်ရင် ကိုယ်ကျိုးချည်းပဲ**

နိုင်ငံရေးနဲ့ နီးစပ်သူတွေ မြင်တာကတော့ ၂၀၀၈ အခြေခံဥပဒေကြီးကို ကာကွယ်စောင့်ရှောက်ရေးကိစ္စဟာ သူတို့အားလုံးရဲ့ အရင်းခံတာဝန်ဖြစ်တယ်။ ဒီနေရာမှာ မကွဲကြပါဘူး။ ဘယ်လို ကာကွယ်ကြမလဲ – နည်းနာမှာတော့ ကွဲကြပုံပဲ။

၂ နည်းရှိတယ်။ ဗိုလ်စိန်လွင်နည်းနဲ့ ဒေါက်တာမောင်မောင်နည်း – ဘယ်ဟာသုံးမလဲ။

လက်တွေ့မှာ ကိုယ်သန်ရာကိုယ်သုံးကြတဲ့သဘော တွေ့ရတယ်။ ဦးသိန်းစိန်နဲ့ဦးရွှေမန်းက ဒေါက်တာမောင်မောင်နည်း သုံးလိုကြပြီး ဗိုလ်မင်းအောင်လှိုင်နဲ့ လျှို့ဝှက်အာဏာကိုင်ထားသူတချို့က ဗိုလ်စိန်လွင်နည်းကို အကောင်အထည်ဖော်နေကြတယ်။ ဒါတွေကမှ မိမိတို့ရဲ့ကိုယ်ကျိုးစီးပွားကို ရှေးရှုပြီး အတ္တကိုရှေ့တန်းတင် လုပ်ဆောင်နေကြတာဖြစ်တယ်။

မွန္တလေးကိစ္စမှာ ဖေ့စ်ဘွတ်ပေါ်ကတဆင့် တမင်ပြဿနာဖော်ထုတ်လိုက်ကြတာလား။ ပေါ်လာတဲ့ ပြဿနာအပေါ် အကွက်ဆင်ပြီး မီးတင်ရှို့လိုက်ကြတာလားဆိုတာ မရှင်းသေးဘူး။ သူတို့တင်ပေးတဲ့ လမ်းကြောင်းပေါ် မလျှောက်မိဖို့လည်း သတိထားရလိမ့်မယ်။

ဘာရည်ရွယ်ချက်လဲ ဆိုတာတော့ ရှင်းတယ်။ ပြဿနာတွေက တခုပြီးတခု တက်နေချိန်၊ လူတွေရဲ့ မကျေနပ်မှုက ထိပ်တက်လာချိန်၊ လူတန်းစားလူ့အလွှာ အသီးသီးက ဆိုင်ရာဆိုင်ရာမှာ စုစည်းအုံကြွလာနေချိန်မှာ လမ်းလွှဲပေးလိုက်တာပဲ။ ပြည်သူတွေရဲ့ မပြေလည်နိုင်တဲ့ အခိုင်အမာပြဿနာတွေက စဉ်ရေးချကြည့်။ အားလုံးက ကိစ္စကြီးတွေချည့်ပဲ။ ပြဿနာတွေက ဆက် ဆက်ဖြစ်နေဦးမှာပါ။

ဟော ဇူလိုင် (၂၈) ရက်မှာပဲ ကျောက်ဆည်စားသောက်ဆိုင်တွေ ဒီညကစပြီး ပိတ်ထားပါဆိုတဲ့အမိန့် တိုင်းက ရောက်လာတယ်။ ခရိုင်အုပ်ချုပ်ရေးမှူးက ဘာမှန်းမသိရဘဲ ထပ်ဆင့်အမိန့်ထုတ်တော့ ပြဿနာတွေ တက်ကုန်တယ်။ မြို့လူထုမေးတာ သူရှင်းမပြနိုင်။

သေချာတာကတော့ မွန္တလေးပြဿနာဟာ မပြီးသေးဘူး။ ဖြစ်ထားတာတွေ ဖြေရှင်းနေရဆဲ။ နောက်ဆက်ဖြစ်စရာတွေ လာလိမ့်ဦးမယ် ဆိုတာပဲ။ ယဉ်ကျေးမှုမြို့တော်ဆိုတဲ့ မွန္တလေးမြို့ကြီးကတော့ စီးပွားရေး၊ လူမှုရေး၊ တည်ငြိမ်အေးချမ်းရေး စတာတွေ ထိခိုက်လှပါပြီ။

သမ္မတကြီးပြောတဲ့ လူတစု အဖွဲ့အစည်းတခုဆိုသူတွေကတော့ သူတို့ရည်မှန်းချက်ကို မရောက်ရောက်အောင် သွားနေကြဆဲဆိုတာ ထင်ရှားလာတယ်။

မွန္တလေးမှာ သေတာ ဗမာတယောက် မွတ်စလင်တယောက်၊ မလေးရှားမှာ ဗမာ ၆ ယောက် အသတ်ခံလိုက်ရပြီ။ သတိကြီးကြီး ထားမှ ဖြစ်ပါလိမ့်မယ်။

**အေးငြိမ်း**

(၂၉ – ၇ – ၂၀၁၄)

# မာတိကာ


အမှာ(၂)
ချခင်းထားတဲ့ စစ်အုပ်စုရဲ့ ပြင်ဆင်မှုတွေနဲ့...(၃)
ကိုကိုးကျွန်းမှာ အနီရောင် လွှမ်းခဲ့စဉ်က(၄)
...တပ်ပေါင်းစုတရပ် လိုအပ်နေပြီ (၆)
များပြည်သူ တူညီပျော်မြူးကြစေ(၈)
ကွန်မြူနစ်ကောင်း ဖြစ်မြောက်ရေး(၁၀)
လူထုကြီး ချီတက်လို့လာပါပြီ (၁၂)
နေရောင်ခြည်ကို မြင်ရမယ်(ကဗျာ)(၁၅)
တပ်ဦးကချီ (ကဗျာ) (၁၆)
ဂုဏ်သရေရှိတဲ့ အထီးကျန်မှု (ကဗျာ) (၁၈)
စိန်ရတု စိန်(ကဗျာ) (၁၉)
ရခိုင်ရိုးမ...(၂၀)
ပြိုင်တူတွန်းဖို့ လိုတယ် (၂၈)
နိုင်ငံတော်လီဆယ်မှုနှင့် အကြမ်းဖက်မှု (၃၀)
၂၀၁၅ ရွေးကောက်ပွဲ တရားမျှတ နိုင်ပါ့မလား (၃၂)
ဘ၀၊ အသိ၊ တော်လှန်ရေး၊ ပါတီ(၃၅)
အတွင်းဝင် အပြင်ထွက် (၃၈)
(၇) ရက် ဇူလိုင် မမေ့နိုင် (၄၀)
...ဒီမိုကရေစီ ခရီးကြမ်း (၄၂)
...စိန်ရတုကို အထိမ်းအမှတ် ပြုခြင်း (၄၄)
...ပြည်သူ့တပ်မတော်ရဲ့ အောင်ပွဲ (၄၉)
...တတိယအကြိမ်မြောက် ပြည်လုံးကျွတ် ပါတီကွန်ဂရက် (၅၇)
...ပါတီနေ့ အထိမ်းအမှတ်များ (၆၀)
လယ်သိမ်း မြေသိမ်း ပြည်မငြိမ်း (၆၃)
စိန်ရတုပါတီ (၇၀)
မိုးသောက်ကြယ်နီ ထွန်းလင်းစ (၇၁)
ဖေဖေရဲ့ နိုင်ငံခြား ခရီးများ (၇၆)
နီစွေးသော သဘောတရား နှင်းဆီတပွင့် (၇၉)
မမေ့တဲ့ နိုင် (၈၁)
ရဲဘော်လေးမောင် (၈၄)
သူစီဒိုက် ထောင်ချောက်...(၈၉)
မျက်မှောက် ကွန်မြူနစ်ပါတီများနဲ့...(၉၁)
ဘီလူးမျက်ထောင့် နီလေပြီ (၉၄)
ဖိနှိပ်သွေးစုပ်မှုတွေ (၉၈)
ကလာရာဇက်ကင်း (၁၀၁)
...ငတေ မာရင် ပြီးရောဆိုတဲ့ လူတစု (၁၀၃)